www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ရွှေမင်းသား၊ ရွှေမင်းသမီး

၁၆။ လင်းနိုင်ဦး
ပိုင်ဖြိုးသုရဲ့မွေးနေ့မှာ
Star Awards ဆုကို
ရသွားတဲ့
ထက်ကြီးနဲ့ပိုင်ဖြိုးသု

## One Minute Interview

၄၀။ မန်းသူ
ကျော်ကျော်ဗို၊ ထွန်းထွန်း
လွှမ်းပိုင်၊ သားငယ်
အိမ့်ချစ်

## လှုပ်ရှားမှုဝန်းကျင်

၄။ ခင်လေးမြင့်
လင်းလက်
တောက်ပမှုများနဲ့
Star Awards 2018

၂၂။ လင်းနိုင်ဦး
တစ်နေ့တည်း
နှစ်ကြိမ်လှူတဲ့
မေတ္တာသင်္ဂဟအဖွဲ့

## ရွှေရုပ်ရှင်

မိုးကျော်ထွန်း ၃၄။
ဒါရိုက်တာ ဟိန်းစိုးရဲ့
ဟတ်တိုင်

## ပွဲထုံပွင့်သစ်

မန်းသူ ၂၆။
Casting ကို
ပိုရင်ခုန်မိတဲ့ လပြည့်

မန်းသူ ၃၀။
ရတဲ့အခွင့်အရေးကို
အကောင်းဆုံးဖြစ်အောင်
ကြိုးစားနေတယ်

## နိုင်ငံတကာစာမျက်နှာ

စာနည်းညီမိုး ၅၀။
ကျွန်မတို့
တကယ်ပျော်ပါတယ်
ဆိုတဲ့ ဂျေလို

ဘိုး ၅၆။
ဒယ်နီဒီဗီတို့ရဲ့
ဘဝမှတ်တမ်း

## ရွှေနှလုံးသား

ဇော်လင်း ၆၀။
(နည်းပညာတက္ကသိုလ်)
အိပ်မက်သီသူ

## ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

ခင်းခင်းနွဲ့ (သာယာဝတီ) ၇၆။
နေရာမှန်

## ရွှေဝတ္ထုရှည်စ/ဆုံး

ဆောင်းဆော ၈၄။
အရိပ်များ အယောင်များ

ပွင့်သစ်ဝေ ၁၆၆။
ပြဿနာ

## ရွှေဘာသာပြန်ဝတ္ထု

နိုင်းမြင့် ၁၄၆။
မျက်ရည်စက် သစ်ရွက်များ

## ရွှေအသစ်

---------------------------- ၂၂၀။
---------------------------- ၂၂၆။
---------------------------- ၂၃၀။




www.burmeseclassic.com

www.burmeseclassic.com


ရွှေဝတ္ထု

၁၀၀။ ကြူးနှင်း
ဆိတ်ကွယ်ရာ

၁၀၆။ နန်းဇော်ရီမှင်
သမိုင်းတင်သည့်
မုန်လာချဉ်

၁၁၄။ နေပြည် (ဆေး-၂)
တမ်းချင်းရာကို

၁၂၀။ ခင်သန္တာ
အချစ်သည်…
တစ်ခါတစ်ရံ၌

၁၂၈။ အယ်ကော်
ကျူရှီးနဲ့ဆောက်တဲ့အိမ်

၁၃၄။ ထန်
သူမ၏ ပစ္စုပ္ပန်

၁၄၄။ ဥသြ (ချယ်ရီမြေ)
မျှော်လင့်ခြင်းသုံးနာရီ

၁၈၂။ မိုးကျော်ဇင်
မုန်တိုင်းများ

၁၈၈။ ကိုဧက်ဝေ
ရေချိုတွင်း

၁၉၄။ အညာနု (ကျောင်းမင်း)
တစ်ခဏတာလေးပါ

၂၀၀။ မောင်သြလေး
အိပ်မက်ဆိုးအလွန်

၂၀၆။ သဇိုး
ကောက်ရိုးတစ်မျှင်

၂၁၂။ နတ်မောင်း (ကျူကဲ)
သူငယ်ချင်းတို့ရေ

ရွှေသုတ

၉၄။ မောင်သန်းဆွေ (ထားဝယ်)
အလောင်းမင်းတရားကြီး
သချိုင်းပြာသာဒ်တော်

၁၄၀။ ဒိုဒိုသန့်ဇင်
ကြယ်မှန်သမျှ လင်းစေ
ပန်းတွေအကုန် မွှေးပျံ့စေ



ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၅၄၊ မေ၊ ၂၀၁၉
**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်










အယ်ဒီတာအဖွဲ့-
တိုက်(၁၇)၊ အခန်း (၄-၀၁)၊
၅၂ လမ်း(အောက်ဘလောက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၉၀၁၀၅၀၁
**Email: nyeinfamily@ gmail.com**
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ -
ဒေါ်မြို့မြို့(ခ)အေးအေးယိမ်း(၀၀၉၇၀)
ရွှေတာလူပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊
ပွဲတောင်ကြီး၊ ၅ လမ်း၊ ၆၃ ရပ်ကွက်၊
တောင်ဒဂုံ၊ ရန်ကုန်မြို့။
မျှေထုတ်ဝေသူ -
ဒေါ်မြို့မြို့(ခ)အေးအေးယိမ်း (၀၁၀၉၁)
အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး -
ရွှေတာလူစာပေ၊ အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၇၃၉၈၂၂၈
စာတိုက်သေတ္တာအမှတ် ၁၂၈၅
**E-mail: zabutalu@gmail.com**
**Available at : Wun Zinn**



အမှတ်တရစာစု
ဝင်းငြိမ်း ၆။
ဝတ္ထုဝိညာဉ်၊ ဝတ္ထုအသက်

အက်ဆေးအကြောင်း

အက်ဆေး
မောင်ရင့်မာ (ကျောင်းကုန်း) ၁၅၄။
လက်တို့ ရွာကလေး

ရသစာတမ်း
ခံပယ်မြူနူ ၁၆၀။
အရုံအတားများအကြောင်း
စကားစမြည်


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

လင်းလက်တောက်ပမှုများနဲ့

# Star Awards 2018



**ခင်လေးမြင့်**

**ဓာတ်ပုံ - တိုးတိုးနှင့်အဖွဲ့ (Black & White)**

မြန်မာရုပ်ရှင်လောကအတွက် ထူးချွန်သူများကို ဆုချီးမြှင့်ပေးအပ်ရာမှာ အစဉ်အလာ အားဖြင့် မြန်ကြားရေးဝန်ကြီးဌာနက ပေးအပ်ခဲ့တာဖြစ်ပေမဲ့ လွန်ခဲ့တဲ့ ၅ နှစ်လောက်ကစပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက လွှဲပြောင်းရယူကာ ထူးချွန်ဆုများကို တာဝန်ယူပေးအပ် ချီးမြှင့်ခဲ့ပါတယ်။

၂၀၁၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ ချီးမြှင့်တဲ့ အခမ်းအနားမှာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ဒီနှစ်မှာတော့ ရုပ်ရှင်အစည်းအရုံးက ချီးမြှင့်တဲ့ အကယ်ဒမီဆုပေးပွဲအပြင် မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ကြီးမှူးကျင်းပမယ့် Star Awards ဆုပေးပွဲလည်း ပေါ်ပေါက်လာမှာဖြစ်ကြောင်း၊ ဘယ်အဖွဲ့အစည်းက ချီးမြှင့်သည်ဖြစ်စေ ချီးမြှင့်ခံရတဲ့ ပုဂ္ဂိုလ်များက ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များသာဖြစ်တဲ့အတွက် ခရီးဦးကြိုပြုပါကြောင်း ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။

Star Awards 2018 ကို ဧပြီလ ၅ ရက်နေ့ ညနေပိုင်းမှာ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘုမ္မိ Event Park






www.burmeseclassic.com

www.burmeseclassic.com















www.burmeseclassic.com

www.burmeseclassic.com









မှာ မြန်မာနိုင်ငံသတင်းစာဆရာအသင်းကကြီးမှူးပြီး Stellar Seven Entertainment က ပံ့ပိုးကူညီမှုနဲ့ ကျင်းပခဲ့ရာ ဖိတ်ကြားထားတဲ့ အနုပညာရှင်များ၊ အတတ်ပညာရှင်များ တက်ရောက်ခဲ့ကြပြီး စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပခဲ့ပါတယ်။ Star Awards မှာ ရုပ်ရှင်ထူးချွန်သူများအတွက် ဆုများသာမက ရုပ်မြင်သံကြားဇာတ်လမ်းတွဲများအတွက်ကိုပါ ချီးမြှင့်မှာဖြစ်တဲ့အတွက် အနုပညာရှင်များအနေနဲ့ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာကောင်းလောက်အောင် ဆုအရေအတွက်ကလည်း များပြားပါတယ်။

ရုပ်ရှင်နဲ့ ပတ်သက်ပြီး ချီးမြှင့်မယ့်ဆုက ၁၅ ဆု၊ ဇာတ်လမ်းတွဲနဲ့ ပတ်သက်ပြီး ချီးမြှင့်မယ့်ဆုက ၅ ဆု၊ ဖက်ရှင်နဲ့ပတ်သက်ပြီး ချီးမြှင့်မယ့်ဆုက ၃ ဆု ပါဝင်တာကြောင့် ဒီညမှာ ချီးမြှင့်မယ့်ဆုပေါင်း ၂၃ ဆု ရှိပါတယ်။

အခမ်းအနား စတင်ချိန်မှာ အခမ်းအနားမှူးများအဖြစ် ဟာသသရုပ်ဆောင် အရိုင်း၊ ညောင်ညောင်နဲ့ ရပ်ဆဲလ်တို့က ဆောင်ရွက်ပေးကြပြီး တေးဂီတအပိုင်းမှာ ဂီတမှူး အကယ်ဒမီ ဇီရာမိုရ်ရဲ့ ဂီတကဗျာတေးဂီတအဖွဲ့က ပါဝင်ပံ့ပိုးပေးပါတယ်။

အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာလိုက်ချိန်မှာ ဦးစွာ မြင်တွေ့လိုက်ရတာကတော့ စင်မြင့်ပေါ်မှာနိုင်ငံတော်အလံ တလူလူဝင့်ကြွားနေခြင်းပါပဲ။ နိုင်ငံတော် သီချင်းနဲ့အတူ ဧည့်ပရိသတ်အားလုံး အလေးပြုကြပါတယ်။

အဲဒီနောက်မှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ရောက်ရှိနေတဲ့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပေးပို့တဲ့ သဝဏ်လွှာကို မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးမြတ်ခိုင်က ဖတ်ကြားပေးခဲ့ပါတယ်။

Star Awards ဆုရွေးချယ်ရေးကော်မတီကိုယ်စား ဥက္ကဋ္ဌဖြစ်သူ ဦးဝင်းငြိမ်းက Star Awards ဆု ပေါ်ပေါက်လာပုံနဲ့ ဆုရွေးချယ်ရေးကော်မတီမှ စိစစ်ရွေးချယ်ထားပုံများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဆုများချီးမြှင့်တဲ့အစီအစဉ် စတင်ရာမှာ ပထမဦးဆုံး ချီးမြှင့်တဲ့ဆုကတော့ **Honourable Award** လို့ အမည်ပေးထားတဲ့ ဂုဏ်ထူးဆောင်ဆု ဖြစ်ပါတယ်။ ဒီဆုကို ဝဏ္ဏကျော်ထင် ဦးလှမြင့်ဆွေက ကြေညာပြီး အသက် ၈၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒါရိုက်တာ **ဦးဝင်းဖေ** ကို ချီးမြှင့်ပေးပါတယ်။ ဦးဝင်းဖေကို ချီးမြှင့်ပေးချိန်မှာ **အရိပ်** ဇာတ်ကား (ဦးဝင်းဖေရိုက်ခဲ့တဲ့ ရုပ်ရှင်ကားပါ။)မှာ ဇော်ဝမ်း သီဆိုခဲ့တဲ့ *ရွှံ့ပေါ်ရှဉ့်ပြေး ရှဉ့်မွေးရွှံ့မလူး* သီချင်းကို ဦးဝင်းဖေကိုယ်တိုင် သီဆိုထားတဲ့အသံ ပျံ့လွင့်နေပါတယ်။ ဒီသီချင်းက ဇော်ဝမ်း ခေတ်ကောင်းစဉ်ကာလမှာ ပေါ်ထွက်ခဲ့တဲ့ Rap သီချင်းဆိုရင် မမှားပါဘူး။ တေးရေးကဦးဝင်းဖေကိုယ်တိုင် ဖြစ်ပါတယ်။ ဦးဝင်းဖေကို ရွှေရောင်ရုပ်တုနဲ့ ကျပ် သိန်း ၅၀ ချီးမြှင့်ပေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com













www.burmeseclassic.com

www.burmeseclassic.com











ဆက်လက်ပြီး ရုပ်မြင်သံကြားဇာတ်လမ်းတွဲများမှ ဆု ၅ ဆုကို ချီးမြှင့်ရာမှာ **အကောင်းဆုံး ဇာတ်လမ်းတွဲ** အဖြစ် **ပန်းနှစ်ပွင့်စီးချင်း** ဇာတ်လမ်းတွဲက ဆွတ်ခူးရရှိသွားပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ပိုင်ဖြိုးသုနဲ့ မေဘရဏီသော်တို့ အပြိုင်သရုပ်ဆောင်ခဲ့ကြတဲ့ ဇာတ်လမ်းတွဲဖြစ်ပြီး သာမန်အချစ် ဇာတ်လမ်းတွဲ မဟုတ်ဘဲ ဥပဒေရေးရာ ပညာပေးအချက်အလက်များစွာ ပါဝင်တဲ့ ဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကို အောင်ပြည်ကုမ္ပဏီက ရိုက်ကူးခဲ့ပြီး MRTV ရုပ်သံလိုင်းက ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။

ဆက်လက်ပြီး **အကောင်းဆုံး ဒါရိုက်တာဆု** ကို ကြေညာရာမှာတော့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဦးစိန်တင်က ကြေညာပေးပါတယ်။ ထွက်ရှိလာတဲ့ အဖြေက **ပုဂံမြို့သူ** ဇာတ်လမ်းတွဲ ရိုက်ကူးခဲ့တဲ့ **ကျော်သူ** ဖြစ်ပါတယ်။ ကျော်သူက ဂမ္ဘီရမျက်လုံး အမည်ရှိ ရုပ်ရှင်ဇာတ်ကား နယ်မှာ ရိုက်ကူးနေတာဖြစ်လို့ ကျော်သူကိုယ်စား မိခင်ဖြစ်သူ ဒေါ်မြသန်းက တက်ရောက်လက်ခံပေးခဲ့ပါတယ်။

တတိယမြောက် ကြေညာပေးတဲ့ **အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု** ကို အကယ်ဒမီများရှင် မိုမိုမြင့်အောင်က ကြေညာပေးရာမှာ **ပုဂံမြို့သူ** ဇာတ်လမ်းတွဲမှ သရုပ်ဆောင် ဒေါင်း က ဆွတ်ခူးသွားပါတယ်။ ပွဲခင်းထဲမှာ ဒေါင်းမရှိတဲ့အတွက် ဒေါင်းကိုယ်စား အကယ်ဒမီများရှင် ရန်အောင်က တက်ရောက်လက်ခံပေးခဲ့ပါတယ်။

ရုပ်မြင်သံကြားဇာတ်လမ်းတွဲ အဓိက **အမျိုးသမီးဇာတ်ဆောင်ဆု**ကိုကြေညာရာမှာတော့ MRTV-4 က ထုတ်လွှင့်ခဲ့တဲ့ စာရေးဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ **ပျားရည်အိုင်** ဝတ္ထုကို ဒါရိုက်တာ ဟိန်းစိုး ရိုက်ကူးရာမှာ နွယ်သွေးမြိုင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ **မေမီကိုကို** က ဆွတ်ခူးရရှိသွားပါတယ်။ မေမီကိုကိုက ပထမပိုင်းမှာ ပရိသတ်မှန်းစရာကောင်းလောက်အောင် သရုပ်ဆောင်နိုင်ခဲ့ပြီး နောက်ပိုင်းမှာတော့ ကရုဏာသက်စဖွယ် သရုပ်ဆောင်သွားခဲ့သူ ဖြစ်ပါတယ်။ သူ့သရုပ်ဆောင်မှုများကြောင့် ပရိသတ်ပါးစပ်များမှာ **ပျားရည်အိုင်** ဟာ ရေပန်းစားခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲတစ်ခု ဖြစ်လာခဲ့ပါတယ်။

ရုပ်သံဇာတ်လမ်းတွဲများနဲ့ပတ်သက်တဲ့ နောက်ဆုံးဆုကတော့ **အထူးဆု** ဖြစ်ပါတယ်။ ဒီဆုကိုတော့ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှာ **ဘဝထဲကဝတ္ထု ဝတ္ထုထဲကဘဝ** ခေါင်းစဉ်နဲ့ ဝတ္ထုတိုများကို အစဉ်တစိုက် ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ဒါရိုက်တာ **သိမ်းစိုး(သီဟရတနာစာပေ)** က ဆွတ်ခူးသွားပါတယ်။

ရုပ်မြင်သံကြားဇာတ်လမ်းတွဲများနဲ့ ပတ်သက်ပြီး ချီးမြှင့် ဆု ၅ ဆု ချီးမြှင့်အပြီးမှာ ဖက်ရှင်နဲ့ပတ်သက်တဲ့ ဆုကို စတင်ကြေညာပါတယ်။ **Fashion Award (Actor)ဆု**



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



ကို ပွဲတက်ရောက်လာတဲ့ အနုပညာရှင်များထဲက သရုပ်ဆောင် ခါရာက ဆွတ်ခူးသွားပါတယ်။ Fashion Award (Guest)ဆုကို ဇင်သဲနိုင် (ပိုင်ဇေရဲထွန်းရဲ့ဇနီး)က ရရှိပြီး Fashion Award(Actress) ဆုကိုတော့ အကယ်ဒမီ ဝတ်မှုံရွှေရည်က ရရှိခဲ့ကြပါတယ်။ ဖက်ရှင်ဆုအတွက် တစ်ဆုလျှင် ရွှေနှစ်ကျပ်သားအလေးချိန်ရှိ ရွှေတံဆိပ်တစ်ခု ချီးမြှင့် ပေးပါတယ်။

ဖျော်ဖြေရေးအစီအစဉ်တင်ဆက်ပြီးနောက် ရုပ်ရှင်နဲ့ပတ်သက်တဲ့ ဆုများကို ကြေညာပါတယ်။

အကောင်းဆုံးဇာတ်လမ်းဆု ကို ကြေညာရာမှာတော့ ဆုရရှိသူ ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိက၊က ဆွတ်ခူးရရှိသွားတာကြောင့် ဆရာတော်စံနေတဲ့ မြကန်သာ စံကျောင်းမှာ စာနယ်ဇင်း ဆရာများ ဖြစ်တဲ့ ဦးအောင်ဇိုးသူ၊ ဦးမောင်မောင်အေး(အလင်္ကာ၁၀တ်ရည်) နဲ့ ဦးမောင်မျိုး (ကြောင်နှစ်ကောင်)တို့ သုံးဦးက သွားရောက်ဆက်ကပ်ကြပါတယ်။ ဆက်ကပ်ကြပုံများကို MRTV-4က Live လွှင့်ပေးလိုက်တဲ့အတွက် ဆရာတော် ဟောကြားတဲ့ တရားကိုလည်း ပရိသတ်များနာကြားရပါတယ်။ ဆရာတော်က မုန်းစွဲ ရုပ်ရှင်ဇာတ်ကားမှာ ဆရာတော် ဟောကြားတဲ့ ချစ်စွဲ၊ မုန်းစွဲတရားကို အခြေပြုပြီး ဆရာလွင်မင်းအံ့က ရုပ်ရှင်ဇာတ်လမ်းရေးဖွဲ့တာဖြစ်လို့ ဆရာ လွင်မင်းအံ့ကိုပဲ ထပ်ဆင့်လှူဒါန်းလိုက်မှာဖြစ်ကြောင်း မိန့်ကြားခဲ့ပါတယ်။ (ဆရာတော်က ဆုအဖြစ် ချီးမြှင့်တဲ့ ကျပ်ငွေသိန်း ၅၀ ကို ဆရာလွင်မင်းအံ့အား လှူဒါန်းတဲ့အခါ ဆရာလွင်မင်းအံ့ကလည်း ဆရာတော်ကို ပြန်လည် ကပ်လှူရာ ဆရာတော်က ကျပ် ၁၀ သိန်းကိုသာ လက်ခံခဲ့တယ်လို့ သိရပါတယ်။)

နောက်တစ်ခုကတော့ အကောင်းဆုံးဇာတ်ကားဆုဖြစ်ပါတယ်။ ဒီဆုကိုတော့ ဝါဝါဝင်းရွှေရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ လရောင်ဖြာတဲ့အင်းလေးမှာ ရုပ်ရှင်ဇာတ်ကားက ဆွတ်ခူးရရှိသွားပါတယ်။ ဆုကို သမန်းကျားကိုမြင့်က ချီးမြှင့်ပေးအပ်ခဲ့ပြီး ဒေါ်ဝါဝါဝင်းရွှေက လက်ခံရယူခဲ့ပါတယ်။ ဒေါ်ဝါဝါဝင်းရွှေက အသက် ၇၆ နှစ်ရှိပြီဖြစ်ပြီး ၁၆ နှစ်သမီးအရွယ်ကတည်းက အနုပညာလောကမှာ ခြေချခဲ့တာဖြစ်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



အခုချိန်အထိလည်း အနုပညာလောကမှာ မမောနိုင် မပန်းနိုင် ပျော်နေဆဲဖြစ်ကြောင်း ပြောကြားသွားပါတယ်။

Star Awards ရဲ့ ထူးခြားတဲ့ ဆုများဖြစ်တဲ့ Special Awards ဆုများကို ချီးမြှင့်ရာမှာတော့ မိတ်ကပ်၊ ဝတ်စုံများနဲ့ ပတ်သက်တဲ့ဆုကို **မေဦး (Magic)နဲ့ ကိုဇော်ဇော်(Ad. Leono)**တို့က ရရှိသွားပါတယ်။ ကိုဇော်ဇော် မတက်ရောက်တဲ့အတွက် မေဦးက လက်ခံယူသွားခဲ့ပါတယ်။ နောက်ထပ် Special Award တစ်ခုဖြစ်တဲ့ Setting & Special Effects ဆုကို ချီးမြှင့်ရာမှာ **ဒုဋ္ဌဝတီကိုလွမ်း၍** ဇာတ်ကားက ရရှိသွားခဲ့ပါတယ်။ နောက်ထပ် Special Award တစ်ခုကတော့ **Performance Award** ဖြစ်ပါတယ်။ ဒီဆုကိုတော့ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသား မိုရီဆာကီဝင်းက **ဇာတိမြေ** ဇာတ်ကားနဲ့ ဆွတ်ခူးရရှိသွားပါတယ်။ မိုရီဆာကီဝင်းက ဂျပန်နိုင်ငံသို့ သွားရောက်နေချိန်ဖြစ်လို့ သူ့ကိုယ်စား Sky Net မှ ဒေါ်နန်းမောက်လောင်ဝ်ဆိုင်က လက်ခံရယူခဲ့ပါတယ်။

နောက်ထပ် ကြေညာတဲ့ဆုတစ်ဆုကတော့ **ရုပ်ရှင်ဇာတ်ဝင်တေး** ဖြစ်ပါတယ်။ ဒီဆုကို အောင်ခေတ်မင်းရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်တဲ့ **ချူဆီ** ဇာတ်ကားမှာပါဝင်တဲ့ တေးသီချင်းက ဆွတ်ခူးရရှိခဲ့ပါတယ်။ ဆုကို ထုတ်လုပ်သူ ဒေါက်တာ ခင်သီတာရီနဲ့ မေ တို့က လက်ခံရယူခဲ့ပါတယ်။

မျက်နှာသစ်များကို



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ချီးမြှင့်တဲ့ **Rising Star** ဆုကြေညာရာမှာတော့ အမျိုးသားများအတွက်ဆုကို ခါရာက **မျက်နှာပြင်များ** ဇာတ်ကားအတွက် ဆွတ်ခူးရရှိသွားပြီး အမျိုးသမီးဆုကိုတော့ **မိုးယန်းပွင့်ရဲ့သင်္ကေတ** ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ **မေမြင့်မိုရ်** က ဆွတ်ခူးသွားပါတယ်။

**Best Cinematography Award** ကြေညာရာမှာတော့ **မီ** ဇာတ်ကားမှာ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ဒါရိုက်တာ ဏကြီးက ဆွတ်ခူးရရှိသွားပါတယ်။ ဏကြီးနာမည်ကို ကြေညာတဲ့အချိန်မှာ ပရိသတ်များ သောင်းသောင်းဖြဖြ အားပေးခဲ့ကြပါတယ်။

နောက်ထပ် ကြေညာတဲ့တစ်ဆုကတော့ **အမျိုးသားဇာတ်ဆောင်ဆု** ဖြစ်ပါတယ်။ ဒီဆုကို ဆွတ်ခူးရရှိသွားသူကတော့ **တိမ်တိုက်တံတား** ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ **နေတိုး** ဖြစ်ပါတယ်။ နေတိုးက ရခိုင်ပြည်နယ် မာန်အောင်မြို့မှာ အလှူသွားလုပ်နေတာကြောင့် တက်ရောက်နိုင်ခြင်းမရှိတဲ့အတွက် သူကိုယ်စား 7th Sense ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုဝေမင်းမောင်က လက်ခံယူခဲ့ပါတယ်။

**အမျိုးသမီးဇာတ်ပို့ဆု** ကြေညာရာမှာ **သုံးရောင်ခြယ်** ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ **ရွှေသမီး** က ဆွတ်ခူးရရှိသွားပါတယ်။ **အမျိုးသားဇာတ်ပို့ဆု** ကိုတော့ **ငယ်ကျွန်** ဇာတ်ကားမှာ အကောင်းဆုံး သရုပ်ဆောင်သွားခဲ့တဲ့ **လူမင်း** က ဆွတ်ခူး ရရှိသွားပါတယ်။

နောက်ဆုံးအထိ ဆွဲချန်ထားတဲ့ **အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု** ကိုတော့ **မီ** ဇာတ်ကားမှာ အကောင်းဆုံးပါဝင်သရုပ်ဆောင်ထားတဲ့ **ပိုင်ဖြိုးသု** က ဆွတ်ခူးရရှိသွားပါတယ်။

စုစုပေါင်း ၂၃ ဆု ချီးမြှင့်မယ့် Star Awards ရဲ့ နောက်ဆုံးဆုဖြစ်တဲ့ **အကောင်းဆုံးဒါရိုက်တာဆု** ကို ဆွတ်ခူးရရှိသွားသူကတော့ **ဥပါယ်တံမျဉ်** ဇာတ်ကားကို ရိုက်ကူးခဲ့တဲ့ ဒါရိုက်တာ **ခရစ္စတီးနားခီ** ဖြစ်ပါတယ်။ ခရစ္စတီးနားခီ ဆွတ်ခူးသွားတဲ့ဆုကို ဒါရိုက်တာ မလိခစိုးထိုက်အောင်က ချီးမြှင့်ပေးခဲ့ပါတယ်။

ပထမအကြိမ်မြောက် Star Awards ဆုပေးပွဲမှာ လွဲချော်မှု အနည်းငယ်ရှိခဲ့ပေမဲ့ ခွင့်လွှတ်နိုင်ဖွယ်ရာကိစ္စများသာဖြစ်ခဲ့ပါတယ်။ ရုပ်မြင်သံကြားအစီအစဉ် ၈ ခုတို့မှ တိုက်ရိုက်ထုတ်လွှင့်ခဲ့ကြတဲ့အပြင် 5BB Internet အစီအစဉ်က Free Wifi လွှင့်ပေးထားတာကြောင့် ပွဲခင်းထဲကို ရောက်ရှိလာတဲ့ အနုပညာရှင်များ၊ ပရိသတ်များ သူတို့ ဖုန်းများကနေ တိုက်ရိုက် ထုတ်လွှင့်ပေးခဲ့တာတွေလည်း ရှိခဲ့ပါတယ်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းနဲ့ Stellar Seven တို့ရဲ့ ပထမဦးဆုံးအကြိမ် Star Awards အစီအစဉ်များကို ရွှေအမြုတေက မှတ်တမ်းတင်ဖော်ပြပေးလိုက်ခြင်း ဖြစ်ပါတယ်။ ■

ခင်လေးမြင့်



www.burmeseclassic.com



www.burmeseclassic.com

ပိုင်ဖြိုးသုရဲ့မွေးနေ့မှာ

Star Awards ဆုကို ရသွားတဲ့

# ဇာကြီးနဲ့ ပိုင်ဖြိုးသု

လင်းခိုင်ဦး

ဓာတ်ပုံ - တိုးတိုးနှင့်အဖွဲ့ (Black & White)

ဧပြီလ ၅ ရက်နေ့ညက သုဝဏ္ဏဘုမ္မိ Event Park မှာ သတင်းစာဆရာများက ချီးမြှင့်တဲ့ Satr Awards ထူးချွန်ဆုချီးမြှင့်ပွဲမှာ ဒါရိုက်တာ ဇာကြီးက မီ ဇာတ်ကားနဲ့ Best Cinematography Award နဲ့ ပိုင်ဖြိုးသုက **အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆု** ဆွတ်ခူးရရှိသွားခဲ့ကြပါတယ်။ ဇာကြီးနဲ့ ပိုင်ဖြိုးသုတို့ရဲ့ ရင်တွင်း ခံစားချက်များကို ရွှေအမြုတေ ပရိသတ်များအတွက် ဖော်ပြပေးလိုက်ပါတယ်။

**ပိုင်ဖြိုးသုရဲ့မွေးနေ့မှာ နှစ်ယောက်အတူ ဆုရလိုက်တဲ့အတွက် အမှတ်တရ ဘာလေးပြောချင်လဲ။ မျှော်ရော မျှော်လင့်ခဲ့လား။**

**ပိုင်ဖြိုးသု**

ကြိုပြီးတော့ သုသုတို့ ဘာမှမမျှော်လင့်ထားပါဘူး။ သတင်းစာဆရာတွေ ဦးစီး ကျင်းပတဲ့ပွဲမို့လို့ တက်ရောက်အားပေးတဲ့သဘောပါပဲ။

**ဇာကြီး**

သုသုရဲ့မွေးနေ့မှာ ဆုယူရတယ်ဆိုတာ နည်းနည်းနောနော အခွင့်အရေး မဟုတ်ပါဘူး။ ဒီနေ့ ဆုရလိုက်တာ အတိုင်းမသိပါပဲ။ ရှင်းရှင်း ပြောရရင် သုသုအတွက် ပိုလို့ချင်မိခဲ့တယ်။ ကျွန်တော့်အတွက်က ကျွန်တော် ရုပ်ရှင် ရိုက်နေရဖို့ပဲ အရေးကြီးတယ်။ ကျွန်တော့်မှာက ခံနိုင်ရည်ရှိတယ်။ ယုံကြည်မှုရှိတယ်။ ကျွန်တော် ဆက်သွားလို့ရတယ်။

**အဲဒါဆိုရင် သုသုက ခံနိုင်ရည်မရှိဘူးလို့ ပြောတာလား။**

**ဇာကြီး**

သူ့အကြောင်း ကျွန်တော် သိလို့ပါ။ သူ့ရဲ့ ရုပ်တည်မှုရော၊ သူသွားနေရတာကလည်း ကင်မရာရှေ့မှာ နေရတဲ့သူ၊ ပရိသတ်အားပေးမှုရှိမှသာ သွားလို့ရတယ်။ မင်းသမီးတစ်ယောက်ဖြစ်တဲ့အတွက် သူ့အတွက်က တကယ်လိုအပ်တယ်။ ဒါ





www.burmeseclassic.com

www.burmeseclassic.com

ကြောင့် သူ့အတွက် မျှော်လည်းမျှော်လင့်တယ်။ လိုလည်းလိုချင်တယ်။ သူကောင်းတယ်ဆိုတာလည်း ကျွန်တော်သိတယ်၊ သူတော်တယ်ဆိုတာလည်း ကျွန်တော်သိတယ်။ ကျွန်တော်ကတော့ ရုပ်ရှင်ရိုက်ချင်တာ။ အဲဒါကြောင့် သူ အားမရှိတော့ရင် ကျွန်တော် တည်ထားတဲ့ ရုပ်ရှင်တွေ ဘယ်လိုဆက်ရိုက်မှာလဲ။ အခုထက်ထိ ကျွန်တော်တည်ထားတဲ့ ရုပ်ရှင်တွေနဲ့ သူ့ကိုပဲ မြင်ထားမိလို့ပါ။ ကျွန်တော်လိုချင်လောက်တဲ့ ပါဖောမန့်၊ ကျွန်တော်လိုချင်တဲ့ Level အထိ ထွက်လာအောင် လောလောဆယ် ဒီ့ပြင်လူကို ကျွန်တော် မြင်မထားမိလို့ပါ။ ကျွန်တော် တည်ထားတဲ့ကားတွေ၊ ကျွန်တော်ဝယ်ထားတဲ့ ဝတ္ထုတွေ ရိုက်ဖို့ သူ့စိတ်အားလျော့သွားမှာ ကျွန်တော် စိုးရိမ်တယ်။ ဒါကြောင့်လည်း ကျွန်တော် ဒီလို ပြောတာပါ။ လောလောဆယ် ကျွန်တော်တို့လိုပဲ Film Maker တွေ ရှိကြပါသေးတယ်။ သူတို့တွေအတွက်လည်း ဒီလို အားမျိုးတွေ လိုပါတယ်။ ဒီနေ့မှာ ကျွန်တော် မြင်တွေ့လိုက်ရတာက ကျွန်တော်တို့ဘက်မှာ လူငယ်မျိုးဆက်သစ်တွေအတွက် ရပ်ပေးမယ့် လူကြီးတွေ ရှိနေတဲ့အတွက် အားတစ်ခုပါပဲ။

**ပိုင်ဖြိုးသုရဲ့ ခံစားချက်ကိုလည်း ကြားချင်ပါသေးတယ်။ စင်ပေါ်မှာတုန်းကတော့ ကိုဇာကြီး၊ ကိုဇာကြီး ဆိုပြီး ပြောနေလို့ပါ။**

*ပိုင်ဖြိုးသု*

ကာရိုက်တာတစ်ခုလုံးရဲ့ အစကနေ အဆုံးအထိ ကိုဇာကြီးကပဲ သွန်သင်ညွှန်ကြားပေးခဲ့တာပဲ။ သူ ဇာတ်ညွှန်းကိုလည်း အစောကြီး ကြိုရေးထားတယ်။ Pre Production ကိုလည်း ကြိုပြီးလုပ်ထားတဲ့အခါကျတော့ ဆေးလိပ်သောက်တာတွေ၊ ဆေးလိပ်ကို လက်ကြားမှာ ကိုင်တာတွေ၊ မီးခြစ်ကိုရော ရှာဝယ်ပေးထားတာတွေ၊ ဘရန်ဒီခွက် ရှာဝယ်ပေးထားပြီး သူက အိမ်စာတွေ အရမ်းလုပ်ထားခိုင်းတယ်။ အကုန်လုံးကို သူပဲ Train ပေးခဲ့တာပါ။

**အိမ်စာတွေ အရမ်းလုပ်ခိုင်းတယ်ဆိုတာ ဘာကိုပြောတာလဲ။**

*ပိုင်ဖြိုးသု*

ဆေးလိပ်သောက်ခိုင်းတယ်။ အရက်လည်း မမူးဖူးလို့ ဘရန်ဒီတွေ သောက်ခိုင်းထားတယ်။ အစုံပါပဲ။

*ဇာကြီး*

ကျွန်တော်လိုချင်တာက စီးကရက် ကိုင်ထားပြီးတော့ ဘရန်ဒီခွက်ကိုင်တယ်ဆိုရင်လည်း အဆင်ပြေနေစေရမယ်။ စတိုင်ကျနေရမယ်။ ဆေးလိပ်ကိုင်ထားတဲ့သူတစ်ယောက်က မသောက်ဖူးရင် ဒီဟာနဲ့ တရင်းတနှီး မဖြစ်တဲ့အတွက် ကြည့်တဲ့အခါမှာ အဆင်မပြေနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ စီးကရက်သောက်တာ၊ ဘရန်ဒီသောက်တာသည် "မီ" အတွက် ထမင်းစား၊ ရေသောက် အလုပ်သဘောမျိုးပဲ။ ဆေးလိပ်သောက်တာတွေ၊ ဘရန်ဒီသောက်တာတွေ သူ့စိတ်ထဲမှာ မရှိနေမှ တခြားစိတ်တွေကို ကျွန်တော်ဖမ်းလို့ ရမှာလေ။ အဲဒါကြောင့် ဆေးလိပ်ကို အားလို့ရှိရင် ကိုင်ထား။ လက်ကြားထဲ ညှပ်ထား။





www.burmeseclassic.com

www.burmeseclassic.com

ဆေးလိပ်
သောက်တတ်သူနဲ့
ဆေးလိပ်
မသောက်တတ်တဲ့သူက
ဆေးလိပ် ကိုင်တဲ့နေရာမှာ
ကွာတယ်။
မသောက်တတ်တဲ့သူက
ကိုင်လိုက်ရင်
တန်းတန်းကော့ကော့ကြီး
ဖြစ်နေတယ်။
တကယ်သောက်တတ်တဲ့
သူတွေက သူတို့လက်ထဲမှာ
စီးကရက်ရှိနေမှန်းကို
မသိသာဘူး။
ကျွန်တော်က အဲဒါမျိုးကို
လိုချင်တာ။ အဲဒီအပေါ်မှာ
သူစိတ်ရောက်နေရင်၊
သတိထားမိနေရင်
တခြားစိတ်တွေကို
ကျွန်တော် ဖမ်းလို့
မရဘူး။ အဲဒါကြောင့်
၂ လလောက်ကို
ကြိုပြီး ဆေးလိပ်
သောက်ခိုင်းထားတယ်။
ဘရန်ဒီခွက်
ကိုင်ထားခိုင်းတယ်။
ဘာဖြစ်လို့လဲဆိုတော့
"မီ" ဆီမှာ အပူရှိတယ်။
ဆေးလိပ်သောက်လိုက်ပြီး
မီးခိုးမှုတ်ထုတ်လိုက်ရင်
သူ့အပူတွေ
ငြိမ်းသွားလောက်တယ်လို့
ထင်ထားပြီး အဲဒီစိတ်နဲ့
သူသောက်တာ။
ငါ့လက်ထဲမှာ
ဆေးလိပ်ရှိပါလား
ဆိုတဲ့စိတ် ရှိနေရင်
အပူငြိမ်းသွားပါလား
ဆိုတာ ကျွန်တော်
ရမှာမဟုတ်ဘူး။
အဲဒါလေးကို ကျွန်တော်
လိုချင်တာ။ အဲဒါကို
Pre Production မှာ





www.burmeseclassic.com

www.burmeseclassic.com







ကတည်းက လုပ်တယ်။
လူသတ်မှုဖြစ်ပြီးသွားတဲ့အချိန်မှာ
သူ့ရင်ထဲ အပူတွေ အရမ်းများနေပြီ။
အဲဒါကို အပူများ လွင့်သွားမလား
ဆိုတဲ့ မျှော်လင့်ချက်တစ်ခုနဲ့
သူသောက်တာ။ အရင်တုန်းကဆိုရင်
ငါနည်းနည်း သောက်လိုက်တာနဲ့
မူးတယ်ဆိုတဲ့စိတ်ကို ကျွန်တော်
လိုချင်တာ။ ဇာတ်လမ်းထဲမှာ
ဆိုရင် ဘယ်လောက်မှ
ပါလိုက်တဲ့ဟာ မဟုတ်ဘူး။
ဇာတ်လမ်းထဲမှာ စီးကရက်နဲ့
ဘရန်ဒီကို စိတ်ထဲမှာ
ရှိမနေဘဲ တစ်သားတည်း
ဖြစ်နေအောင် ကြိုးစား
ယူရတာ။ တခြားစိတ်ကို
လိုချင်တဲ့အတွက် ဒီဟာကို
သတိထား လုပ်နေရမယ့်
စိတ်ကို ကျွန်တော်
ဖျောက်ချင်တာပါ။
သုသုက ဘရန်ဒီလည်း
သောက်ဖူးတာ မဟုတ်ဘူး၊
စီးကရက်လည်း သောက်ဖူးတာ
မဟုတ်ဘူး။ စ,သောက်သောက်ချင်း
အခက်အခဲရှိမယ်။ အဲဒီဘက်ကို
သူစိတ်ရောက်နေမယ်။
ဆေးလိပ်မှာ အငွေ့မခံနိုင်တာ
ရှိမယ်။ ဘရန်ဒီမှာ ခါးမယ်။
"မီ"မှာကျတော့ အဲဒီလို
နည်းနည်းလေး မူးနေမှ၊







www.burmeseclassic.com

www.burmeseclassic.com

နည်းနည်းလေးစိတ်လွတ်နေမှဖြစ်မှာ။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ဆီမှာ ခါးသီးတာတွေ အရမ်းများတယ်။ ကျွန်တော်က အဲဒီစိတ်ကို လိုချင်တဲ့အတွက် တခြားစိတ်တွေကို တစ်သားတည်းဖြစ်သွားအောင် ကျွန်တော် ကြိုးစားလုပ်ယူရတယ်။ အဲဒါတွေက သူ မပြောတတ်လို့ ကျွန်တော် ပြောပြရတာပါ။ စကားများသလိုတောင် ဖြစ်သွားပြီ။

**ကိုဏကြီးကပဲ ဆေးလိပ်သောက်ခိုင်းပြီး ပြီးတော့ ဆေးလိပ်စွဲသွားမှာ ကြောက်တယ် မဟုတ်လား။**

***ဏကြီး***

အဲဒါကတော့ ကျွန်တော့်အတွက်ပေါ့။ ပီပြင်စေဖို့အတွက် ကျွန်တော်လုပ်ခိုင်းရင်း အရမ်းပီပြင်လာတယ်။ ရိုက်ရင်း ရိုက်ရင်း အဆင်ပြေလာတယ်။ ကားမရိုက်တဲ့အချိန်မှာတောင် သူက ဆေးလိပ်ကို ဖွာရင်ဖွာနေတာ။ အကျင့်ပါနေတာပေါ့။ ဆေးလိပ် မီးခိုးကို နှာခေါင်းထဲက ထုတ်တတ်နေပြီဆိုတော့ နည်းနည်းစိတ်ပူလာတယ်။ ဒီကားပြီးသွားလို့ ဆေးလိပ်ဆက်သောက်နေရင် ဒုက္ခပဲလို့ ပူမိတာပါ။

**ဏကြီးက ပိုင်ဖြိုးသုနဲ့ ဘယ်နှကား ရိုက်ပြီးမှ တခြားမင်းသမီးနဲ့ ရုပ်ရှင်ရိုက်ဖြစ်မှာလဲ။**

***ဏကြီး***

ဒီနှစ်ထဲမှာကို တခြားမင်းသမီးနဲ့ ရိုက်ဖို့ ၂ ကားရှိတယ်။ ကျွန်တော်က တခြား Productionနဲ့ လုပ်ရမယ့် အလုပ်ပါ။ အလုပ်လုပ်တဲ့အခါမှာတော့ ကျွန်တော်က Professional ဆန်ဆန်စွာ လုပ်သွားချင်တယ်။ သုသုနဲ့လည်း ဒီနှစ်ထဲမှာ ရိုက်ဖို့ ရှိပါတယ်။ ဒီဇင်ဘာမှာ ရိုက်မယ့်ကားကိုတော့ အခုတကည်းက တည်နေပါပြီ။ **ငြိမ်းနဲ့ ခက်ဝေ ပါ။**

**ဒီနေ့ညရဲ့ အပျော်တွေကိုလည်း ပြောပြပေးပါဦး။ 'မီ' နဲ့ ဘယ်နှဆု မှန်းခဲ့တာလဲ။**

***ပိုင်ဖြိုးသု***

အမှန်အတိုင်း ပြောမယ်ဆိုရင် သုသုတို့ လာတဲ့အချိန်မှာ မှန်းကို မမှန်းထားဘူး။ ဘာဖြစ်လို့လဲဆိုတော့ မျှော်လင့်ထားလို့ရှိရင် စိတ်ပင်ပန်းတယ်လေ။ စိတ်မပင်ပန်းချင်တော့ ဒီတိုင်းလေးပဲ လာကြတာ။

**မမှန်းဘူးလို့ ပြောပေမဲ့ အခုတော့ ၂ ဆုတောင် ရသွားတယ်။ အဲဒီအတွက် ဘာပြောမလဲ။**

***ဏကြီး***

အမှန်ပြောရင်တော့ သုသုအတွက် ကျွန်တော် မှန်းတယ်။ အမြဲတမ်းပဲ အကယ်ဒမီတုန်းကလည်း ကျွန်တော် မှန်းတယ်။ သုသုအတွက် ကျွန်တော် လိုလည်း လိုချင်ခဲ့တယ်။ ကျွန်တော်ကိုယ်တိုင်လည်း သူနဲ့ ထိုက်တန်တယ်လို့ ထင်တယ်။ ပါဖောမန့်အရ သူ့ဆီမှာ လျော့သွားတာ လုံးဝ မရှိသလောက်ပါ။ ကျွန်တော့်ဘက်က ဒါရိုက်တာဘက်မှာ လျော့ရင်လျော့သွားမယ်။ ဇာတ်ညွှန်းဘက်မှာ လျော့ချင်လျော့သွားမယ်။ သူ့ဆီမှာတော့ လုံးဝမလျော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မျက်စိရှေ့က 'မီ'၊ ကျွန်တော့်စိတ်ကူးထဲက 'မီ'၊ ကျွန်တော့်ခံစားချက်ထဲက 'မီ' သူ ဖြစ်ကိုဖြစ်ခဲ့တယ်-လို့ ပြောပြခဲ့ပါတယ်။

■

**လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com



# တစ်နေ့တည်း နှစ်ကြိမ် လှူတဲ့ မေတ္တာသင်္ဂဟအဖွဲ့

**လင်းနိုင်ဦး**

ခန့်စည်သူ ဦးဆောင်ပြီး ရုပ်ရှင်၊ သဘင်၊ ဂီတနဲ့ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ဖွဲ့စည်းထားတဲ့ မေတ္တာသင်္ဂဟ အဖွဲ့သူအဖွဲ့သားများက ဧပြီလ ၈ ရက်နေ့ တစ်ရက်တည်းမှာ အလှူနှစ်ကြိမ်ပြု လုပ်ခဲ့ကြတာ သာဓုခေါ်ဖွယ်ရာ တွေ့ခဲ့ရပါတယ်။ ဧပြီလ ၈ ရက်နေ့ မနက် ၁၀ နာရီက မေတ္တာသင်္ဂဟအဖွဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့သားများက ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် နန်းဦးဘုရားတန်ဆောင်းအတွင်းမှာ သိမ်နဲ့ စေတီတော်ပြုပြင်ရန် အလှူတော်မင်္ဂလာရေစက်ချပွဲပြုလုပ်ပြီး သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

မေတ္တာသင်္ဂဟအဖွဲ့က ဗိုလ်တထောင်စေတီတော်ဝင်းအတွင်းရှိ ဩဝါဒ ပါတိမောက်သိမ်နဲ့ မဂ္ဂင်ဓာတုစေတီတော်တို့ ပြုပြင်ရန်အတွက် ငွေကျပ် သိန်း ၁၀၀ လှူဒါန်း ပေးခဲ့ကြခြင်း ဖြစ်ပါတယ်။ အလှူနဲ့ပတ်သက်ပြီး ဦးဆောင်သူဖြစ်တဲ့ သရုပ်ဆောင် ခန့်စည်သူက "ဗိုလ်တထောင်ဘုရားဝင်းအတွင်းမှာ လှူဒါန်းဖြစ်တာက ကျွန်တော့်ရဲ့ မွေးရပ်ဇာတိလို့လည်း ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သန်လျက်စွန်း ဆိပ်ကမ်းအရာရှိရိပ်သာမှာ မွေးတယ်။ အဘိုးကလည်း Burma Navy က အရာထမ်း တစ်ဦးဖြစ်လို့ ကျွန်တော် ဗိုလ်တထောင်ဘုရားကို ရောက်ဖြစ်တာ တစ်ပတ်ကို အနည်းဆုံး ၃၊ ၄ ကြိမ်လောက်ရှိတယ်။ ဒီနေ့ ရေစက်ချတဲ့ နန်းဦးရပ်ပွားတော်မှာ ခဏခဏ အမိဋ္ဌာန်ဝင်ဖူးတယ်။ ဆယ်တန်းဖြေတုန်းကလည်း ဝင်ဖူးတယ်။ နိုင်ငံခြားသွားမယ်ဆိုတုန်းကလည်း ဝင်ဖူးတယ်။ အမိဋ္ဌာန်တွေလည်း ပြည့်ခဲ့တယ်။ ကျွန်တော့် ဘကြီးကလည်း ဒီဘုရားမှာ အရင်တုန်းက ဂေါပကလုပ်ဖူးခဲ့တယ်။ အခုတော့ ဆုံးပါးသွားပါပြီ။ ဒါကြောင့် ဒီဘုရားက ဆွေဘုရားမျိုးဘုရားလို ဖြစ်နေတယ်။

"ကျွန်တော်တို့ ပြုပြင်လှူဒါန်းတဲ့ ဩဝါဒပါတိမောက်သိမ်ဆိုတာ တကယ့်ရှေးဟောင်းသိမ်။ ငုတ်တိုလေးပဲ ကျန်တော့တဲ့ သိမ်ကို တဖြည်းဖြည်း ပြုပြင်မွမ်းမံလာတာပါ။ ဒီလိုပြုပြင် မွမ်းမံဖို့လိုနေလို့လည်း ကျွန်တော်တို့အဖွဲ့ကိုပြောပြီး လှူဒါန်းဖြစ်တာပါ။ ဒီနားကျောင်းတွေမှာ ရဟန်းခံမယ်ဆိုရင် ဒီသိမ်မှာပဲလာပြီးတော့ သိမ်ဝင်ရတယ်။ ဒီနားမှာ ဒီသိမ်ပဲရှိလို့ပါ။ တကယ့်သမိုင်းဝင်သိမ်လည်း ဖြစ်တယ်။ နောက်တစ်ခုကတော့ မဂ္ဂင်ဓာတုစေတီပါ။ စွယ်တော်ပွား ဌာပနာထားတဲ့ ဒီဘုရားကလည်း ယိုယွင်းနေပြီဖြစ်တဲ့ အခါကျတော့ ဒါလည်း ပြုပြင်ဖို့လိုတယ်။ ဩဝါဒပါတိ မောက်သိမ်ရော၊ မဂ္ဂင်ဓာတုစေတီရော နှစ်ခုစလုံးပြုပြင်ဖို့ လှူဒါန်းဖြစ်တာပါ"လို့ ပြောပြခဲ့ပါတယ်။

ရေစက်ချ လှူဒါန်းပြီးချိန်မှာ ပီတိနဲ့ပတ်သက်ပြီး ခန့်စည်သူက "မေတ္တာသင်္ဂဟအဖွဲ့မှာ သရုပ်ဆောင်တွေ၊ ဂီတအနုပညာရှင်တွေ၊ အခြားခြားသော ပြင်ပမိတ်ဆွေတွေနဲ့ ဖွဲ့စည်းထားတာပါ။ မေတ္တာသင်္ဂဟအဖွဲ့ကို ၂၀၁၁ ခု၊ မေလ ၇ ရက်နေ့ကနေ စတင်ဖွဲ့စည်းခဲ့တယ်။ ဒါကြောင့် အခုဆိုရင် ၈ နှစ်ကျော်သွားပါပြီ။ ဒီ ၈ နှစ် အတိုင်းအတာအတွင်းမှာ ကျွန်တော်တို့ ၆၉ ကြိမ် လှူဒါန်းပေးခဲ့ပြီးဖြစ်ပါတယ်။ အဓိက လှူဒါန်း


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တာကတော့ အရေးပေါ်ဖြစ်တဲ့နေရာတွေကို ဦးစားပေးလှူဒါန်းတယ်။ ရခိုင်ဒေသဘက်လည်း ကျွန်တော်တို့ သွားလှူဖြစ်တယ်။ မီးဘေးဆိုရင်လည်း လှူဒါန်းပေးတယ်။ ဆေးရုံဆိုရင်လည်း ကလေးဆေးရုံမှာ လှူဖူးတယ်။ HIV ကူးစက်ခံကလေးများအတွက်လည်း လှူဖူးတယ်။ ကျောက်ကပ် အစားထိုးတွေလည်း လှူဖူးတယ်။ စာသင်ကျောင်းနဲ့ ပတ်သက်လို့လည်း အများကြီး လှူဖူးတယ်။ ရေနဲ့ပတ်သက်လို့လည်း ရေရှားပါးတဲ့နေရာတွေကို လှူဖူးခဲ့တယ်။ ဘာသာရေးအတွက်ရော၊ အခြားလိုအပ်တဲ့ အရေးတွေအတွက်ကိုရော အရေးပေါ်ကြုံလာတဲ့အခါမှာ အနုပညာသမားတွေကလည်း လက်မနေးပါဘူး။ နိုင်သလောက်ဝန်လေးတွေ ဝင်ထမ်းကြတာပါ။ အဲဒီလိုအဆက်အစပ် စည်းစည်းလုံးလုံးနဲ့ လှူခဲ့တာ ၆၉ ကြိမ် တိုင်ခဲ့ပြီ။ အဖွဲ့ထဲမှာဆိုရင် တချို့အလှူတွေမှာ ဒီလူတွေက ပါပေမဲ့နောက်အလှူမှာကျတော့ မလာရင် မလာနိုင်ဘူး။ လူမစုံပေမဲ့အလှူကတော့ စုံပါတယ်။ ဒါကြောင့်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်ရဲ့အနုပညာညီအစ်ကိုမောင်နှမတွေရော၊ ဂီတမိတ်ဆွေအပေါင်းအသင်းတွေရော၊ အလှူရှင်အားလုံးကိုပါ ကျေးဇူးတင်ပါတယ်။ အခုလို စည်းစည်းလုံးလုံးရှိနေလို့လည်း စုစုပေါင်း သိန်း၂၉၀၀ ကျော် လှူဒါန်းနိုင်ခဲ့ပြီ''လို့ ပြောပြခဲ့ပါတယ်။

မေတ္တာသင်္ဂဟအဖွဲ့က သြဝါဒပါတီမောက်သိမ်နဲ့ မင်္ဂလာဓာတုစေတီတော်များ ပြုပြင်လှူဒါန်းနိုင်ဖို့ ငွေကျပ်သိန်းတစ်ရာ ရေစက်ချလှူဒါန်းအပြီးမှာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို သွားရောက်ပြီး ရုပ်ရှင်လောကသားများ သင်္ကြန်တွင်းမှာ မိသားစုများ စားသုံးနိုင်အောင် ဆန်အိတ် ၁၀၀ လှူဒါန်းပေးခဲ့ကြပါတယ်။ မေတ္တာသင်္ဂဟအဖွဲ့ကိုဦးဆောင်နေတဲ့ သရုပ်ဆောင် ခန့်စည်သူက ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ရှင်စေတီတော် ငှက်မြွတ်နားမှာ သူ့ရဲ့အကယ်ဒမီရွှေကြယ်ကိုလည်း လှူဒါန်းပေးထားတယ်လို့ သိရပါတယ်။ ■

လင်းနိုင်ဦး





www.burmeseclassic.com

www.burmeseclassic.com



# Casting ကို ပိုရင်ခုန်မိတဲ့ လပြည့်

မနိုးသူ

ဇာတ်လမ်းတွဲကတစ်ဆင့် ပရိသတ်ရင်ထဲ ရောက်လာတဲ့ သရုပ်ဆောင်သစ်တွေ ရှိလာပြီး ဒီနှစ်မှာ စတင်လာတဲ့ Star Awards ဆုရွေးချယ်ရေးရဲ့ ဇာတ်ကားတွေထဲမှာ ပါဝင်လာတဲ့ အသစ်ကလေးတွေလည်း ရှိလာပါတယ်။ လပြည့်ကလည်း အဲဒီလို သရုပ်ဆောင်သစ်တွေထဲက တစ်ယောက် အပါအဝင်ပါ။ လပြည့်က သရုပ်ဆောင်ဝါသနာကြီးတဲ့ အလျောက် စီးရီးတွဲတွေများစွာမှာ ကျရာနေရာကနေ ပါဝင်သရုပ်ဆောင် ရယ်ရှင်ဖွယ်အလွမ်း စတဲ့ စီးရီးတွဲများစွာမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။

**အသစ်တစ်ယောက်အနေနဲ့ ဇာတ်လမ်းတွဲတွေအများကြီးမှာ ပါဝင်သရုပ်ဆောင်ခွင့်ရနေတော့ အခွင့်အရေးကောင်းကို ဆုပ်ကိုင်မိတယ်လို့ ပြောလို့ရတာပေါ့။**

ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော်တို့ Forever Group, ကျွန်တော်တို့ကို မွေးထုတ်ပေးတဲ့ မိခင်ဌာနကြီးရဲ့ ကျေးဇူးကြောင့်ပါ။ ကျွန်တော်တို့ နေရာလေးတွေ ရလာတာပါ။

**ပထမဆုံး စီးရီးတွဲလေးကိုရော မှတ်မိနေသေးလား။ Casting ရဲ့ရင်ခုန်မှုကရော…။**

ဟုတ်၊ မှတ်မိပါတယ်ခင်ဗျ။ **မေတ္တာအသည်းမြွာ** ဆိုတဲ့ စီးရီးတွဲပါ။ ပထမဆုံး စီးရီးတွဲမှာ ကျွန်တော့်အနေနဲ့ အခန်းအများကြီးတော့ မပါခဲ့ရဘူးပေါ့။ အဲဒီတုန်းကတော့ စီးရီးတွဲတွေက အများကြီး

ထားပြီး သူပါဝင်သရုပ်ဆောင်ထားတဲ့ စီးရီးတွဲက Star Awards မှာ ပါဝင်ပါတယ်။ လပြည့်က **ကံ ကံ၏အကျိုး၊ မာန်၊ ချစ်သူထွင်းတဲ့အက္ခရာ၊ နိုင်း၊ မိုးကောင်းကင်အိပ်မက်၊ ရွှေဖူးစာဆုံရာမြေ၊ ပျောက်ဆုံးနေသောအမှန်တရား၊ ဝက်ပါရှင်းတမ်း၊**

မရိုက်သေးဘူး။ MRTV-4 နဲ့ Forever Group က ရွေးချယ်ထားတဲ့ သရုပ်ဆောင်တွေအားလုံး Casting ဝင်ရတာ။ ဇာတ်ကွက်တစ်ခုချပေးပြီး အဲဒီဇာတ်ရုပ်ကို ပီပြင်အောင် လုပ်ပြကြရတာ။ စစချင်းဆိုတော့ ရင်ကတော့ တုန်တာပေါ့နော်။ ကိုယ့်နာမည်ကိုတောင် ပြောရမှာ ကြောက်နေတယ်။ ဒီလို အတွေ့အကြုံဆို



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



တာကို ကိုယ်တွေ့ ကြုံဖူးမှ ပြောပြတတ်မှာဗျ။ ဒါပေမဲ့ လေ အဲဒီလို ရင်တုန်နေပေမဲ့ ကင်မရာရှေ့ရောက်တဲ့အချိန်မှာ ဒီဇာတ်ရုပ်ကို ငါပီပြင်ရမယ်ဆိုပြီး စိတ်ထဲမှာ mood သွင်းလိုက်တယ်။ ပထမဆုံးမှာပဲ 'အိုကေ၊ ကတ်၊ အဆင်ပြေတယ်'လို့ ဆိုတဲ့ စကားကြားလိုက်ရတာနဲ့ ဝမ်းသာသွားတယ်။ ဒါပေမဲ့ တချို့ကားတွေကျရင်တော့ ကျွန်တော်နဲ့ လိုက်ဖက်တယ်ဆိုရင် ဒီအတိုင်းခေါ်လိုက်လို့ ရိုက်ရတဲ့ဇာတ်ရုပ်တွေလည်း ရှိပါတယ်။

**အခုလိုမျိုး ကိုယ်နဲ့ လိုက်ဖက်တယ်ဆိုပြီး ခေါ်ရိုက်တဲ့ဇာတ်ရုပ်နဲ့ Casting ဝင်ပြီးမှ ရိုက်ရတဲ့ဇာတ်ရုပ် ဘယ်ဇာတ်ရုပ်ကိုများ ပိုရင်ခုန်မိလဲ။**

Casting ကို ကျွန်တော် ပိုရင်ခုန်တယ်။ ဒီ Scence တစ်ခုကို အားလုံးကို ချပေးတယ်။ လူတိုင်းက ဒီဇာတ်ကောင်အတွက် ကြိုးစားကြရတယ်။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ အမူအရာ၊ Body Structure တွေကြောင့် သာ ဇာတ်ရုပ်တစ်ခုအတွက် မကိုက်ညီလို့သာ Casting ထဲ မပါခဲ့တာ သရုပ်ဆောင်မကောင်းလို့ မဟုတ်ပါဘူး။ အဲဒီအတွက် Casting ဝင်ပြီးမှ လုပ်ရတဲ့ဇာတ်ကို ကျွန်တော်က ရင်ပိုခုန်တယ်။ စာမေးပွဲဖြေပြီးမှ အောင်တဲ့သူလို ခံစားရတယ်။

**စီးရီးတွဲ တော်တော်များများမှာ သရုပ်ဆောင်ထားတော့ သရုပ်ဆောင်နဲ့ ပတ်သက်ပြီး ဘယ်လောက် နားလည်နေပြီလို့ ထင်လဲ။**

နားလည်သင့်သလောက်တော့ နားလည်နေပါပြီ။ ဒါပေမဲ့ သရုပ်ဆောင်ပညာရပ်ဆိုတာကလည်း ဆည်းပူးလေ့လာလို့ မကုန်နိုင်ဘူးဆိုတော့လေ ပြည့်ဝတယ်ဆိုတာတော့ ပြောလို့ မရပါဘူးဗျ။

**Star Awards မှာပါတဲ့ လပြည့်ပါတဲ့ ကားလေးက...။ မိုးကောင်းကင် အိပ်မက်များ ဆိုတဲ့ စီးရီးတွဲပါ။**

Forever



www.burmeseclassic.com

www.burmeseclassic.com

Group က ဒီနှစ်အတွက် ၆ ကားဝင်တယ်လေ။ ကျွန်တော်ပါတာက တစ်ကားပေါ့။

အခုလို စီးရီးတွဲတွေအတွက် ဆုပေးတာပေါ်လာတော့ လပြည့်တို့လို အသစ်တွေအတွက် ဘယ်လိုခွန်အားတွေရလဲ။

ပြက်လည်း မလုပ်တော့ဘူးပေါ့နော်။ ပိုကြိုးစားချင်စိတ်တွေလည်း ရှိလာမယ်။ အသစ်တွေအတွက် တန်းလေးတစ်ခုလည်း ရှိလာမယ်လို့ ထင်ပါတယ်။

အခုဆိုရင် စီးရီးတွဲထဲက ဇာတ်ကောင်နာမည်နဲ့ ပရိသတ်က ပိုသတိထားမိတာ





Star Awards ပေါ်လာတဲ့အတွက် ကျွန်တော်တို့လို စီးရီးတွဲနဲ့ အခွင့်အရေးလေးတွေ ရွေးချယ်ရတဲ့ သရုပ်ဆောင်သစ်တွေအတွက် အခွင့်အရေးအသစ်တွေ ပေါ်လာတယ်။ ပြီးတော့ ပေါ့ပြက်

တွေရှိတယ်။ လပြည့်ကိုရော ဘယ်ဇာတ်ကောင်နဲ့ ပိုသိကြလဲ။

ငွေမောင်းလို့ ပိုသိကြတယ်။ အခုဆိုရင် ကျွန်တော့်ကိုမြင်ရင် ပရိသတ်က စီးရီးတွဲထဲက ငွေမောင်းလို့ နှုတ်ဆက်ကြရင် အရမ်းပျော်ပါတယ်။ ကာရိုက်တာနာမည်က တစ်ဆင့် ကိုယ့်နာမည်ကို ပိုသိလာအောင် တစ်ဆင့်ပြီး တစ်ဆင့် ကြိုးစားမှာပါ။ ရုပ်ရှင်ကားတွေလည်း အရမ်းရိုက်ကြည့်ချင်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်ပဲဆိုတော့ အခွင့်အရေးရခဲ့ရင် အကောင်းဆုံး အသုံးချမှာပါ။ အဲဒါက စိတ်ထဲမှာ အမြဲရှိပါတယ်။

လပြည့်က ဝါသနာပါရာ အနုပညာအတွက် ကြိုးစားရင်း တစ်ဖက်ကလည်း Plan B ချထားတယ်လို့ ဆိုပါတယ်။

ကျွန်တော်တို့ အနုပညာသမားတွေက အတက်ဆိုတာလည်းရှိသလို အကျဆိုတာလည်း ရှိတယ်ဆိုတာကို လက်ခံနားလည်ထားပါတယ်။ အောင်မြင်မှုကို ရေရှည်ခိုင်အောင်လို့တော့ အမြဲဆန်းသစ် တီထွင်နေရမယ်။ ကံ၊ ဉာဏ်၊ ဝီရိယ၊ ဇန်း အားလုံးပေါင်းစပ်မှ အောင်မြင်တာဆိုတော့လေ အနုပညာသမားတွေအနေနဲ့ မအောင်မြင်မှုအတွက် Plan B ထားသင့်တယ်။ ကျွန်တော်ကတော့ အနုပညာအလုပ်တွေ လုပ်မယ်။ ပြီးရင် Beauty Spa မျိုးပဲဖြစ်ဖြစ်၊ စားသောက်ဆိုင်ပဲဖြစ်ဖြစ် တစ်ခုခုဖွင့်မယ်လို့ စဉ်းစားထားတယ်။ ခုကတည်းက အနုပညာနဲ့ စီးပွားရေးတွဲလုပ်မယ်ပေါ့နော်-လို့ ဆိုပါတယ်။ ■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com



## ရတဲ့အခွင့်အရေးကို အကောင်းဆုံးဖြစ်အောင်

# ကြိုးစားနေတယ်

မန်းသူ

ချစ်စရာနာမည်လေး ပြောင်းလဲပြီး သရုပ်ဆောင်ဘက်ကို ကူးလာတဲ့ ရွှေရင်အေးက ပွဲဦးထွက် **ကြောက်၊ ကြောက် ကြောက်** ရုပ်ရှင်ကားနဲ့ လာဘ်ကောင်းသူပါ။ အသစ်တွေအတွက် ရုပ်ရှင်ရိုက်ဖို့ ခဲယဉ်းပေမဲ့ ရွှေရင်အေးကတော့ **ကြောက်၊ ကြောက်၊ ကြောက်** ရုပ်ရှင်ဇာတ်ကား အပါအဝင် **မြက်နု၊ ကျားကျား ကြောက်ကြောက်၊ Box 88** ရုပ်ရှင်ကားကြီးတွေကို ရိုက်ကူးထားပါတယ်။ အနုပညာနယ်မြေထဲ မြေစမ်းခရမ်းပျိုးလာတဲ့ ပွင့်သစ်တစ်ဦးရဲ့ ရင်ခုန်သံတွေကို နားထောင်ကြည့်မိတဲ့အခါ . . .။

**အသစ်တွေအတွက် ခက်ခဲတဲ့အချိန်မှာမှ အနုပညာအလုပ်တွေ လုပ်ဖြစ်လာတဲ့ အသစ်တစ်ယောက်ရဲ့ ကိုယ်တွေ့အတွေ့အကြုံ ပြောပြပါလား။**

အရင်တုန်းကကျတော့ မျက်နှာသစ်တွေကို DVD တို့၊ Video တို့မှာ သုံးတယ်။ အခုကျတော့ DVD က မရှိတော့ဘူး။ Video ကျတော့လည်း ခေတ်ပျက်သွားတော့ ခက်ခဲလာတယ်။ ရုံတင်ကားကြီးတွေကျတော့လည်း အသစ်တွေအတွက်က အခွင့်အရေးနည်းတယ်။ အခု ညီမအနေနဲ့က တော်တော်လေးကံကောင်းလို့သာ အခွင့်အရေးရပြီး ရုပ်ရှင်ကားကြီးတွေ ကမ်းလှမ်းခံရတာလို့ ပြောရမှာပေါ့နော်။ တစ်ဖက်ကနေကြည့်ပြန်ရင်လည်း မီဒီယာတွေကနေ၊ Sky Net ကနေ ဇာတ်လမ်းတွဲတွေရိုက်ကြတယ်။ ဒါလေးတွေကလည်း အခွင့်အရေးရတယ်လို့ ပြောရမှာပေါ့။ ကူညီပေးတဲ့ အစ်ကိုတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**စီးရီးတွဲတွေမှာကကျတော့ Casting ဆိုတာ ရှိတယ်နော်။ ဒါကရော အသစ်တစ်ယောက်အတွက် အခက်အခဲလို့ပဲ ပြောရမလား။**

ဟုတ်ပါတယ်။ ဇာတ်လမ်းတွဲရဲ့ ဇာတ်ရုပ်နဲ့ ဇာတ်လမ်းနဲ့ ကိုက်ညီတဲ့ သရုပ်ဆောင်ရအောင် Casting ခေါ်တယ်။ ကွက်တိကျမှသာ သူတို့က ခေါ်တယ်။ အဲဒီအတွက်တော့ နည်းနည်းခက်ခဲမှုတော့ ရှိပါတယ်။

**ညီမရဲ့အနုပညာအတွက် တကယ်စ,ခဲ့တာတွေကရော . . .။**

ညီမ တကယ်စ,လုပ်ဖြစ်တာကတော့ မော်ဒယ်လ်အနေနဲ့ပါ။ Miss ပြိုင်ပွဲတွေ၊



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



Model ပြိုင်ပွဲတွေလည်း ၂ နှစ်လောက်လုပ်ဖြစ်ခဲ့တယ်။ ဆုတွေလည်း အထိုက်အသင့်ရပြီးပြီ။ ညီမ ဒီလောက်နဲ့ မရပ်တန့်ချင်သေးဘူး။ သရုပ်ဆောင်လောကကိုလည်း စိတ်ဝင်စားတယ်။ သရုပ်ဆောင် မင်းသမီးတစ်ယောက်အနေနဲ့လည်း ရပ်တည်ချင်တယ်။ဒါကြောင့် ညီမကို ကမ်းလှမ်းလာတဲ့အချိန်မှာ အားထည့်ပြီး ကြိုးစားဖြစ်ခဲ့တယ်။ Freelance အနေနဲ့လှုပ်ရှားဖြစ်နေပါတယ်။ ဘယ်ကုမ္ပဏီနဲ့မှတော့ စာချုပ် မချုပ်ဖြစ်သေးပါဘူး။

**Missတို့၊ Model တို့ ဆိုတဲ့ အပိုင်းက အနုပညာဆိုတာ ချင်းတူပေမဲ့ သရုပ်ဆောင် ဆိုတာနဲ့က ကွာခြားတယ်။ အဲဒီအပိုင်းကို ချန်ထားခဲ့ပြီး ဒီဘက်အတွက် ဘာတွေ ထပ်ဖြည့်နေလဲ။**

Miss တို့၊ Model တို့ဆိုတာက Photo Shoting ရှိမယ်။ Stage Performance ရှိမယ်။ အဲဒီမှာက ညီမတို့က Eye Power ရပြီးသားပေါ့နော်။ ဒါပေမဲ့ ခတ်ပုံရိုက်တာဟာ ရုပ်သေ၊ သရုပ်ဆောင်ဟာ ရုပ်ရှင်။ တကယ်တော့လေ Miss Model ဘဝကနေ ဒီဘက်ကိုကူးလာတော့ လုံးဝအသစ်တစ်ယောက်လိုဖြစ်နေတာ။ ကိုယ့်စီနီယာတွေဆီကနေ အစအဆုံး ပြန်သင်ယူရပါတယ်။

**အမိက အားနည်းချက်တွေ တွေ့နေပြီပေါ့။**

အရင်တုန်းကတော့ ကိုယ့်ကိုယ်ကို ငါလုပ်နိုင်တယ်ပေါ့နော်။ တကယ်တမ်း သရုပ်ဆောင်ကြည့်တော့ ကိုယ်ထင်သလို ဖြစ်မလာတာ၊ နည်းနည်းလေး လွဲချော်သွားတာတွေရှိလာတာ အများကြီးပဲ။ ညီမရဲ့အဓိက အားနည်းချက်က Eye Power အားနည်းတာ။ ပြီးတော့ မျက်လုံး ပုတ်ခတ်၊







www.burmeseclassic.com

www.burmeseclassic.com



ပုတ်ခတ်လုပ်တာ။ အဲဒါလေး နည်းနည်း ထိန်းရတယ်။ **မျက်နှာသစ်တစ်ယောက်ဟာ ရတဲ့ အခွင့်အရေးကို ရွေးချယ်ခွင့်မရဘဲ ဖမ်းဆုပ်ယူနိုင်ရတယ်။ ရွေးချယ်ခွင့်မရှိတဲ့ အသစ်တစ်ယောက်အနေနဲ့ ကိုယ့်ကိုယ်ကို ဘယ်လိုတည်ဆောက်ရလဲ။** ညီမတို့က အသစ်ဆိုတော့ ရလာတဲ့ အခွင့်အရေးကို အကောင်းဆုံး အသုံးချရမှာပေါ့။ ကြိုးစားရတာပေါ့နော်။ ဇာတ်ညွှန်း ရပြီဆိုကတည်းက ကိုယ်လုပ်ရမယ့် ဇာတ်ကောင်ကို ခေါက်တုံ့ခေါက်ပြန်ဖတ်ကြည့်တယ်။ ဘယ်လို လုပ်ရင် ပိုသဘာဝကျမလဲ ဆိုတာကို စဉ်းစားပြီး အားဖြည့်ကြိုးစားပါတယ်။ ရွှေရင်အေးက 'ပရိသတ်လက်မခံမှာကိုပဲ စိုးရိမ်တာပါ။ ကိုယ်က အသစ်တစ်ယောက်ဖြစ်တဲ့ အတွက်ကြောင့်မို့ ဝါရင့်သရုပ်ဆောင်ကြီးတွေနဲ့ တွဲပြီး အလုပ်လုပ်ရတဲ့ အချိန်မှာ ကိုယ့်ရဲ့အိုက်တင်က လျော့ကောင်းလျော့မယ်။ အမှားအယွင်းလေးတွေရှိမယ်။ ပရိသတ်က ချစ်တဲ့ စိတ်လေးနဲ့ သည်းခံပြီး ဆက်အားပေးစေချင်တယ်။ ကိုယ့်ရဲ့ အမှားကြောင့် ပွဲဦးထွက်ကားမှာ မကောင်းဘူးဆိုတဲ့ ထင်မြင်ချက်ကြီးနဲ့ နောက်ကားတွေ ဆက်ပြီး အားမပေးတော့မှာ အရမ်းစိုးရိမ်တယ်။ အဲဒီ Stress တော့ တော်တော်ရှိနေတယ်။ နေရာတစ်နေရာ ဆိုတာထက် ကိုယ့်သရုပ်ဆောင်စွမ်းရည်ကိုပဲ ကြည့်တယ်။ ကိုယ် ဘယ်လိုလုပ်မလဲ။ ကိုယ့်ကိုယ်ကိုပဲ ယှဉ်ပြိုင်တယ်။ ခုထိတော့ ဇာတ်ရုပ်ကို မှန်အောင် လုပ်နိုင်တယ်ဆိုတာမျိုးပဲ ရှိပါသေးတယ်။ နှစ်နဲ့ချီပြီး ကြိုးစားရဦးမှာ-လို့လည်း ဆိုပါတယ်။

■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဒါရိုက်တာ ဟိန်းစိုးရဲ့ ဟစ်တိုင်

**မိုးကျော်ထွန်း**





သက်ကြီးဝါကြီးများက ဆုတ်ကပ်လို့ ပြောကြတဲ့ ဒီနေ့ခေတ်ကာလမှာ သတင်းတွေက မကြားဝံ့ မနာသာတွေ များလာခဲ့ပါတယ်။ အထူးသဖြင့် သက်ငယ်မုဒိမ်းမှုများမှာ ရေစဉ်နှင့်အမျှလိုလို ကြားနေရတဲ့အတွက် စိတ်မချမ်းသာစရာတွေ သတင်းတွေဖြစ်လာပါတယ်။ သမီးငယ်ရှိတဲ့ မိဘများ သာမက သားငယ်ရှိတဲ့ မိဘများလည်း သူတို့ သားသမီးများကို မျက်စိအောက်က အပျောက်မခံဝံ့လောက်အောင် အခြေအနေက ဆိုးရွားလာခဲ့ပါပြီ။ မြန်မာရုပ်ရှင်ဇာတ်ကားများကို ပရိသတ်အချို့က ပေါကားများလို့ ကင်မွန်းတပ်ကြပါတယ်။ ပြောမယ်ဆိုရင်လည်း ပြောလောက်အောင် ဟာသကားတွေက များနေတာကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၈ ခုနှစ် နှစ်လယ်လောက်ကစပြီး မြန်မာရုပ်ရှင်ကားများရဲ့ဦးတည်ချက်၊ တင်ပြပုံများက ပြောင်းလဲလာတာကို သတိထားမိပါတယ်။ ၂၀၁၈ ခုနှစ် မှာ **ဥပါယ်တံမျဉ်၊ မုဒြာရဲ့ဓေါသ်၊ ဒုဋ္ဌဝတီကိုကျော်လွန်၍၊ လိပ်ပြာစံအိမ်၊ သမ္မတကြီးထံပေးစာ** အစရှိတဲ့ ဇာတ်ကားများက စပြီး အပြောင်းအလဲတစ်ခုကို ရွေ့လျားနေပြီဆိုတာ သိသာလာပါတယ်။

နန်းဒေဝီ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဟိန်းစိုးက **ဟစ်တိုင်** လို့ အမည်ပေးထားတဲ့ ရုပ်ရှင် ဇာတ်ကားတစ်ကား ရိုက်ကူးမယ်လို့ သတင်းကြားရပြီး ဒီဇာတ်

www.burmeseclassic.com

www.burmeseclassic.com











လမ်းဟာ ဆင်ဖြူကျွန်းမြို့မှာ တကယ်ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို အခြေခံပြီး သျှင်မက ဝတ္ထုရေးသားကာ ကကြီးသျှင်က ဇာတ်ညွှန်းရေးဖွဲ့ပေးထားတာ ဖြစ်တယ်လို့ သိရပါတယ်။ ရိုက်ကူးပြီးစီးသွားတဲ့ ဟာစ်တိုင် ကို ဦးဦးဖျားဖျား ကြည့်လိုက်ရတဲ့အခါ စိတ်ထဲမှာ ကျေနပ်သွားတယ်။ ကိုယ်ဆိုရင်လည်း အဲဒီလိုလုပ်မိမှာပဲဆိုတဲ့ အတွေး ပေါ်လာတဲ့အထိ ခံစားလို့ ရလိုက်ပါတယ်။

ရွှေအမြုတေရဲ့ ရုပ်ရှင်ကဏ္ဍမှာ ရုပ်ရှင်ချစ်သူများ ကြိုတင်ခံစားလို့ရအောင် တင်ပြပေးလိုပါတယ်။ ကားကောင်းတစ်ကားဖြစ်တာကြောင့် ၂၀၁၉ ခုနှစ်အတွင်းမှာပဲ ရုပ်ရှင်ချစ်သူများ ကြည့်ရှုခွင့်ရကြလိမ့်မယ်လို့လည်း မျှော်လင့်မိပါတယ်။ အထူးသဖြင့်တော့ ဒီဇာတ်ကားမှာ အဓိကဇာတ်ဆောင်ဖြစ်တဲ့ ဒေါင်းနီမအဖြစ် သရုပ်ဆောင်ထားတဲ့ အိန္ဒြာကျော်ဇင်ဟာ နောက်ထပ် ရွှေစင်ရုပ်ဆုတစ်ခု ရလိမ့်မယ်လို့ ခန့်မှန်းမိတဲ့အထိ ဖြစ်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com









**ဟစ်တိုင်** ရဲ့ဇာတ်လမ်းက ဒီလိုပါ။

ဆင်းရဲတဲ့ဘဝမှာ ငွေရဲ့တန်ဖိုးကို အရာရာမှာ အလေးထားကြတဲ့ လူ့သဘာဝကို နားလည်လာတဲ့ ဒေါင်းနီမက ချစ်သူ ခွန်းကို လမ်းခွဲကာ ဦးမျိုးကို ဆိုတဲ့ အသက်ကြီးကြီး သူဌေးတစ်ဦးနဲ့ လက်ထပ်ခဲ့ပါတယ်။ ဥဒေါင်းငယ် လို့ အမည်တွင်စေတဲ့ သမီးကလေး ၂ နှစ်သမီးအရွယ်မှာတော့ ဦးမျိုးကို ကွယ်လွန်သွားတဲ့အတွက် ဒေါင်းနီမကို ဦးမျိုးကိုရဲ့ညီမဖြစ်သူက အိမ်ပေါ်က မောင်းချခဲ့ပါတယ်။ ဒါပေမဲ့ သူ့သွေးဖြစ်တဲ့ ဥဒေါင်းငယ်ကိုတော့ထားခဲ့ဖို့ ဆိုပါတယ်။ ဒေါင်းနီမက သူ့အသက်လောက်ချစ်တဲ့ သမီးကလေးကို လုံးဝမထားခဲ့ဘဲ ကြုံရာကျပန်း အလုပ်လုပ်ပြီး သားအမိနှစ်ယောက် ဝမ်းကျောင်းခဲ့ပါတယ်။

ခွန်းရဲ့မိခင်ဖြစ်သူ ဒေါ်သင်းသင်းခက်မှာက သားနှစ်ယောက် ရှိပါတယ်။ ခွန်းက သားအကြီးဖြစ်ပြီး နောက်ထပ်သားတစ်ယောက်က လမင်းလို့ ခေါ်ပါတယ်။ လမင်းက ဒေါင်းနီမရဲ့ညီမဖြစ်သူ သိမ့်ချစ်ကို မရမက ယူလာတဲ့အတွက် ဒေါ်သင်းသင်းခက် လက်ခံခဲ့ရပါတယ်။ အချိန်ကြာလာတော့ ဒေါ်သင်းသင်းခက်က သိမ့်ချစ်ကို သမီးတစ်ယောက်လို ချစ်သွားပါတယ်။ သိမ့်ချစ်ရဲ့အစ်မ ဒေါင်းနီမ ဒုက္ခရောက်တဲ့အချိန်မှာ သိမ့်ချစ်မျက်နှာနဲ့ သူ့ပဲပွဲရုံနောက်က ဂိုဒေါင်ငယ်တစ်ခုမှာနေဖို့ နေရာပေးခဲ့ပါတယ်။ ဒါပေမဲ့ ဒေါ်သင်းသင်းခက်က စင်ကာပူကို သွားပြီး အလုပ်လုပ်နေတဲ့ သားကြီးဖြစ်သူ ခွန်း ပြန်လာတော့မယ်ဆိုတဲ့အချိန်မှာတော့ ဒေါင်းနီမနဲ့ ပြန်ငြိမှာစိုးလို့ ဂိုဒေါင်ထဲမှာနေတဲ့ သားအမိနှစ်ယောက်ကို မောင်း



www.burmeseclassic.com

www.burmeseclassic.com







ထုတ် ရပါတော့တယ်။ ဒေါင်းနီမ ကလည်း မာနခဲဖြစ်တာကြောင့် ထွက်ပေးပြီး တော်သင့်တဲ့ နေရာတစ်ခုမှာ သားအမိ နှစ်ယောက်နေကြပါတယ်။ သမီးကလေး ဥဒေါင်းငယ်က သားသမီး မထွန်းကားတဲ့ သိမ့်ချစ်ရဲ့အသည်းစွဲကလေး ဖြစ်သလို ပတ်ဝန်းကျင် ကလည်း ဥဒေါင်းငယ် ကလေးကို ချစ်ကြပါတယ်။ ထမင်းစားဖို့ အတွက်ကိုတော့ ဒေါင်းနီမ က ဒေါ်သင်းသင်းခက်ရဲ့ ပွဲရုံမှာပဲ ပဲရွေးတဲ့အလုပ်ကို ဆက်လုပ်နေပါတယ်။ သူ့ချစ်သူဟောင်း ခွန်း ပြန်ရောက်လာချိန်မှာ ဒေါင်းနီမကို ပြန်ပြီး ဆက်သွယ်ဖို့ ကြိုးစားပေမဲ့ ဒေါင်းနီမကတော့ လက်မခံပါဘူး။ သားအမိ နှစ်ယောက် ပဲရွေးတဲ့ အလုပ်ကရတဲ့ ဝင်ငွေနဲ့ ကြိုးစားရပ်တည်ပါတယ်။ အိမ်နီးချင်းဖြစ်တဲ့ တိုင်းရင်းဆေးဆရာကြီး ဦးရာကျော်ရှိသဖြင့်လည်း အိမ်နီးချင်းကောင်းတစ်ဦး အဖြစ် အားကိုးရာ ရတယ်လို့ ခံယူထားပါတယ်။ ဒါပေမဲ့ ဦးရာကျော်က ဒေါင်းနီမကို လစ်ရင်လစ်သလို ချောင်းကြည့် တတ်ကြောင်း သမီး ဥဒေါင်းငယ်က သိထားပါတယ်။ ဥဒေါင်းငယ်က ဦးရာကျော်





www.burmeseclassic.com

www.burmeseclassic.com



အိမ်ဘက်ကိုလည်း သွားပြီး ကစားတတ်သူ ဖြစ်ပါတယ်။ တစ်ရက်မှာတော့ ဒေါ်နီမ အိမ်မှာရှိနေပြီး အိမ်မှုကိစ္စများ ဆောင်ရွက်ရင်း သမီးကို စိတ်တိုင်းမကျတဲ့ အတွက် ရိုက်လိုက်မိတယ်။ ငိုယိုနေတဲ့ ဥဒေါင်းငယ်ကို ဦးရာကျော်က လှမ်းခေါ်ပြီး နှစ်သိမ့်ပေး ပါတယ်။ ဥဒေါင်းငယ် အငိုတိတ်သွား ချိန်မှာတော့ ဦးရာကျော်နဲ့ သူ့အပေါင်းအသင်း တစ်ဦးတို့က ဥဒေါင်းငယ်ကို မုဒိမ်းကျင့်လိုက်ကြပါတယ်။ ကွယ်လွန်သွားတဲ့ ဥဒေါင်းငယ်ရဲ့ အလောင်းကို မြစ်ကမ်းနံဘေးမှာ သွားဝှက်ထားကြပါတယ်။ သမီးပျောက် ရှာပုံတော် ဖွင့်တဲ့ ဒေါ်နီမ သမီးအလောင်းကို တွေ့သွားချိန်မှာတော့…။ ဒီရုပ်ရှင်ကားမှာ အဓိက သရုပ်ဆောင် ဒေါ်နီမအဖြစ် အိန္ဒြာကျော်ဇင်က သရုပ်ဆောင် ပြီး ဒေါ်သင်းသင်းခက်အဖြစ် မေသန်းနု၊ သူ့သားနှစ်ယောက် အဖြစ် စိုင်းဝဏ္ဏအောင်၊ ဂျိမ်းစ်၊ ထူးပြည့်နဲ့ စဝ်ယွန်းဝတီ၊ ဥဒေါင်းငယ် အဖြစ် ဖြိုးပပထူးတို့က ပါဝင် သရုပ်ဆောင်ထားကြပါတယ်။ **ဟစ်တိုင်** ဇာတ်ကားရုံတင် ပြသလာရင်တော့ ပေါကား များက ခွဲထွက်ပြီး ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မကြားချင်အဆုံး ကြားသိနေ ရတဲ့ အဖြစ်အပျက်တစ်ခုကို မျက်ဝါးထင်ထင် တွေ့မြင်ရ သလို ခံစားရမှာဖြစ်လို့ ကြည့် ဖြစ်အောင်ကြည့်လိုက်ပါလို့ တိုက်တွန်းချင်ပါတယ်။

**■ မိုးကျော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
## ကြုံရာဆုံရာ တစ်မိနစ်တာ



'ကျွန်တော် ဘာမှ မပြောင်းလဲပါဘူး။ နဂိုအတိုင်းပဲ ကျွန်တော်ရဲ့ ဖန်တီးမှုကတော့ လတ်လတ်ဆတ်ဆတ်နဲ့ ဆန်းဆန်းသစ်သစ် ဖြစ်နေဦးမှာပါပဲ။ ပိုပြီးတော့ လေးနက် တည်ကြည်သွားတဲ့ အနေအထားလေး တစ်ခုတော့ တိုးသွားမှာပေါ့နော်။ အကယ်ဒမီရသွားတော့ အားလည်းရှိတာပေါ့။ မှတ်တိုင်တစ်ခုအနေနဲ့။ ကျွန်တော့်တို့ အမြင့်တွေတက်တယ်၊ တောင်တွေကို ကုတ်ကတ် တွယ်တက်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ အခြေစိုက်စခန်းလေး တစ်ခု ရသွားတာပေါ့။ ကျွန်တော် နောက်ထပ် အပေါ် ထပ်တက် ရဦးမယ်လေ'လို့ ဆိုသူက ပူပူနွေးနွေး အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုရှင် ကျော်ကျော်ဗိုပါ။ ကျော်ကျော်ဗိုက အနုပညာ သက်တမ်း ၁၄ နှစ်မှာ ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

**အခုထက် ပိုပြီး ပင်ပန်းခဲ့တဲ့ ကားတွေ ရှိလား။**

ရှိပါတယ်။ ဒါပေမဲ့ ဒီကားကတော့ တခြားကားတွေထက် ပိုပြီးနက်နဲတယ်လို့ ပိုခံစားရပါတယ်။ ပင်ပန်းခဲ့တယ်ဆိုတာကတော့ ကျွန်တော်တို့ အရင်ကလည်း ဗီဒီယိုတွေ ရိုက်ကြတာကိုး။ ဗီဒီယိုမှာ အများကြီးရှိတာပေါ့။

**ကိုကြီးကို အနုပညာနဲ့ ပရိသတ်က အမှတ်ပေးထားတာ ကြာပြီလေ။ အဲဒီအတွက် အခုမှ ရတဲ့အပေါ် နောက်ကျတယ်လို့ရော ခံစားမိလား။**

နောက်ကျတာ၊ ရှေ့ရောက်တာဆိုတာကို ကျွန်တော်တို့ မခံစားရပါဘူး။ ကျွန်တော်တို့က ဖန်တီးနေရတာနဲ့တင် ကျေနပ်နေတာပါပဲ။ ကိုယ်ဖန်တီးတာနဲ့ ပရိသတ်အာသီသ တစ်ထပ်တည်း ကျတယ်ဆိုရင် ပီတိဖြစ်ရတာပေါ့။ ဒါပါပဲ။ အကယ်ဒမီဆိုတာကတော့ ကျွန်တော်တို့ လုပ်ပိုင်ခွင့်တစ်ခုရဖို့တော့ လိုတာပေါ့။ လုပ်ပိုင်ခွင့်ရမှလည်း ဒီအကယ်ဒမီဆိုတဲ့ ဘောင်ကြီးကို ရောက်မှာလေ။ အဲဒီဘောင်ကြီးကလည်း လုပ်ပိုင်ခွင့် မရရင် ရမှာ မဟုတ်ဘူး။ လုပ်ပိုင်ခွင့်၊ ကြိုးစားခွင့်၊ ဖန်တီးခွင့်၊ အဲဒီဖန်တီးခွင့်ကိုလည်း ပရိသတ်ရှေ့ တင်ပြခွင့်ပေါ့။ ဒါမျိုးတွေ အကြောင်းတရားဆုံမှ အကျိုးတရားရမှာပေါ့။

**တခြားနှစ်တွေထက် ကိုယ်ရခဲ့တဲ့ နှစ်အပေါ်မှာရော အနုပညာရှင်တစ်ယောက်အနေနဲ့ ဘယ်လို သုံးသပ်ချင်လဲ။**

ကျွန်တော် သုံးသပ်ချင်တာထက် ကျွန်တော်တို့က



www.burmeseclassic.com

www.burmeseclassic.com

အရာရာ လွတ်လပ်ပွင့်လင်းတဲ့ ခေတ်စနစ်ကို ရောက်လာကြပြီ။ လူတိုင်းရဲ့ဆန္ဒတွေ၊ သဘောထားတွေက ကိုယ်တိုင် ထုတ်ဖော်နိုင်တဲ့ Platform ကို ရောက်နေပြီ။ ဒါမျိုးတွေက ဖြစ်တာတော့ မဆန်းပါဘူးလေ။ ပရိသတ် ဆိုတာကလည်း ကိုယ်မြတ်နိုးတဲ့၊ ကိုယ်အားပေးတဲ့၊ ကိုယ်ချစ်တဲ့ အနုပညာသမားတွေကိုပဲ ဝန်းရံကြတာ သဘာဝပဲ။ ဒါတွေက နှစ်တိုင်း ဖြစ်နေဦးမှာပါပဲ။ နည်းတာနဲ့ များတာပဲ ကွာမှာပါ။

**ဒီနှစ်က အနုပညာ သတ်မှတ်ချက်အပေါ် စည်းမျဉ်းစာအုပ်နဲ့ ထွက်လာတဲ့ အပေါ်မှာရော ဘယ်လိုများ ပြောချင်လဲ။**

စည်းမျဉ်းတွေကိုတော့ ကျွန်တော်က အနီးကပ်ဆုံး လေ့လာဖို့လည်း သိပ်တော့ အာရုံမရှိပါဘူး။ ကျွန်တော်တို့ အနုပညာဖန်တီးတဲ့အပေါ်မှာ ဒါတွေရဲ့ အကျိုးသက်ရောက်မှုတွေ ရှိလာမှာ စိုးရိမ်တယ်။ ကျွန်တော်တို့ အနုပညာအပေါ်မှာ မျှော်လင့်မှု၊ မျှော်ကိုးမှုကြီးတွေနဲ့ မသိစိတ်ကြီးက အလုပ်လုပ်ဖြစ်သွားမှာ စိုးရိမ်တယ်။ ကျွန်တော်ကတော့ လွတ်လွတ်လပ်လပ် ဖန်တီးတယ်။ ကိုယ်ရပိုင်ခွင့်၊ ကိုယ်လုပ်ပိုင်ခွင့်ထဲမှာ အကောင်းဆုံး ဖန်တီးလိုက်တယ်။ အဲဒီလိုပဲ ကျွန်တော်ခံယူထားပါတယ်။

**အကယ်ဒမီကို နောက်ထပ် ဘယ်သူ့အတွက် ယူပေးချင်သေးလဲ။**

အမိကတော့ ကျွန်တော့်ရဲ့ အနုန္တော အနန္တငါးပါးနဲ့ ပရိသတ်အတွက်ပဲ။ ကျွန်တော် စဉ်းစားတယ်လေ။ ကျွန်တော်တို့ ဒီသံသရာကနေ ဒီဘဝ လွတ်မြောက်သွားလည်း ပြီးတာပဲပေါ့နော်။ ဒါပေမဲ့ အခုလက်ရှိ လုပ်ကိုင်နေတဲ့ အလုပ်အကိုင်နဲ့ ကိုယ့်ရဲ့ ဝိပဿနာအားနဲ့က မလွတ်မြောက်နိုင်သေးဘူး လို့ထင်တယ်။ သံသရာက လည်နေဦးမှာပဲ။ ဒီတော့ နောက်ဘဝ လူပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်၊ လူဖြစ်ခဲ့ရင်လည်း ဒီပရိသတ်ကြီးနဲ့ပဲ ပြန်တွေ့ချင်တယ်။ သူတို့အားလုံးအတွက်ပဲ အလုပ်လုပ်နေတာပါ။

ကျော်ကျော်ဗိုက လတ်တလောမှာ **တစ္ဆေတမ်းချင်း** ဆိုတဲ့ ရုပ်ရှင်ကားကြီး ရိုက်ကူးနေတယ်လို့ သိရပါတယ်။

■ မန်းသူ

# အခြေစိုက်စခန်းလေး ရှာသွားတဲ့ ကျော်ကျော်ဗို

မန်းသူ





www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
# ကြုံရာဆုံရာ တစ်မိနစ်တာ



ထွန်းထွန်းက စွဲ ဆိုတဲ့ ရုပ်ရှင်ကားကြီးကို ထူးထူးခြားခြားအနေနဲ့ လက်ခံရိုက်ကူးထားပါတယ်။ မြန်မာနိုင်ငံမှာ ပထမဆုံးရိုက်ကူးဖြစ်တဲ့ ဝိညာဉ်ဇာတ်လမ်းဖြစ်ပြီး ဇာတ်လမ်းထဲမှာ ထွန်းထွန်းရဲ့ရည်းစားအဖြစ် သရုပ်ဆောင်ရမယ့် ရွှေအိမ်စည်က ဝတ်လစ်စားလစ်သရဲအဖြစ် သရုပ်ဆောင်မှာဖြစ်တာကြောင့် ကြိုတင်မိတ်ဆက်ရှင်းလင်းချိန်မှာပဲ ပရိသတ်ကြား ဝေဖန်မှုများခဲ့တဲ့ ကားလည်းဖြစ်ပါတယ်။

**ဒီဇာတ်လမ်းက စာနယ်ဇင်းမိတ်ဆက်ကတည်းက ဝေဖန်မှုများတယ်နော်။ ဘာကြောင့်လက်ခံရိုက်ကူးတာလဲ။**

သရဲကားလေးလည်းဖြစ်တယ်။ စိတ်လှုပ်ရှားစရာဇာတ်ကွက်တွေပါမှလည်း သရဲကားအထမြောက်မှာဆိုတော့ ဆွဲဆောင်စရာအချက်အလက်တွေလည်းပါရတယ်။ ဒီကားလေးကို ကျွန်တော်လက်ခံလိုက်ကတည်းက ဇာတ်လမ်း၊ ဇာတ်အိမ်လည်းကောင်းတယ်။ Casting တွေလည်းကောင်းတယ်။ နောက်တစ်ခုက ဒီကားကို ရိုက်မယ့် ပရိဂျူဆာတွေရဲ့ ရည်ရွယ်ချက်ကိုကြိုက်လို့ပါ။ ဒီကားမှာပါရတဲ့ ကိုယ့်အနေနဲ့လည်း ကြိုးစားရတယ်။ ဒါကြောင့် လက်ခံဖြစ်တာ။ ဝေဖန်ပြောဆိုမှုဆိုတာကတော့ နေရာတိုင်းမှာ ရှိနေမှာပဲဗျာ။ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်သွားဖို့ပါပဲ။

**ဇာတ်လမ်းထဲမှာ စော်ကားခံရပြီး သေဆုံးသွားတဲ့ မိန်းကလေးရဲ့ ဝိညာဉ်ဆိုတော့ မြန်မာနိုင်ငံမှာလည်း ဒီလိုအမှုတွေဖြစ်နေတော့ အဲဒီအရာကို မီးမောင်းထိုးပြနိုင်မှာလား။ ဒါမှမဟုတ် အကျိုးသက်ရောက်မှုတစ်ခုခု ဖြစ်သွားနိုင်လား။**

အဲဒါတွေထက် ကျွန်တော်တို့က Entertain တစ်ခုအနေနဲ့ပဲ တင်ဆက်ခြင်းဖြစ်ပါတယ်။ အဓိက ကျွန်တော်တို့ ပေးချင်တဲ့ မက်ဆေ့ချ်က မကောင်းတာလုပ်ထားရင် ဘုရားတရားလုပ်တာတောင် ဘယ်သူမှ ပြေးမလွတ်ဘူးဆိုတဲ့ ပုံစံပေါ့။ ကိုယ်မကောင်းတာလုပ်ထားရင် မကောင်းပြန်ခံရမယ်။ ဘယ်လိုမှ ပြေးလို့မရဘူးဆိုတာကို ပြတာ။

**လူငယ်တွေ Drug မှီဝဲတာ၊ စိတ်လေး ခဏလွတ်သွားတဲ့အချိန် အမှားကျူးလွန်မိတာကိုပြတယ်လို့ရော ပြောလို့ရလား။**

ပြောလို့ရပါတယ်။ ဒါပေမဲ့ ကျွန်တော့်တစ်ယောက်တည်း အမြင်ပေါ့နော်။ လူတော်တော်များများကတော့ Drug တစ်ခုခုကြောင့် မှားရတယ်ပေါ့နော်။ ကျွန်တော်ကတော့ အဲဒီလို မထင်ပါဘူး။ ဘာလို့လဲဆိုတော့ အဓိက,က လူပါပဲ။ဘယ်လောက်ပဲ Drug သုံးသုံး ချေးကျွေးရင် မစားပါဘူး။ ဘယ်လောက်မူးမူးရူးရူးပါ။ ကျွန်တော် စော်ကားတာ မဟုတ်ပါဘူး။ ပြောပြတာပါ။ Drug သုံးလို့ဆိုတဲ့ အကြောင်းပြချက်က ကိုယ်မဟုတ်ဘူးဆိုတဲ့ပုံစံပေါ့။ တကယ်က ကိုယ့်ရဲ့ Mental အားကောင်းတယ်၊ မကောင်းတယ်အပေါ် အဓိက မူတည်တယ်လို့ ထင်ပါတယ်။

**ဒီရုပ်ရှင်ကားကြီးက ပြည်ပ ၁၀ နိုင်ငံအထိ သွားဖို့ရှိတယ်လို့ သိရတယ်။ ခုလိုဖောက်ထွက်ပြီး လုပ်ရမယ့်အတွက် စိတ်ခံစားမှု၊ စိတ်ဖိစီးမှုတွေ ပိုရှိလား။**



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်လုပ်စရာရှိတာ ဆက်လုပ်သွားမယ် ထွန်းထွန်း

မန်းသူ

ကျွန်တော့်အနေနဲ့က တော့ ဒီထဲက အောင်မော်ဆိုတဲ့ ဇာတ်ရုပ်လေးမှာပဲ တာဝန်ကျေရမယ်ဆိုတဲ့ စိတ်ကူးပဲ ရှိခဲ့တာပါ။ ကျန်တာက တော့ ပရိုဂျူဆာတွေ၊ Project Manager တွေ အလုပ်ရှုပ်မယ့် ကိစ္စပေါ့နော်။ အဲဒါကို ချိတ်ဆက်ထားတဲ့ နိုင်ငံတွေမှာ ပြဖြစ်တယ်။ ပြည်ပကလူတွေ မြန်မာကားတွေကို စိတ်ဝင်စားလာတယ်။ နောက်ထပ်လည်း မြန်မာနိုင်ငံက ရုပ်ရှင်ကားတွေ ထပ်ပြဖို့ ကမ်းလှမ်းလာတဲ့အခါတွေ အများကြီးရှိလာရင်တော့ ပိုကောင်းတာပေါ့။

**သရဲ၊ တစ္ဆေ၊ ဝိညာဉ်ဇာတ်လမ်းရုပ်ရှင်တွေကို အခု ပရိသတ်တွေ အားပေးမှု ပိုများလာပြီး ရုံကြီးတွေပေါ် ရောက်လာပြီ။ ဒီလို သရဲ၊ တစ္ဆေ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာထက် ဒီကားတွေအပေါ် ထွန်းထွန်းရဲ့ အမြင်က…။**

နောက်တောင် နောက်ကျနေတယ်လို့ ပြောလို့ရတယ်။ ဘာလို့ဆိုတော့ ကျွန်တော်တို့တောင်မှ ငယ်ငယ်လေးကတည်းက သရဲကားတွေကြည့်ပြီးတော့ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာကို မစဉ်းစားဘဲနဲ့ Entertain အနေနဲ့ပဲ ကြည့်တယ်ပေါ့နော်။ ကျွန်တော်ကိုယ်တိုင်လည်း သရဲကားကြိုက်တယ်။ ညဆို သရဲကားကြည့်ပြီးမှ အိပ်တဲ့ အကျင့်ရှိတယ်။ အမေတို့က ဆို အိမ်လာဘ်တိတ်တယ်ပေါ့နော်။ အကြိုက်က မတူဘူးလေ။ အသက်ကြီးလာမှသာ ရုပ်ရှင်ရုပ်သွားမှာပေါ့နော်။ ကျွန်တော်တို့အနေနဲ့ကတော့ Entertain အနေနဲ့ ပရိသတ်က ပြောင်းလဲမြင်လာတဲ့အတွက် ဝမ်းသာပါတယ်။

**မြန်မာ သရဲကားတွေမှာ လိုအပ်ချက် ဘာတွေရှိနေတယ် ထင်လဲ။**

အဓိက ဘတ်ဂျက်တွေ သုံးဖို့လိုတယ်။ ဇာတ်ညွှန်းအတိုင်း၊ စာအုပ်ထဲမှာပါတဲ့အတိုင်း ရိုက်ပြဖို့ လိုတယ်။ ပြီးတော့ အတတ်ပညာလည်း လိုတယ်။ နောက်တစ်ခုက ဖျော်ဖြေရေးဇာတ်ကားကို ဖျော်ဖြေရေးဇာတ်ကားလိုပဲ ရိုက်ခွင့်ပြုဖို့ လိုမယ် ထင်တယ်။

ထွန်းထွန်းက ကိုယ်စောင့်နတ်အနေနဲ့သာ သရုပ်ဆောင်ဖူးပြီး သရဲ၊ တစ္ဆေ၊ ဝိညာဉ်ဇာတ်ရုပ်မှာ ကိုယ်တိုင်ပါဝင် သရုပ်ဆောင်မှုတော့ မရှိသေးပါဘူး။

"ကိုယ်တိုင်သာ သရဲနေရာက သရုပ်ဆောင်ရမယ်ဆိုရင် ပရိသတ်ကြောက်အောင် ဘယ်လိုလုပ်မလဲ" ဆိုတဲ့ အမေးကိုတော့ ထွန်းထွန်းက "အဲဒါမျိုးတော့ ကြိုမစဉ်းစားမိဘူးဗျ။ အခု မေးလိုက်မှပဲ စဉ်းစားမိတော့တယ်" လို့ ဖြေပါတယ်။

■

မန်းသူ





www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
## ကြုံရာဆုံရာ တစ်မိနစ်တာ



လွှမ်းပိုင်က တစ်နှစ်ကို ရုပ်ရှင်တစ်ကား ပုံမှန်လို ရိုက်ဖြစ်နေတဲ့သူလို့ ပြောလို့ရတဲ့ အနုပညာရှင် တစ်ဦးပါ။ အဆိုတော် အနေနဲ့ နာမည်တစ်လုံး အပီအပြင် ရေးထိုးနိုင်သလို သရုပ်ဆောင်အနေနဲ့လည်း ပရိသတ်၊ အထူးသဖြင့် လူငယ်ပရိသတ် အားပေးမှုကို ရရှိထားပါ တယ်။ လွှမ်းပိုင်က Platform အသစ်တစ်ခု အနေနဲ့ စတင်ကြိုးစား လာတဲ့ Pay Par View အတွက်လည်း ပထမဆုံး တစ်ကား လက်ခံ ရိုက်ကူးလိုက်ပါပြီ။ ဇာတ်လမ်းကိုကြိုက်လို့ လက်ခံလိုက်တာဖြစ်ပြီး သူ့အတွက် တစ်ခါမှ မလုပ်ဖူးတဲ့ ဇာတ်ရုပ် အသစ်လို့ဆိုတဲ့ လွှမ်းပိုင်နဲ့ အတွေ့မှာ မေးဖြစ်ခဲ့တာ ကတော့…။

**'ရေခဲပန်းပုရုပ်' ကို ထုဆစ်ရမယ့်သူလား။ ကိုယ်က ထုဆစ် ပုံဖော်ခံရမယ့် သူလား။**

ကျွန်တော်က ဒီဇာတ်ကားမှာ ထုဆစ်ရမယ့် အပိုင်းက ပါတယ်။

**လွှမ်းပိုင်ကို အရင်က တွေ့ခဲ့ရတာက ကျောင်းသားဇာတ်၊ လွတ်လပ်ပေါ့ပါးတဲ့ ဇာတ်ကောင်။ ဒီကားမှာက ပထမဆုံး ဒရာမာဆိုတော့ အဲဒီအတွက်ရော…။**

အဲဒီအတွက်ရော ဆိုတော့… ဒီဟာက နည်းနည်း လေး ပိုပြီးတော့ လေးနက် တည်ငြိမ်တဲ့ ဒီဇိုင်းတွေရှိ တယ်။ ကာရိုက်တာပိုင်း မှာလည်း တည်ငြိမ်ရင့်ကျက် မှုလေး ထည့်ပြီးလုပ်ရတယ်။ အဲဒါလေးတော့ရှိတယ်။ အရင်က ကျောင်းသားကား တော့ဟုတ်ပါတယ်။ ဒီကား မှာတော့ ဒရာမာ နည်းနည်း ပိုများမယ်ဆိုတော့ ကြည့်တဲ့ ပရိသတ်တွေအနေနဲ့ မတူတဲ့ Taste ရမယ် ထင်ပါတယ်။

**ဒီ 'ရေခဲပန်းပုရုပ်' ကို ရွှေသံလွင်မီဒီယာကနေ ဗီဒီယိုလိုသဘောမျိုး သွား မယ်။ ရုပ်ရှင်မဟုတ်ဘဲ Platform အသစ်တစ်ခုအနေ နဲ့ သွားမှာဖြစ်တဲ့အတွက် အဲဒီ အပေါ် ခံစားမှုက ဘယ်လိုရှိ လဲ။**

ကျွန်တော်ကတော့ ဒီ ဟာကို အရမ်းဖြစ်စေချင် တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဗီဒီယိုတုန်းက ဆိုရင် စက်သမားတွေ၊ တခြားအဖွဲ့သားတွေ အလုပ် အကိုင်တွေ ရှိခဲ့ကြတယ်။ အခု ဒီဟာလေးသာ အောင်မြင် သွားရင်တော့ အလုပ်အကိုင် အခွင့်အလမ်းတွေ ပြန်ရမယ့် ဆိုဒ်ကြီးတစ်ခု ဖြစ်သွားမယ် ပေါ့။ လူငယ်အနုပညာရှင် တွေအတွက်လည်း ထရိန်နင် ကောင်းတစ်ခု ဖြစ်နိုင်သလို ပရိသတ်ရှာတဲ့နေရာလည်း ဖြစ်တယ်ဆိုတော့ အရမ်း လည်း ကောင်းမယ်။ ဖြစ် လည်းဖြစ်စေချင်တယ်။ ပရိ သတ်တွေလည်း ရုပ်ရှင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

# တည်ငြိမ်ရင့်ကျက်မှုနဲ့ ရေခဲပန်းပု ထုဆစ်မယ့် လွှမ်းပိုင်

မန်းသူ



သွားမှ မဟုတ်ဘူး။ ရုပ်ရှင်ရုံ နီးပါး Quality ရှိတဲ့၊ ဗီဒီယို ထက်လည်းသာတဲ့ ကြား နေရာလေးတစ်ခု အနေနဲ့ ကြည့်ရမယ်ဆိုတော့ ကောင်း ပါတယ်။ ကျွန်တော် ဒါ လေးကို ဖြစ်စေချင်ပါတယ်။

**လွှမ်းပိုင်က ဇာတ်လမ်းကြိုက်ရင် ကိုယ်တိုင်လည်း ထုတ်ဝေသူအနေနဲ့ ပါဝင်တတ်တဲ့သူဆိုတော့ ကိုယ်တိုင်ရှာတဲ့ ဇာတ်နဲ့ သူများလာပြတဲ့ဇာတ်မှာ ဘယ်ဇာတ်ကို ပိုတန်ဖိုးထားလဲ။ ဒီဇာတ်ကရော...။**

ကျွန်တော့်ခေါင်းထဲမှာ မစဉ်းစားတဲ့ဟာမျိုးကို လုပ်တဲ့သူတွေကို ကျွန်တော်က ပိုသဘောကျတယ်။ ကျွန်တော့်ခေါင်းထဲမှာ စဉ်းစားလို့ရတယ်။ ကျွန်တော့်အတွေးတွေ ထပ်ဖြန့်လိုက်လို့ရှိရင် ငါမကြိုက်တော့ဘူး၊ ငါစဉ်းစားသလောက်လည်း မကောင်းဘူး ဆိုတဲ့ အတွေးတွေ ဝင်လာတတ်တယ်။ ကိုယ်မစဉ်းစားမိတာဆိုရင် ဒါမျိုး ငါမတွေးမိဘူး၊ လုပ်ကြည့်ရင် မိုက်မယ်ဆိုပြီး လက်ခံဖြစ်တာ များတယ်။ ဒီဇာတ်ကတော့ ကိုဘိုစန်းတို့ ရှာပေးတာပါ။

**ဒီအချိန်ကိုရော ဘယ်လို အချိန်မျိုးလို့ တွေးမိလဲ။**

ကျွန်တော်က ဘယ်လိုအချိန်မျိုးလို့ ဆိုတာထက် လက်ရှိအနေအထားက ဂီတဘက်ကိုပဲ ကြည့်မယ်ဆိုရင် အားလုံးက ကြိုးတော့ကြိုးစားနေကြတဲ့ လူငယ်တွေ အများကြီးပဲ။ နောက် Generation အနေနဲ့ အုပ်လိုက်ကြီး ကြိုးစားနေတာတွေလည်း ရှိတယ်။ ခက်တာက ဒီလူငယ်တွေကြိုးစားနေပေမဲ့ နားထောင်ပေးမယ့် ပရိသတ်၊ အသိအမှတ်ပြုမယ့် ပရိသတ် လိုတယ်။ အရည်အချင်းရှိမယ့် လူတွေ အများကြီးပါ။ ဒါပေမဲ့ နားထောင်မယ့် ပရိသတ်တွေရောက်လာအောင် နည်းနည်းဆွဲခေါ်ဖို့တော့ လိုတယ်လို့ ကျနော်ထင်တယ်။ ကိုယ့်ပရိသတ် ကိုယ်ပြန်ခေါ်ဖို့အတွက် နည်းပညာတွေ၊ နည်းစနစ်တွေလိုတယ်လို့ ကျွန်တော် ထင်တယ်။

လွှမ်းပိုင်က ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွေရိုက်နေပေမဲ့ ဂီတဘက်ကိုလည်း မလျှော့သွားဘဲ သီချင်းတွေလုပ်ဖြစ်နေပြီး လတ်တလော သီချင်းအသစ်ငါးပုဒ် ရှိနေပြီလို့ ဆိုပါတယ်။ ■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
# ကြုံရာဆုံရာ တစ်မိနစ်တာ



သားငယ်က
တစ်ကိုယ်တော်
တေးစီးရီးကို Myanmar
Idol ရဲ့စီစဉ်မှုနဲ့
ထွက်ရှိထားသလို
မင်းသွေး၊ ညီမင်းခိုင်တို့နဲ့
သုံးဦးပေါင်း ပထမသုံး
ဆိုတဲ့ တေးစီးရီးကို
ဖေဖော်ဝါရီလကမှ
ထွက်ရှိထားတာပါ။
ကိုယ်ပိုင် သီချင်းတွေ
ရှိလာပေမဲ့ ပွဲတိုင်းမှာ
မမိုး သီချင်းကတော့
ပွဲခံနေဆဲဖြစ်သလို
သားငယ်နဲ့လည်း
တွဲသိနေဆဲပါ။
ကိုယ်ကလည်း
သူ့သီချင်းတွေထက်
သူ့ရုပ်တည်မှုကို
ပိုစိတ်ဝင်စားမေးမိသလို
သားငယ်ကလည်း
အဲဒီအတွက်
ခံစားမှုတွေလည်း
ထည့်သွင်းပြောပြ
လိုက်ပြန်တာပါ။

**ခုချိန်မှာ တေးစီးရီး**
**တစ်ကိုယ်တော်**
**တစ်ခွေလည်း**
**ထွက်ထားပြီးပြီ။**
**အဖွဲ့လိုက်**
**တွေလည်း**
**ထွက်နိုင်နေပြီ။**
**ကိုယ်ပိုင်**
**သီချင်းတွေ**
**ပိုင်ဆိုင်**
**ထားပေမဲ့**
**ခုကာလမှာ**
**ကိုယ့်ရုပ်တည်မှု**
**အပေါ် ဘယ်လို**
**ခံစားရလဲ။**

ပွင့်ပွင့်လင်းလင်း
ပြောရရင် ငွေကြေးနဲ့
ပတ်သက်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံတာပေါ့ဗျာ။ ဒါပေမဲ့ အနုပညာနဲ့ပတ်သက်လို့တော့ သိပ်ပြည့်စုံတယ်လို့တော့ မခံစားရဘူး။ ဘာလို့လဲဆိုတော့ ပွဲဆိုရင်တော့ ပိုက်ဆံရတာပဲလေ။ ဒါပေမဲ့ ကိုယ့်သီချင်းလေးနဲ့ကို ဖြစ်ချင်တဲ့ ခံစားမှုမျိုးက ကျွန်တော်တို့လို အငယ်တွေမှာ အကုန်လုံးရှိကြတယ်။ ကျွန်တော်တို့လို ပြိုင်ပွဲဝင်လာတဲ့သူတွေမှာ အဲဒီညည်လေးတွေ ရှိကြတယ်။ သူများသီချင်းတွေ ဆိုပြီး သူများ မျက်ခုံးမွေးတွေပေါ်မှာ စကြိုလျှောက်ချင်တဲ့ သူတွေတော့ မဟုတ်ဘူး။ ဒါပေမဲ့ မဆိုဘူးလား ဆိုတော့လေ ဆိုခဲ့ရတယ်။ ဒါပေမဲ့ အဲဒါကြီးကို ဖောက်ပစ်ချင်နေပြီ။ အဲဒါလေးကိုတော့ ရင်ထဲမှာ မခံချိမခံသာလေးတော့ ဖြစ်တယ်။ ကျွန်တော်တို့တောင် အဲဒီလို ခံစားမှုဖြစ်ရင် မူရင်းအဆိုတော်တွေက ပိုဆိုးတာပေါ့နော်။ ဒါလေးကိုလည်း ဖြစ်အောင် ကြိုးစားနေပါတယ်။ ဒီအခွေလေး ပြီးရင်တော့ သူများသီချင်းတွေ ကျွန်တော် မဆိုချင်တော့ဘူး။ ကိုယ့်သီချင်းလေးတွေပဲ ကိုယ်ဆိုချင်တယ်။

**အဲဒီလိုဆိုတော့လေ ငယ်ငယ်က ကိုယ်ဝါသနာပါလို့ မက်ခဲ့ဖူးတဲ့ အိပ်မက်ထဲက အဆိုတော်ဘဝနဲ့ အခု ကိုယ်တိုင်ရလိုက်တဲ့ အဆိုတော်ဘဝ တူရဲ့လား။**

အခုလောလောဆယ်တော့ မတူဘူးဗျ။ မတူဘူးဆိုတာက ဝုန်းခနဲ၊ ဘွားခနဲ ပြိုင်ပွဲဝင်ပြိုင်ပြီးတော့လေ အဆိုတော်ဆိုပြီး ကင်ပွန်းတပ်ပေးလိုက်ကြတာလေ။ ဒါပေမဲ့ အဆိုတော်သာပြောတယ်။ ကိုယ်ပိုင်သီချင်းက တစ်ပုဒ်မှ မရှိဘူး။ အဲဒါလေးကတော့ ရှက်ဖို့တော့ကောင်းတာပေါ့နော်။

**ဆိုလိုတာက သားငယ် အခု တစ်ကိုယ်တော်တွေ၊ အခွေတွေ ထွက်ထားပေမဲ့လို့လည်း အားမရဘူးပေါ့။**

အားမရဘူး၊ အားမရဘူး။ အဲဒီအပိုင်းလေးလည်း ပါတာပေါ့နော်။ မင်းသီချင်းတွေ ရှိတာပဲကွာ။ ဘာလို့ ကိုယ့်သီချင်းကို မဆိုတာလဲလို့လည်း မေးတဲ့သူက မှန်တာပဲလေ။ ဒါပေမဲ့ ပွဲအနေအထားအရ တချို့ပွဲတွေက မင်း ဟိုသီချင်းလေး ဆိုပါဦးကွာ။ အဲဒီသီချင်းနဲ့ မင်းကို Vote ပေးခဲ့ရတာ ဆိုရင် ဆိုရပြန်ရော။ပြောလို့လည်း မရပြန်ဘူး။ မူရင်းအဆိုတော်တွေကိုလည်း အားနာတယ်။ တချို့ဆို မူရင်းအဆိုတော်တွေက ပွဲမဆိုရတော့ဘူး။ သူတို့သီချင်းတွေနဲ့ ကျွန်တော်တို့က ဟုတ်နေတာ။ အဲဒီလိုလေးတွေတော့ ရှိတာပေါ့။ အားလည်းနာတယ်။ အဲဒီလိုလည်း မရပ်တည်ချင်တော့ပါဘူး။ ဆိုတော့ ကျွန်တော်တို့ထက် ကြိုးစားတဲ့သူတွေ အများကြီး ရှိပါတယ်။ ကျွန်တော်တို့လို အချိန်ကာလ နည်းနည်းလေးနဲ့ ကြိုးစားပြီးတော့မှ ဖြစ်လာတဲ့သူတွေထက် ဒီထဲမှာ တကယ်လည်း အရည်အချင်းရှိပြီး ကြိုးစားနေတဲ့သူတွေ အများကြီးရှိတယ်။ သူတို့တွေကိုလည်း အောင်မြင်စေချင်ပါတယ်။ ကျွန်တော်လည်း ခုချိန်မှာတော့ အဆင်ပြေအောင်၊ အတတ်နိုင်ဆုံး ကိုယ့်သီချင်းလေးနဲ့ကိုယ် ရပ်တည်နိုင်အောင် ကြိုးစားနေပါတယ်။

**ယောက်ျားရင့်မာကြီးပေမဲ့ တစ်ခါတလေ အားငယ်စိတ် ရှိတတ်တယ်။ အောင်မြင်မှုကိုလည်း ငြီးငွေ့စိတ် ပျက်တာမျိုး ဖြစ်လာရင်…။**

အားငယ်စိတ်ရှိတတ်တာပေါ့။ အောင်မြင်မှုကို ငြီးငွေ့လာတာမျိုးက… အင်းပေါ့လေ။ ရှိတတ်တာပေါ့။ ဒါပေမဲ့ အဓိကက ငွေရေးကြေးရေးကလည်း အဆင်ပြေတယ်။ ကျွန်တော်တို့ဘဝကို
ကျွန်တော်တို့
မတင်းတိမ်
နိုင်စရာအကြောင်းတော့
မရှိပါဘူး။
သီချင်းလေးတွေပဲ
ဆက်လုပ်နေမှာပေါ့။

**အဲဒီသီချင်းတွေကို**
**မလုပ်ချင်တဲ့**
**အခိုက်တန့်ရှိလာရင်…။**

သီချင်းတွေကို
မလုပ်ချင်တဲ့
အချိန်တော့ မရှိပါဘူး။
ခုချိန်ထိပေါ့။
ကိုယ်ပိုင်သီချင်းနဲ့
ပိုပြီး ရပ်တည်ချင်တဲ့
သားငယ်အတွက်
ခုချိန်မှာ *ပထမသုံး*
တေးစီးရီးထဲက
သာလီစွ
သီချင်းလေးက
လူသိများ၊
လူကြိုက်များနေပြီး
သားငယ်၊
မင်းသွေး၊
ညီမင်းခိုင်တို့
သုံးဦးတွဲဆိုထားတဲ့
သီချင်းလေးလည်း
ဖြစ်ပါတယ်။
■
**မန်းသူ**

# မူရင်းအဆိုရှင်တွေကို အားနာတဲ့စိတ် ဖြစ်မိနေတဲ့ သားငယ်

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com

# One Minute Interview
# ကြုံရာဆုံရာ တစ်မိနစ်တာ



အိမ့်ချစ်က မောင်အငယ်ဆုံးလေးကို 'ဂျူနီယာချစ်ကောင်း' ဆိုတဲ့ နာမည်နဲ့ ဂီတလောကထဲ ဆွဲငင်ခေါ်ဆောင်လာခဲ့ပါပြီ။ 'သူကလည်း သီချင်းဆိုတာ ဝါသနာပါတယ်။ ဆိုမလား ဆိုတော့ ဆိုချင်တယ်ဆိုတာနဲ့ အသံစစ်တယ်။ သူနဲ့ လိုက်မယ့် သီချင်းလေးတွေ ရွေးပေးပြီး အတွဲခွေလေးတွေမှာ စဆိုနေပြီ' လို့ အိမ့်ချစ်က ပြောပြပါတယ်။ သားအဖသုံးယောက် အတူဖျော်ဖြေမှုတွေလည်း တွေ့နေရတာကြောင့် မောင်လေးကို အစ်မကြီး အမိအရာအနေနဲ့ လက်တွဲခေါ်ဖြစ်တဲ့အကြောင်းတွေ မေးဖြစ်ခဲ့ပါတယ်။

**မောင်လေးက အခုသီချင်းတွေ ဆိုနေပြီဆိုတော့ သမီးပဲ အနီးကပ်သင်ပေးနေရတာလား။ ဘယ်လို Train ပေးလဲ။**

Vocal သွင်းတဲ့အချိန်တွေဆို လိုက်နားထောင်ပေးတယ်။ မှားနေတဲ့နေရာ လိုက်ပြင်ပေးတယ်။ Vocal Guide လိုပေါ့။ အများကြီးတော့ လိုက်မသင်ဘူး။ အိမ့်ချစ်ငယ်ငယ်တုန်းကဆို ဘေးကနေ အမေတွေ၊ အဖေတွေက လိုက်သင်ပေးတယ်။ အဲဒီလို မဖြေရဘူးတို့၊ ဘာတို့ပေါ့။ အိမ့်ချစ်ကတော့ သူ့ကို လွှတ်ထားပေးလိုက်တယ်။ သူဖြေတာ မှားသွားလည်း ပရိသတ်က ဆဲတာ သူခံလိမ့်မယ်။ နောက်တစ်ခါကျ သူဖြေတတ်သွားလိမ့်မယ်။ အတွေ့အကြုံနဲ့ရင်းမှ သူ ပိုပြီးတိုးတက်တာလေ။ အရမ်းဆိုးရွားမယ့် အခြေအနေမျိုးဆိုရင်တော့ အိမ့်ချစ် လိုက်ထိန်းပေးတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ အရမ်းလိုက်မပါပါဘူး။

**မောင်လေးက အခုဆိုအတွဲ တေးစီးရီးနှစ်ခွေ၊ သုံးခွေမှာ ပါပြီးပြီဆိုတော့ သူ့ကိုအားရမှုက ဘယ်လိုရှိလဲ။ အိမ့်ချစ်တို့လိုလိုက်နိုင်ရဲ့လား။**

အင်း၊ လိုက်လာမှာပေါ့။ သမီးတုန်းကလည်း စစချင်းတုန်းက ပြောခံခဲ့ရတာပဲ။ အဖေကိုတောင် မမီသေးဘူးဆိုတာ ဘယ်သွားသွား ကြားခဲ့ရတဲ့ စကားတစ်ခွန်း။ ခုချိန်မှာ မီတယ်၊ မမီဘူးဆိုတာထက် အဖေနဲ့ သမီးနဲ့ အတူတွဲပြီး ဖျော်ဖြေခွင့်ရလာတာဟာ အများကြီးတိုးတက်လာတာပဲ။ သူလည်း ဒီလိုပဲဖြစ်လာမှာပဲ။ လူတစ်ယောက်မှာ လုပ်နိုင်တဲ့ စွမ်းရည်ဆိုတာ ရှိတယ်။ အဲဒါကလည်း တစ်ယောက်နဲ့တစ်ယောက် မတူဘူး။ လုပ်နိုင်တဲ့စွမ်းရည်တွေ မတူကြဘူး။ သူ့မှာလည်း သူလုပ်နိုင်တဲ့ စွမ်းရည် ရှိမှာပဲ။ အတင်းတော့ လုပ်ယူလို့မရဘူး။

**အရင်ကတော့ အဖေနဲ့ သမီး။ အခု မောင်လေးပါ**



www.burmeseclassic.com

www.burmeseclassic.com



ပါလာပြီဆိုတော့ သားအဖ သုံးယောက် အမှတ်တရတွေ လုပ်ဖို့ရှိလား။ **ဟိုတလောက ဖျော်ဖြေပွဲတစ်ခုမှာ သုံးယောက် အတူတူဖျော်ဖြေတာ တွေ့ လိုက်မိလို့။**

မောင်နှမနှစ်ယောက် တစ်ယောက် တစ်ခြမ်းနဲ့ နှစ်ယောက်တွဲခွေလေး လုပ်ဖို့ရှိတယ်။ ဖေကြီး ပါခဲ့ရင်တော့ သုံးယောက်ခွေဖြစ်သွားမှာ ပေါ့နော်။ ဖေကြီးက အသက်ကြီး သွားတဲ့အခါကျတော့ သီချင်းလုပ်ဖို့ကို အနောက်ကနေ လိုက်ပြောရတယ်။ အတင်းတွန်းရတယ်။ ကိုယ်က လူငယ်ဆိုတော့ အားရင် လုပ်နေတာပဲ။ အဓိက ဖြစ်ချင်တာတော့ သုံးယောက် ပေါ့နော်။ ဖြစ်လာအောင်လည်း ကြိုးစားမှာပါ။

**ဒီ Idea ကလည်း အိမ့်ချစ်ပဲလား။**

ဟုတ်။ ဒီ idea ကလည်း အိမ့်ချစ်က စ,တာပါ။

**သီချင်းလေးတွေကို ဘယ်လိုစုစည်းနေလဲ။ ကိုယ့်စိတ်ကြိုက်တွေပဲ လုပ်ကြမှာပေါ့။**

တစ်ယောက်ကို တစ်မျိုး၊ တစ်နည်းစီပဲ။ သားအဖသုံးယောက်စလုံးက ကြိုက်တာမတူဘူး။ ဖေကြီးမှာလည်း ဖေကြီးအကြိုက် ပုံစံဆိုတာ ရှိတယ်။ အိမ့်ချစ်ကလည်း အိမ့်ချစ်ကြိုက်တဲ့နည်းနဲ့ လမ်းဖောက်တယ်။ သူကလည်း သူကြိုက်တဲ့နည်းနဲ့ ဖောက်မှာဆိုတော့ သုံးယောက်စလုံး Taste ပါအောင်လုပ်မှာပါ။

**အိမ့်ချစ်ဘဝမှာ ဦးချစ်ကောင်းသမီးဖြစ်လို့ လှမ်းတက်ရတာတွေ ခက်ခဲ့တာရှိသလို လွယ်ကူတာတွေလည်း အများကြီး ကြုံခဲ့မှာပဲ။ ခုအချိန်မှာ ရပ်တည်နေရတဲ့ ပုံစံကျတော့ရော။**

ခုချိန်က တက်ရမယ့်အချိန် မဟုတ်တော့ဘူးပေါ့နော်။ မြဲအောင်နေရမယ့် အချိန်လေးတစ်ခု ဖြစ်နေပြီ။ မြဲဖို့က အဖေလည်း ကူလို့မရတော့ဘူး။ အမေလည်း ကူလို့မရဘူး။ ဘယ်သူမှ ကူလို့ မရဘူး။ မောင်လေးကတော့ ခုမှ တက်ချိန်ဖြစ်လို့ ကိုယ်ကူလို့ရတယ်။ အိမ့်ချစ်တုန်းက အဖေက ကူလို့ရတယ်။ မြဲအောင်နေဖို့ကတော့ ကိုယ့်ခေါင်းနဲ့၊ ကိုယ့်ဦးနှောက်နဲ့၊ ကိုယ့်ဇွဲလုံ့လ၊ ဝီရိယ၊ ကိုယ့်ကြိုးစားမှုနဲ့ နေမှရမယ်။

**ခုချိန်မှာ ဂီတနဲ့ပတ်သက်လို့ ကိုယ့်ကိုယ်ကို လုပ်နိုင်နေပြီလို့ ယူဆလား။**

မလုပ်နိုင်သေးပါဘူး။ မလုပ်နိုင်သေးတာတွေလည်း အများကြီးရှိပါတယ်။ အိမ့်ချစ် အရင်က စီးပွားရေးအနေနဲ့ အင်္ကျီလေးတွေ လုပ်ခဲ့ဖူးပေမဲ့ ခုချိန်မှာတော့ ဂီတအလုပ်ကိုပဲ တစိုက်မတ်မတ် အားစိုက်လုပ်ဖြစ်တော့တယ်လို့လည်း ဆိုပါတယ်။

■

**မန်းသူ**

# ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ မြဲဖို့ ကြိုးစားချိန်ရောက်နေတယ်ဆိုတဲ့ အိမ့်ချစ်

မန်းသူ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သား တရားဝင် စေ့စပ်ကြောင်းလမ်းကြပြီးတဲ့ နောက်မှာ ကမ္ဘာ့လိုင်အဆွဲဆောင် နိုင်မှုအရှိဆုံး စုံတွဲဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်(ဂျေလို)နဲ့ အဲလက်စ် ရိုဒရီဂေါ့ဇ်တို့ စုံတွဲက ထုတ်ဖော်ပြောကြားလိုက်တာကို ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့ ထုတ် People မဂ္ဂဇင်းမှာ ဖော်ပြထားခဲ့ပါတယ်။ ဘေ့စ်ဘောကစ္စဝင်ကစားသမား တစ်ဦးဖြစ်တဲ့ အဲလက်စ်ရိုဒရီဂေါ့ဇ်နဲ့ ရှုပါစတား ဂျနီဖာလိုပက်ဇ်တို့ နှစ်ယောက် ဘဟားမားမှာ အပျော်ခရီး ထွက်ခဲ့ကြပါတယ်။ မတ်လ ၉ ရက်နေ့မှာတော့ အဲလက်စ်က ဂျေလိုကို ၁၆ ကာရက် ရှိတဲ့ စိန်နဲ့ပြုလုပ်ထားတဲ့ လက်စွပ် တစ်ကွင်း ချစ်သက်လက်ဆောင် အဖြစ် ပေးအပ်ခဲ့ပါတယ်။ အံ့အားသင့်သွားတဲ့ ဂျေလိုက "ကျွန်မတို့နှစ်ယောက်စလုံး တကယ်ကို ပျော်နေကြတာပါ"



မတ်လ ၉ ရက်နေ့က စိန်လက်စွပ် လက်ဆောင်ပေးပြီး ဘဟားမားကမ်းခြေမှာ ချစ်ခွင့်ပန်တဲ့ အဲလက်စ်





ဂျေလိုနဲ့ အဲလက်စ်တို့ကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့ကတွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



အားကစားလုပ်တဲ့နေရာမှာလည်း နှစ်ယောက် အတူတူပါပဲ



လို့ People မဂ္ဂဇင်းကို ထုတ်ဖော်ပြောကြားလိုက်တာ ဖြစ်ပါတယ်။ သူတို့နှစ်ယောက် စတင်ချစ်ကျွမ်းဝင်ခဲ့တာ နှစ်နှစ် ပြည့်ခဲ့ပါပြီ။ "ကျွန်မတို့ ဘယ်နေရာပဲရောက်ရောက် နှစ်ယောက်အတူနေရမယ်ဆိုရင် ပျော်နေတာပါပဲ"လို့လည်း ဂျေလိုက ဖြည့်စွက် ပြောကြားခဲ့ပါတယ်။

ချစ်သူနှစ်ဦး လက်ထပ်ကြဖို့ဆိုတာ တော်ရုံတန်ရုံ အတွဲများအတွက် ရောမ စွန့်စားခန်းတစ်ခုလို့ မှတ်ထင်ထားကြတဲ့ ဖျော်ဖြေရေးလောကမှာ အသက် ၄၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျေလိုနဲ့ အသက် ၄၃ နှစ်အရွယ်ရှိ အဲလက်စ်တို့အတွက်ကတော့ သေသေချာချာ စီစဉ်ရမယ့်ကိစ္စ ဖြစ်တာကြောင့် မင်္ဂလာပွဲဆင်နွှဲဖို့အတွက် အစီအစဉ်မလုပ်ကြသေးပါဘူး။ စေ့စပ်ကြောင်းလမ်းထားသူများအဖြစ်နဲ့သာ ပျော်စရာကောင်းတဲ့နေရာ ပေါင်းစုံကို လှည့်လည်သွားလာနေကြဆဲ ဖြစ်ပါတယ်။ ရောက်လေရာမှာ အမှတ်တရဓာတ်ပုံများ တစ်ယောက်တစ်လှည့် ရိုက်ကူးပေးကြရင်း အပျော်ကြီးပျော်နေကြပုံကို ဂျေလိုက "ကျွန်မတို့နှစ်ယောက် အတူတူ လုပ်ကြရမယ်



သူတို့နှစ်ယောက်က ၂၀၀၅ ခုနှစ်မှာ စတင် တွေ့ရှိခဲ့ကြတာဖြစ်ပြီး သူပေးခဲ့တဲ့ လက်စွပ်က တန်ဖိုးအားဖြင့် ဒေါ်လာ ၁.၇၅ သန်းတန်တယ်လို့ သိရပါတယ်



ဘယ်နေရာပဲသွားသွား နှစ်ဖက်မိသားစုဝင်များ အခုလို တပျော်တပါး တပေါင်းတစည်းတည်း နေတတ်ကြပါတယ်



www.burmeseclassic.com



အားကစားလုပ်တဲ့နေရာမှာလည်း
နှစ်ယောက် အတူတူပါပဲ



လို့ People မဂ္ဂဇင်းကို ထုတ်ဖော်ပြောကြားလိုက်တာ ဖြစ်ပါတယ်။ သူတို့နှစ်ယောက် စတင်ချစ်ကျွမ်းဝင်ခဲ့တာ နှစ်နှစ် ပြည့်ခဲ့ပါပြီ။ "ကျွန်မတို့ ဘယ်နေရာပဲရောက်ရောက် နှစ်ယောက်အတူနေရမယ်ဆိုရင် ပျော်နေတာပါပဲ" လို့လည်း ဂျေလိုက ဖြည့်စွက် ပြောကြားခဲ့ပါတယ်။

ချစ်သူနှစ်ဦး လက်ထပ်ကြဖို့ဆိုတာ တော်ရုံတန်ရုံ အတွဲများအတွက် ရောမ စွန့်စားခန်းတစ်ခုလို့ မှတ်ထင်ထားကြတဲ့ ဖျော်ဖြေရေးလောကမှာ အသက် ၄၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျေလိုနဲ့ အသက် ၄၃ နှစ်အရွယ်ရှိ အဲလက်စ်တို့အတွက်ကတော့ သေသေချာချာ စီစဉ်ရမယ့်ကိစ္စ ဖြစ်တာကြောင့် မင်္ဂလာပွဲဆင်နွှဲဖို့အတွက် အစီအစဉ်မလုပ်ကြသေးပါဘူး။ ဇာစပ်ကြောင်းလမ်းထားသူများအဖြစ်နဲ့သာ ပျော်စရာကောင်းတဲ့နေရာ ပေါင်းစုံကို လှည့်လည်သွားလာနေကြဆဲ ဖြစ်ပါတယ်။ ရောက်လေရာမှာ အမှတ်တရဓာတ်ပုံများ တစ်ယောက်တစ်လှည့် ရိုက်ကူးပေးကြရင်း အပျော်ကြီးပျော်နေကြပုံကို ဂျေလိုက "ကျွန်မတို့နှစ်ယောက် အတူတူ လုပ်ကြရမယ်



သူတို့နှစ်ယောက်က ၂၀၀၅ ခုနှစ်မှာ
စတင် တွေ့ရှိခဲ့ကြတာဖြစ်ပြီး သူပေးခဲ့တဲ့
လက်စွပ်က တန်ဖိုးအားဖြင့် ဒေါ်လာ
၁.၇၅ သန်းတန်တယ်လို့ သိရပါတယ်



ဘယ်နေရာပဲသွားသွား နှစ်ဖက်မိသားစုဝင်များ
အားလုံး [illegible]
နေထက်ကြပါတယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် ဘယ်အလုပ်မှ အခက်အခဲ မရှိပါဘူး။ ပြီးတော့ နှစ်ယောက်သား အသံထွက်ပြီး ကျယ်ကျယ်လောင်လောင် ရယ်မောလိုက်ကြရတာကလည်း ပျော်စရာကောင်းလှပါတယ်'' လို့ ဆိုပါတယ်။ သူတို့နှစ်ယောက်ဟာ အသင်းအဖွဲ့တစ်ခုလို ပူးပေါင်းကြပြီး ပွဲတကာပွဲကိုလည်း တက်ရောက်ခဲ့ကြပါတယ်။ ကော်ဇောနီခင်း ကြိုဆိုတဲ့ ပွဲများမှာ သူတို့နှစ်ယောက်ကို အတူတွေ့ရသလို အစားအသောက် စားရမယ်ဆိုရင်လည်း နှစ်ယောက်အတူ တွေ့ရပါတယ်။ အချို မစားကြေး ၁၀ ရက် စိန်ခေါ်ပွဲဆိုရင်လည်း ပါလိုက်ကြတာပါပဲ။ ဇန်နဝါရီလအတွင်းက ဆိုရင် ကာဗိုဟိုက်ဒရိတ် ၁၀ ရက် မစားကြေး စိန်ခေါ်ပွဲဆိုရင်လည်း ပါလိုက်ကြတာပါပဲ။ ဒါကြောင့် ဂျေလိုက ''ဒါကြောင့်ပြောတာပေါ့။ ကျွန်မတို့နှစ်ယောက် ဘာပဲလုပ်လုပ် အတူတူလုပ်ပါတယ်လို့'' လို့ ဆိုခဲ့ပါတယ်။ သူက World of Dance မှာလည်း အကဲဖြတ်အဖြစ် ဆောင်ရွက်နေပါတယ်။ ''သူက ကျွန်မအိပ်မက်တွေကိုလည်း နားလည်ပေးပါတယ်။ ကျွန်မကလည်း သူ့အိပ်မက်တွေကို နားလည်ပေးနိုင်တဲ့အတွက် နှစ်ယောက်ပေါင်းတဲ့အခါမှာ ခွန်အားပိုကြီးလာတယ်'' လို့ ဆိုပါတယ်။ သူတို့နှစ်ယောက်က နယူးယောက်မှာရှိတဲ့ အိမ်နဲ့ လော့စ်အိန်ဂျလိစ်၊ မိုင်ယာမီ တို့မှာရှိတဲ့





www.burmeseclassic.com

www.burmeseclassic.com




ကော်ဇောနီ
လျှောက်လမ်းများပေါ်မှာလည်း
သူတို့နှစ်ယောက်ကို
အတူတွေ့ခွင့်ရကြပါတယ်

အိမ်များမှာလည်း တစ်လှည့်စီ သွားရောက်နေထိုင်ကြပါတယ်။ နှစ်ဦးစလုံးမှာ မိသားစုများ ရှိတာကြောင့် မိသားစုဝင်တွေလည်း စိတ်ဝမ်းမကွဲရအောင် တစ်လှည့်စီနေခြင်း ဖြစ်ပါတယ်။ အဲလက်စ်မှာက နာတာရှာ (အသက် ၁၄ နှစ်)နဲ့ အယ်လာ(အသက် ၁၀ နှစ်) အရွယ်ရှိ သမီးနှစ်ယောက် ရှိပါတယ်။ ဒီသမီးနှစ်ယောက်က ဇနီးဟောင်းဖြစ်တဲ့ စင်သီယာနဲ့ မွေးဖွားခဲ့တာပါ။ ဂျေလိုမှာက အသက် ၁၁ နှစ် အရွယ်ရှိ အမြွှာသားနှစ်ယောက်ဖြစ်တဲ့ မက်စ်နဲ့ အမ်းတို့နှစ်ယောက် ရှိပါတယ်။ ဒီကလေးနှစ်ယောက်က ခင်ပွန်းဟောင်းဖြစ်တဲ့ မာ့ခ်အန်တိုနီနဲ့ ရခဲ့တဲ့ ကလေးတွေပါ။ နှစ်ဖက်စလုံးက ရင်သွေးများ တစ်ခါတလေ မိုင်ယာမီအိမ်မှာ ဆုံတတ်ကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဂျေလိုက "ကျွန်မတို့အားလုံး ဒီအိမ်မှာ လာဆုံတတ်ကြတယ်။ မိုင်ယာမီက ကျွန်မတို့အတွက် ဇာတိမြေလို ဖြစ်နေတယ်။ ဒုတိယအိမ်ဆိုရင်လည်း မမှားပါဘူး" လို့ ဆိုပါတယ်။ နှစ်ဦးစလုံးအတွက် မိဘနေရာဟာ ဦးစားပေးအဖြစ်ထားရှိရမယ်ဆိုတာကို နားလည်တဲ့အတွက် တစ်ဦးကိုတစ်ဦး မိသားစုဝင်များနဲ့ ပတ်သက်ပြီး နားလည်ပေးကြပါတယ်။ Yankees All-Star အဖွဲ့ဝင်ဟောင်း တစ်ဦးဖြစ်တဲ့ အဲလက်စ်က "နှစ်ဖက်မိသားစုတွေကို တစ်နေရာတည်းမှာ ပျော်ရွှင်ကြစေချင်တာ



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၉ ခုနှစ် အော်စကာဆုပေးပွဲ တက်ရောက်လာတဲ့ ဂျေလိုနဲ့ သူ့ခင်ပွန်းလောင်း






မျက်မှန်ကြော်ငြာ ရိုက်ရာမှာလည်း မခွဲပါဘူး

ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ ဆန္ဒအမှန်ဖြစ်ပါတယ်" လို့ ဆိုပါတယ်။

ချစ်သူနှစ်ဦး တစ်ဦးနဲ့တစ်ဦး အပေးအယူမျှတစွာနဲ့ လုပ်ငန်းခွင်ကိုလည်း မပျက်အောင် ဆောင်ရွက်နေကြပါတယ်။ ဂျေလိုက သူမ ပါဝင်သရုပ်ဆောင်နေတဲ့ **Hustlers** ရုပ်ရှင်ဇာတ်ကားကို နယူးယောက်မှာ ရိုက်ကူးနေပြီး ဇွန်လမှာ **It's My Party** လို့ အမည်ပေးထားတဲ့ လှည့်လည်ဖျော်ဖြေပွဲကို သူမရဲ့ အသက် ၅၀ ပြည့် မွေးနေ့ဖြစ်တဲ့ ဇွန်လ ၂၄ ရက်နေ့ကို ကျော်ဖြတ်မှာ ဖြစ်ပါတယ်။ အဲလက်စ်က အားကစားလိုက်စားသူ ဖြစ်ပြီး ဂျေလိုရဲ့အပါးမှာ အစဉ်အမြဲ ရှိနေမယ်လို့ ဆိုပါတယ်။ "ကျွန်တော်တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် အားပေးရင်း ဘယ်အရာကိုပဲဖြစ်ဖြစ် နှစ်ယောက်အတူကျော်ဖြတ်မှာပါ"လို့ ဆိုပါတယ်။ ဒီတော့ ဂျေလိုက "ကျေးဇူးအများကြီးတင်ပါတယ်"လို့ ဝင်ရောက်ဖြည့်စွက်ခဲ့ပါတယ်။ ■

**ဇာနည်ညီမိမ်း**

***Ref: People, 1 April, 2019***



www.burmeseclassic.com

www.burmeseclassic.com



ဖနီးသည်
ရီယာပါးလ်မန်း၊
သားသမီးများ
ဖြစ်ကြတဲ့
ဂျိတ်(၃၁ နှစ်)၊
လူစီ(၃၆ နှစ်)၊
ဂရေ့စ်(၃၄ နှစ်)တို့နဲ့
၂၀၁၁ ခုနှစ်က
တွေ့မြင်ရစဉ်

# ဒယ်နီဒီဗီတိုရဲ့ ဘဝမှတ်တမ်း

ဘို



၁၉၆၂ ခုနှစ်က
အထက်တန်းကျောင်းသား ဒီဗီတို

ဒယ်နီဒီဗီတို ဆိုတဲ့ သရုပ်ဆောင်ကြီးကို မြန်မာနိုင်ငံက ဟောလိဝုဒ် ရုပ်ရှင် နှစ်သက်သူများ သတိထားမိကြမယ် ထင်ပါတယ်။ သူ့အရပ်က ၄ ပေ၊ ၁၀ လက်မသာ ရှိတာကြောင့် အနောက်နိုင်ငံသားများကြားမှာ တော်တော် အရပ်ပုတဲ့သူ ဖြစ်ပါတယ်။ အရပ်သာပုတယ်၊ ဒယ်နီရဲ့ သရုပ်ဆောင်မှုတွေက အင်မတန်ပြောင်မြောက်ပါတယ်။ သူ့ဘဝအစက ဘရော့ဒ်ဝေးဇာတ်ခုံပေါ်က သရုပ်ဆောင်ခြင်းနဲ့စတင်ခဲ့ပြီး **Taxi** ဆိုတဲ့ Sitcomနဲ့ Emmy ဆု ရရှိခဲ့ဖူးသူ လည်းဖြစ်ပါတယ်။ တီဗွီဇာတ်လမ်းတွဲ ဖြစ်တဲ့ **It's Always Sunny in Philadelphia** ဆိုတဲ့ ဇာတ်လမ်းတွဲနဲ့ အမေရိကန်ပြည်ထောင်စုရှိ ပရိသတ်များရဲ့ အသည်းစွဲသရုပ်ဆောင်တစ်ယောက်လည်း ဖြစ်လာခဲ့သူ ဖြစ်ပါတယ်။ သူ့အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်ကို မေးကြည့်တဲ့အခါမှာတော့ "ကျွန်တော် သရုပ်ဆောင်ရတဲ့ ဇာတ်ရုပ်တွေက အမြဲတမ်းထူးခြားမှုရှိနေလို့ပါပဲ"လို့ အသက် ၇၄ နှစ်ရှိပြီဖြစ်တဲ့ ဒီဗီတိုကဖြေပါတယ်။ ဒါကြောင့်လည်း သူပါဝင်သရုပ်



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ကား ၄ ကားမှာ တွဲဖက်သရုပ်ဆောင်ဖူးတဲ့ ရုပ်ရှင်မင်းသား မိုက်ကယ်လ်ဒေါက်ကလပ်နဲ့တွေ့ရတဲ့ ဒီဗီတို။ သူတို့နှစ်ယောက်က ၁၉၆၀ ခုနှစ်များအတွင်းမှာ နယူးယောက်မြို့ရဲ့အထက်တန်းကျောင်းတစ်ခုရဲ့ ကျောင်းနေဖက်များ ဖြစ်ပါတယ်





၁၉၇၅ ခုနှစ်က အော်စကာ ဆုရခဲ့တဲ့ One Flew over the Cuckoo's Nest ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဒီဗီတို



ကွာရှင်း ပြတ်စဲ ခဲ့ကြပေမဲ့ ဇနီးဟောင်းနဲ့ တွဲဖက် ပြီးတော့လည်း ဒီဗီတိုက တီဗွီဇာတ်လမ်းတွဲ ရိုက်ခဲ့ဖူးပါတယ်



It's Always Sunny in Philadelphia ဇာတ်ကားမှာ တွေ့ရတဲ့ ဒီဗီတို



Romancing the Stone,Jewel of Nile ဇာတ်ကားတို့မှာ ဒီဗီတိုက ဒါရိုက်တာအဖြစ် ဆောင်ရွက်ပြီး မိုက်ကယ်လ်ဒေါက်ကလပ်နဲ့ ကက်သလင်းတာနာတို့က သရုပ်ဆောင်များအဖြစ် ပါဝင်ခဲ့ကြပါတယ်



၁၉၉၂ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Batman Returns ဇာတ်ကားကို ရိုက်ကူးရာမှာ ဒီဗီတို ပါဝင် သရုပ်ဆောင်ခဲ့ပါတယ်





www.burmeseclassic.com

www.burmeseclassic.com



Taxi Sitcom ကို ရိုက်ကူးခဲ့စဉ်က အဖွဲ့သားများ




သူနဲ့အမြွှာညီအစ်ကိုပါလို့ နောက်ပြောင်ရိုက်တဲ့ ရုပ်ရှင်
သရုပ်ဆောင် အာနိုးရှဝါဇင်နက်ဂါနဲ့ တွေ့ရတဲ့ ဒီဗီတို




Roald Dahl ဆိုတဲ့ စာတ်ကားနဲ့ ပတ်သက်ပြီး ဒီဗီတိုက 'ကျွန်တော့်ကလေးတွေ ယူလာတဲ့ ဝတ္ထုစာအုပ်ကို ဖတ်ပြစ်ရာက ရုပ်ရှင်အဖြစ် ရိုက်ကူးဖြစ်ခဲ့တာ' လို့ ဆိုပါတယ်။ ဒီကားမှာ ပါးလ်မန်းနဲ့ မာရာဝဲလ်ဆင်တို့ ပါဝင်သရုပ်ဆောင်ခဲ့ကြပါတယ်



ပြန်လည်ဆန်းသစ်တဲ့ Dumbo ဇာတ်ကားရဲ့ ဇာတ်ဝင်ခန်း





ဟောလိဝုဒ်ရဲ့ နာမည်ကျော် Walk of Fame လို့ ခေါ်တဲ့ လမ်းပေါ်မှာ ကြယ်တစ်ပွင့်တပ်ခွင့်ရတဲ့ ဒီဗီတို

ဆောင်တဲ့ ဇာတ်ကားတိုင်းမှာ ဒီဗီတိုဟာ ပရိသတ်တွေ စိတ်ဝင်စားတဲ့ဇာတ်ကောင်နေရာမှာ အမြဲရှိနေခဲ့တာပါ။

နယူးဂျာစီမှာ မွေးဖွားလာစဉ်ကတည်းက မျိုးရိုးစဉ်ဆက်လိုက်တဲ့ သေးကွေးတဲ့ ခန္ဓာကိုယ် တည်ဆောက်မှုရောဂါကြောင့် သူ့အရပ်ဟာ ၄ ပေကျော်ကျော်သာ ရှိခဲ့တာပါ။ ဒါပေမဲ့ ဒီဗီတိုက သရုပ်ဆောင်အလုပ်ကို ဝါသနာပါတဲ့အတွက် ၁၉၇၅ ခုနှစ်မှာ အော်စကာဆုရခဲ့တဲ့ One Flew over the Cuckoo's Nest ရုပ်ရှင်ဇာတ်ကားကြီးမှာ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့ပါတယ်။ 'ကျွန်တော်သူတို့နိုင်းတာကိုသာ ပီပြင်အောင်လုပ်ဆောင်လိုက်ရပေမဲ့ ကျွန်တော့်ကိုယ်ကျွန်တော် ဘာလုပ်ဖြစ်သွားတယ် ဆိုတာ သေသေချာချာ မသိလိုက်ပါဘူး' လို့ ကလေးသုံးယောက်အဖေဖြစ်နေပြီဖြစ်တဲ့ ဒီဗီတိုက ဆိုပါတယ်။ ၂၀၁၇ ခုနှစ်မှာ ဇနီးဖြစ်သူ ရီယာပါးလ်မန်းနဲ့ ကွာရှင်းပြတ်စဲခဲ့ပါတယ်။ 'ကွာရှင်းပြတ်စဲတယ်ဆိုပေမဲ့ ကျွန်တော်တို့က မိတ်ဆွေအဖြစ်တော့ အဆက်အဆံ ရှိပါတယ်' လို့ ဒီဗီတိုက ဆိုပါတယ်။

ဟောလိဝုဒ်ရုပ်ရှင်လောကမှာ ဆယ်စုနှစ် ၅ စုကြာအောင် ကျင်လည်ခဲ့ပြီးဖြစ်တဲ့ ဒီဗီတိုက ရုပ်ရှင်ကားဟောင်းတစ်ကားဖြစ်တဲ့ Dumbo ဆိုတဲ့ကားကို ပြန်လည်ဆန်းသစ်ထားတဲ့ ရုပ်ရှင်ကားမှာ ပါဝင်သရုပ်ဆောင်ထားပြီး မတ်လ ၂၉ ရက်နေ့မှာ ရုံတင်ပြသနေပြီ ဖြစ်ပါတယ်။ 'သရုပ်ဆောင်တော်တော်များများက ဒီကားမှာ သရုပ်ဆောင်ဖြစ်ချင်ကြတယ်။ ကျွန်တော်က ကံကောင်းထောက်မ,စွာနဲ့ သရုပ်ဆောင်ခွင့်ရခဲ့တယ်' လို့ ဒီဗီတိုက ဆိုပါတယ်။

ဧပြီလ ၁ ရက်နေ့ထုတ် People မဂ္ဂဇင်းမှာ ဒီဗီတိုရဲ့ ဘဝတစ်လျှောက် လှုပ်ရှားမှုများကို ဓာတ်ပုံမှတ်တမ်းအဖြစ် ဖော်ပြပေးခဲ့တာများကို ရွှေအမြုတေ ပရိသတ်များအတွက် ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။ ■ ဘို

*Ref: People, 1 April, 2019*



www.burmeseclassic.com

လင်းနှင့် စတွေ့စက အရာရာ အိပ်မက်ဆန်သည်။ လင်းသည် ဖြူ့အတွက် အမှန်အိပ်မက်ဆန်စေလွန်းသည်။ လင်း မျက်နှာပေါ်မှ အပြုံး၊ လင်းနှုတ်များဆီက ရယ်သံလေးများမှသည် လင်းနှင့် ပတ်သက်သမျှ အရာရာက ဖြူ့အတွက် လက်တွေ့မဆန်ချင် လွန်းခဲ့သည်လား မသိ။ သို့မဟုတ် ဖြူသည် ထိုအခြင်းအရာကိုပင် အိပ်မက်ဟု ထင်မှတ်ယုံမှားခဲ့မိသည် ထင်၏။ ထို့ကြောင့်ပင် ဖြူသည် လင်းနှင့်ပတ်သက်၍ အရာရာကို အိပ်မက်တစ်ခုမျှသာ ထာဝရ သိမ်းဆည်း နှောင်ငင်ခွဲခြ မှတ်ယူလာခဲ့မိလေသည်။

ဖြူတို့တက္ကသိုလ် ပထမနှစ်မှာပင် လင်းနှင့်ဆုံစည်းခွင့်ရသည်။ စာပေအနုပညာ အသိုက်အဝန်းနည်းသော ဖြူတို့တက္ကသိုလ်လေး မဂ္ဂဇင်းတစ်ခုမှ စာပေချစ်မြတ်နိုးသူတို့ ဦးဆောင်ကာ ကျောင်းတွင်းမဂ္ဂဇင်းငယ်လေးတစ်အုပ် ရုလုပ်မည် ကြေညာသံကြားသည်။ ကြော်ငြာစာရွက်ကလေးကို ကျောင်းတွင်းတစ်နေရာတွင် ဖြူ တွေ့မြင်ခွင့်ရသည်။ ထိုစဉ် ဖြူ့နှလုံးသားမှ ကိန်းအောင်းနိုတွယ်နေသော ပိုးတစ်မျိုး ဆုံကြွလာသည်။ ဖြူသည် စာပေချစ်မြတ်နိုးသူ ကဗျာဝါသနာရှင် ရွက်ပုန်းသီးကလေးတစ်ယောက်မျှ ဖြစ်သည်။ စာမူများပေးပို့နိုင်ကြောင်း သိမြင်ခဲ့သည့်နေ့မှစ ဖြူ့စိတ်သည် ထက်ထက်သန်သန် ရှိလွန်းခဲ့သည်။ မှတ်စုစာအုပ်ငယ်ကလေးများအကြား နစ်ဆို အိပ်မောကျနေခဲ့သော ဖြူရေးသည့် ကဗျာလေးတွေ နိုးထ,ခွင့် ရလာကြသည်။

# တောကရာလင်း

နည်းပညာတက္ကသိုလ်၊

## အိပ်မက်သီသူ

အမှတ် ၃၅၄၊ မေ၊ ၂၀၁၃

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဖြူ့ ကဗျာကလေးတွေ အချိန်မီ သွားရောက်ပေးပို့ဖြစ်သည်။ စာအုပ်လုပ်မည့် ခေါင်းဆောင်အဖွဲ့ဝင်များထဲ ခင်မင်ရင်းနှီးသော ဖြူ့အသိမိတ်ဆွေတစ်ယောက်မျှ မရှိပေ။ ဖြူနှင့် မေဂျာတစ်ခုတည်း သူငယ်ချင်းဖြစ်ခဲ့ကြသော ဇာဇာနှင့် စုလတ်သည် ထိုနေရာ၌ ဖြူ့အတွက် အထောက်အကူအဖြစ်ဆုံးသူများ ဖြစ်လာသည်။ ဇာဇာက အပေါင်းအသင်းပိုရုံသူတည်း။ စတိတ်ကျောင်းတစ်ကျောင်းတည်း အတူထွက်ခဲ့ဖူးသော ဇာဇာ့ အသိမိတ်ဆွေ သူငယ်ချင်းများထဲ ကံအားလျော်စွာ စာအုပ်အတွက် ဦးဆောင်သူအဖွဲ့ဝင်တစ်ယောက် အခိုင်အမာပါသည်။ ဖြူ့စာမူလေးတွေ ရွေးမရွေး ဖြူ လည်း တဆန့်ဆန့် မျှော်ရသည်။ ဖြူ့ကဗျာလေးတွေကို ပုံနှိပ်စာလုံးဖြင့် မြင်ခွင့်ရမည့်အရေး ဖြူ့မှာ နေ့နေ့ညည စိတ်ကူးယဉ်ကာ ရှူးခဲ့ရသည်။ တစ်ရက်တော့ ဇာဇာ့ အကူအညီဖြင့် စာအုပ်အတွက် ဦးဆောင်သူများအဖွဲ့ ဖြူတို့ သူငယ်ချင်းအုပ်စုကလေးဖြင့် ကဲန်တင်းတစ်ဝိုင်းတည်း အတူထိုင်ဖြစ်ကြသည်။ ဖြူ ပထမဆုံး လင်းကို စ,မြင်ဖူးခြင်းဖြစ်သည်။ လင်းက စာအုပ်အတွက် မတည်ဦးဆောင်သူဖြစ်မှန်း သိခွင့်ရသည်။ စာမူရွေးသော အုပ်စုထဲ လင်းက အဓိကဟု သိခွင့်ရသည်။ ဖြူသည် လင်းကို မြင်မြင်ချင်း နှစ်လိုခင်မင်ချင်စိတ် ဝင်ခဲ့မိသည်။ ဖြူ့စာမူများ ရွေးမရွေး အကြောင်းတစ်ခုတည်းကြောင့် မဟုတ်ဘဲ လင်း

# vifu jzlUt wGif[ k qkdum pmt kyfvpft kyf vuf qmif ay;onf pmrt [ kqkdum pmt wvf, f wpf\kd urf ay;onf jzlUvuf wG wkdf ifum v Sf, bnf ]aemufqkd t JDvkd &ifckdf wmawG usifbm;&onf q&mr&lJ [ k vifu &, &, frmarm qkdxho;onf

သည် ဖြူ့ထက် အဆပေါင်းများစွာ စာပေချစ်မြတ်နိုးသူတစ်ယောက်မှန်း ဖြူ သိရှိခွင့်ရခဲ့၍ဖြစ်သည်။

❑

ထိုစဉ်ကပင် လင်းသည် မဂ္ဂဇင်းစာမျက်နှာများ၌ နေရာအတော်အတန်ရရှိနှင့်ပြီး ကလောင်ရှင်တစ်ယောက် ဆိုတာကိုပါ ဖြူ ထပ်မံသိခွင့်ရသည်။ လင်းအပေါ် အထင်ကြီး အားကျစိတ်သည် ဖြူ့ စိတ်ရင်းအမှန် အခြေတည်ခဲ့သည်။ ဖြူသည် လင်းလောက် မစွမ်းဆောင်နိုင်သေးသူတည်း။ စာပေချစ်စိတ် တူသူချင်းလေးစားခင်မင် မြတ်နိုးစိတ်ထက် လင်းအပေါ် ဖြူ ပိုသာခဲ့သည်လည်း ရှိမည်။ နုငယ် မရင့်သန်သေးသော ဖြူ့ အတွေ့အကြုံ နည်းပါးမှုလည်း ပါဝင်မည်။ လင်းကို ဖြူ ငယ်ပေါင်းကြီးဖော်တစ်ယောက်ပမာ ခင်မင်လိုစိတ်ရှိသည်။ သို့သော် ဖြူ့မဝံ့ရဲ။ မိန်းကလေးမို့ ဖြူ့ဘက်မှာ လိုသည်ထက်ပိုကာ မရဲသာသော စည်းရှိနေခဲ့သည်။ ဘာကြောင့်မှန်းမသိ လင်း၏ နေထိုင် ပေါင်းသင်းဆက်ဆံမှုသည် ဖြူ့အပါအဝင် အားလုံးအပေါ် အေးတိအေးစက် နိုင်လွန်းသည် ဖြူ ထင်မြင်ယူဆသည်။ စကားများများ မပြောတတ်သော်လည်း အပြုံးမပျက်သော လင်းမျက်နှာသည် အစဉ်အမြဲ အေးချမ်းတည်ငြိမ်နေတတ်စမြဲ။

"ကဗျာတွေ အများကြီးထဲကနေ အကြိုက်ဆုံး၊ အကောင်းဆုံး၊ အသင့်တော်ဆုံး ပြန်ရွေးထုတ်ရတာဆိုတော့ အချို့ကဗျာတွေ ကောင်းပေမဲ့ ထားခဲ့ရတယ်ဗျ။ မဖြူစင်သော့်ကဗျာတွေ ကျွန်တော် သဘောကျတယ်။ လွတ်လပ်တယ်။ ဒါပေမဲ့ ရည်ရွယ်တဲ့ မက်ဆေ့ချ်တစ်ခုကို တိတိကျကျ ဖမ်းဆုပ်ပြီး ထည့်ထားနိုင်တာမျိုးချည်းပဲ။ တကယ်ပါ၊ ပါရမီရှိလွန်းတယ် ဆိုတာထက် ပိုပါတယ်။ တစ်မျိုးမထင်နဲ့နော်၊ ကျွန်တော် ဝေဖန်တာ မဟုတ်ရပါဘူး။ ဆရာကြီးလည်း မဟုတ်ပါဘူးဗျ။ ခံစားမိသလောက် ပြောပြတာ။ ညရထား ဆိုတဲ့ ကဗျာလေး ရွေးထားတယ်ဗျ။ စာအုပ်ထွက်တဲ့အခါမှ ကဗျာကို ဆက်ခံစားဝေဖန်ကြည့်ဦးမယ်ဗျ"

လင်း စ,ပြောသည့်နေ့က ဖြူ့ ခြေဖျားလက်ဖျားတွေ အေးစက်တောင့်တင်းကာ နေသည်။ အသက်ပင် ရှူမိမရှူမိ မသိ။ လင်းက ဖြူ့ကို တခုတ်တရ စကားစ,ပြောလာသည့်အပြင် ဖြူ့ကဗျာစာမူလေး ရွေးကြောင်း ကြိုတင်အသိပေးခဲ့သည်ပင်။ ဖြူသည် လင်းမျက်နှာကို ကြည့်ရင်း အချိန်ကြာကြာ ဆွံ့ဆွံ့အအ ဖြစ်သည်။ ဘေးက သူငယ်ချင်းတွေ ဆူဆူပူပူ အသိပေး နှောင့်ယှက်မှပင် ရှက်ရှက်ဖြင့် အသိဝင်ရသည်။

"မိဖြူတို့များ ဖြစ်နေတာနော်"

"မဖြစ်ဘဲနေမလားဟဲ့၊ အရမ်း စိတ်လှုပ်ရှားသွားတာ"

"စိတ်လှုပ်ရှားတာက ကဗျာကိုမှ ဟုတ်ရဲ့လား ဟယ်။ အယ်ဒီတာ စာရေးဆရာပေါက်စ လင်းဆိုတဲ့ ကောင်လေးကိုများလားလို့"

"အစုတ်ပလုတ်မတွေ စ,လာပြီ ဇာတ်လမ်းက"

အဆောင်ပြန်ရောက်သည့်ည တစ်ညလုံးနီးပါး ဖြူ အိပ်မပျော်။ အတွေးတွေ အပုံအပင်။ အပျော်တွေလား၊ စိတ်လှုပ်ရှားစရာတွေလား။ ဖြူ ခံစားမှု ကြီးကြီးမားမား ခံစားခွင့်ရသည်။ လင်း မျက်နှာသည် တစ်ချက်တစ်ချက် ပေါ်လာသည်။ အသေအချာတွေးကြည့်တော့ ဖြူ့မှာ ရှက်နေသည်။ ဘာပဲဖြစ်ဖြစ် လင်းကို ဖြူ ခင်မင်ခွင့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖြူ့ကို အသိအမှတ် ထူးထူးခြားခြားပြုသည်ကို ဖြူ ကျေနပ်နေသည်။ စာအုပ်မထွက်ခင် ဖြူသည် လင်းနှင့် အကြိမ်ကြိမ် မျက်နှာချင်းဆိုင် ဆုံခွင့်ရသည်။ ခင်မင်ရင်းနှီးမှု ခိုင်မာလာသည် ထင်သည်။ ဖြူသည် ထိုစဉ်က လင်းအကြောင်း အတော်များများ သိစိတ်၊ မသိစိတ်၌ ထွေးရောယှက်တင်တွေးဖြစ်ခဲ့ချိန်များသည်။

❑

စာအုပ်ဖြန့်သည့်နေ့က ကျောင်းဝန်းထဲ ဖြူတို့အုပ်စု လှုပ်လှုပ်ရှားရှား ရှုပ်ရှုပ်ယှက်ယှက် ပျော်စရာလည်းကောင်းသည်။ လင်းက ဖြူ့အတွက် ဟုဆိုကာ စာအုပ်တစ်အုပ် လက်ဆောင်ပေးသည်။ စာမူခဟုဆိုကာ စာအိတ်ငယ်တစ်လုံး ကမ်းပေးသည်။ ဖြူ့လက်တွေ တုန်ယင်ကာ လှမ်းယူသည်။ "နောက်ဆို အဲဒီလိုရင်ခုန်ရတာတွေ ကျင့်သားရသွားမှာ ဆရာမရဲ့" ဟု လင်းက ရယ်ရယ်မောမော ဆိုခဲ့သေးသည်။

"လင်းရဲ့စာတွေ ဖတ်ချင်သေးတယ်။ ဖြူ့ကို မြှောက်ပြောပေးလို့လည်း ကျေးဇူးတကယ်တင်ပါတယ်"

"တကယ်ပါ မဖြူစင်သော်က ထွန်းတောက်လာဦးမယ့် အနာဂတ်စာပေရဲ့ ကြယ်တစ်ပွင့်ပါ။ ဒါကို ကျွန်တော် အခိုင်အမာ ပြောရဲတာပေါ့။ ရေးသာရေး။ ပို့ချင်တဲ့မဂ္ဂဇင်းတွေရှိလည်းပြော၊ ကျွန်တော် တတ်နိုင်တာ ကူညီပါ့မယ်"

လင်းမျက်နှာကို ဖြူ အခါများစွာ မှင်တက်ငေးမောမိဖူးသည်။ လင်းနှင့်ပတ်သက်၍ ဖြူ့စိတ်ခံစားမှု အလုံးစုံသည် ဖြူ နားမလည်သော ဘာသာဗေဒတစ်မျိုးဖြစ်မည်။ ဖြူသည် အိပ်မက်တစ်ခုထဲ ကြိုးတန်း လမ်းလျှောက်နေရ သူပမာ ခံစားရသည်။ ဖြူသည် စိတ်ကူးယဉ် အိပ်မက်မှာ အစိုးရလိုစိတ်ရှိသည်။ စွန့်စား အရဲစမ်းလိုစိတ်သည် ဖြူ့ထံ၌ မရှိ။ ရန်ကုန်တွင် တက္ကသိုလ်ဝင်တန်းအောင်သော ဖြူ သန်လျင်နည်းပညာ တက္ကသိုလ် တက်ရောက်ခွင့်ရသည်။ အစိုးရဝန်ထမ်း ဖြူ့ဖေဖေသည် နယ်စုံပြောင်းရ ရွှေ့ရသူတည်း။ ဖြူ အဆောင်နေကျောင်းသူဘဝဖြင့် ရန်ကုန်တွင် ကျန်ရစ်သည်။ မိဝေးဖဝေး ဖြူ့ စိတ်ကူးယဉ် အိပ်မက်များ မရင့်သန်၊ နောက်ကြောင်းမအေးဟု ခံစားရသည်။ ဖြူ့အောက်တွင် အငယ်တွေ ရှိနေသေးသည်။ ခြိုးခြိုးခြံခြံ ရပ်တည်ထားရသော ဖြူ့မိသားစု အခြေအနေသည် ဖြူ့အတွက် ပညာရေးတစ်ခုမှလွဲ၍ အခြား စိတ်လွင့်ပါးဖွယ်ရာမရှိ။ ဖြူသည် မိသားစုအရေး ခေါင်းထဲအမြဲတွေးဆမိသူတည်း။ လင်းနှင့်ဆုံရသော် ဖြူ့စိတ်သည် အရောင်ပြောင်းလွယ်လာသည်။ သို့သော် ထိုအခြင်းအရာသည် အိပ်မက်မျှသာ။ ဖြူ့အတွက် လင်းသည် အိပ်မက်တစ်ခုမျှသာ။

❑

ထိုနေ့က မိုးတွေရွာသဖြင့် လင်း ကျောင်းမတက်ပေ။ ဖြူတို့ မိန်းကလေးဆောင်သည် ကျောင်းဝန်းရှေ့တွင် တည်ရှိသည်။ လင်းတို့ ယောကျ်ားလေးသီးသန့်ဆောင်သည် ဖြူတို့အဆောင်နှင့် အတန်ငယ်တော့ လှမ်းသည်။ သီဟိုဠ်သရက်ခြံကျယ်ကြီးထဲ ကျယ်ဝန်းသော အမျိုးသား သီးသန့်ဆောင်ဖြစ်သည်။ လင်းတို့အဆောင်နာမည်ကို မြတ်သုခ အမျိုးသားဘော်ဒါဆောင်ဟု သိစက ဖြူနှင့် လင်းသည် နီးနီးလေးဟု ခံစားမိသေးသည်။ လင်း နေမကောင်း၍ မိုးရေထဲ ကျောင်းမလာဖြစ်ဟု လင်းသူငယ်ချင်း တစ်ယောက်ထံမှ သိခွင့်ရသည်။ ဖြူ့စိတ်သည် တစ်နေကုန် ဆောက်တည်ရာမရ။ လင်းကို သတိတရရှိနိုင်လွန်းအားကြီးနေသည်။ လင်းဆီမှငှားထားသော လင်းစာမူ ပါသည့် စာအုပ်များ၊ ဝတ္ထုစာအုပ်ကြီးများ ပွေ့ပိုက်ကာ ဘာလုပ်ရကောင်းမှန်း မသိဖြစ်နေသည်။ အကြောင်းပြချက်ပြရန်လည်း လင်းကို စာအုပ်များ ပြန်ပေးရန်တစ်ခုတည်းသာရှိသည်။ ညနေရောက်သော် ဖြူသည် မစဲသေးသော မိုးဖွဲဖွဲထဲ လင်းတို့အဆောင်ဆီ အဖော်မပါ ထီးကလေးတစ်လက်၊ စာအုပ်တစ်ပွေ့တစ်ပိုက်ဖြင့် အရောက်သွားမိလေ၏။ ဖြူ့ကိုယ်ဖြူပင် မယုံကြည်ချင်။ လင်းနာမည်ပြောပြ၍ အဆောင်မှူးကူညီခေါ်ပေးသော် လင်းနှင့်ဆုံရသည်။ လင်း တကယ်ဖျားနေတာပဲဟု သိခွင့်ရသည်။ လင်းသည် ဖြူ့လို မိဝေးဖဝေး အဆောင်နေကျောင်းသားတစ်ယောက်ပင် မဟုတ်လား။

"လင်း တကယ်ဖျားနေတာပါလား။ အိမ်က ဘယ်သူမှလိုက်မလာဘူးလားဟင်။ သက်သာရဲ့လား လင်းရယ်"

"ဘာမှမဖြစ်ပါဘူး ဖြူရဲ့။ ရိုးရိုးဖျားတာပါ။ အိမ်မှာက ကိုယ်ခွဲမရှိဘူးလေ။ ကျွန်တော်လည်း အမေ့ကို မမှာချင်တော့တာနဲ့ ဖုန်းမဆက်တော့တာ"

လင်းသည် နွမ်းနယ်သော မျက်နှာဖြင့် အပြုံးမပျက် ဆိုသည်။ ဖြူသည် ရုတ်တရက် လင်း နဖူးကို လက်ဖြင့် စမ်းလိုက်မိသည်။ ဒီတစ်ခါ လင်းသည် ဖြူ့မျက်နှာကို အတန်ကြာ ပြန်လည်ကြည့်ငေး နေရှာသည်။ ဖြူ စိတ်ပူနေမှန်း လင်း ရိပ်မိပုံရသည်။ စာအုပ်များ ပြန်လာပို့သည်ထက် အကြောင်းပြချက်တစ်ခုခုကို လင်း ရှာဖွေတွေ့ရှိခဲ့မည်ထင်သည်။

"ကျွန်တော် ကျောင်းပြန်တက်တဲ့နေ့မှ စာအုပ်တွေပြန်ပေးလည်း ရသားပဲ ဖြူ၊ အပင်ပန်းခံလို့။ မိုးရေတွေလည်း ရွှဲနေပြီ"

မိုးရေစိုစွတ်သော ဖြူ့လုံချည်အနားစပ်များကို ကြည့်ကာ လင်း ဆိုသည်။ ဖြူသည် လင်းကို အားတုံ့အားနာဟန် မျက်နှာအသာလွှဲလိုက်ရသည်။ ပြန်တော့မယ်နော်ဟုဆိုကာ ဖြူ ထိုင်ရာမှထ,သည်။ လင်းသည် ခေါင်းမညိတ် ခေါင်းမခါ ဖြူ့လှုပ်ရှားမှုများကို ချည်းကြည့်ငေးနေသည်။ မိုးရေထဲ လင်းတို့ အဆောင်မှအပြန် ဖြူ့ရင်သည် တဒိန်းဒိန်း ခုန်ငင် လှုပ်ရှားကာ နေလေ၏။

❑

ဖြူတို့ အဆောင်ရှေ့ ညည သီချင်းလာဆိုသူ ရှား



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျောင်းဝန်းရှေ့ဖြစ်သောကြောင့် ကျောင်းတွင်းအဆောင်နေ ဆရာ ဆရာမတွေရှိသော ပတ်ဝန်းကျင်ဖြစ်သည်မို့လည်း ထင်သည်။ တစ်ညတော့ ဇာဇာတို့၊ စုလတ်တို့ထံမှ သတင်းရသည်။ လင်းတို့အုပ်စု သီချင်းလာဆိုမည်ဟု ပြောသည်။ လင်းရောပါလိမ့်မည်ဟု ဇာဇာက ပြောသေးသည်။ ဖြူသည် ညတစ်ညကို စိတ်လှုပ်ရှားစွာ စောင့်စားမိသည်။ လင်း သီချင်းဆိုသည်ကို ဖြူ မမြင်ဖူး မကြားဖူးပေ။ လင်းက သီချင်းတွေကို တကယ် ချစ်မြတ်နိုးသူတစ်ယောက်လား။ ဖြူ့အတွေးတွေ အလုပ်ရှုပ်လှသည်။ လင်း သီချင်းဆိုတတ်မှန်း၊ လင်းအသံ ကောင်းမှန်း ထိုညမှာ ဖြူ သိမြင်ခွင့်ရခဲ့သည်။ **ဂျပ်စင်ထိပ်က လရိပ်ပြာအစ၊ နေနိုင်သူလေး** အလယ် နောက်ဆုံး လင်းဆိုသွားသော သီချင်းလေးတစ်ပုဒ်ကို ဖြူ သေချာစွာနားစိုက်ထောင်ဖြစ်သည်။ ခံစားစီးမျောခဲ့မိသည်။ ချိုသာသော လင်းအသံသည် ညယံထဲ လွင့်မျောစီးဆင်းပျံ့လွင့်ကာနေခဲ့သည်။ အိုလင်းရယ်၊ **အချစ်ဆိုသည်မှာတဲ့လား။**

*အချစ်ဆိုသည်မှာ×××*
*အံ့သြမှုများနဲ့ ဆန်းကြယ်သောအရာ××× အချစ်ဆိုသည်မှာ××× လူသားတိုင်းရဲ့ နှလုံးသားထက်က အရှင်သခင်×××အချစ်ဟာ ဖြေရှင်းမရတဲ့ပုစ္ဆာ××× အချစ်ဟာ အဖြေရှာမရတဲ့ ပြဿနာ*
ဆိုတဲ့ နေရာက စာသားလေး

wpfgwp&H
jzLonf
[ kdvkd;fuvkd
t ydkfufyd
jyejyefuonf
t ydkfufkyvGf
vifonf
[ kdvkd;ft wkdf
&Seao;onf
vif;ufefrm;ukd
jzL
&Sif&GpjrJ
vif&, fHrm;ukd
jzL
emvkd;H EkdifcGjrJ
t cpf0Dqkdwm
ajr;0Dxonfkd
rarh [hom
vhawGymupum;
MuLm;onfhcg
wkdfvifukd
owd;&
&Gw;wpfjrJ

တွေ လင်း ဆိုညည်းလိုက်တိုင်း ဖြူ့ရင်သည် တလှပ်လှပ် လှုပ်ရှားလေသည်။

မှန်ပြတင်းပေါက်နောက်ကွယ်ကနေ လင်းကို ဖြူ ခိုးကြည့်သည်။ ဂျင်းပဲန်အပြာနှင့် ဂျင်းအင်္ကျီလက်ရှည်ကို ထိုည၌ လင်း ဝတ်ဆင်ထားသည်။ ဖြူ့ မျက်စိထဲ လင်းက ကြည့်ကောင်းလွန်းနေခဲ့သည်။ ထိုပုံရိပ်သည် ညအိပ်မက်ထိတိုင် ဖြူ့ အမြင်အာရုံထဲ ပါဝင်ခဲ့လေသည်။

❑

လင်းနှင့် ဖြူသည် အချိန်ကာလတစ်ခုတိုင် ရှည်ကြာ ပေါင်းသင်းဆက်ဆံခဲ့ကြသည့် သူငယ်ချင်းမိတ်ဆွေများ ဖြစ်နိုင်ခဲ့ကြမည်ထင်သည်။ ဒုတိယနှစ် နှစ်ဝက်ဆုံး စာမေးပွဲများအပြီး တစ်ညနေ လင်းနှင့် အမှတ်မထင်ဆုံသည်။ လင်းက မနက်ဖြန်ပြန်မည်ဖြစ်ကြောင်း အသိပေးသည်။ ဖြူ အဆောင်ပြန်အရောက် အိမ်မှ ဖုန်းဆက်ထားကြောင်း အဆောင်မှူးအစ်မ အသိပေးသည်။ ဖုန်းပြန်ဆက်မိတော့ ဖေဖေ အရေးပေါ်ဆေးရုံ တင်ထားရသည်ကို သိခွင့်ရသည်။ ဖြူ ညကားဖြင့် တောင်ငူအထိ ပြန်ရန် စီစဉ်သော်လည်း ကားလက်မှတ်မရပေ။ ထူထူပူပူဖြစ်နေသော ဖြူ့စိတ်သည် ဘာကိုမျှ အစိုးမရ။ ဇာဇာ ကျောင်းမှ ပြန်ရောက်လာချိန် စာတစ်စောင် ပေးသည်။ လင်း ပေးခိုင်းလိုက်သည်ဟု သိရသည်။ စာကို ခပ်သွက်သွက် ဖြူ ထုတ်ဖတ်လိုက်သည်။

*ဖြူ...*

*ညကျရင် ဖြူတို့အဆောင်နားက အအေးဆိုင်မှာ စောင့်နေမယ်၊ ပြောစရာစကားတွေရှိလို့၊ မနက်ဖြန် အိမ်မပြန်ခင် အပြီးပြောခဲ့ချင်တယ် လာခဲ့ပေးပါနော်။*

*လင်း*

ညီညာဝိုင်းစက်သော လင်း လက်ရေးကို ဖြူ အခါခါ အထပ်ထပ် ဖတ်ရင်းတွေဝေနေသည်။ ဖြူ ဘာလုပ်ရမည်မသိ။ လတ်တလော ဖြူ့စိတ်သည် အရေးပေါ်အခြေအနေရောက်နေသည့် ဖေဖေ့ထံ မိသားစုထံသို့သာ ရောက်နေသည်။ စုလတ်နှင့် ဇာဇာသည် လင်းချိန်းသည့်ထံ သွားရန် တိုက်တွန်းရှာသည်။ ဖြူသည် ဆုံးဖြတ်ချက်တစ်ခုတည်းကို အခိုင်အမာ ချပစ်ခဲ့လေသည်။ လင်း ချိန်းဆိုသည့်နေရာကို ဖြူ မသွားပေ။ တစ်စုံတစ်ရာကို သိရှိခံစားနားလည်နေပါလျက် ဖြူသည် တစ်စုံတစ်ရာကိုပင် မသိရှိနားမလည်သလို မေ့ထားချင်၏။ ဖြူ့စိတ်သည် မရဲကိုး။ ခွင့်လွှတ်ပါနော် လင်း။ ဖြူ့ အသိစိတ်ထဲမှ အထပ်ထပ်အခါခါ လင်းကို တောင်းပန်သည်။ လင်း စောင့်နေမည့်အချိန် ဖြူသည် မနက်စောစော ကားအမီ ပြင်ဆင်ထုပ်ပိုးရင်း ပစ္စပ္ပန်ကို မေ့ပစ်ထားသည်။ ဇာဇာက လင်း နင့်ကို တစ်ခုခုပြောမှာပါဟာဟု မျှော်ကိုးတိုက်တွန်းစကားဆိုသည်။ စုလတ်က ဒီတစ်ခါ တစ်ခါလေးနဲ့ တကယ် ဝေးရင် နင်တစ်သက်လုံးဆွေးရမှာဟု ခြောက်လှန့်စကားနာထိုးသည်။ ဖြူသည် ဟန်မဆောင်နိုင်တော့ဘဲ အင့်ခနဲ ရှိုက်ငိုမိခဲ့သည်။ ဖြူ့ မျက်ရည်များသည် အရေးပေါ် ရောက်နေသည့် ဖေဖေ့အတွက်လား၊ မိသားစုတွေအတွက်လား၊ လင်းအတွက်လား ဘာမှမရေရာ မသေချာသလို ဖြစ်နေသည်။

❑

ဖြူ တတိယနှစ်တွင် ကျောင်းပြောင်းရတော့သည်။ မေမေသည် မီးနိုသက်သက်မှ သူမ တတ်စွမ်းသော အိမ်တွင်း အချုပ်အလုပ်ပညာကလေးဖြင့် တစ်ဖက်တစ်လမ်းမှ မဖြစ်မနေ တကုပ်ကုပ် အလုပ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်လာရသည်။ ဆေးပင်စင်ဖြင့် အနားယူလိုက်ရသော ဖေဖေ့ ကျန်းမာရေးသည် အဆုတ်မရှိ အတိုးဘက် ရွှေ့ယိုင်လာသည်။ ဖြူ့ပညာရေး ဆုံးခန်းတိုင်ဖို့အရေးသည် အခွင့်အလမ်း ကျဉ်းမြောင်းလာခဲ့သည်။ တောင်ငူ နည်းပညာတက္ကသိုလ်သို့ ဖြူ ကျောင်းပြောင်းတင်သည်။ ဖြူ့ဘဝ၌ မတည်ငြိမ် မအေးချမ်းဆုံးသော အချိန်များပင်တည်း။ ဖြူ ကျောင်းဆက်တက်ရန် အခွင့်အရေးသည် ရှိရင်းစွဲ အခြေအနေထက် ယိုင်နဲ့ခက်ခဲလာ၍ဖြစ်သည်။ အရွယ်ရောက်စ ဖြူ့အောက်မှ အငယ်များ အရေးလည်း ရှိလာသည်။ သို့သော် ဖေဖေရော မေမေပါ ဖြူ့ပညာရေးကို ထိုနည်းဖြင့် ဆုံးခန်းတိုင်စေလိုသည်။ ဖြူ့အတွက် ပျော်ရာထက် တော်ရာနေရာပင်တည်း။ သန်လျင်နည်းပညာသို့ ကာလတိုတစ်ခုစာ ဖြူ ပြန်ရောက်သည်။ လင်းနှင့် လုံးဝ မဆုံစည်းမိခဲ့။ ကျောင်းဖွင့်ရက်များစွာ လွန်လာသည့်တိုင် လင်းသည် အဆောင်သို့ ပြန်မရောက်လာသေးဟု သိခွင့်ရသည်။ လွမ်းလိုက်တာ လင်းရယ်ဟု ဖြူ တိုးတိုးဖွဖွ ညည်းညူရသည့် အဖြစ်ကို လင်း သိမြင်နိုင်မည် မဟုတ်။ ထိုအချိန်မှာ ဖြူသည် လင်းမျက်နှာကို တမ်းတမ်းတတ မြင်လိုတွေ့လိုစိတ်ဖြင့် လင်းနှင့် စကားတွေအများကြီး ပြောချင်နေခဲ့ဖူးသည်။

"လင်း နှင့်ကို တော်တော်နားလည်ရခက်သွားပုံပဲဟ။ သူ နယ်မပြန်ခင်ရက်အထိ အဆောင်မှာ လာရှာသေးတယ်။ နင်ပြန်သွားတာတောင် သူ သိခွင့်မရလို့တဲ့လေ။ စိတ်လည်း ထိခိုက်သွားရှာမှာပဲ"

ဇာဇာတို့ စုလတ်တို့ထံမှ လင်းအကြောင်း တစ်ပိုင်းတစ်စ သိခွင့်ရသည်။ လင်းကျောင်းကို ဘာကြောင့် ပြန်ရောက်မလာသေးမှန်း ဘယ်သူမှ တိတိပပမသိ။ လင်း ဖြူ့ကို စိတ်ဆိုးသွားတာလား ဖြူ တွေးသည်။ ဖြူဟာ လင်းအပေါ် တကယ်တရားခံရဲ့လား။ ဖြူသည် လင်းကို တောင်းပန်လိုစိတ်လည်း ရှိနေသေးသည်။

"လင်း ပြန်လာတဲ့အခါ ပေးလိုက်ပါနော်"

တစ်လမပြည့်ခင် သန်လျင်ကျောင်းမှ တောင်ငူကျောင်းသို့ ဖြူ ပြောင်းရွှေ့ခွင့်ကျသည်။ ဖြူသည် သူငယ်ချင်းများမှတစ်ဆင့် လင်းထံ စာတစ်စောင် ချန်ရစ်သည်။ စာထဲတွင် လင်းကို ဖြူ တောင်းပန်စကားများစွာ ရေးဖွဲ့ထားသည်။ လင်းနားလည်ပါစေဟု ဖြူ တွေးသည်။ ဝေးရပြီဟူသော အသိတွင် ဖြူသည် ပိုင်ဆိုင်ဖူးသော အိပ်မက်တစ်ခုလိုပင် လင်းကို သိစိတ် မသိစိတ်ထဲ တိတ်တဆိတ် ခေါ်ဆောင်ယူငင် သိမ်းဆည်းထားလိုက်မိလေ၏။

❑

ဘဝ အပြောင်းအလဲ မြန်ဆန်မှုများကို ဖြူ ပြန်တွေးတိုင်း စိတ်မောရသည်။ ဖေဖေသည် ဖြူ နောက်ဆုံးနှစ်အရောက် အိပ်ရာထဲ လဲရင်းပင် တိမ်းပါးသည်။ ဆရာနှင့်ဖြူ ဆုံစည်းသည်။ ဆရာသည် ဖေဖေမတိမ်းပါးခင်ကပင် ဆရာတပည့်အရင်းများ ဖြစ်ခဲ့ကြရာ ဖေဖေသည် နောက်ဆုံးအချိန် မတိုင်ခင်မှာပင် ဆရာနှင့် ဖြူ့နောင်ရေးကို တွက်ဆစီစဉ်ခဲ့ပုံရသည်။ ဖြူ့ထက် ငါးနှစ်မျှကြီးသော ဆရာသည် ဖေဖေ မရှိတော့သည့်နောက် ဖြူတို့မိသားစု တစ်ခြမ်းပဲ့လေးအား အုပ်မိုးပေးနိုင်စွမ်းသော ထီးတစ်လက်ပမာ ဖြစ်ခဲ့သည်။ ဖြူ နောက်ဆုံးနှစ်ပြီးသော် ဆရာနှင့်လက်ထပ်သည်။ ကျောင်းဆရာဖြစ်သော ဖြူ့ ခင်ပွန်းသည် စကားနည်း၍ အေးဆေးသော လူတစ်မျိုးဟု လွယ်လွယ်ဆိုနိုင်မည်။ တောင်ငူမြို့ အထက်တန်းကျောင်း ကျောင်းအုပ်ရာထူးဖြင့် အခြေတကျရှိသော ခင်ပွန်းသည်ကြောင့်ပင် ဖြူသည် ကျောင်းပြီးသော် တောင်ငူ၌ပင် အလုပ်ရသည်။ ရန်ကုန်သည် တောင်ငူနှင့် ဘာမျှ မဝေးကွာလှပါဘဲ ဖြူသည် အားလုံးနှင့် အဆက်အသွယ် ပြတ်တောက်ခဲ့ရသည်။ ဖြူသည် တစ်စတစ်စ ဝေးကွာခြားနားလွန်းလှသော အချိန်နှင့် အပြောင်းအလဲများကြား လင်းကိုပင် မေ့ခဲ့ရသည်။ ဖြူသည် အိမ်ထောင်ရှင်မတစ်ယောက် တာဝန်များဖြင့် အလုပ်တစ်ဖက်ဖြင့် အချိန်ပြည့် အာရုံသည် ပျံ့ပျံ့လွင့်လွင့် ရှိမနေနိုင်စွမ်းတော့ပေ။ လင်းသည် ဘယ်ဆီရောက်နေမှန်း ဖြူ မသိတော့။ အင်တာနက်အွန်လိုင်း ဖေ့ဘွတ်ခေတ် ဖြူ သန်လျင်ကျောင်းတုန်းက သူငယ်ချင်း အတော်များများဖြင့် ပြန်လည် ဆုံတွေ့ခွင့်ရသည်။ ထိုအထဲတွင် လင်းမပါ။ ဖြူသည် မည်သူ့ကိုမျှ လင်းအကြောင်း မမေးဖြစ်။

"လင်းတစ်ယောက် ပျောက်နေတယ်ဟ။ အဆက်အသွယ်မရ သတင်းမရ။ သင်္ဘောတက်သွားတယ်လို့လည်း ပြောကြတာပဲ။ ဘာလဲ အဆက်ဟောင်းကြီးကို သတိရနေတာလား မိဖြူ"

စုလတ်နှင့် တစ်ခါ ဖုန်းပြောစဉ်က မရေမရာရသော လင်း သတင်း။ ဖြူသည် တစ်ခါတစ်ရံတော့ လင်းကို သတိတရကြီးစွာ ရှိနေတတ်သောစိတ် ဝင်နေသေးသည်။ ဖြူ့အတွက် မတွေးသင့် မတွေးအပ်သော စိတ်ဟုထင်မှတ်ပြန်သည်။ လင်းနဲ့ဖြူဟာ သူငယ်ချင်းတွေပါပဲဟူသော ဖြည့်တွေးဖြင့် ဖြေရသည်။

လက်ရှိအချိန်မှာ ဖြူဟာ အိမ်ထောင်ရှင်မ ဇနီးမယားတစ်ယောက်ပင်မက သားတစ်ယောက်၏ မိခင်ပင် ဖြစ်ခဲ့လေပြီ။ တစ်ခါတစ်ရံ ဖြူသည် ဟိုးတုန်းကလို အိပ်မက်မျိုး ပြန်ပြန်မက်သည်။ အိပ်မက်ထဲတွင် လင်းသည် ဟိုးတုန်းအတိုင်း ရှိနေသေးသည်။ လင်း မျက်ဝန်းများကို ဖြူ ရှက်ရွံ့ရစမြဲ။ လင်းရယ်သံများကို ဖြူ နာလိုခံယူနိုင်စွမ်းမြဲ။ အချစ်ဦးဆိုတာ မြေးဦးရသည်ထိ မမေ့ဟူသော လူတွေပြောစကား ကြားသည့်အခါတိုင်း လင်းကို သတိတရရှိတတ်စမြဲ။

❑



www.burmeseclassic.com

www.burmeseclassic.com

လင်းနှင့်ဖြူ ဝေးကွာခြားနားမှုသည် ကံစီမံရာအတိုင်း သမားရိုးကျသာ ဖြစ်ခဲ့လိမ့်မည်။ သို့သော် နောက်ဆုံးအချိန်အထိ လင်း စိတ်ကို ဖြူ သိမြင်နိုင်စွမ်းခဲ့သလို ဖြူ့စိတ်ကို လင်း သိမြင်နိုင်စွမ်းခဲ့မည်ထင်သည်။ ဖြူသည် လင်းကို ဘယ်တုန်းကမျှ မမေ့နိုင်သေးခဲ့သည်မှာ သေချာပါသည်။ အချစ်ဆိုတာ ချစ်သူတွေဖြစ်ခွင့်ရခဲ့မှ မဟုတ်တာ။ လင်းနှင့်ဖြူ့ကြား ခံစားနားလည်မှုတံခါးတွေ ရှိနေသိနေခဲ့ကြသည် မဟုတ်လား။ ဖြူ ရေးခဲ့ဖူးသည့် **ညရထား** ကဗျာတစ်ပုဒ်ကို ကဲန်တင်းထဲ ရွတ်ပြခဲ့ဖူးသည့် လင်းအသံများ၊ မိုးရေစိုစွတ်သော နေ့တစ်နေ့ လင်းတို့ မြတ်သုခအဆောင်ဆင်ဝင်အောက်က ဖြူ့ ရင်ခုန်သံများ၊ လင်း မျက်ဝန်းများ။ အရာရာသည် မနေ့ကအတိုင်း။ ဖြူ့မှာ စိတ်ကူးယဉ် အိပ်မက်ကလေးတစ်ခုလောက်သာ ပိုင်ဆိုင်ခွင့်ရခဲ့ဖူးသည် မဟုတ်လား။ လင်းသည် ဖြူ ပိုင်ဆိုင်ခွင့်ရခဲ့ဖူးသည့် အိပ်မက်။ အိပ်မက်ဆိုတာ ကိုယ်မှတစ်ပါး မည်သူသိနိုင်သည် မှတ်လို့။

'ဂဲလ်သားရင်းပါတီ အသေးစားလေးပါဟယ်။ ဘယ်သူတွေ ရှိရဦးမလဲ။ တို့အုပ်စုတွေပဲပေါ့။ တမင် မဆုံဆုံအောင် ညှိကြပြီး ပွဲကို ကျောင်းထဲမှာ ရအောင် ပြန်လုပ်ကြမှာ။ သူငယ်ချင်းတွေ ချည်းပဲမို့ နင့်ကို လာစေချင်တာလေ။ ရောက်အောင်တော့ လာခဲ့ စေချင်တာပေါ့ဟာ။ ကလေးတစ်ဖက်လည်း ဘာဖြစ်သေးလဲ ဖြူရယ် နင်ရန်ကုန် ငါ့အိမ်မှာ တည်းမလား၊ ငါက ကျူရှင်ဆရာမအိမ်ဆိုတော့ စာမေးပွဲနီးချိန် ငါ့ကျောင်းသားတွေ ဆူညံမှာ တစ်ခုပဲ။ ဟော့ မိစုလတ်အိမ်တည်းမလား၊ ဒီမိန်းမက ခု ဘောစိလေ၊ သူ့အမျိုးသားက သဘော်သား။ ခြံမှ အကျယ်ကြီး၊ တိုက်နဲ့တာနဲ့။ လာဖြစ်အောင်လာပါ ဖြူရယ်နော်'

ဇာဇာ့ထံမှ သတင်းရသည်။ ဖြူ့ကို မရအရ ခေါ်နေသည်။ ဖြူသည် ခွင့်ရက်မရ။ ဆုံးဖြတ်ရလည်းခက်သည်။ ဖြူ့ခင်ပွန်း ဆရာ့ကိုပင် ဤကိစ္စ မည်သို့အစချီဆိုရအံ့မသိ။ သူငယ်ချင်းများ မဆုံသည်မှာ နှစ်များစွာကြာခဲ့ပြီ။ ရည်ရွယ်ချက်ကလေး မဆိုးလှသည့်ပွဲ။ ဖြူ ရန်ကုန်သို့ ဆင်းချင်စိတ်ရှိနေပါသည်။ သို့သော် ကိုယ့်အခြေအနေ ကိုယ်သာသိနေသည်။ မည်သို့မျှ ဖြစ်မည်မဟုတ်။

'နင့်ကို အရမ်းတွေ့ချင်ပြီး နင်တွေ့ချင်နေမယ့်သူလည်း ပါမယ်ထင်တယ်နော် ဖြူ။ လင်းလေ။ နင့်ရဲ့ လင်း။ ဒီကောင် ပွဲကို လာမယ်လို့ သူ့သူငယ်ချင်းတွေ ပြောနေတယ်ဟ။ ခုထိ ငါလည်း သတင်းမရသေးတာ။ အံမယ် ဆရာသမားက ဒီနေ့အထိ လူပျိုကြီးဆိုပဲဟော့။ လာဖြစ်အောင် လာပါလား ဖြူရယ်'

လင်း…။ ဖြူသည် ပြောလက်စဖုန်းကို မေ့သွားသည်။ ဇာဇာ့အသံသည် ကြားတစ်ချက် မကြားတစ်ချက်ပင်။ ဖြူသည် ဒွိဟတစ်ခုကို ပိုက်ထွေးထားသည်။ အို ဖြူ လင်းကို တွေ့ချင်နေတာပါလား။

❑

ခုတလော ဖြူ့စိတ်တွေ အစိုးမရဖြစ်နေသည်။ ခဏခဏ ဒေါသထွက်သလိုလို စိတ်မရှည်သလိုလို ထင်ရသည်။ အလုပ်တစ်ခုကို လုပ်နေရင်း အခြားတစ်ခုကို စိတ်ရောက်သည့်အခါ ရောက်သည်။ နောက်ဆုံးတော့ ဖြူ ရန်ကုန် မလာဖြစ်တော့သည့်အကြောင်း ဇာဇာတို့၊ စုလတ်တို့ထံ ပို့ရသည်။ စိတ်ဆိုးသွားကြသည်ထင် ဖြူ့ထံ ဖုန်းပင် ဆက်သွယ်မလာကြတော့ပေ။ အို… ဖြူဟာ လင်းနှင့် ပတ်သက်ပြီး ကံကြမ္မာကို နောက်ထပ်တစ်ကြိမ် အလွဲထပ်လုပ်မိသည်များလား။ ဒီလိုတော့လည်း ဖြူ မတွေးချင်။ အခြေအနေတွေ ကွာခြားလွန်းခဲ့ကြပြီ မဟုတ်လား။ ဖြူသည် ကိုယ့်ကိုယ်ကိုပင် မချင့်မရဲ။ တစ်ခုခုကို ဝမ်းနည်းသလိုလိုဖြင့် တွေးကာ ငေးကာ ဆွေးသလိုလို ဖြစ်ရပြန်သည်။

'တစ်အိမ်လုံး ညှော်ခြစ်တူးနေလို့ လာကြည့်တာ။ မင်းရှေ့မှာ ဟင်းအိုးကြီးတင်ထားပြီး ဘာလုပ်နေတာပါလိမ့်'

ဆရာ့အသံ ကြားသော် ဖြူ အသိစိတ်ဝင်ကပ်သည်။ ဘုရားရေ အမှန်တကယ် ညှော်နံ့တွေ မွှန်ထူနေရှာသည်။ စကားပြောလျှင် ကျောင်းဆရာပီပီ မေးခွန်းကလေး ရိထေ့ထေ့ပါတတ်တာ ဆရာ့အကျင့်။ ဖြူသည် ဟန်ကိုယ်ဖို့ပြင်ရင်းမှ ဒေါသစိတ်က ဝင်လာပြန်သည်။ ဆရာ့မျက်နှာ လှမ်းမကြည့်ဖြစ်ပါပဲ ဆရာ့ထံ ဒေါသစိတ်ရောက်လေသည်။

'ကဲလေ ချက်နေတာပဲ မမြင်ဘူးလားလို့။ အလုပ်က ပြန်လာကတည်းက ရေတောင် မချိုးနိုင်သေးဘူး တော်ရေ။ တူးသွားလည်း အတူးပဲ စားလိုက်ကြတာပေါ့။ ဘာဖြစ်သေးသတုံး'

'ဟော့ဗျာ ဟော့ဗျာ'

ဆရာသည် ခေါင်းကလေး ကုတ်ကာ မီးဖိုခန်းမှ လှည့်ထွက်သွားရှာသည်။ ဖြူသည် နောက်မှ ဆရာ့ကို အားနာသလို ဖြစ်ရသည်။ ဒီလို ဘုဆတ်ဘောက်ဆတ် စကားမျိုး ဆရာ့အပေါ် ဖြူ မဆိုဖြစ်ဖူးခဲ့ပေ။ ဘာအတွက်မှန်းမသိ ဖြူ ဒေါသစိတ်ဝင်ရသည်သာ အပြစ်။ သွားလိုပါလျက် သွားခွင့်မရသည့် အရေးကြောင့်သာလျှင် ဖြစ်မည်ထင်သည်။ အနည်းဆုံးတော့ ဖြူ ဖေ့စ်ဘွတ်ခ်မှာ သူငယ်ချင်းများ တင်မည့် ဓာတ်ပုံများကို တွေ့မြင်ခွင့်ရနိုင်လိမ့်ဦးမည်။ ပြီးတော့ ဒီပွဲကို လင်း ရောက်မည်ဆိုလျှင်ဖြင့် လင်းကို ဖြူ တွေ့မြင်ခွင့်ရနိုင်သေးသည်ပဲ။ ခွင့်လွှတ်ပါ လင်းရယ်။ စိတ်ထဲမှ မရည်ရွယ်ထားဘဲ လင်းကို ဖြူ တောင်းပန်နေမိသည်။ တကယ်တော့ လင်းဟာ ဖြူ့အတွက် အိပ်မက်ကလေးတစ်ခုတည်း ခြားခဲ့သူ မဟုတ်လား။ ■

**တေဇလင်း**

၊နည်းပညာတက္ကသိုလ်၊



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဝတ္ထုမိုးသက် ပတ္ထုနှင်းသက်

## ဝင်းငြိမ်း



အမှတ် ၃၅၄၊ မေ ၂၀၁၉

ရုပ်စုံမဂ္ဂဇင်း
အမှတ်တရစာစု

*၂၀၁၉ ခုနှစ် မတ်လ ၂၆ ရက်နေ့က မြန်မာစာပေကောင်းကင်မှာ ထွန်းလင်းတောက်ပတဲ့ ကြယ်တစ်စင်းဖြစ်သူ ကိုငြိမ်း(မန္တလေး) ကွယ်လွန်ခဲ့သလို မတ်လ ၂၇ ရက်နေ့မှာ စာရေးဆရာကြီး မဟာဆွေရဲ့သမီး စာပေလောကရဲ့ မိခင်သဖွယ်ဖြစ်တဲ့ ဆရာမကြီး ဒေါ်ခင်ဆွေဦး ကွယ်လွန်သွားခဲ့ပါတယ်။ ကိုငြိမ်း(မန္တလေး)နဲ့ တွေ့ဆုံဖို့ အခွင့်မသာခဲ့ပေမဲ့ ဒေါ်ခင်ဆွေဦးနဲ့ကတော့ ပေဖူးလွှာမဂ္ဂဇင်းအတွက် တွေ့ဆုံပေးဖူးတာကြောင့် အလွမ်းပြေအဖြစ် ပြန်လည်ဖော်ပြ ပေးလိုက်ပါတယ်။*

■

ဝင်းငြိမ်း

ဒီလ တွေ့ဆုံပေးဖို့ စာတည်းအဖွဲ့က တာဝန်ပေးသူကတော့ လုံးချင်းဝတ္ထုပေါင်း ၅၁ အုပ်၊ ဝတ္ထုရှည်ပေါင်း ၁၀ ပုဒ်၊ ဝတ္ထုတို အပုဒ်ပေါင်း ၃၀၀ ကျော် ရေးပြီးတဲ့ ဆရာမကြီး 'ဒေါ်ခင်ဆွေဦး' ပဲ ဖြစ်ပါတယ်။

ဒေါ်ခင်ဆွေဦးရဲ့ စာရေးသက်ဟာ ၃၆-၃၇ နှစ် ရှိနေပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ လစဉ် အစီရင်ခံထားသလိုပါပဲ။ တွေ့ဆုံပေးတဲ့နေရာမှာ စာရေးဆရာ၊ အနုပညာရှင်များရဲ့ ဝါစဉ်အရ မဟုတ်ဘဲ စာတည်းအဖွဲ့ရဲ့ လုပ်ငန်းအဆင်ပြေမှုပေါ်မှာ မူတည်ပြီး တွေ့ဆုံပေးသွားမှာဖို့ ဒီလမှပဲ ဒေါ်ခင်ဆွေဦးနဲ့ တွေ့ဆုံပေးခွင့်ကြုံရတာကို စာချစ်သူများ နားလည်သဘောပေါက်မယ်လို့ ယူဆပါတယ်။

စာရေးဆရာကြီး 'မဟာဆွေ'ဆိုရင် တစ်ခေတ်က စာချစ်သူများ အသည်းစွဲ မျိုးချစ်စာရေးဆရာကြီးတစ်ဦး ဖြစ်ခဲ့ပါတယ်။ ဆရာကြီးရဲ့ ဇာတ်ကောင်တွေဟာ ခေတ်လူငယ်တွေကို ကာယ၊ ဉာဏ တိုးတက်ဖွံ့ဖြိုးလာအောင်၊ မျိုးချစ်စိတ် ထက်သန်လာအောင် လှုံ့ဆော်ပေးနိုင်ခဲ့သလို ဆရာကြီးနဲ့ ဒေါ်ကြည်ကြည်တို့ရဲ့ သမီးကြီး ဒေါ်ခင်ဆွေဦးကလည်း သူ့ခေတ်ရောက်ပြန်တော့ အဖေ့ခြေရာကိုဆက်နင်းပြန်ပါတယ်။ ဒေါ်ခင်ဆွေဦးအကြောင်း ပြောကြစတမ်းဆိုရင် **တို့တိုင်းဌာနီ၊ အင်ကြင်းရဂုံ** စတဲ့ အမျိုးသားရေး အပြည့်အဝပါတဲ့ ဝတ္ထုတွေ ချန်လှပ်ခဲ့လို့ မရပါဘူး။

သူ့ဝတ္ထုတွေကိုဖတ်ရင်း စိတ်ဓာတ်ပြန်လည်တက်ကြွခဲ့ရပါတယ်လို့ စာပေ



www.burmeseclassic.com

www.burmeseclassic.com

ဆွေးနွေးပွဲတွေမှာ စာဖတ်ပရိသတ်က လိုက်လိုက်လှဲလှဲ ပြောခဲ့ကြဖူးပါတယ်။ ❑

**ကျွန်တော်တို့ ဒီနေ့ မြန်မာစာပေလောကမှာ အဖေ စာရေးဆရာ၊ သား စာရေးဆရာ၊ သမီး စာရေးဆရာ စသဖြင့် မိသားစု စာရေးဆရာတွေ ရှိပါတယ်။ အခု ကျွန်တော် တွေ့ဆုံနေတဲ့ မမ ဆိုရင်လည်း ဆရာကြီး မဟာဆွေရဲ့ သမီး။ ဒီတော့ ကျွန်တော် သိချင်တာက ဒီလို မိသားစုစာရေးဆရာ ဖြစ်လာတာဟာ ဖခင်၊ မိခင်တို့ရဲ့ ဗီဇကြောင့်လား၊ ဒါမှမဟုတ် ပတ်ဝန်းကျင်ကြောင့်လို့ ဆိုမလား။ မမကိုကော ဆရာကြီးက စာရေးဆရာမတစ်ယောက်ဖြစ်လာအောင် ဘယ်လို ပြုစုပျိုးထောင်ပေးခဲ့ပါသလဲ။**

ကျွန်မအမြင်ကတော့ စာရေးဆရာ သားသမီးပဲဖြစ်စေ၊ တခြား တစ်ဦးဦးပဲ ဖြစ်စေ စာရေးဆရာဖြစ်လာတာဟာ ပတ်ဝန်းကျင် လွှမ်းမိုးမှုကြောင့်လို့ပဲ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ အဖေဆိုရင် ကျွန်မကို စာရေးဆရာဖြစ်လာအောင် တိုက်ရိုက်ပြုစုပျိုးထောင်ပေးမှု မရှိပေမဲ့လည်း တစ်ခုရှိတာက ကျွန်မတို့မှာ ညီအစ်မနှစ်ယောက် ရှိတယ်။ ကျွန်မက စာရေးဆရာဖြစ်ခဲ့ပေမဲ့ ညီမလေးက စာရေးဆရာ မဖြစ်ခဲ့ဘူး။

ကျွန်မက သမီးအကြီးဆိုတော့ အဖေက Training ပေးတဲ့နေရာမှာ သူနဲ့ အနီးကပ်ဆုံး ကျွန်မကို ပေးခဲ့တယ်။ အဲဒီအခါကျတော့ ကျွန်မက အဖေကို ချစ်တဲ့စိတ်၊ ခင်မင်တဲ့စိတ်၊ လေးစားတဲ့စိတ် သာချင်လည်း သာမယ်ပေါ့လေ။ ပြောရမယ်ဆိုရင် ထုံးစံလိုဖြစ်နေတာက အကြီးဆိုတာ အဖေနဲ့ ပူးတွဲနေလေ့ရှိပြီး အငယ်ကတော့ အမေနဲ့ပဲ အမြဲ ပူးတွဲနေလေ့ရှိတယ် မဟုတ်လား။ အဲဒီအခါကျတော့ ဖေဖေ့လို ဖြစ်ချင်တဲ့စိတ်၊ ဖေဖေ့ကို အတုခိုးချင်တဲ့စိတ်၊ ဒါတွေက ဖေဖေ့ကို မြင်ပြီး ပေါ်လာတာတွေပါ။

နောက်တစ်ချက်ကလည်း ကျွန်မတို့အိမ်က စာရေးဆရာအိမ်ဆိုတော့ စာအုပ်က အပြည့်ရှိတယ်။ ဒါကတော့

qefw, f
ajym&rvmyJ
azazu
ulefuk
pma&;q&m
rjzpfapcsifcJh
t JDwkef;u
pma&;q&m
qkdwmuvnf;
t ajc t ae
oyfrcdkif/kdbl;av
ulefwkd
pma&;q&m
jzpf/m&if
ol/kdyJ
'ku©&mufcJh
ol
pkd;&dcJhw, f

မဆန်းဘူးပေါ့လေ။ မုဆိုးအိမ်မှာ မုဆိုးကိရိယာ ရှိသလို၊ ကုန်သည်အိမ်မှာဆိုရင် ချိန်ခွင်ကတ္တား ရှိသလိုပါပဲ။ အိမ်မှာ စာအုပ်ရှိတော့ စာဖတ်ဖြစ်တာပေါ့။ အဲဒီစာတွေကလည်း ကျွန်မ စာရေးချင်စိတ်ကို လှုံ့ဆော်ပေးခဲ့ပါတယ်။

ကျွန်မ မှတ်မိတာကတော့ ကျွန်မတို့ ငယ်ငယ်၊ ၅၁ လမ်းမှာ နေတုန်းက ကျွန်မအသက်က ၁၈–၁၉ လောက် ရှိဦးမယ်။ ဖေဖေ ဆုံးခါနီးအချိန်ပေါ့။ အဲဒီတုန်းက ဖေဖေ ဖွဲ့ဖတ်တာတစ်ခုရှိတယ်။ "အလက်ဇန္ဒားဒူးမား(စ)"ရဲ့ စာအုပ်ပါပဲ။ အလက်ဇန္ဒားဒူးမား(စ)က စီနီယာနဲ့ ဂျူနီယာ ရှိတယ်။ သားအဖ စာရေးဆရာပေါ့။ အဖေကတော့ ရေးခဲ့တာတွေ တော်တော်များပါတယ်။ လူသိများတဲ့ **သူရဲကောင်းသုံးယောက်တို့၊ မွန်တီခရစ်တို** တို့လေ။ ကျွန်မကတော့ သူရေးတဲ့ Adventures တွေ ဖတ်တယ်။ ဖေဖေကတော့ သားရေးခဲ့တဲ့ ဝတ္ထုတွေကို ပို့ပြီး သဘောကျတယ်။ များများတော့ မဟုတ်ပါဘူး။ တစ်အုပ်တည်းပါ။ **ကယ်မလီ** ဆိုတဲ့ ဝတ္ထုပါ။ ဒူးမားအငယ်က ဒီတစ်အုပ်ပဲ ရေးခဲ့တာပါ။

အဲဒီဝတ္ထုဖတ်ဖို့ ဖေဖေ ပြောတဲ့အချိန်မှာ ကျွန်မ သိပ်မဖတ်တတ်သေးဘူး။ သို့သော် သူပြောတဲ့အချိန်မှာပဲ ဖတ်ခဲ့ပြီး အချစ်ဝတ္ထုရေးဖို့ စိတ်ဝင်စားလာတယ်။ အဲဒီဝတ္ထုကနေ နောက်ပိုင်းမှာ ကျွန်မရေးတဲ့ **ဥမ္မာ** တို့၊ ဘာတို့ ဖြစ်လာတာပေါ့။

အဲဒီတော့ ကိုဝင်းငြိမ်း မေးတဲ့ မေးခွန်းကို ကျွန်မ ချုပ်ပြီးပြောရရင် ကျွန်မ စာရေးချင်စိတ်ပေါ်လာတာဟာ ပတ်ဝန်းကျင်ကြောင့်ပါ။ ဖေဖေ့ဆီကို လာကြတဲ့ မျိုးချစ်လူငယ်တွေကိုကြည့်ပြီး ကျွန်မရင်ထဲက ဇာတ်ကောင်တွေကို ဖန်တီးခဲ့ပါတယ်လို့ပဲ ဖြေပါရစေ။

**ဒါဆို ဆရာကြီးက မမကို တိုက်ရိုက်လေ့ကျင့်ပေးသွားတာတော့ မဟုတ်ခဲ့ဘူးပေါ့။**

မရှိခဲ့ပါဘူး။ တစ်ခုတော့ ရှိတယ်။ ဆန်းတယ် ပြောရမလားပဲ။ ဖေဖေက ကျွန်မကို စာရေးဆရာ မဖြစ်စေချင်ခဲ့ဘူး။ အဲဒီတုန်းက စာရေးဆရာဆိုတာကလည်း အခြေအနေ သိပ်မခိုင်လုံဘူးလေ။ ကျွန်မတို့ စာရေးဆရာဖြစ်လာရင် သူ့လိုပဲ ဒုက္ခရောက်မှာ သူ စိုးရိမ်ခဲ့တယ်။ ဖေဖေရော မေမေက ကျွန်မတို့ကို စာတတ်ပုဂ္ဂိုလ်ပဲ ဖြစ်စေချင်တယ်။ ဒါပေမဲ့ ကျွန်မအနေနဲ့က ဖေဖေ့ကိုကြည့်ပြီး အားကျတာလည်း ပါတယ်။

ဖေဖေက ကျွန်မတို့ကို လူတော်လူကောင်းလေးတွေ ဖြစ်လာအောင်ပဲ ပြုစုပျိုးထောင်တယ်။ သတ္တိရှိရမယ်၊ ဇွဲရှိရမယ်၊ တစ်ခုတော့ ရှိတယ်။ အဲဒီသတ္တိရှိအောင် ပြုစုပျိုးထောင်ခဲ့တာကိုကပဲ စာရေးဆရာဖြစ်အောင် စေ့ဆော်တဲ့ အချက်ထဲမှာ တစ်ခုတော့ အပါအဝင်ဖြစ်မယ် ထင်ပါတယ်။

**မမ ဘယ်အရွယ်လောက်ကစပြီး စာရေးခဲ့တာလဲ။**

ကျွန်မ အသက် ၁၂ နှစ်သမီး



www.burmeseclassic.com

www.burmeseclassic.com

လောက်မှာ အိမ်ကို သတင်းစာသမားတွေ၊ စာရေးဆရာတွေ အဝင်အထွက်များလာတယ်။ အဲဒီအထဲမှာ သူရိယသတင်းစာတိုက်မှာ လုပ်ခဲ့ဖူးတဲ့ ဦးသိမ်းမောင်က 'သံတော်ဆင့်' သတင်းစာဆိုပြီး သတ်သတ်လုပ်တယ်။ သံတော်ဆင့် သတင်းစာ အယ်ဒီတာက ဦးထွန်းအိမ်တဲ့။ စာရေးဆရာ သတိုးအိမ်ပေါ့။ သူက ကျွန်မ စာရေးတာ ဝါသနာပါတာလေးကို သိတဲ့အတွက် ရေးပါလားလို့ တိုက်တွန်းတယ်။ အဲဒီတုန်းက ၁၂ နှစ် သမီးအမြင်နဲ့ ဝတ္ထုတိုကလေးတွေ၊ ဆောင်းပါးတိုကလေးတွေ ရေးခဲ့တာပါပဲ။ သံတော်ဆင့်မှာက တနင်္လာနေ့တိုင်း ၁၄ နှစ်အောက် ကလေးများကဏ္ဍပါတော့ ကျွန်မတို့လည်း ပါသွားတာပေါ့။ အဲဒီတုန်းက ၁၉၄၆-၄၇ လောက်ပဲ ရှိမယ်။

အဲဒီကနေပြီးတော့ အသက် ၁၅ နှစ်၊ ၁၆ နှစ်။ ရှစ်တန်း၊ ကိုးတန်းလောက်ရောက်လာတဲ့အခါမှာ 'ရှုမဝ မဂ္ဂဇင်း' ကလေးစာပေကဏ္ဍမှာ ဆက်ရေးဖြစ်ခဲ့တယ်။ အဲဒီမှာ ရေးရင်း ကျွန်မ ဆယ်တန်းအောင်သွားပြီး တက္ကသိုလ်ရောက်သွားတော့ **တက္ကသိုလ်ဆိုတာ၊ တက္ကသိုလ် နံ့ရုံစာများ** စတဲ့ ခေါင်းစဉ်တွေနဲ့ တက္ကသိုလ်အတွေ့အကြုံတွေ ရေးခဲ့တယ်။ ရှုမဝမှာပါပဲ။ အဲဒီတုန်းက ရေးခဲ့တာတွေကတော့ ဆောင်းပါး ဝတ္ထုပုံစံတွေလေ။ ကျွန်မက ဆရာ သိပ္ပံမောင်ဝရဲ့ ဆောင်းပါးတွေ၊ သူ့ရေးဟန်တွေကို သိပ်သဘောကျတယ်။ အဲဒီအချိန်ကတော့ ၁၉၅၀-၅၁-၅၂ လောက် ရှိမယ်။

နောက် သွေးသောက်မှာ ရုရှားရုပ်ရှင်တစ်ခုကို နှစ်ခါပြန်၊ သုံးခါပြန် ကြည့်ပြီး ဘာသာပြန်ဝတ္ထု ရေးဖူးသေးတယ်။ ရုပ်ရှင်ကားနာမည်က **အော်စကာ**။ ကျွန်မက **သြော် အော်စကာ၊ အော်စကာ** ဆိုတဲ့ နာမည်နဲ့ ရေးခဲ့တယ်။ ၁၉၅၆-၅၇ လောက်မှာ အိမ်ထောင်ကျပြီး မန္တလေးတက္ကသိုလ် ရောက်သွားတော့ မန္တလေးတက္ကသိုလ်ရဲ့ အတွေ့အကြုံတွေကို မဂ္ဂဇင်းဝတ္ထုရှည်အဖြစ် ရေးပို့ဖူးသေးတယ်။ ဒါပေမဲ့ အရွေးမခံခဲ့ရဘူး။ မအောင်မြင်ခဲ့ဘူး။

၁၉၅၇-၅၈ လောက်မှာ သွေးသောက်မှာ **မပန်သာသည်** ဆိုတဲ့ ဝတ္ထုရှည်နဲ့ မြဝတီမှာ **မျှော်မျှော်သူ မောရရှာတယ်** နှစ်လဆက် ဝတ္ထုရှည်တွေ စ,ပါလာတယ်။ အဲဒါပြီးတော့ ကျွန်မ ရန်ကုန်ပြန်ပြောင်းလာတယ်။ စိန့်ဂျွန်းကွန်ဗင့်ကျောင်း(အခုတော့ အ·ထ·က ၂ လသာပေါ့) ဆရာမ ဝင်လုပ်တယ်။ အဲဒီမှာ ကျွန်မ ဘယ်သူတွေနဲ့ တွေ့ရသလဲဆိုတော့ ဗရင်ဂျီ မယ်သီလရှင် အိုင်းရစ်လူမျိုးတွေနဲ့ တွေ့ရတယ်။

အိုင်းရစ်တွေဟာ မျိုးချစ်စိတ်ပြင်းသူတွေဆိုတော့ သူတို့ကလည်း သူတို့တိုင်းပြည်အကြောင်း ပြော၊ ကျွန်မကလည်း ကျွန်မတို့ တိုင်းပြည်အကြောင်းပြောကြရင်းက **တို့တိုင်း၌ဘနိ** ကို ရေးဖို့ စ,စိတ်ဝင်စားခဲ့တာပါပဲ။

**ဒါဆို မမ ပထမလုံးချင်းပေါ့။**

ဟုတ်ပါတယ်။

**'တို့တိုင်း၌ဘနိ' မှာ မမက ရဲဘော်သုံးကျိပ်ရဲ့ သမိုင်းနောက်ခံထား ရေးထားတာ တွေ့ရတယ်။**

ဒါနဲ့ ပတ်သက်လို့ ကျွန်မ ဘာကြောင့် ရာဇဝင်နောက်ခံထား ရေးရတယ်ဆိုတာကို အရင်ပြောချင်ပါတယ်။ လူဆိုတာ လူ့သမိုင်းဖြစ်စဉ်နဲ့ တွဲနေပါတယ်။ သမိုင်းကြောင်းကို ကျွန်မတို့ ရှောင်လို့ မရပါဘူး။ ကျွန်မတို့ဆိုရင် အသက် ရှစ်နှစ်၊ ကိုးနှစ်အရွယ်မှာ ဒုတိယကမ္ဘာစစ်ကို မီလိုက်တယ်။ အနိဋ္ဌာရုံတွေကိုလည်း တွေ့လိုက်ရတယ်။ ဗိုလ်ချုပ်အောင်ဆန်း စတဲ့ ခေါင်းဆောင်ပိုင်းရဲ့ လှုပ်ရှားမှုတွေကိုလည်း တွေ့လိုက်ရတယ်။ ဒီလို ကလေးဘဝက တွေ့လိုက်ရတဲ့ သမိုင်းဖြစ်စဉ်တွေက ရင်ထဲမှာ စွဲနေတယ်။

ကျွန်မ ဝတ္ထု ရေးလာတဲ့အချိန်မှာ သမိုင်းဖြစ်စဉ်နောက်ခံ မြင်ကွင်းကျယ်ကို အားထားလေ့ရှိပါတယ်။ **တို့တိုင်း၌ဘနိ** မရေးခင် ကျွန်မ ဖတ်ရသလောက် နိုင်ငံတကာအဆင့်မီ စာအုပ်တွေမှာဆိုရင် နောက်ခံကား မြင်ကွင်းကျယ်ရင် ကျယ်သလောက် ပရိသတ်ရင်ထဲမှာ စွဲစေတာကို တွေ့ရပါတယ်။ ဥပမာဆိုရင် ကျွန်မတို့ မြန်မာစာဖတ်ပရိသတ်တွေ ရင်းနှီးပြီးဖြစ်တဲ့ **စစ်နဲ့ငြိမ်းချမ်းရေး** တို့၊ **လေရူးသုန်သုန်** တို့၊ လူတန်းစားတစ်ရပ်လုံးကို ခြုံငုံပြီးရေးတဲ့ ပါးလ်ဘတ်ခ်ရဲ့ **ဋ္ဌတ်ဒ်အား(တ)** တို့ဆိုရင် နောက်ခံကား ကျယ်ပြန့်တယ်။ ကျွန်မလည်း အဲဒါမျိုးရေးဖို့ စိတ်သန်ခဲ့တယ်။

အဲဒီလို စိတ်သန်တော့ ကျွန်မ ရေးတဲ့ဝတ္ထုမှာ စာဖတ်ပရိသတ် စွဲငြိအောင် သမိုင်းကြောင်းနောက်ခံရေးရင် ကောင်းမလားဆိုပြီး ရေးခဲ့တာပါပဲ။ ဖန်တီးကြည့်ခဲ့တာပါပဲ။

နောက်ပြီးတော့ **တို့တိုင်း၌ဘနိ** မှာ ဗိုလ်သူရကို အဓိကဇာတ်ဆောင်အဖြစ် ဖန်တီးလိုက်ခြင်းဖြင့် ဒီခေါင်းဆောင်ရဲ့ အတွေး၊ အယူအဆတွေဟာ အများစုနဲ့ပဲ ဆက်စပ်ပြီး တွေးမလားပဲဆိုတဲ့ အချက်ရယ်၊ ပြီးတော့ လူအစစ်တွေကို ထည့်လိုက်တဲ့ ရည်ရွယ်ချက်ကတော့ ဘက်ဂရောင်းကို ကိုင်တဲ့နေရာမှာ နေရာနဲ့ အချိန်အခါ ဟန်ချက်မိဖို့ လိုလာတယ်။ ဒါ ဝတ္ထုရဲ့ သဘောတရားပါ။ ရဲဘော်သုံးကျိပ်ကို ထည့်လိုက်ခြင်းအားဖြင့် ပရိသတ်ရင်ထဲမှာ ပိုပြီး Realistic ဖြစ်လာအောင်ပါ။

**ကျေးဇူးတင်ပါတယ် မမ။ ကျွန်တော်တို့ နောက်တစ်အုပ် ဆက်ကြရအောင်။ 'အင်ကြင်းရုံ' မှာ အဓိကဇာတ်ဆောင်နှစ်ယောက်ဖြစ်တဲ့ ကိုထိန်ဝင်းနဲ့ မေသက်တို့ Family Relationship နဲ့ ပတ်သက်ပြီး ဆွေးနွေးကြတာ တွေ့ရပါတယ်။ ဒီနေ့သတင်းစာတွေမှာ ကြော်ငြာကဏ္ဍတွေကိုကြည့်ရင် အိမ်ထောင်ရေးအဆင်မပြေတဲ့ ကြော်ငြာတွေ တော်တော်များများတွေ့ရပါမယ်။ အိမ်ထောင်သည်တစ်ယောက်ဖြစ်တဲ့ မမအနေနဲ့ အဲဒီလို ကြော်ငြာမျိုးတွေ နည်းသွားရအောင် တစ်နည်းအားဖြင့် သာယာတဲ့အိမ်ထောင် တည်ဆောက်နိုင်အောင် ဘယ်လိုကျင့်သုံးသင့်တယ်လို့ မြင်ပါသလဲ။**



www.burmeseclassic.com

www.burmeseclassic.com

t awGpfygwvh
OwkrsdqlBif
uefie&pf, f
uRefwdkawmh
b, Dyjzpjzpf
uefer, h
OwkawG
a&;apcsifv, f
uRefuk fvkfvnf
a&;csifygw, f
a'gufvmxifatmif
uvnf
ajymzlygw, f
uRefwdk
ArmOwkawGm

Philosophy On Life

vkew, fvh

အဲဒီမှာ အချက်နှစ်ချက်ကို ကျွန်မ ပြောသွားတယ်။ ပထမအချက်က အချစ်၊ ဒုတိယအချက်က နားလည်မှု။ အိမ်ထောင်ရေးသာယာဖို့ ဆိုတဲ့ နေရာမှာ တစ်ယောက်ကိုတစ်ယောက် ချစ်ရုံနဲ့ပဲ မပြီးဘူး။ တစ်ယောက်ကိုတစ်ယောက် နားလည်ရမယ်။ တစ်ယောက်နဲ့တစ်ယောက် နားမလည်ဘူးဆိုရင် ချစ်တဲ့ အတိုင်းအတာဟာလည်း လျော့ပါးသွားနိုင်တယ်။

ကျွန်မ ဖန်တီးထားတဲ့ မေသက်ဆိုတာက နိုင်ငံရေးသမားဇာတ်ဆောင်၊ သူကြိုက်တဲ့သူကလည်း နိုင်ငံရေးသမားပဲ။ နိုင်ငံရေးသမား အိမ်ထောင်သည်တွေရဲ့ ဘဝဟာ ပိုပြီး ကြမ်းတမ်းပါတယ်။ အဲဒီလိုပဲ သာမန်ဇာတ်ဆောင် ရိုးရိုးလူတွေလည်း အိမ်ထောင်သည်ဘဝမှာတော့ အခက်အခဲကို ရင်ဆိုင် ရုန်းကန်ကြရတာချည်းပါပဲ။

အချစ်ဆိုတာကို ကျွန်မ ထပ်ပြောချင်ပါသေးတယ်။ လူငယ်ရဲ့သဘာဝမှာ အချစ်ဆိုတာ ရှိနေမှာပဲကိုး။ အချစ်မှာ စိတ်လှုပ်ရှားပြီး ချစ်တဲ့ အချစ်နဲ့ အကြောင်း တစ်စုံတစ်ခုကြောင့် ချစ်ရတဲ့ အချစ်ရယ်လို့ ရှိတယ်။ Emotion နဲ့ Reason လို့ ပြောရမှာပေါ့။ ဒါကတော့ ယေဘုယျ သတ်မှတ်ချက်ပါ။ စိတ်လှုပ်ရှားမှုကြောင့် ချစ်ခဲ့ရတဲ့ အချစ်က မခိုင်လုံတဲ့သဘော ရှိတယ်။ Reason နဲ့ ရွေးတဲ့ အချစ်ကတော့ ခိုင်မြဲတတ်ပါတယ်။

ကျွန်မကတော့ လောလောဆယ် 'ခရစ်ရှနာမာတီ' ဆိုတဲ့ စာဟောဆရာကြီး ဟောတာကို သဘောကျတယ်။ သူက အချစ်နဲ့ ပတ်သက်ပြီးတော့ ဘယ်လိုပြောသွားသလဲဆိုတော့ အချစ်တွေထဲမှာတဲ့ ပုဂ္ဂိုလ်ကို လေးစားပြီးတော့ ချစ်တဲ့အချစ်က အခိုင်မြဲဆုံးပဲတဲ့။

ကျွန်မက လူငယ်တွေကို ဒီ 'ခရစ်ရှနာမာတီ' ပြောသွားတဲ့ အချစ်သဘောတရား နားလည်စေချင်တယ်။ ပုဂ္ဂိုလ်တစ်ဦးကို လေးစားပြီး ချစ်ရင် ဒီအချစ်ဟာ ဘယ်တော့မှ မပြယ်ဘူး။ ဥပမာ- ကျွန်မ ဘာသာရေးနဲ့ ပြောမယ်ဆိုရင် ခရစ်ယာန်၊ မဟာမေဒင်၊ ဗုဒ္ဓသာသာ ဆိုပြီး ရှိကြတယ်။ ကျွန်မတို့က ဘာသာရေးပုဂ္ဂိုလ်ကြီးတွေကို ကိုယ့်ဘာသာရေးနဲ့ကိုယ် ကြည်ညိုလေးစားပြီး ချစ်ကြတယ်။ ဒီမှာ Faith ပါလာတယ်။ လေးစားပြီး ချစ်ခင်တော့ ဒီမှာ ယုံကြည်မှုပါလာတယ်။

လောကီ အိမ်ထောင်ရေးမှာလည်း ဒီလို လေးစားပြီး ချစ်ခင်ယုံကြည်မှု ရှိလာမယ်ဆိုရင် ဘယ်တော့မှ ကွဲမှာ မဟုတ်တော့ဘူးလို့ ကျွန်မ ထင်တယ်။

**'အင်ကြင်းရဂုံ' မှာ လူငယ်ဇာတ်ဆောင် နှစ်ယောက်ဖြစ်တဲ့ လှဲ့ဝင်းနဲ့ ဉာဏ်ဦးတို့ရဲ့ အရည်အသွေးကို မေသက်က ယှဉ်စဉ်းစားတဲ့နေရာမှာ ဉာဏ်ဦးဟာ ဓီဇကိုက ကောင်းလို့ပဲလို့ မှတ်ချက်ချတာ တွေ့ရတယ်။ လှဲ့ဝင်းဆိုတာ ထက်မြက်တဲ့ မိဘနှစ်ပါးက ပေါက်ဖွားခဲ့တဲ့ သမီးတစ်ယောက်ပါ။ ဉာဏ်ဦးကတော့ ငယ်ငယ်ကတည်းက မိဘနှစ်ပါးစလုံး ကွယ်လွန်ခဲ့တာမို့ ကိုယ်ထူးကိုယ်ချွန် ရုန်းကန်ခဲ့ရတဲ့ လူငယ်တစ်ယောက်ဖြစ်တယ်။ ဉာဏ်ဦးက ဓီဇကောင်းလို့ လူတော်တစ်ယောက် ဖြစ်လာတယ်ဆိုရင် ထက်မြက်တဲ့ မိဘနှစ်ပါးက မွေးတဲ့ လှဲ့ဝင်းက ဓီဇမကောင်းတဲ့ သဘောလား။**

ဒီအချက်နဲ့ ပတ်သက်ပြီး မေးတာကိုဝင်းငြိမ်းကို ကျွန်မ သိပ်ကျေးဇူးတင်ပါတယ်။ သိပ်သိမ်မွေ့တဲ့ မေးခွန်းပါပဲ။ ဓီဇနဲ့ ပတ်ဝန်းကျင် ပြဿနာကလည်း သိပ်သိမ်မွေ့ကျယ်ပြန့်ပါတယ်။ ဒီနေရာမှာ ကျွန်မ ဓီဇ ဆိုတဲ့ စကား သုံးလိုက်တာနဲ့ ပတ်သက်ပြီး ကျွန်မ အရင်ရှင်းချင်ပါတယ်။ ဓီဇကောင်းတယ်လို့ ကျွန်မ သုံးလိုက်တဲ့စကားက ကျွန်မတို့ ဗမာစကားမှာ သုံးရိုးသုံးစဉ် အကျင့်ကောင်းတယ်လို့ ပြောလေ့ပြောထ ရှိတာကို သုံးလိုက်တာပါ။ အမှန်က ကျွန်မ သီးခြားစရိုက်ကို ပြောချင်တာပါ။ လူတိုင်း လူတိုင်းမှာ သီးခြားစရိုက်ကလေးတွေ ရှိပါတယ်။ Individual Character ပေါ့။ ဝတ္ထုရေးသူတစ်ယောက်အနေနဲ့ သီးခြားစရိုက်ကို ဖော်းပေးရေးတဲ့ နေရာမှာ စကားလုံး တာဝန်ထမ်းဆောင်တဲ့ ကျွန်မအနေနဲ့ 'လွတ်'သွားပါတယ်လို့ ဝန်ခံပါရစေ။

ဓီဇနဲ့ ပတ်ဝန်းကျင် ပြဿနာဟာ ဒီနေ့ထက်ထိ ပညာရှင်တွေ အငြင်းပွားနေဆဲပါပဲ။ ကျွန်မ မြင်တာကတော့ လူတစ်ယောက်ဟာ ဘယ်သူမှ လူတော်လူကောင်းအဖြစ်၊ လူဆိုးအဖြစ် မွေးမလာပါဘူး။ ကလေးဆိုတာ မွေးလာတုန်းက အဖြူရောင်ကလေးပါ။ သူ့ပတ်ဝန်းကျင်ကသာ အရောင်ဆိုးပေးကြတာပါ။ ဒီကိစ္စကို ပြောကြရင် ကျွန်မ ငယ်ငယ်တုန်းက လူမှုစိတ်ပညာဘာသာရပ် ယူခဲ့တော့ စိတ်ပညာမှာလည်း ဓီဇနဲ့ ပတ်ဝန်းကျင်ဟာ သိပ်အငြင်းပွားကြပါတယ်။ ကျွန်မတို့ စိတ်ပညာဆရာကြီးတွေဖြစ်တဲ့ 'မစ္စတာဝုဒ်ဝါ့ဒ်' တို့၊ 'မစ္စတာမန်း' တို့က သူတို့စာအုပ်တွေထဲမှာ ရေးကြတယ်။ ဓီဇဝါဒီတွေကလည်း ဓီဇ



www.burmeseclassic.com

www.burmeseclassic.com

ကိုကမကောင်းလို့ လူတွေရဲ့အကောင်း၊ အဆိုး ဖြစ်လာတာလို့ဆိုတယ်။ တစ်ဖက်က ပတ်ဝန်းကျင်ဝါဒီတွေကလည်း လူတွေဟာ ပတ်ဝန်းကျင်ကြောင့်သာ အကောင်း၊ အဆိုး ဖြစ်လာရတာလို့ ပြောကြတယ်။ ဒီနေ့ သိပ္ပံပညာ ထွန်းကားလာချိန်မှာ အမြွှာပူးတွေကို တစ်နေရာစီမှာ ခွဲထားတဲ့နည်း၊ တစ်နေရာတည်း ထားတဲ့နည်း စသဖြင့် အမျိုးမျိုး စမ်းသပ်ကြတယ်။

ကျွန်မ မြင်တာကတော့ ပတ်ဝန်းကျင်ဟာ လူတစ်ယောက်ကို လွှမ်းမိုးနိုင်တယ်။ စောစောက ပြောသလို လူတစ်ယောက်ဟာ သူခိုးအဖြစ်နဲ့ မွေးမလာဘူး။ အပျက်မိန်းကလေးတစ်ယောက်ဟာလည်း အပျက်မိန်းကလေး အဖြစ်နဲ့ မွေးမလာပါဘူး။ သူ့ရဲ့ ဘဝအခြေအနေ အမျိုးစုံ ရိုက်ခတ်မှုကြောင့်သာ သူ့ဘဝဟာ ပုံစံအမျိုးမျိုးနဲ့ ဖြစ်လာရတာပါ။

ဘုရားဟောမှာ ပါတဲ့ ကျေးသား ညီနောင် ပုံပြင်မှာလည်း ကြည့်ပါလား။ ယဉ်ကျေးသိမ်မွေ့တဲ့ ပတ်ဝန်းကျင်မှာ ရောက်သွားတဲ့ ကျေးသားကလေးနဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ပတ်ဝန်းကျင်ကို ရောက်သွားတဲ့ ကျေးသားတို့ဟာ စရိုက်ချင်း မတူကြတော့ဘူး။ ဒါလည်း ပတ်ဝန်းကျင်ရဲ့ ပြုပြင်မှုကြောင့်ပါပဲ။

ကျွန်မကတော့ ကျွန်မကိုယ်တိုင် ရှန်းကန်လှုပ်ရှားခဲ့ရသူမို့လား မပြောတတ်ဘူး။ လူတစ်ယောက်ရဲ့ အကောင်းအဆိုးဟာ သူဖြတ်သန်းလာရတဲ့ ပတ်ဝန်းကျင်က လှုံ့ဆော်တယ်လို့ပဲ တွေးမိပါတယ်။

**မမ ရေးခဲ့တဲ့ လုံးချင်းတွေထဲက နောက်ထပ်တစ်အုပ်လောက် ကျွန်တော် ရွေးချင်ပါသေးတယ်။ 'မင်္ဂလာရယ်မှ' ကို ဆွေးနွေးချင်ပါတယ်။ ရေးတဲ့ ရည်ရွယ်ချက်က တီမ်မြုပ်ပျောက်ကွယ်လုနီးဖြစ်နေတဲ့ ရုပ်သေးပညာအကြောင်း ခေတ်လူငယ်တွေ လေ့လာနိုင်အောင် တင်ပြလိုက်တာလို့ မြင်ပါတယ်။ အဲဒီတော့ ကျွန်တော် သိချင်တာက ဒီစာအုပ်ရေးဖို့ မမ ဘယ်လောက်အထိ အချိန်ယူပြီး ရုပ်သေးပညာကို လေ့လာခဲ့တယ်။ နောက်ပြီး ရုပ်သေးပညာ ပပျောက်မသွားအောင် ဘယ်လိုဝိုင်းဝန်းသင့်ကြတယ် ဆိုတာပါပဲ။**

ဇာတ်သဘင်၊ ရုပ်သေးသဘင်နဲ့ ပတ်သက်ပြီး ရေးချင်တာကတော့ ကြာပါပြီ။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းက ဇာတ်ရုပ်သေးနဲ့ ပတ်သက်ပြီး ဒီလို ကျယ်ကျယ်ပြန့်ပြန့် ရေးချင်တာ ရှိခဲ့ပါတယ်။ **မင်္ဂလာရယ်မှ** ကို ရေးဖို့ အကြောင်းတရား ပေါ်လာတာကတော့ လွန်ခဲ့တဲ့ လေး၊ ငါး၊ ခြောက်နှစ်လောက်က စာတမ်းဖတ်ပွဲတစ်ခုမှာ ရုပ်သေးပညာနဲ့ ပတ်သက်ပြီး ဖတ်တဲ့ စာတမ်းတစ်ခုမှာ ရုပ်သေးပညာဟာ နောင်ဆိုရင် ပြတိုက်ထဲမှာထားရမယ့် အနေအထားမှာ ရှိနေပြီလို့ ရုပ်သေးပညာသည်ကြီးတွေက ညည်းညူတဲ့အကြောင်း ဖတ်သွားတာ ကြားလိုက်ရတော့ **မင်္ဂလာရယ်မှ** ကို ရေးချင်လာတယ်။ ကျွန်မကိုယ်တိုင်ကလည်း ငယ်ငယ်က ဇာတ်ကို ကြိုက်တယ်။

**မင်္ဂလာရယ်မှ** ကို ရေးဖို့ ကျွန်မ သုံးနှစ်လောက် ကြိုတင်ပြင်ဆင်ပြီးမှ မိုးဝေစာပေမဂ္ဂဇင်းမှာ အခန်းဆက်ဝတ္ထုရှည် ရေးခဲ့တာပါ။

ရုပ်သေးပညာ ထိန်းသိမ်းဖို့ ဆိုတာကတော့ ရုပ်သေးပညာသည်တွေအတွက် ဘဝအာမခံချက် ရှိဖို့ လိုပါမယ်။ ဒုတိယအချက်အနေနဲ့ ကပွဲကြည့် ပြည်သူတွေအနေနဲ့ ရှေးရိုးရာဇာတ်သဘင်ပညာကို သိဖို့ လိုပါတယ်။ ဒါတွေ သိဖို့ ကျွန်မတို့က စာပေနဲ့ လှုံ့ဆော်ပေးရပါမယ်။ ရှေးတုန်းကတော့ သဘင်ဝန် ဦးနုက ဇာတ်သဘင်အကြောင်း ဆောင်းပါးတွေ ရေးတယ်။ ဇာတ်ရဲ့ တိုးတက်ရာ တိုးတက်ကြောင်း အကြံပေးတဲ့ ဆောင်းပါးတွေ လိုမယ်။ ဒါမှလည်း ပွဲကြည့်တဲ့ ပြည်သူတွေက ဇာတ်နဲ့ပတ်သက်တာ ပိုပြီး နားလည်လာမယ်။

**ကျွန်တော်တို့ကတော့ ဆရာကြီး မဟာဆွေ စာတွေကို မမီလိုက်ပါဘူး။ မီလိုက်တဲ့ပုဂ္ဂိုလ်တွေက ပြောကြတယ်။ ဆရာကြီးရဲ့ ဇာတ်ကောင်တွေဟာ ခေတ်လူငယ်တွေ ကာယ၊ ဉာဏ တိုးတက်လာအောင် စံထားလောက်တဲ့ ဇာတ်ကောင်တွေအဖြစ် ဖန်တီးခဲ့တယ်တဲ့။ မမ အနေနဲ့ကော ဇာတ်ကောင် ဖန်တီးတဲ့နေရာမှာ ဘယ်လိုစံထားဖန်တီးခဲ့ပါသလဲ။**

ကျွန်မကတော့ ဖေဖေ့စာအုပ်တွေ ဖတ်ပြီး ဖေဖေ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းလာရတာက အချက်တစ်ချက်ပေါ့လေ။ သူ့ရဲ့ စံထားလောက်တဲ့ မျိုးချစ်လူငယ် ဇာတ်ကောင်တွေ ဖန်တီးတာက တစ်ပိုင်းပေါ့လေ။ တစ်ပိုင်းကလည်း ကျွန်မရဲ့ ဖတ်သမျှ စာတွေထဲမှာ အားကောင်းတဲ့ ဇာတ်ကောင် Strong Character ကို သဘောကျတယ်။ အားပျော့တဲ့ဇာတ်ကောင် Weak Character ကို ကျွန်မကိုယ်တိုင်လည်း မကြိုက်တတ်ဘူးရှင့်။ ကျွန်မတို့ဘဝက စစ်အနိဋ္ဌာရုံကိုလည်း ကြုံခဲ့တယ်။ ဖေဖေနဲ့လည်း အနီးကပ်ဆုံး၊ အမွဲဆုံး၊ အဆင်းရဲဆုံး အချိန်ကို ကြုံခဲ့ဖူးတော့ လူ့လောကကြီးဆိုတာ သက်သောင့်သက်သာ မွေးဖွားလာတာ မဟုတ်ဘူး။ ဒုက္ခအထွေထွေကို ရင်ဆိုင်နိုင်ရမယ်။ ဒီလို ရင်ဆိုင်နိုင်ဖို့ရာ တစ်အချက်က ခံနိုင်ရည်ရှိဖို့ လိုမယ်။ နောက် ဖွံ့ရယ်၊ သတ္တိရယ်ပေါ့။

အဲဒီတော့ ကျွန်မ ဖန်တီးတဲ့ ဇာတ်ကောင်တွေဟာ Strong Character ရှိတဲ့ ဇာတ်ကောင်တွေပဲ များပါတယ်။ နောက်ပြီး ရေးရင်းသားရင်းနဲ့ ဖတ်ရှုလေ့လာခဲ့ရတဲ့ ဂျပန်ကဗျာလေးတစ်ပုဒ် သဘောကျတာ ရှိတယ်။ ရိုးရိုးကလေးပါပဲ။ ကဗျာဆရာက သူ့ကိုယ်သူပဲ အားပေးသလား။ တခြားတစ်ယောက်ကိုပဲ အားပေးသလား မပြောတတ်ဘူး။ သူသည် မိုးကိုလည်း မမှု၊ လေကိုလည်း မမှု ဆိုတဲ့ သဘောကလေးပါပဲ။ ကျွန်မကလည်း ကျွန်မ ဇာတ်ဆောင်တွေကို သူသည် အဆင်းရဲကိုလည်း မမှု၊ အကဲ့ရဲ့ကိုလည်း မမှု၊ အတိုက်အခိုက်ကိုလည်း မမှု ဆိုတဲ့ သဘောနဲ့ ဖန်တီးပါတယ်။

**စရိုက်သေဇာတ်ကောင်နဲ့ စရိုက်ရှင်ဇာတ်ကောင်လို့ နှစ်မျိုး ခွဲခြားနိုင်တဲ့အထဲ**



www.burmeseclassic.com

www.burmeseclassic.com

**က အမျိုးသမီး စာရေးဆရာမတွေဟာ စရိုက်သေဇာတ်ကောင် အသုံးများတယ်လို့ ဆိုကြတယ်။ မမ ဘယ်လိုများ မြင်ပါသလဲ။**

ကျွန်မကတော့ ဝတ္ထုစ,ရေးကတည်းက သဘာဝယုတ္တိရှိတဲ့ ဇာတ်ကောင်၊ ဥပမာ ဆိုပါစို့… ဝတ္ထုတွေမှာ၊ Fiction တွေမှာတော့ သဘာဝယုတ္တိနဲ့ ကင်းလွတ်တဲ့ ဇာတ်ကောင်တွေ ပါပါတယ်။ ဒါပေမဲ့ Novel တွေမှာကျတော့ သဘာဝယုတ္တိရှိတဲ့ ဇာတ်ကောင်တွေပဲ သုံးကြပါတယ်။ ဒီဘက် ရာစုနှစ်ဝက် ကျွန်မ ဖတ်ဖူးသလောက် မှတ်မှတ်ရရ ပြောရမယ်ဆိုရင် ကျွန်မတို့ မြန်မာ အမျိုးသမီး စာရေးဆရာမတွေထဲဆိုရင် ဆရာမကြီး ဒေါ်ခင်မျိုးချစ်ရေးတဲ့ တက္ကသိုလ်ဝတ္ထုထဲမှာ ပါတဲ့ တက္ကသိုလ်ကျောင်းသူတွေဆိုရင် သိပ်လှုပ်ရှားတာပဲ။ တကယ် လူနဲ့ တူတယ်။ **မောင်တို့ယောကျ်ား** ဆိုတဲ့ ဝတ္ထုမှာ ဒီနည်းပဲ။ သူတို့စရိုက်တွေက ရှင်သန်နေတယ်။ သဘာဝကျတယ်။

အစ်မကြီး ဒေါ်မမလေး(ဂျာနယ်ကျော်) ရေးခဲ့တဲ့ **မုန်း၍မပမူ** ထဲက ဇာတ်ကောင်တွေဖြစ်တဲ့ ဝေဝေတို့၊ ဦးစောလွင်တို့ဆိုရင် တကယ့်သဘာဝယုတ္တိရှိတဲ့ ဇာတ်ကောင်တွေပါပဲ။ ဆရာမ ဒေါ်ခင်နှင်းယုရဲ့ **မျှော်လင့်လို့မဆုံးနိုင်တယ်** တို့၊ **ချစ်လှချည်ရဲ့** တို့၊ ကြည်အေးရဲ့ **မြနန္ဒာ** တို့၊ နောက် အခု အမျိုးသမီးစာရေးဆရာမ တော်တော်များများဟာ သရုပ်မှန်ဝတ္ထုဘက်ကို ဦးတည်ရေးလာကြပါပြီ။ မိုးမိုး… တို့၊ မစန္ဒာ… တို့၊ စမ်းစမ်းနွဲ့… တို့ရဲ့ ဇာတ်ကောင်တွေဆိုရင်လည်း သဘာဝယုတ္တိဘက် ဦးတည်လှုပ်ရှားနေကြတာ တွေ့ရပါတယ်။

**ဘယ်လိုအင်္ဂါရပ်တွေနဲ့ ညီညွတ်တဲ့ စာမျိုးကို စာကောင်းတစ်ပုဒ်လို့ သတ်မှတ်ပြီး ဘယ်ဟာမျိုးကို အနုပညာရသ မြောက်တယ်လို့ ခေါ်မလဲ။**

တစ်အချက်က ဝတ္ထုရဲ့ အသက်ဟာ ဇာတ်ကောင်ပါပဲ။ ဇာတ်ကောင်ရဲ့ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး လှုပ်ရှားတာ။ သူ့ရဲ့ အတွေး၊ သူ့ရဲ့ အပြုအမူကို ပေါ်လွင်ထင်ရှားအောင် ရေးနိုင်မယ်။ သဘာဝယုတ္တိလည်း ရှိမယ်ဆိုရင် ယေဘုယျအားဖြင့် ကျွန်မတို့ ဝတ္ထုကောင်းတစ်ပုဒ်လို့ သတ်မှတ်ရပါမယ်။

နောက်တစ်ချက်က ရသပိုင်းနဲ့ ပတ်သက်လို့ကတော့ အခု လောလောဆယ်မှာ ကျွန်မတို့ အပါအဝင် "ထိ"တဲ့ ဝတ္ထု၊ Touch ဖြစ်တဲ့ ဝတ္ထု၊ မျက်ရည်ကျသွားအောင်ရေးနိုင်တဲ့ ဝတ္ထုမျိုး၊ ဖတ်လိုက်ရင် ကလိထိုး ရယ်ရတာမျိုး မဟုတ်ဘဲ တမြုံ့မြုံ့တွေးပြီး ရယ်ရတာမျိုး(ဒါက ဆရာမောင်ထင်တို့ ဟိုတုန်းက ရေးခဲ့ဖူးပါတယ်)။ ဒါမျိုးလည်း လိုတယ်။

နောက်တစ်ချက်က ကျွန်မ အပါအဝင် ဒီနေ့ ဝတ္ထုရေးတဲ့နေရာမှာ အရှိကို အရှိအတိုင်းပဲ ရေးလိုက်တာမျိုး ရှိတယ်။ လုပ်တဲ့လူတွေလည်း လုပ်နိုင်ကြပါလိမ့်မယ်။ အတွေးအခေါ်သစ် ဖန်တီးတာမျိုးကိုပေါ့။ သမားရိုးကျ အတွေးအခေါ် လမ်းရိုးက ခွဲထွက်သွားတာမျိုး။ ဥပမာ မြန်မာစာဖတ်ပရိသတ် အသိများတဲ့ **စိတ္တရလေခါ** ဝတ္ထုလိုမျိုးပေါ့။

သူက "မကောင်းမှု ဆိုသည်မှာ အဘယ်နည်း" ဆိုတဲ့ မေးခွန်းနဲ့ စ,လိုက်တယ်။ တစ်ယောက်သောသူဟာ လောကီအကျိုးအတွက် သူ့ရဲ့ အတ္တကို မစွန့်လွှတ်နိုင်ဘူး။ သူနဲ့ ယှဉ်ပြိုင်တဲ့ ပုဂ္ဂိုလ်ကတော့ အပျော်အပါးလည်း မက်တယ်။ အရက်သေစာလည်း သောက်စားတယ်။ ပြောကြစို့ဆို ကချေသည်နဲ့လည်း ပျော်ပါးတယ်။ သို့သော် သူက လောကကြီးအတွက် အားလုံးကို စွန့်လွှတ်တယ်။ သူချစ်တဲ့သူတွေ၊ သူ့ပတ်ဝန်းကျင်အတွက် စွန့်လွှတ်တယ်။ စွန့်လွှတ်မှုနဲ့ တိုင်းတာမယ်ဆိုရင် ဘယ်သူက လူကောင်းလဲ၊ ဒါကို သူက အတွေးသစ်နဲ့ ပြလိုက်တာ။

နောက်တစ်ချက်က ကျွန်မအနေနဲ့ ပြောရရင် ဝတ္ထုတစ်ခုလုံးအနေနဲ့ အတွေးသစ်မပေးနိုင်ရင်တောင်မှ ဖြစ်ရိုးဖြစ်စဉ်ထဲကနေပြီးတော့ပဲ ကျွန်မတို့ လမ်းခွဲထွက်သွားတဲ့ အတွေး၊ ကောင်းတဲ့ အတွေး။ ကျွန်မ ဖတ်မိသလောက်ဆိုရင် "ရှားလော့ခ်ဘရွန်တီ"ရဲ့ **ဂျိန်းအဲ**။ အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေ အင်မတန် ဆုံးရှုံးနေတဲ့ ဗိတိုရိယခေတ်မှာ အမျိုးသမီးလွတ်မြောက်ရေး အတွေးအခေါ်ကို **ဂျိန်းအဲ** မှာ တွေ့ရတယ်။ တစ်နေရာမှာ ဂျိမ်းအဲက ဘာပြောသလဲဆိုရင် ကျွန်မတို့ဟာတဲ့ ယေဘုယျ သတ်မှတ်ချက်အားဖြင့် ငြိမ်ငြိမ်ကလေး တည်တည်ငြိမ်ငြိမ် နေရတော့မှာပေါ့လေတဲ့။ သို့သော်လည်းပဲတဲ့။ ကျွန်မတို့ရဲ့ ဉာဏ်ပညာ၊ ကျွန်မတို့ရဲ့ ပညာ အရည်အချင်းကို ထုတ်ဖော်ဖို့ နယ်ပယ်များ မရှိတော့ဘူးလားတဲ့။ အနည်းဆုံး ကျွန်မတို့ အစ်ကိုတွေလိုပေါ့လေတဲ့။ ကျွန်မတို့ အစ်ကိုတွေကို ပေးတဲ့ အခွင့်အရေးမျိုး ကျွန်မတို့ကို မပေးနိုင်ဘူးလားတဲ့။ ကျွန်မတို့ အရည်အချင်းတွေကို တောက်ပြောင်အောင် သွေးခွင့်မရနိုင်ဘူးလားတဲ့။ သူက အဲဒီလို ပြောခဲ့ပါတယ်။

ဒီလို အတွေးအခေါ်မျိုး ရှိတဲ့ ဝတ္ထုမျိုး ကျွန်မအနေနဲ့ ရေးချင်ပါတယ်။ သဘောလည်းကျတယ်။ **ဂျိန်းအဲ** ဟာ စိတ်ကူးယဉ်ဝတ္ထုပေမဲ့ ဂျိန်းအဲ ဆိုတဲ့ မိန်းကလေးကို ရုပ်လုံးကြွအောင် သရုပ်ဖော်နိုင်ခဲ့တဲ့အတွက် အပြင်မှာ တကယ်ရှိတဲ့ မိန်းကလေးလို ထင်မှတ်ခဲ့ရပါတယ်။ အဲဒီတုန်းက တစ်ခေတ်တည်းရေးခဲ့တဲ့ "တော်စတွိုင်း"ရဲ့ **War and Peace** မှာဆိုရင် စိတ်ကူးယဉ်အချက်အလက်တွေက တော်တော်များများ ပါနေတယ်။

ချုပ်ပြောရရင် ဒီလို အတွေးသစ်ပါတဲ့ ဝတ္ထုမျိုးဆိုရင် ကျန်နေရစ်မယ်။ ကျွန်မတို့ကတော့ ဘယ်သူပဲဖြစ်ဖြစ် ကျန်နေမယ့် ဝတ္ထုတွေ ရေးစေချင်တယ်။ ကျွန်မကိုယ်တိုင်လည်း ရေးချင်ပါတယ်။ ဒေါက်တာထင်အောင်ကလည်း ပြောဖူးပါတယ်။ ကျွန်မတို့ ဗမာဝတ္ထုတွေဟာ Philosophy On Life လိုနေတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ကျန်တာ အားလုံး ကောင်းတယ်တဲ့။ ဒါကြောင့် ကျွန်မ ဒါလေးကို ကြိုးစားကြည့်ချင်တယ်။

**မမ ဝတ္ထုထဲက ဂျပန်ဘာသာပြန်တာက…။**

**တို့တိုင်းဌာနီ** ပါ။ တိုယိုတာဖောင်ဒေးရှင်းကပဲ ထုတ်မှာပါ။

**ဒီနေ့ မြန်မာစာပေလောကအပေါ် ဘယ်လိုမြင်ပါသလဲ။**

ပွင့်ပွင့်လင်းလင်းပြောရရင် စာဖတ်ပရိသတ်က Fiction ကို ဖောင်းပေးပြီး ဖတ်နေကြတယ်။ စာရေးတဲ့သူတွေက သရုပ်မှန်ဝတ္ထုတွေကို ဖောင်းပေးပြီး ရေးဖို့ လိုပါတယ်။ နောက်တစ်ချက်ကတော့ နိုင်ငံခြားမှာက ဝတ္ထုတစ်ပုဒ် ရေးဖို့ နှစ်နှစ်၊ သုံးနှစ် အချိန်ယူလို့ရတယ်။ တချို့ဆို လေး၊ ငါး၊ ခြောက်နှစ်ကြာမှ ထွက်တာ။ ကျွန်မတို့ဆီမှာကျတော့ ခြောက်လလောက်ကြာသွားရင်ကို ပရိသတ်နဲ့ ကင်းကွာသွားတယ်။ စာရေးကျဲတယ်လို့ ဆိုကြတယ်။ ဒါကိုတော့ ဘယ်လိုဖြေရှင်းရမယ်ဆိုတာ ကျွန်မတို့လည်း တွေးလို့ မရသေးပါဘူး။ အဲဒီတော့ ကျွန်မအမြင်မှာ စာပေလောက တိုးတက်လာဖို့ရာ အရေအတွက်ထက် အရည်အချင်းကို လိုလားသင့်ပါတယ်လို့ မြင်ပါတယ်။

ကျွန်မ စာဖတ်ပရိသတ်တွေကလည်း ကျွန်မကို ကျန်းမာရေးမကောင်းလို့လား၊ ဘာလား ညာလား ခဏခဏ စာရေး မေးကြတယ်။ ကျွန်မ ကျန်းမာရေးလည်း ကောင်းပါတယ်။ စာတွေလည်း ဆက်ရေးနေပါတယ်ဆိုတာကို ဝင်းငြိမ်းက တစ်ဆင့်ပဲ ပြန်ကြားလိုက်ပါရစေ။

**ကျေးဇူးတင်ပါတယ် မမ။ မမ စာဖတ်ပရိသတ်တွေနဲ့အတူ စိတ်ဓာတ်တက်ကြွစေမယ့် မမ ဝတ္ထုတွေကို ကျွန်တော်လည်း စောင့်ဖတ်နေပါဦးမယ်။**

■

**ဝင်းငြိမ်း**

*ပေဖူးလွှာမဂ္ဂဇင်း၊ အမှတ် ၁၆၊*
*စက်တင်ဘာလ၊ ၁၉၈၂ ခုနှစ်။*

## ဝမ်းနည်းမှတ်တမ်း
## စာရေးဆရာမကြီး (ဒေါ်)ခင်ဆွေဦး



စာရေးဆရာမကြီး (ဒေါ်)ခင်ဆွေဦးသည် ၂၀၁၉ ခုနှစ်၊ မတ်လ ၂၇ ရက်၊ ည ၁၀ နာရီ ၁၅ မိနစ်အချိန်ခန့်က ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်ရှိ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ၌ အသက် ၈၇ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဆရာမကြီးသည် စာရေးဆရာကြီး မဟာဆွေနှင့် ဒေါ်ကြည်ကြည်တို့၏သမီးဖြစ်ပြီး ၁၉၃၃ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်နေ့တွင် စစ်ကိုင်းမြို့၌ မွေးဖွားခဲ့သည်။ ရန်ကုန်မြို့မအထက်တန်းကျောင်း၊ စိန့်ဂျွန်းကွန်ဗင့်၊ စိန့်မေရီကျောင်းတို့တွင် အခြေခံပညာသင်ကြားခဲ့ပြီး မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ပညာရေးဝိဇ္ဇာဘွဲ့ ထပ်မံရရှိပြီး ၁၉၅၈ မှ ၁၉၆၇ ခုနှစ်အထိ အ·ထ·က-၂ လသာတွင် အထက်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၆ ခုနှစ်မှစ၍ ကလေးစာပေများကို စတင်ရေးသားခဲ့သည်။ လုံးချင်းဝတ္ထုများစွာ မဂ္ဂဇင်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဆောင်းပါးများ ရေးသားခဲ့သည်။ ကွယ်လွန်ချိန်အထိ ဝတ္ထုတိုပေါင်း ၂၀၀ ကျော်၊ ဆောင်းပါးပေါင်း ၃၀ ကျော်နှင့် လုံးချင်းဝတ္ထုရှည် ၅၀ ကျော် ရေးသားခဲ့သည်။ အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၁၂ ခုနှစ်တွင်ရရှိခဲ့သည်။ ဆရာမကြီး (ဒေါ်)ခင်ဆွေဦးသည် မြန်မာစာပေလောက၏ ထင်ရှားကျော်ကြားသော စာရေးဆရာမကြီး ဖြစ်သည်။ ဆရာမကြီး ကွယ်လွန်သွားခြင်းသည် မြန်မာစာပေလောကအတွက် ကြီးစွာသော ဆုံးရှုံးမှုအဖြစ် ရွှေအမြုတေမဂ္ဂဇင်းက မှတ်တမ်းတင်ပါသည်။

■ **အယ်ဒီတာအဖွဲ့(ရွှေအမြုတေမဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com



ဂျာ ရွှေသမြဲတော ရှင်နုံမျှဝေး ဓမ ၂၀၁၉

www.burmeseclassic.com

www.burmeseclassic.com

# နေရာမှန်

## စမ်းစမ်းနွဲ့ (သာယာဝတီ)

'သူ… လှတုန်းပဲနော်'
ထမနဲပန်းကန် ကိုင်ထားသော
ကြည်အေး လက်တွေမှာ ကတုန်ကယင်။
နှုတ်မှ အမှုမဲ့အမှတ်မဲ့ လွှတ်ထွက်သွားသော
သူ့စကားကို အနီးကပ် ထိုင်နေသူ ဝင်းလှိုင်က
ကြားဖြစ်အောင် ကြားကာ-
'သတိထား ကြည်အေး၊ သတိထား… သတိထား'
ကျောပြင်ကို လက်နှင့်သပ်ကာ
ရှုတ်နောက်နေသော ဝင်းလှိုင်ကို
ဂရုစိုက်မနေအားတော့။ ပရိသတ်ကြားမှာ
စားပွဲကို ကျော်ပတ် ဖြတ်လျှောက်လာသည့်
မြနှင်းဆီကို တငေးတမော ကြည့်နေမိသည်။
မိမိတို့ ဝိုင်းမှာ လွှတ်နေသည့်
ကုလားထိုင်တစ်လုံး ရှိသည်မို့ 'မြ…ဒီကိုလာ'ဟု
လှမ်းခေါ်လိုက်ရ ကောင်းမည်လား။
ဝံ့ဝံ့စားစား မျက်နှာထားနှင့် တောက်ပရွှန်းမြနေသော
အသွင်အလျှာတို့ တစ်စတစ်စ
နီးကပ်လာသောအခါ ကြည်အေး
စိတ်ဆန္ဒတွေ အလိုလိုလျှော့ကျ
ပျောက်ပျက်ကုန်၏။ မိမိ၏ သိမ်ငယ်ခြင်းအဖြစ်ကို
သတိရကာ 'မြ'ဟူ၍ပင် ခေါ်ဝံ့တော့မည် မထင်။
အနီးသို့ သူရောက်လာလေလေ သူနှင့်
ကြည်အေးတို့ ပို၍ ဝေးသွားလေလေ ခံစားရသည်။
လမ်းခုလတ်စားပွဲများမှ လူတချို့ကို
ရယ်၍ ရယ်၍ နှုတ်ဆက်နေသော မြနှင်းဆီကို
အနီးပတ်ဝန်းကျင်မှ လူတိုင်းလိုလို
လည်ပြန်လှည့်ကြည့်ကြသည်။ ဓိတဆျာင်ငြီမှ
အစီအစဉ်ကို စိတ်ဝင်တစား နားစိုက်နေကြသည့်
ပရိသတ်၏ အာရုံကို မြနှင်းဆီက ရှုံ့ဖြင့်ခြင်း
ပမ်းယူလိုက်လေပြီ။
'ဟောကောင် ကြည်အေး၊ သတိထားနော်
သတိထား လူပေါ်ချင်း၊ အခြေအနေက
အရိပ်တွေကို မေ့လိုက်၊ မေ့ပစ်လိုက်။ ဟိုမှာ
သားနှင့်ယောက်ကောင် ရောက်ပြီနော်မြွန်။
မြင်လား မြနှင်းဆီရဲ့ နောက်နားမှာ'
'မြင်ပါတယ်ကွာ၊ မြင်ပါတယ်။
ပါ…ပါလေ့…
သူ… သူ လှတုန်းပဲနော်'
'တော်… တောက်တို့နည်း ဖုတ်ဖရ'
ဝင်းလှိုင်စကားက လိုတာထက် ပိုပြီ
ကျယ်သွားသည်မို့ ဘေးဝိုင်းမှ ထိုင်နေသူ
ဝင်းလှိုင်ကသာသော် ပုပ္ပနီက မျက်စုံးတွန့်ကြီးပြီး
ရှုမှုကြည့်လေသည်။

အမှတ် ၃၅၄၊ မေ ၂၀၁၉
ထုတ်စုံမဂ္ဂဇင်း

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း
စာရေးဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ) ရေးသားပြီး
၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလထုတ်
လုံမလေးမဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့်
'နေရာမှန်' ဝတ္ထုကို
ပြန်လည်ဖော်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်နေကြတာလဲ"

"ဒီကောင်···ဒီကောင်ပါ နုရာ။ မြနှင်းဆီကိုမြင်ပြီး ကတုန်ကယင်တွေဖြစ်၊ ကယောင်ချောက်ချားတွေ ပြောနေလို့"

နုနုခင်က ထမနဲကို မြှုရင်း ဆီရွှဲနေသော နှုတ်ခမ်းရဲရဲတွေ ကွေးညွှတ်အောင် ပြုံးလိုက်ကာ-

"အနှစ်နှစ်ဆယ် အချစ်ပဲလေ၊ ဒီလောက်တော့ ရှိမှာပေါ့ မောင်ရဲ့"

တိတ်ဆိတ်သော ဝန်ခံခြင်းဖြင့် ကြည်ဆွေက မြနှင်းဆီ ရှိရာ ငေးမြငေးနေသည်။

လူသူပရိသတ် ရောင်စုံကြားမှာ မြနှင်းဆီက ဝင်းဝင်းပပ ထင်းထင်းပြက်ပြက် ပေါ်လွင်လျက် ရှိလေသည်။ တက္ကသိုလ်မှာ ကျော်ကြားခဲ့သည့် မြနှင်းဆီ။

ဟိုတုန်းက လိပ်ပြာတောင်ပံလို အဖျားနှစ်ဖက် ကော့ပျံသည့် မျက်မှန်ဝင်းဝင်းကလေး မရှိတော့။ ဆေးရောင်စုံ အနုအရင့်တွေ စနစ်တကျ ခြယ်မှုန်းထားသဖြင့် လှပသော မျက်ဝန်းရိပ်တွေ၊ ရှန်းလှဲ့သော မျက်လုံးကြည့်ဟန်တွေကို အဝေးကပင် မြင်နိုင်လေသည်။

ဟိုတုန်းက သဇင်ခက်နှယ် သွယ်လျနွဲ့နှောင်းခဲ့သော မြနှင်းဆီ။

ခုတော့··· ကိုယ်နေကိုယ်ဟန် ပြည့်ပြည့်ဖြိုးဖြိုးနှင့် အစွမ်းကုန် ပွင့်လန်းကာ လှနေသော ပန်းနုနှင်းဆီ။

ပန်းရောင်လည်းမကျသော နှင်းဆီနုရောင်ဖျော့ဖျော့နှင့် မီးခိုးရောင်လိုလို ဘော်ငွေရောင်တွေ ရောစပ်ယှက်ပြေးနေသော မြနှင်းဆီ၏ မြန်မာဝတ်စုံကို ငေးမောရင်း ဘာရောင်ခေါ်ရမှာ ပါလိမ့်ဟု ကြည်ဆွေ ခေါင်းရှုပ်စပြု၏။ သည်လို ဆန်းကြယ်သော အရောင်အသွေးတွေကို ရွေးချယ်တွဲစပ် ဆင်မြန်းလေ့ရှိသည်မှာ မြနှင်းဆီ၏ ထူးခြားချက် တစ်ခုပင်။

"မျက်မှန်ဖြုတ်လိုက်မှ မြက ပိုနုသွားတယ်နော်။ ဆံပင်မိတ်ကပ်ကလည်းကောင်း၊ ဝတ်ထားတဲ့ အရောင်ကလည်း သူ့အသားရောင်နဲ့ လိုက်မှလိုက်။ အဲဒီ ကနုကမာရောင်ကလေ လူတိုင်းနဲ့ လိုက်တာမဟုတ်ဘူး မောင်ရဲ့၊ ဟား···ဟား နုသာ ဝတ်လိုက်ရရင်လား။ ညိုပြာပြာ လတာပြင့်ခြေရင်း၊ ကနုကမာကောင် မုတ်ကောင်ဆင်းသလို ဖြစ်သွားမှာ···ဟား··· ဟား···"

b0o½kjcifzmfa&;wmcsif t wlwl
vkdsifpmt kjcfavmurf6emrn&lyDom;
uavmifawGmr*Z4;frsm;u 0Dpm;ay;csifMuonf[ k
Munf'qGxifonfwu, fawmhoifwdkU
b0o½kjcifzmf0wklq'lwmawGukdMunf'qG
tm;remwrfa0zef&vkduf½csifygw&U

"အမယ်လေး ညိုပြာပြာပဲ ကောင်းပါတယ် မိန်းမရယ်။ ဒါမှ··· ကိုယ့်မိန်းမ သိပ်မလှတော့ ဘယ်သူမှ မကြည့်တော့ဘူး။ ဟော··· မြနှင်းဆီဆိုရင် ကြည်ဆွေတစ်ကောင် ကြည့်ပုံမျိုးနဲ့ ကိုယ်သာ သူ့ယောကျ်ားဆိုရင် မခံနိုင်ဘူး။ ဆွဲထိုးမှာ"

"နေပါဦး··· ဘာရောင်ဗျ နုနုခင်"

ကြည်ဆွေက သူတို့လင်မယား နောက်ပြောင်နေကြသည်ကို စိတ်မဝင်စားဘဲ သူလိုရာဆွဲ မေးခွန်းထုတ်လေသည်။

နုနုခင်က နားမလည်နိုင်ဘဲ-

"ဘာမေးလိုက်တယ်"

"သြော်···မြနှင်းဆီ ဝတ်ထားတဲ့အရောင် ပြောပါတယ်၊ ဘာရောင်လဲလို့။ ခင်ဗျား ခုနက ပြောလိုက်သလားလို့ပါ"

"သြော်··· ကနုကမာရောင်လေ"

"ကနုကမာရောင်"ဟု စိတ်ထဲက သံယောင်လိုက်ပြီး ရွတ်ကြည့်သည်။

"ကနုကမာရောင်တဲ့၊ ခင်ဗျားတို့ မိန်းကလေးတွေပဲ ရှာရှာဖွေဖွေသိပါ့ဗျာ"

"ရှင့်ကိုက ဗဟုသုတနည်းတာ ဖြစ်ပါလိမ့်မယ် ဘဝသရုပ်ဖော် ဝတ္ထုရေး ဆရာကြီးရယ်"

နုနုခင်က အကျောမခံ ပြန်ပက်လေတော့ ကြည်ဆွေ ဖြုံသွားလေသည်။ ဒါတစ်ခုတော့ ကြည်ဆွေ အရေးပါသည်။

လူမှုန်းသိကတည်းက တလေးတမြတ် အားထုတ်လာသော ရည်ရွယ်ချက်။ အသက်လေးဆယ်ကျော်သည်အထိ မအောင်မြင်သေးတာတော့ မတတ်နိုင်ချေ။ ဘဝသရုပ်ဖော် ဝတ္ထုတွေကို မဂ္ဂဇင်းများမှာ အစဉ်တစိုက် ရေးလာခဲ့သော်လည်း ခုထိ စားဝတ်နေရေးအတွက် အားမပြုသာသေး။ "ဘဝအာမခံချက်"ဆိုသည့် စကားလုံးက သိပ်မြင့်မားလွန်းသည်မို့ ကြည်ဆွေ လောဘတကြီး မသုံးစွဲချင်ပါ။ စားဝတ်နေရေး အတန်အသင့် လည်ပတ်နိုင်ပြီဆိုလျှင် ဘဝသရုပ်ဖော် ဝတ္ထုရေး ဆရာ ကြည်ဆွေအဖို့ လူ့ဘဝမှာ၊ စာလောကမှာ နေပျော် ကျေနပ်နိုင်ပါပြီ။

ခုတော့ မဂ္ဂဇင်းလိုင်းမှာပင် တွင်တွင်ကျယ်ကျယ် တိုးဝင်၍ မရသေးသည့်အဖြစ်။

ဘဝသရုပ်ဖော် ရေးတာချင်း အတူတူ၊ လုံးချင်းစာအုပ်လောကမှာ နာမည်ရပြီးသား ကလောင်တွေသာ မဂ္ဂဇင်းများက ဦးစားပေးချင်ကြသည်ဟု ကြည်ဆွေ ထင်သည်။ တကယ်တော့ သင်းတို့ရဲ့ ဘဝသရုပ်ဖော်ဝတ္ထု ဆိုတာတွေကို ကြည်ဆွေ အားမနာတမ်း ဝေဖန်လိုက်ချင်ပါရဲ့။ ဘဝသရုပ်ဖော်တပ်ဦးက



www.burmeseclassic.com

www.burmeseclassic.com

ရပ်ပြီး ကြွေးကြော်နေလို့သာ နားဝေတိမ်တောင် ပရိသတ်ကြီးက ယုန်ထင်ကြောင်ထင် စွတ်အထင်ကြီးနေကြတာ။ တကယ်တော့ ‘ရောင်းတမ်း’ ဘဝသရုပ်ဖော်တွေပါ။ အစစ်မဟုတ်တဲ့ လုပ်ဇာတ်တွေပါ။ မဂ္ဂဇင်းတွေမှာ ဝင်ရေးတော့ကောတဲ့။ ဝတ္ထုမဟုတ်တဲ့ တစ်ပိုင်းတစ်စ မှတ်စုတွေ ဖြစ်လိုဖြစ်။ ပြောရင်လည်း ကြည်ဆွေပဲ လွန်ရာကျမယ်။ ကိုယ်က လုံးချင်းလောကအနား မသီနိုင်သေးတဲ့ဘဝမို့ မနာလို ဝန်တိုရန်ကောလို့ ပြန်တွယ်လိုက်ရင် တစ်ခွန်းတည်းနဲ့ သေရော။

မိုက်မိုက်ကန်းကန်း ပြောကြေးဆိုလျှင်တော့ ဘဝသရုပ်ဖော် အစစ်ဟာ ကဗျာတွေထဲမှာ အများဆုံး ခံစားလို့ရသည်ဆိုတာ ထောက်ပြချင်ရဲ့။ နာမည်မရသေးသော ဝတ္ထုတို တချို့၏ ဝတ္ထုတွေ ထင်းထင်းပြက်ပြက်ရှိကြောင်း ရွတ်ပြလိုက်ချင်ပါရဲ့။

မဂ္ဂဇင်းမှာ နည်းနည်းပါးပါး နာမည်ရပြီး တော်ကောက်မြှောက်စားခြင်း ခံလိုက်ရပြီ ဆိုရင်တော့ဖြင့် အဲသည်ကလောင်မရိုးသားတော့တာတွေ ဆုပ်ဖမ်းမိပြီဖြစ်သည်။ ကြည်ဆွေက စိတ်ပျက်တာ ဒါပါပဲ။ ‘ငါးပွက်ရာ ငါးစာချသည်’ ဆိုသည့် စကားဟာ အပျော်ဖတ် အချစ်ဝတ္ထုတွေကိုချည်း ထိုးနှက်ဖို့ သက်သက်မဟုတ်ဘူးဆိုတာ ဘယ်သူနှင့် ဆွေးနွေးရပါ့မလဲ။

ဝေ့ခနဲ ပျံ့လာသော နှင်းဆီနံ့ ပြေပြေကို ရှိုက်မိသည်။ မျက်စိအောက်မှာ ကနုကမာရောင်တွေ လွန့်လျှောနေလေ၏။

ကြည်ဆွေသည် ဘဝကို ရုတ်ခြည်းမေ့သွားတော့ကာ နှင်းဆီရနံ့ကို တရှိုက်မက်မက် တွယ်ဖက်ပြီး တိမ်ပေါ်လွင့်တက်သွားသလို ခံစားရလေ၏။

‘မြ… မြနှင်းဆီ’

နှုတ်ဆက်ရသည်မှာ အထစ်ထစ်အငေါ့ငေါ့။ ခုမှ ‘မြ’ ဟု ပိုင်ပိုင်နိုင်နိုင် မခေါ်ရဲတော့တာ သူ့ဘာသာ သေချာသွားပြီး ဖုတ်ခနဲ မြေကြီးပေါ် ပြန်ကျသည်။

‘မြ… ထိုင်လေ’

ဟု နုနုခင်က လွတ်နေသော ကုလားထိုင်ကို ညွှန်ရင်း ဖိတ်ကြိုသည်။ စောစောက တွေ့လိုက်ရသော သားနှစ်ယောက်မှာ တစ်နေရာတွင် ထိုင်ရစ်ကြပြီထင်၏။

‘ထိုင်မှာ… နေဦး၊ ခု မြက သီချင်းဆိုပေးရဦးမယ်လေ၊ ဘာဘနဲ့ အန်တီက ‘ရကွက်စ်’ လုပ်ထားလို့’

‘ဟာ…ဟုတ်သားပဲ’

ဟု နုနုခင်က သတိရစွာ ဆိုသည်။ မြနှင်းဆီက ဝင်းလှိုင်ပခုံးကို လက်ကိုင်အိတ်နှင့် လှမ်းရိုက်ကာ နှုတ်ဆက်ပြီး ကြည်ဆွေကို စူးစူးစိုက်စိုက် ပြုံးကြည့်လေသည်။

ဟိုတုန်းကတော့ သည်အကြည့်စူးစူးလက်လက်ကြောင့် အားတက်ရဖူးပါ၏။ ယုံကြည်မျှော်လင့်ချက်တွေ ဖွံ့ဖြိုးရဖူးပါ၏။

ခုတော့ သည်အကြည့်ဟာ သမားရိုးကျ ပါကလားဟု နားလည်ခဲ့ရပြီ။ မြနှင်းဆီ၏ မျက်လုံးများက ထူးခြားလှပသည်ပဲ။ မျက်အိမ်ကျယ်ကျယ်၊ မျက်လုံးရွဲရွဲ၊ အမြဲလို ရွှန်းမြတောက်ပရုံမက ဘာကိုပဲကြည့်ကြည့် စူးစူးလက်လက်ရှိသည်။

ကိုယ့်မို့ သည်လို ကြည့်တတ်သည်ထင်ကာ အတွေးမာနတွေ ပွားပြီး ကိုယ်က ပြစ်မှားမိတာ၊ ကိုယ်က ယုံမှားထင်စားမိတာသာ ဖြစ်သည်။

ကြည်ဆွေက မြနှင်းဆီ၏ မျက်လုံးများကို ရင်မဆိုင်ဝံ့လှဘဲ စားပွဲစွန်းကို ဖွဖွကိုင်ထားသည့် ဆင်စွယ်လက်ချောင်းကလေးတွေကို ငေးစိုက်နေ၏။ ကနုကမာရောင် တောက်နေသော လက်သည်းချွန်ကလေးများ။ လက်ခလယ်နှင့် လက်သူကြွယ်မှာ ဆင်မြန်းထားသည့် စိန်ပွင့်ကလေးတွေ။

‘ကိုကြည်ဆွေနဲ့ ပြန်တွေ့တာ အတော်ပဲ၊ မြက ပြောစရာတွေ ရှိနေတာ၊ နု…နင်တို့လင်မယားလည်း မပြန်နဲ့ဦးနော်၊ မြ… ပြန်လာမယ်၊ နေရာဦးထား’

‘အေးပါ မြရဲ့၊ ဒီကုလားထိုင်မှာ ဘယ်သူမှ လာမထိုင်ပါဘူး။ ကိုင်း… ကြွ… ကြွ’

တိမ်မျှင်တစ်စလို လှရုံကလေး ရွေ့လျားသွားသော မြနှင်းဆီကို တစ်ဆုံးကြည့်ရင်း ကြည်ဆွေ့ရင်တွေ ဘောင်ဘင်ခတ်နေသည်။

‘ပြန်တွေ့တာ အတော်ပဲ၊ မြက ပြောပြစရာတွေ ရှိနေတာ’ တဲ့။

‘*ရင်သပ်ရှုမော အံ့ဩလို့ဖြင့် မကုန်ချင်၊*

*တစ်ကိုယ်လုံးပင် ချိုပြုံးရွှင်သူခင်…*’

ဂီတဝိုင်းဆီမှ တီးမှုတ်သီဆိုနေဆဲ သီချင်းတစ်စကို ခုမှ နားစိုက်မိသည်။ သီချင်းသံသည် သွေးထဲသားထဲသို့ တောက်လျှောက် စိမ့်ဝင်သွားပြီး ကြက်သီးရှိန်းမြ ထမတတ် ခံစားရလေ၏။

❑

‘မြကလည်း သီချင်းမြန်မြန်တက်ဆိုပြီး မြန်မြန်ပြန်လာတာ မဟုတ်ဘူး’

နုနုခင်က စိတ်မရှည်စွာ လည်တဆန့်ဆန့်။

‘နုကလည်း… ခရီးရောက်မဆိုက်ကြီး စင်ပေါ်တက်ရမလားကွာ၊ ထမနဲလေး ဘာလေး စားဦးမှာပေါ့၊ နားဦးမှာပေါ့’

‘အို… နှစ်ယောက်တောင် ဆိုပြီးနေပြီ။ ဒီပွဲမှာ စတိပေါ့။ ဖိုးဆိုချင်၊ ဒေါ်ဆိုချင်တွေက အများကြီးရယ်’

‘ဟား…ဟား နုရဲ့ မြနှင်းဆီကလည်း ဒေါ်ဆိုချင်ပဲ မဟုတ်လား နုရ၊ နောကွ…ကြည်ဆွေ’

ဝင်းလှိုင်က ကြည်ဆွေကို အဖော်ညှိသည်။

‘ဟုတ်တယ်၊ ကဗျာဆရာဟာ ကဗျာရေးဖို့ပဲ လိုပါတယ်ဗျာ၊ မြနှင်းဆီဆိုတာ ကဗျာရေးဖို့ မွေးဖွားလာတာလို့ပဲ ကျွန်တော် ထင်တယ်’

ကဗျာရေးသည့် မြနှင်းဆီနှင့် ဝတ္ထုရေးသူ ကြည်ဆွေတို့၏ ဇာတ်လမ်းကလေးကို ပြန်လည် ဆွတ်ပျံ့ချင်စ ပြုသည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်က ကဗျာတွေ သိပ်ရေးအားကောင်းခဲ့သည့် မြနှင်းဆီ။ ခုတော့… မဂ္ဂဇင်းတွေမှာ ခပ်ကျဲ



www.burmeseclassic.com

www.burmeseclassic.com

ကျဲသာ တွေ့ရတော့ပြီ။ ဘာပဲဖြစ်ဖြစ် ထူးခြားသော အတွေးများ ပါတတ်သည့် မြနှင်းဆီ၏ ကဗျာတွေကို ကဗျာချစ်သူတိုင်း အမှတ်တရ ရှိကြသည်သာ ဖြစ်သည်။ မြနှင်းဆီက မျက်လုံးအကြည့် စူးရဲသလို၊ အတွေးကလည်း စူးစူးရဲရဲ ရှိလှသည်။

"မြနှင်းဆီက လုပ်ချင်တာတွေ၊ ဖြစ်ချင်တာတွေ များနေတယ်။ ကဗျာလည်းရေးချင်၊ သီချင်းလည်းဆိုချင်၊ ပြီးတော့... ခုလို လေးဆယ်ကျော်မှ သီချင်းဆိုဖို့ ကြိုးစားကြည့်တာလည်း အံ့မဝင်ဘူး ထင်တယ်"

"အိုး...မြက ကျောင်းကတည်းက သီချင်းဆိုလာတာ ရှင်သိသားနဲ့၊ ထစ်ခနဲဆို စင်ပေါ်မှာ မြပဲ သီချင်းဆိုလာတာ။ သူပဲ ဆိုရဲတာ၊ ဆိုတတ်တာ။ ပြီးတော့ မြကိုက သီချင်းသိပ်ဆိုချင်တာ"

"အေးလေ...ဒါကြောင့် ဒေါ်ဆိုချင်လို့ ပြောတာပေါ့မြရဲ့"

ဝင်းလှိုင်က အပြောင်အပြက် ရွှတ်နောက်နေသည် ဖြစ်သော်လည်း ကြည်ဆွေက အတည်။

"မြရဲ့ နေရာမှန်ဟာ ကဗျာဆရာဘဝပါပဲဗျာ"

"အို...ကဗျာဆရာမ သီချင်းမဆိုရဘူးလို့ ဘယ်သူပြောသလဲ။ စာရေးဆရာမတွေလည်း ဆိုတာပဲ၊ ရုပ်ရှင်မင်းသားလည်း ဝတ္ထုရေးတာပဲ၊ ဇာတ်မင်းသားလည်း ကဗျာစပ်တာပဲ၊ တစ်ကန့်စီ။ သူ့နေရာနဲ့သူ လုပ်သွားရင် ပြီးတာပဲ။ တစ်ခုနဲ့တစ်ခု မရောထွေးဖို့ အရေးကြီးတာပဲ"

"ထွင်းဖောက်ထွက်နိုင်ဖို့လည်း အရေးကြီးတယ် နုနုခင်၊ ဥပမာဗျာ မြနှင်းဆီဆိုတဲ့ နာမည်တစ်လုံးဟာ ကဗျာလောကမှာ တည်ဆောက်ပြီးသားပါ။ သီချင်းဆိုတဲ့အခါ အဆိုလောကမှာ နာမည်တစ်လုံး တည်ဆောက်ပြီးသား လူတွေနဲ့ ယှဉ်နိုင်ရမယ်။ ကိုယ်က ထွင်းဖောက်ထိုးထွက်မလာတောင်မှ အနည်းဆုံး ယှဉ်နိုင်ရမယ်"

"ရှင်က မြကို အထင်သေးသလား၊ ခု... မြနှင်းဆီက ကက်ဆက်ခွေ သွင်းတော့မှာ။ အနှစ်နှစ်ဆယ်အတွင်း ကျော်ကြားခဲ့တဲ့ သီချင်းတွေကို စိတ်ကြိုက်ရွေးသွင်းမလို့တဲ့"

"ကျွန်တော်တော့ စိုးရိမ်တယ်။ ခင်ညွန့်ရီကို ယှဉ်နိုင်ပါ့မလား။ ပြီးတော့ ညွန့်မှူးကတော် ဖြစ်နေပြီပဲဗျာ...အေးအေးဆေးဆေး ကဗျာပဲရေးနေပေါ့။ ဘာဖြစ်လို့ အကုန် လျှောက်လုပ်ချင်နေရတာလဲ"

"သြော်... ကိုကြည်ဆွေကလည်း ခုမှ အတတ်ဆန်းပြီး ဆတ်ဆော့နေတာ မဟုတ်ဘူးလေ။ ငယ်ငယ်တုန်းကတည်းက ကဗျာရေးလိုက်၊ သီချင်းဆိုလိုက် လုပ်လာခဲ့တာပဲဟာ"

နုနုခင်က စိတ်တိုစွာပြောရင်း ဂီတဝိုင်းဆီသို့ လည်ဆန့်ကြည့်သည်။

အခမ်းအနားမှူးလုပ်သူက မြနှင်းဆီအမည်ကို ကြေညာလိုက်သည် ထင်၏။ ညိုးညိုးညံ့ညံ့ အသံဗလံတွေ ကြားမှာ အာရုံကလည်း ပျံ့လွင့်နေခိုက်မို့ သဲသဲကွဲကွဲ မကြားလိုက်။

"သူ ဆိုတော့မယ် ထင်တယ်"

နုနုခင်က လှည့်၍ ဖြေသည်။

"ဟုတ်တယ်၊ ရွှေမိုးညို..."

❑

*"တိမ်တောင်တွေရယ်...ညိုတယ်၊ မိုးသက်လို့ရယ် ကံသင်တယ်...ချစ်တဲ့သူ အပြောခက်တယ် တိုးဖက်ကွယ်...မိုးသက်တော့မယ်..."*

မြနှင်းဆီအသံက သေးမျှင်ပါးလျားသော်လည်း ရစ်ချင်တိုင်းရစ်၍ ဆွဲချင်သလို ဆွဲငင်နိုင်သော အသံမျိုး ဖြစ်လေသည်။ ပြီးတော့ ချိုနွဲ့သည်။

"တိမ်တောင်တွေရယ် ညိုတယ်" ဆိုသည့် နေရာမှာ အသံကို ရစ်ဝိုက်လူးလိမ့်ပြီးမှ အသက်မရှူဘဲ "မိုးသက်တွေ" ကို ဆက်လေရာ ကြည်ဆွေသည် စန္ဒရားခုံဘေးမှာ လက်ပိုက်ရပ်နေရင်း အသက်ရှူ မှားမတတ် ခံစားရလေ၏။ သက်ခိုးရှိုက်ကာ အသံကို လှိုင်းထစေတတ်တာတွေဟာ မြနှင်းဆီ၏ ပညာတွေပါပဲ။

r*Z¼frSenfenfygyg emrn&lyDawmfumuf ajrSupfm;cifcHrIusl&lyDqlMuifawmhbifFt ûonfuavmif r½kdbm;awmhvmawGqljzfrfzWyfpfonfMunfqG pdvfysufvm 'gygJ]igyGi&mi gpmcsonfjfqbkdnfh pum;[ m t aysmfzwft cpfwkawGtbnfx]EkSuf£M oufbufr[ kwfbIqklvm b, fbESfaq@E@yghvJ

ဒါဟာ စည်းဝါးနားလည်တာ၊ သံစဉ် နိမ့်မြင့် ကျွမ်းကျင်တာတွေထက် အနည်းငယ် မြင့်သည်။

သင်ကြားယူ၍ မရတတ်သော ပညာ။ ကိုယ်က ဂီတမှာ သီချင်းသားထဲ နစ်မြောခံစားပြီး လိပ်ပြာနိုးပါမှ။ အထုံပါရမီနှင့် ဆိုင်မည်ထင်သည်။ ဝမ်းတွင်းစုန်းလို မွေးရာပါ စွမ်းအင် တစ်ခုလည်း ဖြစ်သည်။

"ဘဲရီးနိုက်စ်...မြက ပါရမီပါတယ်။ ဝမ့်စ်မိုး မြရယ်...၊ တစ်ခါလောက် ထပ်ဆိုပြပါဦး"

သည်တုန်းကတော့ ရင်ထဲကကို အလေးအနက် ချီးကျူးခဲ့ခြင်း ဖြစ်ပါသည်။ တစ်ခုသော ကျောင်းသားပွဲတော် အခမ်းအနား စင်မြင့်ပေါ်မှ အဆင်း၊ တီးဝိုင်းနားမှာ ရပ်စောင့်ပြီး မြကို လှိုက်လှဲစွာ အားပေးစကား ဆိုဖူးသည်။

မြက ရီးစင်းသည်။



www.burmeseclassic.com

www.burmeseclassic.com

အပြစ်ကင်းသည့် ကလေးငယ် တစ်ယောက်လိုပင်။ ကဗျာ၊ ဂီတနှင့် ပတ်သက်ပြီး အချီးကျူးခံရပြီဆိုလျှင် အကွယ် အဝှက်မဲ့စွာ၊ ဟန်ဆောင်မှုကင်းစွာ တကယ့် ကလေးငယ်တစ် ယောက်လို ခုန်ပျံထမတတ် ဝမ်းသာမြူးထူးလေ့ရှိသည်။

'ဝမ့်စ်မိုး မြရယ်...'

ဆိုသည့် တောင်းဆိုချက်ကို အလေးအနက် တုံ့ပြန်ပြီး ရတနာဆောင်ရှေ့ မြက်ခင်းပြင်ပေါ်မှာ သူငယ်ချင်း လေးငါး ယောက် ဝိုင်းဖွဲ့ကာ 'ရွှေမိုးညို'ကို ဒုတိယအကြိမ် ပြန်လည် သီဆိုပြလေသည်။

ဒါကို ကြည်ဆွေက အားတက်ပြီး ရဲတင်းခဲ့တာလည်း ဝန်ခံရမည်။ မိန်းကလေးတစ်ယောက်၏ ခေတ်မီပွင့်လင်းမှု၊ ရိုးသားလို့က်လှဲခြင်း ပကတိဖြင့် ခင်မင်မှု၊ ကျားမပဟူသော ခွဲခြားချက်ကို မေ့လျော့ပြီး 'ဘာသာစကားချင်း တူသော အပေါင်းအသင်းစိတ်'ဖြင့် သံယောဇဉ်နှောင်ဖွဲ့မှုတို့ကို လူမှု ဆက်ဆံရေး အတွေ့အကြုံ နည်းပါးလှသော ကြည်ဆွေက မသိနိုးနား ယုံမှားခဲ့ခြင်းသာ ဖြစ်သည်။

သို့ဖြင့် ကျောင်းသားပွဲတော်၏ နောက်ဆုံးည၊ မြနှင်းဆီ တို့ 'ရတနာ'သူတစ်သိုက်ကို အဆောင်ပြန်ပို့သည့် ကားပေါ်မှာ ကြည်ဆွေ ဇာတ်လမ်းစ,မိခဲ့သည်။ ကားက ဒတ်ဆန်းကား။ ကားနှင့်လူ အပြည့်အသိပ်မို့ တိုးတိုးဝှေ့ဝှေ့ ပူးပူးကပ်ကပ် ထိုင်ကြရသည့် ကျောင်းသူများကို အားနာလှစွာ လိုက်ပို့ပေး သူ ကြည်ဆွေတို့ ကျောင်းသားတစ်သိုက် ကားနောက်မြီးမှ တွဲလွဲခိုလိုက်ခဲ့ကြသည်။

မြနှင်းဆီက ထိုင်ခုံရှည်၏ နောက်ပိုင်းအစွန်းမှာ နေရာယူ လေသည်။ နောက်မြီးက ခြေနင်းခုံပေါ် ခြေတစ်ဖက်နင်း၍ ခိုတွဲလိုက်လာသူ ကြည်ဆွေနှင့် မြနှင်းဆီက နီးစပ် ထိကပ် လျက်။

သန်းခေါင်ယံ လေပြည်နှင့်အတူ ထုံမွှမ်း ကြိုင်လှောက် နေသော မိန်းကလေးတို့၏ မွှေးရနံ့တွေထဲမှာ မြနှင်းဆီ၏ ကိုယ်သင်းနံ့ ပြေပြေကို ကြည်ဆွေတစ်ယောက်တည်း ခွဲခြား ခံစား မွှေးရှိုက်ရသည်ဟု စိတ်ကြီးဝင်ရသေးသည်။

မြနှင်းဆီ၏ ပါးပြင်နုနုက တစ်ခါတစ်ရံ ကားနောက်မြီး မှ သံတိုင်ကို အမိအရ ကိုင်ထားရသော ကြည်ဆွေ့ လက် မောင်းတွေနှင့် မထိတစ်ချက် ထိတစ်ချက်။

ကြည်ဆွေက နှင်းဆီနက် ရေမွှေးနံ့ယဉ်ယဉ်ကို တရှိုက် မက်မက် ရှူသွင်းကာ အိပ်မက်ယောင်ယမ်း လမ်းလျှောက်နေ သူလို မသိတစ်ဝက် သိတစ်ဝက်။

နှင်းဆီနက်ရေမွှေးနံ့ ရောစွက်သော ကိုယ်နံ့သင်းသင်း ကလေးကို 'မြနှင်းဆီ'ဟု ခွဲခြား စွဲငြိနေမိသည်မှာ ကြာပြီပင်။

'ဟော့...လူ... မြဲမြဲကိုင်ထားနော်၊ ပြုတ်ကျလို့ ဟုတ် ပေ့ ဖြစ်နေမယ်'

စိုးရိမ်သံတစ်ဝက်နှင့် မြနှင်းဆီက ဆိုသည်။ အေးစိမ့်နေ သော ဆောင်းညဉ့်သန်းခေါင်ယံတွင် မြနှင်းဆီ၏ တိုးညင်း ညင်သာသော လေသံက နွေးထွေးစဖွယ်။

အင်းလျားလမ်းပေါ် မရောက်ခင် ကားက တဂျိန်းဂျိန်း ဆောင့်ခုန်လေတိုင်း မြနှင်းဆီက ကြည်ဆွေ့တိုက်ပုံ အင်္ကျီစကို လှမ်းဆွဲပြီး မသိမသာ ထိန်းပေးသည်။ လူတစ်ကိုယ်လုံးသာ ပြုတ်ကျပြီဆိုလျှင် သူ့လက်ထဲ တိုက်ပုံအင်္ကျီစသာ ကျန်ရစ် မည်ကို တွေးရင်း ကြည်ဆွေက ရယ်လည်းရယ်ချင်၊ စိတ်ထဲ မှာလည်း အလိုလို ရွှင်ပျလာ၏။

နောက်တော့လည်း ရဲရင့်ခြင်း တစ်ဆင့်တက်လာကာ-

'ရတနာဆောင်ကို ရောက်အောင် တစ်ညလုံး ခုလို မောင်းနေရရင် ကောင်းမယ်နော် မြ'

'အမယ်တော်...မလုပ်လိုက်ပါနဲ့ ကိုကြည်ဆွေရယ်၊ ပင်ပန်းလှပြီရှင့်။ နားချင်ပြီ။ ခုတောင် အိပ်ငိုက်ငိုက်သွားတယ်'

'ကျွန်တော်တော့ ခုည အိပ်နိုင်မယ် မထင်ဘူး'

'ဟောတော်...ဆရာ ဘုန်းနိုင်ရဲ့ ဇာတ်လိုက်နဲ့ လာတွေ့ နေမှကိုး။ ဘာလဲ...ဒီလောက် ငွေလရောင်ဖုန်ဖုန်နဲ့ နှင်းမှုန်မှုန် သွယ်ကျနေတဲ့ ငွေရောင်တစ်ညကို အိပ်ပစ်လိုက်ရမှာ နှမြော လို့လား...ဟုတ်လား...ဟက်ဟက်'

ခေတ်ပညာတတ် လူငယ်တို့၏ နှုတ်ဖျားမှာ ရေပန်းစား ကျန်ရစ်သော ဝတ္ထုထဲက ဇာတ်ဆောင်၏ စကားလုံးများ အတိုင်း မြနှင်းဆီက အကျအန ရွတ်ပြီး ရွှန်းပြက် နောက်ပြောင် နေသည်။

ကြည်ဆွေက ယောကျ်ားတို့၏ အဋ္ဌာရသကို ကျွမ်းကျင် စွာ အသုံးချလေသည်။

'ဟုတ်တယ်မြရဲ့၊ သိပ်နှမြောစရာကောင်းတဲ့ လသာည လေ။ ငွေလမင်းကြီးက ဂီရာဘလက်ရှိစ်အနံ့ တသင်းသင်းနဲ့'

တိုက်ပုံအင်္ကျီရင်ဘတ်စကို ဆောင့်၍ အဆွဲခံလိုက်ရသော အခါ ကြည်ဆွေ့ခန္ဓာကိုယ်က မြနှင်းဆီထံသို့ လိုတာထက် ပိုပြီး ယိမ်းညွတ်ပစ်လိုက်သည်။

'ကျွန်တော်တော့ ခုလိုပဲ တစ်ညလုံး ကားလျှောက်စီးနေ ချင်တော့တယ် မြရယ်'

ခေါင်းကို ငုံ့ကိုင်းပြီး မြနှင်းဆီ၏ မျက်နှာနား တိုးကပ်ကာ ဘေးလူတွေ မကြားရအောင် လေသံနှိမ့်ပြီး စကားဆက်မည် ကြံဆဲ-

'ဟော့...လူ... ရှင် မြကို သွယ်ဝိုက်ပြီး ရည်းစားစကား ပြောနေတာလား'

ဆုပ်အဆွဲခံထားရသော တိုက်ပုံအင်္ကျီစသည် တင်းသည် ထက် တင်းလာ၏။ သို့သော် လမ်းမီးရောင်ပျပျတွင် မှုန်ဝါးဝါး မြင်နေရသည့် မြနှင်းဆီ၏ မျက်နှာမှာ အပြုံးအရယ် မပျက်။

ကြည်ဆွေကသာ 'ယဉ်'ထားသည့် စိတ်ကူးကလေးတွေ ကစဉ့်ကလျား လွင့်ထွက်ကုန်သည်။ မြနှင်းဆီ ဤမျှ ပွင့်လင်း လိမ့်မည် မထင်ခဲ့ချေ။ ကိုယ်က သွယ်ဝိုက် ဝေ့လည်နေ သလောက် မြနှင်းဆီထံမှ မမျှော်လင့်သော တိုက်ရိုက်မေးခွန်း ကို ရလိုက်လေရာ ရုတ်တရက် ဘယ်လို တုံ့ပြန်ရမှန်း မသိ



www.burmeseclassic.com

www.burmeseclassic.com

တော့အောင် ကယောင်ကတမ်း ဖြစ်သွားရသည်။ ပြီးတော့ မြနှင်းဆီရဲ့ အသံကလည်း နှစ်ကိုယ်ကြားရုံမက ကျယ်သည်။

သူ့အကြောင်းနှင့်သူ ရယ်မောဆူညံ စကားသံတွေ ရောထွေးနေ၍သာ ဘေးလူတွေ သတိမထားမိလိုက်ကြ။

မြနှင်းဆီက ကြည်ဆွေ ဆွံ့အ,သွားသည်ကို သူ့အတွေးနှင့်သူ သဘောကျစွာ ရယ်မောရင်း-

"ခြေနင်းခုံပေါ် ခြေတစ်ဖက်ချိတ်ပြီး တွဲလွဲခိုလိုက်နေရတာများ ကိုကြည်ဆွေရယ်၊ ခုလိုပဲ တစ်ညလုံး ကားလျှောက်စီးချင်နေရတယ်လို့၊ လက်အန်သေပြီး ပြုတ်ကျသွားမှာ မတွေးမိဘူးလား၊ သတိလည်းထားဦး၊ စိတ်ကို ငြိမ်အောင်ထိန်းသိလား။ စိတ်တွေ ဟိုရောက်ဒီရောက် ဖောက်ဖောက်ပြန်ပြန် မလုပ်နဲ့၊ မပြစ်မှားနဲ့။ ငရဲကြီးသွားမယ်၊ တိတ်တိတ်နေ"

"မှတ်ကွ"ဟု ကိုယ့်ကိုယ်ကို ကျိတ်ပြီး ကျိန်ဆဲလိုက်ရသည်။ ကိုယ့်အဋ္ဌာရသကို သိပ်အားကိုး၍ မရပါတကား။ သူ့ခံတပ်က လုံခြုံလှသည်။

မျက်နှာမပျက်ရသော်လည်း ရှေ့တစ်လှမ်းတက်ဖို့ ခက်လေပြီ။ ထိုညအဖို့တော့ ကြံစည်စိတ်ကူးရင်းနှင့် ဇာတ်မျောကာ ရတနာဆောင်ရှေ့ ရောက်ခဲ့ရသည်။ မြနှင်းဆီက ပြုံးကြည်ရွှင်လန်းစွာပင် သူ့ပခုံးစွန်းကို လက်ကိုင်အိတ်နှင့် ဗုန်းခနဲမြည်အောင် လွှဲရိုက်ပြီး တရင်းတနှီး နှုတ်ဆက်သေး၏။

"ဂွတ်ဒ်နိုက်…ဟော့…လူကြီး၊ အဆောင်ပြန်ရောက်ရင် ပျော်အောင် ကြိုးစားအိပ်နော်၊ အာရုံတွေ လွင့်မနေနဲ့ သိလား"

ချိုနွဲ့သော သံစဉ်ကလေးက ရင်ထဲမှာနွေးပြီး ကျန်ရစ်လေသည်။ ကိုယ့်စိတ်ကူးနှင့်ကိုယ်မို့ အိပ်မက်ထဲမှာပင် နှင်းဆီရန့်တွေက သင်းသင်းမြမြ။

❑

ကြည်ဆွေက တရားကိုယ်သဘောကို တိုက်ရိုက်ကြည့်တတ်သူ။

တက္ကသိုလ်ရောက်စကတည်းက ကြိုးကြားကြိုးကြား ကြိုးစားရေးလာသည့် ဝတ္ထုတိုကလေးတွေမှာ တစ်စုံတစ်ခုသော ပြောချင်သည့် အကြောင်းရင်းကို ပေါ်လွင်ပီပြင်အောင် ကြိုးပမ်း ရေးဖွဲ့ခဲ့သည်ချည်း။ ဒါကို "ဘဝသရုပ်ဖော်"ဟု တံဆိပ်ကပ်ခြင်း ခံခဲ့ရသည်ပင်။

ကြည်ဆွေ သဘောမတူစရာ မရှိ။ သိက္ခာမြင့်မားစေသော ဂုဏ်ပုဒ်မို့ ကိုယ်နှင့် တကယ် မထိုက်တန်မှာသာ ပူပန်သည်။ ထိုစိတ်ကြောင့် ဘဝသရုပ်ဖော်ဝတ္ထုတွေကို ပေါ့ပေါ့တန်တန် မထုတ်လုပ်ဖြစ်တော့ဘဲ အတတ်နိုင်ဆုံး အချိန်ယူပြီး အရေအတွက် နည်းပါးစွာ၊ ရောင့်ရဲစွာ အားထုတ်နေခြင်းဖြစ်သည်။

သည်လိုလူမျိုးက နိမိတ်ပုံတွေ၊ အလင်္ကာတွေကို ရှေ့တန်းတင်လိုစိတ် မရှိသည်မှာ ပင်ကိုသဘာဝပင်။

မြနှင်းဆီကတော့ ကဗျာဆရာမပီပီ စကားပြောရာတွင် နိမိတ်ပုံပြခဲ့လေသည်ထင့်။ အစက ကောင်းစွာ မရိပ်စားမိခဲ့ချေ။

သူ့စကားသံ ချိုနွဲ့နွဲ့ကလေးသာ ရင်ထဲမှာ အေးတစ်လှည့်၊ နွေးတစ်လှည့် ခံစားရင်း စိတ်ကူးယဉ်သမားဘဝ ရောက်မှန်းမသိ ရောက်ခဲ့ရသည်။ သူကတော့ နိမိတ်ပုံပြခဲ့လေသား။

"ခြေနင်းခုံပေါ် ခြေတစ်ဖက်ချိတ်ပြီး တွဲလွဲခိုလိုက်ရတဲ့ဘဝများ ကိုကြည်ဆွေရယ်…"

"လက်အန်သေပြီး ပြုတ်ကျသွားမှာများ မတွေးမိဘူးလား…."

မြနှင်းဆီ၏ နိမိတ်ပုံတွေကို အကင်းပါးစွာ နားမလည်မိခဲ့၍ သူထောက်ပြသော ကိုယ့်ဘဝအနေအထားကို ကိုယ်ပြန်သုံးသပ်ရကောင်းမှန်း မသိခဲ့။

တကယ် သတိရဖို့ ကောင်းပါလျက် အောက်ခြေလွတ်မိခဲ့သည့် အဖြစ်။ ငယ်စဉ် လူမှန်းသိကတည်းက မိဘနှစ်ပါးကို ဖြူသည်၊ ညိုသည် မမှတ်မိခဲ့ရသော ကြည်ဆွေဆိုသည့် တစ်ကောင်ကြွက်ဘဝလေ။

r*Z/4fxGi&ufsm;wGfjrESfqDi
Munfaqliukt azmfc: wwfavonf
xkd cgsm;rfbjrESfqD oufwmfpmifht ygawmfjrJ
&mxjukt&Pf Difum; rqjEkdifom rsufEdSxmjzifh
jrESfqDbaGv Ekdaemufwaumufumuf/ldbonf

ငန်းဇွန်းနယ်က "သားကျင်"ဆိုသည့် ကျေးရွာကလေးမှာ ဘုန်းကြီးကျောင်းသားအဖြစ် ပညာရှာခဲ့ရသော ငယ်ဘဝ။

ပညာကြိုးစားမှု၊ ထူးချွန်မှုတို့ကြောင့် ဆယ်တန်းအောင်ပြီး ဆရာဘုန်းတော်ကြီး၏ အထောက်အပံ့ဖြင့် တက္ကသိုလ်ရောက်လာခဲ့ရသော ချို့ချို့ငဲ့ငဲ့ ဘဝ။

သည်လိုဘဝမျိုးကများ မြနှင်းဆီလို မိန်းကလေးကို လက်ကမ်းချင်သေးသည်တဲ့။

မြနှင်းဆီက ကဗျာရေကိုသောက်၊ ကဗျာလေကိုရှူပြီး ကဗျာထမင်း၊ ကဗျာဟင်းနှင့် တင်းတိမ်ပါသည် ဆိုဦးတော့ မြင့်မားခမ်းနားလှသည့် မြနှင်းဆီ၏ အသိုက်အဝန်းကြီးကို ထည့်မတွက်ချင်၍ မရနိုင်ပါ။ သို့ပေမဲ့ ထူးခြားထင်ရှားသော မိန်းမလှကလေး တစ်ယောက်မို့ မြတ်မြတ်နိုးနိုး မက်မောမိတာ



www.burmeseclassic.com

www.burmeseclassic.com

အမှန်ပင်။ မြနှင်းဆီကို ပိုင်ဆိုင်ခွင့် ရချင်လှသည်။ ဒါတစ်ခုသာ ဆန္ဒပြည့်ဝမည်ဆိုလျှင် ‘ငါကွ’ဟု လက်ခမောင်းခတ်ပြီး လောကကြီးမှာ ကြည်ဆွေ နေပျော်ပြီ၊ ကျေနပ်ပြီ။

မျှော်လင့်ချက် တွန်းအားဖြင့် မြနှင်းဆီအပါးမှာ တရစ်ဝဲဝဲ မခွဲနိုင်မခွာရက် ချဉ်းကပ်မိလေသည်။

ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်ရုံမက ထီခနဲဆို စင်ပေါ် ဇွေ့ခနဲတက်နှင့်ပြီး ရှိတတ်သော မြနှင်းဆီက ကဗျာကိုတော့ မှန်မှန်ရေးလေသည်။ လစဉ်ထုတ် မဂ္ဂဇင်းတစ်စောင်တွင် ပင်တိုင်နီးပါး ပုံမှန် ရေးလေ့ရှိပြီး တိုင်းရင်းမေနှင့် ငွေတာရီ၊ မြဝတီတို့တွင် တစ်လှည့်စီရေးသည်။

မဂ္ဂဇင်းထွက်ရက်များတွင် မြနှင်းဆီက ကြည်ဆွေ့ကို အဖော်ခေါ်တတ်လေသည်။ ထိုအခါများမှာ မြနှင်းဆီ၏ သက်တော်စောင့် အပါးတော်မြဲ ရာထူးကို ဂုဏ်ယူဝင့်ကြွားမဆုံးနိုင်သော မျက်နှာထားဖြင့် မြနှင်းဆီသွားလိုရာနောက် တကောက်ကောက်လိုက်သည်။

သူရော ကိုယ်ရော အကျွမ်းဝင်ပြီး သူ့ကိစ္စရော ကိုယ့်ကိစ္စပါ အတူတကွ ဆောင်ရွက်လို့ရသည့် မဂ္ဂဇင်းတိုက်များသို့ အတူတူ သွားလာ ဝင်ထွက် ရင်းနှီးမှု ပိုလာပြီး တစ်ခါတော့ ကိုယ်မရောက်ဖြစ်သည့် ဗိုလ်ချုပ်ဈေးကို မြနှင်းဆီအတွက် ကိုယ်ရံတော် အဖော်လိုက်ရလေ၏။

ထိုအခါကျမှ သည်းထိတ်ရင်ဖို ရသကို ကြည်ဆွေ ခံစားရတော့သည်။

မြနှင်းဆီက–

‘တိုလီမိုလီကလေးတွေ ဝယ်ချင်လို့ ကိုကြည်ဆွေရယ်’

‘သွားလေ··· သွားပါ။ စကော့တ်တို့၊ ဘောဒစ်စ်တို့ ဝယ်ချင်လည်း ဝယ်ပါ။ ခပ်လှမ်းလှမ်းက စောင့်မှာပေါ့’

မြနှင်းဆီက သာသာလွင်လွင် ရယ်မောရင်း အလှကုန်ဆိုင်ရှေ့မှာ ရပ်သည်။ နှုတ်ခမ်းဆိုးဆေး တစ်တောင့် ဝယ်သည်။ ခြောက်ဆယ့်ငါးကျပ်ဟု ဈေးသည်က ဆို၏။ ငါးဆယ့်ရှစ်ကျပ်နှင့် ဈေးတည့်သွားသည်။

ကြည်ဆွေ ဘုရားမတ,မိအောင် မနည်း သတိထားရလေသည်။

မြနှင်းဆီ နှုတ်ခမ်းရောင်စုံ ဆိုးတတ်တာ ကြည်ဆွေ ရိပ်စားမိသည်။ မြနှင်းဆီအတွက် နှုတ်ခမ်းနီတစ်တောင့် လက်ဆောင်ပေးဖို့ စိတ်ကူးပြီးသားလည်း ရှိသည်။ စိတ်ကူးကို လက်တွေ့ အကောင်အထည် မဖော်ရဲခင်က လမ်းကြုံ၍ အလှကုန်ဆိုင်မှာ နှုတ်ခမ်းနီဈေးနှုန်းကို စုံစမ်းဖူးလေသည်။

အဆင့်အတန်းမြင့်သည့် အလှကုန်ပစ္စည်းမှန်လျှင် မက်စ်ဖက်တာကုမ္ပဏီမှ ထုတ်လုပ်သည်ဆိုတာလောက်တော့ ကြည်ဆွေ ဗဟုသုတရှိသည်။ မက်စ်ဖက်တာ နှုတ်ခမ်းဆိုးဆေးတစ်တောင့် အစိတ်ပတ်ဝန်းကျင်တဲ့။ တော်တော်တော့ ဈေးကြီးတာပဲဟု တွေးကာ ငွေလေးငါးဆယ်လောက် အိတ်ထဲထည့်လာနိုင်အောင် ကြိုးစားပမ်းစား ရှာဖွေစုဆောင်းလာခဲ့လေသည်။

ခုတော့–

ကြည်ဆွေသည် အိတ်ကပ်ထဲက ဆယ်တန်လေးရွက်နှင့် ကျပ်တန်ကလေး တချို့ကို ယောင်လို့ပင် စမ်းမကြည့်ချင်တော့ဘဲ မျက်နှာမပျက်တပျက်နှင့် တစ်ဖက်ဆိုင်က ကလေးဂါဝန်တွေကို လှည့်ငေးနေလိုက်ရသည်။

မြနှင်းဆီ ကရင်းပတ်ဖ်တစ်ဘူး ဝယ်သေးသည်ကိုလည်း သိလိုက်၏။ လေးဆယ့်နှစ်ကျပ်ဟု နားထဲဆောင့်ဝင်လာသည်။

‘ကိုတက်စ်ကကော နှစ်ဆယ် မဟုတ်လား’

မြနှင်းဆီ၏ အသံက တိုးတိုးဖွဖွ။

‘ကိုတက်စ်က အစိတ်ဖြစ်နေပြီ ညီမရယ်၊ မောဒက်စ်ကိုယူ နှစ်ဆယ်ပဲ’

‘အို···မောဒက်စ်က ပွစိစိကြီးနဲ့ မကြိုက်ပါဘူး၊ ကိုတက်စ်ပဲ ပေးပါ။ နှစ်ဘူးယူမှာ၊ နှစ်ဆယ်ပဲယူ’

ဈေးသည် မမက ရယ်သံတစ်ဝက်နှင့်–

‘ညီမလေးကတော့လေ အစ်မများဆိုရင် တယ်နိုင်တာပဲ။ ကဲ···တခြား ဘာလိုသေးလဲ’

‘တော်ပြီ အစ်မ။ ကိုတက်စ်ဘူးတွေကို ပက်ကင်လုပ်ပေးနော်’

ကြည်ဆွေက ဘာမှန်းမသိသော ‘ကိုတက်စ်’ကို သိပ်စိတ်မဝင်စားတော့ချေ။ တစ်ဖက်လှည့်ငေးရင်း ဆီတစ်ပိဿာ ငါးကျပ်၊ ခြောက်ကျပ် ဈေးလောက်မှာ နှုတ်ခမ်းနီတစ်ဘူး ငါးဆယ် ခြောက်ဆယ်တန်ကြီးကို ကွမ်းယာ ဆေးလိပ် ဝယ်သလို ဝယ်ယူသုံးစွဲနေသော မြနှင်းဆီ အပါးမှာ ကြက်သီးဖြန်းဖြန်းထ,စပြုသည်။

‘သွားစို့ ဟော့ လူ···’

မြနှင်းဆီက ခေါ်မှ ငိုင်တိုင်တိုင် ရပ်နေရာက ဖျတ်ခနဲ သတိဆွဲလိုက်ရ၏။ မြနှင်းဆီ လက်ထဲမှ ပွေ့ပိုက်ထားသော စက္ကူဘူးများကို လက်လှမ်းကာ–

‘ပေးလေ··· မြ’

မြနှင်းဆီက ကိုယ်ကိုယို့ကာ တိမ်းလိုက်ပြီး–

‘အိုး···နေပါစေ၊ လာ···လာ···သွားစို့’

‘အထုပ်တွေများနေပြီ မြရဲ့၊ ကျွန်တော်က လက်အားနေတာပဲ၊ ပေးစမ်းပါ’

‘အား···ဒီလူ ခက်တာပဲ၊ နေပါစေဆို။ မြ···ငရဲကြီးမယ် ရှင်’

‘မဟုတ်တာ၊ ဘာမို့ ငရဲက လာကြီးရမှာလဲ၊ လုံချည်တောင် သယ်ဖူးသေးတာ၊ ကျောင်းသားပွဲတော်တုန်းကလေ’


‘အိုး···ဒါက ပိုဆိုးတာပေါ့၊ ကဲပါ···ကိုကြည်ဆွေရာ လာစမ်းပါ၊ ဒီရုံက ထွက်ပြီး ဟိုဘက်မှာ ကိုးလ်ကော်ဖီသောက်ရအောင်’

ဖျိုးဖျိုးဖျတ်ဖျတ်နှင့် ရှေ့က အတင်းထွက်သွားသော မြနှင်းဆီနောက်ကို အမီလိုက်ရင်း ကြည်ဆွေ့စိတ်ထဲ စနောင့်စနင်းဖြစ်နေ၏။

*စာမျက်နှာ(၂၃၆)သို့···*



www.burmeseclassic.com



အနောက်ဘက်
ကမ်းရိုးတန်းလို့
အမည်ရတဲ့ ကန္တာရ
ခရီးသွားကုမ္ပဏီကားက
ကျွန်မတို့ကို ကြိုဖို့
ဟိုတယ်ရှေ့
ရောက်လာတော့ မနက်
ဆယ်နာရီ ထိုးလုပါပြီ။
ကုမ္ပဏီက ကြိုပြောထားတဲ့
သတ်မှတ်ချိန်ထက်
တစ်နာရီနီးပါး
နောက်ကျနေတာပါ။
လာကြိုတဲ့ ကားဆရာက
မျက်ရည်တဲ့ လူငယ်
တစ်ဦးဖြစ်ပြီး သူ့ရဲ့လေးတဲ့
အင်္ဂလိပ်စကား
လေယူလေသိမ်းကြောင့်
မော်ရိုကိုတစ်ဦးလို့
ထင်ရပါတယ်။ သူက
အာရပ်ရိုးရာဝတ်စုံပြည့်နဲ့
အရပ်မြင့်မြင့်၊ နှာတံလှလှ
ချောမောသူတစ်ဦးမို့
အချောအလှမက်တဲ့
ကျွန်မသူငယ်ချင်း
အိုင်ဘင်းကတော့
ပျော်သွားတာပေါ့။
သဲကန္တာရခရီးကြမ်းကို
အတူတူဖြတ်ပေးမယ့်
သူလို့ သီချင်းတစ်ပုဒ်
ကောက်ညည်းရင်း
အိုင်ဘင်းက
ခပ်ကြော့ကြော့ပဲ
ကားပေါ်တက်သွားတယ်။
ပြဿနာက ချန်ယင်းပါ။
ကားပေါ်မတက်ခင်
ကားဆရာလူငယ်ကို
ချန်ယင်းက မေးခွန်းမျိုးစုံ
ထုတ်နေတာပါ။
ကြေညာထားတဲ့ ခရီးစဉ်
လမ်းကြောင်းအတိုင်း
အချိန်အတိအကျ ရှိမှာလား
ဆိုတဲ့ ချန်ယင်းအမေးကို
ဒီလိုခရီးတွေမှာ

# အရိပ်များ အယောင်များ

ဇေား ဇော


အမှတ် ၃၃၃၊ မေ၊ ၂၀၀၉
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည်၈/ဆုံး

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဘာမှကြိုပြောလို့မရဘူးနဲ့ ကားဆရာလူငယ်က ထိန်းထိန်းသိမ်းသိမ်း ဖြေပါတယ်။ ဒီအဖြေကြောင့် မျက်နှာပုပ်သွားတဲ့ ချန်ယင်းက ခရီးကအပြန်မှာ ညကိုးနာရီမထိုးခင် သုံးမြှောင့်လမ်းခွဲကို ရောက်နိုင်ပါတယ်ဆိုတဲ့ ကားဆရာရဲ့ နောက်ထပ် အဖြေကိုတော့ ကျေနပ်သွားပါတယ်။

ကျွန်မတို့သုံးယောက် ကားနောက်ခန်းမှာ နေရာယူပြီးတာနဲ့ ကားက မြို့လယ်ဟိုတယ်ရပ်ဝန်းကနေ မြို့ပြင်ကန္တာရဘက် ဦးတည်မောင်းတော့တာပါ။ သဲတွင်းပြေးလင့်ခရူဆာကားပေါ်မှာ ကျွန်မတို့သုံးယောက်အပြင် ကျွန်မတို့ထက်အရင် ဝင်ကြိုလာတဲ့ အိန္ဒိယမိသားစုတစ်စု ရှိနေပါသေးတယ်။ အမေဖြစ်ဟန်တူသူက ကားဆရာဘေးမှာ ထိုင်ရင်း ကားပေါ်ဖွင့်ထားတဲ့ အာရပ်သီချင်းနဲ့ အပြိုင် စကားဖောင်ဖွဲ့နေတာပါ။ အလယ်တန်းမှာ အဖေဖြစ်သူနဲ့ အမျိုးသား၊ အမျိုးသမီး စုံတွဲကလည်း အတူတူ ထိုင်ရင်း တောက်လျှောက် စကားဆူဆူညံညံပြောလာကြတယ်။ သူတို့အဖွဲ့က နေ့ချင်းပြန် ဒီခရီးအတွက် ပေါ့ပေါ့ပါးပါး ပေမဲ့ ကျွန်မတို့ လူငယ်သုံးယောက်က ခရီးဆောင်ကျောပိုးအိတ်ကိုယ်စီနဲ့မို့ သူတို့တစ်ချက် စူးစမ်းဟန် ကြည့်ကြသေးတယ်။ မနေ့ကတည်းက ဒါဘိုင်မြို့ကိုတက်လာပြီး အလည်အပတ်ခရီး စခဲ့တဲ့ ကျွန်မတို့က ဒီနေ့သဲတွင်းခရီးလည်ပြီးတာနဲ့ ကိုယ့်မြို့ကိုယ် တန်းပြန်ကြဖို့ ဟိုတယ်က တစ်ခါတည်း ထွက်လာ

ukl h
vhjul kS
cjBm;c&lvw, &, ey
vnf
0rfenf
raet m;awmh
ygbl
jypfvpfckdkqkd
wu, fvnf
ukdpkdbm;awG
jzpfae awmhvmukd
qif&Jvm
ynmrwwfvm
toDPf
tm;enfvm
jypfl
usl;vGefvm
'gawG
qufpyfae0DDky J

ခဲ့ကြတာမို့ပါ။

"သေချာလောက်ပါတယ်နော်။ ညကျရင် ကိုးနာရီ ချိန်းထားတဲ့ ကားနဲ့ မလွဲလောက်ပါဘူးနော် မာလာ"

ကားခါးပတ်ပြင်ပတ်နေရင်း ချန်ယင်းက အလယ်မှာထိုင်တဲ့ ကျွန်မကို တိုးတိုးပြောပေမဲ့ ဘေးစွန်က အိုင်ဘင်းက ကြားဖြစ်အောင် ကြားပြီး ကျွတ်ခနဲ စုတ်သပ်လိုက်တာမို့ ကျွန်မက သတိပေးသလို အိုင်ဘင်းကို တံတောင်နဲ့ တစ်ချက်တွက်ရတယ်။ ကားအကြိုနောက်ကျနေကတည်းက စိတ်အလွန်ပူတတ်တဲ့ ချန်ယင်းစကားတွေ နားပူပြီး စကားကတောက်ကဆတ် ဖြစ်ခဲ့သေးတာမို့ ကျွန်မ ဒီနှစ်ယောက်ကို ရန်ထပ်မဖြစ်စေချင်တော့ဘူးလေ။

"စိတ်မပူပါနဲ့ကွယ်၊ တို့တစ်တွေ စောရောက်လို့တောင် မာဇင်ရဲ့ကားကို စောင့်ရတာပိုဖြစ်နိုင်ပါသေးတယ်"

ကျွန်မ ဒီလိုပြောမှ ချန်ယင်းက သက်ပြင်းတစ်ချက်ချရင်း ငြိမ်သွားတယ်။ ကားက မြို့ပြင်ကိုရောက်လာပါပြီ။ သုံးမြှောင့်လမ်းခွဲကို ဖြတ်ကျော်ပြီး ကန္တာရကြားလမ်းထဲ မကြာခင်ဝင်တော့မှာပါ။ ကားမောင်းချိန် တစ်နာရီကျော်လာတော့ ခရီးသွားကားတွေ ရပ်ထားတဲ့ လမ်းဘေး ကားရပ်နားစခန်းကို ရောက်လာပါတယ်။ ကျွန်မတို့ကားက ဆိုင်ခန်းသုံးဆိုင်တွဲထားတဲ့ ကားရပ်စခန်းအစွန်မှာ ရပ်သွားတယ်။ ဆယ့်ငါးမိနစ်နားမယ်လို့ ကားဆရာပြောတာနဲ့ အလျှိုလျှို ကားပေါ်က ဆင်းကြတော့တာ။ အိန္ဒိယအမျိုးသမီးကြီးက လမ်းညွှန်ဆိုင်းဘုတ်နဲ့ ပြထားတဲ့ ရေအိမ်ဆီ အပြေးသွားတယ်။ ဆိုင်ကလေးတွေက ရိုးရာအသုံးအဆောင်ရောင်းတဲ့ ဆိုင်တွေပါ။ ဥရောပသားတွေနဲ့ တရုတ်အမျိုးသား ခရီးသွားအဖွဲ့တွေက ဆိုင်တွေမှာရောင်းတဲ့ အာရပ်ရိုးရာ အနီ၊ အဖြူကွက်ကြား ခေါင်းပေါင်းပဝါကို ကိုယ်စီပတ်ထားကြတယ်။ တစ်ချိန်လုံး မျက်နှာမသာမယာဖြစ်နေတဲ့ ချန်ယင်းက အခုတော့ ဂျုံရိုးဦးထုပ်တွေ တစ်လုံးပြီးတစ်လုံး ဆောင်းကြည့်ရင်း ကိုယ်လုံးပေါ်မှန်ရှေ့မှာ ကိုယ်ဟန်အမူအရာလုပ်ကြည့်နဲ့ ကြည်သာနေလို့ ကျွန်မနဲ့ အိုင်ဘင်းက ပြုံးရသေးတယ်။ အသွက်မလေး အိုင်ဘင်းကတော့ အိန္ဒိယအမျိုးသမီးနဲ့တောင် စကားလက်ဆုံကျနေပါသေးတယ်။ သူငယ်ချင်းသုံးယောက်တစ်ဖွဲ့ ကျွန်မတို့ကို ဒီနိုင်ငံမှာ အတွေ့များတဲ့ ဖိလစ်ပိုင်မိန်းကလေးတွေချည်းပဲလို့ အမျိုးသမီးက ထင်နေပုံရပါတယ်။ အိုင်ဘင်းရှင်းပြနေတာကို နားထောင်ပြီး ကျွန်မက မြန်မာလူမျိုးဖြစ်တယ်ဆိုတာ သိတာနဲ့ "မြန်မာကို ငါ သိတာပေါ့"နဲ့ သူတို့စကားဝိုင်းထဲ ကျွန်မကို ဆွဲသွင်းပါတယ်။ ခပ်လှမ်းလှမ်းက မှန်ရှေ့မှာ ဦးထုပ်ရွေးဆဲ ချန်ယင်းကိုကြည့်ပြီးတော့လည်း သူတို့ ဗီယက်နမ်ကို ငါရောက်ဖူးတယ်လို့ အမျိုးသမီးက ဆက်ပြောနေတယ်။

"ငါတို့သုံးယောက်က ဒီကန္တာရရဲ့တစ်ဖက်မှာရှိတဲ့ ဂရင်းစီးတီးမှာ အလုပ်လုပ်ကြတယ်လေ။ ငါနဲ့ မာလာက အလုပ်တူတယ်။ ချန်ယင်းကတော့ အလုပ်နေရာမတူပေမဲ့ တို့တစ်တွေက အိမ်အတူတူငှားနေကြတာဆိုတော့ ညီအစ်မတွေလိုဖြစ်နေပြီ"

ချန်ယင်းနဲ့ ခဏခဏ ရန်ဖြစ်တဲ့အကြောင်းတော့ အိုင်ဘင်းက ဆက်မပြောပါဘူး။ အသက်နှစ်ဆယ်ကျော်ရွယ်တူ သူငယ်ချင်းသုံးယောက်က အရပ်မတိမ်း



www.burmeseclassic.com

www.burmeseclassic.com

မယိမ်းနဲ့ ဆံပင်တိုဝဲတာချင်း၊ မျက်နှာသွယ်တာချင်း ဆင်ကြသလို စွဲစွဲမြဲမြဲ တွဲသွားတဲ့ လာဖော်တွေမို့ အိုင်ဘင်းက "ညီအစ်မတွေလေ"နဲ့ မကြာခဏ အကြောင်ရိုက်တတ်သူပါ။ အိန္ဒိယအမျိုးသမီးကတော့ သဘောကျသွားပုံနဲ့ သူမရဲ့ အမျိုးသားကို ပါလှမ်းခေါ်ပြီး ကျွန်မတို့သုံးယောက်မှာ အိုင်ဘင်းတစ်ယောက်သာ ဖိလစ်ပိုင်ဖြစ်ကြောင်း ရှင်းပြနေတယ်။ ကြည့်ရတာ သူတို့ အငြင်းအခုံလုပ်ထားပုံပါပဲ။ အမျိုးသားက "ငါ မပြောဘူးလား၊ သူတို့အချင်းချင်း အင်္ဂလိပ်လိုပဲ ပြောနေတာကို"နဲ့ သူ့အမျိုးသမီးကို မှတ်ချက်ပေးတယ်။ အင်္ဂလန်မှာနေထိုင်တဲ့ သူမနဲ့ အဖေ၊ အမေက အမျိုးသားတာဝန်ကျတဲ့ ဒီနိုင်ငံကို လာလည်တာဖြစ်ကြောင်းနဲ့ ဒီမှာပျော်တဲ့အကြောင်း အမျိုးသမီးက ဆက်ပြောနေသေးတယ်။ ကားဆရာက ကားဆက်ထွက်တော့မယ် လာလောဆော်မှ ကျွန်မတို့သုံးယောက်မှာ ဂျူရိုးဦးထုပ်တစ်ယောက်တစ်လုံးစီ အပြေးဝယ်ခဲ့ရတယ်။

ကားရပ်စခန်းက ထွက်လာပြီး တစ်နာရီနီးပါး ဆက်သွားလိုက်တော့ ကန္တာရအစပ်ကို ရောက်လာပါတယ်။ ဘေးတစ်ဖက်တစ်ချက်မှာ ရှုမျှော်မဆုံး သဲပင်လယ်ကိုမြင်တာနဲ့ အိုင်ဘင်းက ဟေးခနဲအော်တယ်။ ရှေ့ခန်းက အဖွဲ့တွေလည်း ကင်မရာတချိန်ချိန်နဲ့ ပျော်နေကြပါပြီ။

နောက်ထပ် မိနစ်နှစ်ဆယ်လောက်ထိ သံဆူးကြိုးနဲ့ ခြားထားတဲ့ ကန္တာရပတ်လမ်းကနေ ကားက တောက်လျှောက်ပြေးနေတယ်။ မွန်းလွဲစ,နေရောင်က သဲကန္တာရတစ်နံတစ်လျားကို လွှမ်းနေတာမို့ ကျွန်မတို့ဘေးမှာ အနီးကပ်မြင်ရတဲ့ ကန္တာရလွင်ပြင်က အလှကြီး လှနေပါပြီ။

ကန္တာရထဲဝင်မယ့် စုရပ်ကို ကျွန်မတို့ကားရောက်တော့ ခရီးသွားကုမ္ပဏီအလံလွှင့်ထားတဲ့ တခြားကားရှစ်စီးက ကြိုရောက်နေတယ်။ နောက်တစ်စီးရောက်လာတာနဲ့ ဆက်ထွက်မှာမို့ ကားပေါ်က မဆင်းဘဲ စောင့်ပေးဖို့မှာပြီး ကားဆရာက သူ့အဖွဲ့တွေဆီ ဆင်းသွားတယ်။ ဆယ်မိနစ်နီးပါးကြာတော့ နောက်ထပ်တစ်စီး ဂိတ်ဝကို ရောက်လာတာနဲ့ ကားတွေ တန်းစီပြီး ကန္တာရထဲ ဝင်တော့တာပါပဲ။ ကားဆရာက ခါးပတ်တွေကို တင်းတင်းပတ်ဖို့နဲ့ ကားခေါင်မိုးက လက်ကိုင်ကွင်းတွေကို အားပြုထားဖို့ ကျွန်မတို့ကို သတိပေးပါတယ်။ အဲဒီနောက်တော့ သဲသောင်ပြင်တောင်ကုန်းတစ်လျှောက် စက်ကုန်ဖွင့်ပြီး တလူးလူးတလွန့်လွန့် မောင်းတော့တာပါ။ ကားအတွင်းက ကျွန်မတို့မှာ ဘယ်ညာတိမ်းလိုက်၊ အပေါ်မြှောက်၊ အောက်စိုက်လိုက်နဲ့ အော်သံမျိုးစုံနေတော့တာပေါ့။ ကန္တာရထဲဝင်တာနဲ့ တီးလုံးအမြူးဆုံးပြောင်းသွားတဲ့ အာရပ်သီချင်းရဲ့အစ တစ်ကြောင်းတည်းပါတဲ့ အင်္ဂလိပ်စကား "*Oh my God... Oh my God*" နဲ့အပြိုင် ရှေ့ခန်းက အမျိုးသမီးနှစ်ယောက်ကလည်း ကျယ်ကျယ်လောင်လောင်ကို အော်ကြတာပါပဲ။ ကားက သဲတောင်ကုန်းတွေပေါ် တရကြမ်းတက်ချိန်မှာ ကားဘီး သဲထဲနစ်တော့ ရှေ့မတက်ဘဲ ကားဘီးပဲ တရကြမ်းလည်နေချိန်တွေဆို ကျွန်မတို့မှာ အသက်မရှူဝံ့အောင် ခြေလက်အေးရတယ်။ တောင်ကုန်းပေါ်ကနေ ဇောက်နက်ချိုင့်ဝှမ်းထဲ ဆင်းပြေးချိန်ကျတော့လည်း အာခေါင်ခြစ်အော်မှ နေသာအောင်ထိ အသည်းအေးရတာပါ။ သုံးယောက်မှာ ကျွန်မက ဣန္ဒြေအရဆုံးလို့ အိုင်ဘင်းက သတ်မှတ်တာမို့ ကျွန်မ အကြောက်လွန်ပြီး "အမေရေ"နဲ့ အားကုန်အော်မိတာကို မိနစ်ပိုင်းစာ ကားငြိမ်ချိန်မှာ "မာလာကြောက်တာ မြင်ဖူးပြီ"နဲ့ အချင်းချင်းလှည့်ဟားကြပါသေးတယ်။ သဲတောင်တစ်ကုန်းကျော်ပြီးတိုင်း အားယူသယောင် မိနစ်ပိုင်းစာ ငြိမ်ငြိမ်ပေးလို့သာ ကျွန်မတို့ အသက်ရှူချိန်ရတာပါ။ ခဏနားပြီးတာနဲ့ နောက်ထပ်တောင်ကုန်းပေါ် ဘေးတိုက်ပတ်တက်တာမို့ ကားအတွင်းမှာ အကုန် တရွတ်တိုက်လဲပြိုပါသွားကြတာပါ။ အမျိုးသမီးတွေရဲ့ အာခေါင်ခြစ်အော်သံကြားမှာ နှစ်ဦးတည်းသော ယောကျ်ားသားတွေဖြစ်တဲ့ အိန္ဒိယအမျိုးသားနှစ်ယောက်ရဲ့ "တအိုးအိုး" ဣန္ဒြေဆယ်အော်သံတွေပါ ပါလာပါပြီ။ အထပ်ထပ်ကျော့နေတဲ့ "*Oh my God... Oh my God*" တေးသံနဲ့အပြိုင် ခရီးသွားခုနစ်ဦးရဲ့ ဘုရားမျိုးစုံတ,သံက အမြိုင်ကြီးမြိုင်နေပါတယ်။

"ဒီတောင်ကုန်းအဖြောင့်အတိုင်း မော့တက်ပါတော့လား လောရှည်ရယ်။ ရုပ်ကလေး သနားကမားနဲ့ ငါ့ကို အသက်ထွက်အောင် လုပ်နေတယ်"

ကားက တောင်ကုန်းထိပ်မှာ ဒုတ်ဒုတ်ထိရပ်လိုက်ချိန် မတ်မတ်ထိုင်နိုင်သွားတာနဲ့ အိုင်ဘင်းရဲ့ မောမောဟိုက်ဟိုက် ဆူဆဲသံ ထွက်လာတာမို့ ကြားလိုက်တဲ့ ကျွန်မနဲ့ ချန်ယင်းက တဟားဟား အော်ရယ်မိပါတယ်။ ရှေ့က အိန္ဒိယမိသားစုကလည်း သူတို့စကားနဲ့ ကျွက်ကျွက်ညံအောင်ကို အော်ဟစ်ရယ်မောနေကြတာပါ။ နိစ္စဓူဝ မြင်တွေ့နေကျမို့ ကားဆရာ ကိုလူချောကတော့ တပြုံးပြုံးနဲ့ သီချင်းလိုက်ညည်းရင်း တောင်ကုန်းအောက် ပြန်ဆင်းချင်ဟန်နဲ့ ဂီယာချိန်းဖို့ ပြင်ပါတယ်။ လီဗာဖိနင်းတဲ့ ကားစက်အော်သံကလွဲရင် ကားက ရှေ့ဆက်မသွားတော့ ကိုလူချော မပြုံးနိုင်တော့ပါဘူး။ လီဗာနင်းတိုင်း ကားအောက်သဲတွေက ကျွန်မတို့ကားကို အထပ်ထပ်ဖုံးအောင် လေပွေထ,ပြီး တက်တက်လာတယ်။ သဲတွေ တစ်ကားလုံးဖုံးပြီး မှောင်မည်းသွားတာနဲ့ ကားပေါ်က ကျွက်စီကျွက်စီအသံတွေ ငြိမ်ကျသွားပါတယ်။ မှောင်မည်းသွားတဲ့ ကားထဲမှာ အားလုံး မျက်နှာပျက်စ,ပြုပါပြီ။

"ဒုက္ခပဲ၊ အရှင်လတ်လတ် မြေအောက်ရောက်တော့မယ် ထင်တယ်"

အိုင်ဘင်းရဲ့ စိတ်ပျက်သံအဆုံးမှာ မျက်နှာအပျက်



www.burmeseclassic.com

www.burmeseclassic.com

ပျက် ချန်ယင်းက "နိမိတ်မရှိ ပြောပြန်ပြီ"နဲ့ ငိုမဲ့မဲ့ဖြစ်လာတယ်။ တစ်ခုခုဆို သူများနဲ့ မတူ သွေးပျက်ထိတ်လန့်လွယ်သူ ချန်ယင်းလက်ကို ဆုပ်ကိုင်ရင်း ကျွန်မက "ဘာမှမဖြစ်ဘူး"နဲ့ အားပေးရတယ်။ ရှေ့ခန်းက အမျိုးသမီးနှစ်ယောက်ရဲ့ ညည်းညူသံထွက်လာတော့ ကားစက်သတ်လိုက်တဲ့ ကားဆရာက စိတ်မပူဖို့ ပြောရင်းဖုန်းခေါ်တယ်။ မိနစ်အနည်းငယ်ကြာတော့ ကျွန်မတို့ တောင်ကုန်းအောက် ကားတစ်စီး ရောက်လာတယ်။ ဂိတ်ဝမှာ မြင်ခဲ့တဲ့ ခရီးသည်မပါတဲ့ကားပါ။ ဒီလိုအရေးပေါ်အခြေအနေအတွက် အရန်သင့်လိုက်လာပုံရတဲ့ အဲဒီကားက ကြိုးချိတ်ပြီး ကျွန်မတို့ကားကို တောင်ကုန်းအောက်ဆွဲချတော့ ကျွန်မမှာ ဂုဏ်တော်ကိုးပါးရွတ်ရတော့တာပဲ။ ကျွန်မလက်ကို အားကိုးတကြီး ခပ်တင်းတင်းဆုပ်ထားတဲ့ ချန်ယင်းလက်ကလေးတွေက အေးစက်နေပါပြီ။ ချန်ယင်းက ကျွန်မပခုံးပေါ် မျက်နှာမှောက်ချပြီး မျက်လုံးစုံမှိတ်ထားတာ တောင်အောက်ရောက်ချိန်အထိပဲ။

umrSf cxm;wfh um;'ubdkvfU a&mifjyefrDbdS jrifae&wfh um;q&m&U tcsuftvuf azmfjyxm;wfh tkdfDwfqD MunfbvkdufwJm eY ukefwkd okd, mufvkd ½kvfcedqkd NdcUsoDBw, f

ရှေ့ကားဆွဲရာနောက် တလိမ့်လိမ့် ဆင်းချပြီး တောင်ကုန်းအောက်ရောက်မှ အဲဒီကားက လေပိုက်နဲ့ တစ်စီးလုံး ဖုံးနေတဲ့ ကျွန်မတို့ကားပေါ်က သဲတွေကို ရှင်းပေးတယ်။ ကားစက်ပြုပြင်ပြီး အားလုံး အဆင်သင့်သွားမှ သဲပြင်ပေါ်တရကြမ်းမောင်းပြီး ရှေ့ကားတွေ နောက်လိုက်ရတယ်။ ခရီးတစ်ထောက်နားတဲ့ ကန္တာရအလယ် ကျွန်မတို့ကား ရောက်လာတော့ တခြားကားတွေရဲ့ ခရီးသည်တွေက ဓာတ်ပုံရိုက်နေကြပြီ။ ညနေသုံးနာရီ နေရောင်က အပူလျော့နေတဲ့အပြင် ဝါရွှေတဲ့ သဲကန္တာရ တပြန့်တပြူးကို ကြည်လင်သာယာနေစေတာမို့ အိုင်ဘင်းလို ဓာတ်ပုံဝါသနာရှင်က ခုန်ပေါက်ပြီးကို ပျော်နေတော့တာပါ။

ကျွန်မကတော့ လန့်ထိတ်တာ မပြေသေးတဲ့ ချန်ယင်းက ခေါင်းမူးပြီး အန်ချင်နေတာမို့ စောင့်ခေါ်ရတယ်။ နေရောင်ပျပျသာမြင်ရတဲ့ ဆည်းဆာချိန်ရောက်မှ ကျွန်မတို့ ခရီးဆုံးဖြစ်တဲ့ ကန္တာရအလယ်ပွဲခင်းကို ကားက ဆိုက်တယ်။ မြက်ဖျာတွေ ကာထားတဲ့ ရှေးအာရပ်ရိုးရာ ပွဲခင်းက မီးရောင်စုံနဲ့ လူစည်ကားနေပါပြီ။ ကျွန်မတို့ထက် အရင်ရောက်သူများက ပွဲခင်းအပြင်မှာ ကုလားအုတ်စီးသူ၊ သိမ်းငှက်တွေနဲ့ ဓာတ်ပုံရိုက်သူနဲ့ သူ့အုပ်စုနဲ့သူ ပျော်နေကြတာပေါ့။ ပွဲခင်းကို ရောက်တဲ့အထိ ချန်ယင်း မျက်နှာမရွှင်တော့ ကျွန်မမှာလည်း စိတ်မလွတ်လပ်နိုင်ဖြစ်နေရပါတယ်။

အိုင်ဘင်းက ချန်ယင်းကို တွဲလာတဲ့ ကျွန်မကို စောင့်ခေါ်သေးပေမဲ့ ကျွန်မက "ရတယ်"ပြောလိုက်တာနဲ့ ပွဲခင်းထဲ တလွှားလွှားနဲ့ လျှောက်သွားတော့တာပါ။ ပွဲခင်းက ဗုံတိုသံ တမြူးမြူးစ၊တာနဲ့ ချန်ယင်းက ရွှင်ရွှင်လန်းလန်းပြန်ဖြစ်လာလို့ တော်ပါသေးတယ်။ ကျွန်မတို့နှစ်ယောက် ပွဲခင်းပတ်ချာလည်က တဲငယ်လေးတွေထဲ ရှေးအာရပ်ရိုးရာ အိုးခွက်အသုံးအဆောင်တွေပြထားတာ လျှောက်ကြည့်ပြီး လက်ဒန်းဆေးဆိုးတာ၊ ရိုးရှဆေးဖွာတာတွေ လုပ်ကြည့်ကြတယ်။ ဗိုက်ဆာနေကြတာမို့ ညစာ ဘူဖေးရတာနဲ့ သုံးယောက်လုံး ဝင်တန်းစီပြီး အသားကင်၊ အာလူးပြုတ်နဲ့ အရွက်သုပ်တွေကို အရသာတွေ့သလို ယူစားကြတာပါပဲ။ ညစာစားပြီးချိန်ပဲ ရိုးရာအက စ,ပါတယ်။ ကချေသည် အမျိုးသမီးရဲ့ ဗိုက်လှုပ်အကနဲ့ အမျိုးသားရဲ့ မီးလှည့်အကကို ဧည့်သည်တွေ သဘောကျနေကြတယ်။ ကျွန်မနဲ့ အိုင်ဘင်းက အကကို အာရုံစိုက်ပြီး ပျော်ရွှင်ကျေနပ်နေသလောက် ချန်ယင်းဟာ အအေးသောက္ကာတွေ သယ်လိုက်၊ ထုတ်လိုက် လုပ်နေတဲ့ ခပ်လှမ်းလှမ်း အစားအသောက်ရုံက ကြက်သွေးရောင်ဝတ်ရုံ ရှည်နဲ့လူကိုပဲ လိုက်ကြည့်နေတယ်။ ကျွန်မလိုပဲ ချန်ယင်းအာရုံကျရာကို မြင်တဲ့ အိုင်ဘင်းက သက်ပြင်းရှည်တစ်ချက် အသံထွက်အောင် မှုတ်ထုတ်တယ်။

"ဒီလိုနေရာမှာလည်း ပယ်ဂရိတွေ အလုပ်လုပ်လို့ရတာပဲလား"

ချန်ယင်းဆီက ဒီစကားထွက်လာတာနဲ့ စိတ်လျှော့နေခဲ့တဲ့ အိုင်ဘင်းကို ကျွန်မ တားမရတော့ဘူး။

"ချန်ယင်းရယ် စိတ်လန်းဆန်းအောင် ခရီးတိုလေးတစ်ခု ထွက်လာပါတယ်။ နင်လေ စိတ်ကိုမပေါ့ပါးဘူး။ တကယ်ပဲ ငါပြောရင်လည်း စိတ်ဆိုးဦးမယ်။ ဒီလောက်ကြီး စိတ်မထည့်နဲ့ဆို။ ဒီနေရာမှာ သူတို့ရှိတာ ဘာဆန်းလဲ။ ဒီနေရာနဲ့ မိုင်တွေအဝေးကြီးက ငါတို့တောင် ရှိနေသေးတာပဲ။ သူတို့က ကျွန်းတစ်ခုပဲ ခြားတာလေ။ လာနေမှာပဲ။ တွေ့နေရမှာပဲ။ နင့်စိတ်အစွဲကြီးကို ခဏ ချွတ်ထားစမ်းပါ"

အိုင်ဘင်းတို့နှစ်ယောက် လူကြားထဲ စကားထ,များကြဦးမှာ ကျွန်မ စိတ်ပူသွားပေမဲ့ ချန်ယင်းက ဘာမှ မတုံ့ပြန်ဘဲ ငြိမ်နေပါတယ်။ အိုင်ဘင်းက အအေး



www.burmeseclassic.com

www.burmeseclassic.com

ဘူးယူဖို့ ထ,သွားတော့မှ ငြိမ်နေတဲ့ ချန်ယင်းက ကျွန်မကို အားနာဟန်ကြည့်တယ်။

'မာလာလည်း ငါ့ကို စိတ်ကုန်နေမှာပဲ'

ခပ်တိုးတိုးဆိုရင်း ငြိမ်ကျသွားတဲ့ နုနုနယ်နယ် ချန်ယင်းမျက်နှာလေးကိုပဲ ကျွန်မ ငေးနေမိတယ်။

'ပယ်ဂရို'။ ကျွန်းစုနိုင်ငံက လာတဲ့ ကြက်သွေးရောင်လူတွေကို ကျွန်မတို့သုံးယောက် သုံးနှုန်းတဲ့ စကားဝှက်ပါ။ အိုင်ဘင်းတို့စကား 'အန္တရာယ်'ရဲ့ အတိုကောက်စကားလုံးပေါ့လေ။

သူတို့ရဲ့ ရိုးရာဝတ်စုံ ကြက်သွေးရောင်ဝတ်ရုံရှည်ဝတ် ကျွန်းစုသားတွေနဲ့ ပတ်သက်ရင် ဂရင်းစီးတီး(Green City)မှာ နေထိုင်အလုပ်လုပ်ကိုင်သူအားလုံးရဲ့စိတ်ဟာ အိုင်ဘင်းလိုပဲ တွန့်ဆုတ်စိတ်ရှိကြပါတယ်။ သူတို့ဟာ ဒီနိုင်ငံရဲ့ အနီးဆုံး ဆင်းရဲမွဲတေလှတဲ့ ကျွန်းစုနိုင်ငံက လူတွေမို့ ချမ်းသာတဲ့ ဒီကန္တာရနိုင်ငံကို လွှမ်းခဲ့တဲ့ နှစ်များစွာကတည်းက အောက်ခြေအလုပ်တွေအတွက် လာရောက်အလုပ်လုပ်ကြသူတွေပါ။ ဆောက်လုပ်ရေးအလုပ်ကြမ်းတွေမှာ ရာနှုန်းပြည့်နီးပါး သူတို့ အလုပ်လုပ်တာမို့ ပြစ်မှုနည်းလှတဲ့ ဒီနိုင်ငံမှာ ရာဇဝတ်မှုတစ်ခုခုဆို သူတို့တွေကိုသာ ပစ်မှတ်ထား စစ်ဆေးကြတာလည်း ထုံးစံဖြစ်နေပါပြီ။ ဒီမှာ ဟိုးလေးတကျော်ဖြစ်သွားတဲ့ အမျိုးသမီးအကြမ်းဖက်မှုတွေမှာ ကျွန်းစုသားတွေပဲဖြစ်နေခဲ့တာမို့ ဒီဘက်နှစ်ပိုင်းမှာ သူတို့ကို ဒီနိုင်ငံထဲ ထပ်ဝင်ရောက်ခွင့်ပါ အပိတ်ခံထားရအောင် ဂရုထားခံရသူတွေပေါ့။

ကျွန်မ နေထိုင်တဲ့ ဂရင်းစီးတီးကတော့ သူတို့အတွက် ပိတ်ဆို့တယ်တောင် ထင်ရပါတယ်။ ဒီနိုင်ငံရဲ့ အကြီးအကဲမျိုးနွယ်တွေ နေထိုင်ရာမြို့ပေမို့ ပွဲတော်နေ့တွေဆို လူအများသွားလာရာနေရာတွေကို မိသားစုလိုက် မဟုတ်တဲ့ လူလွတ်ကျွန်းစုသားတွေ ဝင်ရောက်ခွင့်ပိတ်တဲ့အထိပါ။ အမျိုးသမီးခန္ဓာကိုယ် အစိတ်အပိုင်းတွေအပေါ် ရိုင်းရိုင်းစိုင်းစိုင်း ကြည့်တတ်သူတွေဆိုတဲ့ စွဲချက်နဲ့ အမျိုးသမီးများအတွက် အနှောင့်အယှက်မရှိစေအောင်ဆိုတာက ဖြစ်သင့်တဲ့ တားမြစ်ချက်လားလို့ ထင်ခဲ့ပေမဲ့ ပွဲတော်ရက်တွေဆို ပျော်ပွဲရုံတွေ၊ ဈေးဝယ်စင်တာတွေထဲ ဝင်ခွင့်မရလို့ လူအုပ်တွေဆီ ငေးနေတဲ့ ခပ်လှမ်းလှမ်းက သူတို့ကို မြင်ရတတ်ပါတယ်။

ဒီလိုအချိန်တိုင်း ရောသောတံဆိပ်ကပ်ခံရတဲ့ မသမာစိတ်ရှိမနေတဲ့ သူတို့ တစ်ဦးဦးရဲ့ စိတ်တွေထဲထိ ကျွန်မကတော့ ဝင်စဉ်းစားကြည့်ချင်ခဲ့ပါတယ်။ ကျွန်မတို့ နေထိုင်တဲ့ ရပ်ကွက်ထိပ်၊ စတိုးဆိုင်ငယ်ပိုင်ရှင် ကျွန်းစုသားအဘိုးအဘွားနှစ်ဦးက ကျွန်မနဲ့ ရင်းနှီးတော့ ဒါကို မကြာခဏလည်း စကားစပ် မေးမိတာပါပဲ။

'အဘိုးတို့နိုင်ငံက သိပ်ဆင်းရဲတော့ ဒီမှာ အလုပ်လုပ်ခွင့်က သိပ်အရေးကြီးတယ်လေ။ ဒီတော့လည်း သူတို့ထုတ်တဲ့ စည်းမျဉ်းညီအောင်နေကြပေါ့ကွယ်။ ကိုယ့်လူမျိုးကိုမှ ခွဲခြားခံရတယ်ရယ်နဲ့လည်း ဝမ်းနည်းမနေအားတော့ပါဘူး။ ပြစ်မှုတစ်ခုခုဆို တကယ်လည်း ကျွန်းစုသားတွေဖြစ်နေတော့တာကိုး။ ဆင်းရဲတာ၊ ပညာမတတ်တာ၊ အသိဉာဏ်အားနည်းတာ၊ ပြစ်မှုကျူးလွန်တာ ဒါတွေက ဆက်စပ်နေဦးမှာပဲ။ အလုပ်ကြမ်းတို့၊ အငှားယာဉ်မောင်းတို့လောက်သာ ဝင်လုပ်နိုင်ကြတော့ မိသားစုလည်း မခေါ်လာနိုင်ကြတဲ့ တစ်ကိုယ်တော် အလုပ်ကြမ်းသမားတွေက ကျူးလွန်လိုက်ရင် အမျိုးသမီးအကြမ်းဖက်မှုချည်းပဲ။ ဒါက သိပ်ရုပ်ဆိုးလွန်းတယ်။ အဘိုးတို့ကတော့ ဒီရောက်ပြီးကတည်းက ကိုယ့်ဆီလည်း မပြန်ဖြစ်ဘူး။ ဒီက အစိုးရပိုင် ကော်ပိုရေးရှင်းဆောက်လုပ်ရေးမှာ ဝန်ထမ်းကောင်းပီသအောင် ကြိုးစားခဲ့တဲ့ရလဒ်နဲ့ ဒီမှာ ဒီအချိန်အထိ နေခွင့်ရတော့ ပြန်ဖို့လည်း မလိုဘူး။ မျက်စိအောက်မြင်ရတဲ့ ကိုယ့်လူမျိုးတွေ မကောင်းမှုအတွက် မျက်နှာပူ အရှက်ရတာတွေလည်း အခုတော့ နေတတ်နေပါပြီကွယ်'

ဒီအဘိုးအဘွားတွေနဲ့ ကျွန်မတို့သုံးယောက်လုံး ရင်းနှီးတာမို့ ကျွန်မနဲ့ အိုင်ဘင်းလိုပဲ ချန်ယင်းလည်း အရင်ကတော့ ပယ်ဂရိုတွေရယ်လို့ အစွဲထားကြောက်တတ်သူတော့ မဟုတ်ခဲ့ပါဘူး။ ကြက်သွေးရောင်မြင်လိုက်တိုင်း သွေးပျက်တတ်သူလည်း မဟုတ်ခဲ့ပါဘူး။

ချန်ယင်းရဲ့ ပယ်ဂရိုရောဂါက ဒီဘက်နှစ်နွေဦးမှာ စ,ခဲ့တာပါ။ ကျွန်မနဲ့ အိုင်ဘင်း အလုပ်လုပ်တဲ့ ဂရင်းစီးတီးခရီးသွားကုမ္ပဏီက ကျွန်မတို့နေတဲ့အိမ်ကနေ ကားတစ်ဆင့်စီးရတဲ့ ဟောလီဥယျာဉ်မှာရှိပြီး ချန်ယင်း အလုပ်လုပ်တဲ့ အာရှခရီးသွား ကုမ္ပဏီက လမ်းလျှောက်သွားလို့ရတဲ့ မြို့လယ်မှာပါ။ ချန်ယင်းက တစ်လမ်းကျော်မှာနေတဲ့ အလုပ်တူသူငယ်ချင်း ဖိလစ်ပိုင်မလေး မဲလ်နီနဲ့ အလုပ်သွား၊ အလုပ်ပြန် အတူတူသွားတတ်တယ်။ ကျန်ခဲ့တဲ့ နွေဦးတစ်နေ့၊ ချန်ယင်း အလုပ်ပိတ်ရက်မှာ ညဘက်ဂျူတီက ပြန်လာတဲ့ မဲလ်နီ ပျောက်သွားခဲ့တယ်။ နောက်တစ်နေ့ ညနေမှ မြို့ပြင် ရေမြောင်းတံတားအောက်မှာ မဲလ်နီအလောင်းကိုပဲ ပြန်တွေ့ခဲ့ရတယ်။ မတော် မတရားပြုကျင့်ခံထားရတဲ့ မဲလ်နီအလောင်းကို ကိုယ်တိုင်သွားကြည့်ခဲ့တဲ့ ချန်ယင်းဟာ ရက်သတ္တပတ်တော်တော်ကြာကြာ ဖျားနာခဲ့တယ်။ ဂရင်းစီးတီးမှာ ပထမဆုံးကြုံရတဲ့ တုန်လှုပ်ချောက်ချားစရာ ဒီရာဇဝတ်မှုဟာ တရားခံကို မဖမ်းနိုင်ခဲ့ပါဘူး။ ကျူးလွန်သူလို့ အချက်အလက်ညီသူဟာ ကျွန်းစုသားဖြစ်ပြီး ဒီနိုင်ငံထဲကနေ ထွက်သွားတဲ့ သက်သေရှိပေမဲ့ ကျွန်းစုနိုင်ငံရဲ့ သူတို့နိုင်ငံထဲမှာလည်း မရှိဘူးဆိုတဲ့ ပူးပေါင်းအဖြေကြောင့် ကျွန်းစုသားတွေ ဒီကန္တာရနိုင်ငံထဲ နောက်ထပ်ဝင်လာခွင့် ဗီဇာကို ပိတ်ပစ်ခဲ့ပါတယ်။ ဂရင်းစီးတီးရဲ့ မြို့ပြဥပဒေမှာ ကျွန်းစုသား



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/ - ) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်

ဖုန်း၀၉-၂၁၃၂၀၇၆၊ ၀၉-၄၅၁၂၀၀၇၃၇၊ ၀၉-၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးမုလဲပွဲရုံ)ဖုန်း၀၉-၉၁၀၂၃၇၈၈၊ ဒေါ်တင်ဝင်း(လှထု)ဖုန်း၀၂-၃၉၇၁၈၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီဟသုဓမ္မသီရိ သီရိသုဓမ္မသီရိ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ)(မှတ်၉၈၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်း)၀၁-၅၅၄၃၉၇/၀၉လ-၅၁၁၃၅၁၀)

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၅၁၅၂၂၇၇၊ ၀၉-၇၉၉၂၅၇၂၀၃)

ဒေါ်ခင်စန်း (AMBO Hotel) အမှတ်-၈၁/အေ-၁၀၊ စုပေါင်းလမ်းသွယ်၊ အင်းယားမြိုင်၊ဗဟန်း။ ဖုန်း၀၉-၅၁၂၂၀၀၃၊၀၁-၅၃၃၆၈၀)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉-၇၃၀၇၂၄၉၂၊ ၀၉-၇၉၀၈၆၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉-၇၃၁၀၉၁၃၄၊ ၀၉-၂၆၀၉၇၀၁၂၅)

ဒေါ်စန်းစန်းနိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ဂျိုးဖြူရိပ်သာ၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅၁၈၂၄၁၊၀၉-၇၉၅၄၄၁၂၄၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ဗိုလ်ချုပ်ဈေး၊ဖုန်း-၀၉-၂၅၀၇၉၃၈၇၃)

ဒေါ်ခင်မြွေ(အမှတ် ၂၅၊ကမ္ဘာ့ရိပ်သာ၊ဗဟန်း၊ရန်ကုန်၊ဖုန်း-၀၁-၅၄၃၉၂၀၊၀၉-၇၃၈၂၃၅၀၀၉)

### အလှူရှင်များ

**US $ 85000 တန် Laparoscope Set ဝယ်ယူရန် အစပျိုး လှူဒါန်းကြသူများ**

| | |
|---|---|
| ၁။ ဒေါက်တာနေဇင်လတ်(ပါမောက္ခ-မဟာဗျူဟာ၊ နိုင်ငံတကာလေ့လာရေးစင်တာ) + ဒေါ်ခင်စန်း(AMBO), သား၊ သမီး၊ မြေးမိသားစု ၈၁(A), ၁၀ စုပေါင်းလမ်း၊ အင်းယားမြိုင်၊ ဗဟန်း၊ ရန်ကုန်မြို့။ | US $ 3300 |
| ၂။ ဦးထိန်လင်း(FINANCIAL CONSULTANT)ကို ရည်စူး၍ ဒေါ်ခင်စုထွေး(KHIN SU HTAY S ASSOCIATES AUDIT FIRM) နှင့် သားသမီးများကောင်းမှု အမှတ် ၆၁၅/ R ပြည်လမ်း၊ ကမာရွတ်။ | US $ 850 |

www.burmeseclassic.com

www.burmeseclassic.com

၃။ ဦးမောင်မောင်ခင် + ဒေါ်ခင်ညို(မြရိပ်မွန်)မိသားစု
အမှတ် ၁၀၃၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်။ ၁၀၀,၀၀,၀၀၀ိ/-

၄။ ဒေါ်စန်းစန်းဆွေမိသားစု၊
ပန်တျာလမ်း၊ ဒဂုံမြို့နယ်။ ၅၀,၃၇,၀၀၀ိ/-

၅။ Mr.Chai Wing Huat + ဒေါ်အေးအေးသက် မိသားစု
အမှတ် ၈၄၊ ၆၇ ရပ်ကွက်၊ ရတနာအဆင့်မြင့်အိမ်ရာ(၁)၊ ဒဂုံဆိပ်ကမ်းမြို့နယ်။ ၅၀,၀၀,၀၀၀ိ/-

၆။ အငြိမ်းစားသံအမတ်ကြီး ဦးလှမောင် + ဒေါ်သန္တာခင်မိသားစု
အမှတ် ၃၁၄၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ။ ၂၅,၀၀,၀၀၀ိ/-

၇။ ဦးကြည်မောင်(ဒု-ဝန်ကြီး-ငြိမ်း) + ဒေါ်မြင့်မြင့်သိန်း
ငွေဆဒ္ဒန် မိသားစု
မန္တလေးမြို့။ ၂၀,၀၀,၀၀၀ိ/-

၈။ ဦးသီဟစော + ဒေါ်သူဇာမြင့်ကြည်
(သား) မောင်နန္ဒစောမြင့်မောင် + မငြိမ်းနွယ်ခင်မိသားစု ၂၀,၀၀,၀၀၀ိ/-

၉။ အကျိုးဆောင်အထွေထွေအတွင်းရေးမှူး
ဒေါ်မြင့်မြင့်ကြည်နှင့် ဒေါ်စန်းစန်းနု(ပဲခူး-ငွေတောင်ကြီး) ၂၀,၀၀,၀၀၀ိ/-

၁၀။ ဒေါ်မြင့်မြင့်စန်း(တွဲဖက်အထွေထွေအတွင်းရေးမှူး ၁) ၂၀,၀၀,၀၀၀ိ/-

၁၁။ ဦးကြည်လင်အား ရည်စူး၍ ဒေါ်ခင်မေနှင့် သားသမီးများ
အမှတ် ၁၉၇၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။ ၂၀,၀၀,၀၀၀ိ/-

၁၂။ ဦးမြင့်သိန်း + ဒေါ်ကြူကြူဝင်း (ဦးလေးကြီးကျောင်းဝတ်စုံ)မိသားစု
အမှတ် ၇၀၊ ရေကျော်လမ်း၊ ပုဇွန်တောင်။ ၂၀,၀၀,၀၀၀ိ/-

၁၃။ ဒေါ်သန်းသန်းနွယ် မိသားစု ၂၀,၀၀,၀၀၀ိ/-

၁၄။ Mr.Lin မိသားစု
(TAI WAN) ၁၅,၆၃,၀၀၀ိ/-

၁၅။ ဗိုလ်မှူးကြီး ဘရွှေ(ငြိမ်း) နှင့် ဒေါ်မြသိန်းတို့အား
ရည်စူး၍ ဒေါ်ခင်မြရွှေ (တွဲဖက်အတွင်းရေးမှူး-၂)၊ ဒေါ်ခင်မြလွင်
အမှတ် ၂၅၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား၊
၁ ရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်။ ၁၅,၀၀,၀၀၀ိ/-

၁၆။ ဒေါ်ခင်သန်းမြင့် မိသားစု(ပပဝင်းရတနာ)
ဝါးချက်ဆေးရုံ အောက်မြန်မာပြည်ဥက္ကဋ္ဌ
အမှတ် ၉၈၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း။ ၁၀,၀၀,၀၀၀ိ/-

၁၇။ ဦးဘိုကျင်(အငြိမ်းစားအင်ဂျင်နီယာချုပ်)ကို ရည်စူး၍
ဒေါ်ခင်ရီနှင့် သားသမီးများကောင်းမှု
အမှတ် ၄(ဘီ)၊ သဇင်လမ်းသွယ်၊ ပန်းလှိုင်လမ်း၊ ရွှေသံလွင်အထူးအိမ်ရာ၊ စမ်းချောင်း။ ၁၀,၀၀,၀၀၀ိ/-

၁၈။ ဒေါ်မာမာရီ(မွေးနေ့အကြိုအလှူ) ၁၀,၀၀,၀၀၀ိ/-

၁၉။ ဒီဇင်ဘာလတွင် ဆရာဝန် Dr.Robin Chan
ကုသပေးသော ဝါးချက်ဆေးရုံမှ လူနာ ၂၅ ဦးထံမှ တစ်ဦးလျှင်
တစ်သိန်းငါးသောင်းနှုန်းဖြင့် စုစုပေါင်းကောက်ခံရရှိငွေ။ ၃၇,၅၀,၀၀၀ိ/-

၂၀။ ဒေါက်တာ ဦးအောင်နိုင် + ဒေါက်တာ ဒေါ်ဖြူဖြူဝင်း မိသားစု
မင်္ဂလာဆေးတိုက်၊ ဆေးရုံလမ်း၊ ဘောက်ထော်။ ၅,၀၀,၀၀၀ိ/-

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

တွေ ညနေဘက် မြို့လယ်ကောင်စုဝေးခွင့်နဲ့ လမ်းသလားခွင့် ကန့်သတ်လိုက်သလို ချန်ယင်းရဲ့ ကြောက်စိတ်ဟာလည်း ပယ်ဂရိဆိုတဲ့ ကန့်သတ်စိတ်ရဲ့ စိုးမိုးမှုအောက်မှာ တုန်လှုပ်နေတတ်တုန်းပါပဲ။ ဘယ်နေရာမှာဖြစ်စေ ကြက်သွေးရောင်တစ်စ မြင်တာနဲ့ မျက်စိပျက်မျက်နှာပျက် ကြောက်ရွံ့တတ်တာက အရိုးစွဲသွားတာပဲ။ နောက်နှစ်ဆန်းဆို ဌာနေပြန်ဖို့ ဆုံးဖြတ်တဲ့အထိ အနီးကပ် သူငယ်ချင်းရဲ့ အဖြစ်ဆိုးအတွက် ချန်ယင်း လန့်ကြောက်မှုကို ကျွန်မတို့လည်း နားလည်ခံစားနိုင်တာပေါ့။ အဲဒီရက်ပိုင်းကဆို ကျွန်မကိုယ်တိုင် အထုပ်ဆွဲပြီး ကိုယ့်ဌာနေ ပြန်ပြေးချင်အောင် စိတ်မလုံခြုံခဲ့ဖူးတာကိုး။ နောက်တော့လည်း ကမ္ဘာတစ်ဝန်းက ပြစ်မှုအနည်းဆုံးမြို့တွေထဲ နံပါတ် ၃ မှာ ရှိပါတယ်ဆိုတဲ့၊ နိုင်ငံရပ်ခြားဝန်ထမ်းတွေကို နှစ်ဆတိုး ကာကွယ်ပါမယ်ဆိုတဲ့ မြို့တော်ဝန်ရဲ့ သတင်းစာကြော်ငြာတွေမြင်တော့လည်း ဒုံရင်းအတိုင်း ဆက်နေမိတာပါပဲ။

ပွဲခင်းကိုခွာပြီး ကျွန်မတို့ အပြန်ခရီးစဖို့ ကားပေါ်ရောက်တော့ ည ခုနစ်နာရီကျော်ပါပြီ။ ချန်ယင်းက မြို့ပြန်ဖို့ အကြိုလာမယ့်ကားမမီမှာ စိတ်ပူနေပေမဲ့ သဲတွင်းလမ်းမဟုတ်ဘဲ ကန္တာရဖြတ်လမ်းအဖြောင့်က ပြန်တာမို့ ညကိုးနာရီမထိုးခင်မှာပဲ သုံးမြှောင့်လမ်းခွဲကို ရောက်လာပါတယ်။ ချိန်းဆိုထားတဲ့ ဓာတ်ဆီဆိုင်ကပ်လျက် မက်

# umarmif xGbomwh um;q&m&U rsuEmu emusi&ygif wpfpGefwpfukd ukef jrifvkdu&ovkd &Sif&ifpGwfcsY ukef &ifxJrSvnf emusif uxe&pfcsygw, f

ဒေါနယ်ဘာဂါဆိုင်မှာ မာဗင်လည်း ရောက်နေတာမို့ ချန်ယင်းတစ်ယောက် စိတ်အေးသက်သာ ပြုံးရယ်နိုင်ပါပြီ။

ဒါပေမဲ့ ချန်ယင်းအတွက် မပြုံးနိုင်တဲ့ဖြစ်ရပ်ကနောက်မိနစ်အနည်းငယ်အကြာမှာ စ,ပါတယ်။ လမ်းဘေးမီးတိုင် ထိန်ထိန်ညီးနေတဲ့ ခြောက်လမ်းသွားလမ်းမအလယ်ကောင်မှာ ကျွန်မတို့ကား ထိုးရပ်သွားတော့ ညဆယ်နာရီထိုးနေပါပြီ။ မာဗင်က ကားစက်ကို ဘယ်လိုပဲစမ်းသပ်စမ်းသပ် မရတော့ ကျွန်မတို့ သုံးယောက်ပဲ တွန်းပြီး လမ်းဘေးထိုးရွှေ့လိုက်ရတယ်။ ဒါဘီမြို့မှာ အလုပ်လုပ်တဲ့ အိုင်ဘင်းချစ်သူ မာဗင်က သူ့အလုပ်ဆင်းချိန် ကျွန်မတို့ကို မြို့ပြန်ပို့ပေးဖို့ ကူညီပေးတာပါ။ အလုပ်များလွန်းလို့ သူ့ကားကို မစစ်မိခဲ့ဘူးနဲ့ မာဗင်က ညည်းပါတယ်။

သူ ပြင်နေကျ ဒါဘီကားဝပ်ရှော့ဆီ မာဗင်ဖုန်းခေါ်နေချိန်မှာ ကျွန်မတို့သုံးယောက်လည်း ခြေပစ်လက်ပစ် လမ်းဘေးမှာ ပစ်ထိုင်နေကြပါပြီ။ ဒီနေ့က လပြည့်ညပဲ။ ကောင်းကင်မှာ လမင်းသာနေပေမဲ့ ကြည်နူးနိုင်စိတ်မရှိအောင် ကျွန်မတို့ စိတ်ပျက်နေကြတာပေါ့။ တော်တော်ကံမကောင်းတဲ့နေ့ပဲလို့ အိုင်ဘင်းက ရေရွတ်စိတ်ပျက်နိုင်သေးပေမဲ့ ချန်ယင်းဟာ အသံလုံးဝမထွက်နိုင်အောင် ငိုင်နေပါပြီ။ ကျွန်မတို့မြို့ကို ဦးတည်တဲ့ လမ်းခွဲဟာ ညဆယ်နာရီကျော်တာနဲ့ ကားအသွားအလာရှင်းပါတယ်။ ခပ်လှမ်းလှမ်းက မြို့တော်နှစ်ခုဆီ ကူးသန်းရာ နှစ်ထပ်တံတားပေါ်မှာတော့ ကားတွေ ပြေးနေကြောင်း ကားမီးရောင်တွေ မြင်ရလို့ မှန်းလို့ရပါတယ်။ လူလေးယောက်အားရှိနေသေးပေမဲ့ အားငယ်စရာကောင်းအောင် တစ်မျှော်တစ်ခေါ်ကန္တာရနှစ်ဖက်ကြားက လမ်းကျယ်ကြီးမှာ မြုပ်ဝင်နေသလို ခံစားရတာ ဝန်ခံရမှာပါပဲ။ ကျွန်မတောင် ဒီလိုဖြစ်နေတော့ ချန်ယင်းဆိုရင် ဆိုဖွယ်ရာ ကျွန်မစိတ်တင်းရပါတယ်။

"ဟိုထိ သွားပြင်မှရမယ်။ ကားသယ်ပေးမယ့် ကားကြီး လာနိုင်ပေမဲ့ ပွဲတော်ရက်မို့ ညပိုင်းဝန်ထမ်းနည်းလို့ ကားအပိုထည့်ပေးစရာ မရှိဘူးတဲ့"

ပိုစိတ်ပျက်စေတဲ့ မာဗင့်စကား။ ဒီပုံအတိုင်းဆို ကျွန်မတို့က ကားလာသယ်တဲ့ ကားကြီးနဲ့ မြို့ထဲထိ ပြန်လိုက်ပြီး ကားငှားရမယ့်ပုံပါ။ မနက်မိုးလင်းရင်တောင် မြို့ပြန်ရောက်ဖို့ လမ်းမမြင်စရာပေါ့။ ပိတ်ရက်တွေမို့ ကျွန်မတို့ အလုပ်တွေက အလုပ်ရှုပ်နေချိန်ဖြစ်လို့ အလုပ်ပျက်လို့ မရပါဘူး။ ပိုပြီးဆိုးတာက ကျွန်မနဲ့ ချန်ယင်းက မနက်ရှစ်နာရီ အလုပ်ဝင်ရမယ့်သူတွေပါ။

"ဝပ်ရှော့ကားမရောက်ခင် ကားကြုံတစ်စီးစီးရရင် မာလာတို့နှစ်ယောက် အရင်လိုက်သွားလိုက်။ ငါက မာဗင်ကို အတူတူစောင့်ပေးပြီးမှ မြို့ထဲက ကားငှားပြန်ခဲ့မယ်။ ငါက နေ့ခင်းဂျူတီမို့ နောက်ကျလို့ရသေးတယ်လေ"

အိုင်ဘင်းပြောတာကို သဘောတူတယ်၊ မတူဘူး တောင် ကျွန်မနဲ့ ချန်ယင်း မငြင်းနိုင်အောင် စိတ်ပျက်နေကြပါပြီ။ တကယ် ကားကြုံတစ်စီးရလာရင်တော့ အိုင်ဘင်းပြောတဲ့အတိုင်း လုပ်ရမှာပါပဲပေါ့လို့တော့ ကျွန်မတွေးမိပါတယ်။

"ဟိုမှာ ကားတစ်စီးလာနေတယ်"

မာဗင်ပြောသံကြားတော့ ကားမီးပြီး ငိုင်ဆင်းနေကြတဲ့ ကျွန်မတို့ သုံးယောက်လုံး ဖျိုးဖျိုးဖျတ်ဖျတ်နဲ့ မတ်တတ်ထ,ရပ်မိကြတယ်။ တကယ်ပဲ ခပ်ဝေးဝေးမှာ



www.burmeseclassic.com

www.burmeseclassic.com

ကားတစ်စီး လာနေပါတယ်။ ရှေ့မီးရောင်ပဲမြင်ရလို့ အိမ်စီးကားတစ်စီးဖြစ်မယ်လို့ တွေးလို့မဆုံးခင် ကားအမိုးပေါ်က အငှားယာဉ်ဆိုင်းဘုတ်က မီးလင်းလာတော့ ကျွန်မတို့ အကုန်ပျော်ပြီး အော်မိကြတော့တာပေါ့။

ကြည့်စမ်း…။ အမေရွတ်ခိုင်းတတ်တဲ့ ဂုဏ်တော်က တကယ်ခက်ခဲချိန်တွေမှာ ကြံဖန်ကံကောင်းတတ်တာပဲ။ ကျွန်မက လက်ဖျစ်တစ်ချက်တွက်ပြီးကို ပျော်ရင်း တွေးမိလိုက်သေးတာ။ ကျွန်မတို့ လူအုပ် ကားပျက်မှန်းရိပ်မိပုံနဲ့ အငှားယာဉ်မှန်းသိအောင် ဆိုင်းဘုတ်မီးဖွင့်ပြီး မောင်းလာတဲ့ကားက ကျွန်မတို့ရှေ့ ထိုးရပ်လာပါတယ်။ မာဗင်က 'ဂရင်းစီးတီး သွားချင်တာ' ဆိုတော့ 'ကျွန်တော်လည်း အဲဒီသွားမှာ' လို့ ကားဆရာက ပြန်ပြောတယ်။ ကျွန်မနဲ့ ချန်ယင်းက လက်ခုပ်တီး ခုန်ပေါက်မိပြီး ကားအနားကို ပြေးကပ်မိတော့တာပဲ။ ကားမှန်ချထားတဲ့ ကားဒက်ဘုတ်က ရောင်ပြန်မီးမှာ မြင်နေရတဲ့ ကားဆရာရဲ့ အချက်အလက်ဖော်ပြထားတဲ့ အိုင်ဒီကတ်ဆီ ကြည့်လိုက်မိတာနဲ့ ကျွန်မတို့သုံးယောက်လုံး ရုတ်ခနဲဆို ငြိမ်ကျသွားတယ်။

ကျွန်းစုသား။ ခြေနောက်တစ်လှမ်း ယောင်ယမ်းဆုတ်သွားတဲ့ ချန်ယင်းကို ကားဆရာက တစ်ချက်တွေကြည့်ပါတယ်။ ကြက်သွေးရောင်မဝတ်တဲ့ တီရှပ်ဖြူနဲ့ ကျွန်းစုသား ကားဆရာကို ကျွန်မက ခပ်မြန်မြန် အကဲခတ်မိတယ်။ ဆံပင်ခွေခွေနဲ့ အသက်သုံးဆယ်ကျော် လူလတ်ပိုင်း ကားဆရာရဲ့ ကျွန်မကိုကြည့်တဲ့ မျက်လုံးတွေက တည်တည်ကြည်ကြည်ရှိပုံပါပဲ။ အရောင်တစ်မျိုးနဲ့ မှိုင်းသွားသယောင် သူ့အကြည့်ကို တွေကြည့်မိရင်း ညဉ့်နက်သန်းခေါင် အဝေးမြို့ထိ လိုက်သင့်၊ မလိုက်သင့်ကိုပါ ရင်တဒိန်းဒိန်းခုန်အောင် စဉ်းစားရခက်ပါပြီ။ ကျွန်မနဲ့ ချန်ယင်း နှစ်ယောက်တည်းလေ။ အိုင်ဘင်းကတော့ သူ့ချစ်သူကို ဒီအချိန်ကြီး လမ်းလယ်ကောင်မှာ ပစ်ထားပြီး ကျွန်မတို့နဲ့ မလိုက်နိုင်တာ သေချာနေတာပဲ။ ကျွန်မတို့ မူပျက်သွားတာ ရိပ်မိတဲ့ အကင်းပါးသူ အိုင်ဘင်းက မာဗင်ဘေးကပ်ရပ်ရင်း ကားဆရာအိုင်ဒီကို မသိမသာ သွားကြည့်တယ်။

ပြီးတော့ ကားခ စကားပြောနေတဲ့ မာဗင်ကို ကားဆရာနဲ့ ထားခဲ့ပြီး ကျွန်မလက်ကိုဆွဲရင်း ကားပျက်အနောက်ခန်းထဲ ခေါ်လာတယ်။

'ချန်ယင်း ကြောက်တာထားပါတော့။ မာလာကပါဘာဖြစ်နေတာလဲ။ ငါလည်းစိတ်ပူပေမဲ့ မြို့အမီရောက်ဖို့က ကားနောက်ထပ်ရဖို့ မလွယ်ဘူးလေ။ ငါတို့ အတူတူ ဝပ်ရှော့ကားနဲ့ ပြန်လိုက်ဖို့လည်း အဆင်မပြေဘူး။ မကြောက်နဲ့ မာလာ။ ငါ နာရီဝက်တစ်ခါ ဖုန်းခေါ်ပေးမယ်။ ငါတို့နှစ်ယောက်လုံး သူ့ကားနံပါတ်မှတ်ပြီး ကျန်နေခဲ့သေးတာပဲ။ မာလာတို့ကို သူဘာမှ မလုပ်နိုင်ဘူးလေ'

အိုင်ဘင်းက ပြောပြောဆိုဆို ကျောပိုးအိတ်ထဲက လက်သည်းညှပ်ကလေး ကျွန်မကို ထုတ်ပေးတယ်။ ခေါက်ချိုးလက်သည်းညှပ်က ဓားခလုတ်နှိပ်ရင် နှစ်လက်မအရှည် ဓတီးဓားငယ်တစ်လက်ပေါ့။

အငှားကားဆီ ပြန်လျှောက်လာတော့ မျက်နှာဖြူရော်နေတဲ့ ချန်ယင်းက မာဗင့်နောက်မှာ ကျောက်ရုပ်လိုရပ်နေတယ်။

'သုံးရာတောင် တောင်းနေတယ်၊ ဈေးဆစ်မရဘူး'

မြို့တော်နဲ့ ဂရင်းစီးတီး အသွားအပြန်ခရီးက ငွေနှစ်ရာမပေးရတာမို့ တစ်ကြောင်းတည်းခရီးက သုံးရာဆိုတော့ အင်မတန်များတာပါ။ မာဗင်မျက်နှာရှုံ့မဲ့နေတယ်။ ကျွန်မ၊ အိုင်ဘင်းနဲ့ ချန်ယင်းကတော့ တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်မိကြရင်း 'သွားမယ်' လို့ ပြိုင်တူဖြေမိတော့ မာဗင်က အံ့အားသင့်သွားတယ်။

ကားခဈေးကြားရတုန်းက စိတ်သက်သာသွားသယောင် မြင်လိုက်ရသေးတဲ့ ချန်ယင်းမျက်နှာက ကားစ၊ ထွက်လာတာနဲ့ စိတ်ဖိစီးပုံ ပြန်ပေါ်လာတာပါပဲ။ ကျွန်မလက်ကို တင်းနေအောင် လာဆုပ်ကိုင်တဲ့ ချန်ယင်းလက်တွေက တုန်ယင်အေးစက်နေတယ်။ လက်တပြပြကျန်ခဲ့တဲ့ အိုင်ဘင်းတို့နှစ်ယောက်ကို နောက်လှည့်ကြည့်ရင်း ကျွန်မပါ စိတ်က မဝံ့ဖြစ်လာပါပြီ။ နှလုံးက တဆတ်ဆတ်ခုန်နေရင်း ချွေးစေးပြန်နေပါတယ်။ ကြောက်အားပိုတဲ့ ချန်ရင်းကိုလည်း စိတ်ဆိုးတာမဟုတ်ပေမဲ့ ဒီလိုကြောက်နေတဲ့ ကိုယ့်အဖော်ကြောင့် ပိုစိတ်ချောက်ချားစေတာကတော့ ညာမရပါဘူး။ ကျွန်မက အားတင်းစမ်းပါဦး အဓိပ္ပာယ်နဲ့ ချန်ယင်းလက်ကို ဆွဲခါမိသေးတယ်။ ကားမောင်းချိန် ကြာလာလေ လမ်းဘေး မြင်ကွင်းတွေကလည်း မှောင်ရိပ် ပိုများလာလေပဲလို့ ကျွန်မ တွေးမိလာတယ်။ တစ်အုံတစ်ရုံ ကန္တာရပင်စုစုကလွဲရင် ပြောင်ရှင်းလှတဲ့ လမ်းဘေး ဝဲယာမြေတလင်းနဲ့ ခပ်ဝေးဝေးက သဲပင်လယ်ကြောင့်များ ကျွန်မသိပ်ကို စိတ်အားငယ်လေသလား။ ဒါဘီမြို့နဲ့ ဂရင်းစီးတီးကြားမှာ သုံးမြောင့်လမ်းခွဲကျော်တာနဲ့ အဝေး ပြေးလမ်းက လမ်းခွဲမရှိတော့တာ သေချာရဲ့လား ကျွန်မ ပြန်စဉ်းစားကြည့်တယ်။ မြို့သွားလမ်းမဟုတ်ဘဲ ဒေသစိမ်းတစ်ခုခုကို ကားဆရာများ မောင်းသွားခဲ့ရင် ကျွန်မတို့ နှစ်ယောက် ဘာဆက်လုပ်နိုင်လဲ ဆက်စဉ်းစားကြည့်တာနဲ့ ကျွန်မ နားထင်နှစ်ဖက်က သွေးတဒိန်းဒိန်းတိုးပါပြီ။

'ဖိလစ်ပိုင်တွေ မဟုတ်ဘူးပဲ။ ဘာလူမျိုးတွေလဲ'

တိတ်ဆိတ်နေတာကို မလိုလားဟန်နဲ့ ကားဆရာရဲ့ ရုတ်တရက်အမေးစကားကြားတော့ ချန်ယင်းက လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။

'ကျွန်မက ထိုင်း၊ သူက အင်ဒို'


ပါးစပ်ထဲရှိတာ လျှောက်ပြောမိရင်း မနေ့စ်မြို့စိတ်ကို ကျွန်မ ထိန်းရတယ်။

စာမျက်နှာ(၉၉)သို့…



www.burmeseclassic.com

www.burmeseclassic.com




# အလောင်းမင်းတရားကြီး
# သင်္ချိုင်းပြာသာဒ်တော်

မောင်သန်းဆွေ(ထားဝယ်)

www.burmeseclassic.com

www.burmeseclassic.com





မင်းတုန်းမင်းတရားကြီး တည်ဆောက်တော်မူခဲ့သော
အလောင်းမင်းတရားကြီး၏ ပြာသာဒ်တော်




ကုန်းဘောင်မင်းဆက်ကို လက်မှုန် အစ တည်ထောင်တော်မူသော အလောင်းမင်းတရားကြီးသည် အဖ ဦးညိုစံ၊ အမိ မယ်စောဦးတို့မှ မြန်မာနှစ် ၁၀၇၆ ခု တော်သလင်းလပြည့်ကျော် ၁ ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူပါ၏။ ရတနာပူရ အင်းဝ နေပြည်တော်ကြီး ပျက်စီးတိမ်းပါးပြီးသည့်နောက် မြန်မာနှစ် ၁၁၁၄ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ သောကြာနေ့တွင် မင်းအဖြစ်သို့ ရောက်တော်မူပြီးလျှင် မြန်မာနှစ် ၁၁၁၅ ခု၊ ပထမ ဝါဆိုလပြည့်ကျော် ၅ ရက် အလွန် ၆ ရက်အဝင် ကြာသပတေးနေ့တွင် တာဝန်း ၄၄၀၀ ရှိသော ရတနာသိင်္ဃမြို့တော်ကြီးကို တည်ထောင်တော်မူသည်။

မြန်မာတစ်နိုင်ငံလုံးကို စည်းရုံး သိမ်းသွင်းတော်မူပြီးနောက် မြန်မာနှစ် ၁၁၂၁ ခု၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့တွင် သားတော်ကြီး အိမ်ရှေ့ဥပရာဇာအား ရွှေမြို့တော်၌ အစောင့်အကြပ်ထားကာ ကျောက်မြောင်းဆိပ်မှ ရန်ကုန်မြို့သို့ ရေကြောင်းချီတော်မူပါ၏။ ပြည်မြို့တွင် ခေတ္တရပ် နားတော်မူပြီးက် ရတနာသိင်္ဃရွှေမြို့တော်၌ မြန်မာနှစ် ၁၁၂၁ ခု၊ ဝါခေါင်လဆန်း ၁၁ ရက်၊ စနေနေ့တွင် ရတနာသိင်္ဃ ရွှေမြို့တော်ရှိ ဆင်ချည်တိုင်၊ မြင်း၊ လှစင်၊ ကျုံး၊ နှင်းကြမ်း၊ နပဲပင်၊ တမာပင်၊ ပေါက်ပန်းဖြူပင်၊ ညောင်ပင်၊ ကျောင်း၊ မင်းကျော်သီရိဒိမ်၊ ဒီပဲယင်းမြို့တံခါး၊ မြဝတီပြအိုးတို့ကို လောင်မီးမိုးကြိုး ၁၃ ချက်



www.burmeseclassic.com

www.burmeseclassic.com

ကျရောက်သောကြောင့် စာဆိုတော် စိန္တကျော်သူက နိမိတ်ကောက် ရတု ၅ ပုဒ် စီကုံး ဆက်သရပါ၏။

ပြည်မြို့မှ ဆက်လက်စုန်ဆင်းလာသော အလောင်းမင်းတရားကြီးသည် မြန်မာနှစ် ၁၁၂၁ ခု၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်၊ သောကြာနေ့တွင် ရန်ကုန်မြို့ရှိ ဆံတော်ရှင် စေတီတော်ကို ထီးတော်၊ ချရားသီးမှ စလျက် မြေထိ လုံးတော်ပြည့် ရွှေပြားသင်္ကန်းကပ်လှူတော်မူပြီးနောက် ပြန်တော်မူမည့် ဆဲဆဲတွင် ယိုးဒယားတို့သည် မြန်မာမင်းပိုင်နက် ထားဝယ်ကျေးလက်တို့ကို ထိပါးနှောင့်ယှက်ကြကြောင်း ကြားသိတော်မူသဖြင့် သားတော်မြေဒူးမင်းသားနှင့်အတူ ယိုးဒယားသို့ ချီတက်မည်ဟု မိန့်တော်မူပါ၏။

အတူလိုက်ပါလာသော ဝေဒပညာရှင်များက စိန္တကျော်သူဆက် မိုးကြိုးကျ နိမိတ်ကောက် ရတုတွင် "*လွှပျဉ်သားနှင့် ဆောက်ထားနန်းတော် စံမပျော်ပြီ*" ဟု ပါရှိသည်က တစ်ကြောင်း၊ ရွှေမြို့တော်၌ ကလေးသူငယ်တို့သည် "*မျက်ရည်သုတ်လို့ နောက်ဆုတ်ပြန် သွားတန်သင့်ဘဲ*" အစချီ သီချင်းကို မပြတ်မလပ် သီဆိုကြသည်က တစ်ကြောင်း၊ အလောင်းမင်းတရားကြီး၏ ဇာတာတော်သည် မသန့်သည့်အခိုက်အတန့် ဖြစ်သည်ကတစ်ကြောင်း၊ ချီရမည့် အရပ်အနေ မသင့်သည်ကတစ်ကြောင်း၊ ကိန်းအနေဖြင့်လည်းကောင်း၊ ညောင်ရမ်းမင်းတရားကြီး သိဒ္ဓိကိုချီသော ကိန်းနှင့် ကြုံသည်ကတစ်ကြောင်း အကြောင်းကြောင်းကြောင့် "ချီတော်မူလျှင် ကိုယ်တော်အနာတွေ့ချိမ့်မည်ဟု တညီတညွတ်တည်း တင်လျှောက်ကြပါ၏"။

မည်သို့ပင် တင်လျှောက်ကြပါသော်လည်း အလောင်းမင်းတရားကြီးသည် မနာယူတော်မူဘဲ မြန်မာနှစ် ၁၁၂၁ ခု၊ ပြာသိုလဆန်း ၃ ရက်၊ သောကြာနေ့တွင် ယိုးဒယားနိုင်ငံသို့ ချီ၏။ ယိုးဒယားတို့သည် ဆင် မြင်း အလုံး အရင်းနှင့် အားကြိုးမာန်တက်

jrefmEdkif
1122 ck
uqkef/jynfhusmf
12 &uf
we*FaEGaeY
rGef;omuf H
t csdefvGef
tavmif;rif;
w&m;BuD;onf
rkvaMu;
ausmufuif&Gmodk a&mufcJ
ewfjynf
pHawmfrlyg\

ဆီးကြိုတိုက်ခိုက်ပါသော်လည်း တိုက်ရည်ခိုက်ရည်ချင်း မယှဉ်သာသောကြောင့် နောက်သို့ တစ်ဆုတ်တည်း ဆုတ်ကာ မြို့ကို အခိုင်အလုံပြုလျက် ထွက်မတိုက်ဝံ့ဘဲ နေကြရပါ၏။ အလောင်းမင်းတရားကြီးသည် ကိုယ်လက်မအီမသာရှိတော်မူသည်နှင့် မြန်မာနှစ် ၁၁၂၂ ခု၊ ကဆုန်လဆန်း ၃ ရက်၊ ကြာသပတေးနေ့တွင် ပြန်လည်ဆုတ်ခွာ၏။ ဤအကြောင်းကို ယိုးဒယားတို့သိလျှင်သိချင်း ဆင် မြင်း အလုံးအရင်းနှင့် မြို့ပြင်သို့ထွက်၍ လိုက်လံတိုက်ခိုက်ပါသော်လည်း နောက်ကျန်နေခဲ့သော မင်းခေါင်နော်ရထာနှင့် မင်းလှမင်းခေါင်တို့သည် လက်ဝဲလက်ယာ စစ်ကြောင်းဖြန့်လျက် နောက်မှလိုက်လာသော ယိုးဒယားတို့ကို မွှန်မွှန်ညက်ညက် ကြေပျက်စေမည် သန္နိဋ္ဌာန်ချလျက် သေနတ်မီးပေါက်တို့ကို မရပ်မစဲ၊ မိုးဖွဲမိုးပေါက်ကျနေသကဲ့သို့ ပစ်ခတ်ခုခံသောကြောင့် မလိုက်ဝံ့ဘဲ မြို့တွင်းသို့ပြန်ဝင်ကြပါ၏။

ဤသို့ ပြန်လည် တပ်ခေါက်လာခဲ့ကြရာ မြန်မာနှစ် ၁၁၂၂ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ မိုးသောက်ယံအချိန်တွင် အလောင်းမင်းတရားကြီးသည် မုတ္တမမြို့ကျေး၊ ကင်းရွာသို့အရောက် နတ်ပြည်စံတော်မူပါ၏။ ဤအကြောင်းကို သားတော်မြေဒူးမင်းနှင့် အပါးတော်၌ ဆေးတော်ဆက်ရန် ခစားနေကြရသော တပ်မှူးအချို့သာ သိကြပါ၏။ ညဉ့်တွင်းချင်းပင် အလောင်းတော်၏ အသွေးအသား အတွင်းကလီစာများကိုထုတ်၊ အတွင်း၌ ဆားအပြည့်သိပ်ပြီးလျှင် အလောင်းတော်ကို ဖယောင်းပုဆိုးဖြင့် လုံခြုံစွာ လိပ်ပြီးမှ ဝါးခြမ်းစိတ်တို့ဖြင့် ကျပ်တည်းစွာ ချည်နှောင်လျက် ပကတိ အသွင်အပြင်ဖြင့် စီးတော်မူမြဲ ဝေါယာဉ်၌ တင်ဆောင်ယူခဲ့ရပါ၏။ ရန်ကုန်သို့ရောက်၍ အလောင်းတော်ကို ဖောင်တော်ပေါ်သို့ တင်သောအခါမှ နတ်ပြည်စံလွန်တော်မူပြီဖြစ်ကြောင်း အများပြည်သူတို့ သိကြပါ၏။

သားတော်ကြီး စစ်ကိုင်းမြို့တည်မင်းတရားကြီးသည် ခမည်းတော်၏ ရုပ်အလောင်းကို ကျောက်မြောင်းဆိပ်မှ ဆီးကြို သယ်ဆောင်ပြီးနောက် ရတနာသိင်္ဃမြို့တော် လှိုင်သာတံခါးမှ သွင်းယူကာ လွှတ်တော်အရှေ့မြောက်၌ တခမ်းတနား သင်္ဂြိုဟ်တော်မူပါ၏။

သို့သော် ယခုအခါ မုတ္တမမြို့ကျေး၊ ကင်းရွာတွင် အလောင်းမင်းတရားကြီး၏ အတွင်းကလီစာများကို ထုတ်၍ မြှုပ်နှံသောနေရာ၌ အထိမ်းအမှတ် သင်္ချိုင်းပြာသာဒ်တော် တည်ဆောက်ခဲ့သော စေတီပုံကို တွေ့ရှိရသည်။ ဤသည်ကိုပင် အလောင်းမင်းတရားကြီး၏ အလောင်းတော် မြှုပ်နှံထားတော်မူရာဖြစ်သည်။ ရတနာသိင်္ဃမြို့တော်၏ လွှတ်တော်အရှေ့မြောက်၌ တခမ်းတနား သင်္ဂြိုဟ်တော်မူခဲ့သော သင်္ချိုင်းတော်ပြာသာဒ်၌ အလောင်းတော်မရှိ၊ အထိမ်းအမှတ်မျှသာ ဖြစ်သည်ဟု ပြောဆိုသူများက ပြောလာကြပါသည်။ သို့ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

ရွှေဘိုမြို့ရှိ အလောင်းမင်းတရားကြီး၏ သချိုင်းပြာသာဒ်တော် ဖြစ်လာပုံကို ဆက်လက် ဖော်ပြပါမည်။

အလောင်းမင်းတရားကြီးမှ စတင်၍ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် အဖွန့်ရှည်စွာ ဆက်ခံအုပ်စိုးလာခဲ့ကြရာ ပုဂံမင်းတရားကြီး လက်ထက်သို့ပင် တိုင်ခဲ့ပါ၏။ မြန်မာနှစ် ၁၂၁၄ ခု၊ ပြာသိုလဆန်း ၈ ရက်၊ သောကြာနေ့ ညဉ့် ၄ ချက်တီးကျော်ချိန်တွင် မင်းတုန်းမင်းနှင့် ညီတော်ကနောင်မင်းတို့သည် ရက်တရက် ရောင်တခင်ကျလာမည့် ဘေးအန္တရာယ်ကို မြင်သောကြောင့် သားတော်၊ သမီးတော်၊ ကိုယ်လုပ်တော်၊ မင်္ဂလာအိမ်တော်ပါ အမှုထမ်း စုစုပေါင်း နှစ်ရာကျော် သုံးရာခန့်နှင့် အမရပူရ ရွှေမြို့တော်၊ အရှေ့မြောက်စွန်း လေးကျွန်းတံခါးမှ ရတနာသိင်္ဃမြို့သို့ အပူတပြင်း ထွက်သွားတော်မူကြပါ၏။ ဤအကြောင်းကို မင်းတုန်းမင်းနှင့် ကနောင်မင်း အိမ်တော်ကို စောင့်ကြပ်ကြည့်ရှုနေကြသော အထောက်တော်များက သိရှိသောကြောင့် ပုဂံမင်းတရားကြီးထံ ညတွင်းချင်း သွားရောက်သံတော်ဦးတင်ကြပါ၏။ ပုဂံမင်းတရားကြီးသည် တောင်ထားဝယ်ဗိုလ် ဦးတုပ်နှင့် ပုဏ္ဏားဝန် ဦးကုလားတို့ကို ချက်ချင်း ဆင့်ခေါ်ယူကာ "မင်းတုန်းမင်းနှင့် ကနောင်မင်းတို့ကို တွေ့ရာမဆိုင်း သတ်စေ"ဟု အမိန့်တော် ချမှတ်ပြီးနောက် စစ်သည် အလုံးအရင်းနှင့် လိုက်စေပါ၏။ ကနောင်မင်းသည် မင်းတုန်းမင်းနှင့် လူမမည် သားတော်၊ သမီးတော်များ၊ ကိုယ်လုပ်တော်များကို ရှေ့သို့ အရပ်အနားမရှိ သွားနှင့်စေပြီး မိမိကိုယ်တိုင်ကမူ နောက်ချန်နေရစ်ပြီး ပင်လယ်လှိုင်းလုံးကြီးပမာ ထက်ကြပ်မကွာ တလိမ့်လိမ့် လိုက်ပါလာသော ပုဂံမင်းတရားကြီး၏ တပ်တော်ကို သက်စွန့်ကြိုးပမ်းတိုက်ဖျက်ရပါ၏။

မင်းတုန်းမင်းနှင့် ကနောင်မင်းတို့သည် ရတနာသိင်္ဃမြို့၌ ဗိုလ်ဝင်ခံပြီးနောက် သီလုံးဝန်ကြီး ဦးစိုကို ဗိုလ်ချုပ်

, cktcg
rkvbifd
ausuiÇ&GwGf
tavmif;rif;w&m;BuD;\
twGif;uvpm;rsm;ukd
xkvf
jrifEdkifçom
ae&mü
txdftrSwf
ocsdK4fymomÇ'fwmf
wnfaqmufcJhom
apwDysudk
awG&Sonf

ခန့်ထားလျက် စစ်အင်အား အလုံးအရင်းနှင့် အမရပူရမြို့တော်သို့ ချီတက်ဝန်းရံ လုပ်ကြံကြပါ၏။ ပုဂံမင်းတရားကြီး၏ ညီတော် လှိုင်မင်းသားသည် စစ်သည်တော်များကို ကွပ်ကဲလျက် ကျားကုတ်ကျားခဲ ခုခံပါသော်လည်း ကံမကောင်း အကြောင်းမလှသောကြောင့် မြန်မာနှစ် ၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့တွင် နန္ဒမူတံခါးအနီး တိုက်ပွဲ၌ ပြောင်းသေနတ်မှန်၍ ကျဆုံးရှာပါ၏။ မင်းတုန်းမင်းတရားကြီးသည် မြန်မာနှစ် ၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့တွင် နောင်တော် ပုဂံမင်းတရားကြီး၏ ထီးနန်းကို လွှဲပြောင်းလက်ခံရယူတော်မူပြီးနောက် အမရပူရ နေပြည်တော်သို့ ပြန်လည် ဝင်ရောက်တော်မမူမီ တစ်နှစ်ကာကာလအတွင်း ရတနာသိင်္ဃ ပတ်ဝန်းကျင်ရှိ ဆည်မြောင်းကန်ချောင်းများကို ပြန်လည်ပြုပြင်ခြင်း၊

အလောင်းမင်းတရားကြီး၏ နန်းတော်တိုင်လုံးများကို ရုပ်ပွားဆင်းတုတော်များ ထုလုပ်ပြီး ပတ်ဝန်းကျင်ကျေးရွာများသို့ ကိုးကွယ်ရန် ဝေငှခြင်း၊ အလောင်းမင်းတရားကြီး သချိုင်းတော်ရာ၌ အထိမ်းအမှတ် ပြာသာဒ်တစ်ဆောင် ဆောက်လုပ်ခြင်း စသည်တို့ကို ဆောင်ရွက်တော်မူခဲ့ပါ၏။

အထက်မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် ခရစ်နှစ် ၁၈၉၆ ခုတွင် အလောင်းမင်းတရားကြီး သချိုင်းပြာသာဒ်တော်သည် ပျက်စီး ယိုယွင်းနေသောကြောင့် ရွှေဘိုမြို့ စည်ပင်သာယာအဖွဲ့က အုတ်သမံတလင်းနှင့် ဘုံ ၇ ဆင့် ပြာသာဒ်ကို ထပ်မံပြန်လည် တည်ဆောက်ပေးခဲ့သည့်အပြင် အင်္ဂလိပ်၊ မြန်မာ ကျောက်စာတစ်ချပ်ကို ရေးထိုးပြီး သမံတလင်း၌ မြှုပ်နှံထားရှိပါ၏။ ယင်းသချိုင်းတော်ပြာသာဒ်သည် ကျွဲ၊ နွားများ အဆီးအတားမရှိ ဝင်ရောက်ကြသောကြောင့် အုတ်ကြမ်းအခင်း ပျက်စီးနေသည်ကို မြန်မာနှစ် ၁၂၈၁ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ စနေနေ့တွင် ထပ်မံပြုပြင်ပေးပြီး အကာအရံ ပြုလုပ်ထားရှိပါ၏။

သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်(ကလောင်အမည် ရွှေလင်းယုန်)သည် ရွှေဘိုမြို့ရှိ အလောင်းမင်းတရားကြီး သချိုင်းပြာသာဒ်တော်ကို သွားရောက်လေ့လာပြီးလျှင် ခရစ်နှစ် ၁၉၃၈ ခု၊ မတ်လထုတ် မြန်မာ့အလင်း မဂ္ဂဇင်းတွင် '**မြို့ပျက်ကြီးများ**' ခေါင်းစဉ်ဖြင့် အလောင်းဘုရား၏ ရွှေဘိုမြို့သို့ သွားရောက်ခဲ့သည်တွင် အလောင်းဘုရား၏ သချိုင်းတော်မှာ ပြုပြင်မည့်သူမရှိ။ မြင်မကောင်းအောင် ပျက်စီးနေသည်ကို တွေ့ရသဖြင့် များစွာ ရင်ထုမနာဖြစ်ရလေသည်။ သချိုင်းတော်ကို မှတ်သားထားသည့် နေရာတစ်ဝိုက်ကို အစိုးရတို့က စက်ရှင်ရုံးအဖြစ် အသုံးပြုခြင်း၊ နန်းတော်နေရာကို ထောင်အဖြစ် ဆောက်လုပ်ခြင်းတို့သည် အမြင်



www.burmeseclassic.com

www.burmeseclassic.com

မတော်ဖြစ်ဘိ၏။ သချိုင်းတော်မှာ လမ်းနံဘေး ရုံးဝင်းအတွင်းရှိ ဘုံ ၇ ဆင့် ရှိသော ပြာသာဒ်တော်အဖြစ် မှတ်သား ထားခြင်းဖြစ်၏။

ပြာသာဒ်တော်မှာ တိုင်လေးတိုင် ရှိ၍ တစ်တိုင်နှင့်တစ်တိုင် အကွာ ၁၁ ပေ၊ ၅ လက်မ ပတ်လည် ရှိ၏။ ကျွဲ၊ နွား မဝင်ရောက်နိုင်အောင် သစ်သား ဝင်း ပြုလုပ်ထားသည်မှာ အကျယ် အရှေ့အနောက် ၁၅ ပေ၊ ၉ လက်မ၊ တောင်မြောက် ၁၅ ပေ၊ ၉ လက်မ ရှိ၏။ အင်္ဂလိပ်ဘာသာဖြင့် အလောင်း ဘုရား အကြောင်းအရာ အနည်းငယ်ရေး မှတ်ထားသော ကျောက်ပြားမှာ မြောက် အရပ်သို့ ခေါင်းပြုထားသည်။ ၎င်း ကျောက်ပြားထားရာ ၁၉၀၉ ခုနှစ်၊ နိုဝင် ဘာလ(--)ရက်နေ့က ပြုပြင်ထားသော် လည်း ယခု မြင်မကောင်းအောင် ကွဲ အက်လျက် ရှိလေသည်ဟု ရေးသား ထားသည်ကို ဖတ်ရှုရပါ၏။

ထို့ပြင် စာရေးဆရာကြီး ရွှေလင်း ယုန်က ဆက်လက်၍ ယခုရှိသော ပြာသာဒ်တော်သည် ပုဂံမင်းနှင့် မင်းတုန်းမင်းသား၊ နောင်တော် ညီတော် စစ်ခင်းသည့်အခါ ရွှေဘိုသို့ မင်းတုန်း မင်းသား ထွက်တော်မူလာပြီးနောက် စစ်အင်အားဖြည့်တင်း၍ သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် အောင်နိုင်တော်မူ သည်။ ရွှေဘိုမြို့၌ တစ်နှစ်စိုးစံတော် မူစဉ် မင်းတုန်းမင်းနှင့် ညီတော်ကနောင် မင်းသားကြီးတို့က နောင်လာနောက် သားများ မှတ်မိရစ်ကြစေရန် မူလရှိရင်း စွဲဖြစ်သော ဟောင်းနွမ်းနေသည့် အရိုး အိုးပြာသာဒ်တော်ကို ထပ်မံ တည်ထား ခဲ့သော ပြာသာဒ်တော်ဖြစ်သည်။ ယခု ရှိနေသော အရိုးအိုး ပြာသာဒ်တော်ကား ၈၅ နှစ်ပင် ကြာရှိလေပြီ။ မည်သူမျှ ထိထိရောက်ရောက် မပြုပြင်သေး။ အင်္ဂလိပ်လက်ထက်မှာလည်း လုံး၀ ပြုပြင်ပေးခြင်း မရှိသေးရာ တိုင်းပြည် က ထိထိရောက်ရောက် ပြုပြင်သင့်ကြ ပေသည်ဟု တပ်လှန့်နှိုး ဆော်သည့် အလား ရေးသားခဲ့ပါသည်။

c&pEf;
1940 jynh
'Zifbmv
15 &ufeYwGif
opfawma&;&m
0efBuD;S
eef;&if;0ef&mxl;odk
vTJajymif;wm0ef
xrf;aqmif;aom
*VkefOD;apmu
a&TbdkNrdKU
vma&mufí
tavmif;rif;w&m;BuD;\
tkwfoN*dK;f
jymom'f;wmf
wnfaqmufa&;
yEéufwif;ay;cJhí\

ယင်းသို့ ရေးသားထားသည်နှင့် အညီ လွန်ခဲ့သော ခရစ်နှစ် ၁၉၄၀ ပြည့်၊ ဇူလိုင်လဆန်း ၂ ရက်နေ့တွင် လမ်းနှင့် အဆောက်အဦးရေးရာ ဝန်ကြီး ဌာန ဝန်ကြီး ဦးသာယာဝတီမောင် မောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန် ကြီး ဂဠုန်ဦးစော၊ အထက်လွှတ်တော် အမတ် ဦးမောင်မောင်ပြား၊ သမိုင်းဆရာ ရွှေပြည်ဦးဘတင်၊ အစိုးရဗိသုကာ ဦးအုန်းသန်း၊ အစိုးရအင်ဂျင်နီယာချုပ်တို့ စုံညီ ဆုံးဖြတ်ချက်အရ ဦးအုန်းသန်း ကိုယ်တိုင် အမရပူရမြို့တွင်းရှိ ဗဒုံမင်း တရားကြီး၏ အုတ်သင်္ချိုင်းတော်ကို သွားရောက်လေ့လာပြီး ရေးဆွဲတင်ပြ သည့် အလောင်းမင်းတရားကြီး၏ အုတ်သင်္ချိုင်း ပြာသာဒ်တော် စနစ်ပုံစံကို လက်ခံ အတည်ပြုပြီးလျှင် ကျပ်ငွေသုံး သောင်း ခွင့်ပြုခဲ့ပါ၏။ ခရစ်နှစ် ၁၉၄၀ ပြည့်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် သစ်တောရေးရာဝန်ကြီးမှ နန်းရင်းဝန် ရာထူးသို့ လွှဲပြောင်းတာဝန်ထမ်းဆောင် သော ဂဠုန်ဦးစောက ရွှေဘိုမြို့သို့ လာ ရောက်ပြီး အလောင်းမင်းတရားကြီး၏ အုတ်သချိုင်းပြာသာဒ်တော် တည် ဆောက်ရန် ပန္နက်တင်ပေးခဲ့ပါ၏။ ယင်းပြာသာဒ်တော်အမြင့်သည် အမြင့် ပေ ၅၀၊ ပတ်လည်ပေ ၄၀၊ တံတိုင်း ပတ်လည်ပေ ၁၀၀ ရှိပါ၏။ ယခုအခါ တွင် ယင်းသချိုင်းပြာသာဒ်တော်ကို ရွှေဘိုမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ လက် ထောက်ညွှန်ကြားရေးမှူး အုပ်ချုပ်မှု အောက်တွင် ထားရှိပါသတည်း။

**အလောင်းမင်းတရားကြီး သချိုင်းတော် ကျောက်စာ**

(၁) မြန်မာပြည်အလုံးကို သိမ်းရုံးအုပ် ချုပ်တော်မူသည့်
(၂) ကုန်းဘောင်ဆက် မင်းအပေါင်း တို့တွင်
(၃) လက်မွန်မဆွ ထီးနန်းကနက်စိုက် ထူ စိုးစံတော်မူသည့်
(၄) အလောင်းမင်းတရားကြီးသည်
(၅) ယိုးဒယားပြည်သို့ ချီတက်တော် မူရာ
(၆) သက္ကရာဇ် ၁၁၂၂ ခု
(၇) သက်တော် ၄၆ နှစ်၊ နန်းစံ ၈ နှစ် မြောက်တွင်
(၈) နတ်ရွာစံတော်မူရာ
(၉) အလောင်းတော်ကို တင်ဆောင် သင်္ဂြိုဟ်တော်ရာ
(၁၀) သချိုင်းတော်ကို မှတ်သားထား သည့် နေရာဖြစ်သည်။

သို့ဖြစ်၍ ယခုအခါ ရွှေဘိုမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန လက်ထောက်ညွှန် ကြားရေးမှူး အုပ်ချုပ်မှုအောက်တွင်ရှိ သည့် အလောင်းမင်းတရားကြီး၏ သချိုင်း ပြာသာဒ်တော်သည် ၁၉၄၀ ပြည့်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် နန်းရင်းဝန်ဖြစ်သော ဂဠုန်ဦးစော ပန္နက် တင်ပေးခဲ့သည့် အုတ်သချိုင်းပြာသာဒ် တော်ဖြစ်သည်။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**



www.burmeseclassic.com

www.burmeseclassic.com

မတော်ဖြစ်ဘိ၏။ သချိုင်းတော်မှာ လမ်းနံဘေး ရုံးဝင်းအတွင်းရှိ ဘုံ ၇ ဆင့် ရှိသော ပြာသာဒ်တော်အဖြစ် မှတ်သား ထားခြင်းဖြစ်၏။

ပြာသာဒ်တော်မှာ တိုင်လေးတိုင် ရှိ၍ တစ်တိုင်နှင့်တစ်တိုင် အကွာ ၁၁ ပေ၊ ၅ လက်မ ပတ်လည် ရှိ၏။ ကျွဲ၊ နွား မဝင်ရောက်နိုင်အောင် သစ်သား ဝင်း ပြုလုပ်ထားသည်မှာ အကျယ် အရှေ့အနောက် ၁၅ ပေ၊ ၉ လက်မ၊ တောင်မြောက် ၁၅ ပေ၊ ၉ လက်မ ရှိ၏။ အင်္ဂလိပ်ဘာသာဖြင့် အလောင်း ဘုရား အကြောင်းအရာ အနည်းငယ်ရေး မှတ်ထားသော ကျောက်ပြားမှာ မြောက် အရပ်သို့ ခေါင်းပြုထားသည်။ ၄င်း ကျောက်ပြားထားရာ ၁၉၀၉ ခုနှစ်၊ နိုဝင် ဘာလ(--)ရက်နေ့က ပြုပြင်ထားသော် လည်း ယခု မြင်မကောင်းအောင် ကွဲ အက်လျက် ရှိလေသည်ဟု ရေးသား ထားသည်ကို ဖတ်ရှုရပါ၏။

ထို့ပြင် စာရေးဆရာကြီး ရွှေလင်း ယုန်က ဆက်လက်၍ ယခုရှိသော ပြာသာဒ်တော်သည် ပုဂံမင်းနှင့် မင်းတုန်းမင်းသား၊ နောင်တော် ညီတော် စစ်ခင်းသည့်အခါ ရွှေဘိုသို့ မင်းတုန်း မင်းသား ထွက်တော်မူလာပြီးနောက် စစ်အင်အားဖြည့်တင်း၍ သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် အောင်နိုင်တော်မူ သည်။ ရွှေဘိုမြို့၌ တစ်နှစ်စိုးစံတော် မူစဉ် မင်းတုန်းမင်းနှင့် ညီတော်ကနောင် မင်းသားကြီးတို့က နောင်လာနောက် သားများ မှတ်မိရစ်ကြစေရန် မူလရှိရင်း စွဲဖြစ်သော ဟောင်းနွမ်းနေသည့် အရိုး အိုးပြာသာဒ်တော်ကို ထပ်မံ တည်ထား ခဲ့သော ပြာသာဒ်တော်ဖြစ်သည်။ ယခု ရှိနေသော အရိုးအိုး ပြာသာဒ်တော်ကား ၈၅ နှစ်ပင် ကြာရှိလေပြီ။ မည်သူမျှ ထိထိရောက်ရောက် မပြုပြင်သေး။ အင်္ဂလိပ်လက်ထက်မှာလည်း လုံးဝ ပြုပြင်ပေးခြင်း မရှိသေးရာ တိုင်းပြည် က ထိထိရောက်ရောက် ပြုပြင်သင့်ကြ ပေသည်ဟု တပ်လှန့်နှိုး ဆော်သည့် အလား ရေးသားခဲ့ပါသည်။

**c&pEfpf**
**1940 jynh**
**'Zi bmv**
**15 &uf aeYwGif**
**opfawma&;&m**
**0efBuD;S**
**ee&i f0ef&mx]oH**
**vJ;jymi f wm0ef**
**xrf aqmi f om**
***Vlef;Dapmu**
**a&T bkd;bdk**
**vma&muf;yD**
**t avmi f r i f w&m;BuD;D**
**t kwfoc suf**
**jymom' f wmf**
**wnf aqmuf&ef**
**yEéuf wi f ay;c jyj**

ယင်းသို့ ရေးသားထားသည်နှင့် အညီ လွန်ခဲ့သော ခရစ်နှစ် ၁၉၄၀ ပြည့်၊ ဇူလိုင်လဆန်း ၂ ရက်နေ့တွင် လမ်းနှင့် အဆောက်အဦရေးရာ ဝန်ကြီး ဌာန ဝန်ကြီး ဦးသာယာဝတီမောင် မောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန် ကြီး ဂဠုန်ဦးစော၊ အထက်လွှတ်တော် အမတ် ဦးမောင်မောင်ပြား၊ သမိုင်းဆရာ ရွှေပြည်ဦးဘတင်၊ အစိုးရဗိသုကာ ဦးအုန်းသန်း၊ အစိုးရအင်ဂျင်နီယာချုပ်တို့ စုံညီ ဆုံးဖြတ်ချက်အရ ဦးအုန်းသန်း ကိုယ်တိုင် အမရပူရမြို့တွင်းရှိ ဗဒုံမင်း တရားကြီး၏ အုတ်သချိုင်းတော်ကို သွားရောက်လေ့လာပြီး ရေးဆွဲတင်ပြ သည့် အလောင်းမင်းတရားကြီး၏ အုတ်သချိုင်း ပြာသာဒ်တော် စနစ်ပုံစံကို လက်ခံ အတည်ပြုပြီးလျှင် ကျပ်ငွေသုံး သောင်း ခွင့်ပြုခဲ့ပါ၏။ ခရစ်နှစ် ၁၉၄၀ ပြည့်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် သစ်တောရေးရာဝန်ကြီးမှ နန်းရင်းဝန် ရာထူးသို့ လွှဲပြောင်းတာဝန်ထမ်းဆောင် သော ဂဠုန်ဦးစောက ရွှေဘိုမြို့သို့ လာ ရောက်ပြီး အလောင်းမင်းတရားကြီး၏ အုတ်သချိုင်းပြာသာဒ်တော် တည် ဆောက်ရန် ပန္နက်တင်ပေးခဲ့ပါ၏။ ယင်းပြာသာဒ်တော်အမြင့်သည် အမြင့် ပေ ၅၀၊ ပတ်လည်ပေ ၄၀၊ တံတိုင်း ပတ်လည်ပေ ၁၀၀ ရှိပါ၏။ ယခုအခါ တွင် ယင်းသချိုင်းပြာသာဒ်တော်ကို ရွှေဘိုမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ လက် ထောက်ညွှန်ကြားရေးမှူး အုပ်ချုပ်မှု အောက်တွင် ထားရှိပါသတည်း။

**အလောင်းမင်းတရားကြီး သချိုင်းတော်ကျောက်စာ**

(၁) မြန်မာပြည်အလုံးကို သိမ်းရုံးအုပ်ချုပ်တော်မူသည့်
(၂) ကုန်းဘောင်ဆက် မင်းအပေါင်းတို့တွင်
(၃) လက်မွန်မဆွ ထီးနန်းကနက်စိုက်ထူ စိုးစံတော်မူသည့်
(၄) အလောင်းမင်းတရားကြီးသည်
(၅) ယိုးဒယားပြည်သို့ ချီတက်တော်မူရာ
(၆) သက္ကရာဇ် ၁၁၂၂ ခု
(၇) သက်တော် ၄၆ နှစ်၊ နန်းစံ ၈ နှစ်မြောက်တွင်
(၈) နတ်ရွာစံတော်မူရာ
(၉) အလောင်းတော်ကို တင်ဆောင်သဂြိုဟ်တော်ရာ
(၁၀) သချိုင်းတော်ကို မှတ်သားထားသည့် နေရာဖြစ်သည်။

သို့ဖြစ်၍ ယခုအခါ ရွှေဘိုမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန လက်ထောက်ညွှန် ကြားရေးမှူး အုပ်ချုပ်မှုအောက်တွင်ရှိ သည့် အလောင်းမင်းတရားကြီး၏ သချိုင်း ပြာသာဒ်တော်သည် ၁၉၄၀ ပြည့်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် နန်းရင်းဝန်ဖြစ်သော ဂဠုန်ဦးစော ပန္နက် တင်ပေးခဲ့သည့် အုတ်သချိုင်းပြာသာဒ် တော်ဖြစ်သည်။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၉၃)မှ…*

"ပထမဆုံး မြင်ဖူးတာပဲ"

ကျွန်မပြောတဲ့ လူမျိုးတွေကို အခုမှမြင်ဖူးတာလား။ ကျွန်မတို့ကို အခုမှ မြင်ဖူးတာကို ဆိုလိုတာလားလည်း ကျွန်မ မသိပါဘူး။ သူက ဂရင်းစီးတီးမြို့ပြင် ဘီလပ်မြေစက်ရုံဝင်းမှာနေကြောင်း၊ ညဘက် လေဆိပ်ဆင်းသူ လိုက်ပို့ရင်း အပြန်နောက်ကျကြောင်း ဆက်ပြောနေသေးတယ်။ ကျွန်မ ဖုန်းမြည်လာလို့ ကြည့်လိုက်တော့ မာဗင့်နံပါတ်။

"ငါဟ အိုင်ဘင်း၊ ငါ့ဖုန်းက အားကုန်သွားလို့။ ဘယ်လိုလဲ။ အေးဆေးပဲမဟုတ်လား။ မကြောက်နဲ့နော်၊ ငါထပ်ဆက်မယ် သိလား"

အိုင်ဘင်း ဖုန်းချသွားတော့ ကျွန်မက စကားမရှိစကားရှာပြီး ချန်ယင်းကို ပြောနေမိတယ်။ အိုင်ဘင်းတို့ကားအပ်ပြီး အငှားကားရလို့နောက်မှာ လိုက်လာနေပြီဆိုတာမျိုး မရည်ရွယ်ဘဲ လုပ်ကြံပြောမိသွားတယ်။ ချန်ယင်းကတော့ အင်တာနက်မြို့ပြမြေပုံကိုဖွင့်ပြီး ရောက်တဲ့ နေရာကို ချိတ်နေတယ်။ ပြီးတော့ ကပ်လျက် ကျွန်မဆီ ဖုန်းစာတိုပို့ပြီး ကျွန်မအိုင်ဒီနဲ့ အင်တာနက်မြို့ပြ မြေပုံကို ဝင်ခိုင်းတယ်။ ချန်ယင်းက ကျွန်မတို့ ကိုယ်နဲ့မကွာဆောင်ရတဲ့ နေထိုင်ခွင့် အိုင်ဒီနံပါတ်နဲ့ အရေးပေါ်ကိစ္စတွေအတွက် သတင်းပေးပို့မှုတွေအကြောင်း တောက်လျှောက်လေ့လာထားသူလေ။ ဘောင်းဘီအိတ်ထဲက ခလုတ်ခားငယ်ကို ကိုင်ကြည့်ရင်း ကျွန်မက ကျွန်မတို့ရဲ့ လွန်ကဲတဲ့ကြောက်စိတ်အတွက် အေးအေးဆေးဆေး ကားမောင်းနေရှာတဲ့ ကားဆရာကို တစ်ချက်အားနာစိတ် ဝင်လာတယ်။ အခုကျွန်မရဲ့ကြောက်စိတ်က ချန်ယင်းကြောက်တဲ့ ကျွန်းစုသားဆိုတဲ့ အစွဲကိုကြောက်တာလား၊ ညအချိန်မတော် နေရာစိမ်းမို့ အားနည်းတဲ့ မိန်းကလေးတွေဆိုတဲ့ အသိနဲ့ ကားဆရာ လူစိမ်းအပေါ် ယောကျ်ားသက်သက်အဖြစ် ကြောက်နေတာလား ခွဲခြမ်းစိတ်ဖြာလိုတဲ့ အတွေးလည်း ဝင်လာပါတယ်။ ခေါင်းခါယမ်းမိရင်း ဒီအချိန်မှာတော့ ကျွန်မရဲ့ ဘယ်လိုလူသားဆန်မှုကမှ အရေးမကြီးဘဲ လုံခြုံရာ အိမ်ဝန်းကျင်ကို အမြန်ရောက်ဖို့သာပေပဲလို့ အတွေး ပြောင်းလိုက်ရတယ်။

တစ်နေကုန် ပင်ပန်းထားကြတာမို့ မလှုပ်နိုင်အောင်ဖြစ်နေလျက်နဲ့ အိပ်လိုစိတ်မဲ့တဲ့ ကျွန်မတို့နှစ်ယောက်လုံး ဂနာမငြိမ်တာက တစ်လမ်းလုံးပါပဲ။ သူ့ကို စကားပြန်ပြောလိုစိတ်မရှိတာ ရိပ်မိဟန်နဲ့ ကားဆရာကလည်း ကားကိုသာ တိတ်တိတ်ဆိတ်ဆိတ် မောင်းနေတာ မြို့အဝင်ရောက်လာချိန်အထိပါပဲ။ ဂရင်းစီးတီးအဝင်မှာ ရှိတဲ့ မြို့တော်ဝန်ပန်းခြံက မီးအလှဆင် သစ်ပင်တွေ ပန်းရုံတွေ လှမ်းမြင်ရတာနဲ့ကို ကျွန်မမှာ စိတ်လေးလံနေသမျှ ပေါ့ပါးသွားရတော့တာပါ။

"ဗိုက်ဆာလိုက်တာ" တစ်လမ်းလုံး တိတ်နေတဲ့ ချန်ယင်းလည်း အခုတော့ အသံထွက်နိုင်ပါပြီ။

ကျွန်မတို့ တိုက်ရှေ့ ကားရပ်တာနဲ့ ချန်ယင်းက ဟားခနဲ ပျော်ပျော်ရွှင်ရွှင်ကြီး တစ်ချက်အော်နေသေးတာ။

ကျွန်မက တစ်ရာတန် သုံးရွက်ထုတ်ပြီး ကားဆရာကို ကျေးဇူးစကားပြောရင်း လှမ်းပေးတော့ ကားဆရာက တစ်ချက်ပြုံးပြီး ကျွန်မကို ငွေနှစ်ရာ ပြန်ပေးတယ်။

"ကားခက တစ်ရာပဲကျတာပါ။ ကျွန်တော်က လေဆိပ်အော်ဒါသွားတာဆိုတော့ လမ်းကြုံတင်ရတာပဲလေ"

တစ်ရာတန်နှစ်ရွက် ကိုင်ရင်းတန်းလန်း ကျွန်မနဲ့ ကားတံခါးဖွင့်ဆင်းဟန်ပြင်နေတဲ့ ချန်ယင်း နှစ်ယောက်လုံး ကြောင်အ,သွားပုံကို ကားဆရာက ပြုံးကြည့်ပါတယ်။

"ကျွန်တော့် အိုင်ဒီ လှမ်းကြည့်ပြီး နှစ်ယောက်လုံး တွန့်သွားကြတာမြင်လို့ ကျွန်တော် ကူညီတဲ့အနေနဲ့ တမင်ရျေး တင်ပြောလိုက်တာပါ။ လောဘကြီးသူဆိုရင် အန္တရာယ်ရှိသူထင်နေတာကို လွှမ်းမိုးနိုင်မလားလို့ပါလေ"

စကားမြန်မြန်ဖြတ်ပြီး ကားမောင်းထွက်သွားတဲ့ ကားဆရာရဲ့ မျက်နှာက နာကျင်ရိပ် တစ်စွန်းတစ်စကို ကျွန်မ မြင်လိုက်ရသလို ရှက်ရွံ့စိတ်နဲ့ ကျွန်မရင်ထဲမှာလည်း နာကျင်ကျန်ရစ်ခဲ့ပါတယ်။

သူ့နာကျင်မှုက အရောင်တစ်ခုရဲ့ အရိပ်ဆိုရင် ကျွန်မနာကျင်မှုက အရိပ်တစ်ခုရဲ့ အယောင်ဖြစ်နေမယ် ထင်ပါရဲ့။ ■

**ဆေးဆေ**


ရုပ်စုံမဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
**E-mail:**
nyeinfamily@gmail.com




www.burmeseclassic.com

www.burmeseclassic.com



"နဂစ်"မုန်တိုင်းကြီး ဝင်မလာခင်
နှစ်ပေါင်း ၅၀ ကျော်ကျော်
ကာလလောက်ကပေါ့။ ဒေသကလည်း
နဂစ်တိုက်ရိုက်မွှေနှောက် ချေဖျက်ခဲ့တဲ့
မြစ်ဝကျွန်းပေါ်ဒေသအောက်ပိုင်း
အစွန်အဖျား ဆားငန်ရည်လွှမ်းတဲ့
ပင်လယ်ကမ်းစပ် ဒီရေတောတွေ
နောက်ကျောက ရွာတစ်ရွာမှာ
စ,ခဲ့တဲ့ ဇာတ်လမ်းပါ။
အဲသည်ရွာမှာ အိမ်ခြေတစ်ရာနီးနီးရှိလို့
ပင်လယ်ကမ်းစပ်နယ်ပယ်မှာတော့
အလယ်အလတ်စား ရွာတစ်ရွာပါပဲ။
စိမ်းစိမ်းစိုစို အုန်းပင်တွေကြားမှာ နေအိမ်
အများစုဟာ ပုဝပ်ပျောက်ကွယ်နေ
သယောင်ယောင်ပဲ။ အိမ်ကြီး အိမ်ကောင်း
ရယ်လို့လည်း ခပ်ရှားရှားပေါ့။ ခြေတံရှည်
ဆောက်ထားတဲ့ သွပ်မိုး ပျဉ်ထောင်အိမ်လို့
ဆိုတာတောင် ကြမ်းတမ်းတဲ့ ဆားဓာတ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ရွံ့ထဲ သဲထဲမှာ အမြဲတမ်း ရုန်းကန် ရွေ့လျားကြရတော့ ပုံမှန်ပုံသဏ္ဌာန်မျိုး မရှိကြဘူး။ သဲဝဲစားလို့ ခြေသည်းတွေကျွတ်နေကြတာများတယ်။ ရှိတဲ့ခြေသည်းတွေကလည်း မည်းညစ်ပြီး ရှေ့ဘက်ကို ကုပ်ကွေးကျနေကြပြီး တိရစ္ဆာန်ခြေသည်းတွေနဲ့တောင် တူနေသလိုလိုပဲ။

အဲသည်ရွာမှာ ကိုစံသိန်းနဲ့ မသိန်းမေ ဆိုတဲ့ တံငါလင်မယားရှိတယ်။ သားသမီးက သုံးယောက်။ သမီးကြီးက တစ်ယောက်၊ သားငယ်က နှစ်ယောက်ပေါ့။ ပြောရရင်တော့ သူတို့မိသားစုဟာ အဲသည်ရွာမှာတော့ အဆင်းရဲအမွဲတေဆုံး၊ စားဝတ်နေရေးကို အခက်ခဲဆုံး ဖြေရှင်းနေကြရတဲ့ ကျောမွဲမိသားစုကလေးပဲ။ သူတို့မှာ လှေကလေးတစ်စင်းနဲ့ ပိုက်တစ်ဖုံတော့ ရှိပါရဲ့။ အဲသည်လှေနဲ့ အဲသည်ပိုက်က ရှာကျွေးတဲ့ ထမင်းက သူတို့ဝမ်းဝ,ရုံပဲ။ ကိုစံသိန်းကော မသိန်းမေပါ ကျောင်းမနေခဲ့ရလို့ စာမတတ်ကြသလို သူတို့သားသမီးသုံးယောက်ကိုလည်း ကျောင်းမထားနိုင်ဘူး။ သူ့တို့ရွာမှာ ဘုန်းတော်ကြီးကျောင်းပဲရှိတယ်။ အစိုးရ စာသင်ကျောင်း မရှိဘူး။ ကျောင်းနေချင်ရင် ရွာနဲ့ မိုင်ဝက်လောက်ဝေးတဲ့ တခြားရွာက အစိုးရ မူလတန်းကျောင်းကို ရာသီသုံးပါးစလုံး လှေနဲ့ သွားကြရလိမ့်မယ်။ မိုးရာသီမှာဆိုရင် ကျောင်းသွားမယ့် ကလေးငယ်တွေအတွက် ခက်ခဲပြီး အန္တရာယ်ကြီးတယ်။ သည်တော့ အဲသည်ရွာမှာ

ukpBUelfu
vifwtBLuf\Dvbvk
qwvfBLuf\Dvbvk
½kyfwvdY
yvkvbefqBLuD
t&y&Sn&Snf
½BLuD
a*gfieY
uvefuvmBLuD
tom,u
rnfao;

ကျောင်းမနေတဲ့ကလေးတွေ ၉၅ ရာခိုင်နှုန်း ရှိတယ်။ နှစ်ပေါင်းများစွာ နိုင်မြဲခဲ့တဲ့ ရွာဓလေ့အရ ပညာရေးဆိုတာ အဲသည်ရွာရဲ့ နောက်ဆုံးပိတ် ဦးစားပေး ရွေးချယ်မှုတစ်ခုပေါ့။

ပင်လယ်ကမ်းနီး ရေတိမ်ပိုင်းနဲ့ ချောင်းမြောင်းရေလက်ကြား ကလေးတွေမှာ ငါး၊ ပုစွန် ရှာဖွေဖမ်းယူခြင်း အတတ်ပညာသာလျှင် အဲသည်ရွာရဲ့ ပညာရေးအစစ်ဖြစ်ခဲ့တယ်။ ရေလုပ်ငန်းကြောင့် ချမ်းသာပြီး မြို့တက်နေကြတဲ့ တောရွာဇာတိသူဌေးတွေကိုပဲကြည့်။ သူတို့ထဲမှာ အသုံးလုံးမကျေတဲ့သူတွေ အများကြီး။ အတွက်အချက် ဂဏန်းသင်္ချာမှာတော့ သူတို့က 'လူမစွမ်း နတ်မ' တွေ ဆိုပါစို့။

တံငါရွာဇာတိဖြစ်ပေမဲ့ ကြီးပွားချမ်းသာသွားကြတဲ့ တံငါသူဌေး(ခေတ်အခေါ်တော့ ရေလုပ်ငန်းရှင်တွေပေါ့)တွေက ရွာနဲ့ ၇ မိုင်လောက်ဝေးတဲ့ တိုက်နယ်အဆင့် မြို့ကလေးဆီကို ပြောင်းရွှေ့တက်ရောက်ပြီး အိမ်ကြီးရခိုင်တည်ဆောက်နေထိုင်ကြတယ်။ အိမ်ကြီးရခိုင်ဆိုတာက ရှေးကျကျ တောဆန်ဆန် လက်ရာကြမ်းကြမ်း ရိုးရိုးနဲ့ နှစ်ထပ်တိုက်တွေပါပဲ။ သူတို့သားသမီးတွေဟာ အရွယ်ရောက်ရင် ပညာရေး အပြည့်အဝ သင်ယူခွင့်ရကြတယ်။ တချို့ တက္ကသိုလ်ဘွဲ့ရတွေဖြစ်လာကြပြီး ကော်လာဖြူဝန်ထမ်းတွေ ဖြစ်လာကြတာပေါ့။

ပြောခဲ့တဲ့ တံငါရွာကလေးရဲ့နာမည်က 'ချောင်းကျိုး'တဲ့။ ရှေးနှစ်ပေါင်းများစွာကတည်းက တွင်ခဲ့တဲ့ နာမည်ပဲ။ အခု ဇာတ်လမ်းစတင်ပေါက်ဖွားခဲ့တဲ့ တံငါရွာပေါ့။

ကိုစံသိန်းနဲ့ မသိန်းမေတို့ဟာ ချောင်းကျိုးရွာဇာတိတွေ မဟုတ်ကြဘူး။ ချောင်းကျိုးရွာရဲ့ အနောက်ဘက် ၁၄/၅ မိုင်လောက်ဝေးတဲ့ ဓနိလုပ်ငန်း၊ ကနစိုထင်းလုပ်ငန်း လုပ်ကိုင်အသက်မွေးကြတဲ့ ရွာတစ်ရွာကနေ ချောင်းကျိုးကို ရေမျောကမ်းတင်ပုံစံနဲ့ ရောက်လာကြတာ။ ကိုစံသိန်းက လင်းတအိုကြီးလိုလို ဆိတ်အိုကြီးလိုလို ရုပ်မျိုးနဲ့ ပုံဆိုးပန်းဆိုးကြီး။ အရပ်ရှည်ရှည် ရိုးကြီးဂေါင်ဂင်နဲ့ ကလန်ကလားကြီး။ အသားကမည်းသေး။ မသိန်းမေက အရပ်ပြတ်ပြတ်၊ အသားဝါဝါ၊ အလုံးအထည်တောင့်တောင့်၊ တင်ပါးကြီးကြီးနဲ့ မျက်နှာပေါက်ကတော့ မလှဘူး။ မျက်နှာခွက်ပြီး နှာတံတိုတိုနဲ့ မျက်စိပေါက်ကျဉ်းကျဉ်းကလေးတွေက ကြွက်ကတိုးမျက်စိကလေးတွေလို ခပ်မှေးမှေး။ စကားပြောရင် မြိုင်ထ,ချိန် ကြောင်မရဲ့ အသံမျိုးနဲ့ ပြောတာ။

ချောင်းကျိုးရွာကို ရောက်လာကြပြီး အခြေစိုက်ကြတဲ့အခါ စံသိန်းက သူတစ်ပါးရဲ့ ငါးဖမ်းမော်တော်မှာ အလုပ်သမားအဖြစ် အငှားလိုက်တယ်။ (ငါးဖမ်းမော်တော်ဆိုပေတဲ့ စက်တပ်သမ္ဗန်သာသာ မော်တော်အစုတ်ကလေးရယ်။) ငါး၊ ပုစွန်ပေါတဲ့ ပင်လယ်ဝ ရေပြင်မှာ အလုပ်လုပ်ကြရတော့ ရေဒဏ်၊ နေဒဏ်၊ မိုးဒဏ်၊ လေဒဏ်ကို အမြဲရင်ဆိုင်နေကြရတဲ့ စံသိန်းတို့ ရေလုပ်သား လူကြမ်းတွေဟာ အရက်ကို ရှောင်လို့မရကြဘူး။ သူတို့ မော်တော်ပေါ်မှာ သောက်ရေသာ ပြတ်ချင်ပြတ်မယ် တောအရက်ကတော့ မပြတ်ဘူး။ ဆန်ကိုချက်တဲ့ တောအရက်ကလည်း မီးရှို့ကြည့်ရင် အပြာရောင်မီးတောက် ဟုန်းခနဲတောက်အောင် ပြင်းပေ့၊ ပူပေ့၊ ရှပေ့၊ မူးပေ့ ဆိုတဲ့ အရက်။ စရိုက်ကလည်းကြမ်း၊ အရက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com

မူးပြီဆိုရင် မော်တော်ပေါ်မှာ လူသတ်ပွဲဖြစ်တာပဲ။ အဲသည်လူသတ်ပွဲမျိုးဟာ တရားဥပဒေနဲ့ မဆိုင်ဘူး။ သေတဲ့လူအလောင်းက ပုစွန်စာ၊ ကဏန်းစာ ဖြစ်သွားရော။

"ရေထဲက ပြဿနာ ရေထဲမှာပဲ ရှင်းခဲ့ကြ။ ကုန်းပေါ်ယူမလာခဲ့ကြနဲ့" ဆိုတာ အဲသည်ခေတ် အဲသည်အချိန်က စံသိန်းတို့လောကရဲ့ ခြွင်းချက်မဲ့ ကျင့်ဝတ်နီတိပဲ။ သူတို့အသိုင်းအဝိုင်းမှာတော့ အသားမည်းနည်း၊ ပိန်ပိန်ရှည်ရှည်၊ သောက်ရုပ်ဆိုးဆိုး စံသိန်းဟာ လူသတ်ရာမှာ လက်ယဉ်တယ်လို့ တိုးတိုးတိတ်တိတ် နာမည်ကြီးတယ် ဆိုပေတဲ့ စံသိန်း ဘယ်သူ့ကို သတ်ခဲ့သလဲဆိုတာ ဘယ်သူမှမသိကြသလို ဘယ်ရဲမှလည်း စံသိန်းအနားကို ရောက်မလာခဲ့ကြဘူး။ တချို့ကြမ်းကြားလေကြား တိုးတိုးအုပ်အုပ်ပြောကြတာကတော့ မော်တော်အများကြီးပိုင်တဲ့ တရုတ်သူဌေးက စံသိန်းကို လူမိုက်မွေးထားတာတဲ့။

တရုတ်သူဌေးက လက်သပ်မွေးထားတာပေမဲ့ စံသိန်း မကောင်းစားပါဘူး။ သူက လုပ်ငန်းတော့ ကျွမ်းကျင်ပါရဲ့ သို့ပေမဲ့ အရက်သောက်ပြီး ဖဲအရမ်းရိုက်တယ်။ ငါးဖမ်း၊ ပုစွန်ဖမ်း မထွက်ရတဲ့နေ့တွေမှာဆို စံသိန်းက သူ့အိမ်စုတ်ကလေးမှာ တစ်နေကုန် အိပ်တာပဲ။ (တစ်ညလုံး ဖဲရိုက်တာကိုး။) သူအိပ်နေတုန်းမှာ သူမွေးထားတဲ့ ခွေးကို အိမ်အောက်မှာ သံကြိုးချည်ထားတယ်။ သံကြိုးချည်ထားရုံမက မဟောင်နိုင်အောင် ခွေးပါးစပ်ကို ဝါးကျည်တောက်နဲ့ကို စွပ်ထားလိုက်တာ။ ခွေးဟောင်ရင် သူ့အိပ်ရေးပျက်တာကိုး။

ကလေးငိုရင်တော့ သူ့မယား သိန်းမေ သေရအောင်သာ ပြင်ပေတော့။ သိန်းမေဟာ စံသိန်းကို ချစ်လို့ကြိုက်လို့ ယူခဲ့ပေမဲ့ နောက်ပိုင်းကျတော့ ချစ်ကြောက်၊ ကြောက်ပြီး ပေါင်းနေရတာ။ ချောင်းကျိုးရွာသား တော်တော်များများကလည်း စံသိန်းဆိုရင် ရွံ့ကြောက်ကြီး ဆက်ဆံနေကြရတာ။ တချို့က စံသိန်း အရုပ်ဆိုးတာကို သရော်ချင်တာနဲ့ ကွယ်ရာမှာ "သရဲပြေးစံသိန်း" လို့ မကြားနိုးနား ခေါ်ကြလေရဲ့။

တစ်ခုတော့ ရှိတယ်။ စံသိန်းဟာ သူ့မိသားစုကို အိမ်ကောင်းကောင်းနဲ့ မထားနိုင်ပေမဲ့၊ ရွှေငွေဝတ်ကောင်းစားလှ မဆင်နိုင်ပေမဲ့ ဝမ်းဝအောင်တော့ ရှာကျွေးနိုင်တယ်။ သူ့မီးဖိုချောင်ထဲမှာ အမြဲတမ်း ငါးစိမ်း၊ ငါးစိုအညှီနံ့ထွက်နေပြီး ပုစွန်ဆီနံ့ အမြဲ မွှေးနေတယ်။ စံသိန်းရဲ့ သားသမီးသုံးယောက်ဟာ မြို့က သူဌေးသားသမီးတွေထက် ပုစွန်တုပ်အရသာကို အဆတစ်ရာမက သာအောင် ခံစားစွဲမက်ဖြည့်ဆည်းခွင့်ရနေကြတယ်။ မည်းမည်းသည်းသည်းကလေးတွေ ဆိုပေမဲ့ စံသိန်းရဲ့ ကလေးတွေက ဝဝဖြိုးဖြိုးချည်းပဲ။ ကံကြမ္မာဆိုတာ စိတ်မနဲ့တဲ့ မျက်မမြင်တစ်ယောက်ရဲ့ လက်ထဲက ဆူးခက်ပါတဲ့ တုတ်ရှည်ကြီးနဲ့တူတယ်။ တုတ်ရှည်ကြီးကို စိတ်မထင်ရင် မထင်သလို ယမ်းနေတော့ ထိချင်ရာထိ၊ ငြိချင်ရာငြိ၊ ပုတ်ချင်ရာပုတ်၊ စုတ်ချင်ရာစုတ်တော့မှာပဲ။ တစ်နေ့တော့ မသိန်းမေနဲ့ သားငယ်နှစ်ယောက် အစာအဆိပ်သင့်ပြီး ကူရာကယ်ရာ မရကြဘဲ ရေတိမ်နစ်သွားရှာကြတယ်။ ဘာဆိုဘာမှမဖြစ် မှဲ့တစ်ပေါက်မစွန်းဘဲ ကျန်ရစ်ခဲ့ကြတာက ကိုစံသိန်းနဲ့ အကြီးမကလေး ဇီးကွက်မပဲ။ ဇီးကွက်မက ၉ နှစ်သမီးအရွယ်။

ကံကြမ္မာက အလွမ်းပြဇာတ်ရေးသားဖွဲ့နွဲ့တဲ့ ဖန်တီးရှင်နဲ့လည်း တူတယ်။ ဇာတ်နာအောင် က,ပြခင်းကျင်းနိုင်ဖို့ ပျက်စီးပြိုကွဲသွားတဲ့ မိသားစု ထဲမှာ ဖအေနဲ့ လူမမည်သမီး နှစ်ယောက်တည်း ကိုကြိုးနဲ့တွဲတုပ်ထားသလို ပူးပူးကပ်ကပ် မကွဲမကွာနေရအောင် နေရာတကျ စီစဉ်ထားလိုက်သလိုပဲ။ သားအဖနှစ်ယောက် စားအတူ၊ နေအတူ၊ အိပ်အတူပေါ့။ ကိုစံသိန်းက မော်တော်နဲ့ ငါးဖမ်းမလိုက်တော့ဘူး။ လှေကလေးတစ်စီးနဲ့ သင့်တော်တဲ့ငါးဖမ်းပိုက်တွေ ထုထောင်ပြီး တစ်နိုင်တစ်ပိုင် ငါးဖမ်း၊ ပုစွန်ရှာတယ်။ ဖခင်ကြီး ငါးဖမ်းထွက်ရာမှာ လှော်တက်ကိုင်တတ်ခါစ ၉ နှစ်သမီးကလေးက အမြဲလိုက်တယ်။ အဲသည်အချိန်မှာ ကိုစံသိန်းက အသက် ၄၀ လောက်ရှိပြီ။

ထူးခြားတာကတော့ မယားနဲ့ သားနှစ်ယောက်ကို တစ်ပြိုင်နက်တည်း ဆုံးရှုံးပြီးကတည်းက ကိုစံသိန်း အရက်ကို လျှာဖျားနဲ့တောင် မတို့တော့ဘဲ လောင်းကစားကိုလည်း အပြီးအပြတ် စွန့်လွှတ်လိုက်တယ်။ သောက်စားမူးယစ်ပြီး ရိုက်ဟယ်နှက်ဟယ်၊ ထိုးဟယ်ကြိတ်ဟယ်နဲ့ ရုပ်ရည်ကြမ်းတမ်းသလို စရိုက်ကြမ်းတဲ့ ကိုစံသိန်းဟာ လူငြိမ် လူအေး ဖြစ်သွားတယ်။ စိပ်ပုတီးကိုင်တဲ့ ဥပသကာယောင်ယောင်၊ ယောဂီယောင်ယောင် ဖြစ်သွားတာမျိုးတော့ မဟုတ်ဘူး။ တံငါအလုပ်နဲ့ အသက်မွေးရင်း ခပ်အေးအေးပဲ နေတော့တာ။ အရင်က ပေါင်းဟောင်းသင်းဟောင်း အသောက်သမား လောင်းကစားသမားတွေ၊ ကြက်သမား၊ ဖဲသမားတွေနဲ့လည်း ဝေးသထက်ဝေးလာတယ်။

ဇီးကွက်မကလည်း အပျိုဖော်ဝင်စ အရွယ်ရောက်လာပြီး မအေတူမယ့်လက္ခဏာနဲ့ ရင်မောက်တင်ကောက်ပုံစံ ဖြစ်လာတယ်။ ဇီးကွက်မမှာ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်တချို့ ရှိပုံရတယ်။ မွေးကတည်းက ဆင်းရဲလာခဲ့တာလေ။ ပတ်ဝန်းကျင်မှာ ခွဲခြားဆက်ဆံခံရတယ်။ အဲဒါကြောင့်ပဲ လူအများနဲ့ ထိတွေ့ဆက်ဆံခွင့်ရမယ့် သာရေးနာရေး၊ သာသနာရေး စုရုံးပွဲတွေကို ဇီးကွက်မ မသွားဖြစ်ဘူး။ အိမ်နီးချင်း ဘဝတူသူဆင်းရဲတချို့နဲ့ပဲ ဆက်ဆံနီးနှောဖြစ်တယ်။

"သမီး အဖေတို့ ကိုယ့်ဝမ်းကိုယ်ရှာစားနေကြရတာ ဘယ်သူမှ အောက်မကျို့နဲ့။ သူကောင်းရင် ကိုယ်ကောင်းမယ်၊ သူဆိုးရင်ကိုယ်ကလည်း ဆိုးပြလိုက်" လို့ ကိုစံသိန်း



www.burmeseclassic.com

www.burmeseclassic.com

က တည်တည်ကြည်ကြည် တင်းမာတဲ့လေသံနဲ့ လမ်းညွှန် လမ်းကြောင်းပြတယ်။ ကိုစံသိန်းကိုယ်တိုင်လည်း အရွယ်ရောက်ကတည်းက ကိုယ်ထူးကိုယ်ချွန်ခဲ့တယ်။ တစ်နယ်တစ်ကျေးကနေ ချောင်းကျိုးရွာကို ရောက်လာကြတော့လည်း ဘယ်သူ့ကိုမှ "မောင်မောင် ဘဘ" မလုပ်ဘူး။ နောက်ဆုံး ငါးဖမ်းမော်တော်တွေ အများကြီးပိုင်တဲ့ တရုတ်သူဌေးကို တောင် မဖားခဲ့ဘူး။ ကိုစံသိန်းက သူ့မူအတိုင်း တင်းတင်းမာမာ နေထိုင်ခဲ့တာကလား။

ကိုစံသိန်း တင်းတင်းမာမာ နေထိုင်ဆက်ဆံခဲ့တာက သမီး ဇီးကွက်မဆီကိုလည်း ကူးစက်ရိုက်ခတ်ရုံသာမကဘူး၊ တံငါသည်သမီးပီပီ ငါးစိမ်းငါးစို ရောင်းရေးဝယ်တာကိစ္စတွေမှာ လည်လည်ဝယ်ဝယ်နဲ့ ပြေပြစ်ချောမွေ့ရမယ့်အစား မျက်နှာပေါက်ကလည်းဆိုး၊ အပြောကလည်းဆိုးတော့ ဇီးကွက်မရဲ့ ရောင်းရေးဝယ်တာက အလုပ်မဖြစ်ဘူး။ ကိုစံသိန်းကိုယ်တိုင်ပဲ ရောင်းဝယ်ဖောက်ကားရတယ်။ ဇီးကွက်မကတော့ အိမ်တွင်းပုန်းသက်သက်ပဲ။ ၁၃/၄ နှစ် အပျိုဖြစ်လာတဲ့အထိ ဇီးကွက်မဟာ ရွယ်တူမိန်းကလေးများနည်းတူ ကောင်းကောင်းအလှမပြင်တတ်ဘူး။ ဝတ်ပုံစားပုံ ကပိုကရိုနဲ့ ဒူးပေါ်ပေါင်ပေါ် နေတတ်ထိုင်တတ်တယ်။ သည်ကြားထဲ ဇီးကွက်မက အပျိုကလေးတန်မဲ့ ဆေးပေါ့လိပ်ကို လက်က မချစတမ်း ဖွာတတ် ရှိုက်တတ်နေပြီ။

roedfaru
t&yjywjywf
tom;0g
tvkd xnf
awmifawmifh
wifygLuBuD;Y
rsuEfSayguf
uawmh
rvSD;
rsuEfScGuf;D
EfSwfrhwf;Y
rsufpdayguf
u0fu0fuav;
awGr
uufwkd
rsufpd
uav;awGrd
cyfrSrS

ကွမ်းစားပြီး တံတွေး တဗျစ်ဗျစ်လည်း ထွေးနေတတ်သေးဆိုတော့ ကာလသားတွေက ဝေးဝေးမှာပဲ နေကြတယ်။

နွေဦးပေါက်ကာလ တစ်ရက် နေ့ခင်းပိုင်း ကိုစံသိန်း အလုပ်နားပြီး အပျင်းထူနေတဲ့အချိန် သူတို့ရဲ့ တဲသာသာ အိမ်စုတ်ကလေးရှေ့ကို ချောင်းကျိုးရွာက အရပ်လူကြီးသုံးယောက် ရုတ်တရက် ရောက်လာကြတယ်။ အရပ်လူကြီးတွေရဲ့နောက်မှာ လူပေလူတေ ကာလသား လူငယ်လေး၊ငါးယောက် ပါလာကြပြီး သူတို့က အရပ်လူကြီးတွေရဲ့ နောက်ဘက် ဝါးတစ်ရိုက်လောက်အကွာမှာ ရပ်နေကြတယ်။ ကာလသားတွေ ပုံစံက အချိုးမပြေဘူး။ ကိုစံသိန်းရှိတဲ့ဆီကို စောင်းကန်းစောင်းကန်း ကြည့်ကြလို့ရယ်။ ကိုစံသိန်းက အိမ်ရှေ့ပိုင်း ဟင်းလင်းဖွင့်ထားတဲ့ ကြမ်းပြင်ပေါ်မှာ တင်ပျဉ်ခွေထိုင်နေတာ။

လူအုပ်စုနဲ့ လာကြတာကိုကြည့်ပြီး "ထူးတော့ထူးတယ်၊ ဘာများပါလိမ့်" လို့ ကိုစံသိန်းတွေးပြီး အလိုလို မျက်မှောင်ကြုတ်မိလျက်သားဖြစ်သွားတယ်။ တင်ပျဉ်ခွေ ထိုင်လျက်ပုံစံကိုတော့ မပြင်ဘဲ သူ့ဟန်ပန်အတိုင်း မထီလေးစားကြည့်နေတာ။

"စံသိန်းရေ ငါတို့ စကားပြောစရာရှိသကွာ။ မင့်သမီး ဇီးကွက်မကော..." လို့ တစ်ခေါင်းလုံး ဆံဖြူတွေ ဖွေးနေတဲ့ အသက် ၆၀ ကျော်လောက် အရပ်လူကြီးခေါင်းဆောင်က စကားစ,တယ်။

"ဇီးကွက်မ မရှိဘူး၊ အဝတ်သွားလျှော်နေတယ်။ ပြောစရာရှိပြောဗျာ၊ ဘာအကြောင်းကိစ္စတုံး"

ကိုစံသိန်းရဲ့ ပြောပေါက်ဆိုပေါက်အထာကို အရပ်လူကြီးတွေက နောကျေပြီးသားဖြစ်ပေမဲ့ ခုအချိန်မှာတော့ သူတို့ ကြည့်ပုံရှုပုံက ကိုစံသိန်းကို မသတီသလိုလို၊ စက်ဆုပ်ရွံရှာနေသလိုလို ဖြစ်နေမှန်း သိသာတယ်။ ကိုစံသိန်းကလည်း အရပ်လူကြီးတွေကို ထိုင်ပါဦး၊ ပြုပါဦးလို့ လောကွတ်မချော်ဘူး။ လောကွတ်ချော်စရာ သူ့အိမ်မှာ နေရာထိုင်ခင်းလည်း မရှိဘူး။ အမှန်က ကိုစံသိန်းရဲ့ အိမ်စုတ်ကလေးမှာက ထိုင်ချင်စရာလည်း မကောင်းဘူး။ ငါးပုပ်စွန်အညှီနံ့နဲ့ အရက်ဟောင်းနံ့ ရောပြီး အော်ဂလီဆန်စရာ အနံ့ဆိုးက ရှိရှိသမျှ လေထုနဲ့ အပြည့်ပဲ။

ခေါင်းဖြူကြီးက ဦးဆောင်ပြီး လေသံအုပ်အုပ်နဲ့ စကားစ,ပြောတယ်။ ကျန်တဲ့ အရပ်လူကြီးနှစ်ယောက်ကလည်း တိုတိုတောင်းတောင်း လေသံနဲ့ အမိန့်ဆန်ဆန် ပြောကြတယ်။ ကိုစံသိန်းရဲ့ မျက်နှာထားက တစ်မုဟုတ်ချင်း ကျောက်ရုပ်လို အေးစက်တည်ငြိမ်သွားတယ်။

နဂိုကတည်းက ကိုစံသိန်းဟာ စကားပြောတိုတောင်းတယ်။ တစ်ဖက်သားပြောလာတဲ့ စကားကို တုံ့ပြန်တာ၊ ချေပတာ၊ ကန့်ကွက်ငြင်းဆန်တာမျိုး မပြောတတ်ဘဲ သူပြောချင်တဲ့ စကားဝါကျကိုသာ အတိုဆုံးပြောတတ်တယ်။ အခုလည်း အရပ်လူကြီးတွေကို တိုတိုပြတ်ပြတ်ပဲ ပြန်ပြောတယ်။ သူ့မျက်နှာ အရုပ်ဆိုးဆိုးကြီးမှာ ဘယ်လိုခံစားချက်မှ အရိပ်အယောင် မတွေ့ရဘူး။

ငါးမိနစ်လောက်ကြာတော့ အရပ်လူကြီးတွေ စကားဖြတ်ပြီး ပြန်လှည့်ထွက်ဖို့ ခြေလှမ်းပြင်ကြတယ်။ ကိုစံသိန်းလည်း အိမ်ရှေ့ မြေကြီးပေါ်မှာ အသက်ပြင်းပြင်းရှူရင်း မတ်တတ်ရပ်နေပြီ။

ခေါင်းဖြူ အဘိုးကြီးက ရုတ်တရက် နောက်ကို လှည့်ရပ်လိုက်ပြီး ကိုစံသိန်းကို မျက်လုံးချင်းဆိုင်ကြည့်တယ်။

"စံသိန်း... အခု မင်း



www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်တဲ့ ကတိအတိုင်း မင်းလိုက်နာပါ။ ဒီကနေ့က စ၊လို့ သုံးရက်မြောက်တဲ့နေ့ မနက်ကစပြီး ဒီနေရာမှာ မင်းတို့အိမ်ကိုကော၊ မင်းတို့သားအဖနှစ်ယောက်ကိုပါ ငါတို့ မမြင်ချင်ဘူး။ ဟုတ်ပြီနော်’

‘ကျုပ် ယောကျ်ားပါဗျ၊ ယောကျ်ားစကားပြောခဲ့တာ။ ကျုပ်ကတိမတည်ရင် ကျုပ်အလွန်။ အဲဒါကိုတော့ ယုံလိုက်’

‘ယုံတယ်ဟေ့ စံသိန်း၊ နို့ပေတဲ့ တို့က ဝတ္တရားအရ မင်းကို ကတိတည်၊မတည် စောင့်ကြည့်ရဦးမှာပဲ’

ခေါင်းဖြူအဘိုးကြီး ရှေ့ဘက်လျှောက်သွားတယ်။ ကိုစံသိန်းက အရပ်လူကြီးအုပ်စုကို အေးတိအေးစက် ဂရုမစိုက်သလို လှမ်းကြည့်နေရာက မြေကြီးပေါ်ကို ဖွီခနဲ တံတွေးထွေးချလိုက်တယ်။

❑

တစ်ချိန်တုန်းက ချောင်းကျိုးရွာနှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် ပင်လယ်ဝ ရေပြင်တစ်နေရာ၊ ချောင်းကျိုးရွာတောင်ဘက် နွံ့ဝါရောင်ရေပြင်တွင် ‘ကဏန်းကျွန်း’ဟုခေါ်ကြသည့် ဧရိယာအကျယ်အဝန်း မိုင်တစ်စိတ်မရှိတရှိ ကျွန်းကလေးတစ်ကျွန်း ရှိခဲ့သည်။ ကဏန်းအများအပြား တွေ့ရသဖြင့် ကဏန်းကျွန်းဟု အမည်တွင်ခဲ့သော်လည်း နာဂစ်မုန်တိုင်းကြီး မဝင်ရောက်မီ နှစ် ၅၀ လောက်ကတည်းက ထိုကျွန်းတွင် ကဏန်းများ မတွေ့ရတော့ပါ။ စင်စစ် ထိုကျွန်းမြေပေါ်တွင် ရေငန်ကြိုက် လမုပင်၊ လမဲ့ပင်နှင့် အခြား ကြိမ်နွယ်ဆန်ဆန် မြေလျှောက်မြေကပ်ပင်များသာ ကြီးစိုးလွှမ်းမိုးခဲ့ကြသည်။ ဒီရေတက်ချိန်ဆိုလျှင် ကဏန်းကျွန်း၏ အမြင့်ဆုံးနေရာ ပေနှစ်ဆယ်ပတ်လည်ခန့်အကျယ် ကုန်းမြေဟာ ရေမျက်နှာပြင်အထက် ငါးပေ၊ ခြောက်ပေခန့်မှာ မြင့်တက် ရေလွတ်နေတတ်သည်။

ထိုကုန်းမြင့်ကလေးဆီမှာ ‘မဒမ’သား တိုင်လုံးတုတ်တုတ်များနှင့် အခိုင်အမာ ဆောက်ထားသည့် ဓနိမိုး၊ ဓနိကာ ကုပ်ကိုင်းကိုင်းတဲကြီးတစ်လုံး ရှိခဲ့သည်။ တဲကြီး တည်ဆောက်ခါစက ထိုတဲတွင် ယောကျ်ားနှင့်မိန်းမလူနှစ်ယောက်သာ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ကလေးများ တိုးပွားလာခဲ့သည်။ တဲရှင်ယောကျ်ားကြီးသည် လှေငယ်တစ်စင်းနှင့် လှည့်ပတ်သွားလာ ငါးရှာ၊ ပုစွန်ရှာနေတတ်သည်။ သူ ရရှိသော ငါး၊ ပုစွန်များကို အနီးဆုံး ချောင်းကျိုးရွာ၏ နောက်ကျောဘက်ရှိ ရွာကလေးများကို လှေနှင့် သွားရောက်ရောင်းချသည်။

ထိုတဲငါသည် ယောကျ်ားကြီးက ဆံပင်ရှည်၊ မုတ်ဆိတ်ကျင်စွယ်အရှည်ထားပြီး နိုင်ငံခြားဖြစ်သားရေဂျာကင်အညိုရောင်အဟောင်းကြီးကို အောက်ခံအင်္ကျီမပါဘဲ အမြဲဝတ်ထားတတ်သည်။ သူအမြဲဝတ်လေ့ရှိသည့် အခြားအဝတ်မှာ အရောင်လွင့်လျက် ဖာရာထေးရာ တင်းကျမ်းပြည့်နေသော ခါးပတ်မပါသည့် မြင်းချေးရောင် တက်ထရက်သား ဘောင်းဘီပွကြီးဖြစ်သည်။ သူသည် ငါးပုစွန် ရှာဖွေရောင်းချနေသူ ဖြစ်သည့်တိုင် လူအများနှင့် လက်ပွန်းတတီး ရောရောယှက်ယှက် ဆက်ဆံလေ့မရှိပေ။ သူ၏ ရှေ့သွားကြီးများကြားမှာတော့ များသောအားဖြင့် ဆေးပြင်းလိပ်တိုတစ်တိုကို တွေ့ရလေ့ရှိသည်။

သူတို့ နေထိုင်ကြရာ ကဏန်းကျွန်းဆီကို သူ၏ အရင်းနှီးဆုံး မိတ်ဆွေအချို့ တစ်ခါတစ်ရံ ရောက်လာတတ်ကြသည်။ ထိုမိတ်ဆွေများ တည်းခိုကြသည့်ညတွင် ကျွန်းကလေးပေါ်မှာ ရယ်မောသံတွေ တစ်ညလုံးလိုလို ပွက်ပွက်ညံနေသည်။ အခြားအချိန်များတွင်မူ ကျွန်းကလေးပေါ်တွင် ကလေးငိုသံ၊ ကလေးများ အော်ဟစ်မြူးထူးသံ၊ ကလေးများ မိခင်၏ ရန့်ရန့်ရင်းရင်း ဆဲဆို မြည်တွန်သံများကိုသာ ကြားကြရတယ်။ အသားမည်းမည်း၊ ပိန်ရှည်ရှည် ဆံရှည်လူကြီး၏ အသံကိုမူ ကြားရလေ့မရှိပေ။ ထိုလူကြီးက ရေထဲမှာသာ အနေများပုံရသည်။

ကလေးများ၏ မိခင်က အင်္ကျီဝတ်ခဲသည်။ ထဘီရင်ရှားနေသည့်အခါက များသည်။ တစ်ခါတစ်ရံ ထဘီရင်ရှားခြင်းပင် မပြုဘဲ(ခါးချပ်)ခေါ် ထဘီကို ခါးမှာသာ စည်းထားသည်။ ထိုမိန်းမသည် သူ့ယောကျ်ားလိုပင် ရယ်မောခြင်း အလျှင်းမရှိ။

❑

ခရစ်နှစ် ၂၀၀၈ ခုနှစ် မတိုင်မီကတည်းက ဤဒေသတွင် မွေးဖွား လူလားမြောက်ခဲ့ပြီး ယနေ့အထိ သက်ရှိရှင်သန်သူတစ်ဦးဖြစ်လျှင်သော်မှ ကြုံတွေ့ခဲ့ရသည့် ကပ်ဆိုးဘေးဆိုးကြီးအကြောင်းကို အခြားသူ တစ်ဦးတစ်ယောက်အား စိတ်လိုလက်ရ ပြောပြချင်သူတစ်ဦး မဟုတ်နိုင်ပါ။

ကျွန်တော်၏ လက်အောက်ဝန်ထမ်းလည်းဖြစ်၊ လက်စွဲ ကားဒရိုင်ဘာလည်း ဖြစ်သည့် ရဲကျော်ကတော့ အထက်ပါ လူမျိုးစားမဟုတ်ဟု ထင်ပါသည်။ အခုနှစ် နွေရာသီမှာ သူ၏ ဇာတိဒေသကို တစ်ခေါက်တစ်ကျင်း ပြန်ပါရစေဟု ရဲကျော်က ခွင့်ပန်တောင်းဆိုလာသောအခါ ကျွန်တော်လည်း သူနှင့်အတူ လိုက်ပါလာခဲ့သည်။ လမ်းခရီးတွင် ကပ်ဆိုးဘေးဆိုး မုန်တိုင်းကာလတုန်းက ဖြစ်ရပ်ဆန်းတစ်ခုအကြောင်းကို သူက ပြောပြသည်။

‘အခု ကျွန်တော့်လက်ညှိုးနဲ့ တည့်တည့်ထိုးထားတဲ့ ရေပြင်အလယ်လောက်မှာ ကဏန်းကျွန်းရှိခဲ့တာပေါ့ ဆရာကြီးရဲ့။ နာဂစ်ဝင်မွှေတုန်းက အဲဒီ ကဏန်းကျွန်းကလေးကော၊ ကျွန်းပေါ်က မိသားစုပါ အစပျောက်သွားခဲ့တာ။ ဖြစ်ချင်တော့ အဲဒီ မိသားစုထဲက ဆယ်နှစ်သားကလေးတစ်ယောက် သေဘေးက လွတ်ပြီး ခုထိ သူ အသက်ရှင်နေတယ်’

‘အို…ဟုတ်လား၊ အခု အဲဒီကောင်ကလေး ဘယ်ရောက်နေတုံး’ဟု ကျွန်တော်က သိချင်ဇောနှင့် အလောတကော မေးသည်။

‘ဆရာကြီးကို ခရီးသွားလမ်းညွှန်လုပ်နေတာ သူပေါ့’


■

ကျူးနှစ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားပြီးရင် ငါနဲ့ မမပြုံး လမ်းလျှောက်ရင်းသွားမယ်"

မီးဖိုချောင်မှာ မနက်ထမင်းချိုင့်အတွက် ဟင်းချက်နေသည့် ကျွန်မ ဦးဦးကို မမြင်ရတာကြောင့် "ရှိပါတယ် ဦးဦးရဲ့"ဟု အော်လိုက်ရသည်။ မမပြုံးဟု ဦးဦးက ခေါ်သည့် ဦးဦးဇနီး အန်တီပြုံးက "အထွန်းကတော့ ငါ့သမီးတွေကို လုပ်ပြီ"ဟု အားနာသလို ဆိုသည်။ "အာ မမပြုံးကလည်း ဒီည ထူးမှာပါဆို"ဟု ဦးဦးက အလျှော့မပေး။

"ကဲ ငါ့သမီးတွေဖို့ အန်တီပြုံးက ချဉ်ဟင်းချန်ထားတာ လာယူ" အန်တီပြုံး ဆိုသည်။

စက်တင်ဘာလ ရောက်ပြီဆိုတော့ မိုးရိပ်တို့ ကင်းစပြုပြီ။ ဆောင်းဆန်သော အငွေ့အသက်တို့ ရစပြုပြီ။ ကျွန်မတို့နေသည့် ရပ်ကွက်လေးမှာတော့ ဝါတွင်းဆွမ်းပတ်ဖြစ်တာကြောင့် ဓမ္မာရုံမှ စပီကာအသံက လွှမ်းခြုံနေသည်။ ဒီနှစ် ဝါထပ်သည်။ မှိုင်းညို့ညို့ ကောင်းကင်အောက် ရပ်ကွက်လေးက ဆူညံသက်ဝင်နေသည်။ ကျွန်မ ဦးဦးတို့အခန်းရှေ့ ရပ်လိုက်တော့ အိမ်ရှေ့မှာထိုင်နေသည့် ဦးဦးက "အထဲဝင်သွား မမပြုံးရှိတယ်"ဟု ပြောသည်။

"ဝင်လာခဲ့ သမီးရေ အန်တီပြုံး မီးဖိုထဲမှာ ပန်းကန်ဆေးနေပါတယ်"

အန်တီပြုံး အသံကြောင့် ကျွန်မ ဝင်သွားလိုက်သည်။ အန်တီပြုံးက ကြောင်အိမ်ဖွင့်ကာ ဟင်းခွက်ကို ယူလိုက်ရင်း-

]uJuJ
xri fapmapm
pm;xm;Mu
'Dowi fx|rfS
i gvMuawmh
pm;NyDyD[ h
[k
0DDu
aqmMbjyeOnf
]'Du
bmjzpfMrSvJ
oMS
t jrxk laewmy}J
t efvyDHu
cyfvbvkd
a&&Gvfaeonf

"ငါ့သမီးကြီးကော ရောက်ပြီလား၊ ဒီနေ့ကော နောက်ကျမယ်တဲ့လား"

အန်တီပြုံးမေးသူက ကျွန်မအစ်မ အကြီးဆုံးကို ဖြစ်ပါသည်။ အန်တီပြုံးက ဟင်းခွက်ကို ကျွန်မဆီ လှမ်းလိုက်ရင်းက "သမီးကြီးက အရည်သောက်ဟင်း အရမ်းကြိုက်တာ"ဟု ဆိုသည်။

"ဟာ ချဉ်ရည်ဟင်းတွေ အများကြီးပဲ၊ အန်တီပြုံးတို့ လောက်ရဲ့လား"

"ယူသွားစမ်းပါ သမီးရယ်၊ ငါ့သမီးတွေဖို့ အန်တီပြုံးက ပိုချက်ထားတာ။ အန်တီပြုံးက နင်တို့ဦးနဲ့ ရကတည်းက ချဉ်ရည်ဟင်း စားခဲ့ရတာ ငြီးနေပြီ။ တခြားအရွက်လည်း မချက်ရဘူး။မုန့်လာပင်ပေါက်ချဉ်ရည်ပဲ၊ အိုးတောင် ချဉ်ရည်ဟင်းချက်ဖို့ တစ်အိုး ထားရတာ"

ဦးဦးက အချဉ်ကြိုက်လူမိုက်ဖြစ်သည်။ ချဉ်ရည်ဟင်းမပါဘဲ ထမင်းမစားတတ်။ ချဉ်ရည်ဟင်းတောင် မုန့်လာပင်ပေါက်လေးတွေကို မန်ကျည်းမှည့်နှင့် ချက်မှ။ အန်တီပြုံး မကြာခဏ ညည်းညူတာကြောင့် ကျွန်မတို့ ညီအစ်မတစ်တွေ သိပြီးဖြစ်သည်။ လက်ထပ်ပြီးကတည်းက ချဉ်ရည်ဟင်း နေ့စဉ်ချက်ရတာကြောင့် အိုးက တခြားဟင်းချက်၍ မရတော့။ ချဉ်ရည်ဟင်းချက်သည့် အိုးအဖြစ် သီးသန့်ထားလိုက်ရတော့သတဲ့။

"သမီးလည်းရောက်ပြီ အန်တီပြုံးရေ"

နံရံတစ်ဖက်သာခြားသည့် တစ်ဖက်ခန်းက မမကြီးကလှမ်းဖြေသည်။ မရှေးမနှောင်းမှာပင် "သမီးလည်းရောက်ပြီ အန်တီပြုံး"ဟု ညီမအငယ်က လှမ်းအော်သည်။ "ဟ ဒီနေ့ တယ်လူစုံပါ့လား"ဟု ရှေ့ခန်းမှာ ထိုင်နေသည့် ဦးဦးက ယပ်တောင်နှင့် ခြင်တွေ တဖျပ်ဖျပ်ခတ်ရင်း အော်ပြောသည်။ အပြင်ကုမ္ပဏီဝန်ထမ်းများဖြစ်သော အစ်မနှင့် ညီမက ပုံမှန်နောက်ကျတတ်သည်။

"ကဲ ကဲ ထမင်းစောစောစားထားကြ။ ဒီည သတင်းထူးမှာ၊ ငါတို့ကတော့ စားပြီးပြီဟေ့"ဟု ဦးဦးက ဆော်သြပြန်သည်။

"ဒီညက ဘာဖြစ်မှာမို့လဲ၊ သူ့မှာ အမြဲထူးနေတာပဲ"

အန်တီပြုံးက ခပ်တိုးတိုးရေရွတ်နေသည်။ အထွန်းဟု အန်တီပြုံးက ချစ်စနိုးခေါ်သည့် ဦးဦးက အန်တီပြုံးထက် တစ်ဆယ့်သုံးနှစ်တိတိငယ်သည်။ အန်တီပြုံးပြောပြသည့် သူတို့ဖူးစာပါသည့်အကြောင်းက ချစ်စရာကောင်းလှသည်။ ဦးဦးအစ်မကြီး အကြီးဆုံးနှင့် အန်တီပြုံးက အင်မတန်ချစ်ကြသည့် သူငယ်ချင်းတွေ။ အပျိုကြီး နှစ်ယောက် သွားသည့်နေရာကို မောင်အငယ်ဆုံးလေး ဦးဦးကို အမြဲအဖော်ခေါ်တတ်သည်။ ဦးဦးက ရိုးသားပြီး ဖင်ပေါ့သည်။ လက်တိုလက်တောင်းခိုင်းလို့ကောင်းသည်။ အသက်ကွာတော့လည်း အားနာစရာမလိုသလို ရှိုးတိုးရှန့်တန့်လည်းမဖြစ်ရ။ အပျိုကြီးနှစ်ယောက် ပြောချင်ရာပြောဆိုချင်ရာဆို။ ဒါပေမဲ့ နောက်ဆုံးတော့ အချစ်ဆုံး သူငယ်ချင်းနှစ်ယောက် ယောက်မတော်ကြရတော့သည်။ အန်တီပြုံးဘက်က ချမ်းသာလို့၊ အသက်ကွာလို့၊ သဘောမတူသလို ဟိုဘက်ကလည်း အင်တင်တင်။ ဒါပေမဲ့ အန်တီပြုံး သူငယ်ချင်းက အန်တီပြုံးဘက်က။ ခုချိန်ထိ အန်တီပြုံးဆီ မကြာခဏ လာလည်တတ်သလို သမီးယောက်မနှစ်ယောက် ဆုံမိလျှင် ဦးဦးကို အလယ်ကထားလို့ တခစ်ခစ်လုပ်တုန်း။ ထုံးစံအတိုင်း အန်တီပြုံးက ဦးဦးကို သဝန်တိုသည်။ အံ့သြစရာ ကောင်းသည်က ကျွန်မတို့ ညီအစ်မတစ်တွေနှင့် တစ်အိမ်တည်း အတူနေလာတာ ဆယ်နှစ်ခန့်ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ကွက်ကလည်း အံ့သြသည်။ ကျွန်မတို့က ဦးဦးတို့အိမ်ကို ငှားနေသူတွေဖြစ်သည်။ မိဘတွေက နယ်မှာနေသည်။ ရန်ကုန်မှာ ကျောင်းတက်အလုပ်လုပ် စာမေးပွဲဖြေရှန်းကန်နေရချိန် အပျိုကြီး၊ အပျိုလတ်၊ အပျိုလေး ညီအစ်မတစ်တွေဖြစ်တာကြောင့် သဝန်တိုသော အန်တီပြုံးနှင့် ဖြစ်ပါ့မလားပေါ့။ သို့သော် နယ်ကဖေဖေတို့ လာလည်ပြီး ကျွန်မတို့ကို စောင့်ရှောက်ဖို့ သေချာအပ်သည်။ ကျွန်မတို့ကလည်း အန်တီပြုံးတို့ လင်မယားကို ကိုယ့်ဦးလေးသားချင်းလို သဘောထားသည်။ တစ်နှစ်ပြီးတစ်နှစ် စာချုပ်နေလာလိုက်တာ ခုဆို ဆယ်နှစ်ပြည့်တော့မည်။ အလုပ်တစ်ဖက် ကျောင်းတစ်ဖက် ဝန်ထမ်းတွေဆိုတော့ စားတာသောက်တာဇာမချဲ့အား၊ ဖြစ်သလို လွယ်သလို လုပ်ကြရသည်။ အမေ့အိမ်လို မနေရ။ ဟိုဘက်ဒီဘက် နေသူတွေဆိုတော့ ဒါတွေကို ကြားနေမြင်နေရသည်။ ဒါကြောင့်လည်း ညနေဆို အရည်ဟင်းတစ်ခွက် အမြဲချန်ထားသည်။ အန်တီပြုံးကလည်း ပါးနပ်လိမ္မာသူဆိုတော့ ကျွန်မတို့၏ အနေအထိုင်ကို အကဲခတ်ပြီး ယုံကြည်စိတ်ချပုံရသည်။

‘နင်တို့ ဦးဦးကတော့ ရေဒီယိုရှိတာ ကိုယ့်ဘာသာနားထောင်ပါဆို မဟုတ်ဘူး။ သူက သမီးတို့နဲ့ နားထောင်ရတာ၊ ပြောရဆိုရတာကို ပျော်နေတာ။ သမီးတို့ အားမှန်းမသိ မအားမှန်းမသိ’

အန်တီပြုံးက အားနာသလို ဆိုသည်။ ထိုအချိန်က ကျွန်မတို့မှာ လိုင်းတို ရေဒီယိုလေးတစ်လုံးသာရှိသည်။ ညီအစ်မသုံးယောက်မှာ ကျွန်မတစ်ယောက်က အစိုးရဝန်ထမ်း။ လစာနည်းသော်လည်း ရုံးဆင်းချိန်က ပုံမှန်ရှိသည်။ ညနေ လေးနာရီဆို ရုံးဆင်းပြီ။ ငါးနာရီ မထိုးခင် အိမ်ပြန်ရောက်သည်။ ဆိုတော့ ညနေ ၆ နာရီ ဗွီအိုအေ၊ ည ၈ နာရီ ဘီဘီစီ စသဖြင့် အမြဲနားထောင်သည်။ ရုံးဆင်း ကျွန်မ ဒီဘက်ခန်းမှာ ချက်ပြုတ်နေချိန် ဦးဦး ရုံးပြန်ရောက်ပြီဆို ညနေ ၆ နာရီ သတင်းကို ဖွင့်ပေးထားသည်။ ကျွန်မ နားထောင်ရအောင်ပါ။ ည ၈ နာရီ ၁၅ ဘီဘီစီ သတင်းဆိုလျှင်တော့ ကျွန်မတို့က ဖွင့်ထားပြီး အတူတူနားထောင်ကြသည်။ စက်တင်ဘာဆို ကုလသမဂ္ဂ ပုံမှန်အစည်းအဝေးရှိသည်မို့ မြန်မာနိုင်ငံအကြောင်း သတင်းဆောင်းပါးတွေ၊ သတင်းတွေ ခန့်မှန်းပြောဆိုတာတွေ စသဖြင့် သတင်းတွေက နိုင်ငံရေးစိတ်ပါဝင်စားသူတို့အတွက် အလေးထား နားထောင်ကြသည့် ကာလဖြစ်သည်။ သတင်းချိန်ပြီးသွားသည့်တိုင် ဦးဦးနှင့်ကျွန်မတို့ စကားဝိုင်းက မပြတ်ပေ။ ကျွန်မက မိန်းကလေးတန်မဲ့ နိုင်ငံရေးစိတ်ဝင်စားသူ၊ စာလည်းဖတ်သူဆိုတော့ ဦးဦးနှင့် စကားအများဆုံး ပြောသူပင်။ ‘ကဲ--ကဲ ညဉ့်နက်ပြီ တော်ကြတော့၊ ကလေးတွေ မနက်အစောသွားရမှာ။ အထွန်းလည်း ရုံးသွားရမှာ’ ဟု အန်တီပြုံးက စကားဝိုင်းကို အတင်းဖြတ်တိုင်း ဦးဦးက နောက်ဆုံးစကားဖြစ်သည့်တောက်၊ နောက်ရက်တွေတော့ ထူးပြီဟေ့ဟု အမြဲပြောပြီး စကားဝိုင်းကို သိမ်းသည်။ နောက်တစ်နေ့မနက် အိပ်ရာကထ၊ ချိန် ဦးဦး မနက်အစောသတင်းဖွင့်သံကြားပြီ။ အိမ်ရှေ့မှာ မျက်နှာသစ် ရေချိုးလုပ်ကြရတာဆိုတော့ မျက်နှာသစ်ရင်း ကျွန်မ နားမထောင်လိုက်ရသည့် မနက်ခင်းသတင်းကို ‘ဒီနေ့မနက် ရေလည်ဆော်ပြီဟေ့’ ဟု အားရပါးရ ဆိုပြန်သည်။ ‘ဘာလဲ ဦးဦး’ ဟု ကျွန်မမေးရင် ‘ညည်းငါ မပြောလား၊ ဒီကောင်တွေ မလွယ်တော့ပါဘူးလို့’ ဟု ဆိုသည်။ ရုံးသွားဖို့ ပြင်ချိန်ဆင်ချိန်နီးနေချိန် လိုရင်းကို မြန်မြန်မပြောတာကြောင့် အန်တီပြုံးက ‘အထွန်းကလည်း သမီးလေးမေးနေတာ မြန်မြန်ပြောလိုက်ပါ’ ဟု တိုက်တွန်းယူရသည်။ ဦးဦးကလည်း ဦးဦးတော်တော်နှင့် အဓိပ္ပာယ်မပေါ်၊ အန်တီကြီးက စိတ်မရှည်တော့ပေ။

‘သမီးရေ ဘာမှမထူးပါဘူး၊ ဒဏ်ခတ်ပိတ်ဆို့ဖို့ အဲဒီအကြောင်းရေးထားတာ’

‘ဟာ မမပြုံးက ဘာမှမသိဘဲ ကျွန်တော်တို့ ဒုက္ခရောက်ပြီပေါ့’

‘အေးလေ၊ အဲဒါကောင်းလား၊ ပြည်သူတွေ ဒုက္ခရောက်မှာပဲလေ’

‘မမပြုံးကလည်း ဘာမှမသိဘဲ ပြည်သူတွေထက် ဟိုကောင်တွေ ဒုက္ခရောက်မှာ’

‘အမယ်လေး ဝေးပါသေးတယ်၊ သူတို့က ဘယ်လိုဒုက္ခရောက်မှာလဲ၊ နောက်ဆုံးတော့ ငါတို့ပဲ ခံရတာ’

ဦးဦးနှင့်အန်တီပြုံး ငြင်းကျန်ရစ်သည်။

‘နင်တို့ဦးကလေ တစူးစားကြီး’

အန်တီပြုံးက ကွယ်ရာမှာ အတင်းချသည်။ ထိုအခိုက် ဦးဦးက မမပြုံးဟု တစ်ချက်ခေါ်လိုက် ‘လာပြီ အထွန်းရေ’ ဟု အသံလေး စာစာဖြင့် ပြေးသွားသည်။ ကျွန်မတို့ ညီအစ်မ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လို့ ရယ်မိကြသည်။

‘ယောကျ်ားယူရတာ မလွယ်ပါဘူးဟာ၊ ငယ်တဲ့သူဆိုတော့ သာဆိုးရော’

မမကြီးက စိတ်ပျက်လက်ပျက်ဆိုသည်။ ညီမအငယ်က ရယ်ကျဲကျဲဖြင့် ‘ဟိုနေ့က ညကလည်း ရယ်ရတယ်’ ဟု အနားတိုးလာသည်။

‘ငါတစ်ရေးနိုးတော့ ဦးဦးတို့ မအိပ်ကြသေးဘူး’

‘ဦးဦးက အန်တီပြုံးကို ရုပ်ရှင်အကြောင်း ပြောပြနေတာ အန်တီပြုံးကြီးက အိပ်ချင်နေပြီ၊ သနားပါတယ်၊ ငိုက်ငိုက်သွားတာထင်တယ်’

ဦးဦးက ရုပ်ရှင်လည်း ဝါသနာပါသူပင်၊ ရုပ်ရှင်အသစ် ရုံတင်ပြီဆို အမြဲသွားကြည့်သည်။ ဦးဦးက လေးဆယ်ကျော် ငါးဆယ်တွင်း၊ အန်တီပြုံးက ခြောက်ဆယ်နား ကပ်နေပြီ။ ရုပ်ရှင်ရုံသွားရုပ်ရှင်ဘယ်ကြည့်ချင်တော့မလဲ။ ဒါပေမဲ့ တော်ပါသည်။ ကားသစ်လဲတိုင်း ဦးဦးကို သွားကြည့်ခိုင်းသည်။ အဲ အန်တီပြုံးဒုက္ခက ပြန်လာမှစ,သည်။ ဦးဦးက ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com

လျှင် ဇာတ်ကြောင်းပြန်သည်။ ဦးဦးက သိသည့်အတိုင်း မြန်မာနိုင်ငံအကြောင်း ရေးထားသည့် သတင်းဆောင်းပါးလေးကိုတောင် ထူးပြီထူးပြီဟု အော်ပြီး ဝေ့နေတာဆိုတော့ ရုပ်ရှင်ဇာတ်ကား တစ်ကားလုံးဆို ပြီးပါလေရော။ ပြီး ဒေါသထွက်သေးသည်။ တရားထောက် အန်တီကြီးက မင်းသမီးနာမည် မှားသွားသည့်အခါပေါ့။

'ဟာ မမပြုံးကဗျာ မို့မို့မြင့်အောင်ဗျ၊ ဘယ်က ခင်သီတာထွန်းလဲ၊ တော်ပြီဗျာ မပြောတော့ဘူး'

'ပြောပါအထွန်းရဲ့၊ ပြုံးစိတ်ဝင်စားလို့ပါ။ မို့မို့မြင့်အောင်က သနားစရာကောင်းလိုက်တာ အထွန်းရယ်'

ညီမအငယ်က တခွီးခွီးရယ်တော့ မမကြီးက အသံတိတ်အချက်ပြကာ နင် ဝင်မှ လိုက်လိမ့်မယ်ဟု ကျိတ်ဆူသည်။ အန်တီပြုံး မယားဝတ္တရားကျေပုံ အောချရသည်။ သူ့ထက် တစ်ဆယ့်သုံးနှစ်ငယ်သည့် ယောကျ်ားဆိုသော်လည်း ဒေါသဖြစ်၍ ဆူချင်သာဆူမည်၊ တလေးတစားဆက်ဆံသည်။ ဦးချစ်ထွန်းဆိုသော ဦးဦးငယ်နာမည်က အထွန်း။ တစ်နေ့တစ်နေ့ အထွန်း အထွန်းဆိုတာ ပါးစပ်ဖျားကမချ။ သူ့ကိုယ်သူလည်း ပြုံးကလေပြုံးကလေနှင့် ဖြစ်သည်။ ဦးဦးက ဂျပန်-မြန်မာ ဖက်စပ်ကုမ္ပဏီတစ်ခုမှာလုပ်သည်။ ကုမ္ပဏီပိုင်ရှင်က ဦးဦးသူငယ်ချင်း။ ညနေ ဦးဦးပြန်အလာကို ပြတင်းပေါက်လေးက ရပ်မျှော်လိုက်

t efvDyHu
pum;0ldfukd
t wifzwfvkdf
0DDu
aemufqkd
pum;zpfonf
awmuf
aemuf&ufawG&Gmh
x ifyD[ fh k
t jrifymifyD
pum;0ldfukd
odkonf
aemufvpfaeY
reuf
t ydk&mux,cself
0DD
reuf t apm
owifzGbH
MLum;fyD

အထဲဝင်လာလိုက်။ ဒီဘက်ခန်းမှာ ဟင်းချက်နေသည့် ကျွန်မဆီလာပြီး 'သမီးတို့ဦးကလေ သိပ်ကြာတာပဲ၊ အန်တီပြုံး ဗိုက်ဆာနေပြီ'ဟု ကလေးလေးတစ်ယောက်လို လာပြောသည်။ မနေနိုင်သည့် ကျွန်မက 'စားလိုက်တာ မဟုတ်ဘူး၊ ရောဂါရနေမယ်'ဟု တိုက်တွန်းတော့ 'ထမင်းစားမစောင့်ရင် သမီးဦးက စိတ်ဆိုးတယ်'ဟု ဆိုသည်။ ကျွန်မကလည်း မလျှော့။ 'နည်းနည်း အဆာပြေ စားထားလေ၊ ဦးဦးရှေ့ကျ ဟန်လေးနဲ့စားပေါ့'ဟု သင်ပေးတော့ 'ယောကျ်ားလုပ်သူရဲ့ ဦးဦးဖျားဖျား မစားချင်ပါဘူး။ သူက အပြင်မှာ အလုပ်လုပ်နေတာ၊ လူအများနဲ့ ဆက်ဆံရတာ။ သူ့ကို တန်ဖိုးထားပြီး ဆက်ဆံမှ ဩဇာညောင်းမှာ။ သမီးလေးတို့ အိမ်ထောင်ပြုရင်လည်း ကိုယ့်အိမ်ထောင်ဦးစီးကို တန်ဖိုးထားတတ်ရမယ်။ ဒါမှ အိမ်ထောင်ဖက်က အပြင်မှာ အဆင်ပြေမှာ။ မှတ်ထားနော်။ သမီးက စာလေးပေလေး ဖတ်တဲ့သူဆိုတော့ ဆရာများတတ်တယ်'ဟု ကျွန်မဘက် လှည့်လာတာကြောင့် ကျွန်မ တိတ်သွားရသည်။ ဦးဦးကတော့ ပြန်ရောက်တယ်ဆို ရုံးကအကြောင်း၊ ဘတ်စ်ကားပေါ်ကအကြောင်း၊ သူကြားရသည့် လမ်းထဲက သတင်း၊ နိုင်ငံရေးအကြောင်း အို အစုံပြောတော့သည်။

'ဒီညပြန်လာတော့ဗျာ ကောင်မလေးအုပ်စု တော်တော်ရယ်ရတယ်'

'ကောင်မလေးအုပ်စုက အထွန်းနဲ့ ဘယ်လိုပတ်သက်တာလဲ'

'ဟာ မမပြုံးကလည်း ကားပေါ်တက်လာတာဆိုမှ ဘယ်လိုပတ်သက်ရမှာလဲ၊ မိန်းကလေးတွေ စကားများတယ်ဆိုတာ ကျွန်တော်တော့ တကယ်ယုံသွားတယ်။ သူတို့အုပ်စု တက်လာတော့ စပယ်ယာကပြောတယ်၊ တန်းတွေကိုင်ထားပါဆိုတာ လုံးဝမကိုင်ဘူး။ ဟံသာဝတီအဝိုင်းလည်း ကားကပတ်ကော တစ်ပြိုလုံးချည်း ကျွန်တော့်ပေါ် ပြိုကျလာတာ။ ကျွန်တော့်မှာ ပြုတ်မကျဖို့ မနည်း တင်းထားရတာ။ သူတို့က သဘောတွေကျပြီး တခစ်ခစ် ရယ်နေကြတာ အတော်ဆိုးတာတွေ'

ဦးဦးကပြောရင်း တဟားဟားရယ်နေသည်။ အန်တီပြုံး ကျွဲမြီးတိုသွားပုံရသည်။ 'ခုခေတ် မိန်းကလေးတွေများ ဆတ်စလူးကိုထ,တယ်'ဟု ပြောတော့ ဦးဦးကဟာ 'မမပြုံးကလည်း ကလေးတွေပါ၊ ချစ်စရာကောင်းပါတယ်'ဟု သဘောရိုး ဆိုသည်။ 'ဘာ အထွန်းက သူတို့ကို ချစ်တယ်'ဟု ရန်လုပ်နေပေမဲ့ ဦးဦးက ဘယ်လိုမှမနေ။ သိပ် မကြာ အန်တီပြုံး ကျွန်မတို့ အခန်းဆီ ကူးလာပြီး ရင်ဖွင့်သည်။

'နင်တို့ဦးက အရမ်းရိုးတာ၊ အန်တီပြုံးက သူ့ကို စိတ်မချဘူး။ ရိုးလွန်းတော့လည်း စိတ်ပူရတယ်။ အလိုက်အထိုက်လည်း မသိဘူး။ ဘုကန့်လန့်ကြီး။ အပေါက်ကဆိုးတော့ စိတ်ပူတယ်။ သူလွန်သွားတာသိရင် သူက သနားပြီး ခံစားတတ်တော့ လည်တဲ့မိန်းမနဲ့ဆို သွားပြီ'

'ဦးဦးက ရိုးလွန်းတယ်'

မမကြီးက ထောက်ခံတော့ အန်တီကြီးက 'အဲဒါပြောတာပေါ့သမီးရယ်။ ငါ့သမီးတွေလို အကြောင်းသိတွေတောင် တစ်ခါတစ်ခါ အပေါက်ဆိုးတော့ အန်တီပြုံးက အားနာရတယ်'ဟု ပြောသည်။

'တစ်လက်စတည်း သမီးတို့ ဦးဦးကို အပ်ပါတယ်။ အန်တီပြုံးမရှိတော့ရင် ပစ်မထားပါနဲ့၊ စောင့်ရှောက်ပါကွယ်။ အန်တီပြုံးတို့က အကြီးတွေဆိုတော့ အရင်သေကြမှာ။ ဟိုတစ်နေ့က တောင် မယ်ခင်နဲ့ ပြောရ



www.burmeseclassic.com

www.burmeseclassic.com

သေးတယ်။ ငါများ အရင်သေသွားရင် အထွန်းကို ပစ်မထားပါနဲ့ ဟယ်လို့။ တူတူမတွေ့ရှိပေမဲ့ နင်တို့ဦးက အလိုက်ကန်းဆိုးကမသိ ဘုကန့်လန့်၊ ဘယ်တူ တူမနဲ့မှ တည့်မှာ မဟုတ်ဘူး။ အန်တီပြုံး နင်တို့ဦးကြောင့် စိတ်မအေးပါဘူး၊ တကယ်တကယ်"

ခင်ခင်ဆိုတာ အန်တီပြုံးယောက်မ၊ ဦးဦးအစ်မကြီး အကြီးဆုံးဖြစ်သည်။ ဦးဦးအောက်မှာ ညီမအငယ်ဆုံး တစ်ယောက် ရှိသေးသည်၊ ကျင်ကျင်တဲ့။

"အစ်မပြုံး… အစ်မပြုံး"

"ဟော နင်တို့ဦးခေါ်နေပြီ၊ အန်တီပြုံးသွားဦးမယ်"

"လာပြီအထွန်းရေ၊ ပြုံးသမီးလေးတို့ဘက်မှာ"ဟု အသံစာစာလေးဖြင့် ပြန်အော်ပြီး အန်တီပြုံး အပြေးလေးထွက်သွားတော့ ကျွန်မတို့ညီမ တွေးကျန်ရစ်ကြသည်။ တစ်ထောင့်ငါးရာအချစ် ဆိုသော်လည်း ငါးရာနှစ်ဆယ့်ရှစ်နှယ်ပါက အချစ်က ခိုင်ခဲ့ပါ့လားဆိုသည့် အကြောင်းဖြစ်သည်။

❑

"ငါ့သမီးလေးတွေနဲ့ နေရတုန်း မဟာဒုက်ဆွမ်းကပ်ချင်လိုက်တာ"

အန်တီပြုံးက အဲလို မကြာခဏပြောသည်။ အန်တီပြုံးတို့က သားသမီးမရှိ။ ပြီး အန်တီပြုံးက ရင်ကျပ်ပန်းနာသည်။ အန်တီပြုံး ရင်ကျပ်ပြီဆို ဦးဦး တစ်ညလုံး မအိပ်ရ။ ပက်လက်ကုလားထိုင်လေးမှာ အန်တီပြုံးက ထိုင်၊ ခြေရင်းကြမ်းပြင်မှာ ဦးဦးက တင်ပျဉ်ခွေလေးထိုင်ပြီး အန်တီပြုံးကို စောင့်ရသည်။ ခြင်ကိုက်သော်လည်း အန်တီပြုံးရောဂါက ခြင်ဆေးထွန်းမရတာကြောင့် ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း အန်တီပြုံးကို စောင့်သည်။ ရင်ကျပ်နေသော်လည်း အန်တီပြုံးက စကားများသည်။ "မပြုံး စကားမပြောနဲ့လေဗျာ၊ ဒီလောက် ကျပ်နေတာကို"ဟု ဦးဦး သတိပေးတတ်သည်။ "အထွန်း သွားအိပ်ချေတော့လေ၊ ပြုံး သက်သာပါတယ်" ဆိုတာက သုံးလေးမိနစ် တစ်ကြိမ်လောက် ပြောသည်။ နံရံတစ်ချပ်သာ ခြားတာဆိုတော့ အန်တီပြုံး ရင်ကျပ်လျှင် ဒီဘက်က ကျွန်မတို့ညီအစ်မ တစ်တွေလည်း အိပ်လို့မရ၊ "သက်သာလား ဆေးခန်းသွားမယ်ဆို သမီးတို့ ပြောနော်"ဟု အားပေးရသည်။ တစ်ခါ ညကြီးသန်းခေါင် အရေးပေါ်ဆေးခန်း သွားရတော့ အစ်မကြီး လိုက်သွားသည်။ အန်တီပြုံး ရင်ကျပ်သည့်အခါတိုင်း ဦးဦးက အန်တီပြုံးကို စောင့်ရင်း နိုင်ငံရေးအကြောင်းတွေ ဒီဘက်က ကျွန်မတို့နှင့်ပြော၊ အန်တီပြုံး သက်သာသွားမှ အိပ်ကြသည်။

အဲဒီလို အခြေအနေဆိုတော့ အိမ်မှာ ဆွမ်းကပ်ဖို့ မလွယ်။ လုပ်ကိုင်ပေးမည့်သူလိုသည်။ ကျွန်မတို့ ရပ်ကွက်မှာက နောက်ဆုံးဆွမ်းပတ်သီတင်းကျွတ်လပြည့် မတိုင်ခင် ရှေ့တစ်ရက် မဟာဒုက်ဆွမ်းရှိသည်။ သံဃာငါးပါးသို့မဟုတ် သုံးပါးကို မဲဖောက်ပြီး မဲကျသည့် သံဃာကို အိမ်မှာ ဆွမ်းကပ်ရသည်။ အဲဒီနေ့ဆို ပျော်စရာလည်း ကောင်းသည်၊ ကြည်နူးစရာလည်း ကောင်းသည်။ မနက်ကတည်းက လမ်းထိပ်မဏ္ဍပ်ရုံ ဆွမ်းလောင်းအသင်းမှာ ကိုယ်ဆွမ်းကပ်ရမည့် သံဃာကို စောင့်ပြီးပင့်ရသည်။ တစ်ရပ်ကွက်လုံး အုတ်အုတ်ကျက်ကျက်ဖြင့် ပျော်စရာကောင်းသည်။ ကျွန်မတို့က အိမ်ရှင်လည်း မဟုတ်တော့ လပြည့်နေ့မှသာ မဏ္ဍပ်ရုံမှာ ဝတ္တုကပ်သည်၊ ဆွမ်းမကပ်ဖြစ်။ အိမ်ပိုင်ရှင်ဖြစ်သည့် အန်တီပြုံးတို့ကလည်း လူကြီးတွေချည်းဆိုတော့ ဆွမ်းမကပ်နိုင်။ ဒါကို အန်တီပြုံးက စိတ်မကောင်း ဖြစ်ပုံရသည်။ အန်တီပြုံး အဲဒီလိုပြောတော့ တစ်နှစ် ကျွန်မတို့ ညီအစ်မ တိုင်ပင်ပြီး အန်တီပြုံးတို့ ဆွမ်းကပ်ဖြစ်အောင် ကူညီပေးကြသည်။ ဝိုင်းဝန်းပြီး ချက်ပြုတ်ပေးကြသည်။ ထိုနှစ်က အန်တီပြုံး အင်မတန်ပျော်ပုံရသည်။ ကျွန်မတို့ ညီအစ်မ လက်ကိုဆုပ်ပြီး ကျေးဇူးတင်ကြောင်း တဖွဖွဆိုသည်။ နောက်ပိုင်းနှစ်တွေတော့ ကျွန်မတို့ညီအစ်မ ကိုယ့်အစီအစဉ်ဖြင့်ကိုယ် ဆွမ်းကပ်ဖြစ်အောင် ကြိုးစားသည်။ ဦးဦးနှင့် အန်တီပြုံးက လူကြီးနေရာနေသည်။ ဦးဦးက ဘုန်းကြီးပင့်ပေးသည်။ ကျွန်မတို့ အလှူကိုလည်း ကုသိုလ်ထည့်ဝင်သည်။ ဦးဦးအကြောင်းက သိသည့်အတိုင်း ကိုယ် မဲကျသည့်သံဃာထဲ မျက်နှာသိဦးပဉ္စင်းများ ပါပါက တော်တော်နှင့် စကားဝိုင်းကမပြတ်။ နိုင်ငံ့အရေး၊ ရပ်ကွက်အရေး၊ ညက ဘယ်သတင်းဌာနက ဘာလွှင့်သွားတာ ထူးတော့ ထူးပြီ ကိုယ်တော်ရေဟု သူ့လက်သုံးစကားက မပါမဖြစ်။ ဦးပဉ္စင်းတွေကလည်း နိုင်ငံရေး စိတ်ဝင်စားသူတွေများတော့ ကျွန်မတို့အခန်း ဆွမ်းစားချိန်က တခြား အိမ်တို့ထက် ကြာမြင့်တတ်သည်။ မှတ်မှတ်မိမိ ၂၀၀၇ သံဃာ့အရေးအခင်း ဖြစ်ပြီးချိန် (မဟာဒုက်ဆွမ်း အစီအစဉ်ပျက်သွားချိန်)ထိ နှစ်စဉ် ကျွန်မတို့ ဆွမ်းကပ်ဖြစ်သည်။ သံဃာ့အရေးအခင်းပြီးသွားတော့ ထိုဓလေ့ကို သက်ဆိုင်ရာ အာဏာပိုင်များက ခွင့်မပြုတော့သလို ခုချိန်ထိလည်း ပြန်လုပ်သံ မကြားတော့ပေ။

၂၀၀၇ နောက်ပိုင်း ညီမအငယ်က နယ်ပြောင်းရသလို အစ်မကြီးအလုပ်က အိမ်ခန်းရတာကြောင့် ကျွန်မတို့ အန်တီပြုံးတို့ဆီက ပြောင်းခဲ့သည်။ စိတ်ထိခိုက်စရာကောင်းသည်က ကျွန်မတို့ ပြောင်းပြီး တစ်နှစ်ကျော်ခန့်အကြာ အန်တီပြုံး ဆုံးသွားသည်။ သူ့ရောဂါ ရင်ကျပ်ပန်းနာဖြင့်ပင်ဖြစ်သည်။ အန်တီပြုံး နာရေးကိုသွားတော့ ဦးဦးက ကျွန်မတို့ ညီအစ်မကိုမြင်စဉ် မျက်ရည်ကျသည်။ အန်တီပြုံးကို သတိရသွားသောကြောင့်ဖြစ်မည်။ ကျွန်မတို့လည်း ဦးဦးကိုမြင်တော့ စိတ်မကောင်း။ အန်တီပြုံး အင်မတန် နောက်ဆံတင်းရသည့် ဦးဦး ခုတော့လည်း ထားသွားရတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဦးဦးက တစ်ညလုံး သူနှင့် အန်တီပြုံး တွေ့သည့်အကြောင်းတွေ ပြောနေသည်။ အန်တီပြုံးနှင့်အတူ အင်းလျားကန်ပေါင်မှာ လမ်းလျှောက်ခဲ့တာတွေ။ အံ့သြစရာက အဲဒီနေ့က အန်တီပြုံး ဝတ်ခဲ့သည့် ဝတ်စုံကို ဦးဦး မှတ်မိနေသည်။ နာရေးတွင် အန်တီပြုံး သံယောဇဉ်ကြီးသည့် သူငယ်ချင်းယောက်မ၊ ဦးဦး အစ်မကြီးကိုလည်း မျက်ရည်စမ်းစမ်းဖြင့် တွေ့ရသည်။ ဦးဦးရှေ့ရေး ဘယ်လိုစီစဉ်ကြမလဲ။

"ကျွန်တော်က အစ်မပြုံး ခေါင်းချသွားတဲ့ ဒီအိမ်မှာ ဆက်နေမှာ"

ရက်လည်ပြီးသည့် ညနေ ကျွန်မတို့ရောက်သွားတော့ ဦးဦးက ဆွေမျိုးတွေအလယ် ကြေညာသည်။ ကျန်းမာနေသေးသည့် ဦးဦးအတွက် ဒီလိုပဲ ဆုံးဖြတ်သင့်ပါတယ်ဟု ကျွန်မတွေးမိသည်။ နောက်ဆုံးတော့ ညီမအငယ်ဆုံး မိသားစုက ဦးနှင့် လာနေကြသည်။ ဆုံခိုက် ဦးဦးက နိုင်ငံရေးအကြောင်းပြောဆဲ၊ နောက်တစ်ခေါက် ကိစ္စတစ်ခုဖြင့် ဦးဦးတို့ ရပ်ကွက်ဆီ ရောက်တော့ လမ်းထဲက ပိတောက်ပင်ရိပ်မှာ ဦးဦးကို လမ်းထဲက ကာလသားအုပ်စုတွေနှင့်အတူ တွေ့သည်။ ထုံးစံအတိုင်း နိုင်ငံရေးအကြောင်းကို တိုးတိုးတိတ်တိတ် ပြောနေကြသည်။ သတင်းဌာနတွေက ပြောတာကို ဦးဦးက ဒိုင်ခံဖြန့်နေပုံရသည်။ အန်တီပြုံးသိလျှင် စိုးရိမ်နေမှာပဲဟု တွေးမိတော့ ဦးဦးကို သိပ်အရဲမကိုးဖို့ ပြောခဲ့ရသေးသည်။

အန်တီပြုံးတို့မျိုးရိုးက လူချမ်းသာ စာရင်းဝင်တွေဖြစ်ခဲ့ပြီး ဦးဦးနှင့် အိမ်ထောင်ကျချိန် အထည်ကြီးပျက်တွေပေမဲ့ နေတာထိုင်တာ တသီးတခြားဆန်သည်။ ရပ်ကွက်နှင့် သိပ်အရောအနှောမရှိ။ ခုတော့ ဦးဦးတစ်ယောက် မနေတတ် မထိုင်တတ် ဖြစ်နေပုံရသည်။ အန်တီပြုံးက ဦးဦးကို တစ်ယောက်တည်း ဘယ်တော့မှ မထားတတ်။ အန်တီပြုံး နေမကောင်းသည့်ရက် ဒါမှမဟုတ် ရုံးပိတ်ရက် ဦးဦး မီးဖိုချောင်ဝင်သည့်အခါ ဦးဦးက ဟင်းချက်နေလျှင် သူက နံဘေးမှာ စကားတပြောပြောဖြင့် ဟင်းရွက်သင်ပေးသည်။ ရင်ကျပ်လို့ အနားမလာနိုင်လျှင်တောင် အိမ်ရှေ့ခန်းထိုင်နေရင်းက အထွန်းရေ ပြုံးကလေးနှင့် အသံလေးပေးကာ ယောကျ်ားမပျင်းအောင် ကူညီပေးသည်။

"အန်တီပြုံးက ကြာနီကန် ဆရာတော့်တရား နာထားပုံရတယ်"

ညီမငယ်က မှတ်ချက်ပြုသည်။ အဲဒီလို အနားမှာ အမြဲ တွတ်တီးတွတ်တာလုပ်ခဲ့တော့ အန်တီပြုံးလည်း ဆုံးရော ဦးဦးတစ်ယောက် စိုင်းထီးဆိုင် သီချင်းထဲကလို ယောင်ချာချာဖြစ်နေပုံရသည်။ ဒီတော့လည်း ရပ်ကွက်က ကာလသားအုပ်ထဲ ရောက်သွားတာ မဆန်းဟု ကျွန်မ တွေးမိသည်။

"ဘာပြောပြော ပျော်ပျော်ရွှင်ရွှင်နေတာ တွေ့ရတော့လည်း ကောင်းပါတယ်"

မမကြီးက အကောင်းဘက်က ပြောသည်။ ဒါပေမဲ့ ဦးဦး အလုပ်ကနားပြီး လေဖြတ်သွားချိန် အခြေအနေက တစ်မျိုးပြောင်းသွားသည်။ တကယ်တော့ ဦးဦး နေနေသည့် ယခုအိမ်က အန်တီပြုံးဘက်က အမွေဆိုင်အိမ်ဖြစ်သည်။ အန်တီပြုံးမှာက တူတူမတွေရှိသည်။ နောက်ဆုံး အမွေခွဲလိုက်ပုံရသည်။ ဦးဦးက ညီမအငယ်ဆုံးဆီ ပါသွားသည်။ ညီမကလည်း ယောကျ်ားဆုံးပြီး မုဆိုးမ။ သားသမီးတွေက အဝေးမှာ နေသည်။ အတူနေတစ်ယောက်တော့ရှိသည်။ လွန်ခဲ့သော လေးငါးနှစ်လောက်ကတော့ ကျွန်မတို့ ညီအစ်မတွေ နေခဲ့ကြသည့် ရပ်ကွက်မှာ ကန်ထရိုက်တိုက်တွေ အလျှိုလျှိုပေါ်လာတော့ ကျွန်မတို့လည်း တစ်ခန်းဝယ်ကာ ပြန်ရောက်လာချိန် ဦးဦးက ဒီရပ်ကွက်မှာ မရှိတော့ပေ။ တစ်ရက်တော့ ဦးဦးက လွှတ်လိုက်လို့ဆိုကာ ညီမအငယ် အန်တီကျင် ကျွန်မတို့ဆီ ရှာဖွေရောက်လာသည်။

"အစ်ကိုလေးက သမီးတို့ ညီအစ်မအကြောင်း တဖွဖွပြောနေတာ၊ ဒီရပ်ကွက်မှာ ပြန်နေကြတယ်ဆိုတာလည်း ကြားရော အကြီးကို အတင်းလွှတ်နေတာ။ ကလေးတွေ အဆင်ပြေရဲ့လား တစ်ခေါက်လောက်တော့ သွားကြည့်ပါဦး၊ သတင်းလေး ဘာလေးလည်း မေးဆိုပြီး"

ထိုအချိန်ကစလို့ အဆက်အသွယ် ပြန်ဖြစ်သွားခဲ့သည်။ အစ်မကြီးက ဦးဦးအတွက် အိုဗာတင်း၊ လေဖြတ်နေသူဆိုတော့ လိမ်းဆေးစသဖြင့် လတိုင်း ထောက်ပံ့ခဲ့သည်။ သူ့အတိုင်းအတာလေးနှင့်သူ နေထိုင်နိုင်သူဆိုသော်လည်း ပင်စင်စား၊ သားထောက်သမီးခံ မရှိသူဆိုတော့ ကျွန်မတို့ ကန်တော့လိုက်တိုင်း ဦးဦးက ဝမ်းသာသည်။ ဆုတွေပေးတတ်သည်။ ပြီး သမီးတို့နဲ့ နေခဲ့ရတဲ့အကြောင်းတွေ၊ မမပြုံးအကြောင်းတွေ အမြဲပြောနေတာဟု အန်တီကျင်က ဆိုသည်။ ကျွန်မက ဆတ်ခနဲ ရေဒီယိုနားထောင်သေးလားဟု မေးလိုက်မည်ပြုပြီးမှ မမေးဖြစ်လိုက်။

စိတ်မကောင်းဖြစ်ရသည်က နှစ်ပေါင်းများစွာ ဦးဦးတို့နှင့်နေခဲ့သည့် ကာလတစ်လျှောက် ထူးပြီ ထူးပြီဟု ဦးဦး မျှော်လင့်အားကိုးခဲ့သော ကုလသမဂ္ဂနှင့် နိုင်ငံတကာသည် ဦးဦးတို့နှင့် ကျွန်မတို့ ကွဲကွာခဲ့သည့်တိုင်၊ အန်တီပြုံးကြီး ဆုံးပါးခဲ့သည့်တိုင် ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ ပြည်သူတွေအတွက် ဘယ်လိုထူးခြားမှုကိုမျှ ဆောင်ကြဉ်းမလာခဲ့သည်ကိုပါ။

❑

ခုလို ဆောင်းဝင်လာပြီဆိုလျှင်ဖြင့် ဈေးမှာ မုန်လာပင်ပေါက်လေးတွေ တွေ့ရပြီဖြစ်သည်။

ကျွန်မတို့ မုန်လာပင်ပေါက် ချဉ်ရည်ဟင်း အမြဲချက်စားဖြစ်ပါသည်။

အန်တီပြုံးနှင့် ဦးဦး အကြောင်းကိုလည်း အမြဲပြောဖြစ်ကြပါသည်။

သတင်းတွေကိုတော့ အမြဲ နားမထောင်ဖြစ်တော့ပါ။ ■

**နန်းဇကရီရှင်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တမ်းချင်းစာကို

မနက်စောစော သုံးနာရီလောက်ဆို အိပ်ရာက ထပြီး ရေအိမ်တက်၊ မျက်နှာသစ်၊ သွားတိုက်၊ ပြီးတာနဲ့ ပုတီးစိပ်၊ တရားထိုင်တာ ခြောက်နာရီခွဲ၊ ခုနစ်နာရီဆိုရင် ပြီးပြီ။ မိုးတွင်း ဆောင်းအစဆိုရင် မနက်ခင်းက အေးစိမ့်နေတယ်။ မိုးတောင်မှ ကောင်းကောင်းမလင်းချင်သေးဘူး။ ဘောင်းဘီ လဲလိုက်တာနဲ့ ကိုယ့်ခုတင်အောက်မှာ ကွေးနေတဲ့ ဘိုဖြူက တစ်ခါတည်း ပြေးထွက်လာတယ်။





www.burmeseclassic.com

www.burmeseclassic.com

အံဆွဲထဲက ပိုက်ဆံယူ၊ ဦးထုပ်ဆောင်း၊ တုတ်ကောက်ဆွဲ၊ အိမ်တံခါးသော့ ရှာရတယ်။

ဘိုဖြူကတော့ အမြီး တနန့်နန့်နဲ့ ကိုယ့်နောက်က ထက်ကြပ်မကွာလိုက်တယ်။ တံခါးမကြီး ဖွင့်လိုက်တာနဲ့ သူ တစ်ခါတည်း အပြင်ကို ပြေးထွက်သွားတယ်။

အိမ်ရှေ့ ပလက်ဖောင်းဘေးက ဓာတ်တိုင်ကို ခြေကန်ပြီး သေးပန်းတော့တာပဲ။ ကိုယ်က အိမ်တံခါးသော့ခတ်ပြီး ထွက်လာတော့ သူ နောက်က ပြေးလိုက်လာတယ်။ အပြင်မှာ ပိုအေးတယ်။ နှင်းစွက်လေက ပါးပြင်ကို ဖြတ်တိုက်သွားတာ ကျဉ်ခနဲနေတယ်။

ကိုယ့်အမြင်က ဝေနေလို့၊ မြူတွေက ငွမ်းထုပ်ကြီး တွေလိုပဲ။ ဂျယန်ဒါရိုက်တာကြီး ကူရိုဆာဝါး ရိုက်ကူးတဲ့ Dream ရုပ်ရှင်ကားထဲက ဖန်ဂိုးပန်းချီကားထဲ ဝင်သွားရသလိုပဲ။ အဖြူရောင်တွေ ကြားထဲရောက်နေတယ်၊ တိမ်တွေလို။

လမ်းမပေါ်မှာ ကားတစ်စီး၊ ဆိုင်ကယ်တစ်စီး အသွားအလာမရှိ။ တုတ်ကောက် တချက်





www.burmeseclassic.com

www.burmeseclassic.com

ဒေါက်နဲ့ ပလက်ဖောင်း…၊ အနိမ့်အမြင့်၊ အဆင်းအတက်၊ အပေါက်အကျဲ၊ အချွန်အတက်၊ အလိမ့်အကျ သတိထားရတယ်။

မီးပွိုင့်လမ်းဆုံလေးကို ကုံကော်လမ်းခွဲလို့ အမည်ပေးထားတယ်။ ကုံကော်ပင်လည်း မရှိ။ လွမ်းစရာလည်း မရှိ။ လမ်းဆုံလေးက ငြိမ်ကုပ်နေတယ်။ မီးပွိုင့်နောက်မှာ ရှိတဲ့ လက်ဖက်ရည်ဆိုင်လေးမှာက ရှမ်းခေါက်ဆွဲ၊ တိုဟူးပျော့၊ ဆီချက်၊ တရုတ်မြီးရှည် ရတယ်။ လက်ဖက်ရည်ချိုနဲ့ ပလာတာ၊ အီကြာကွေးလည်း ရတယ်။

ကိုယ်က ဒီဆိုင်မှာ တိုဟူးပျော့ ဆန်ခေါက်ဆွဲနဲ့ တိုဟူးကြော် စားတယ်။

ကိုယ်စားနေချိန်မှာ ဘိုဖြူက ဘေးမှာ ထိုင်စောင့်နေတယ်။ မနက်စောစောဆိုတော့ ဆိုင်ထဲမှာ စားတဲ့သူ မရှိဘူး။ ဒီဆိုင်မှာ အမွေးစုတ်ဖွားနဲ့ ရှိစု အပျိုမလေးတစ်ကောင်ရှိတယ်။ ငယ်ငယ်လေး။ ဘိုဖြူက ဆယ့်တစ်နှစ်ရှိပြီဆိုတော့ အဘိုးကြီးဖြစ်နေပြီ။

သူက ကောင်မလေးကို ဣန္ဒြေမပျက် ခပ်တည်တည်ပဲ ရီဝေဝေငေးနေတယ်။ ကောင်မလေးက ရှက်ကိုးရှက်ကန်းနဲ့ ဟိုထောင့်ပြေးကပ်၊ ဒီထောင့်ပြေးကပ်နဲ့ နောက်ဆုံးတော့ ဆိုင်နောက်ဖေးဘက် ပြေးဝင်သွားတော့တယ်။

ဘိုဖြူက အညောင်းဆန့်ပြီး ဆိုင်ပြင်ဘက် ထွက်သွားတယ်။ အညောင်းပြေ အညာပြေ လမ်းလျှောက်နေပုံပဲ။

**'ÐUmi fu vmvm0kduf w, f 0duf mf uk yvuf zmi f ay:uae ai ;w, f [ buf rÐwf wkem;uae acsmi f w, f yvuf zmi f tkvCkð 0yf rf w, f 0duf mf uawmh aumi ef aumi eY zi ftv; vdf vdf yD ½dyfw, f t uyfawmh rcH bl**

တကယ်တော့ ဘိုဖြူဟာ ဖြူလုံးဆုံးပြီးကတည်းက အထီးကျန်နေခဲ့တာ။

နှစ်နှစ်ကျော်ပြီ။ သူက အမျိုးကောင်းသား၊ American bull-pit terrier မျိုး၊ အကောင်သေး အပုစား။ သူ့လိုအမျိုး အကောင်ကြီးက ရန်ကုန် အင်းယားလိတ်ဟိုတယ်မှာ နှစ်ကောင်ရှိတယ်။ လူကိုကိုက်တဲ့အခါ မျက်နှာနဲ့ လည်မျိုကို ဆွဲတတ်တယ်။ အသေပဲ။

ဘိုဖြူခများမှာ ကိုယ်အပြင်ထွက်မှ သူ ထွက်ရတယ်။ အခုဆို အိမ်မှာက ဖြူလုံးလည်း မရှိ၊ အိမ်နားနီးချင်းတွေက သူ့ဘော်ဒါတွေလည်း မရှိကြတော့ ရှားရှားပါးပါး မြို့ခံ ဆရာဝန်လေးအိမ်မှာသာ သူ့ဘော်ဒါတစ်ကောင်သာ ရှိတော့တယ်။

အဲဒီကောင်ကလည်း ရှိစု အကြီးစား၊ အမွေးဗရပွ၊ ပေတူးညစ်ပတ်၊ ပလက်ဖောင်းပေါ်မှာ ခေါင်းငိုက်စိုက်ချပြီး ဦးတည်ရာမဲ့ လျှောက်သွားနေတတ်တယ်။ တစ်ခါတလေ အိမ်ရှေ့ရောက်လာရင်း ဘိုဖြူနဲ့ ခဏတစ်ဖြုတ် ရပ်ပြီး ငေးနေတတ်တယ်။

တစ်ယောက်နဲ့တစ်ယောက် အသံတိတ်ပဲ။ နှုတ်ဆက်ကြတယ်။ ပြီးရင် ခေါင်းငိုက်စိုက်နဲ့ ထွက်သွားပြန်ရော။ ဒီကောင်က ဒီဘက်ကို သိပ်လာလေ့ မရှိဘူး။ ကိုယ့်အိမ်ဘေးနားက တီဗွီပြင်ဆိုင်မှာ ဝဲကျော်ဆိုတဲ့ သိုးထိန်းခွေးမလေး ရှိတယ်။ သူ ရှိနေတုန်းကတော့ ဒီကောင်က လာလာပိုက်တယ်။ ဝဲကျော်မကို ပလက်ဖောင်းပေါ်ကနေ ငေးတယ်။ ဟိုဘက် မီးသတ်တံခါးနားကနေ ချောင်းတယ်။

ပလက်ဖောင်းအုတ်ခုံမှာဝပ် ငမ်းတယ်။ ဝဲကျော်မကတော့ ကော့လန်ကော့လန်နဲ့ ဖင်လေးလိမ်လိမ်ပြီး ရှိုးပြတယ်။ အကပ်တော့ မခံဘူး။ ဘိုဖြူလည်း ဝဲကျော်မနားကပ်လို့မရပါဘူး။ ဝဲကျော်မက ငယ်ပေမဲ့ ခေါင်ကောင်းတယ်။ သူ့အမွေးလေးတွေက ဖွဖွဖွာဖွာ နုနုပါးပါးလေး တကယ်လှတယ်။

ဖြူလုံးရှိစဉ်အခါကတော့ ဘိုဖြူရယ်၊ ဖြူလုံးရယ်၊ ဝဲကျော်မရယ် သုံးယောက်ကို ကိုယ်က ကားပေါ်တင်ပြီး မြို့ပြင်က ဟာစဘီကွင်းဘက် ထွက်တယ်။ သူတို့တွေနဲ့ လမ်းလျှောက်ကြတာပေါ့။

တစ်နေ့မှာ ဝဲကျော်မလေး ကားတိုက်ခံရပြီး ဆုံးသွားတယ်။ သူဆုံးပြီး တစ်နှစ်အကြာ ဖြူလုံး ဆုံးတယ်။

မဆုံးခင်ကဆိုရင် သူတို့သုံးယောက်နဲ့ မြို့ထဲက ပလက်ဖောင်းပေါ်မှာ ညနေတိုင်းဆို လမ်းလျှောက်ကြတယ်။ ကိုယ်က ခွေးကြီးတွေရန်ကာကွယ်ဖို့ ဝါးရင်းတုတ်တစ်ချောင်း၊ သူတို့ပါတဲ့ ချေးကျုံးဖို့ ထိုးဆေးကတ်ဘူးခွံ၊ တစ်ရှူးလိပ်၊ ကြွပ်ကြွပ်အိတ် သယ်ရတယ်။

ဒီအချိန်ဆိုရင် သုံးယောက်သား ခုန်ပေါက်မြူးထူးပျော်ရွှင်နေကြရော။ သူတို့သုံးယောက် လမ်းလျှောက်ထွက်ချိန်ဆိုရင် အိမ်တွေမှာရှိတဲ့ ခွေးမလေးတွေ၊ ခွေးထီးလေးတွေက အိမ်ပေါက်ဝတွေမှာ စောင့်ကြိုနေတတ်ကြတယ်။

ဘိုဖြူတို့ ဖြတ်သွားရင်း ခြံတံခါးပိတ်ထားတဲ့ အိမ်ထဲက ခွေးလေးတွေဆို ဟိုဘက်ပြေး၊ ဒီဘက်ပြေးနဲ့ ပျာကလတ်ဆန်နေကြတယ်။ ခွေးမလေးတွေဆိုရင် အမြီးလေး တနန့်နန့်နဲ့ ဖင်လေးတယမ်းယမ်းပေါ့။

'အံမယ်' ကိုယ့်ကောင်က ခပ်တည်တည်နဲ့ အရေးမလုပ်ဘူး။ ဒါပေမဲ့ ခြံအုတ်တံတိုင်းကိုတော့ ခြေကန်ပြီး သေးပန်းသွားတယ်။ သေး



www.burmeseclassic.com

www.burmeseclassic.com

ပန်းပြီးတော့ နောက်ခြေနှစ်ချောင်းကို နောက်ပြန်ကန် မြေကြီးတွေနဲ့ ဖုံးပေါ့။

အခုတော့ သူတစ်ယောက်တည်း။ ကိုယ်ကလည်း မျက်အကြည့်မွဲလာတော့ ညနေတိုင်ဆို လမ်းလျှောက်မထွက်နိုင်တော့ဘူး။ ဟိုးအရင်ကတော့ ညနေလေးနာရီလောက်ဆို ဖြူလုံးနဲ့ ဘိုဖြူကို ကားပေါ်တင်၊ ဝီဘဲလမ်းကြားဝင်၊ သူတို့အတွက် အမဲလုံးဝယ်၊ ဆန်းမောင်ကျော်ဆိုင်မှာ ကားရပ်တယ်။

သူတို့ကို ကားပေါ်မှာထားခဲ့ပြီး ဆန်းမောင်ကျော်စာအုပ်ဆိုင်က ဂျာနယ်၊ ဝတ္ထု၊ မဂ္ဂဇင်း ဝယ်ရတယ်။ ပြီးတာနဲ့ ကားကို တိရစ္ဆာန်ဆေးကုဆရာဝန်အိမ်ရှေ့က မြင့်မြင့်အေးအကြော်ဆိုင်ရှေ့မှာ ရပ်တယ်။ သူတို့ကို ကားပေါ်ကနေ အောက်ကိုချ၊ အကြော်ဆိုင်မှာ အကြော်ငါးရာဖိုး မှာခဲ့ပြီး ရဲစခန်းဘက် ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်ကြတယ်။

ရဲစခန်းရှေ့မှာက မြက်ခင်းစိမ်းစိမ်းနုနုလေးတွေလည်း ရှိတယ်။ သူတို့က ဆေးအဖြစ်နဲ့ မြက်နုလေးတွေကို စားကြတယ်။ စားပြီးလို့ ပြန်လှည့်လာတဲ့အခါ ပလက်ဖောင်းဘေးက အေးစိမ့်နေတဲ့ ညောင်ပင်ရိပ်မှာ ထိုင်နားကြတယ်။ တစ်ခါတလေတော့လည်း မြို့အထွက်က ဆံ့မှတ်လက်ဖက်ရည်ဆိုင်မှာ ကားရပ်တယ်။ ကားပေါ်ကဆင်းပြီး လမ်းလျှောက်ကြ။ မောတော့မှ ဆိုင်ထဲဝင်ကြတယ်။ ဖြူလုံးနဲ့ ဘိုဖြူတို့အတွက် ဒင်ဆမ်း၊ ဝက်နံရိုးပေါင်းတစ်ပွဲစီ ကျွေးတယ်။ မဝ၊ ကြသေးရင် တစ်ပွဲစီ ထပ်ကျွေးရတယ်။ ဖြူလုံးမရှိတဲ့နောက်ပိုင်း မသွားဖြစ်တာကြာပြီ။

ကိုယ်တို့က ဒီနယ်စပ်မြို့ကလေးကနေ ရန်ကုန်ကို တစ်နှစ်တစ်ခေါက် ပြန်ကြတယ်။ ပြန်တဲ့အခါ ကားတစ်စီး၊ လူနှစ်ယောက်၊ ခွေးနှစ်ယောက်ပေါ့။ ဖြူလုံးက တရုတ်ဘုရင်တွေ နန်းတော်ထဲမှာ မွေးရတဲ့ တော်ဝင်ပီကင်းကျီးစ်မျိုးဖြစ်လို့၊ အမွေးပွမျိုးလည်းဖြစ်လို့ အပူဒဏ်ကို မခံနိုင်ရှာဘူး။ ဘိုဖြူကတော့ အမွေးပါးလို့ ဖြူလုံးလောက်မဆိုး။ ကိုယ့်ဗင်ကားလေးက အမြန်လမ်းပေါ်မှာ နေပြည်တော်ကျော်တာနဲ့ အဲကွန်းဖွင့်ရတာပဲ။

လေကပါ ပူလာလို့ ဖြူလုံးမှာ လျှာတစ်လစ်ထွက်၊ တဟဲဟဲ ဖြစ်နေတော့တယ်။ ပန်းနာသမားလို အသက်ရှူလည်းကျပ်လာတယ်။ အဲဒီတော့ လမ်းဘေးအရိပ်တစ်နေရာမှာ ကားကိုရပ်ပြီး သူတို့အမေက ဆေးထိုးပေးရတယ်။ နည်းနည်းသက်သာသွားပြီဆိုမှ ကားထွက်ကြရတယ်။

အဲကွန်းကလည်း ကြာကြာဖွင့်ထားရင် 'Heat' တက်လာရော။ ဒါနဲ့ ဖွင့်လိုက်၊ ပိတ်လိုက် သွားရတယ်။ ဖြူလုံးခမျာမှာ မောလိုက်၊ ကျပ်လိုက်၊ လျှာထွက်လိုက်နဲ့ နေရတယ်။ ရန်ကုန်စဝင်ပြီဆိုရင် ပိုဆိုးလာရော။ အိမ်မရောက်မချင်း သူ့အတွက်ကတော့ ငရဲပါပဲ။

အိမ်ရောက်တာနဲ့ အဲကွန်းဖွင့်ထားတဲ့ အိမ်ထဲ အမြန်သွင်းရတယ်။ ဒီတော့မှ သူ အသက်ရှူချောင်ရှာတော့တယ်။ ဘိုဖြူကတော့ နှန့်ဖတ်ကာ ကွတ်ခိုင်ကြားတောင်အလုံးသုံးဆယ် ပတ်တက်ရတဲ့ လမ်းတွေမှာ အန်တော့တာပဲ။ ဒီကောင်က ကားမူးတတ်တယ်။ မနက်ကား မထွက်ခင်ကတည်းက သူ့ အဖေကိုယ်တိုင် B6 နဲ့ Siloxogin တိုက်ထားသေးတယ်။ သူ အန်တဲ့အခါ ကားကို လမ်းဘေးမှာရပ်၊ အန်ဖတ်တွေကျုံး၊ ဆေးတစ်ခါတိုက်ရပြန်တယ်။

ဖြူလုံးကို ဒီလို မောကျပ်နေတာ တွေ့ရလို့ ဖြူလုံးအတွက် ဟိုင်းဝေးလမ်းမှာ အဲကွန်းနိုင်တဲ့ CRV Honda ကားကို ပြောင်းဝယ်ရတယ်။ CRV နဲ့ကျတော့ အေးစိမ့်နေလို့၊ ကားကလည်း ကျယ်လို့၊ အောက်ကြမ်းပြင်မှာ ဇိမ်နဲ့ အိပ်လိုက်လာရတယ်။ မောတာ၊ ကျပ်တာ မရှိတော့ဘူး။ ဘိုဖြူကလည်း မအန်တော့ဘူး။ ဇိမ်နဲ့ နပ်နေတာပဲ။ ရန်ကုန်အဝင်လည်း အေးဆေးပဲ။ နေပြည်တော် ကျော်လည်း အေးဆေးပဲ။

ဖြူလုံး မဆုံးခင်တစ်နှစ်မှာပဲ ကိုယ့်မျက်ကြည့်တွေ ဝေဝါးလာတယ်။ ကားလည်း မမောင်းနိုင်တော့ဘူး။ ရန်ကုန်ကနေ နယ်စပ်မြို့လေးကို ဗင်ကားတစ်စီး ငှားပြီး ပြန်ရတယ်။ CRV ကို ရန်ကုန်မှာ ထားခဲ့ရတယ်။ မြို့လေး ပြန်ရောက်တော့ မြို့ထဲ ဟိုနား ဒီနားသွားဖို့ ဖိုးပိုး ဟွန်ဒါဖစ်လေးတစ်စီး ပြန်ဝယ်ရတယ်။ အဲကွန်းကတော့ ပတ်ကားပဲ။ ဒီကားလေးနဲ့ ဘိုဖြူ၊ ဖြူလုံး၊ ဝဲကျော် သုံးယောက်ကို တင်ပြီး မြို့ပြင်ထွက်၊ ဂေါက်ရိုက်ကျင့်တဲ့ ကွင်းဘက်ထွက်၊ ဆေးဆိုင်သွား၊ ဈေးသွား၊ အမဲလုံးဆိုင်သွား၊ စာအုပ်ဆိုင်သွား၊ အကြော်ဆိုင်သွား၊ ဆံ့မှတ်သွား။

မြို့လေးထဲမှာ ကားတစ်စီး၊ လူတစ်ယောက်၊ ခွေးသုံးယောက် လှည့်ပတ်နေကြတယ်။ အခုတော့ ကိုယ့်မျက်ကြည့်က အတော်ဆိုးလာလို့ မြို့ထဲတောင် ကားမမောင်းနိုင်တော့။ ဘိုဖြူမှာလည်း တစ်ယောက်တည်းသာ ကျန်တော့တယ်။ တစ်ခေါက် ရန်ကုန်ဆင်းတုန်းက ကိုယ်တို့ မိသားစု ငပလီကို သုံးညအိပ်၊ လေးရက်ခရီး လေယာဉ်နဲ့ သွားကြတယ်။

အိမ်ထဲမှာ ဘိုဖြူတစ်ယောက်တည်း တံခါးပိတ်ထားခဲ့တယ်။ ခြံထဲက ဟိုဘက်အိမ်မှာ ရှိတဲ့ သူ့အမေညီမကို ဘိုဖြူအတွက် နေ့တိုင်း ထမင်းပို့ဖို့ မှာခဲ့တယ်။ ပြဿနာပဲ။ ကိုယ်တို့ လေးရက် ပြန်မလာတာကို သူ့ကို ပစ်ထားခဲ့ပြီ ထင်နေပုံရတယ်။

အစားလည်းမစား၊ အိမ်ထဲလည်း လူဝင်မခံ၊ မာန်ဖီနေတော့တယ်။ ကိုယ်တို့ ပြန်ရောက်တော့ ချေးတွေလည်း နေရာအနှံ့ ပါထားတယ်။ နံစော်လို့။ ကိုယ်တို့ကို မြင်မှ သူ့ခမျာ ပျော်သွားရှာတယ်။ အမှန်ကတော့ ဖြူလုံးမရှိလို့ ပိုပြီး အထီးကျန်ဆန်နေပုံပဲ။

ဖြူလုံးသေတဲ့ နေ့ကပေါ့။ ပက်လက်ကုလားထိုင်ပေါ်မှာ စောင်လေးတွေခင်းပြီး ဖြူလုံးကို တင်ထား



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဖုန်းထဲက ပရိတ် တရားလည်း ဖွင့်ပေးထား တယ်။ ကိုယ်က ဘေးမှာ ထိုင်နေတယ်။ ကိုယ့်ဘေးမှာ ဘိုဖြူ ထိုင်နေတယ်။ ပရိတ် တရားဆုံးလို့ အမျှ… အမျှ… အမျှ အသံလည်း ထွက်လာ ရော ဖြူလုံးက ခေါင်းထောင် ပြီး ကိုယ့်ကို လှမ်းကြည့် တယ်။ ကိုယ်က ဘာလဲ သမီးလို့ မေးလိုက်တော့ သူ့ ခေါင်းလေး ဘုတ်ဆို ပြုတ် ကျသွားတယ်။ ထ,ပြီး သူ့ ရင်ဘတ်ကို စမ်းလိုက်တော့ နှလုံးမခုန်တော့ဘူး။ ညခုနစ် နာရီလောက်ပေါ့။

ဖြူလုံးလေးကို စောင် လေးနဲ့ ထုပ်ပိုးပြီး ကတ်ဘူး လေးထဲမှာ ထည့်တယ်။ ကိုယ်နဲ့ သူ့အမေ အဲလိုလုပ်နေ တာကို ဘိုဖြူက အောက်က နေ ငေးကြည့်နေတယ်။ မျက် လုံးတွေက ရီဝေဝေ။ ခဏနေ တော့ ဆက်မကြည့်တော့ဘဲ အိမ်ရှေ့ကို ထွက်ချသွား တယ်။ ဖြူလုံးဆုံးတာ သူ သိသွားပုံရတယ်။ ရန်ကုန် အိမ်မှာ သူတစ်ယောက်တည်း ဆိုတော့ ငေါင်စင်းစင်းဖြစ် နေတယ်။ ခြံထဲက အပြင် လည်း မထွက်ရတော့ ပျင်း နေရှာတယ်။ တစ်ရက်မှာ တော့ ဘာစိတ်ကူးပေါက် တယ် မသိ၊ ကိုယ်တို့ အလစ် မှာ ခြံတံခါးမကြီး အောက် ကနေ ဝပ်လျှိုပြီး အပြင်ကို ထွက်သွားတယ်။

သူ့စိတ်ထဲ ဒီကနေ နယ် စပ်မြို့လေးကို ပြန်မယ်လို့ များ ဆုံးဖြတ်လေသလား မသိ။ ဝက်ပါလမ်းမအတိုင်း မြောက်ဘက်ကို ထွက်သွား တယ်။ ကိုယ်တို့က ရုပ်ရှင်

acGav;awG
qdif
tlrfav;
weeFeEY
zifav;
w, rf, rfayh
]tH, f
ukd&umif;u
cyfvnfvnfEY
ta&;rvkyfbJ
'gayrh
jcHtkvfvfvkdf
ukd&wmh
ajcuellyfD
ao;yef
oGw, f

အစည်းအရုံးမှာရှိတဲ့ Morning Star လက်ဖက်ရည်ဆိုင်မှာ သွားစားရင် သူ့ကို ခေါ်သွား တတ်တယ်။ ဒီလမ်းထဲက မြန်မာခွေးကြီး လေး၊ ငါး၊ ခြောက်ကောင်က အင်မတန် ဆိုးတယ်။ ကိုယ်တို့ပါလို့ သာ ဘိုဖြူကို ဝိုင်းမဆွဲကြ တာ။ တဝုန်းဝုန်းနဲ့ပေါ့။

ဘိုဖြူထွက်သွားတာ ကို အပင်မျိုးစေ့ရောင်းတဲ့ ဆိုင်က လူတစ်ယောက် မြင် လိုက်လို့ အိမ်ကို လာပြောပြော တယ်။ သူ့အမေမှာတော့ အူ ယားဖားယားနဲ့ ဘိုဖြူနောက် ကို ပြေးလိုက်တာ ဖိနပ် တောင် မပါဘူး။ လိုက်တာ နည်းနည်းစောသွားပေလို့သာ ပေါ့။ နောက်သာကျခဲ့ရင် ဘိုဖြူ သေပြီ။

လမ်းချိုးအကွေ့လေး မှာ ဘိုဖြူကို ခွေးကြီးတစ် ကောင်က ကုပ်ဆွဲကိုက်နေ တယ်။ ခွေးသုံးကောင်က ဝိုင်းထားတယ်။ လူတွေက ဝိုင်းခြောက်ပေးကြလို့ ဘိုဖြူ လွတ်သွားတယ်။ သူ့ခမျာ ကြောက်အားလန့်အားနဲ့ ရှေ့ ကို ခြေကုန်သုတ် ပြေးထွက် သွားတယ်။ ချေးတွေတောင် ထွက်လို့။

သူ့အမေက "ဘိုဖြူ၊ ဘိုဖြူ"လို့ အသားကုန်အော်မှ သူကြားပြီး နောက်ပြန်ပြေး လာတယ်။ တစ်ကိုယ်လုံး လည်း တုန်လို့ပေါ့။ အဲဒီ နောက်ပိုင်း ဘိုဖြူ အပြင်ကို မထွက်တော့ဘူး။ ကိုယ်နဲ့ နှစ်ယောက်သား အတူလမ်း လျှောက်ထွက်ကြတယ်။

ညနေ ငါးနာရီလောက် ဆိုရင် သူက သူ့လက်ကလေး နဲ့ ကိုယ့်ခြေထောက်ကို လာ လာကုတ်တယ်။ လမ်း လျှောက်ချိန်ကျပြီပေါ့လေ။ အခုတော့ ဂျပန်သံရုံးရှေ့က ပလက်ဖောင်းတစ်လျှောက် ကနေ ချပ်ထရီယံဟိုတယ် ဘက်ထိ လျှောက်တယ်။ အရင်တုန်းကတော့ ဖြူလုံး ပါတာပေါ့။

ဂျပန်သံရုံးရှေ့မှာလည်း မြန်မာခွေးဝဲစားကြီးတစ် ကောင်ရှိတယ်။ ဒီကောင်ကြီး က ဘိုဖြူတို့လာရင် ဒေါသ တကြီးနဲ့ ထထဟောင်တယ်။ ဘိုဖြူကတော့ ခပ်တည် တည်ပါပဲ။ ဖြူလုံးကလည်း အရေးမလုပ်၊ လှည့်တောင် မကြည့်။

ကိုယ့်မှာသာ လက်ထဲ က တုတ်နဲ့ ယမ်းယမ်းပြီး ခြောက်ရတယ်။ အဲဒီက တည်းက လမ်းတစ်ဝက် လောက်ရောက်ရင် ဖြူလုံးက ဆက်မလျှောက်နိုင်တော့ဘူး၊ ဝပ်နေရှာတယ်။ သူ့အမေက ဖြူလုံးကို ကောက်ချီခဲ့ရ တယ်။ ဘိုဖြူက တစ် ယောက်တည်းဆိုပေမဲ့လည်း သူ့ဘာသာသူ ပျော်အောင် နေရှာပါတယ်။

သစ်ပင်လေးတွေ တွေ့ ရင် ဟိုနမ်းသည်နမ်းလုပ်၊ မြက်နုလေးတွေစား၊ အပေါ့ အပါးသွား၊ မြို့ကလေးပြန် ရောက်တဲ့အခါ သူ့အဖို့ လမ်း လျှောက်ထွက်စရာ မရှိတော့ ဘူး။ ငယ်တုန်းကတော့ တစ် ယောက်တည်း မြို့ရိုးကိုး ပေါက်လျှောက်သွားနေတာပဲ။

မနက်ငါးနာရီလောက် ဆိုရင် အိမ်တံခါးကို တဂျီးဂျီး ကုတ်သံ ကြားရတယ်။ ဒီ အခါဆိုရင် ဘိုဖြူက တံခါး ဖွင့်ပေးဖို့ ဟောင်တော့တာပဲ။ ကိုယ်က အောက်ထပ်ဆင်း၊ တံခါးမကို အသာဟ,ကြည့် လိုက်တဲ့အခါ တံခါးကြားထဲ ကနေ လက်မည်းမည်းကြီး တစ်ချောင်း ဝင်လာတယ်။ တံခါးလည်း ဖွင့်လိုက်ရော လက်မည်းကြီးက အယ်လ် ဇေးရှင်းကြီးရဲ့လက် ဖြစ်နေ တယ်။ ဘိုဖြူက အပြင်ကို ပြေးထွက်သွားတယ်။ သဘောကတော့ ဘိုဖြူကို လာခေါ်တယ်ပေါ့။ ကိုယ် အပြင်ထွက်ကြည့်လိုက်တဲ့ အခါ "အားပါးပါး" ဆယ် ကောင်မကရှိတဲ့ ခွေးအုပ်ကြီး ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခွေးတွေက အမျိုးကောင်းသားတွေ။ အယ်လ်ဖေးရှင်း၊ အင်းခွေး၊ ဒိုဘာမင်၊ သိုးထိန်းရှီစု၊ ခွေးဘီလူး၊ ရှမ်းခွေး၊ အကောင်အကြီးအသေး အရွယ်စုံတယ်။ ဒီကောင်တွေ သူတို့အိမ်တွေကနေ ဘယ်လိုများ ခိုးထွက်လာကြပါလိမ့်။ သိန်းကျော်တန်ခွေးတွေချည်းမို့ ရန်ကုန်မှာဆို အတော်အဖိုးတန်မယ်။

ဒီမြို့လေးမှာတော့ အိမ်တွေက မွေးထားကြပြီး ပစ်ထားကြလို့ ညစ်စုတ်စုတ်၊ လမ်းသရဲပုံနဲ့ လမ်းတွေပေါ်မှာ လျှောက်သွားနေတတ်ကြတယ်။ ညနေပိုင်းဆိုရင် မြို့လယ် နာရီစင်လမ်းပေါ်မှာ ခွေးလေးတွေ အုပ်စုဖွဲ့ သွားနေကြတာပဲ။

အခု မနက်စောစော အုပ်စုဖွဲ့ထွက်လာကြပြီး ဘိုဖြူကို ဝင်ခေါ်တာ အလကားမဟုတ်ဘူး။ ဒီအုပ်စုကြီးကို အယ်လ်ဖေးရှင်းကြီးက ခေါင်းဆောင်ပြီး ချီတက်သွားတာ။ သူတို့ ပစ်မှတ်ကတော့ ဈေးထဲက အမဲသားတန်း၊ ဆိတ်သားတန်းကိုပဲ။

လမ်းမပေါ် ချီတက်သွားကြတဲ့ ခွေးအုပ်စုကို ကိုယ်လှမ်းကြည့်လိုက်တော့ ဘိုဖြူက အကောင်အသေးဆုံး၊ အငယ်ဆုံး ဖြစ်နေတယ်။ ခေါင်းလေးတမော့မော့၊ အမြီးလေးတထောင်ထောင်ပေါ့။ ကြွကြွရှိတယ်။ မကြာပါဘူး။ မနက် ခြောက်နာရီလောက်မှာ ဘိုဖြူ အိမ်ပြန်လာတယ်။ မျက်နှာတစ်ပြင်လုံးလည်း သွေးတွေရဲ့ ပတောင်းထ၊လို့၊ မျက်နှာမှာလည်း ပေါက်ပြဲလို့။ ကြည့်ရတာ ဈေးခွေးတွေနဲ့ ဖိုက်လာခဲ့ပုံပဲ။ ဒီတော့လည်း သူ့အမေက ဆေးကုပေးရတော့တာပါပဲ။

အခု ဘိုဖြူက အသက်ကြီးလာပြီမို့ သိပ်ဝေးဝေးလံလံ မသွားတော့။ ကိုယ်တို့ညစာ ဆယ်နာရီလောက်စားပြီးချိန်မှာ ဘိုဖြူအတွက် အပေါ့အပါးသွားဖို့ တံခါးဖွင့်ပေးရတယ်။ ဒီအချိန်ကျမှပဲ အိမ်ရှေ့ လမ်းမပေါ်မှာ အုပ်စုလိုက် ချီတက်သွားကြတဲ့ သူ့ဘော်ဒါတွေကို ငုတ်တုတ်ထိုင်ရင်းက ငေးသာကြည့်နေနိုင်တော့တယ်။

အခု အုပ်စုက လူငယ်မျိုးဆက်သစ်အုပ်စု။ ဘိုဖြူ့ဘော်ဒါတွေက သေကုန်ကြပြီ။ သူ့ခမျာ ရသေ့စိတ်ဖြေမျက်စိတစ်ဆုံး ငေးနေတတ်တယ်။ ပလတ်စတစ်အိတ်ကောက်တဲ့သူ၊ ဘိန်းစား၊ အရက်သမား၊ သူခိုးပုံ၊ စုတ်စုတ်ပြတ်ပြတ်၊ ညစ်တီးညစ်ပတ်ပုံ၊ လူတစ်ယောက်စ နှစ်ယောက်စ ဖြတ်သွားရင် ဟောင်နေတတ်တယ်။

လမိုက်ညဆိုရင် ကောင်းကင်မည်းမည်းကြီးကို သူမော့ပြီး ငေးနေတယ်။ တစ်ခါတစ်ခါ ဆွေးဆွေးမြည့်မြည့် ဟောင်တယ်။ လူစိမ်းတွေ့လို့ ဟောင်တဲ့အသံမျိုးမဟုတ်ဘူး။ ဝမ်းနည်းကြေကွဲရင်ထဲဆို့နင့်နေတဲ့ အသံမျိုး။ သူကြည့်လိုက်ရင်လည်း မလှုပ်မယှက်၊ အရုပ်လိုပဲ။ ဖြူလုံးဆုံးပြီးနောက်ပိုင်း သူ အစာကိုဟုတ်တိပတ်တိ မစားတော့ဘူး။ အစာခွက်မြင်ရင် ကျောပေးထားတယ်။ သူ့ရှေ့ ချပေးရင်လည်း သူက ထ၊ထွက်သွားတယ်။

ဒီလိုနဲ့ တပိန်ပိန် တလိမ်လိမ် ဖြစ်လာတယ်။ ဒါနဲ့ သူ့အမေက ကွေကာကို ဇွန်းနဲ့ ခွံ့ပေးတယ်။ ကြက်ရိုးပြုတ်ရည်နဲ့ ခနောဆန်ပြုတ် ရောကျိုပြီး ဇွန်းနဲ့ ခွံ့ရတယ်။ ကိုယ်က ညမအိပ်ဘဲ စာရေး၊ မနက်ကျမှ အိပ်တယ်။

မနက် ကိုယ် မထ၊ မချင်း ဘိုဖြူလည်း မထ၊ဘူး။ ကိုယ့်ကိုလည်း ဘိုဖြူက မျက်စိအောက်က အပျောက်မခံဘူး။ အိမ်ရှေ့သွား အိမ်ရှေ့လိုက်၊ နောက်ဖေးဝင် နောက်ဖေးလိုက်။ နောက်က တကောက်ကောက်လိုက်နေတော့တယ်။ သူ့ဘဝကလည်း သနားစရာ။ တကယ်တော့ ဘိုဖြူဟာ တရုတ်နိုင်ငံ ယူနန်နယ် ရွှေလီမြို့က ဖြစ်တယ်။

သူ့ကို သူ့သခင်က ကောင်းကောင်းကျွေး၊ ကောင်းကောင်းမွေးထားပုံရတယ်။ သူ သုံးလသားအရွယ်လောက်မှာ ဒီဘက်နိုင်ငံက တရုတ်ခွေးသူခိုးတစ်ယောက်က ဘိုဖြူကို ရွှေလီကနေ ခိုးလာခဲ့တယ်။ ဒီဘက်မြို့ကလေးမှာ လိုက်ရောင်းတော့ ဝယ်မယ့်သူမရှိလို့ ကိုယ့်အိမ်နားက အိမ်တစ်အိမ်မှာ အလကား ပေးသွားခဲ့တယ်။ အဲဒီမှာ ဘိုဖြူ ဒုက္ခရောက်တော့တာပဲ။ အိမ်ကကလေးတွေကလည်း များတယ်၊ ကလေးတွေက ခွေးမချစ်တတ်ကြဘူး။ ဘိုဖြူကိုမြင်ရင် ဝိတ်ဝိတ်ကန်ကြတယ်။

ဘိုဖြူမှာ ဒီကလေးတွေကို ကြောက်နေရတယ်။ အစာစားရတော့လည်း အိမ်ကလူတွေ စားသောက်ပြီးမှ ဟင်းကျန်၊ ထမင်းကျန်တွေကို နယ်ပြီး ကျွေးတယ်။ ဘိုဖြူ မစားနိုင်ရှာဘူး။ အိပ်ရတော့လည်း မီးဖိုချောင် တံခါးထောင့်မှာ မီးသွေးထည့်တဲ့ ဂုန်နီအိတ်ပေါ်မှာ အိပ်ရတယ်။

ကိုယ်က ညနေတိုင် ဖြူလုံးနဲ့ လမ်းလျှောက်ထွက်တော့ ဖြူလုံးက ခြောက်လသားလောက်ရှိပြီ။ ဘိုဖြူတို့အိမ်ရှေ့ ဖြတ်သွားတဲ့အခါ ဘိုဖြူက ဖြူလုံးကို ငေးကြည့်နေတတ်တယ်။ နောက်ပိုင်းတော့ ကျွန်တော်နဲ့ ဖြူလုံး လမ်းလျှောက်ထွက်တဲ့အခါ ဘိုဖြူက နောက်ကနေ မသိမသာလိုက်လာတယ်။ ဖြူလုံးကို လာလာပြီး နမ်းရှုပ်နေတယ်။


ဒီလို တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ အိမ်ပြန်တဲ့အခါ ဘိုဖြူလည်း တစ်ခါတည်း ပါလာတယ်။ ကျွန်တော်တို့ အိမ်ရှေ့မှာ နှစ်ကောင်သား ဆော့ကြတယ်။ ဖြူလုံးကို အစာကျွေးတော့ ဝက်အူချောင်း၊ အမဲခြောက်၊ ဆိတ်သားခြောက်၊ ကြက်သားကြော်၊ ချိစ်၊ ကိတ်မုန့်တွေ ကျွေးတယ်။ ဘိုဖြူအတွက်ပါ တစ်ခါတည်း ထည့်ပေးတယ်။ ဒီလိုနဲ့ ဘိုဖြူက ညကျတော့ အိမ်မပြန်တော့ဘဲ ကိုယ်တို့အိမ်မှာပဲ နေတော့တယ်။ ည ရှစ်နာရီထိုးတဲ့အခါ သူ့ကို ပွေ့ချီပြီး သူ့အိမ်ပြန်ပို့ပေးတယ်။ ဒါလည်း မရပါဘူး။ သူက ကိုယ်တို့အိမ်ကိုပြန်လာပြီး ပိတ်ထားတဲ့ တံခါးပေါက်ရှေ့မှာ တစ်ညလုံး ငုတ်တုတ်ထိုင်နေရှာတယ်။ နောက်တစ်နေ့ မနက်

စာမျက်နှာ(၁၂၇)သို့...




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အချစ်သည် . . .
# တစ်ခါတစ်ရံ၌

ခင်သန္တာ

၁။

မြန်မာနှစ်သစ်ကူးလရဲ့
ရက်ရှည်ကြာ ရုံးပိတ်ခါနီး
ရက်တွေမှာ
နှင်းသွဲ့တို့ရုံးက
ဘောနပ်စ်ပေးလေ့ရှိတယ်။
တစ်နှစ်တာ
လုပ်ဆောင်ချက်
ကောင်းမွန်တဲ့အပေါ်
မူတည်ပြီး ရတဲ့
ဘောနပ်စ် ငွေကြေး
ပမာဏတွေက
ကွဲပြားသွားကြတယ်။
စာအိတ်လေးတွေ ပိတ်ပြီး
ပေးတာဖြစ်လို့ ကိုယ်
မပြောပြရင် အချင်းချင်း
မျက်နှာပူစရာ၊ ဒါမှမဟုတ်
သိမ်ငယ်စရာ မလိုဘူးပေါ့။
နှင်းသွဲ့တို့ ဆက်ရှင်က
တူညီဝတ်စုံတွေ ဝတ်ကြဖို့
တိုင်ပင်ထားတာမလို့
ဈေးဝယ်၊
ရှော့ပင်းမောလ်ပတ်နဲ့
အလုပ်များနေကြတယ်။
ဒင်နာကျွေးပမယ့်
နေရာက Sky Star
ဟိုတယ်မှာ၊ ညနေ
ခြောက်နာရီအရောက်။
နှင်းသွဲ့လား
အလှဆုံးပြင်ပြီး
သွားတာပေါ့။ ဒီနေ့က
တိုက်တိုက်ဆိုင်ဆိုင်ပါပဲ
နှင်းသွဲ့နဲ့ ကိုကိုတို့ရဲ့
ချစ်သူသက်တမ်း ၁၀ နှစ်
ပြည့်နေ့လေ။ ဘယ်လို
ဆယ်နှစ်ပြည့်သွား
မှန်းတောင် မသိလိုက်
ပါဘူး။ အချိန်တွေက
ကုန်မြန်လိုက်တာ။ ဒီရုံးမှာ
ဝန်ထမ်းလုပ်သက်တောင်
ခြောက်နှစ်ပြည့်ပြီ။
ကိုကိုနဲ့ နှင်းသွဲ့က
ဆယ်တန်းနှစ် ကတည်းက



www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်ရင် လက်ဖွဲ့ငွေက နှစ်ဆပေးတဲ့ အစဉ်အလာရှိတယ်။ ကိုကို့စက်ရှင်၊ နှင်းသွဲ့စက်ရှင်က သူငယ်ချင်းတွေကလည်း လက်ဖွဲ့ပစ္စည်းမထပ်ရလေအောင်၊ စီစဉ်ပေးကြတယ်။ အိမ်ထောင်ဦး အစမှာပဲ အဝတ်လျှော်စက်၊ အဲကွန်း၊ တီဗွီ၊ ရေခဲသေတ္တာအားလုံး ပြည့်ပြည့်စုံစုံရတယ်။ ဘော့စ်က အိပ်ရာ၊ ခုတင် ခန်းဝင်ပစ္စည်းတွေ လက်ဖွဲ့တယ်။ အလုပ်ခွင်ထဲမှာ ကိုကိုက နှင်းသွဲ့ထက် ရာထူးလည်း ပိုကြီးသလို လူချစ် လူခင်လည်း ပိုပေါတယ်။ အဲဒီတော့ ကိုကို့ မျက်နှာကြောင့် လက်ဖွဲ့ပေးတဲ့သူ ပိုများတယ်။ နှင်းသွဲ့တို့အတွက် ကံအကောင်းဆုံးကတော့ ကုမ္ပဏီပိုင် တိုက်ခန်းတွေကို အရစ်ကျ ငွေချေစနစ်နဲ့ ရောင်းပေးတယ်။ လင်မယား နှစ်ယောက်စလုံး ဝန်ထမ်းဖြစ်သူတွေကို ဦးစားပေးတယ်။ ဆယ့်ငါးနှစ်အတွင်း အပြီးပေးချေရမှာ။ ပထမလအတွက် ငွေသွင်းပြီးတာနဲ့ တိုက်ခန်းပေါ် လူတက်နေလို့ရပြီ။ ကိုကို့ လစာကို တိုက်ခန်းအတွက် ငွေသွင်းပြီး နှင်းသွဲ့လစာကို အိမ်စရိတ် လုပ်ကြမယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။

နှင်းသွဲ့တို့ရဲ့ မင်္ဂလာဦး ဆွမ်းကျွေးကို နှစ်ဦးပိုင် တိုက်ခန်းလေးပေါ်မှာပဲ ကျင်းပခဲ့ကြတယ်။ ပျော်ရွှင်စရာ မင်္ဂလာဦးနေ့ရက်များပါပဲ။ သားသားကို မွေးဖွားပြီးတော့ ပိုလို့တောင် ပျော်စရာကောင်းသေးတယ်။ သားသားက ကိုကိုနဲ့ တစ်ပုံစံတည်း တူနေတာ၊ သူ့သားကို ချစ်လိုက်တာမှ တုန်နေတာပဲ။ နှင်းသွဲ့အပေါ်တောင် အချစ်လျော့သွားသလို ခံစားရတယ်။ နှင်းသွဲ့ ရုံးပြန်တက်ရက်ရောက်တော့ ကိုကိုရဲ့ ရပ်ဆွေ ရပ်မျိုးထဲက ဆယ့်လေးနှစ်အရွယ် ကောင်လေးတစ်ယောက်ကို ကိုကို့ မေမေက ပို့ပေးထားတယ်။ ကိုကိုက မိန်းကလေး ကလေးထိန်းမလိုချင်ဘူး၊ ယောကျ်ားလေးပဲ ရအောင် ရှာပေးပါဆိုလို့တဲ့။ ယောကျ်ားလေးပေမဲ့ ကလေးထိန်းတတ်တယ်။ သားသားကိုလည်း ဂရုစိုက်ပြီး ချစ်တယ်၊ အိမ်မှုကိစ္စတွေတောင် ကူလုပ်ပေးတတ်သေးတာဆိုတော့ နှင်းသွဲ့ ကံကောင်း ပြန်တယ်။ နှင်းသွဲ့မေမေနဲ့ ကိုကို့ မေမေကလည်း တစ်လှည့်စီ လာနေပေးကြတာမလို့ ရုံးလည်း စိတ်ဖြောင့်ဖြောင့် တက်နေရတယ်။

သားသား တစ်နှစ်မှာ ကိုကိုက ရာထူးတိုးပြီး မြို့ပြင်ဘက်က ရုံးခွဲတစ်ခုကို ပြောင်းရတယ်။ ကိုကို့ရာထူးအရ ရုံးက ကားတစ်စီး ပေးထားတယ်။ ပေးထားတဲ့ အဆောင်အယောင်၊ ရာထူးတွေအရ အလုပ်ဆင်းရတဲ့ရက်တွေလည်း များလာတယ်။ စနေ၊ တနင်္ဂနွေမရှိ၊ အစိုးရရုံးပိတ်ရက် မသိသည်ထိ အလုပ်များနေတတ်တယ်။ နှင်းသွဲ့တို့ သားအမိက ရုံးပိတ်ရက်ဆိုရင်တော့ ကိုကို့ရုံးကို လိုက်သွားကြတယ်။ ရုံးဝန်းကြီးထဲမှာ သားသားနဲ့ သူ့ထိန်းတဲ့ကောင်လေးက ဆော့ကစားကြ၊ နှင်းသွဲ့ကတော့ ကိုကို့ ရုံးခန်းထဲ ဖုန်းသုံးလိုက်၊ ထိုင်ငိုက်လိုက်နဲ့ ပျင်းစရာ ကောင်းလှတယ်။ နောက်တော့လည်း ကိုကို့ရုံးကို လိုက်မသွားဖြစ်တော့ပါဘူး။ ကိုယ့်အိမ်မှာပဲ လုပ်စရာရှိတာလုပ်ရင်း၊ သားသားနဲ့ နေရင်း အချိန်ကုန်နေတော့တယ်။ မိသားစု အပြင်သွားစားကြတာတို့၊ သားသားကို ကစားကွင်း ပို့တာတို့တွေတောင် တစ်လကို တစ်ရက်အချိန်ပေးဖို့ ကိုကို့ကို မနည်းတောင်းဆိုထားရတယ်။

မနက်အစောကြီး ရုံးထ,သွား၊ ညမိုးချုပ်မှ အိမ်ပြန်ရောက်နဲ့ ကိုကိုနဲ့ နှင်းသွဲ့တို့ ချစ်ကြည်နူးတွေချိန်တောင် မရှိသလောက် နည်းပါးလာတယ်။ တစ်ခါတစ်ရံ အိပ်ရာထဲမှာ ကိုကို့နောက်ကျောကို သိုင်းဖက်ထားတာတောင် အိပ်ချင်နေလို့လား မသိ၊ ဘာမှ မတုံ့ပြန်တတ်ဘူး။ ပြီးတော့ အခုတလော ကိုကို သိပ်လှချင်နေသလားလို့ နှင်းသွဲ့ ခံစားနေရတယ်။ ဟိုတစ်နေ့ကဆို ဝယ်လာတဲ့ ရေမွှေးပုလင်း ဈေးနှုန်းကို ဖတ်ကြည့်လိုက်တာ နှစ်သိန်းခွဲတဲ့။ အမယ်လေး ဈေးကြီးလိုက်တာလို့ နှင်းသွဲ့ ပြောလိုက်မိတော့-

"ကိုကို့ အလုပ်ရာထူးနေရာနဲ့ ဒီလောက်တော့ သုံးရမှာပေါ့"တဲ့။ လူကို ဘုကြည့်ကြည့်ပြီး ပြောတယ်။

ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ ကိုကိုက နှင်းသွဲ့ကိုလည်း အလှကုန်ပစ္စည်း ဘာဝယ်သုံးသုံး၊ မငြိုငြင်ဖူးပါဘူး။ တိုက်ခန်းခသွင်းပြီး ပိုတဲ့လစာလည်း ပေးနေတာပါ၊ နှစ်ဖက် မိဘကိုလည်း မျှမျှတတ နှင်းသွဲ့ပဲ စီစဉ်ပေးနေတာ။

"အင်း…အချစ်တွေ သွေးအေးသလို ဖြစ်နေပေမဲ့ နှင်းသွဲ့ ကံကောင်းနေသေးပါတယ်လေ"လို့ ဖြေတွေးတွေးပြီး ကျေနပ်ရတာပါပဲ။

❑

၃။

အခုတလော နှင်းသွဲ့ ကိုကို့ကို ကြည့်မရချင်တော့ဘူး။ ကိုကို့ အဝတ်အစားတွေကို နှင်းသွဲ့ ဝယ်ပေးနေကျပါ။ လက်ဆောင်ရတဲ့ အဝတ်အစားတွေကိုတောင် ကိုကိုနဲ့ မလိုက်ဘူးထင်ရင် ပေးမဝတ်ပါဘူး။ ပေးတန်တာပေး၊ ပြန်ရောင်းတန် ရောင်းပြီး၊ လိုက်ဖက်မယ့် အဝတ်အစားတွေပဲ ဆင်ပေးတတ်သူပါ။ မနေ့ကပေါ့၊ ရှပ်အင်္ကျီတွေ တစ်ထပ်ကြီး အရောင်စုံ ပါလာတယ်။ လက်ဆောင် ရလာတယ် ထင်နေတာ၊ မဟုတ်ဘူး ဝယ်လာတာတဲ့။ ဘာတဲ့ စလင်းဖစ် ဆိုလားပဲ။ ဒီဆိုဒ်က သူ့ဘော်ဒီနဲ့ ကွက်တိဖြစ်လို့ ပိုအဆင်ပြေလို့တဲ့။ ဒီအထိ ရသေးတယ်။ ပိုဆိုးတာက "နောက်ဆို ကိုယ့်ဘာသာပဲ အဝတ်အစားတွေ ဝယ်တော့မယ်"တဲ့။

နှင်းသွဲ့ စိတ်ဆိုးလို့ စကားမပြောတော့လည်း ကိုကိုကတော့ ဘာမှမဖြစ်သလို သားသားနဲ့ ဆော့ကစားနေတယ်။ ကြံဖန်ကျေနပ်ရတာတော့ နှင်းသွဲ့နဲ့ သွေးအေးနေပေမဲ့ သားသားကိုတော့ တုန်နေအောင် ချစ်နေသေးတာပဲ။ ညမိုးချုပ် အိမ်ပြန်ရောက်တာနဲ့ ရေမိုး



www.burmeseclassic.com

www.burmeseclassic.com

ချိုးပြီးရင် သားသား မအိပ်သေးရင် သားသားနဲ့ ကစားတယ်၊ အိပ်နေရင် ဖုန်းပဲ သုံးနေတော့တာ။ ညစာလည်း မစားတော့ဘူး၊ ဗိုက်ထွက်လာလို့တဲ့လေ။ နှင်းသွဲ့လိမ်းတဲ့ ညလိမ်းကရင်မ်ကိုလည်း နည်းနည်းလောက်ဆိုပြီး ယူလိမ်းတယ်။ မြို့ပြင်ထွက်ပြီး နေ့တိုင်းသွားနေရတော့ အသားတွေ နေလောင်မှာစိုးလို့တဲ့။ ကိုယ်ပိုင်ကားနဲ့သွားနေပြီး၊ အဲကွန်းခန်းထဲ အလုပ်လုပ်နေရတာ ဘယ်ချိန်နေလောင်မှာလဲဆိုတော့ ဆိုက်ထဲသွားကြည့်ရသေးတယ်လေတဲ့။ နှင်းသွဲ့တို့အလုပ်က ဆောက်လုပ်ရေးပိုင်းတွေလည်း ပါတာမလို့ သူပြောတာလည်း ဟုတ်ပါတယ်လေဆိုပြီး အမျိုးသားသုံး ညလိမ်းကရင်မ် တစ်ဘူး ဝယ်ပေးလိုက်တော့တယ်။

“ကိုကို့ ဖုန်းသုံးချိန်တွေ သိပ်များတာပဲ”

ကိုကို့အနားကပ်ထိုင်ရင်း နှင်းသွဲ့က ပြောတော့-

“အလုပ် ကိစ္စတွေက ဗိုက်ဗာကနေပဲ ပြောနေရလို့ပါ”ဆိုပြီး တစ်ဖက်ရွှေ့ထိုင်သွားတယ်။

အရင်တုန်းကဆိုရင် ကိုကို့အနား နှင်းသွဲ့ ကပ်ထိုင်ရင် ခါးကိုဖက်ထားပြီး ကြည်ကြည်နူးနူး စကားပြန်ပြောတယ်။ ပြီးတော့ ချစ်ရည်လူးကြတယ်ပေါ့။ အခုတလော အလုပ်ဖိစီးမှုတွေများလို့ပဲလားမသိဘူး ကိုကို တစ်ယောက် နှင်းသွဲ့ကို သိသိသာသာ ရှောင်လာသလိုပဲ။ နှင်းသွဲ့ကလည်း အဲဒီလိုစိတ်ကြီးရှိနေပြီး ကိုကို့

# ESfolG m
# o0ef
# wkdvwfol
# relfr
# wpfa, muafwmh
# r[ kvfygol
# 'gayrbh
# ukdu;MU
# t rlt &mawG
# ajymifvdaewm
# awmh
# owdk m;rdae
# w, f

အနားကပ်တာမဟုတ်ပါဘူး။ ကိုယ့်ယောကျ်ားနားလေး ကြင်ကြင်နာနာ နွေးနွေးထွေးထွေးလေး နေရရင် ရပါပြီ။ အိမ်မှာက တစ်နပ်ပဲ စားရတဲ့ ညစာလည်း ကိုကိုက မစားတော့၊ ထမင်းဝိုင်းမှာလည်း အတူ မထိုင်ဖြစ်တော့ဘူး။ ညမိုးချုပ် ပြန်လာပြီး ဖုန်းနဲ့ မျက်နှာ မခွာဘဲ နေနေတော့ တစ်ခုတင်တည်း အတူအိပ်နေပေမဲ့ လင်မယားကိစ္စလည်း မရှိတော့။ နှင်းသွဲ့ စဉ်းစားရပြီ၊ ကိုကို နောက်တစ်ယောက်များ တွေ့နေပြီလားလို့။ မဟုတ်နိုင်ပါဘူးလေ၊ နှင်းသွဲ့

ဘဝမှာ ကိုယ်ပိုင်တိုက်ခန်းနဲ့ နေရ တယ်၊ အိမ်ထောင် ပရိဘောဂပစ္စည်း ပြည့်ပြည့်စုံစုံ ရှိတယ်။ ကိုယ်ပိုင် မဟုတ်ပေမဲ့ ရုံးက ပေးထားတဲ့ စီးစရာကား ရှိနေတယ်။ သင့်တင့်တဲ့ ပုံမှန်ဝင်ငွေရှိတယ်။ ကိုယ်တိုင်လည်း အလုပ်ရှိနေသူ။ ပြီးတော့ ကိုကိုနဲ့တူတဲ့ ချစ်စရာ သားသား ရှိတယ်။

“အင်း… သူများတွေနဲ့ ယှဉ်လိုက်ရင် ကံကောင်းနေပါသေးတယ်လေ”

ဒီနေ့တော့ ထူးထူးခြားခြား ကိုကိုက အိမ်ကို စောပြန်ရောက်နေတယ်။ မြို့ထဲမှာ အစည်းဝေးလာတက်ရင်း ရုံးမပြန်တော့ဘဲ အိမ်ပြန်လာလိုက်တာတဲ့။ နှင်းသွဲ့ ရုံးကပြန်လာတော့ သားသားနဲ့ စကားတွေပြောနေတယ်။ သားသားက သုံးနှစ်ပြည့်တော့မယ်၊ ဒီနှစ်ထဲမှာ ဝါကျအရှည်ကြီး ပြောတတ်လာတော့ တအား ချစ်စရာကောင်းနေတယ်။

“ဒီနေ့ ညစာစားမလား”

ဆိုတော့ ကြည်ကြည်သာသာပဲ-

“အင်း ဒီနေ့ နေ့လယ်စာကောင်းကောင်း မစားလိုက်တော့ ဗိုက်ဆာနေတယ်။စားမယ်လေ”တဲ့။

နှင်းသွဲ့ ပျော်သွားတယ်။ ရေချိုးခန်း မဝင်ခင် ဘူးသီးဟင်းခါးလေး ချက်ပြီး ကောင်လေးကို ပုစွန်တုပ်နဲ့ ရှောက်သီးသုပ်ဖို့ လုပ်ခိုင်းထားလိုက်တယ်။ ရေချိုးပြီး တစ်ခါတည်း ထမင်းပွဲ ပြင်ဆင်ပြီး ကိုကိုနဲ့ အတူစားကြမယ်။ ညစာစားဖို့ အားလုံးပြင်ဆင်ပြီးတော့ ကိုကိုနဲ့ သား

လေးကို ခေါ်ဖို့ အိပ်ခန်းထဲဝင်ခဲ့တယ်။ သားသားက သူ့အဖေမျက်နှာ တစ်ပြင်လုံးကို နှုတ်ခမ်းနီတောင့်နဲ့ ဆေးခြယ်နေတယ်။ သူ့မျက်နှာမှာလည်း နှုတ်ခမ်းနီ ဗရပွနဲ့၊ အမယ် နှုတ်ခမ်းကို နှုတ်ခမ်းနီ ဆိုးထားတာများ သူ့နှုတ်ခမ်းပုံလေးအတိုင်း ကွက်တိ။ သားသား လက်ထဲက နှုတ်ခမ်းနီတောင့်ကို လှမ်းကြည့်လိုက်မိတော့ နှင်းသွဲ့ ရင်ကွဲသွားရတယ်။ တစ်နေ့ကမှ ဝယ်လာတဲ့ လော်ရယ်တံဆိပ်၊ လစ်မစ်တက် ဘောလ် မန်းလေး။ ဈေးကြီးပေမဲ့ အရောင်ကြိုက်လွန်းလို့ မျက်စိမှိတ်ဝယ်ခဲ့လိုက်တာ။ အခုတော့ သားသား လက်ထဲ အပိုင်းပိုင်း ကျိုးပဲ့လို့။

“ရက်စက်လိုက်ကြတဲ့ သားအဖ ဟယ်၊ ကျုပ် လစ်မစ်တက်လေး ကုန်ပါပြီ”

နှင်းသွဲ့ အော်နေပေမဲ့ ကိုကိုက နှုတ်ခမ်းနီတောင့်ကိုယူပြီး သူ့သားလို နှုတ်ခမ်းမှာ ဆိုးပြနေတော့ သားသားက ရယ်လိုက်တာ တခစ်ခစ်နဲ့လေ။ အဲဒီညနေ ညစာထမင်းဝိုင်းလေးက မိသားစုဘဝ နွေးထွေးမှုကို ပြန်ရလိုက်သလို နှင်းသွဲ့ ခံစားလိုက်ရလို့ နှုတ်ခမ်းနီတောင့်လေး မဆိုးရသေးဘဲ ကုန်သွားတာ တန်ပါတယ်လေ။

နှင်းသွဲ့ စိတ်မဆိုးမှန်းသိတော့ ကိုကိုတို့ သားအဖကစားနည်းက နှင်းသွဲ့ အလှကုန်ပစ္စည်းတွေ ဖြစ်လာတော့တယ်။ ကာနီးဘိုးလ် အမှတ်တံဆိပ်၊ ကိတ်စီးရီး မိတ်ကပ်ရည်ကို ခြေထောက်တွေ လိမ်း၊ ဗစ်တိုးရီးယား စီးက



www.burmeseclassic.com

www.burmeseclassic.com

ရက် ဘော်ဒီလိုးရှင်းတွေကို ခေါင်းလိမ်းဆီလုပ်ပြီး ယူကစားလာကြတော့ နှင်းသွဲ့ စိတ်ဆိုးရပြီ။

'ကိုကိုတို့သားအဖ လွန်လာပြီနော်။ သားသားက နားမလည်သေးလို့ ထားပါတော့၊ ကိုကိုက ဒီပစ္စည်းတွေ ဈေးကြီးမှန်းသိလျက်နဲ့ ပေးကစားထားရလား'

'သားသားနော် နောက်တစ်ခါ မေမေ့ မိတ်ကပ်ဘူးတွေ ယူကစားရင် ရိုက်မှာ'

'မင်းကလည်းကွာ၊ ဘာဖြစ်လဲ ကလေးပဲ ကစားပစေပေါ့'

သူတို့သားအဖကို စကားမဆိုတော့ဘဲ နှင်းသွဲ့ရဲ့ မှန်တင်ခုံကို သော့ခတ်ထားလိုက်တော့တယ်။ ကိုယ့်ပစ္စည်းဘာမှ ထိလို့မရတော့လို့ နှင်းသွဲ့လည်း စိတ်အေးလက်အေးပေါ့။ တစ်ညမှာတော့ ကိုကိုက ရေချိုးခန်းဝင်နေတုန်း သားသားက ဘူးတစ်ဘူးနဲ့ အလုပ်ရှုပ်နေတယ်။ သွားကြည့်လိုက်တော့ အသစ်စက်စက် ညလိမ်းကရင်မ်ဘူးထဲကနေ ကရင်မ်တွေကို ထုတ်ပြီး အိပ်ရာခင်းပေါ် လျှောက်သုတ်နေတယ်။

'ဟယ် သားသား အဲဒီဘူး ဘယ်ကရတာလဲ'

နှင်းသွဲ့အမေးစကား မဆုံးခင် ရေချိုးခန်းထဲက ကိုကို ထွက်လာပြီး-

'ကိုကို ဝယ်လာတာ၊ လုပ်ပါစေ နှင်းသွဲ့ပစ္စည်းတွေမှ မဟုတ်တာ'

'ဟင် နှင်းသွဲ့ ပစ္စည်းမလို့ ပြောတာမဟုတ်ဘူးလေ။ ဘယ်သူ့ပစ္စည်းဖြစ်ဖြစ် အလုကုန်က ဆော့စရာမှ မဟုတ်တာ'

ကိုကိုက နှင်းသွဲ့ကို ဘာမှ ပြန်မပြောတော့ဘဲ အိပ်ရာခင်းပေါ်က ညလိမ်းကရင်မ်တွေ ယူလိမ်းနေပါတော့တယ်။ ပြီးတော့ ကိုကို့ စာကြည့်စားပွဲပေါ်မှာ အလုကုန်ပစ္စည်းတွေ အများကြီး ဝယ်ထားတာတွေ့တယ်။ သားသားကို အဲဒီလောက် အလိုလိုက်တဲ့ ကိုကို့ကို နှင်းသွဲ့ မကြိုက်ချင်တော့ပါဘူး။

❑

၄။

နှင်းသွဲ့ဟာ သဝန်တိုတတ်သူ မိန်းမတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုကို့ရဲ့အမူအရာတွေ ပြောင်းလဲနေတာတော့ သတိထားမိနေတယ်။ နှင်းသွဲ့အပေါ်မှာ သိပ်သွေးအေးသွားတယ်။ ရုံးကကားပေးထားပါလျက် အလုပ်နောက်ကျတာအကြောင်းပြပြီး အိမ်ပြန်မအိပ်တော့တဲ့ ညတွေ များလာတယ်။ ပြန်လာတဲ့တစ်ညမှာတော့ နှင်းသွဲ့ ကိုကို့ကို မေးကြည့်မိတယ်။

'ကိုကို စက်ရုံက မြို့ပေါ်မှာလည်း မဟုတ်တော့ ဘယ်လိုတွေ နေထိုင် စားသောက်နေလဲ'

'စက်ရုံစောင့် မိသားစုက ချက်ကျွေးနေပါတယ်၊ ကိုကို့အတွက် မပူနဲ့၊ ညစာလည်း မစားဖြစ်တာဆိုတော့ သိပ်အလုပ်မရှုပ်ပါဘူး။ အခုစီမံကိန်း ပရော့ဂျက်ချက်က ကြီးတယ်လေ သွဲ့ရယ်၊ ဘတ်ဂျက်ကလည်း အများကြီး ရထားတာ။ တစ်ခုခု အမှားဖြစ်သွားရင် ကိုကိုပဲခံရမှာ။ အဲဒါကြောင့် ဆိုက်ထဲကနေ မျက်ခြည်မပြတ်ချင်လို့ အိမ်ပြန်မအိပ်ဖြစ်တာပါ'

နှင်းသွဲ့ရဲ့ အမေးစကားတစ်ခွန်းကို ကိုကိုက အဖြေစကား အများကြီး ပေးသွားတယ်။ ကိုကိုနဲ့ နှင်းသွဲ့တို့ ချစ်သူဘဝကတည်းက ခင်လာခဲ့တဲ့ သူငယ်ချင်းကို ရင်ဖွင့်မိတယ်။ သူက လူကသာ အပျိုကြီးရယ်၊ ကိုယ့်ကို လက်ချာတွေ အများကြီး ပေး၊ သူ ကြားဖူးထားသမျှ နည်းဗျူဟာတွေ အကောင်အထည်ဖော်ခိုင်း လုပ်နေတာနဲ့ ပိုပြီး သံသယပွားရလို့ နောက်ဆို ရင်မဖွင့်တော့ဘူး။ ကိုကို့ အမေကတော့ ပြောပါတယ်၊ နှင်းသွဲ့က အူရှည်လွန်းတယ်တဲ့။ ယောကျ်ားအိမ်ပြန်မအိပ်တာကို နည်းနည်းမှ ရန်မလုပ်လို့တဲ့လေ။ ခက်တာက အလုပ်ဌာနက တူနေတော့ ကိုကို ပြောတဲ့အကြောင်းပြချက်က ခိုင်လုံနေတယ်လို့ စိတ်က သိနေတယ်။ မသိနေတာက ကိုကို ဘာလို့ နှင်းသွဲ့ကို စိမ်းလာတာလဲ ဆိုတာပဲ။ ကလေးမွေးပြီးပေမဲ့ နှင်းသွဲ့ ဘော်ဒီ အမိုက်စားရယ်လို့ ရုံးမှာ ချီးကျူးခံရသူ။ အသက်ကလည်း ကိုကို့ထက် ခြောက်လ ငယ်တယ်။ ပြောချင်တာ အရွယ်အရလည်း နှင်းသွဲ့ မအိုသေးပါဘူး။

သားသား မူကြိုပိတ်ရက်၊ နှင်းသွဲ့ ရုံးပိတ်ရက် တိုက်ပြီး ကိုကို့နောက် လိုက်သွားကြတယ်။ နှင်းသွဲ့တို့ သားအမိကို တွေ့တော့ ကိုကိုက အေးအေးဆေးဆေးပါပဲ။

'လာချင်ရင် ကားလွှတ်ပေးမှာပေါ့ကွာ၊ သားသား ပင်ပန်းပါတယ်'

ကိုကို့ အိပ်ခန်းနဲ့ အလုပ်ခန်းလေးကို လှည့်ပတ် စပ်စုကြည့်နေမိတယ်။ ပစ္စည်းတွေ စီရရီနဲ့ စနစ်တကျ သန့်ရှင်းသပ်ရပ်လို့။ ကိုကို့ ခုတင်ခေါင်းရင်း စာကြည့်စားပွဲလေးပေါ်မှာ နှင်းဆီ ပန်းအိုးလေးတစ်လုံး ထိုးထားတယ်။ အိမ်မှာတောင် နှင်းသွဲ့ တစ်ခါမှ လုပ်မပေးဖူးဘူး။ ကိုကို့ အပြုအမူကလည်း ဘာမှ ထူးထူးခြားခြား မရှိသလို၊ စက်ရုံဝန်းထဲမှာ မသင်္ကာစရာ လူရယ်လို့လည်း မတွေ့ခဲ့ရ။ ကိုကို့ဆီက အပြန်မှာတော့ နှင်းသွဲ့ သံသယတွေ ကွယ်ပျောက်သွားခဲ့ရတယ်။ ကိုကို အိမ်ပြန် မအိပ်ခြင်းကလည်း အသားကျ ရိုးသွားရတော့တယ်။

ပရော့ဂျက်ကြီး ပြီးခါနီးရက်တွေမှာ ကိုကိုတစ်ယောက် ပိုပြီး အလုပ်များလာတယ်။ ကိုကို့ဆီက ဝန်ထမ်းအင်အားနဲ့ မလောက်လို့ နှင်းသွဲ့တို့ရုံးချုပ်က ဝန်ထမ်းအချို့ကို တောင် ယာယီ ပြောင်းရွှေ့ပေးထားရတယ်။ နေ့ရောညပါ ကိုကို အိမ်မပြန်နိုင်တာ သုံးလတောင် ကြာသွားခဲ့ရတယ်။ သားသားဆီကိုတော့ ညတိုင်း ဖုန်းဆက်လေ့ရှိပါတယ်။ တစ်ခါတစ်ရံတော့ နှင်းသွဲ့လည်း ဝင်ပြောဖြစ်တယ်။

'နေကောင်းလား၊ အဆင်ပြေလား၊ ပင်ပန်းနေလား'။ သည်စကားတွေပဲ ပြောဖြစ်ကြတယ်။ ကိုကိုကလည်း 'ဒီလိုပါပဲ' လောက်သာ ပြန်ဖြေတတ်သူမို့ နောက်



www.burmeseclassic.com

www.burmeseclassic.com

ပိုင်း သားသားနဲ့ပဲ ဖုန်းပြောကြတော့တယ်။

ပရော့ဂျက်ပြီးဆုံးလို့ ကိုကို အိမ်ပြန်ရောက်လာတဲ့ ညက–

'နှင်းသွဲ့ကို ပြောစရာရှိလို့၊ သားသား အိပ်မှနော်' တဲ့။ ထူးထူးဆန်းဆန်း ဆိုလာတယ်။ ကိုကို့ အမူအရာက ရှက်ရွံ့နေသလို ပုံစံလေးမလို့ နှင်းသွဲ့တောင် ရင်နည်းနည်း ခုန်သွားရတယ်။

သားသား အိပ်ပျော်သွားတော့ နှင်းသွဲ့က ခုတင်ပေါ်မှာ ထိုင်လို့ မျက်နှာချင်းဆိုင် စာကြည့်စားပွဲမှာ ကိုကိုက ဝင်ထိုင်တယ်။ စားပွဲခုံကို ဘောပင်နဲ့ ခေါက်နေပြီး ဘာမှလည်းမပြောဘူး။ စိတ်လှုပ်ရှားနေတဲ့ပုံက သိသာလွန်းတယ်။

'ကိုကို ပြောလေ'

နှင်းသွဲ့ကပဲ စတင်ဖောက်ခွဲပေးလိုက်တော့တယ်။

'ကိုကို့မှာ ချစ်မိသွားသူရှိနေပြီ နှင်းသွဲ့ရယ်'

'အင်း…'

နှင်းသွဲ့ တည်တည်ငြိမ်ငြိမ်ပဲ စကားထောက်ပေးလိုက်တယ်။ ဖြစ်လာနိုင်တယ်လို့ တွေးပြီးသားမို့ ထူးပြီး မတုန်လှုပ်တာလည်း ပါမယ်ထင်တယ်။

'အဲဒီတော့ ဆက်ပြောလေ'

စကားဆက်မပြောတော့ဘဲ ငြိမ်နေတဲ့ ကိုကို့ကို နှင်းသွဲ့ကပဲ ဆက်မေးရတော့တယ်။

'တောင်းပန်ပါတယ် နှင်းသွဲ့ …..ကိုကို ဟိုမှာပဲ သွားနေတော့မလို့'

'ဟင် အခုရော ဘယ်မှာ နေနေလို့လဲ'

'မဟုတ်ဘူး၊ အပြီး သွားနေတော့မလို့'

ကိုကို့စကား အဆုံးတိုင်ပြောပါစေလို့ တွေးပြီး နှင်းသွဲ့ ငြိမ်နေလိုက်တယ်။

'သားသားနဲ့တော့ လာတွေ့မယ်နော်၊ ဟိုလေ တစ်ဖက်က လူလွတ်ဆိုတော့ နှင်းသွဲ့နဲ့ တရားဝင် ကွာရှင်းတာမျိုးလေး လိုချင်တယ်'

'ဟင် အဲဒီလောက် လိုလို့လား ကိုကိုရယ်'

ကိုကို့ ရှင်းပြစကားတို့ အားလုံးကြားသိ လိုက်ရချိန်မှာတော့ နှင်းသွဲ့ အံ့သြဆွံ့အ သွားရတယ်။ ကိုကို့မျက်နှာကို ငေးကြည့်ရင်း ဝမ်းနည်းစိတ်၊ ယူကျုံးမရစိတ်တို့က လှိုက်လှိုက်တက်လာတာ မျက်ရည်ကျဖို့ မေ့သွားသည်ထိပါပဲ။

'ကိုကိုတို့ အခြေနေကို နားလည်လက်ခံပေးတဲ့ သူ့ဝန်းကျင် အသိုင်းအဝိုင်းလေးမှာ ညည့်ခံပွဲလေး လုပ်ပေးချင်လို့'

'ဟင် အဲဒီလောက် လိုလို့လား ကိုကိုရယ်'

ထိုစကားတို့ကို သာ နှင်းသွဲ့ ဆိုတတ်တော့တယ်။

'ကိုကို လုပ်ပေးချင်လို့ပါ'

❑

၅။

ကိုကို့ကို လွတ်လပ်ခွင့်ပေးပြီးနောက် နှင်းသွဲ့ ခံစားချက်တို့က ထုံဆေးမပြယ်သေးတဲ့ လူနာလို။ ဘယ်သူ့ကို ရင်ဖွင့်ပြီး ဘယ်လိုငိုကြွေးရမလဲလို့တောင် မသိတော့ဘူး။ ရုံးမတက်ဘဲ တစ်ပတ်လောက် ခွင့်နဲ့ အိမ်ထဲမှာပဲ နေလိုက်တယ်။ ရုံးက လူတွေလည်း အနေးနဲ့အမြန်တော့ သိလာကြမှာပဲ။ ကိုကိုကလည်း သူ့အလုပ်ကို ပြောင်းမှာမဟုတ်လောက်ဘူး။ ကိုယ်ကပဲ အလုပ်ထွက်လိုက်ရမလား။ 'နှင်းသွဲ့တို့ သားအမိကို လစဉ် ထောက်ပံ့ငွေလည်း ကိုကို ပေးနေမှာပါ' လို့ ပြောသွားတယ်။ တကယ်လည်း သူပေးမယ်ဆိုတာ ယုံပါတယ်။ ကိုကိုဟာ ဖောက်ပြားတတ်သူ ဖြစ်ချင်ဖြစ်မယ်၊ တာဝန်မဲ့သူ တစ်ယောက်တော့ မဟုတ်မှန်း နှင်းသွဲ့သိတယ်။

ဘာမှမစားချင်၊ ဘယ်မှလည်းမသွားချင်နဲ့ ဧည့်ခန်းထဲမှာ တစ်ယောက်တည်း ထိုင်နေမိတယ်။ သားသားကို ထိန်းတဲ့ ကောင်လေးကလည်း ပြင်ပမှာ အလုပ်သွားလုပ်တော့မယ်ဆိုပြီး အလုပ်ထွက်သွားပြီ။ တော်သေးတယ် ဒီရက်ထဲ နှင်းသွဲ့ အမေရောက်နေလို့ သားသားကို ကြည့်ပေးမယ့်သူ ရှိနေတာ။ အခုလည်း သားသား အသံမကြားပါလား၊ ငြိမ်နေလိုက်တာဆိုပြီး အိပ်ခန်းထဲဝင်ကြည့်မိတော့ မှန်တင်ခုံရှေ့မှာ အကျအန ထိုင်ပြီး နှုတ်ခမ်းနီတွေ ဆိုးနေလိုက်တာ မျက်နှာတစ်ပြင်လုံး ပေပွလို့။ နှင်းသွဲ့ စိတ်တိုသွားပြီး သားသားကို စိတ်လွတ်လက်လွတ် ရိုက်လိုက်မိတယ်။

'ဟဲ့ ငါ့မြေးကို ဘာလို့ မဲရိုက်နေတာလဲ။ တော်တော့'

အမေ့ရင်ခွင်ထဲကနေ သားသားက နှင်းသွဲ့ကို ကြောက်နေပုံလေးနဲ့ လှမ်းကြည့်နေတော့ စိတ်မကောင်းဖြစ်သွားရတယ်။

'မဲရိုက်တာ မဟုတ်ပါဘူး အမေရယ်။ ကိုကို့ကို ယူကျုံးမရ ဖြစ်နေတဲ့စိတ်နဲ့ သားသားအပေါ် လုပ်မိသွားတာပါ'

❑

၆။

ရုံးပြန်တက်တော့ သူငယ်ချင်း အပျိုကြီးကို ရင်ဖွင့်မိတယ်။ စက်ရုံစောင့်မိသားစုထဲက တစ်ယောက်နဲ့လို့ ပြောပြတော့ 'အကြာကြီး စိတ်ချလက်ချပစ်ထားတဲ့ နင့်အပြစ်လည်း မကင်းဘူးတဲ့'။ ကိုကိုနဲ့ နှင်းသွဲ့အကြောင်း အကုန်သိထားသူမလို့ သူလည်းပဲ တအံ့တသြနဲ့။

'သူတို့က ဧည့်ခံပွဲတောင် လုပ်ကြဦးမယ် ဟုတ်လား၊ အံ့သြလိုက်တာဟယ်။ နင့်ကို သူ သိပ်ချစ်တာပါ၊ နယူးရီးယားည လက်ထပ်ခွင့်တောင်းတဲ့ ပုံရိပ်လေးငါ့မျက်စိထဲ ခုထိ မြင်ယောင်ဆဲဟာ'

'အေးဟာ အခုရော သူက ခွင့်တောင်းသူလား၊ ခွင့်တောင်းခံရသူလား မသိတော့ပါဘူး'

နှင်းသွဲ့တို့ နှစ်ယောက်စလုံး စကားမဆက်ဖြစ်ဘဲ အတွေးကိုယ်စီနဲ့ ငြိမ်နေမိတယ်။

'ငါ့ဘဝမှာလေ ကိုကို့ကို တစ်ယောက်ယောက်နဲ့ လုပြီး ချစ်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့မိပါဘူး။ အထူးသဖြင့် ယောကျ်ားလေးတစ်ယောက်နဲ့ပေါ့ဟာ'

■

ခင်သန္တာ



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၁၉)မှ . . .*

**vrkluifnqkluif aumifuif rnfrnfuDuk ol armifhD ai;aew, f wpfcgwav aq;Gaq;Gnfhnfh a[ mifv, f vpfdfawlGvkd a[ mifvh toHkd r[ kwfbl 0rfenfalluuG &ifkJ qkdpfaewh toHkd**

ကျ အိမ်နားနီးချင်းတွေ ပြောမှ သိရတာ။ ဘိုဖြူ့အိမ်က လည်း ဘိုဖြူကို အပိုင်မွေးဖို့ ပေးလိုက်တော့တယ်။

ဒီလိုနဲ့ ဘိုဖြူက ကိုယ်တို့အိမ်သား ဖြစ်လာတယ်။ သူ့အတွက် အဝတ်အစားကောင်းကောင်းဝတ်ပေး၊ အိပ်ဖို့ ကတ္တီပါဖုံ၊ စောင်အသစ်ကလေးတွေ ခင်းထားပေးတယ်။ ခေါင်းအုံးအသေးလေးတောင် ပါလိုက်သေး။

ဒီတော့မှ ဘိုဖြူက သူ့အိပ်ရာလေးမှာ အချိန်တန်ရင် ဝင်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်တော့တယ်။ ဖြူလုံးကို ကျွေးသမျှ အစာကို ဘိုဖြူစားရတယ်။ ဘိုဖြူ့ကို အိမ်မှာခေါ်ထားလို့လည်း ဖြူလုံးက မငြိုငြင်၊ အေးဆေးပါပဲ။ တကယ်လို့သာ ဖြူလုံးက လက်မခံရင်၊ မောင်းထုတ်ရင် ဘိုဖြူ နေလို့ရမှာ မဟုတ်ဘူး။

ဒါကြောင့် ဘိုဖြူက ဖြူလုံးကို ကျေးဇူးတင်နေပုံရပြီး နေရာတိုင်းမှာ သူကသာ အနွံအတာခံရှာတယ်။ ဘာပဲစားစား ဖြူလုံးကို ဦးစားပေးတယ်။ ဖြူလုံး မစားမှ သူစားတယ်။ ဖြူလုံးက ဘိုဖြူ့အပေါ် အရာရာ ခွင့်လွှတ်တတ်ပေမဲ့ ဖြူလုံးရေချိုးတဲ့အခါတော့ ဘိုဖြူကို ရေပေးမချိုးစေချင်ပါ။

ဘိုဖြူကို ရေချိုးပေးရင် ဖြူလုံးက ဒေါသတကြီးဟောင်နေတော့တယ်။ ဖြူလုံးကို ကြိုးချည်ထားရတယ်။ ဘိုဖြူကို ရေသုတ်၊ ဟဲဒရိုင်ရာနဲ့ မှုတ်ပြီး လွှတ်လိုက်တဲ့အခါ ဖြူလုံးက ဘိုဖြူ့နောက်ကို တစ်ဟုန်ထိုး ပြေးလိုက်တော့တာပဲ။ ဘိုဖြူကလည်း စ,ချင်လို့ ကြောက်တဲ့ပုံနဲ့ ပြေးပြတယ်။ မိတဲ့အခါကျတော့လည်း ဖြူလုံးက တကယ်မကိုက်ပါဘူး။ ရေချိုးပြီးခါစဆိုရင် သန့်ပြန့်လန်းဆန်းမြူးကြွနေကြတယ်။

ဒါတွေကို ဘိုဖြူ သတိရနေပုံပဲ။ နေ့လယ်ခင်းဆို အိမ်ရှေ့မှာ ဝပ်ပြီး လမ်းမဘက်ငေးနေတတ်တယ်။ အခု ပိုဆိုးတာက မြို့လေးမှာ ဘိုဖြူနဲ့ရွယ်တူ ဘော်ဒါတွေ တစ်ကောင်တလေတောင် မရှိကြတော့တာပဲ။ အသက်လည်း ကြီးလာပြီ မဟုတ်လား။

ဘိုဖြူက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပဲ။ လမ်းလျှောက်ထွက်တဲ့အခါ ဘယ်နေရာရောက်ရောက် သူ့အရွယ်တူ ခွေးမလေးတွေက ဘိုဖြူမို့ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ တစ်ခါတည်း အမြီးတခါခါ၊ ဖင်တလှုပ်လှုပ် ဖြစ်နေကြတော့တာပဲ။ ရွှေဘိုမင်းကြိုက် ဒေါင်ကောင်းကောင်း ခွေးမကြီးတွေကလည်း မနေနိုင်။

ဘိုဖြူဆို ဖင်လေး နန့်ပြ၊ ခါပြ လုပ်တယ်။ ဒါကြောင့် ခွေးထီးငနဲကြီးတွေက ဘိုဖြူ့ကို မကြည်ကြဘူး။ လစ်တာနဲ့ တွယ်ချင်နေကြတယ်။ ဘိုဖြူက မြာစွံတဲ့ ခွေးမင်းသားပဲ။ အယ်လ်ဇေးရှင်း ခွေးကြီးတစ်ကောင်ဆိုရင် အိမ်လာလာပြီး ဘိုဖြူကို နမ်းရှုပ်နေတာပဲ။

အကောင်သေးပေမဲ့ သတ္တိကတော့ မသေးဘူး။ ခွေးကြီးတွေနဲ့ ပြိုင်ကိုက်တယ်။ ဘိုဖြူတို့ မျိုးနဲ့ရိုးနဲ့ ကိုက ကိုက်တတ်တဲ့အမျိုး။ အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ၊ ဥရောပ ဆယ့်တစ်နိုင်ငံမှာ ဘိုဖြူတို့အမျိုးကို အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးခွင့်မပြုဘူး။ သူတို့ကို စစ်တပ်မှာ ဗုံးရှာ၊ မူးယစ်ဆေးဝါး ရှာတဲ့အခါမှာ သုံးတယ်။ ဘိုဖြူက ဖြူလုံးကို ချစ်တာလည်း မပြောနဲ့လေ။

ညည အိပ်ခါနီးဆိုရင် ဖြူလုံးက ဘိုဖြူ့မျက်နှာကို သူ့လျှာနဲ့ လျက်ပြီး သန့်ရှင်းပေးတယ်။ တစ်ကိုယ်လုံးလည်း လျှာနဲ့ လျက်ပေးတယ်။ ဘိုဖြူက မှိန်းပြီး ဇိမ်နဲ့ခံတယ်။ သူတို့နှစ်ယောက်ရှစ်နှစ်လောက် အတူတူနေခဲ့ကြပေမဲ့ ဖြူလုံးက သေသွားရော အပျိုကြီးပဲ။ ဒီကောင်မက ယောက်ျားလျှာ စိတ်များ ဝင်နေသလား မသိဘူး။ သူကပဲ တစ်ပြန် ဘိုဖြူကို လုပ်ချင်နေတယ်။

အခုတော့လေ မနက်ဆိုလည်း ဘိုဖြူတစ်ယောက်တည်း အိမ်ရှေ့ထွက်ထိုင်၊ လမ်းမဘက်ကို ငေးနေတတ်တယ်။ နေ့လယ်ဆိုလည်း ကုလားထိုင်ပေါ်တက်ဝပ်ပြီး လမ်းမဘက်ကို ငေးနေတတ်တယ်။ ညနေ နေဝင်ဆည်းဆာချိန်ဆိုရင် သူ အိမ်ရှေ့ထွက်သွားတယ်။ ပန်းပင်နားမှာ ငုတ်တုတ်ထိုင်ပြီး လမ်းမဘက်ကို ငေးနေတတ်တယ်။

ခဏလေးနေတော့ သူ့ရင်ဘတ်ထဲက လာတဲ့ ဆွေးနင့်ကြေကွဲ လွမ်းလျှ တမ်းတနေတဲ့ လေးလေးပင်ပင် ဆွဲဆွဲ ငင်ငင်အသံနဲ့ အမှောင်ထဲကို တဝုတ်ဝုတ် အော်နေလိုက်တာ ဆက်တိုက် တောက်လျှောက်၊ ညမှောင်တဲ့အထိပဲ။

သူ့မျက်ဝန်းတွေက မျက်ရည်ကြည်လေးတွေ စို့နေတယ်။

'ဖြူလုံးရေ . . . နင်ဘယ်လျှောက်သွားနေလဲ။ အိမ်ပြန်ခဲ့ပါတော့'

ဖြူလုံးရေ . . . ဖြူလုံးရေ . . . ဖြူလုံးရေလို့ အော်နေတယ် ထင်ပါရဲ့။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် အမှောင်ထုကျနေတယ်။


အမှောင်ထဲမှာ ဘိုဖြူ ထိုင်နေတယ်။ ■

ပြေါဆေး-၂၊



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်ဖြောင့်
## ကျွန်ုပ်နှင့်စကားမတဲ့အမြိုင်

'ဒီမှာ နေချင်လှချေရဲ့
လို့ နေနေတာ
မဟုတ်ဘူးကွ။
မတတ်သာလို့သာ
နေနေရတာ။ တော်တော်
ခွကျတယ်'
ဒါက ဘယ်သူမှ
မမေးပေမဲ့
ကိုသထော်အောင်
ပြောနေကျ
စကားတစ်ခွန်းဆိုတာ
လူတော်တော်များ
သိနေကြပြီ။ တစ်ယောက်
သူ့စကားကို နားထောင်ပြီး
'ဘာလို့လဲ'
မေးလိုက်ရင်တော့-
'ဘာလို့ရမလဲကွ၊
သား ဦးဇင်းက သူ့ညီကို
ရှင်ပြုပေးမလို့တဲ့။ ဒါနဲ့
ငါ့ကို ပရိက္ခရာလှူယ်ဖို့
ပြောလို့ ဈောင့်နေရတာ။
ငါ တစ်စက်ကလေးတောင်
မနေချင်လှဘူး။ ဒီမှာ
နေရထိုင်ရ၊
စားရသောက်ရတာ
ဘယ်လောက်
မျက်နှာငယ်ရနဲ့
နေနေရတယ်ဆိုတာ
ငါ့ဟာငါပဲ သိတယ်ကွ'လို့
ညည်းချင်းဖွဲ့တတ်တယ်။
'သားသမီးတွေရှိနေတာပဲဗျာ
ခေါ်ကျွေးမှာပေါ့'။
'အခု သမီးကြီးအိမ်မှာ
စားသောက်နေတာ ဒါပေမဲ့
သမက်အဖေက သားသမီး
အိမ်လာပြီး ကပ်နိုစားနေ
တယ်၊ အရှက်လည်းမရှိဘူး
တဲ့လေကွ။ ဘယ်လောက်
မခံချင်စရာကောင်းလဲ
တွက်ကြည့်ပါဦး'။
သူဟာ အတော့်ကို
နာနာကျင်ကျင်
ပြောနေတယ်။
'အင်း... အခု
မသွားနိုင်မလာနိုင်
သွားလာနေရတာ။
ဟောဒီမှာကြည့်'ဆိုပြီး
သူ့ခအိုဝနားမှာ ဖြစ်နေတဲ့
အနာကိုလှပ်ပြတတ်တယ်။
သူ့ခအိုဝမှာ ပန်းသီး
အရွယ်လောက်ရှိတဲ့
အနာကိုပေါ့။ 'ငွေရှိရင်
ဒီအနာကို ကုသချင်တယ်။
အခုတော့ ဒီတိုင်း
ငုတ်တုတ်ခံနေရတာ။
ဒီခန္ဓာ သိပ်ပြီးတော့လည်း
အသက်ရှည်ပါပကော'လို့
သံဝေဂညာဏ်
တစ်မွေ့တစ်ပိုက်ကို



www.burmeseclassic.com

www.burmeseclassic.com

ရင်မှာ ထွေးပိုက်ထားတယ်။
ဒီအနာဟာ ငယ်ငယ်က ကိုရင်ဘဝမှာ ခါးဆက်မှာ ငရုတ်ကောင်းစေ့အရွယ်ရယ် ပေါ့။ ခုကြတော့ ခါးဆက်က နေ တစစ ရွေ့ရွေ့ပြီး အောက် ဘက်ကိုဆင်းသွားတာ။ အနာ ကလည်း ကြီးကြီးလာတယ်။ နောက် ပြည်တည်လာရာက ပေါက်ထွက်သွားတယ်။ အဲဒီ အနာကို ဆေးဝါးထည့်တယ်။ အနာကျက်ချင်သလိုရှိပေမဲ့ လုံးဝတော့ ကျက်မသွားပေ ဘူး။ ဒါကြောင့် သူ့မှာ သွား ရလာရမလွယ်။ သူ့အနာဟာ အနာတော့ အနာကြီးဆိုတာ သူသတိပြုမိတယ်။ ဒါပေမဲ့ ဆေးဝါးပိုင်ပိုင်နိုင်နိုင် မကုသ နိုင်ဘူး။ သူက ပျံကျလှည့် လည်သွားလာနေတဲ့ ဂျက်ပစီ တစ်ယောက်လိုပဲ ဆိုပါတော့။ တကယ်တော့ သူဟာ ဂျက် ပစီလို လွင့်မျောသွားလာနေရ မယ့်သူတော့ မဟုတ်။ သူ့မှာ ထမင်းတစ်လုတ်ကို ဝအောင် ရှာစားနိုင်တဲ့ အတတ်ပညာ ရှိသူ ဖြစ်တယ်။ ဒါပေမဲ့ သူ့ အတတ်ပညာက သူ့ကို မျက် ကွယ်ပြုထားတယ်။ ဆရာ တော်တစ်ပါး သူ့လက်ကို ဆွဲယူကြည့်ဖူးတယ်။ သူ့ လက်ဝါးပြင်က နူးညံ့ပျော့ အိနေတယ်။ ဒါကြောင့် ပင်ပန်းကြီးစွာ လုပ်မစားရ တတ်ဘူးတဲ့။ သက်သောင့် သက်သာ လုပ်ကိုင်စားရ တတ်တယ်လို့ ဟောဖူးတယ်။ ဒါကို သူ မကြာမကြာ ပြော တတ်တယ်။ ဟုတ်တော့ လည်း ဟုတ်သားပဲ။ အခု သူ့အသက် ခြောက်ဆယ် ဘက်ကို နီးနေပြီ၊ ဘာမှ ဟုတ်တိပတ်တိ ပင်ပန်းစွာ

**]tck orDuDt dfS pm;aomuf;ewm 'gayrh oruft azu om;orD t dkf/mlyD uyfck pm;aew, f t &Sif/nf r&Sd}wkv uG b, f;vmuf rcbkip&m aumifvJ wGiflunfygD**

မလုပ်ဖူးသေးဘူး။
သူ အဝတ်အထည်ချုပ် တယ်။ အထူးသဖြင့် သူ့လက် ရာဟာ တိုက်ပုံအင်္ကျီချုပ်ရာ မှာ အတော်လူကြိုက်များတဲ့ သူရယ်။ နောက် ဘောင်းဘီ တို့ဘာတို့ပေါ့။ သူဟာ ငယ် ငယ်က ရန်ကုန်သွားတယ်။ သင်တာကတော့ အများ သား။ ဓာတ်ပုံပညာ၊ နောက် ပုံတူဆွဲတာ၊ နောက် မျက် လှည့်ပညာတွေ သင်တယ်။ ဘာမှတော့ တစ်နပ်စာပြည့် တာ မရှိပေဘူး။ စက်ချုပ် ပညာသာ အဓိကတတ်ကျွမ်း လာတယ်။ ဒါနဲ့ သူဟာ သူတို့ ကစ္ဆပမြစ်ကမ်းဘေးက တော မြို့လေးမှာ အခြေစိုက်တယ်။ သူ့လက်ရာကြောင့် သူ့ဆီ လာလာအပ်ကြတယ်။ ဒီမှာ သူ က တပည့်တပန်းတွေမွေး တယ်။ လရဲ့ အလယ်မှာ ကြယ်တာရာတွေ ဝန်းရံသလို ဆိုပါတော့။ ဆရာ သထော် အောင်ဟာ ညနေဘက်မှာ အညောင်းအညာပြေစေဖို့ တစ်ခွက်တစ်ဖလား မော့ တတ်လာတယ်။

အဲသလိုနဲ့ သူဟာ ဟန် ကျပန်ကျဖြစ်နေချိန်မှာ အခွန မြစ်နံ့ဘေး ရွာလေးတစ်ရွာက မယဉ်အေးနဲ့ အကြောင်းဆက် လို့ ပေါင်းဖက်လိုက်ကြလေ သတည်းပေါ့လေ။ သူတို့နှစ် ယောက် ရေစက်ဆုံတာက လည်း သထော်အောင်တို့ ရွာ က လူတွေ မယဉ်အေးတို့ ရွာမှာ အိမ်ထောင်ကျနေ တာက အများအပြားရှိနေ တယ်။ အဲဒီလူတွေရဲ့ လှော် ခတ်ပေးမှုကြောင့် ရေငန် သားနဲ့ ရေချို သူတို့ ဂဟေ ဆက် ပေါင်းဖက်လိုက်တယ် လေ။ သူတို့နှစ်ယောက်ကို ဆက်တဲ့ဂဟေဟာ အစပ်သိပ် မကောင်းလေတော့ ခဏခဏ ပြုတ်ခြင်းဖြစ်တတ်တယ်။

ကိုသထော်အောင်ဟာ သမီးကြီးကို မျက်နှာမြင်ပြီး မှ ရေငန်သားနဲ့ ရေချိုသူတို့ ဆက်တဲ့ ဂဟေဟာ ပြုတ် ထွက်သွားပါလေရော့။ အကြောင်းကတော့ ကိုသထော် အောင်ရဲ့ ရေချိန်ဟာ တစ် ခွက်တစ်ဖလားတင်မကဘဲ တစ်ပိုင့်၊ တစ်ပုလင်းထိ မြင့် တက်လာတော့တယ်။ အပ် ထည်တွေ ရက်ချိန်းမမှန်ဘူး။ ဒီမှာ ဖောက်သည်နဲ့ ခွန်းကြီး ခွန်းငယ် စကားများကြတယ်။ ဒီလို ဒီလိုနဲ့ ကိုသထော်အောင် ရဲ့နာမည်ဟာ ပုပ်ပွလာတော့ တယ်။ တစ်ခါတစ်ခါ အပ် ထည်တွေကို ပေါင်သောက် တဲ့အထိ နာမည်ပျက်လာ တယ်။ သူ့ဆီက ထွက်သွား တဲ့ တပည့်တွေက ဆိုင်ခွဲတွေ နဲ့ ဖြစ်သွားကြပြီ။ သထော် အောင်မှာတော့ မယားနဲ့ တကျပ်ကျပ်မို့။ နောက်ဆုံး တော့ သမီးကို လက်ဖျားဆွဲ ပြီး သထော်အောင်ဆီက ဆင်းသွားတယ်။ ဒီမှာ ပိုပို ယမကာလုလင်အဖြစ်ကို ရောက်သွားလေရော။ ဘဝ ပျက်နေချိန်မှာတော့ မယဉ် အေး ခြေဖဝါးတော်အောက် လာပြီး ပြားပြားမှောက်တယ်။

ဒီချိန်မှာတော့ မျက်နှာ တွေဖောလို့ ပွနေရာက တစ် စတစ်စ လူပုံသန့်ဖြစ်လာ တယ်။ အရက်ကို စိတ်နာပုံ၊ ပြောလိုက်တာတွေက ကျောက် ဆစ်ရုပ်တောင် ခေါင်းညိတ် မတတ်။ ဒီလိုနဲ့ ဘာကြာ လိုက်လဲ။ မယဉ်အေး ဝမ်း ကြာတိုက်မှာ ရတနာတစ် ထုပ်ကို ပွေ့ပိုက်လာချိန်မှာ စွပ်ထားတဲ့ အမြီးက ကျည် တောက်ကို ချွတ်ချလိုက် တယ်။ ပြန်ပြီးကောက် ကွေးသွားပါလေရောလေ။ ဒီ တစ်ခါတော့ သားယောကျ်ား လေး။

သားတစ်ယောက်၊ သမီးတစ်ယောက် ရရှိပြီးတဲ့ နောက် သထော်အောင်ရဲ့ လုပ်စာကို မျှော်ကိုးလို့ မရဘူး ဆိုတာ မယဉ်အေး နားလည် လိုက်တယ်။ ဒါကြောင့် အလုပ်သစ်တစ်ခု စတင် လိုက်တယ်။ အလုပ်က ယောကျ်ားဘသားကြီးတွေ ကြိုက်တတ်တဲ့အလုပ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

သူကိုယ်တိုင် ထုတ်လုပ်တယ်။ သူကိုယ်တိုင်ရောင်းတယ်။ ဒါကြောင့် မယဉ်အေးရဲ့ ယမကာတွေဟာ မင်းယောက်ျားတွေ အကြိုက်ပေါ့။

နောက် မယဉ်အေးဟာ သမီးတစ်ယောက်၊ သားတစ်ယောက်အမေပေမဲ့ အမြဲကိုကြွကြွရွရွနေတတ်တော့ အဲဒါလေးတွေကလည်း ညှို့အားတစ်ခု ဆိုရမလားပဲ။ မယဉ်အေးမှာ အရင်းအနှီးတွေကိုလည်း ထုတ်ပေးမယ့်သူကမရှားဘူး။ ဦးအောင်ကျော်ကတော့ မိုးလင်းက မိုးချုပ်မယဉ်အေးအိမ်မှာ။ တစ်ခါတစ်ခါ မူးမူးနဲ့ မယဉ်အေးတို့အိမ်မှာ အိပ်ပျော်တာလည်း မကြာမကြာ။ မယဉ်အေးဖောက်သည်ထဲက ဦးအောင်ကျော်ဟာ ဖောက်သည်ထဲမှာ အရေးပေးခံရဆုံးသူလည်း ဖြစ်တယ်။ လိုအပ်တဲ့ အရင်းအနှီးဟာ ဦးအောင်ကျော်ဆီက ယူထားနိုင်ပေတာကိုး။ ဒီဟာတွေကြောင့် ဦးအောင်ကျော်ဆိုတာ မယဉ်အေးရဲ့ ဖောက်သည်ထဲ အရေးပေးခံရတယ်ဆိုတာလည်း သိပ်မဆန်းလှဘူးလို့ ဆိုမှာပေါ့လေ။ မယဉ်အေးဟာ သားရဲပေါတဲ့ တောမြိုင်ထဲမှာ ကျက်စားတဲ့ သမင်မလေးတစ်ကောင် ဖြစ်တယ်။ သူဟာ တောကျွမ်းတဲ့ သားကောင်တစ်ကောင်ဆိုတာ မှန်ပေမဲ့ သားရဲက အမြဲကြံစည်နေပေတာကိုး။ တစ်ချက်လေးအလစ်မှာတော့ သားရဲရဲ့ခံတွင်းထဲ သက်ဆင်းရတတ်တယ်ဆိုတာ မယဉ်အေး မသိ ဘယ်နေပါ့မလဲ

**t bÐLuD**
**pdv/fvykdkid**
**[ mOawmif**
**ajymprSv£fGv, f**
**O[ m**
**awmx0ifwmh**
**cVkvf**
**wkdufv, fvh**
**'gY**
**t dfÜukd**
**t ajy;vmMyD**
**"m;awG**
**ykqefawG**
**, MyD**
**tJDikvfukd**
**t NidwvDuÐY**
**wlypfzJw, f**
**wbh**

လေ။ ဒါပေမဲ့ မယဉ်အေးသားကောင်နဲ့ ဆော့ကစားတယ်။

ဒီတစ်ချီ ကိုသထော်အောင်ကို မယဉ်အေး ပေါင်းဖက်ချိန်မှာတော့ မယဉ်အေးဘဏ္ဍာတိုက်ထဲမှာ မီးခဲတစ်ခဲနေရာဝင်ယူလာနေတယ်ဆိုတာကို မယဉ်အေးမှအပ ဘယ်သူမှမသိနိုင်။ သထော်အောင်ကို လိုလိုချင်ချင်ပေါင်းသင်းရာမှာ မယဉ်အေးက ပြစ်တင်မောင်းမဲတာမရှိ၊ ဆူပူကြိမ်းဟိန်းဟောက်တာမရှိ။ ကြိုက်လို့သောက်တာသောက်စမ်း၊ ဒါပေမဲ့ ပေပေရေရေတော့ မရှိစေနဲ့ပေါ့။ ဒီလိုနဲ့ မယဉ်အေးဟာ တတိယမြောက် သမီးရတနာကို မိခင်ရော၊ ကလေးပါ အောင်မြင်စွာ ဖွားမြင်လိုက်တယ်။ တစ်ခုက အခု မွေးတဲ့ကလေးဟာ ကိုသထော်အောင်နဲ့ ပြန်ပေါင်းလို့ ခုနစ်လလောက်အရောက်မှာ မွေးတာ။ လမစေ့ဘဲ မွေးတဲ့ကလေး။ သမီးလေး လသားအရွယ်မှာတော့ မယဉ်လှ အလုပ်ကိုခေတ္တနားထားတယ်။ ဒါပေမဲ့ တာရှည်နားလို့မရ။ ဖောက်သည်တွေ ပျောက်ကုန်မှာလည်း စိုးမိတယ်လေ။ ဒီလိုနဲ့ နေနေလာတော့ ကလေးရဲ့ ပုံပန်းဟာ သထော်အောင်ပုံပန်းမပေါ်။ သမီးကိုကြည့်လေလေ သထော်အောင်ခံပြင်းလာလေလေ။ နေနှင့်ဦးပေါ့။ စိတ်ကို ထိန်းမနိုင်သိမ်းမရချင်တော့။

ဒါနဲ့ တစ်ညမှာ အရက်မူးအောင်သောက်ပြီး ကိုအောင်ကျော်တို့ တလင်းကို တစ်ယောက်တည်း ချီတက်သွားတယ်။ ဒီမှာ အောင်ကျော်ကို အပြတ်ရှင်းမလို့ သွားတာ။ ကိုအောင်ကျော်ကို မှောင်ရိပ်ခိုပြီး စောင့်တယ်။ အဲသလို သွားသွားစောင့်တာ သုံးလေးရက်လောက်ရှိပြီ။ ဒါပေမဲ့ သထော်အောင့်အကြံ အထမမြောက်။ အောင်ကျော်အရိပ်အယောင်တောင် မတွေ့ဘူး။ ဒါနဲ့ တစ်ညမှာ ကိုအောင်ကျော့်သူရင်းငှားတစ်ယောက် တောထိုင်အသွားမှာ လူရိပ်လူယောင်ကို တွေ့လို့ တဲထဲပြန်ဝင်ပြီး ကိုအောင်ကျော့်သူရင်းငှားတွေက ကိုသထော်အောင်ကို ဝိုင်းဖမ်းလိုက်ကြတော့ ကိုသထော်အောင်ဟာ တလင်းက စပါးကို ခိုးမှုနဲ့ ကျေးရွာကောင်စီရုံးကို ရောက်ရပါလေရော။ တော်သေးတာပေါ့။ ကိုအောင်ကျော်က သဘောထားကြီးပေလို့သာပေါ့။ မဟုတ်ရင် ထောင်ရောက်တန်းရောက် ရရော့မယ်။ ကိုသထော်အောင်အပေါ် ကိုအောင်ကျော့်က သဘောထားကြီးပုံကို ပြလိုက်တယ်။ ဒါနဲ့ နောက်ပိုင်းမှာတော့ ကိုသထော်အောင်ဟာ တတိယမြောက်ကလေးကို လိုလိုချင်ချင် ချီပိုးလို့။ ဒါပေမဲ့ နောက်ပိုင်းမှာ လူတွေက အပြောများလာတယ်။ "ဟယ် ရုပ်ကလေးက ချစ်စရာလေး၊ ဘယ်သူနဲ့တူပါလိမ့်" လုပ်လာကြတယ်။ ဒါနဲ့ ကိုသထော်အောင်ဟာ မယဉ်အေးကို ထားရစ်ခဲ့ပြီး ဇာတိရွာကို ပြန်တယ်။

အဲသလို ပြန်မပေါင်းတော့ဘူးလို့ ယတိပြတ်ပြန်သွားတာ။ ဒါပေမဲ့ နောက်ဆုံးတော့ မယဉ်အေးခြေတော်ရင်းမှာ ဝပ်စင်းခယတော့တာပါပဲ။ မယဉ်အေးဆီမှာ ဝပ်စင်းနေပေမဲ့ နောက်ဆုံးရတဲ့ သမီးလေးကိုတော့ သူ လုံးဝချစ်မြတ်နိုးစိတ်မဝင်ဘူး။ နည်းနည်းမူးလာရင် ဒီသမီးဟာ သူ့သမီးမဟုတ်ဘူး၊ ပီပီသသရော မပီမသရော ရင်ဖွင့်တတ်တယ်။ ဒီဟာကြောင့် သိတတ်လာတဲ့ သမီးလေးက အဖေဖြစ်သူကို သူစိမ်းတရံဆံသဖွယ် သဘောထားဆက်ဆံတယ်။ အဖေလည်းမခေါ်ဘူး၊ ဘာမှလည်းမခေါ်ဘူး။ ဒီလိုပဲ ကိုသထော်အောင် မယဉ်အေးတို့ အိမ်ထောင်ရေးဟာ သားသမီးတွေ ထပ်ထပ်တိုးလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကိုသထော်အောင်မှာ သားကြီးသမီးကြီးတွေနဲ့ ဖြစ်လာခဲ့ပြီ။ သူ့သားသမီးတွေမှာလည်း အိမ်ထောင် ဃရာဝါသနဲ့၊ သားသမီးတွေနဲ့။ မယဉ်အေးကတော့ သားသမီးတစ်အုပ်တစ်မနဲ့ ရုန်းကန်လှုပ်ရှားလို့။ သထော်အောင်မှာတော့ မည်မည်ရရ အလုပ်ရယ်လို့ မရှိဘူး။ အိုးဆိုးခွက်ဆိုးဖာတယ်။ ဖိနပ်ပြင်တယ်။ ထီးပြင်တယ်။ တစ်ခါတစ်ရံ အင်္ကျီချုပ်စက်တွေလိုက်ပြင်တယ်။ အတည်တကျ ဘာမှတော့ တိတိကျကျ မရှိလှဘူး။

မယဉ်အေးမှာတော့ သားသမီးတွေစားဖို့၊ နောက် အဖေမုဆိုးဖိုကြီးအတွက် စားဖို့သောက်ဖို့ တာဝန်ယူလုပ်ကိုင်ပေးရတယ်။ အဘိုးကြီးမှာ သားသမီးအများကြီးရှိပေမဲ့ ဘယ်သားသမီးမှ လက်မခံချင်ကြဘူး။ သူ့အဖေက စိတ်ဆတ်တယ်။ စိတ်တိုတယ်။ အဘိုးကြီး စိတ်တိုပုံကို ဟာသတောင်ပြောစမှတ်ရှိတယ်။ သူဟာ တောထဲဝင်တော့ ခလုတ်တိုက်တယ်တဲ့။ ဒါနဲ့ အိမ်ကိုထိ အပြေးလာပြီး ဓားတွေ၊ ပုဆိန်တွေယူပြီး အဲဒီအငုတ်ကို အငြိုးတကြီးနဲ့ တူးပစ်ဖူးတယ်တဲ့။ နောက် အဘိုးကြီးက မိန်းမဆုံးကတည်းက လူပျိုလုပ်ချင်လာတယ်။ ရှိုးတွေမိုးတွေထုတ်ပြီး ဟန်ရေးပြတယ်။ ရွာက အဘွားကြီးတွေကို ချဉ်းကပ်မရတော့ အရပ်တစ်ပါးသွားပြီး ရှာတယ်။

အဲဒီမှာ ယူလိုက်တယ်။ အဲသလို ယူလို့ ဘာမှမကြာဘူး ကွဲပြကြတာကလား။

]vbm;u ar@vmrS [ kv&Uvm; t y&may: aO;ygv, f w&pieffS;d xD.} q]D wp&ovkd NykvbxD atmEuD pEus, f ajymoNGnfvm wwfv, f 'DyU tbEuDu armifxkvf tdfy:u ESpfs

အဲ့သလို အဘိုးကြီးဆိုတော့ မွေးစားရတာ အတော်ခက်သားကလား။

မယဉ်အေးဟာ လင်တော်မောင်ကို အိမ်ပေါ်ခေါ်တင်တာကို အဖေလုပ်သူက သိပ်စိတ်ထဲမကြည်လင်ဘူး။ မတတ်သာလို့သာ ကြည့်နေတဲ့သဘောဖြစ်နေတယ်။ ခက်တာက ရွှေရည်စိမ်ဆိုတော့ လောင်ဆေးစားရင် အကုန်ပါရောကလား။ မတတ်နိုင်ဘူး။ ဒီလိုပဲ ဒုက္ခခံပေါင်းသင်းရတော့တဲ့ မယဉ်အေးဘဝပါလေ။ မသောက်နဲ့တော့လို့ ပြောတော့ "အနာကျက်အောင် သောက်တာတဲ့။ မတတ်သာလို့ သောက်တာ၊ အရင်လို ကြိုက်လို့သောက်တာ မဟုတ်ဘူး။ ဆေးဖြစ်ဝါးဖြစ် သောက်တာ"လို့ ဆင်ခြေပေးတတ်တယ်။ သူ့ဖင်ဝက အနာကလည်း အနာကျက်တယ် မရှိဘူး။ တောက ဆေးဆရာတွေဆီ လိုက်ရှာကုတယ်။ ဆရာလည်းစုံပြီ။ သက်သာရုံပဲ။ မပျောက်ဘူး။ ဒီလိုသောက်တဲ့အခါမှာ သမီးလတ်ရယ်၊ အဖေ အဘိုးကြီးရယ်က တစ်ဖက်၊ ကိုသထော်အောင်က တစ်ဖက်။ သောက်လာရင် ဒီနှစ်ယောက်နဲ့ အမြဲ ထိပ်တိုက်တွေ့နေကျပဲ။ ဒီကြားထဲမှာ မယဉ်အေးက လင်ဘက်က ကာကွယ်လိုက်၊ သမီးနဲ့အဖေကို မျက်နှာချိုသွေးလိုက်နဲ့။

သထော်အောင်ကလည်း သထော်အောင်ပါပဲ။ မူးလာရင် ဘာမှမသိတော့ဘူး။ အသက်ကြီးလာတာလည်း ပါမယ်ထင်တယ်။ အသောက်ဝါကြီးတာလည်း ပါပေမပေါ့။ သောက်လို့ အိပ်ရင် အိပ်ရာမှာ သေးပါချတယ်။ ဒီမှာ လူများအိပ်ချိန် မယဉ်အေးအိမ်က ကမ္ဘာပျက်တော့တာပါပဲ။

"လူသားက မွေးတာမှ ဟုတ်ရဲ့လား အိပ်ရာပေါ် သေးပါတယ်။ တိရစ္ဆာန်မျိုး၊ ထွီ…" ဆိုပြီး တစ်ရွာလုံးပြုတဲ့အထိ အော်ကြီးဟစ်ကျယ် ပြောသံထွက်လာတတ်တယ်။ ဒီလိုပဲ အဘိုးကြီးက မောင်းထုတ်၊ အိမ်ပေါ်ကနှင်ချ။ ဒါနဲ့ သထော်အောင် မယဉ်အေးဆီက ထွက်တော်မူနန်းကခွာတယ်။ အိမ်ပေါ်ကဆင်းတော့ နေစရာအိမ်မရှိဘူး။ ဒါနဲ့ သမီးကြီး သွားကပ်ခိုရတယ်။ သမက်ကတော့ တကယ့်ကို လူရိုးလူအေး။ နှာခေါင်းလက်ညှိုးထိုးလို့ ချေတတ်တဲ့ လူမဟုတ်ဘူး။ အဲ့သလောက်ကောင်းတဲ့သမက်။

ဒါပေမဲ့ ကြာလာတော့ သမက်က ငြိုငြင်လာတယ်။ ဒါကြောင့် မူးအောင်သောက်၊ ပြီးတော့ ကလော်တုတ်တော့တာပဲ။

"ခင်ဗျားကြီး ကျွန်တော့်အိမ်ရိပ်တောင် မနင်းနဲ့၊ အခုထွက်သွား"ထိ ဖြစ်လာတယ်။

"ဒီလောက်တောင် ကြီးကျယ်တဲ့ဟာတွေ၊ မနေဘူးကွာ၊ မနေဘူး"လို့ ဆင်းလာတယ်။

ကိုသထော်အောင်မှာ ဖင်က အနာကလည်း တစစ ပွတက်လာတယ်။ နေစရာလည်း နေရာမရှိဘူး။ ဒီတစ်ချီ မယဉ်အေးနဲ့ လူကြီးတွေရှေ့မှာ အပြတ်ကွာရှင်းကြတယ်။ ဒီကနေ မျိုးဆွေလေးပါးရှိရာဆီ သွားကပ်ခိုနေလိုက်တယ်။ ဒီနောက် ဆေးဝါးကုသမယ် ဆိုပြီး တစ်ခါတစ်ခါ ပေါက်ချလာတတ်တယ်။

သူ့အနာဟာ ကုရင်းမကောင်းတဲ့အပြင် အနာကကျယ်သထက်ကျယ်လာတယ်။ ဆေးရုံကတော့ ကင်ဆာတဲ့။ ဗိန္ဒောဆရာကတော့ မှိုနာတဲ့။ အနာက တစစရင်းလာလေလေ နံစော်လာလေလေပဲ။

ငွေကြေးကလည်း ရှာလို့မရ။ သူတတ်တဲ့ အတတ်ကလည်း ဘာမှနပ်စားပြည့်တဲ့ ပညာမပါ။ သူ့အသိမိတ်ဆွေ ဆွေမျိုးတွေဆီ သွားပြီး သဒ္ဓါဒေယျ မေတ္တာရပ်ခံတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုပဲ ခွေးလောက်ကျလို ဟို ကလည်း အကပ်မခံ၊ ဒီက လည်း အကပ်မခံ။ အဲ့သလိုပဲ ခန္ဓာ့ဒုက္ခကို လှလှကြီး ခံနေရ တယ်။ တကယ့်ကို ဒုက္ခနဲ့ ပက်ပင်းတိုး ရင်ဆိုင်နေကြရ တော့တာကလား။

သူ့သားသုံးယောက် အနက် အကြီးဆုံးသားကို သူ ကိုယ်တိုင် ရှင်ပြုပေးလိုက်ရ တယ်။ သားလတ်ကို သူ ရှင် ပြုမပေးလိုက်ရ။ ရွာဦး ကျောင်းမှာအပ်၊ ဒီမှာ စာ သင်ဆရာတော်က ရှင်သွင်း၊ စာသင်တိုက်ပို့။ ဒီလိုနဲ့ ပဉ္စင်း ဖြစ်လာခဲ့တာ။ သားပဉ္စင်းက အဖဖြစ်သူကို ပရိက္ခရာလှူယ် စေချင်လို့ ရွာကို ခေါ်ထား တယ်။ သားပဉ္စင်းကတော့ ရှင်ပြုဖို့ လိုအပ်တာတွေကို စုဆောင်းတယ်။ တော်ရုံနဲ့ ရောက်မလာသေးဘူး။ သူ့မှာ စားစရာ သမီးကြီးဆီ တိုးဝင် တယ်။ သမက်ကတော့ မျက် စောင်းတထိုးထိုးနဲ့။

လောလောဆယ်မှာ တော့ အသောက်အစားမရှိ လုံးဝဖြတ်ပစ်လိုက်ပြီလို့တော့ ပြောတယ်။ ဘယ်နှကြိမ် မြောက်လဲတော့ မပြောတတ်။

သမီးကြီးဆီက လက် မခံတော့ ဘယ်သူ့ဆီ ခိုကပ်ရ မလဲ။ တက်အိပ်မှာကတော့ အိမ်တစ်အိမ် တက်အိပ်ခွင့် တောင်းအိပ်ရင် ရတယ်။ စား မှာက ဘယ်အိမ်က ဘယ်နှနပ် ကျွေးမှာလဲလေ။ မယဉ်အေး ဆီ တက်နေဖို့က သမီးလတ် ရယ်၊ အဘိုးကြီးရယ်က ဂျွန် မောင်ကြောင့် စောင့်တော့ တယ်။ မယဉ်အေးကတော့ ဘာပဲပြောပြော ကရုဏာလေး ကတော့ ယိုဖိတ်လျှက်ပါပဲ။

တစ်ခု ကံကောင်းတာ က သမီးလေးက သူ့အဖေကို အဖေလို့ချစ်တယ်။ အဖေလို သတ်သတ်မှတ်မှတ် ရှိနေစေ ချင်တယ်။ မကောင်းတာက တစ်ပိုင်း၊ အဖေက တစ်ပိုင်း ပဲ။ မကောင်းလည်းအဖေ၊ ကောင်းလည်းအဖေပါပဲဆိုတဲ့ အဖေ့မေတ္တာကို ခံယူချင်နေတဲ့ သမီး။ သားဦးပဉ္စင်းက လည်း လာခဲလိုက်တာ။ ဒီ အတောအတွင်း သမီးအငယ် မက သူ့အဘိုးကို ချော့ပြီး တော့ သူ ထမင်းပို့ပေးပါရ စေတဲ့။ အဘိုးက ဆူဆူဆောင့် ဆောင့်နဲ့ 'သဘော သဘော' လို့ ခွင့်ပြုတယ်။ ဒါနဲ့ သူ့မှာ သမီးလေး ကောင်းမှုကြောင့် ထမင်းတစ်ဆုပ်ကို စားရတာ။

သားပဉ္စင်းရောက်လာ ပြီးနောက် သားထွေးကို ရှင် ပြုတယ်။ ပရိက္ခရာကို လှူယ် ရပေမဲ့ ပစ္စည်းလေးပါး လျှောက်တဲ့အချိန်မှာတော့ အဘိုးကြီးက ကိုသထော် အောင်ကို လုံးဝကို မကြည် လင်တဲ့ အကြည့်နဲ့ ကြည့်နေ တယ်။ ဒါနဲ့ သူဟာ ဒီ အကြည့်ဒဏ်ကို မခံနိုင်တော့။ မခံနိုင်တော့ ပရိသတ်အလယ် က ထ,လိုက်ပြီးရင် လူကွယ် ရာမှာ ကျလာတဲ့ မျက်ရည် စက်တွေကို သုတ်နေမိတယ်။

သူ အမှန်တကယ် စဉ်း စားမိတယ်။ သူ ပေပေတေ တေနေခဲ့တဲ့ မျိုးစေ့က သီးပွင့် လာတဲ့ အသီးအပွင့်တွေဟာ ခွေး လောက်ကျတဲ့ ဘဝ လောက်တောင်မှ မကောင်း တဲ့ အသီးအပွင့်တွေကို ရိတ် သိမ်းခူးဆွတ်နေရတော့တာ ကလားလေ။ ■

အယ်ကော်




၁၉၈၈ – ၈၉ ခုနှစ်က
ဒေါ်အောင်ဆန်းစုကြည်၏
မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်း
စည်းရုံးရေးခရီးစဉ်
မှတ်တမ်းစာအုပ် ဖြစ်ပါသည်။
စာရေးသူကိုယ်တိုင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပြန်ကြားရေးအဖွဲ့ဝင်အဖြစ်
လိုက်ပါခဲ့သည့် ထိုခရီးစဉ်သည်
စိတ်ပင်ပန်းစရာ၊ စိတ်မောစရာ၊
စိတ်အနှောင့်အယှက်ဖြစ်စရာများဖြင့်
ကြုံတွေ့ခဲ့ရသော ခရီးစဉ်ဖြစ်ခဲ့ပါသည်။
ထိုအကြောင်းကို
ဆရာမ မသီတာ(စမ်းချောင်း)က
လွန်ခဲ့သည့် နှစ် ၃၀ ကတည်းက
မှတ်တမ်းအဖြစ် ရေးသားခဲ့သည်။
မွန်ခရီးစဉ်ကို ၁၉၈၈၊ ဒီဇင်ဘာ ၁၄ ရက်နေ့မှာ
စတင်ခဲ့ပြီး ဧရာဝတီတိုင်း ခရီးစဉ်ကို
၁၉၈၉ ဇန်နဝါရီလ ၁၄ ရက်နေ့ မှာ စတင်ခဲ့သည်။
နှစ် ၃၀ ကြာခဲ့ပြီးနောက် ဤစာအုပ်ကို
တာနဒီ စာပေက ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။



www.burmeseclassic.com



သည်လိုနေရာ
သည်လိုအချိန်မျိုးမှာ
သူ့ကို မြင်တွေ့
လိုက်ရသဖြင့် သူမ
အံ့ဩထိတ်လန့်
တုန်လှုပ်သွားသည်။
ဘဝဘဝက ရေစက်တွေ
ကုန်ဆုံးသွားခဲ့ပြီဟု သူမ
တွေးထင်ထားခဲ့တာတွေ
မှားကုန်ပြီ။ နောက်တစ်ခါ
ပြန်တွေ့ဖို့
မသေချာတော့ဘူးဟု
ယုံမှတ်ခဲ့ရာက အခုလို
မျက်လှည့်ပြလိုက်သလို
လျှပ်တစ်ပြက်
ဆုံတွေ့လိုက်ရသဖြင့်
အမှောင်ထဲမှာ
ပုန်းကွယ်နေရာမှ
ဘွားခနဲ ခြောက်လှန့်
လိုက်သလို လန့်ဖျပ်
တုန်လှုပ်သွားခဲ့လေသည်။
"သက်နိုင်၊ ဒါ ငါ့မိန်းမ
နီနီနိုင်လေ"
ကိုမင်းနိုးက မသိသား
ဆိုးရွားစွာ မိတ်ဆက်ပေးနေ
သော်လည်း သူမသည်
နောက်တစ်ကြိမ်
ခေါင်းမော့လိုက်ဖို့ကိုပင်
အတော် လေးလံနေသည်။
စိတ်ထဲမှာလည်း
ကိုမင်းနိုးကို အတော်ကြီး
ရှဉ်စူးသွားကာ
အောင့်တောင့်တောင့်
မျက်တက်တက်ပင်
ဖြစ်လာသည်။

သွေ့ ရွှေအမြုတေ ချယ်ရီမဂ္ဂဇင်း၊ မေ ၂၀၁၉

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကို ပြဿနာ သယ်လာသူမှာ သူမယောကျ်ား ကိုမင်းစိုးကိုယ်တိုင်ပင် ဖြစ်နေလေသည်။ "နီရေ၊ ဧည့်သည် ပါလာတယ် ဟေ့၊ သံပရာရည်လေးတစ်ခွက်လောက် လုပ်ခဲ့ပါဦး"ဟု လင်တော်မောင် ကိုမင်းစိုးက အိမ်ပြန်ရောက်ရောက်ချင်း ဧည့်ခန်းထဲကနေ လှမ်းအော်သဖြင့် သူမ သံပရာရည်တစ်ခွက်ဖျော်ကာ ယူပြီး ဧည့်သည်ရှေ့မှာ ချပေးလိုက်သည်။ ဧည့်သည်မျက်နှာကို ဂရုတစိုက် ကြည့်မိလိုက်သောအခါ သူမရင်ထဲ မိုးကြိုးတစ်ချက် ပစ်သွင်းခံလိုက်ရသည်။

ဘုရားရေ…သူ။ ကိုသက်နိုင်။ သူမရင်တွေ ထိန်းမနိုင်သိမ်းမရ ပရမ်းပတာ လှုပ်ခတ်သွားခဲ့သည်။ သူ့မျက်နှာပေါ်က မည်သည့်အရိပ်အယောင်ကိုမှ မြင်တွေ့ခွင့် မရသေးမီ သူမ ဖျတ်ခနဲ မျက်နှာလွှဲကာ ခေါင်းသာ သွင်သွင်ငုံ့နေမိသည်။

သူနှင့် ကိုမင်းစိုး ဘယ်လိုကဘယ်လို ရင်းနှီးကျွမ်းဝင် ပတ်သက်ခဲ့ကြသလဲဆိုတာ သူမ မတွေးတတ်။ သူသည်မြို့ကို ဘာကြောင့် ရောက်လာသလဲဆိုတာလည်း သူမ မသိ။ ဘာမှ မသိနားမလည်ခြင်းတွေနှင့်အတူ အိမ်ပေါ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော သူ့ကို အံ့သြခြင်းတွေနှင့်ပင် ကြိုဆိုနေမိသည်။

အရိပ်အကဲ နားမလည်သည့် ကိုမင်းစိုးကတော့ သူနှင့် သူမကို တသွင်သွင် မိတ်ဆက်ပေးနေဆဲမှာပင် သူမခြေတွေလက်တွေ အေးစက်လာခဲ့တော့သည်။ တောင့်တောင့်ကြီး ရပ်နေမိသော သူမအသွင်က ကျောက်ရုပ်တစ်ရုပ်နှယ် အသက်မဲ့သည်ဟု ထင်ရသော်လည်း ရင်ထဲမှာတော့ အသည်းနှလုံးတွေ မွှတ်မွှတ်လည်ကာ ဖြောင်းဆန်နေတော့သည်။

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော် ကိုမင်းစိုးရဲ့ သူငယ်ချင်း သက်နိုင်ပါ"

မှန်မှန်သွက်သွက်ကြီး ပြောနေသော သူ့စကားတွေ ကြားရတော့ သူမစိတ်ထဲတွင် မျက်သွားကာ ငုပ်လျှိုးနေသော မာနသည် ဆတ်ခနဲ ခေါင်းထောင်ထ,လာသည်။ အို့ အို့…တယ်လည်း ပိရိသေသပ်လိုက်သည့် စကားပါလား။ တစ်ကြိမ်တစ်ခါမျှ ဆုံတွေ့ဖူးခြင်းမရှိခဲ့သည့် သူစိမ်းတစ်ယောက်၏ ပြေပြစ်ချောင်သော စကားပါလား။ သူမကို သူ မေ့သွားခဲ့တာလား။ မဖြစ်နိုင်။ မေ့ချင်ယောင်ဆောင်နေတာပဲ ဖြစ်ပါလိမ့်မည်။

ထောင်ထ,လာသော မာနကြောင့် သူမ ဆတ်ခနဲ ခေါင်းမော့ကြည့်လိုက်သည်။ အို…သူ ပြုံးနေပါ့လား။ သူ့အပြုံးက နှစ်လိုဖွယ် အားရပါးရ ရှိလှချည့်လား။ ဒါမှ မဟုတ် သရော်မော်ကားလိုစိတ်နှင့် ရယ်မောနေတာလား။ သူမ ရှက်ရွံ့စိုးထိတ်သွားသောကြောင့် သူမ အမူအရာများမှာလည်း မလုံမလဲ ဖြစ်သွားသည်။ သူ့မျက်နှာကို မြင်ရသည်ကိုပင် ဘီလူးသဘက်တစ်ကောင်ကို မြင်ရသကဲ့သို့ ချောက်ချားကြောက်ရွံ့လာသည်။ မဖော်ရွေတော့သည်ပဲဆိုဆို၊ ဧည့်ဝတ်မကျေပွန်သည်ပဲဆိုဆို သူမ ထိုနေရာမှ ချာခနဲ လှည့်ထွက်ခဲ့ကာ အခန်းထဲသို့ ပြေးဝင်လာခဲ့သည်။

ငိုချင်ပြင်းပြသည့်စိတ် ဖြစ်ပေါ်လာခဲ့သော်လည်း သူမ တစ်စက်ကလေးမျှ မျက်ရည်မကျဘဲ ဆို့နင့်နေမိသည်။ တလှပ်လှပ် တုန်ခိုက်နေသော ရင်ကို လက်နှစ်ဖက်ဖြင့် အသာဖိထားပြီး စိတ်ကို ငြိမ်အောင် ထိန်းထားနေရသည်။

ဧည့်ခန်းဆီမှ ပျံ့လွင့်လာသော ယောကျ်ားနှစ်ယောက်၏ ရယ်သံကို ကြားရသောအခါ သူမ နှုတ်ခမ်းကိုသာ ဖိကိုက်ကာ အံကြိတ်ထားမိသည်။ အခုလို အချိန်မှာ သူတို့ယောကျ်ားနှစ်ယောက် ပြောနေသည့် အကြောင်းအရာက သူမအကြောင်းက လွဲ၍ ဘာရှိတော့လို့လဲ။ သူတို့၏ ရယ်သံတွေက မိန်းမတစ်ယောက်အကြောင်းကို မြိန်ရေရှက်ရေပြောပြီး ဟားတိုက်တတ်သည့် ရယ်သံတွေပဲ။ သိပ်အောက်တန်းကျသည့် သူတွေ။ မိန်းမတစ်ယောက်ကို ဘေးချိတ်ထားပြီး အဲဒီမိန်းမအကြောင်းကို အတင်းရော အဖျင်းပါ ပြောပြီး ဝေဖန်ရယ်မောနေတာ ယောကျ်ားတစ်ယောက် လုပ်ရမည့် အလုပ်တဲ့လား။

အိပ်ရာခင်းစောင်စကို သူမလက်ဖြင့် ဆွဲဆုပ်ကာ တင်းတင်းရင်းရင်း ခြေမွပစ်လိုက်သည်။ သို့သော် တကယ်တမ်း သူမ ခြေမွပစ်လိုသည်မှာ ယောကျ်ားနှစ်ယောက်၏ နှစ်ခုသောမျက်နှာသာလျှင် ဖြစ်သည်။

သူမ အိပ်ခန်းဝမှာ မျက်နှာတစ်ခု ပေါ်ထွက်လာသည်။ ကိုမင်းစိုး။ ကိုမင်းစိုး၏ မျက်နှာကိုကြည့်ပြီး သူ ဘာလိုချင်တာပါလိမ့်ဟု သူမ ဇဝေဇဝါဖြစ်သွားသည်။ သူ အခန်းထဲသို့ ဝင်လာသည်။

"နီ၊ ဒီည သက်နိုင် ဒီမှာ ထမင်းစားလိမ့်မယ်၊ မင်း တစ်ခုခုတော့ စီစဉ်ဦးကွာ"

ဘုရားရေ…ကိုသက်နိုင် ဒီမှာ ထမင်းစားမယ်။ သူမ တစ်ခဏတွင်းမှာပင် အတွေးများဖြင့် မွန်းကျပ်ရှုပ်ထွေးသွားကာ ဒေါသတွေလည်း ထောင်းလမောင်းထ,သွားသည်။

"ဘာစီစဉ်ရဦးမှာလဲ၊ ဒီအိမ်မှာ ဘာမှမရှိဘူးရှင့် ဘာမှမရှိဘူး၊ ရှင့်ဘာသာရှင် အပြင်မှာ သွားဝယ်ကျွေးလိုက်ပါလား"

သူမ ဒေါသထွက်ထွက်နှင့် အတင်းပိတ်အော်ပစ်လိုက်တော့ ကိုမင်းစိုးက သူမကို မယုံနိုင်လောက်အောင် အံ့အားသင့်ကြီး အံ့သြလျက်ရှိလေသည်။

"တိုးတိုးပြောပါကွ၊ မင်းပြောတာတွေ သက်နိုင်ကြားသွားမှဖြင့် ငါ နေရထိုင်ရ ခက်နေဦးမယ်"

ဘုရား…ဘုရား။ သည့်ထက်ထိအောင် ပိုသည့် အကြောင်းအရာတွေများ ရှင်သာသိခဲ့လျှင် နေရထိုင်ရခက်ရုံတင်မကဘူး၊ ထ,တောင်ခုန်ပေါက်သွားဦးမယ်။

"မင်း ဘယ်လိုဖြစ်နေတာလဲ နီ၊ ငါ့သူငယ်ချင်းကို



www.burmeseclassic.com

www.burmeseclassic.com

မကျေးချင် မမွေးချင်လောက်အောင် ငါ့သူငယ်ချင်းက နူနေရွဲနေလို့လား။ မင်း သူ့ကို မကြိုက်တာ ဘာတွေများရှိသလဲဟင်၊ ငါ့ကိုပြောစမ်းပါ’

သူမ လက်မောင်းတစ်ဖက်ကို နာကျင်လောက်အောင် တဆတ်ဆတ် ဆုပ်ကိုင်လှုပ်ယမ်းနေသော ကိုမင်းစိုးကိုကြည့်ပြီး သူမ ရှက်ရွံ့တွန့်ဆုတ် ထုံအ,နေမိသည်။ ရင်ထဲမှာ နာကျင်မှုတွေ အစုလိုက် အစုလိုက် ပုံထပ်လာကာ ပြည့်သိပ်လေးလံလာသည်။

ကျွန်မ သူ့ကို မကြိုက်တာ သူနှင့်ပတ်သက်သည့် အရာရာ အားလုံးပါပဲ။ သို့သော် သူမတံတွေးကို မျိုချပစ်လိုက်သည်။

‘ကျွန်မ ရှုပ်ရှုပ်ယှက်ယှက် ဘာမှလုပ်မပေးနိုင်ဘူး။ ဘာဒုက္ခမှလည်း မခံနိုင်ဘူး။ ရှင့်ဘာသာရှင် အပြင်ဆိုင်မှာ သွားဝယ်ကျွေးလည်း ရရဲ့သားနဲ့။ ကျွန်မကို အလကားနေ အလကား အပူပေးတယ်’

‘ဘာ၊ မင်းကို ငါက အပူပေးတယ်၊ ဒုက္ခပေးတယ်၊ ဟုတ်လား နီ။ သူငယ်ချင်းတစ်ယောက်ကို ညစာလေးတစ်နပ် ချက်ကျွေးရမှာကို မင်းက ဒုက္ခပေးတယ်ထင်ရင်လည်း ငါကပဲ တောင်းပန်ပါတယ်ကွာ၊ ဆောရီးပါ။ အံ့လည်း အံ့လောက်တဲ့ မိန်းမ’

ကိုမင်းစိုးသည် မကျေမချမ်း ရေရွတ်ပြီး အခန်းထဲမှ ဒေါသတကြီး ထွက်သွားလေသည်။ အခန်းအပြင်မှ တီးတိုးတီးတိုး စကားပြောသံတွေ တစ်အောင့်လောက်ကြာပြီးမှ ကိုမင်းစိုး၏ ညည်းညူအော်ဟစ် ရေရွတ်သံကို အတိုင်းသား ကြားရလေသည်။

‘မိန်းမတွေကိုတော့ တစ်ခါတလေ ဘာမှန်းမသိလောက်အောင် ငါတော့ နားမလည်နိုင်တော့ဘူးကွာ၊ စံပါပဲ’

အခန်းအပြင်မှ အသံတွေ လုံးလုံးဆိတ်သုဉ်းသွားတော့ သူတို့အိမ်ထဲက ထွက်သွားကြပြီဟု တွေးမိသည်။ ထိုအခါကျမှ သူမရင်ထဲက တင်းကျပ်မှုတွေ အနည်းငယ် ပြေလျော့သွားသည်။ ခုတင်ထက်မှာ သက်သောင့်သက်သာ လဲလျောင်းအိပ်စက်နေရင်း အတွေးတွေကလည်း အမျှင်မပြတ်ဘဲ တသီတတန်းကြီး ရစ်တွယ်ဆဲ ဖြစ်သည်။

သူတို့ ဘယ်ကိုသွားကြမှာလဲ၊ ဘီယာဆိုင်ပဲ နေမှာပေါ့။ ဘီယာဆိုင်မှာ သူတို့နှစ်ယောက် ဘာတွေများ ပြောကြမှာလဲ။ ကိုမင်းစိုးက သူမ မကောင်းကြောင်းတွေများ ပြောနေမလား။ ကိုသက်နိုင်ကရော သူနဲ့ သူမရဲ့ ပတ်သက်ဆက်နွှယ်ခဲ့တဲ့အကြောင်းတွေ ပြောပြဖြစ်နေမလား။ သူ မပြောတန်ကောင်းဘူးထင်ပါရဲ့။ သူ့ကြည့်ရတာ သူမကို သူစိမ်းမိန်းမတစ်ယောက်ကို ဆက်ဆံသကဲ့သို့ နောက်ကွယ်က အရိပ်တွေ ဘာမှမရှိဘဲ ပကတိသက်သက် လူချင်းမိတ်ဖွဲ့နေသလို ပြောဆိုခဲ့တာပဲ။ ဒါကို သူမက ဝမ်းသာရမယ့်အစား တဆစ်ဆစ် နာကျင်နေသလို ခံစားနေရတာ ဘာကြောင့်ပါလိမ့်။ အမှန်စင်စစ်တော့ ဒီလို အချိန်မျိုးမှာ သူ့ကိုမြင်တွေ့ရခြင်းသည် ကံဆိုးမိုးမှောင်ကျခြင်းပင် ဖြစ်သည်။

သူ့မျက်နှာကို ရဲရဲမကြည့်ရဲလောက်အောင် ရှက်ရွံ့မှုတွေ သိမ်ငယ်မှုတွေနှင့် ကိုယ့်လိပ်ပြာကိုယ် မလုံတော့ပေ။ ဒါဟာ ကံကြမ္မာဖန်ဆင်းသည့် တိုက်ဆိုင်မှုလား။ တစ်ခုခုကို နာနာကျင်ကျင် အော်ဟစ် ပေါက်ကွဲပစ်လိုက်ချင်ပေမဲ့ မျိုသိပ်မှုထဲမှာ အသားကျ ပျော်ဝင်နေတော့ စိတ်ကိုသာ မနည်း ချုပ်တည်းနေလိုက်ရသည်။ ဖြစ်နိုင်လျှင် သူ့မျက်နှာကို မုန်းတီး နာကြည်းစိတ်ဖြင့် ပစ်ပစ်ခါခါ ကုတ်ဖဲ့ပစ်ချင်လောက်အောင် သူမရင်ထဲမှာ ခါးသီးမှုတွေ ပြည့်လျှမ်းနေသည်။

တစ်ချိန်က အာရုံထဲမှာ စွဲထင်ရစ်ခဲ့သော သူ့လှုပ်ရှားမှု ပုံရိပ်လေးတွေကို တစ်ကွက်ချင်း မြင်ယောင်ရင်း စိတ်ထိခိုက် ကြေကွဲသွားလေသည်။

တစ်ညနေလုံး အခန်းအောင်းနေသဖြင့် အိမ်အပြင်မှာ အလင်းရောင်လျော့ပါးပြီး အမှောင်သန်းလာတာကို သတိမပြုမိတော့။ အခန်းထဲမှာ တရိပ်ရိပ် ထိုးတက်လာသော အမှောင်အောက်တွင် ငြိမ်သက်စွာ လဲလျောင်းနေဆဲ ဖြစ်သည်။ မီးထ,ဖွင့်ဖို့ကိုပင် အင်အားမရှိတော့။ တိတ်ဆိတ်မှောင်ပျပျထဲ နေရတာကိုပင် ကျေနပ်သာယာနေမိတော့သည်။

သို့သော် တိတ်ဆိတ်မှုသည် ကြာရှည်မခံချေ။ မကြာမီမှာ အဖြိုခွဲခံလိုက်ရလေသည်။

‘လာဟေ့ သက်နိုင်၊ မင်း ငါ့အိမ်မှာ ကြိုက်သလောက် နေလို့ရတယ်၊ အိပ်လို့ရတယ်၊ စားတာကတော့ အပြင်မှာ သွားစားလို့ရတယ်ကွာ၊ ဘယ်သူ့မှ အားကိုးစရာ မလိုဘူး။ ဒီအိမ်မှာ ငါရှိနေသရွေ့ မင်း ဘာမှ မျက်နှာပူစရာ မရှိဘူး၊ ဘယ်သူ့ကိုမှ အားနာစရာမလိုဘူး။ မင်း သိတယ်နော်။ ငါက မင်းရဲ့ သူငယ်ချင်းကောင်းစစ်စစ်၊ ရေမရောဘူး၊ ရှင်းတယ်နော်’

‘အေးပါကွာ၊ ငါ နားလည်ပါတယ်’

ဘုရားရေ…သူတို့ ပြန်လာကြပြီ။ စကားသံ ဗလုံးဗထွေးနှင့် အာလေးလျှာလေး ပြောလိုက်သော ကိုမင်းစိုးအသံကြားတော့ သူမရင်တွေ ထူပူလာပြန်ကာ စိတ်တွေ ယောက်ယက်ခတ်သွားသည်။ ကြည့်စမ်း…သင်းတို့တွေ သောက်လာကြပြီ။ ဘယ်လောက်တောင် သောက်လာကြသလဲ မသိ။

‘ဟေ့ နီ၊ လာပါဦးကွ၊ ဒီမှာ မင်းလင် ပြန်လာတာ မကြိုဆိုတော့ဘူးလား၊ မင်းက ဘာအချိုး ပြောင်းနေတာလဲ’

ကိုမင်းစိုးက မူးမူးရူးရူး အော်ဟစ်နေသည့်အတွက် သည့်ထက်အခြေအနေ မဆိုးခင် သူမ အခန်းထဲမှ ကပျာကသီ ထွက်လိုက်သည်။ ကိုမင်းစိုးက ခပ်ယိုင်ယိုင်ဖြင့် သူမပခုံးကို ဖမ်းဆွဲလိုက်ရာ သူမပါ အနည်းငယ် နောက်သို့ ယိုင်သွားသည်။ ကိုသက်နိုင်ရှေ့မှာမို့ သူမ တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

လုံး ရှက်ရွံ့ထုပူသွားသည်။

"မိန်းမ၊ ဒီမှာ ငါ့သူငယ်ချင်း ညအိပ်လိမ့်မယ်၊ မင်းသူ့အတွက် အခန်းသတ်သတ် ပြင်ပေးလိုက်ကွာ"

"ဘာ၊ သူက ဒီမှာ ညအိပ်ဦးမယ်၊ ဟုတ်လား"

သူမ အလွန်အမင်း ဒေါသထွက်စိတ်နှင့် ယောကျ်ားနှစ်ယောက်ကို မနှစ်မြို့စွာ တစ်လှည့်စီကြည့်လိုက်မိသည်။ တော်တော် ကျက်သရေတုံးသည့် ယောကျ်ားတွေ။

❑

သန်းခေါင်ယံတိုင်သည်အထိ တစ်မှေးမှ အိပ်စက်၍ မရသဖြင့် အိမ်အပြင်ထွက်ကာ သူမ ထိုင်နေမိသည်။ ကိုသက်နိုင်နှင့် အခန်းကပ်လျက် ရှိနေတာပါလားဆိုသော အတွေးတွေက သူမကို နှောင့်ယှက်နေလေသည်။ သူမ မက်ချင်ဖူးသော အိပ်မက်ကို မမျှော်လင့်ဘဲ ဖြုန်းစားဒိုင်းစားကြီး မက်လိုက်ရသဖြင့် သူမ မျက်လုံးတွေ ကြောင်နေမိသည်။

တစ်ဖက်အခန်းဆီမှ အသံကို တိတ်တဆိတ် နားစွင့်နေမိသော်လည်း အပ်ကျသံမျှပင် မကြားရပါ။ ကြားလိုက်ရသော အသံမှာ သူမ နံဘေးတွင် ကုလားသေကုလားမော အိပ်ပျော်နေသော ကိုမင်းစိုး၏ တခေါခေါ ဟောက်သံသာဖြစ်သည်။ ပါးစပ်ကြီးဟောင်းလောင်းပွင့်ကာ ခြေကားရားလက်ကားရား အိပ်ပျော်နေသော သူသည် တစ်ချိန်က သူမ အရူးအမူး ချစ်ခင်စွဲလမ်းတွယ်တာခဲ့ရသော ကိုသက်နိုင်၏ သူငယ်ချင်း အရင်းခေါက်ခေါက်တဲ့။

ကံကြမ္မာကို ဆန်းတယ်ဟု သူမ ယိုးမယ်မဖွဲ့လိုတော့သော်လည်း လှည့်စားရက်လိုက်တာဟု နာကြည်းမိချင်လာသည်။ သည်လိုအခြေအနေမျိုးရောက်မှ ကိုယ်ချစ်ရသည့်သူနှင့် တစ်မိုးအောက်တည်းမှာ အတူဆုံခွင့်ပေးတာဟာ သူမကို ပြက်ရယ်ပြုလိုက်တာနှင့် အတူတူပင်။

သူမသည် ဖေဖေဆောက်မည့် အိမ်အတွက် ပုံစံဒီဇိုင်းဆွဲပေးသော အင်ဂျင်နီယာလေး ကိုသက်နိုင်ကို တစ်ဖက်သတ် စွဲလမ်းချစ်ခင်ခဲ့ဖူးသည်။ ဒါကိုလည်း ကိုသက်နိုင် ရိပ်မိလောက်ပါသည်။ ကိုသက်နိုင် အိမ်လာလျှင် ကိုသက်နိုင်အနားရောက်ဖို့ သူမ အချိန်ပြည့် ဉာဏ်နီဉာဏ်နက်တွေ ထုတ်သုံးကာ ငါးရံ့ပျာလူး ဖျပ်ဖျပ်လူးခဲ့ဖူးသည်။ ကိုသက်နိုင် သူမကို စိတ်ဝင်စားလာအောင် သူမ နည်းပေါင်းစုံသုံး၍ မာယာများခဲ့သည်။ သူမ မျက်လုံးတွေမှာ ကိုသက်နိုင်ကို စွဲလမ်း ငြိတွယ်သည့် အရိပ်တွေ ထင်ရှားတောက်ပနေတာကို ကိုသက်နိုင် မမြင်နိုင်ဘဲ နေမတဲ့လား။ ကိုသက်နိုင်သာ ပြန်မချစ်လျှင် သူမ ရူးသွားနိုင်ကြောင်း သူမ၏ အရိပ်အခြည်ကို ကိုသက်နိုင် မြင်သာနိုင်လောက်ပါသည်။ သို့သော် ကိုသက်နိုင်က ဒါတွေကို ဂရုမပြုနိုင်ဘဲ နေစိမ့်နိုင်ခဲ့သည်။

လောကမှာ မိန်းမတစ်ယောက်က သူ့စိတ်ရှိသလောက် သူ့အချစ်တွေကို ယောကျ်ားတစ်ယောက်ထံ အိတ်သွန်ဖာမှောက် ရက်ရက်ရောရော ရှိပါလျက်နှင့် အဲဒီယောကျ်ားက ထိုရက်ရောမှုကို လျစ်လျူရှုခဲ့ပါလျှင် ထိုမိန်းမလောက် ကံဆိုးသူမိန်းမ မရှိနိုင်တော့ပေ။

သူမသည် ထိုအချိန်မှစ၍ ယောကျ်ားတွေနှင့် ပတ်သက်လာလျှင် ဘာတစ်ခုမှ ကောင်းကွက်ကို ရှာမတွေ့ခဲ့ပေ။ ကိုသက်နိုင်ကို ချစ်စိတ်ဖြင့် ခံစားတာထက် မုန်းစိတ်ဖြင့် ခံစားရတာက ဝေဒနာတွေ လျော့ပါးသက်သာသွားလိမ့်မည် အထင်ဖြင့် နာနာကျင်ကျင်ပင် မုန်းတီးတတ်အောင် ကြိုးစားခဲ့သည်။

ကိုသက်နိုင်…။ ရှင့်ကို ချစ်တာထက် ရှင့်ကို မုန်းတာက ပိုတယ်ဆိုတာ ရှင်သိစေချင်တယ်။

"တောက်"

အတိတ်၏ နာကျင်မှုကြောင့် ယောင်ယမ်းကာ သူမ တောက်တစ်ချက် ခေါက်လိုက်မိသည်။ သူမ၏ တောက်ခေါက်သံသည် တိတ်ဆိတ်သော ညဥ့်ဦးယံထဲတွင် စီးမျောလွင့်ပါးသွားသည်။

ထိုခဏမှာပင် သူမ နောက်ဘက်ဆီမှ အသံတစ်ခုကြားသဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ အို… ကိုသက်နိုင်။ နောက်ခံ အမှောင်ထဲတွင် မားမားကြီး ရပ်နေသော ကိုသက်နိုင်က သူမကို တစ္ဆေတစ်ကောင် ခြောက်လှန့်နေသလိုပင်။ သူမ ကြက်သီးမွေးညင်းတွေ ထ,ကာ လန့်ဖျပ်တုန်လှုပ်သွားသည်။ ဖျတ်ခနဲ သူမ မတ်တတ် ထ,ရပ်လိုက်မိသည်။

"ကိုသက်နိုင်"

"ဟိုင်း ဥစ္စာလေ၊ ကျွန်တော် အပေ့ါသွားချင်တာနဲ့ တစ်ရေးနိုးလာတာ၊ အဲဒါ…"

ယောင်ဝါးဝါးဖြစ်နေသော ကိုသက်နိုင်ကို သူမက အိမ်သာရှိရာ အိမ်နောက်ဖေးဘက်ဆီကို လက်ညှိုးညွှန်ပြလိုက်သည်။

"ကိုသက်နိုင်၊ အိမ်သာက ဒီဘက်မှာ၊ ဒီက လမ်းအတိုင်း သွားလိုက်"

"ကျေးဇူး"ဟုဆိုကာ သူထွက်သွားသည်။ သူမ ရင်မောစွာ ကျန်ရစ်ခဲ့သည်။ တစ်အောင့်လောက်နေတော့ သူ သူမအနားကို ပြန်ရောက်လာသည်။

"ကျွန်တော် ခဏထိုင်မယ်နော်"

ခွင့်တောင်းသည်ဆိုသော်လည်း သူမ ခွင့်မပြုမီ သူက နေရာယူကာ သူမ နံဘေးမှာ ဝင်ထိုင်လိုက်သည်။ သူမ ရင်ထိတ်သွားသည်။ ဟိုးအရင်က သည်လို အခြေအနေမျိုးကိုရဖို့ သူမ ဘယ်လောက်တောင် ကြိုးစားခဲ့ရသလဲ။ အခုတော့လည်း အခြေအနေတွေ ပေးလာပေမဲ့ သူမ ဝမ်းသာရင်ခုန်ခြင်းမရှိဘဲ ရင်တလှပ်လှပ်သာ တုန်ယင်နေမိတော့သည်။ အကာလ ညအခါမှာ သူ့စိမ်းယောကျ်ားတစ်ယောက်နှင့် အတူယှဉ်တွဲထိုင်နေမိပါပေ့လား။ ပြီးတော့ အဲဒီသူစိမ်းယောကျ်ားက သူမ ချစ်ခဲ့ဖူးသော သူတစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

'မနီနီနိုင်၊ အိပ်မပျော်လို့များ အပြင်ထွက်ထိုင်နေတာလား၊ အိပ်မပျော်တာကရော ကျွန်တော့်ကြောင့်များလား၊ ကျွန်တော် ရောက်လာလို့ စိတ်အနှောင့်အယှက်ဖြစ်သွားသေးသလား'

သူ့မေးခွန်းတွေက များလှချည့်လား။ သူမ ဘယ်က စ,ဖြေရမှန်းပင် မသိတော့။ ဘယ်က စ,ဖြေဖြေ သူမအဖြေတွေသည် ရင်ထဲက လာသော မှန်ကန်သော စကားတွေ ဖြစ်လာလိမ့်မည် မဟုတ်တော့ပါ။

'ရှင်ရောက်လာလို့ ကျွန်မ စိတ်အနှောင့်အယှက်ဖြစ်ရလောက်အောင် ကျွန်မစိတ်ကို ရှင် မလွှမ်းမိုးနိုင်သေးပါဘူး။ ည အပြင်ထွက်ထိုင်တာကလည်း ကျွန်မရဲ့ အကျင့်လို ဖြစ်နေလို့ပါ'

လက်နှစ်ဖက်ကို တင်းတင်းပိုက်ထားကာ အမှောင်ထဲကိုပင် သူမ မမှိတ်မသုန် စိုက်ကြည့်နေမိသည်။ သူ့နှုတ်ခမ်းတွေ ကွေးညွတ်သွားမလား၊ သူ့မျက်လုံးတွေ ရွှင်မြူးသွားမလား။ သူမ မတွေးချင်တော့။ ရှင် ဘာပဲဖြစ်နေနေ ရှင့်ကို ကျွန်မ ဂရုမစိုက်ဘူး ကိုသက်နိုင်။

သူမ အိမ်ထဲပြန်ဝင်သွားလျှင် ကောင်းမလားဟု စဉ်းစား မိသည်။ သည်လိုအချိန်မျိုးမှာ သူနှင့်သူမ အတူတူရှိမနေသင့်ဘူး။ အို…ဘယ်သူကရော သူမတို့နှစ်ယောက်ကို မြင်နိုင်မှာမို့လဲ။ သည်ကမ္ဘာလောကကြီးမှာ သူနှင့်သူမ နှစ်ယောက်တည်းသာ ရှိနေတယ်လို့ သူမ ခံစားပစ်လိုက်စမ်းပါ။ အကယ်၍ သူ့ဘက်ကသာ တစ်ခုခု စကားကမ်းလှမ်းခဲ့လျှင် သူမ လိုက်လျောပစ်လျှင် ကောင်းမလား။

သူ့မျက်နှာကို သူမ ဖျတ်ခနဲ လှည့်ကြည့်မိသည်။ သူ့မျက်လုံးတွေ တောက်ပစူးလဲ့နေသည်။ သူ့နှုတ်ခမ်းတွေကလည်း တစ်စုံတစ်ခုကို ဖွဖွရွတ်နေသလိုပဲ။ နောက်တော့ သူ့ဆီက စကားတွေ ထွက်ကျလာသည်။

'မနီနီနိုင်၊ ခင်ဗျားတို့ မြို့ကို ပြန်ဖြစ်ကြသေးလား၊ ခင်ဗျား မိဘတွေရော'

'ကျွန်မနဲ့ ကိုမင်းစိုးကို သူတို့ သဘောမတူကြဘူးလေ၊ ကျွန်မတို့ မြို့ကနေ ဒီကို ထွက်ပြေးလာခဲ့ကြတာ၊ ကျွန်မ ဘယ်တော့မှ ပြန်ဖြစ်မှာမဟုတ်ဘူး'

အဲဒီအချိန်က အိမ်ဆောက်ပြီးလျှင်ပြီးချင်း သူ့ကို နောက်ထပ် ထပ်မတွေ့ရတော့သောအခါ သူမ ယောင်ချာချာဖြင့် အရူးတစ်ပိုင်းဖြစ်ကျန်ခဲ့သည်။ သူ့သတင်းအစအနကလေးများ ရလိုရငြား သူမ စုံစမ်းပါသော်လည်း ဘာကိုမှ တိတိကျကျ ရေရေရာရာ မသိရချေ။ သူ မရှိတော့သည့် သူမဘဝဟာတာတာကြီးထဲကို တစ်စုံတစ်ရာ အစားထိုး ဖြည့်ဆည်းရန် အပြင်းအထန် လိုအပ်လာခဲ့သည်။ ထိုအချိန်မှာ သူမနှင့် ကိုမင်းစိုး ဆုံတွေ့ခဲ့ကြပြီး အမြန်ဆုံး လက်ထပ်ဖြစ်ခဲ့သည်။ ကိုမင်းစိုးခေါ်ရာ နောက်သို့ ကောက်ကောက်ပါအောင် လိုက်လာခဲ့သော်လည်း ယနေ့ထက်ထိတိုင် ကိုမင်းစိုးကို သူမ ချစ်သလား၊ မချစ်ဘူးလား မဝေခွဲနိုင်ပေ။ သူမ သိလာသည်မှာ တစ်နေ့တခြား သူမ ဘဝကို သူမ အလိုမကျဖြစ်လာလေသည်။

သူမကိုယ်တိုင် ဘယ်လိုမှ နှစ်မြို့ဖွယ်မရှိတော့သော လင်ယောကျ်ားနဲ့ တစ်အိမ်တည်းမှာ အတူတူ ပေါင်းသင်းနေထိုင်ရခြင်းသည် သူမအတွက်တော့ မဟာငရဲကြီးတစ်ခုပင် ဖြစ်သည်။ သူမချစ်ခဲ့သော ကိုသက်နိုင်နှင့် ဘယ်လိုမှ မနှိုင်းယှဉ်သာလောက်အောင် အပုံကြီး ခြားနားနေသော ကိုမင်းစိုးကို သူမက လက်ထပ်ပေါင်းသင်းခဲ့တယ်ဆိုတာကို ကိုသက်နိုင်တော့ ဘယ်လိုတွေးနေမည်လဲ မသိ။ ကျော်တော့ လေ့သူကြီး၊ ညားတော့ လေ့ထိုးသား။ လင်ခွေးနှင့်ညားရသော သူမဘဝကို သူမ သိမ်ငယ် ရှက်ရွံ့မိသည်။ အထူးသဖြင့် ခုလို ကိုယ်ချစ်ခဲ့ဖူးသော ယောကျ်ားတစ်ယောက်ရှေ့မှာ သူမဘဝကို လှစ်ဟပြရသည့်အတွက် ပို၍ပင် ဝမ်းနည်းနာကျင်မိသည်။

'မင်းစိုးကို ချစ်လွန်းလို့ မင်းစိုးနောက်ကို မနီနီနိုင် လိုက်ခဲ့တာပေါ့နော်၊ မင်းစိုးကကောင်းပါတယ်ဗျာ၊ မနီနီနိုင်လည်း ပျော်မယ်ထင်ပါတယ်'

ကိုသက်နိုင်ထံမှ ရုတ်တရက် ကောက်ချက်ချသံကြားတော့ သူမ နာကျင်စွာ ရယ်မောလိုက်မိသည်။

'မိန်းမတစ်ယောက်က သူ့ရဲ့ ပဋိပက္ခစိတ်ခံစားမှုသက်သက်တစ်ခုတည်းနဲ့ ရွေးချယ်လိုက်တဲ့ ရွေးချယ်မှုတစ်ခုဟာ အဲဒီမိန်းမအတွက် ပျော်ရွှင်မှုရနိုင်သလား၊ မရနိုင်ဘူးလားဆိုတာ ဘယ်သူမှ အဆုံးအဖြတ်မပေးနိုင်ဘူး ကိုသက်နိုင်'

ပြီးတော့ စိတ်အလိုလိုက်မှုကြောင့် ကျွန်မဘဝ မှားယွင်းစွာ ဖြစ်တည်ရခြင်းကို ကျွန်မအပြစ်ကြောင့်လို့ ဆိုချင်သလို ရှင့်ကြောင့်လို့လည်း ကျွန်မ အပြစ်ဖို့ချင်တယ်။ တကယ်တော့ ယောကျ်ားတွေက ကောင်းကို မကောင်းတာပါ။

ထိုစကားတွေကိုတော့ သူမ ကြိတ်မှိတ်မျိုသိပ်ပစ်လိုက်ရသည်။

'ကျွန်တော် အိပ်တော့မယ် မနီနီနိုင်'

ရုတ်တရက် သူ ဖျတ်ခနဲ ထ,ထွက်သွားသည်။ သူမ မတားတော့ပါ။ ည၏ အမှောင်ထဲမှာ သူမတစ်ယောက်တည်း ငြိမ်ဆိမ်စွာ ကျန်နေရစ်ခဲ့သည်။

❑

ထိုည ကုန်လွန်ပြီးနောက် ရက်သတ္တပတ်အနည်းငယ်အကြာတွင် ကိုမင်းစိုးဆီက မမျှော်လင့်သော စကားတို့ကို သူမ အံ့သြစွာ ကြားခွင့်ရခဲ့သည်။

'နီ၊ မင်းနဲ့ငါနဲ့ လုံးဝပေါင်းလို့ မဖြစ်တော့ဘူး၊ မင်းစိတ်ကို တစ်လျှောက်လုံး လွှမ်းမိုးထားတာ ဘာလဲဆိုတာ ငါသိလိုက်ပြီ၊ ဒီတော့ မင်းနဲ့ငါ လမ်းခွဲကြစို့'

ထိုစကားကြားတော့ သူမ လေဟာနယ်ထဲရောက်ရှိသွားသလို ခံစားရလေသည်။ ။ ■

**ထန်**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



မနက် တစ်ရက်လင်းလို့ မျက်လုံးနှစ်လုံး ပွင့်လာလိုက်တာနဲ့ လူ့အလွှာမျိုးစုံ ဆီကနေ နီးစွစွ ကြားနေရတဲ့စကားက 'ကျပ်လိုက်တာ' ဆိုတဲ့ စကားပါပဲ။ ကုန်တိုက်ကြီးတွေထဲ ရောက်လည်း အဲဒီစကားကို ကြားရတယ်။ စိန်ရွှေ အရောင်းဆိုင်ထဲရောက်လည်း ကြားရတယ်။ ရပ်ကွက်ဈေးကလေးကနေ စူပါမားကတ်တွေထဲအထိ ကျပ်တယ်၊ ကျပ်တယ်နဲ့ ညည်းသံတွေက လျှံနေတော့တာပါပဲ။

ကျောင်းသွားရင်းများ တစ်ခုခုဖြစ်လေမလား၊ ရပ်ကွက်ထဲမှာတင်ပဲ တစ်ခုခုကြုံနေရမလားနဲ့ ညနေ သူတို့နဲ့ ပြန်ဆုံမှပဲ ရင်ဘတ်ထဲက အကျပ်ကြီးက ပြုတ်ကျသွားတော့တယ်။

ကျွန်တော့်မျက်ကွယ်မှာ တစ်နေကုန် တစ်နေခန်း သူတို့ ဘယ်လိုစခန်းသွားနေကြသလဲလို့ တွေးမိရင် အလုပ်လုပ်ရတာတောင် မဖြောင့်ချင်ဘူး။ အသက်ရှုလို့လည်း မဝ,တော့ဘူး။

ကိုကိုမှူးဇော်

## ကြယ်မှန်သမျှလင်းစေ ပန်းတွေအကုန် မွှေးပျံ့စေ

'ဘာလို့များ လူတွေဟာ ဒီလောက်တောင်ကျပ်နေကြတာလဲ' ဆိုတဲ့ အတွေးတွေနဲ့ ကျွန်တော်လည်း နေ့တိုင်းရင်ဘတ်ထဲမှာ ကျပ်နေတယ်။ မနက်လင်းလို့ အိမ်က ထွက်တာနဲ့ ကျွန်တော့်မှာလည်း ဘေးကျပ်နံကျပ်တစ်မျိုးနဲ့ စ,တိုးတော့တာပါပဲ။

အိမ်မှာ ကျန်ခဲ့တဲ့ ဆယ့်တစ်နှစ်အရွယ် ညီနဲ့ ရှစ်နှစ်အရွယ် ညီမငယ်အတွက် အတွေးတွေက ကျပ်နေရတယ်။

ကျောင်းကို ဂရုတစိုက်သွားဖို့၊ ရပ်ကွက်ထဲက တွေ့သမျှလူတွေကို မယုံဖို့ တဖွဖွမှာပြီးမှ ကျွန်တော့်အောက်က ဆယ့်ရှစ်နှစ်အရွယ် ညီနဲ့ ကျွန်တော်က အလုပ်ကို လာရတယ်။ ညီ၊ ညီမငယ်လေးတွေက လိမ္မာကြပေမဲ့ ဘေးက ပယောဂတွေကြောင့် ကျွန်တော့်မှာ နေ့ရှိသမျှ ကျပ်နေရတော့တာပဲ။

အခု နှစ်တွေထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ကြားနေရတဲ့ သက်ငယ်မုဒိမ်း၊ ကလေးသူငယ် လူကုန်ကူးမှုဆိုတာတွေကြောင့် ညီလေးကိုလည်း စိတ်မချနိုင်၊ ညီမငယ်လေးကိုလည်း စိတ်မချနိုင် ဖြစ်ဖြစ်နေရတယ်။ အိမ်နီးနားချင်းတွေကို ကြည့်ထားပေးပါလို့ မှာခဲ့ချင်ပေမဲ့ ကျွန်တော်တို့ရပ်ကွက်ရဲ့ အိမ်နီးနားချင်းဆိုတာကလည်း သိတဲ့အတိုင်းပဲ။ ဘယ်တော့မှ အတည်တကျလို့ မရှိဘူး။ မနေ့



www.burmeseclassic.com

www.burmeseclassic.com

က တစ်ယောက်၊ ဒီနေ့ တစ်ယောက်။ အမြဲတမ်း ယောက်ယက်ခတ်နေတဲ့အရပ်မို့ ဘာကိုမှ စိတ်ချလို့မရဘူး။

❑

သက်ငယ်မုဒိမ်း၊ လူကုန်ကူးမှုနဲ့ ကလေးလုပ်သား စေခိုင်းမှုဆိုတဲ့ စကားက မိုးခြိမ်းသံလိုပဲ မြန်မာနိုင်ငံရှိ မြို့ကြီးမြို့ငယ် နေရာအတော်များများမှာမက ဝေးလံသီခေါင်တဲ့ တောရပ်ရွာတွေအထိပါ ကပ်ရောဂါကြီးတစ်ခုလို စိမ့်ဝင်ပျံ့နှံ့နေတယ်။ ဒီတော့ အမေအဖေလို့ မရှိတော့တဲ့ ကျွန်တော့်မှာ အသက်မပြည့်ကြသေးတဲ့ ညီလေး၊ ညီမလေးတွေအတွက် နေ့စဉ် ကျပ်နေတော့တာပဲ။

မျက်ကွယ်ရာလို့ မရှိလောက်အောင် လူနေထူထပ်တဲ့ ရန်ကုန်မှာလည်း ဒီအမှုတွေကို ကြားရတယ်။ယဉ်ကျေးမှုမြို့တော်လို့ တင်ထားခံရတဲ့ မန္တလေးမှာလည်း ကြားရတယ်။ ကော့သောင်းကနေ မြစ်ကြီးနား၊ ဟားခါးကနေ မော်လမြိုင် စသဖြင့်… စသဖြင့် အထက်အောက်အရပ်ဒေသ တော်တော်များများမှာ ဆင်းရဲမှု၊ အလုပ်အကိုင်ရှားပါးမှုနဲ့အတူ သက်ငယ်မုဒိမ်း၊ သက်ငယ်အလုပ်သမားဆိုတဲ့ အကြောင်းတွေက လူမှုကွန်ရက်ကို ဖွင့်လိုက်တာပဲ ဖြစ်ဖြစ်၊ ဂျာနယ်တွေ စာစောင်တွေကို ကောက်လှန်လိုက်တာဖြစ်ဖြစ် မမြင်ချင်ကြားလျက်သားဆိုသလို စိတ်မချမ်းမြေ့ဖွယ် နေ့စဉ် ကြားသိတွေ့မြင်နေရတယ်။

ဒီသတင်းတွေကို ဖတ်ရ၊ ကြားရ၊ မြင်ရရင် အိပ်လို့တောင် မပျော်ချင်တော့ဘူး။ ငါသာ ဝင်ငွေမရှိတော့ရင် ငါ့ညီလေး၊ ညီမလေးတွေ ကလေးအလုပ်သမားလေးတွေ ဖြစ်ကုန်ကြမလား၊ လူကုန်ကူးသူနောက် မယောင်မလည်နဲ့ ပါသွားမလား ဆိုတဲ့ အတွေးတွေက အိပ်မက်ထဲအထိ လိုက်ပြီး ခြောက်လှန့်နေတယ်။ ဒီလိုဖြစ်လာတော့ ရထားတဲ့ အလုပ်ကလေး ပြုတ်သွားလို့ မဖြစ်ဘူးဆိုတဲ့ အတွေးက ခေါင်းထဲမှာ ပြည့်နေအောင် နေရာယူလာပြန်ရော။

**t ckcwfb**
**uav;awGJ**
**t em*wf**
**aysmufaewm**
**r[kwfbl**
**uRefawmfwkd**
**vlvwfydkif;awGU**
**t em*wfuvnf**
**ckdrf;ajcmufcH**
**ae&w,f**
**b,faeY**
**tvkyfjyKwfrvJ**
**qkdwh**
**t awG;udk**
**rawG;&J&J**
**aeYpOf**
**awG;ae&w,f**

အခုခေတ်မှာ ကလေးတွေပဲ အနာဂတ်ပျောက်နေတာ မဟုတ်ဘူး။ ကျွန်တော်တို့ လူလတ်ပိုင်းတွေရဲ့ အနာဂတ်ကလည်း ခြိမ်းခြောက်ခံနေရတယ်။ ဘယ်နေ့ အလုပ်ပြုတ်မလဲဆိုတဲ့ အတွေးကို မတွေးရဲရဲနဲ့ နေ့စဉ် တွေးနေရတယ်။

❑

ခွေးလေခွေးလွင့် အပါအဝင် တိရစ္ဆာန်ညှဉ်းပန်းမှုတွေကို ကာကွယ်စောင့်ရှောက်ပေးတဲ့ အဖွဲ့ဆိုတာ ရှိသလို၊ လူလူချင်း ညှဉ်းပန်းမှုတွေကို ကာကွယ်ဖို့အတွက် လူ့အခွင့်အရေးကော်မရှင်တို့၊ အလုပ်သမားဝန်ကြီးဌာနတို့၊ အမျိုးသမီးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တို့ ရှိတာ သိထားပါတယ်။ ဒါပေမဲ့ အဲဒီအဖွဲ့တွေက လမ်းတကာလမ်းကို သွားပြီး ညှဉ်းပန်းခံနေရတဲ့ အလုပ်သမားတွေကို ရှာဖွေကယ်ဆယ်နေတယ်လို့တော့ မတွေ့မိပါဘူး။ တစ်ခါတစ်ရံမှာ တိုင်ကြားသူရှိလျက်နဲ့တောင် ဘာမှအမှုဖြစ်မလာတဲ့ တိုးတိုးတိတ်တိတ်နဲ့ ပြီးသွားကြတဲ့ ညှဉ်းပန်းမှုတွေကလည်း ဒုနဲ့ဒေးပါပဲ။

ကလေးသူငယ် ညှဉ်းပန်းမှုဥပဒေနဲ့ တရားလိုအဖြစ် ရင်ဆိုင်နေတဲ့ ကလေးမလေးတစ်ယောက်ကို ဟိုနေ့က တရားရုံးမှာ တွေ့ခဲ့ရတယ်။ အသက်က ဆယ့်သုံးနှစ်တဲ့။ အာဟာရမပြည့်ဝတဲ့ ခန္ဓာကိုယ်ပိန်မည်းမည်းလေးက ဆယ့်တစ်နှစ်အရွယ် ကျွန်တော့်ညီငယ်လောက်တောင် မဖွံ့ဖြိုးရှာဘူး။ ငါ့ညီမလေးသာဆိုရင်လို့ တွေးမိတော့ နှလုံးသားက တဆစ်ဆစ်နာလာရော။ ညှိုးညှိုးနွမ်းနွမ်း မျက်နှာလေးမှာ ဒဏ်ရာအမာရွတ်တွေက ပလဲလို့။ သိမ်ငယ်တဲ့ မျက်လုံးလေးမှာ ထိတ်လန့်မှုပုံရိပ်တွေနဲ့။ သူ့ရှေ့က မြင်သမျှ လူတိုင်းကို ငေးငေးမောမောလိုက်ကြည့်နေတယ်။ ဩော်…. မပွင့်ခင်က နွမ်းရတဲ့ပန်းလေး။

သူ့ကို မေတ္တာနဲ့ ဝိုင်းကူညီကြတဲ့ ရှေ့နေလူငယ်လေးတွေနဲ့ ပရဟိတအဖွဲ့က ကျွန်တော့်အရွယ် ယောကျာ်းလေး၊ မိန်းကလေးတွေကို မြင်ရတော့လည်း ဩော်…. ဒီလို လူငယ်လေးတွေလည်း တို့နိုင်ငံကြီးမှာ ရှိပါသေးတယ်လေ ဆိုပြီး အနာဂတ်အတွက် အားတက်ရပါသေးတယ်။

သက်ငယ်မုဒိမ်းလို့ ဆိုလိုက်ပြန်တော့လည်း ကြားလိုက်ရတဲ့ ကိုယ့်ကိုယ်ကိုတောင် မယုံချင်ဘူး။ ဦးလေးအရင်းကတဲ့။ အဖေကတဲ့၊ အစ်ကိုကတဲ့၊ အသိအကျွမ်းကတဲ့၊ ဆရာကတဲ့။ ဒီကြားထဲ လိင်တူ သက်ငယ်မုဒိမ်းဆိုတာက ပါလိုက်သေးတော့ ကျွန်တော့် စိုးရိမ်စိတ်က ညီမလေးကို တင်မဟုတ် ညီလေးအတွက်ပါ ပူပင်ရပြန်ရော။

သုံးလေးနှစ်အရွယ် ကလေးငယ်ငယ်လေးများကနေ သုံးတန်း၊ လေး



www.burmeseclassic.com

www.burmeseclassic.com

တန်း၊ ခြောက်တန်း၊ အလယ်တန်း အဲလို ကလေးငယ်လေးတွေက လိင်သူငယ်သားကောင်ကလေးတွေတဲ့။ ဖြစ်မှဖြစ်ရလေ။

ကလေးမိဘတွေခများမှာလည်း သူတို့ကလေးတွေ မျက်စိအောက်က ပျောက်သွားတာနဲ့ ဘာများဖြစ်မလဲဆိုတဲ့ စိုးရိမ်စိတ်က ငယ်ထိပ်ကို အချိန်ပြည့်လာလာဆောင့်တယ်။ ဒါပေမဲ့ လက်လှုပ်မှ ပါးစပ်လှုပ်ကြရတဲ့ ကျွန်တော်တို့လို မိဘတွေမှာတော့ စိုးတထိတ် ထိတ်ကြားကပဲ မျက်နှာကိုလွှဲပြီး ဝမ်းစာကို ရှာရပြန်တယ်။

ဆင်းရဲမှုရဲ့နောက်ကွယ်မှာ ဘဝမလုံခြုံမှုဆိုတာ နွားနောက်က လှည်းဘီးလိုပဲ အစဉ်သဖြင့် ကပ်ပါနေတယ်။ သက်ငယ်မုဒိမ်း၊ သက်ငယ်အလုပ်သမားနဲ့ လူကုန်ကူးတဲ့အမှုတွေ အကုန်လုံးနီးနီးက ဘဝမလုံခြုံမှုနဲ့ ဆင်းရဲမှုကနေ စီးကျလာတာ မဟုတ်လား။

လမ်းထိပ်က ဈေးဆိုင်ကို တစ်ခုခုအဝယ်လွှတ်လိုက်ရာက အိမ်ပြန်မရောက်လာတဲ့ ကလေးငယ်တွေရှိသလို ကျောင်းသွား၊ ကျူရှင်သွား၊ ခရီးသွားလာရာမှ မိသားစုနဲ့ ဝေးကွာသွားတဲ့ ကလေးငယ်လေးများလည်း ရှိပါတယ်။ ပြီးတော့ ဘေးအိမ်တွေကို သွားလည်ရာက လိင်ပိုင်းဆိုင်ရာ စော်ကားခံခဲ့ရတဲ့ ကလေးသူငယ်တွေ။ ဒီလိုတွေ ကြုံနေ၊ ကြားနေရတော့ မိဘတွေအနေနဲ့လည်း ကိုယ့်ရင်သွေးလေး ဘယ်အချိန်ဘယ်လိုဖြစ်လေမလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ အသက်ရှင်သန်နေရတာ ပင်ပန်းလိုက်တာ။ ကျွန်တော်တို့ ကလေးငယ်တွေရဲ့ အနာဂတ်က မလုံခြုံလိုက်၊ အန္တရာယ်များလိုက်တာ။

❑

၂။

လူငယ်ဆိုတာ တိုင်းပြည်ရဲ့ အနာဂတ်၊ တိုင်းပြည်ရဲ့ ဖန်တီးရှင်၊ တိုင်းပြည်ရဲ့ တာဝန်ကို ဆက်ထမ်းကြမယ့် သူလေးတွေမို့ ဘယ်အကြောင်းကြောင့်နဲ့မှ ကလေးငယ်တွေရဲ့ အနာဂတ်ကို အညွန့်ကျိုးအောင် မချိုးသင့်ဘူး။ စိတ်မှာ ဒဏ်ရာတွေနဲ့ အရာရာနာကြည်းသွားတဲ့ ကလေးငယ်လေးတွေဖြစ်သွားအောင် မပြုလုပ်သင့်ဘူး။

တစ်ခါတစ်ခါ ဟိုမှာဒီမှာ ကြားလိုက်ရတာက ကလေးငယ်ကလေးတွေကို လစ်ရင်လစ်သလို ကောက်ချီသွားတယ်ဆိုတဲ့ သတင်းပါပဲ။ ဂိုဏ်းဖွဲ့ပြီး ကလေးခိုးနေတဲ့ အဖွဲ့တွေပဲ ရှိသလိုလို၊ ကလေးတွေရဲ့ ဝေးစေ့ကိုထုတ်ပြီး ပြန်ရောင်းစားနေကြသလိုလို။ ကလေးတွေရဲ့ နေ့စဉ်ဘဝက မလွတ်လပ်တော့ဘူး။ သူတို့ ဘာမှမသိတဲ့၊ သူတို့က ဘာမှအစမပြုရတဲ့ပြဿနာတွေက သူတို့ဘဝလေးတွေထဲကို နေ့စဉ် ဝင်ဝင်လာနေကြတယ်။ ဒါဟာ ဆင်းရဲခြင်းရဲ့ ကွင်းဆက်လား၊ ဥပဒေစိုးမိုးမှု ကင်းခြင်းရဲ့ လက္ခဏာလား ဒါမှမဟုတ် လောဘတရားနဲ့ စာနာစိတ်မရှိခြင်းရဲ့ အကျိုးဆက်လား။

ဘာမလုပ်နဲ့၊ ဘယ်မသွားနဲ့၊ လမ်းမှာ ဘယ်သူနဲ့ စကားမပြောနဲ့၊ ဘယ်သူကျွေးတာကိုမှ မစားနဲ့ စသဖြင့် မိဘတွေရဲ့ စိုးရိမ်စိတ်နဲ့ သတိပေးတားမြစ်ချက်တွေအောက်မှာ ပန်းကလေးတွေကလည်း ရဲရဲမပွင့်ဝံ့တော့ဘူး။ အငုံစိတ်ကလေးတွေနဲ့ အရာရာကို မယုံမရဲဖြစ်လာတော့တယ်။

ကျွန်တော်တို့ လူမျိုးတွေက မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားများနဲ့ ကြီးပြင်းခဲ့ကြသူများပါ။ ဒါပေမဲ့ ငွေကြေးရုပ်ဝတ္ထုပစ္စည်းတွေ အသိပညာတွေ ဆင်းရဲချို့တဲ့ လာခြင်းနဲ့အတူ ကျွန်တော်တို့ရဲ့ ကိုယ်ကျင့်တရားဆိုတဲ့ ပုံရိပ်ကောင်းကလေးတွေကလည်း တဖြည်းဖြည်းနဲ့ လုံးပါးပါး သွားတော့တယ်။ ပြည်တွင်းစစ်နဲ့ အာဏာရှင်စနစ်တွေ အောက်မှာ လူလားမြောက်လာခဲ့ကြတော့ ဘာကိုလုပ်ရင် ဘာဖြစ်မယ်လို့ လူတချို့က မခွဲခြားတတ်တော့ဘူး။

မေတ္တာတရားနဲ့ ရှင်သန်ပြည့်ဝတဲ့ လူမျိုး၊ ကရုဏာတရားနဲ့ လူလားမြောက်ခဲ့တဲ့လူမျိုးတို့ နေထိုင်ရှင်သန်ရာ ရပ်ဝန်းတစ်ခုလို့ ဟိုတုန်းကတော့ အထင်ကရဖြစ်ခဲ့ဖူးတဲ့ တိုင်းပြည်ကြီးပါပဲ။ အခုတော့ အကောင်းဆိုတဲ့ ပုံရိပ်တွေကို ဘယ်တိုင်းပြည်ကမှ လာမဖျက်ပါဘဲ သံကို သံက ဖျက်သလို သံချေးတက်ပြီး တစ်စစီနီးနီးပျက်တဲ့နေရာက ပျက်စီးသွားတော့တယ်။

ဒီကြားထဲမှာ အနာဂတ်ရဲ့ ကြယ်ပွင့်လို့ သတ်မှတ်ထားတဲ့ ကလေးငယ်တွေကိုမှ ရွေးပြီး အလွဲသုံးစားပြုလုပ်နေကြတဲ့ လူယုတ်တွေက တစ်နေ့တခြား များများလာတယ်။ သည်လုပ်ရပ်က ကျွန်တော်တို့တိုင်းပြည် ကျွန်တော်တို့ လူမျိုးရဲ့ ဂုဏ်သိက္ခာတွေကို ဝေဝါးသွားစေပါတော့တယ်။ ကလေးခိုးပြီး ရောင်းစားတဲ့ လုပ်ရပ်တွေ၊ ပြန်တောင်မပြော ချင်လောက်အောင် ယုတ်မာလွန်းတဲ့ မုဒိမ်းမှုတွေနဲ့ ကလေးသူငယ် ညှဉ်းပန်းမှုတွေကို လုံးဝရပ်တန့်သွားဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့အားလုံး ပေါ့ပေါ့တန်တန် မနေသင့်တော့။ သတိဝီရိယ ရှိကြပါစို့ရဲ့။

❑

၃။

မြန်မာတစ်နိုင်ငံလုံးမှာ ရှိတဲ့ မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းတွေရဲ့ လိပ်စာတွေကို ဟိုနေ့က အင်တာနက်ကနေ ဖတ်လိုက်ရပါတယ်။ စွန့်ပစ်သူက ကိုယ်ကျိုးပဲကြည့်ပြီး မစာမနာ စွန့်ပစ်သွားကြပေမဲ့ ကယ်ဆယ်ကူညီသူတွေကလည်း စေတနာသန့်သန့်နဲ့ကို ကလေးငယ်လေးတွေ တစ်ယောက်ချင်းရဲ့ဘဝကို ကယ်ဆယ်နေကြတာပါ။ ဘယ်လိုဆက်သွယ်လှူဒါန်းနိုင်တယ်ဆိုတာနဲ့တကွ၊ ချစ်စရာကလေးငယ်လေးတွေရဲ့ ပုံလေးတွေကိုလည်း ကြည့်ခွင့်ရလိုက်ပါတယ်။ အဲဒီပုံလေးတွေကို ကြည့်ပြီး အတွေးတွေ တသီတတန်းနဲ့ အတော်ကိုကြေကွဲစွာ ခံစားရပါတယ်။ အစားအစာမရတဲ့ကလေး အစားအစာ



www.burmeseclassic.com

www.burmeseclassic.com

ကျွေးလို့ရပေမဲ့ မိဘအစစ်ဆီက မေတ္တာကို ငံ့လင့်နေတဲ့ကလေး ဘာကို ကျွေးလို့ ဖြေသိမ့်ပေးမလဲ။

ဗြဟ္မစိုရ်တရားနဲ့ ရှင်သန်နေထိုင်ကြပါတယ် ဆိုတဲ့ ကျွန်တော်တို့တိုင်းပြည်မှာ မိဘမဲ့ကလေးတွေ တစ်နေ့တခြား များများလာတာဟာ ဘာကြောင့်လဲ။ မဆင်မခြင်နေထိုင်ခဲ့တဲ့ မိခင်လောင်းနဲ့ တာဝန်ကို တစ်စက်တောင် ယူရကောင်းမှန်းမသိတဲ့ နှလုံးသား အဖောက်နဲ့ ဖောက်ပြန်နေတဲ့ ဖခင်လောင်းတွေကြောင့်လား။

ဘုန်းတော်ကြီးကျောင်းတွေမှာ စောင့်ရှောက်ထားတဲ့ မိဘမဲ့ကလေးသူငယ်တွေ၊ ပရဟိတအဖွဲ့တွေ၊ အစိုးရက ဖွင့်ထားတဲ့ ဂေဟာတွေ အားလုံးပေါင်းရင် မြန်မာနိုင်ငံမှာ မိဘမဲ့ကျောင်းပေါင်းက နှစ်ရာနီးနီး ရှိသတဲ့။

လူကုန်ကူးသူတွေ၊ ကလေးခိုးဂိုဏ်းတွေကြောင့် မိဘမဲ့ကလေးဘဝကို ရောက်သွားကြတဲ့ ကလေးငယ်တွေကို မြင်ရပြန်တော့ အသည်းမှာ တလှပ်လှပ်တောင် ခံစားရပြန်ပါတယ်။ သူတို့လေးတွေဘဝက မိစစ်၊ ဖစစ်နဲ့ ဝေးကြရသလို အမေစစ်၊ အဖေစစ်တွေခများမလည်း သူတို့ဘဝတစ်လျှောက်လုံး ပူပူလောင်လောင်နဲ့ ဘယ်လောက်တောင် ယူကျုံးမရနဲ့ နေ့ဝင်ချိန်ကို ဖြတ်ရလေမလဲ။

တချို့ ကလေးငယ်ကလေးများကတော့ သူတို့မိဘတွေကိုယ်တိုင်က လမ်းဘေးမှာ စွန့်ပစ်ထားခဲ့လို့ မိဘမဲ့ကလေးဘဝ ရောက်သွားကြရတာမို့ ရက်စက်တယ်လို့ ဆိုနိုင်ပေမဲ့ မေ့ပစ်ချင်တဲ့ မိဘတွေမှာ စိတ်အေးလက်အေးနဲ့ မေ့ပစ်လိုက်လို့ ရနိုင်တာပေါ့လေ။ ဒါပေမဲ့ အဲလိုစွန့်ပစ်ခဲ့ရတာကို အဲဒီမိဘက တကယ်ပျော်ပါ့မလားဆိုတဲ့ အတွေးကလည်း ကျွန်တော့်ကို သံသယပွားစေပါတယ်။ လသားအရွယ် လူမမည် ရင်သွေးငယ်လေးကို အမှိုက်ကလေးတစ်ခုလို လမ်းဘေးစွန့်ပစ်ထားခဲ့လိုက်တာ၊ မိဘမဲ့ဂေဟာရှေ့မှာ ချထားခဲ့လိုက်တာ သူတို့ တကယ်ကျေနပ်ကြသလား၊ ပျော်သလား။ ကိုယ့်ရင်သွေးဖြစ်ပါလျက် ကိုယ့်သားသမီးမဟုတ်သယောင်၊ ကောက်ရသလိုလိုနဲ့ လာရောက် အပ်နှံနေကြတဲ့ မိဘတွေကို တွေ့ရတတ်သေးသလို ပိုက်ဆံငွေကြေးနဲ့ ကိုယ်တိုင်ရောင်းစားနေကြတဲ့ တချို့တချို့သော မိဘများကို တွေ့ရပြန်တော့ ကျွန်တော် အံ့သြလျက်က ဘုရားတ,မိပါတော့တယ်။

ကလေးငယ်လေးတွေဘဝနဲ့ ကြမ္မာကလည်း သိပ်သနားစရာကောင်းပါတယ်။ တချို့ ကလေးငယ်လေးတွေက မသမာသူ လူတချို့ရဲ့ လက်ချက်ကြောင့် မိဘမဲ့ကလေးဘဝ ရောက်သွားကြပေမဲ့ တချို့ကလေးလေးတွေကျတော့လည်း မိဘတွေကိုယ်တိုင်က တာဝန်မယူလိုတဲ့အတွက် စွန့်ပစ်ခံ မိဘမဲ့ ကလေးဘဝကို အလိုလို ရောက်သွားကြတယ်။ အများစုက ငွေကြေးပစ္စည်း ချို့တဲ့ ဆင်းရဲမှုကြောင့်လို့ ဆင်းရဲခြင်းကို ယိုးမယ်ဖွဲ့ တရားခံရှာကြပေမဲ့ ဆင်းရဲမွဲတေမှုတစ်ခုတည်းကြောင့် မိဘမဲ့ ကလေးဘဝကို ရောက်သွားကြတာ မဟုတ်ပါဘူး။

တချို့ ငွေကြေးပြည့်စုံကြွယ်ဝတဲ့ အသိုင်းအဝိုင်းမှာ လျှပ်ပေါလော်လည်မှု၊ အရက်တရား၊ သူတို့ဖွင့်ဆိုတဲ့ ဂုဏ်သိက္ခာတွေကြောင့် ဘာမှ အကျိုးအပြစ်မှ မရှိတဲ့ ကလေးတွေက မိဘမဲ့ဘဝ ရောက်သွားကြသူတွေလည်း ရှိပါတယ်။ မိဘနှစ်ပါးက ငွေကြေးလည်း ချမ်းသာပါလျက်၊ အသက်ထင်ရှားလည်း ရှိပါလျက်နဲ့ အဲဒီကလေးငယ်တွေမှာ မိဘနှစ်ပါး ရင်ခွင်အောက်မှာ ရှင်သန်ခွင့်မရရှာဘဲ ဂေဟာကို ရောက်လာကြတော့တယ်။ အတိတ်ကံကြောင့် ချမ်းသာသူ ဗိုက်မှာ ဝင်စားခွင့်ရခဲ့ပေမဲ့ ကြက်ဝပ်ကျင်းထဲကျသွားခဲ့တဲ့ လင်းယုန်ဥကလေးများလိုပဲ အဖြစ်ဆိုးလှတယ်။ အဲဒီလို ဥလည်းမမည် စာလည်း မမြောက်သေးတဲ့ ငှက်ပေါက်ကလေးတွေကို မြင်ရတော့လည်း 'ဝဋ်' လို့ပဲ အလွယ်တကူ ခေါင်းစဉ်တပ်လိုက်ရမလား မသိတော့ဘူး။ မိဘတွေရဲ့ အတ္တနဲ့ မာနတွေကြောင့် သူတို့လေးတွေရဲ့ ဘဝက ဒဏ်ရာဗရပွနဲ့ မြေစာပင်လေးတွေလို ထင်ကျန်နေရစ်ပါတော့တယ်။

❑

၄။

နုနုငယ်ငယ် ကလေးငယ်ကလေးတွေရဲ့စိတ်ကို ဒဏ်ရာတွေနဲ့ မကြီးပြင်းစေချင်ဘူး။ ဘာပဲဖြစ်ဖြစ် အစွန့်ပစ်ခံ မိဘမဲ့ကလေးဦးရေ တိုးလာခြင်းကတော့ ဗြဟ္မစိုရ်တွေ မိုးပျံနေပါတယ် ဆိုတဲ့ ကျွန်တော်တို့တိုင်းပြည်၊ ကျွန်တော်တို့လူမျိုးတွေကြားမှာ အနုတ်လက္ခဏာတွေပါပဲ။ ဆင်ခြင်တုံတရားများနဲ့ ထိန်းကျောင်းကြဖို့ လိုအပ်ပါတယ်။

လက်ဖက်ရည်ဆိုင်က စားပွဲထိုးလူငယ်လေးတွေနဲ့ လမ်းဘေးက ကလေးငယ်တွေအတွက် ရွေ့ပြောင်းပညာရေးဆိုတဲ့ လူငယ်ပရဟိတသမားလေးတွေကို တွေ့ရပြန်တော့လည်း ညဥ့်အမှောင်ထဲမှာ စံပယ်ပန်းလေးတွေကို ကောက်တွေ့လိုက်ရသလို စိတ်ကို တစ်ခါတည်း လန်းဆန်း ကြည်လင်သွားတော့တာပါပဲ။ ဒီလိုဆိုတော့လည်း လောကကြီးက၊ တို့လူငယ်လေးတွေက အဆိုးတွေနဲ့ချည်း ပြည့်နေတာ မဟုတ်ပါလားလို့ သိလိုက်ရတော့ ဝမ်းသာမှုက အတိုင်းမသိအောင် ဖြစ်သွားပြန်တယ်။

အကြောင်းအမျိုးမျိုးကြောင့် ကံမကောင်း၊ အကြောင်းမလှလို့ လမ်းဘေးရောက်သွားရတဲ့တိုင် သူတို့လေးတွေရဲ့ ပညာရေးကို လျစ်လျူရှုမထားဘဲ အခုလို ကူညီပေးကြတဲ့ ညီလေး၊ ညီမလေးတွေကိုလည်း တကယ်ကို လေးစားပါတယ်။ အစိုးရအနေနဲ့လည်း မပွင့်ခင်က နွမ်းချင်နေတဲ့ ဒီလိုကလေးတွေအတွက် ပညာရေးကိုတော့ ဂရုတစိုက်နဲ့ စီမံကိန်းချ၊ အလေးအနက်ထားပြီး လုပ်ပေးစေချင်ပါတယ်။

လက်ဖက်ရည်ဆိုင်တွေမှာ အသက်မပြည့်သေးတဲ့ ကလေးတွေကို စားပွဲထိုးခိုင်းစေခြင်းမျိုး မရှိသင့်တော့



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ကလေးငယ်တွေရဲ့အားကို ဖြုန်းတီးခြင်းဟာ တိုင်းပြည်နဲ့ လူမျိုးရဲ့အားကို ဖြုန်းတီးပစ်ခြင်းနဲ့ အတူတူပါ။ ဘီယာဆိုင်တွေမှာ၊ အရက်ပုန်းဆိုင်တွေမှာ၊ ညကလပ်တွေ၊ စင်တင်တွေမှာလည်း အသက်မပြည့်သေးတဲ့ ကလေးငယ်တွေကို မခိုင်းစေရဆိုတဲ့ ထိရောက်တဲ့ ဥပဒေနဲ့ တားမြစ်သင့်ပါပြီ။ ဒီကလေးတွေကို ပညာမသင်ဘဲ အခုလို ခိုင်းစေခြင်းအားဖြင့် နောင်အနှစ်နှစ်ဆယ်၊ သုံးဆယ်ကြာလာတဲ့အခါ တိုင်းပြည်ဟာ အပိန်းတွေ၊ အအ,တွေစုပုံနေတဲ့ လူဦးရေ ထုထပ်ရှုံသက်သက် အခွံတွေနဲ့ ယောက်ယက်ခတ်နေတဲ့ တိုင်းပြည်ကြီးပဲ ဖြစ်နေဦးမှာပါ။

ကမ္ဘာကြီးကို အေးချမ်းဖို့ စိမ်းလန်းတဲ့ သစ်ပင်တွေ၊ လှပတဲ့ပန်းလေးတွေက အထောက်အကူပြုသလို ကမ္ဘာကြီးထဲက လူ့ရပ်ရွာကို လှပဖို့ကလည်း ကျွန်တော်တို့ ကလေးတွေရဲ့ အနာဂတ်က အဓိကအခန်းကဏ္ဍက ပါဝင်တာပါ။ ဒီတော့ ကျွန်တော်တို့ ချစ်ရတဲ့ကမ္ဘာ၊ ကျွန်တော်တို့ ချစ်ရတဲ့ ကလေးတွေရဲ့စိတ်ကို အနာတရ မဖြစ်ရလေအောင် ကျွန်တော်တို့ အုံနဲ့ကျင်းနဲ့ ကြိုးစားကြရအောင်ဗျာ။ အစိုးရလည်းပါ၊ လွှတ်တော်လည်းပါ၊ ကျွန်တော်လည်းပါ၊ ခင်ဗျားလည်းပါရင် ကျွန်တော်တို့ဝန်းကျင်မှာ သက်ငယ်မုဒိမ်းတွေ လျော့ကျလာမယ်။ သက်ငယ်အလုပ်သမားလေးတွေ လျော့ကျလာမယ်။ ပြီးတော့ မိဘမဲ့ကလေးတွေလည်း လျော့ကျလာမယ်။ ဒါကြောင့် မို့ ကျွန်တော်တို့ရဲ့ အနာဂတ် ရင်သွေးလေးတွေအတွက် ခင်ဗျားလည်း ရပ်ကြည့်မနေဘဲ ကူညီနိုင်သလောက် ကူညီပါ။ ကျွန်တော်တို့ကလေးတွေရဲ့ နေ့ရက် ကလေးတွေက လှပနေမှ ကျွန်တော်တို့ တိုင်းပြည်၊ ကျွန်တော်တို့ လူမျိုးရဲ့ အနာဂတ်ကလည်း ရောင်စုံပွင့်တဲ့ ပန်းခင်းကြီးလို လှပလာမှာ မဟုတ်ပါလား ခင်ဗျာ။ ■

**ဘိုဘိုသန့်ဇင်**





**ဇာတ်တူသားစားသူများ** စာအုပ်က ခေတ်ပြိုင်ဘာသာပြန် လက်ရာများကို မျှော်လင့်နေကြတဲ့ စာဖတ်ပရိတ်သတ်များ စိတ်ကျေနပ်မှုရရှိစေမယ့် စာအုပ်ဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်ဟာ တောင်အာဖရိကနိုင်ငံရဲ့ အထူးခြားဆုံး နှစ်ကာလအပိုင်းအခြားပါ။ အဆိုပါကာလမှာ တောင်အာဖရိကနိုင်ငံရှိ လူသားတိုင်း မဲပေးပိုင်ခွင့်ရရှိခဲ့ပြီး နှစ်ပေါင်းများစွာ စိုးမိုးခြယ်လှယ်ခဲ့တဲ့ လူဖြူတွေကို တွန်းလှန်နိုင်ခဲ့ပါတယ်။ လူဖြူ-လူမည်း အသားအရောင်ခွဲခြားမှုကို တိုက်ဖျက်ခဲ့ပြီး ဒီမိုကရေစီနည်းကျ အစိုးရတစ်ရပ်ကို မဲပေးရွေးချယ်ခဲ့ပါတယ်။ ဒါပေမဲ့ ခေတ်ဆိုး၊ စနစ်ဆိုးရဲ့ အကျွင်းအကျန် ပြဿနာပေါင်းသောင်းခြောက်ထောင်တို့နဲ့အတူ တောင်အာဖရိက ဒီမိုကရေစီဟာ ပြည်သူများအတွက် ခက်ခဲကြမ်းတမ်းမှုတွေ၊ သွေးမြေကျမှုတွေ ခေါ်ဆောင်လာခဲ့ပါတော့တယ်။ အခုစာအုပ်ဟာ အဆိုပါနှစ်ကာလကို ဖြတ်သန်းခဲ့ရတဲ့ တက္ကသိုလ်ကျောင်းသားတစ်ဦးရဲ့ ဘဝကို အခြေပြုရေးဖွဲ့ထားတာပါ။ စည်းကမ်းမဲ့ပြည်သူတွေ၊ ဗိုလ်ကျအနိုင်ကျင့်လေ့ရှိတဲ့ ရဲတွေ၊ လူမိုက်အဖွဲ့တွေ၊ ထစ်ခနဲရှိ တုတ်ဆွဲဓားဆွဲ ဘတ်စ်ကားမောင်းသူတွေကြားမှာ ထွက်ပေါက်မဲ့နေတဲ့ ကျောင်းသားတစ်ယောက်အကြောင်းပါ။ ဒီစာအုပ်ရဲ့ အထူးခြားဆုံးအချက်ကတော့ စာအုပ်ကို ဖတ်နေရင်း တောင်အာဖရိကမှ ဟုတ်ရဲ့လား။ ယနေ့ခေတ် မြန်မာပြည်အကြောင်းရေးနေတာလားလို့ ထင်မှတ်မှားရလောက်အောင် အဖြစ်အပျက်များစွာတို့က ထပ်တူညီနေပါတယ်။ NIQ MHLONGO ရေးသားတဲ့ **Dog Eat Dog** ကို **ဝင်းငြိမ်း** မြန်မာပြန်ဆိုတဲ့ **ဇာတ်တူသားစားသူများ** စာအုပ်ကို ငါတို့စာပေကနေ ဖြန့်ချိပါတယ်။ ဖုန်း ၀၉၂၅၀၀၉၁၉၁၃ သို့ ဆက်သွယ်ပြီးဖြစ်စေ၊ WE Distribution သို့ မက်ဆေ့ချ်ပေးပို့ပြီး ဖြစ်စေ မှာယူနိုင်ပါတယ်။
■

NDSP

Yangon Book Plaza,
၅ လွှာ၊ သံဈေး၊ လမ်းမတော်မြို့နယ်။
ရန်ကုန်မြို့။ www.ndspbook.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ဆယ်ကျော်သက်
နှစ်များအတွင်းတွင်
နှစ်သစ်ကူးပွဲတော်အတွက်
အစ်မကြီးသို့ိုင်၏
မီးဖိုချောင်မှ ထွက်ပေါ်
လာသော ရနံ့သည်
ကျွန်တော့်ကို စွဲငြိစေသည်။
ထိုရနံ့သည် ကျွန်တော်၏
နှလုံးသားထဲတွင်လည်း
လေးလေးနက်နက်
စိမ့်ဝင်နေသည်။
နွေဦးရာသီ၏ အစနှင့်အတူ
ကျွန်တော်၏ နှလုံးသားကို
ပြင်းပြသော စွဲလမ်းခြင်းက
လွှမ်းမိုးထားပါသည်။
နှစ်တစ်နှစ်၏
အအေးဆုံးရက်များ
ကုန်ဆုံးပြီးသည့်နောက်
မိုးသည် တစက်စက်
ကျရုံအဆင့်သို့
လျော့နည်းသွားသည်။
လေထုထဲတွင်ရှိနေသော
အအေးဓာတ်သည်လည်း
လျော့ကျသွားသည်။ ထို
အချိန်တွင် ဦးလေးတာမ်၏
ရွှေရောင် ဘာဂီလားဆီးပင်ရှိ
အဖူးကလေးများမှာ စတင်
ဖူးပွင့်လာပြီ။ အစ်မကြီး
သို့ိုင်သည်လည်း
နှစ်သစ်ကူးပွဲတော်အတွက်
စတင် ပြင်ဆင်နေလေပြီ။
လက်ဖက်ပင်သည်
ကျွန်တော်တို့ အိမ်နှစ်လုံး၏
မြစည်းရိုးအစပ်တွင်ရှိသည်။
ကျွန်တော်သည် အစ်မကြီး
သို့ိုင် ပျာယာခတ်နေပြီး
ပျားတစ်ကောင်လို
အလုပ်များနေသည်ကို
စောင့်ကြည့်နေမိသည်။
သူမသည် မကြာခဏ
ဆိုသလို လေးလံသော
ခြင်းတောင်းကြီးများကို
ကိုင်ဆောင်လျက်



www.burmeseclassic.com

www.burmeseclassic.com

အိမ်သို့ပြန်လာသည်။ ကျွန်တော်၏ အမေကတော့ "တော်လိုက်တဲ့ မိန်းကလေး၊ တမ်ကသာ…"ဟု ဆိုကာ စကားစကို တိုတိုတုတ်တုတ် ဖြတ်တောက်ပစ်လိုက်သည်။ နေရောင်ခြည်အောက်တွင် သူ့ကိုယ်သူ နေပူဆာလှုံနေသော နံ့ခွေချည့်နဲ့နေသည့် ဦးလေးတမ်ကို ကြည့်ရင်း ပြောလိုက်ခြင်းပင် ဖြစ်ပါသည်။ အမေက ဦးခေါင်းကို ခါယမ်းလိုက်သည်။

"နက်ဖြန်ခါ နေသာတဲ့ နေ့ကောင်းရက်သာ ဖြစ်နိုင်မလား အစ်ကိုတမ်"ဟု အစ်မကြီးသွိုင်က ခြံစည်းရိုးကိုကျော်ရင်း ဦးလေးတမ်ကို မေးလိုက်သည်။ ဦးလေးတမ်သည် မိုးကောင်းကင်သို့ မျှော်လင့်လိုက်ကာ–

"မိုးရွာလည်း ငါ ဂရုမစိုက်ပါဘူး၊ ငါ ဟင်းသီးဟင်းရွက်တွေကို ဆားရည်စိမ်ဖို့ အခြောက်လှန်းတဲ့အခါ မိုးက ငါ့ကို ကွင်းရှောင်သွားလိမ့်မယ်"ဟု ရေရွတ်လိုက်သည်။

အစ်မကြီးသွိုင်သည် ပြုံးလိုက်ကာ ဟင်းသီးဟင်းရွက်များကို ဆားရည်စိမ်ရန် ထည့်ရန် စတင်ပြုလုပ်နေသည်။ အစ်မကြီးသွိုင် သခော်သီးများကို ဂရုတစိုက် လှီးပြီး ပုံဖော်နေသည်ကို ကျွန်တော်မြင်သောအခါ စားချင်စိတ် မရှိတော့သလောက်ပင် ဖြစ်သည်။ နီကိုဥများ၊ မုန်လာဥများကိုလည်း အလွန်သိမ်မွေ့လှပသော လက်ရာမြောက်သည့် ရုပ်တုငယ်ကလေးများအဖြစ် ပုံဖော်လှီးထားသည်။ သစ်ရွက်များ၊ ထင်းရှူးပင်၊ မက်မွန်ပွင့်၊ သလဲသီးပုံစံများဖြစ်အောင် ပုံဖော်လှီးထားသည်။

တစ်နှစ်တွင် ဦးလေးတမ်သည် ရာသီဥတုကို မှားယွင်းစွာ ခန့်မှန်းမိသည်။ ထိုအခါ အစ်မကြီးသွိုင်သည် ဟင်းသီးဟင်းရွက်များကို မိုးအုံ့သောနေ့တစ်နေ့တွင် လှန်းထားမိသဖြင့် အောက်သိုးသိုး ဖြစ်ကုန်တော့သည်။ ထို့ကြောင့် အစ်မကြီးသွိုင်သည် ပူဆွေးသောကကြီးစွာ ဖြစ်ရသည်။ ဦးလေးတမ်က ဟင်းသီးဟင်းရွက်များကို ခြောက်သွေ့အောင် မီးဖိုပြီး ညသန်းခေါင်တိုင်အောင် မီးသွေးခဲများကို ယပ်ခတ်ပေးရသည်။

0Bav;wrbnforukllunhe&ifwppkdvpcku
oLukkSufvdkufbvkdwkfpGonft aMumi f&if
uawmhonfvdkdrefwpaf, muf t wGifol
vGfqGwfwrfwaerdonft wGyifzpbonfxkdeY
aeY, tifwGf0Bav;wrbnfc&rfa&mifi fzif
a&;omxm cloom uAmt m vkuk dvTyfvdkufonf

ထိုနှစ်အတွက် ဆားရည်စိမ်ချဉ်ဖတ်များသည် သူမထင်သလောက် အရောင်မလှတော့။ သူမက ထိုဆားရည်စိမ်ချဉ်ဖတ်များကို ဂိလာနချဉ်ဖတ်များဟုပင် ခေါ်သည်။

ကျွန်တော့်အဖို့ နှစ်သစ်ကူးပွဲတော်သည် သုံးရက်မျှသာ ကြာမြင့်သည့် ပွဲတော်တစ်ခု မဟုတ်ပေ။ ထိုပွဲတော်သည် အချိန်ကာလတစ်ခု ကြာမြင့်ပြီး အစ်မကြီးသွိုင် မုန့်အချိုများ ပြုလုပ်နေသည့်နေ့များနှင့် ထိုမုန့်အချိုများကို စားသည့်နေ့များပါ ပါဝင်သည်။ ကျွန်တော်သည် ကျောင်းမှအိမ်သို့ ပြန်ရောက်တိုင်း သူမ၏ အိမ်သို့ အလျှင်စလို သွားသည်။ မပြောင်းလဲမှုတစ်ခုကတော့ သူမသည် မီးဖိုချောင်ထဲမှာ ထိုင်နေပြီး မန်ကျည်းသီးများ၊ ခရမ်းဆော့သီးများနှင့် ချင်းများကို အခွံသင်လျက်ရှိသည်။ ထို့နောက် ၎င်းတို့ကို သကြားထဲမှာ စိမ်ထားသည်။ သူမ၏ ဆံပင်များမှာ ဖရိုဖရဲဖြစ်နေပြီး ခန္ဓာကိုယ်မှာလည်း သစ်သီးရနံ့များ ထွက်ပေါ်နေသည်။ ကျွန်တော်သည် ကျောင်းမှပေးလိုက်သော အိမ်စာများလုပ်ပြီးသောအခါ သူမဆီသို့ တစ်ဖန်သွားကာ မုန့်အချိုများပြုလုပ်နေသည်ကို စောင့်ကြည့်နေမိသည်။ အိုးမှခြစ်ထုတ်လိုက်သော မုန့်အိုးကပ်များစားဖို့ကိုလည်း စောင့်စားနေမိသည်။

တခြား ဘယ်ယိုကမျှ ထိုမုန့်အိုးကပ်များ၏ အရသာထက် ပို၍ အရသာမရှိနိုင်ပေ။ မုန့်အိုး၏ အောက်ခြေတွင် သကြားတုံးနှင့် သကြားခဲ အစအနများ စုစည်းနေသည်ဟု ထင်ရသည်။ အုန်းသီးစိတ်များ၊ စူးရှသောချင်းများ၊ လတ်ဆတ်သော ကန်စွန်းဥများ၊ နူးညံ့သော ကြာစေ့များ အစရှိသည်တို့ ပါဝင်သည်။ တစ်ခါတစ်ရံတွင် ကျွန်တော်သည် သူမ၏ ပခုံးထက်တွင် ခေါင်းတင်ပြီး တစ်ရေးမှိတ်လိုက်သေးသည်။ အိပ်ရင်းနှင့်ပင် နွေးထွေးမှုများနှင့် ချိုမြိန်သော ရနံ့များက ကျွန်တော့်ကို ဝန်းရံလွှမ်းခြုံနေသည်ဟု ခံစားမိသည်။ သည်အဖြစ်အပျက်များသည် ဆောင်းနှောင်းရာသီ၏ ညများတွင် ဖြစ်ပါသည်။

ဦးလေးတမ်သည် သူ၏ ရည်းစားဖြစ်သူ"ဟာ" ရုတ်တရက် ကောက်ကာငင်ကာ လက်ထပ်သွားသဖြင့် အသည်းကွဲနေသည်။ သူသည် မကြာခဏဆိုသလို ကဗျာတချို့ကို မပွင့်တပွင့် ရေရွတ်တတ်သည်။ သချိုင်းအုတ်ဂူတစ်လုံးကဲ့သို့ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက် နေတတ်သည်။ သို့သော်လည်း ထိုအဖြစ်အပျက်များ သူ့ကို ပြန်ပြောပြနိုင်းဖို့ ဆိုတာကလည်း မသင့်တော်ပေ။ သူသည် သူ၏ အလွမ်းဇာတ်လမ်းနှင့် အတိတ်က မှတ်ဉာဏ်များအထဲတွင် ဆက်လက် မျှော်လွင့်နေသည်။ သူ၏ အချစ်ဇာတ်လမ်းကို အကြိမ်တစ်ထောင်မက မညည်းမညူ နားထောင်ပေးသော တစ်ယောက်တည်းသော သူကတော့ အစ်မကြီးသွိုင်ပင် ဖြစ်သည်။

အစ်မကြီးသွိုင်သည် သမီးသုံးယောက်အနက် အကြီးဆုံးဖြစ်သည်။ သူမသည် ရုပ်ရည်ချောမောသူတစ်ယောက်တော့ မဟုတ်ပေ။ သို့သော် သူမ၏ ဆံပင်သည် ခေါင်းလျှော်ရည်ကြော်ငြာများတွင် တွေ့ရှိရတတ်သော မိန်းမလေးများ၏



www.burmeseclassic.com

www.burmeseclassic.com

ဆံကေသာထက် ပိုလှသည်။ သူမသည် ပိုးအင်္ကျီကို ဝတ်ဆင်ထားပြီး ဆံပင်ကို အမည်းရောင်ကတ္တီပါဖဲပြားဖြင့် စည်းနှောင်ထားသည်ကို ကျွန်တော် နှစ်သက်မိသည်။ ကျောင်းသူဘဝ နေ့ရက်များတုန်းက သူမ၏ နူးညံ့သည့် ဆံပင်အတွက် အသက်ကိုပင် ပေးရဲပါသည်ဆိုသော လူငယ်တွေ အများအပြား ရှိသည်ဟု ပြောကြသည်။ သို့သော် သူမသည် ဒီကနေ့အထိ တစ်ယောက်တည်းပင် ဖြစ်နေသည်မှာ ပဟေဠိတစ်ပုဒ်လို ဖြစ်နေသည်။ သူမသည် ဆံပင်ကို ဘယ်ရီသီးများဖြင့် အမြဲတမ်း ခေါင်းလျှော်ထားသည်။ ဆံပင်များခြောက်သွေ့စေရန် မတ်တတ်ရပ်လိုက်သည့်အခါတိုင်း စပျစ်ပန်းရနံ့က အနီးနားတွင် လွင့်ပျံ့နေသည်။ ထိုရနံ့က လူတိုင်းလူတိုင်းကို နှစ်သက် သဘောကျစေသည်။ ကျွန်တော်သည် သူမ၏ ဆံပင်အခြောက်ခံနေသည်ကို ခြံစည်းရိုးစပ်မှနေ၍ ကြည့်ဖူးသည်။ ဦးလေးတမ်တောင်မှ ထိုဆံပင်များကို စောင့်ကြည့်ဖူးသည်။ ကျွန်တော်က ဦးလေးတမ်ကို အစ်မကြီးသွိုင်၏ ဆံပင်တွေက မလှဘူးလားဟု မေးသည့်အခါ ဦးလေးတမ်သည် တခြားသူများ၏ ဆံပင်များအကြောင်းကိုသာ ပြောတော့သည်။ နောက်ပိုင်းတွင် အစ်မကြီးသည် အကြောင်းပြချက်မရှိဘဲ ထိုလှပသော ဆံပင်များကို ခပ်တိုတိုဖြစ်အောင် ဖြတ်ပစ်လိုက်သည်။ သူမ၏ ဆံပင်က ဟျူးမြို့တွင် အလှပဆုံး ဆံပင်ဖြစ်သည့်အတွက် ကျွန်တော် ဝမ်းနည်းမိသည်။ ကျွန်တော်သည် သူမ လွှင့်ပစ်ထားသော အမည်းရောင်ကတ္တီပါဖဲပြားကလေးကို ကောက်ယူပြီ အဘိဓာန်စာအုပ်ထဲတွင် သိမ်းဆည်းထားမိသည်။ ထိုနှစ်က နှစ်သစ်ကူးပွဲတော်တွင် ကျွန်တော်သည် ပိုးသားကဲ့သို့ နူးညံ့ပြီး ရနံ့သင်းသော ဆံနွယ်စုအပေါ်တွင် တစ်မှေးမအိပ်နိုင်တော့ပေ။ ထိုနှစ်က သူမ ထိုးသော ယိုများသည် မီးတူးသွားသဖြင့် ခါးသက်သက်နိုင်လှသည်။

အမေသည် အစ်မကြီးသွိုင်ကို လင်းမှုဘုရားတွင် ဦးလေးတမ်အတွက် ဆုတောင်းခိုင်းသည်။ အကြောင်းကတော့ ဦးလေးတမ်၏ အခြေအနေ ပို၍ ဆိုးဝါးလာသောကြောင့်ဖြစ်သည်။ သူသည် ချစ်သူဟောင်း 'ဟာ'ကို တွေ့ရန် မျှော်လင့်ချက်ဖြင့် လီလွိုင်လမ်းမကြီးအတိုင်း ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။ တကယ်တော့ 'ဟာ'သည် သူမ၏ ခင်ပွန်းနောက်သို့ လိုက်ပါသွားပြီး ဝေးကွာသော ဒေသတစ်ခုသို့ ရောက်ရှိနေပြီဖြစ်သည်။

ဟျူးမြို့တွင်ရှိသော စုံတွဲတိုင်း အားလုံး သစ္စာတိုင်ရန် အလို့ငှာ လင်းမှုဘုရားကို မရွေးချယ်ကြပေ။ သူတို့သည် အနီရောင်နတ်သမီးကို ကြောက်ရွံ့ကြသောကြောင့် ဖြစ်သည်။ အနီရောင် နတ်သမီးသည် ချစ်သူများအပေါ် မနာလို ဝန်တိုစိတ်များ ပေါ်ပေါက်လာပြီး မပျော်ရွှင်ခြင်းများကိုသာ ပေးစွမ်းတတ်သောကြောင့် ဖြစ်သည်။ သို့သော် ဦးလေးတမ်နှင့် 'ဟာ' တို့သည် စာမေးပွဲအတွက် သင်ခန်းစာများကို ထိုဘုရားတွင် လေ့လာခဲ့ဖူးသည်။ နောက်ဆုံး၌ ဦးလေးတမ် ပြန်လည် သက်သာလာစေရန် ကူညီနိုင်သူမှာ အနီရောင်နတ်သမီး မဟုတ်။ မစ္စက်ဟာ ကိုယ်တိုင်ပဲဖြစ်သည်။ ကျွန်တော်သည် သူမကို မမှတ်မိတော့ပေ။ သူမက ၀,နေပြီး လက်ဝတ်ရတနာများကို အလွန်အမင်း ဝတ်ဆင်ထားသည်။ သူမသည် ဦးလေးတမ်ကို ကရုဏာသက်စွာ ကြည့်နေသည်။ ဦးလေးတမ်သည် ပိန်ချုံးချည့်နဲ့နေပြီး သူမအတွက် စပ်ဆိုထားသော ကဗျာလင်္ကာများကို မပွင့်တပွင့် ရေရွတ်နေသည်။ ဦးလေးတမ်သည် သူမကို ကြည့်နေရင်း တစ်စုံတစ်ခုက သူ့ကို ထုနှက်လိုက်သလို တုန်ခါသွားသည်။ အကြောင်းရင်းကတော့ သည်လိုမျိုး မိန်းမ တစ်ယောက်အတွက် သူ လွမ်းဆွတ် တမ်းတနေမိသည့်အတွက်ပင် ဖြစ်သည်။ ထိုနေ့ နေ့လယ်ခင်းတွင် ဦးလေးတမ်သည် ခရမ်းရောင်မင်ဖြင့် ရေးသားထားခဲ့သော ကဗျာအားလုံးကို လွှင့်ပစ်လိုက်သည်။ ကျွန်တော်သည် ဝမ်းနည်းစွာ ခံစားမိသည်။ ထို့နောက် ထိုအရာများကို ပြေးကောက်လိုက်ကာ အစ်မကြီးသွိုင်သို့ ပေးလိုက်သည်။ ဆည်းဆာချိန်တွင် အစ်မကြီးသွိုင်သည် ထိုကဗျာများကို အလွန်နူးညံ့ကြွေးစွာ ဖတ်နေသည်။

အစ်မကြီးသွိုင်တွင် သူမထက် ဆယ်နှစ်ခန့်ငယ်ရွယ်သော အမွှာညီအစ်မနှစ်ယောက် ရှိသည်။ သူတို့နှစ်ယောက်စလုံး ကျွန်တော့်အတန်းဖော်များဖြစ်သည်။ သူတို့နှစ်ယောက်သည် မီးနှင့်ရေလို အလွန်ကွဲပြား ခြားနားသည်။ သို့သော် သူတို့သည် ရေစက်ကလေး နှစ်စက်နှင့် တူသည်။ အလွန်ချောမောလှပပြီး ကျွန်တော်တို့ သူငယ်တန်းတွင် သူတို့ကို လူသိများသည်။ သူတို့သည် ကျန်းမာရေးနှင့် ပတ်သက်သော ရုပ်ရည်လှပသည့် ကလေးများ ပြိုင်ပွဲတွင် ဆုအမြောက်အမြား ရရှိခဲ့ဖူးသည်။ ပို၍ လွယ်ကူအောင် သိသာထင်ရှားစေသည့် အချက်ကတော့ တစ်ယောက်က အဝါရောင်စကပ်များကို အမြဲဝတ်ဆင်ပြီး ကျန်တစ်ယောက်က အပြာရောင်စကပ်များကိုသာ ဝတ်ဆင်သည်။ မကြာမီမှာပဲ သူတို့နှစ်ယောက်သည် အဝါနှင့် အပြာအဖြစ် လူသိများလာကြသည်။ မုန့်စရာကောင်းသော အဝါသည် ကျွန်တော်နှင့် ဘေးချင်းကပ်လျက်ထိုင်သည်။ အထပ်တွေ အများကြီးပါပြီး နေကြာပန်းလို ပြန့်ကားနေသော အဝါ၏ စကပ်ကို ကျွန်တော် ထိမိသောအခါ သူမက ကျွန်တော့်ကို ဆွဲဆိတ်သည်။ ကျွန်တော်က သူမကို တစ်ခုခုပြလျှင် သူမက ချက်ချင်းဆွဲလုသည်။ သူမကို လက်သီးပြပြီး ခြိမ်းခြောက်လျှင် သူမက အော်ငိုပြီး လှဲချတတ်သည်။ အရုပ်မ မျက်နှာကဲ့သို့ အဝါနှင့် မျက်နှာပေါက် ဆင်တူသော်လည်း အပြာသည် အဝါထက် နည်းနည်းပိုနူးညံ့သည်။ အပြာနှင့် ကျွန်တော်သည် ထမင်းချက်တမ်း သို့မဟုတ် လင်မယားလုပ်တမ်း ကစားကြသည်။ အိုးသေးသေးလေးထဲရှိ စိတ်ကူးယဉ် ထမင်းကို ကော်ပြီး ဘရက်ထ်ဖရု အရွက်များဖြင့် ပြုလုပ်ထားသော ပန်းကန်လေးထဲသို့ ထည့်လိုက်သည်နှင့် အဝါသည် အိုးကို ကျောက်ခဲတစ်လုံးဖြင့် ပစ်ပေါက်ခွဲတော့


www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်ပတ်လုံးလုံး ကျွန်တော် အချိန်ကုန်ခံပြီး ပြုလုပ်ထားသော စွန်ကို မိုးကောင်းကင်သို့ မလွှင့်တင်မီ အဝါက သူမ၏ ခြေထောက်အောက်မှာ နင်းခြေသည်။ ကျွန်တော်က နစ်နာကြေး အနေဖြင့် သူမ၏ အင်္ကျီကို ဆွဲသောအခါ သူမက ကျွန်တော့် ဆံပင်ကို ဆွဲပြီး အော်တော့သည်။ ကျွန်တော်က ဦးလေးတမ် ကို အကူအညီတောင်းဖို့ အော်ခေါ်သည်။ သူမက အစ်မကြီးသွိုင်ကို အော်ခေါ်သည်။ နောက်ဆုံးတွင် ကျွန်တော်တို့နှစ် ယောက်စလုံး ကြိမ်စာအကျွေးခံရတော့သည်။

ကျွန်တော် အရွယ်ရောက်လာသောအခါ အစ်မကြီးသွိုင်သည် နှစ်သစ်ကူးပွဲတော်အတွက် မုန့်အချိုများ ပြုလုပ်သည်မှာ နည်းသထက် နည်းလာသည်။ အခုတော့ ကိတ်မုန့်ဘူးများ၊ သကြားလုံးဘူးများ၊ စက်ဖြစ်ယိုဘူးများကို ဆွဲဆောင်မှုရှိစွာ ထုပ်ပိုးထားပြီး ဈေးချိုချိုနှင့်ပင် အများအပြား ရနိုင်သည်။ ဈေးထဲတွင် တစ်နာရီလောက် အချိန်ပေးလိုက်ရုံနှင့် ထိုပစ္စည်းများကို ဝယ်ယူ၍ရသည်။ ထို့ကြောင့် ဘယ်သူကမှ ဆယ်ရက်လောက် အချိန်ကုန်ခံပြီး အစ်မကြီးသွိုင်ကဲ့သို့ မုန့်အချိုများကို မပြုလုပ်တော့ပေ။ အကယ်၍ အစ်မကြီးသွိုင် လုပ်ဖြစ်ခဲ့လျှင်တောင် ဘယ်သူမျှ စားချင်စိတ်ရှိမှာ မဟုတ်တော့။ နှစ်သစ်ကူးပွဲတော်တွင် အိမ်တွင်းဖြစ်မုန့်များနှင့် ရိုးရာဟင်းလျာများကို စားသုံးသည့်ဓလေ့မှာ ပြီးဆုံးသွားခဲ့ပြီ။ အစားအသောက်များ ပိုမိုစားသုံးသော ပုံစံသစ်သို့ ပြောင်းလဲသွားခဲ့ပြီ။ နေရာတိုင်းတွင် အဆာသွတ်ထားသော ဝက်သားမုန့်များ၊ အချဉ်ဖောက်ထားသော ဝက်သားလိပ်များကို မြင်တွေ့နိုင်သည်။ ကျွန်တော်သည် အဝေးသို့ ကျောင်းသွားတက်ရာမှ ပြန်လာသောအခါ အစ်မကြီးသွိုင်၏ မီးဖိုချောင်ထဲသို့ အလျင်စလို ဝင်သွားသည်။ မီးဖိုချောင်စောင့်နတ်သည် ကောင်းကင်ဘုံသို့ ထွက်ခွာသွားသည်မှာ ရက်အတန်ကြာပြီ ဖြစ်ပုံရ၏။ မီးဖိုချောင်တစ်ခုလုံး တိတ်ဆိတ်ခြောက်ကပ်နေသည်။ အစ်မကြီးသွိုင်သည် ကျွန်တော့်အား မုန့်အချိုများ နောက်ထပ် လုပ်စရာ မလိုတော့သည့်အကြောင်းကို ရှင်းပြသည်။

နှစ်သစ်ကူးပွဲတော်အတွက် အိမ်သို့လာကြသော အဝါနှင့် အပြာတို့၏ သူငယ်ချင်းများသည် ချောကလက်များနှင့် သီဟိုဠ်စေ့များကို မြည်းကြည့်ကြသည်။ အစ်မကြီးသွိုင်အဖေ၏ မိတ်ဆွေများကလည်း အေးစက်စက် အစားအစာများကို ဝိုင်ဖြင့် မြည်းကြသည်။ ယိုများသည်လည်း မရောင်းရတော့ပေ။ ထို့ကြောင့် ရပ်ကွက်အတွင်းရှိ ကလေးများကိုသာ ဝေငှပေးလိုက်သည်။ အစ်မကြီးသွိုင်၏ မီးဖိုချောင်မှ ရနံ့မရှိတော့သဖြင့် နှစ်သစ်ကူးပွဲတော်သည် အရသာကင်းမဲ့သွားသည်။

ကျွန်တော်သည် နှစ်သစ်ကူးပွဲဈေးသို့ ချစ်သူမိန်းကလေးနှင့်အတူ သွားသည်။ သူမသည် မုန့်အချိုများကို မည်သို့ပြုလုပ်ရသည်ကို မသိပေ။ လေ့လာသင်ယူလိုစိတ်လည်း မရှိပေ။ သူမသည် ဝတ်ကောင်းစားလှများကို စမတ်ကျကျ ကြော့ရှင်းစွာ ဝတ်ဆင်ရသည်ကို နှစ်သက်သည်။ လမ်းများအကြား လှည့်လည်သွားရသည်ကို သဘောတွေ့သည်။ နှစ်သစ်ကူးပွဲဈေးမှာ ရောင်းချသော ပစ္စည်းများကို ကြည့်ရှုမြည်းစမ်းပြီး ပစ္စည်းတချို့ကို ဝယ်ချင်သည်။ ကျွန်တော်သည် ကောင်လေးဘဝတုန်းက မုန့်အချိုများ ပြုလုပ်တတ်သည့် မိန်းကလေးကိုသာ လက်ထပ်မည်ဖြစ်ကြောင်းကို အစ်မကြီးသွိုင်အား ပြောပြခဲ့ဖူးသည်။

rkbp&maumi faom t0gonfuRefwmESifh ab;csif fuyf vsufxdkbonf t xyfawGt rsm;Luyfyf DaeMumyefvkd jyeYfum;aeaom t 0g\ puyfukdkuRefwmfxdaom t cg olu uRefwmfukdqGJvdkbonf uRefwmfu olukd wpfckjyv0f foru csufcsifqGJbonfolukdvufbD jyNyD;cdkajcmufv0f foru at mfyGJDvSwwfbonf

နောက်တစ်နှစ်တွင် ကျွန်တော် အိမ်သို့ပြန်ရောက်သောအခါ အစ်မကြီးသွိုင်သည် နှစ်သစ်ကူးပွဲတော်အတွက် မီးဖိုချောင်ထဲတွင် အလုပ်ရှုပ်နေသည်။ မန်ကျည်းသီးများနှင့် ခရမ်းဆော့သီးများကလည်း အရင်တုန်းကလို အရသာရှိပုံရသည်။ သကြားဖုံးထားသော ကြာစေ့များလည်း ပါသည်။ မုန့်အချိုများ၏ ရနံ့သည် နေရာအနှံ့အပြား ပျံ့နှံ့နေသည်။ သူမ၏ အဝတ်အစားများမှာလည်း ယိုနံ့များထွက်နေပြီး မီး၏ အပူရှိန်ဖြင့် နွေးထွေးနေသည်။ သူမ၏ ပါးပြင်များမှာလည်း နှင်းဆီရောင်သန်းနေပြီး ဆံပင်များကိုလည်း စုစည်းထားသည်။ သူမက ကျွန်တော့်ကို သည်နှစ်တွင် အဝေးက ဧည့်သည်တချို့ လာရောက်မည့်အကြောင်းကို ပြောပြသည်။ အပြာသည် နိုင်ငံရပ်ခြားတွင် အိမ်ထောင်ကျခဲ့သည်။ ထို့ပြင် ဧည့်သည်တစ်ယောက်ကိုပါ အိမ်သို့ ခေါ်လာမည်ဖြစ်သည်။ ထိုသူသည် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်နေသည့် ဗီယက်နမ်နိုင်ငံသား တစ်ယောက်ဖြစ်ပြီး အဝါနှင့် မိတ်ဆက်ပေးရန် ဖြစ်သည်တို့ကို ပြောပြသည်။ အစ်မကြီးသွိုင်သည် စကားပြောရာမှ ကျွန်တော့်ကို ကြည့်သည်။ ထို့နောက် ခြံတံခါးဝဆီသို့ မျှော်လင့်ချက်ဖြင့် ကြည့်နေသည်။

ဦးလေးတမ်သည် သူငယ်ချစ် အိပ်မက်မှ နိုးထလာပြီး ဆရာအတတ်သင် ကောလိပ်ကျောင်းတစ်ခုမှ ဒီပလိုမာယူခဲ့သည်။ တိုင်းပြည်၏ တောင်ဘက်အစွန်း၌ရှိသော အူးမင်သစ်တောဒေသတွင် လုပ်အားပေးဆရာ လုပ်နေသည်။ သူသည် နှစ်သစ်ကူးပွဲတော်တွင် အိမ်သို့ ပြန်လာမည်ဟု ကတိပေးထားပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အပြာရောက်လာချိန်တွင် အစ်မကြီးသို့င်သည် ခရမ်းဆော့သီးများ၊ ချင်းများနှင့် လိမ္မော်သီးများကို ယိုထိုးဖို့ ရောစပ်ပြီးသည့်အချိန်ဖြစ်သည်။ အပြာသည် မီးဖိုချောင်ထဲသို့ ပျာယီးပျာယာ ဝင်ရောက်ပြီး အစ်မကြီးသို့င်ကို ထပ်တလဲလဲ နမ်းသည်။ ‘ကျွန်မကတော့ အစ်မကြီးရဲ့ မီးဖိုချောင်ကို အလွမ်းဆုံး’ဟု ပြောသည်။ ထို့နောက် အပြာသည် ကျွန်တော့်ဘက်သို့ လှည့်လိုက်ပြီး နမ်းရှုပ်လိုက်သည်။ အပြာသည် အရင်တုန်းကလို လှနေဆဲပင် ဖြစ်လာသည်။

အဝါသည် အပြာခေါ်လာသော ဧည့်သည်ဖြစ်သူကို အသက်ကြီးသဖြင့် စိတ်ပျက်သွားသည်။ သို့သော် အပြာက ထိုသူသည် မိမိခင်ပွန်းထက် ငါးနှစ်မျှသာ ကြီးသည်ကို ပြောပြသည်။ ထိုသူသည် ပိုမိုကောင်းမွန်သော ဘဝတစ်ခုကို ရှာဖွေနိုင်ရန် ဇာတိမြေမှ ထွက်ခွာခဲ့သည်။ နောက်တော့ ဇာတိမြေကို အလွန် လွမ်းဆွတ်သတိရသဖြင့် ပြန်လာသည်။ အဝါသည် ထိုသူ၏ အကြိုက်မျိုး မဟုတ်ပေ။ အဝါသည် သူမ၏ ငယ်ရွယ်သော ခန္ဓာကိုယ်ကောက်ကြောင်းများ ပေါ်လွင်အောင် ထုတ်ဖော်ပြသထားသည့် ဖက်ရှင်ကျသော အဝတ်အစားများ ဝတ်ဆင်ရန် ကြိုးစားခြင်းသည်လည်း အရာမထင်ပေ။ တစ်ချိန်တုန်းက အလှပြိုင်ပွဲများတွင် ဒိုင်လူကြီးများကို ဆွဲဆောင်နိုင်သော သူမ၏ ပုံပန်းသွင်ပြင်သည် သူမ၏ သားကောင်ဖြစ်အောင် ကြိုးစားနေသော ထိုဧည့်သည်၏ မျက်လုံးများကို မဖမ်းစားနိုင်တော့ပေ။ ထိုသူသည် သတိတရရှိခဲ့ဖူးသော နေရာများသို့ လှည့်လည်သွားလာရခြင်းကို နှစ်သက်သည်။ အဝါနှင့်အတူ က,ပွဲသို့ သွားခြင်းထက် မရောက်ဖြစ်ခဲ့သော နေရာများသို့ အတိုးချသွားခြင်းကို ပိုနှစ်သက်သည်။ အစ်မကြီးသို့င်၏ မိသားစုက သူ့ကို ဟွန်ဂျိုင်ဟိုတယ်တွင် တော်ဝင်ညစာစားရန် ဖိတ်ခေါ်သည်။ သို့သော် သူက သာမန်လူများ၏ ညစာပုံစံမျိုးကို စားချင်သည်ဟု ပြောသည်။ ထို့ကြောင့် အမိက အစားအစာကတော့ ဟျူးမြို့၏ စံပြအစားအစာဖြစ်သော ဂိုဘီငါးကို ပဲပိစပ်အရည်ပျစ်ဖြင့် ပြုတ်ထားသော ဟင်းလျာပင်ဖြစ်သည်။ အချိုပွဲအဖြစ် ကန်စွန်းဥပူတင်းလည်းပါသည်။

ညစာစားပွဲသည် ကျေနပ်ဖွယ်ရာ ရလဒ်များကို ပေးစွမ်းသည်။ ဧည့်သည်သည် ထိုဟင်းကို အလွန်နှစ်သက်သည်။ ထပ်တလဲလဲ ထုတ်ဖော်ချီးကျူးသည်။ ထို့နောက် သူသည် ချင်းရနံ့ထည့်ထားသော လက်ဖက်စိမ်း သောက်ရသည်ကိုလည်း အလွန်စိတ်ကြည်နူးသွားသည်။ နောက်ဆုံးတွင် သူသည် အမိနိုင်ငံ၏ အနံ့နှင့် အရသာကြွယ်ဝသော အစားအစာများနှင့် ကင်းဝေးနေသည်မှာ နှစ်ပေါင်း နှစ်ဆယ်ခန့် ကြာပြီဖြစ်ကြောင်းကို ထုတ်ဖော်ပြောကြားသည်။

ထိုလ၏ နှစ်ဆယ့်ရှစ်ရက်သို့ ရောက်ရှိလာသည့်တိုင်အောင် ဦးလေးတမ်သည် ရောက်မလာသေးပေ။ ကျွန်တော်သည် ညဥ့်နက်ထိအောင် နေရပြီး ဖက်ထုပ်အိုးကို ကြည့်နေရသည်။ အစ်မကြီးသို့င်သည်လည်း ထိုနည်းနှင်နှင် ချက်ပြုတ်နေသည်။ မီးဖိုနှစ်ဖိုသည် ခြံစည်းရိုး၏ တစ်ဖက်တစ်ချက်စီတွင် နီးကပ်စွာ တည်ရှိလျက်ရှိ၏။ ဘင်္ဂလားဆီးသီးပင်သည်လည်း ပင်လုံးကျွတ် အပွင့်တွေ ဝေဆာနေသည်။ အစ်မကြီးသို့င်သည် သူမ ကလေးဘဝတုန်းက အပွင့်များကို ပို၍ နီးနီးကပ်ကပ် မြင်တွေ့နိုင်ရန် ဆီးပင်ပေါ်သို့ မကြာခဏတက်သည့်အကြောင်းကို ကျွန်တော့်အား ပြောပြသည်။ သူမသည် ဦးလေးတမ်ကို မြင်တွေ့ချင်ပုံရ၏။ ထိုစဉ် ကျွန်တော်သည် ဆီးသီးပင်ကို မှီပြီး ရပ်နေသော လူတစ်ယောက်၏ အရိပ်ကို မြင်တွေ့လိုက်ရသည်။ ထိုအရိပ်ပိုင်ရှင်သည် မိန်းကလေးတစ်ယောက် ဖြစ်သည်။ ကျွန်တော်၏ နှလုံးသား ရုတ်တရက် လေးလေးပင်ပင် ခံစားလိုက်ရသည်။ ကျွန်တော်သည် သူမဘက်သို့ လှည့်လိုက်သည်။ မကွယ်ပျောက်မီ ရုတ်ခြည်း ထွန်းလင်းတောက်လာသော သူမ၏ မျက်နှာပြင်ပေါ်ရှိ ပျော် ရွှင်ခြင်း၏ ပုံပန်းသွင်ပြင်ကို မှတ်တမ်းတင်ရန်ပင် ဖြစ်သည်။

သည်နှစ်တွင် အစ်မကြီးသို့င်၏ မုန့်အချိုများက အလှုံပယ်ပင်ဖြစ်သည်။ သူမသည် ထိုမုန့်များအပေါ် နှစ်သက်ကြည်နူးနေသည်။ ဧည့်သည်လူစိမ်းကတော့ အဝါ၏ အိမ်တွင် မှိုင်တွေငေးငိုင်နေသည်။ မုန့်အချိုများကို သူမ လုပ်သည်ဟု ထင်သဖြင့် သူမ၏ ကျော့ကွင်းထဲသို့ ထိုဧည့်သည်ဝင်လုဝင်ခင် ဖြစ်နေပြီဟု အဝါက ကြွေးကြော်နေသည်။ ထိုလူကတော့ အဝါတို့အိမ်က ချက်ပြုတ်သော အစားအစာများထဲတွင် ဇာတိမြေ၏ ရနံ့များဖြင့် ကြွယ်ဝနေသည်ဟု ထပ်တလဲလဲ ပြောသည်။ ‘ငါ လက်ထပ်ရင် အစ်မကြီးသို့င်ကိုပါ တစ်ပါတည်း ခေါ်သွားရမယ်’ဟု အဝါက ကျွန်တော်ကို ပြုံးရင်း ပြောသည်။

‘ဒါပေမဲ့ နင် ချက်တာပြုတ်တာ ဘာမှမသိဘူးဆိုတာကို သူတွေ့သွားတဲ့အခါ နင် ဘာလုပ်မလဲ’ဟု ကျွန်တော်က မေးလိုက်သည်။

‘ဒါက ငှက်ပျောသီးအခွံနွှာစားရသလို လွယ်ပါတယ်ဟာ။ ငါတို့တွေ ဟိုရောက်သွားလို့ သူက ငါ့ကို မသင့်တော်ဘူးဆိုတာ တွေ့ရင် ငါက သူ့ကို ကွာရှင်းလိုက်မှာပေါ့။ လူတွေအများကြီး ရှိပါတယ်ဟာ။ ဒါက ဘယ်သူ့ကိုမှ မနာကျင်စေဘူးလေ’

အဝါ၏ အနီရောင်သန်းနေသော နှုတ်ခမ်းများကို ကျွန်တော် ကြည့်ရင်း အဝါသည် အစ်မကြီးသို့င်၏ ညီမ ဘယ်လိုလုပ်ပြီး ဖြစ်နေရသလဲဆိုတာကို အံ့အားသင့်မိသည်။

ဧည့်သည်လူစိမ်းသည် ဆိုက်ဆိုက်မြိုက်မြိုက်ကို ချစ်ရေးဆိုတော့သည်။ အဝါကိုတော့မဟုတ်။ အစ်မကြီးသို့င်ကိုဖြစ်သည်။ သူမ၏ အမေသည် ဆွံ့အ,သွားတော့သည်။ အဝါက အဆိပ်ပြင်းသည်။ ‘သူက ဒီလိုဖက်ရှင်ကျတဲ့ ပုံစံမျိုးကို မကြိုက်ရင်လည်း အစ်မကြီးသို့င်ကို လက်ထပ်ပြီး ဆယ့်ကိုး



www.burmeseclassic.com

www.burmeseclassic.com

ရာစုကို ပြန်သွားပေါ့။ ငါလည်း ဟောင်ကောင်က လူတစ်ယောက်ကို လက်ထပ်မယ်'ဟု ဆိုသည်။ အဝါသည် ထိုစည့်သည်ကို စက်ဆုပ်ဖွယ်အကြည့်တစ်ချက် ကြည့်လိုက်သည်။ ထို့နောက် သူမ၏ မော်တော်ဆိုင်ကယ်ကို ခြံဝင်းတံခါးအပြင်ဘက်သို့ အရှိန်ဖြင့် မောင်းထွက်သွားသည်။ ကောင်းကောင်းမွန်မွန် မိန်းကလေးတစ်ယောက်၏ အခန်းကဏ္ဍကို အဆုံးသတ်ပစ်လိုက်တာပဲ ဖြစ်သည်။

ကျွန်တော်သည် မအံ့သြမိပေ။ အတိတ်၏ လွမ်းမောစရာကို ချစ်ခင်နှစ်သက် လေးစားမှုရှိနေသော ထိုသူက အဝါကို သူ၏ သတို့သမီးအဖြစ် ရွေးချယ်လိမ့်မည်ဟု ကျွန်တော် မယုံကြည်ပေ။

သို့သော်လည်း တခြားသော မိုင်းဗုံးတစ်လုံးက ပေါက်ကွဲပြန်သည်။ အစ်မကြီးသို့ုင်သည် ထိုလူ၏ ချစ်ရေးဆိုမှုကို ငြင်းဆိုသည်။ သူမ၏ ရိုးရှင်းသော ရုပ်ရည်နှင့် အသက်အရွယ်အတန်ရပြီဖြစ်ပေမဲ့ သူမအား နိုင်ငံရပ်ခြားသို့ ခေါ်ဆောင်သွားမည့်သူမျိုးကို နောင်တမရဘဲ ငြင်းပယ်ခဲ့သည်။ သူမ၏ မိဘများ၊ အပြာနှင့် ဦးလေးတမ်တို့၏ အကြံပေးမှုကိုလည်း လျစ်လျူရှုကာ သူမသည် တစ်ချိန်တုန်းက ဦးလေးတမ် မပွင့်တပွင့်ပြောပြီး လမ်းလျှောက်လေ့ လျှောက်ထရှိခဲ့သော လက်ဖက်ပင် အနီးတစ်ဝိုက်ကိုသာ ငေးကြည့်နေရင်း ငြိမ်သက်စွာ ထိုင်နေသည်။

ရိုးရှင်းနုံချာသော အချစ်သည် အလွန်နက်နဲသိမ်မွေ့နိုင်သည်ဟု မည်သူကမျှ ထင်မှတ်မထားပေ။

အချိန်က ဖြတ်သန်းသွားပြီ ဖြစ်သော်လည်း အချစ်က

t0u tqmyfifonfjoLu 'DrkUu&Sfuswh ylt-kUuHkuLu&ifvnf tpfuDoMuk vufxyfDq, fuMmpkuyefoMayyfvnf a[mifumifuvlwpf, mufukvufxyf, j[ k qkbnft0gonfxKnfbnfuyfzGf tMunfvpfuMunfvkuonf

ရှင်သန်နေတုန်းပင် ဖြစ်သည်။

ရွှေအိုရောင်နေမင်းကြီး ဝင်သွားပြီးနောက် ဦးလေးတမ်သည်လည်း သူ၏ လက်ထပ်ဖို့ကိစ္စကို ဆက်လက်ဆွေးနွေးတော့သည်။ ဦးလေးတမ်၏ ချစ်သူက ကျောင်းဆရာမတစ်ယောက်ဖြစ်သည်။ သူမသည် မိဘမဲ့တစ်ယောက်ဖြစ်ပြီး မင်္ဂလာဆောင်ကိုလည်း အကျဉ်းရုံး၍ ကျင်းပလိုသည်။ ထို့နောက်တွင် သူတို့နှစ်ယောက်စလုံး ထွက်ခွာကြပြီး တခြားဒေသတစ်ခုမှာ အသက်မွေးကြမှာဖြစ်သည်။ ဦးလေးတမ်က သူတို့သွားရောက်နေထိုင်မည့် ဒေသရှိ လူများသည် နွေးထွေးရိုးရှင်းပြီး ထိုသူများနှင့် အတူတကွ နေထိုင်ရန် အဆင်ပြေသည်ဟု ဆိုသည်။

ဦးလေးတမ်သည် ထိုသို့ ရိုးရှင်းသော မင်္ဂလာဆောင်အခမ်းအနားအတွက် ယောက်မဖြစ်သူ(ကျွန်တော့်အမေ)နှင့် ကလေးဘဝကတည်းက ရင်းနှီးသော သူငယ်ချင်းဖြစ်သူ အစ်မကြီးသို့ုင်ကို အားထားသည်။ အစ်မကြီးသို့ုင်သည် ထိုမင်္ဂလာပွဲအတွက် စတင်ပြင်ဆင်ပေးသည်။ ကျွန်တော်သည် သူမကို သတိထားပြီး ခိုးခိုးကြည့်သော်လည်း သူမက တည်ငြိမ်နေသည်။ မင်္ဂလာဆောင်နေ့သို့ ချဉ်းကပ်လာသောအခါ အစ်မကြီးသို့ုင်သည် သူမ၏ မင်္ဂလာဆောင်ပွဲကဲ့သို့ ပျာယာခတ် အလုပ်ရှုပ်နေသည်။ မီးဖိုချောင်ထဲတွင် မီးများကို သန်းခေါင်ယံတိုင်အောင် ထွန်းထားပြီး သူမသည် မင်္ဂလာပွဲအတွက် ကိတ်မုန့်များ ဖုတ်နေသည်။ ကျွန်တော်သည် စောင့်ကြည့်နေရင်း သူမကို စိတ်တိုမိသည်။

'သူတို့ကို ဂရုစိုက်မနေနဲ့၊ သွားအိပ်တော့လေ'

'မင်း လက်ထပ်ရင်လည်း ငါ ညလုံးပေါက် အလုပ်လုပ်ပေးမှာပဲလေ'

'ကျွန်တော်က အစ်မကြီး အကူအညီ မလိုပါဘူး။ အစ်မကြီးမှာ ပင်ပင်ပန်းပန်း လုပ်စရာတွေရှိပါလျက်နဲ့ သူတို့က ဘာဖြစ်လို့ အစ်မကြီးကို ထပ်ပြီး ဒုက္ခပေးချင်ရတာလဲ'

'မင်းသိတဲ့အတိုင်းပဲလေ၊ ငါ့ခေါင်းကို အတွေးတွေ မရှိအောင် ထားတယ်'

သူမသည် ရည်ရွယ်ချက်မဲ့စွာ ပြုံးလိုက်သည်။ ထို့နောက် အလုပ်ကိုသာ သူမ စတင်လုပ်တော့သည်။ ကျွန်တော့်မှာ ပြောစရာ ဘာမှ မရှိတော့သည်ကို သိသဖြင့် အလုပ်ကို မြန်မြန်ပြီးစေရန် သူမကို ကူညီဖို့ ထိုင်လိုက်သည်။ သူမသည် အတိတ်တုန်းကလို ချဉ်ဖတ်တည်ထားသော ဟင်းသီးဟင်းရွက်များဖြင့် အလုပ်ကိုသာ ဂရုတစိုက်လုပ်နေသည်။ ကျွန်တော် ရုတ်တရက် သတိထားမိသည်တစ်ခုကတော့ သင်္ဘောသီးများကို သစ်ရွက်သဏ္ဌာန်ပုံဖော်ထားသည်မှာ မျက်ရည်စက်ပုံစံ သစ်ရွက်များနှင့် ဆင်တူသည်။ ကျောက်စိမ်းနှင့်လည်း ဆင်တူသည်။ သည့်နောက် မုန်လာ ပန်းများသည်လည်း အနီရောင် သွေးစက်များအဖြစ် ပြောင်းလဲသွားသည်။ အစ်မကြီးသို့ုင် ငိုနေပြီ။ ॥ ■

**နိုင်မြင့်**

*(ဗီယက်နမ်စာရေးဆရာ Que Huong ၏ Teardrop Leaves ကို ဆီလျော်အောင် ပြန်ဆိုပါသည်)*

*Teardrop Leaves- မျက်ရည်စက်ပုံစံရှိသော သစ်ရွက်များ။*



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com

ရှုမဝခေတ် ဝတ္ထုတို
အချို့သည် အက်ဆေးဆန်သည်ဟု
အောက်မေ့မိပါသည်။
အက်ဆေးနှင့် ဝတ္ထုအကြား
ခြားနားထားသည့် နယ်နိမိတ်
ပါးလျားလာသည့်အတွက်
အချို့ဝတ္ထုများသည်
အက်ဆေးဆန်၍

# လတ်တို့ ရွာကလေး

## ဖော်ရှင်းစာ | ကြော်ငြာရှင်း



အချို့အက်ဆေးများ
ဝတ္ထုဆန်နေသည်ကို
ယခုအခါ အငြင်းပွားသူ
နည်းလိမ့်မည်ထင်ပါသည်။
သို့ရာတွင် ကွယ်လွန်ခဲ့ရှာပြီဖြစ်သော
ဆရာမ ဝင်းဝင်းလတ်၏
ဝတ္ထုကလေးကို
အက်ဆေးတစ်ပုဒ်အဖြစ်
ခံစားတင်ပြဖို့
ဆုံးဖြတ်လိုက်သည်နှင့်
ဆရာမနှင့် ဆရာမကို
ချစ်ခင်လေးစားသော၊
သံယောဇဉ်ငြိတွယ်သော
စာဖတ်ပရိသတ် များအား
တောင်းပန်ရန် လိုအပ်မည်ဟု
ယူဆပါသည်။ စိုးရွံ့အားနာရသည်
အမှန်ပဲဖြစ်ပါသည်။ သို့သော်
နှစ်နှစ်ခြိုက်ခြိုက်ကြီးကိုပဲ
အကြိမ်ကြိမ်ဖတ်ပြီး
စွဲလမ်းခဲ့သည့်
ဝတ္ထုတိုလေးတစ်ပုဒ်၏
ဆွဲဆောင်ညှို့ငင်မှုကို
မလွန်ဆန်နိုင်သော
အက်ဆေးချစ်သူတစ်ဦးအပေါ်

အမှတ် ၃၅၄၊ မေ၊ ၂၀၀၉

ရုပ်စုံမဂ္ဂဇင်း

**အက်ဆေးအကြောင်းအက်ဆေး**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ခွင့်လွှတ် နားလည်ဖို့ မျှော်လင့်ပါသည်။

**'ဘလည်း တစ်လှည့် လော့်ဦးမယ်'** သည် ကျေးလက်ပုံပြင်တစ်ပုဒ် ဖြစ်ပါသည်။ ဆရာမ ဝင်းဝင်းလတ်က သူ့ဝတ္ထုကို ပုံပြင်တစ်ပုဒ်နှင့် ဖွဲ့စည်းခဲ့ပြီး ရင်တွင်းစကား (Interior monologue) ပြောဟန်ဖြင့် တင်ပြပုံကြောင့် အက်ဆေးအဖြစ် ခံစားမိခြင်း ဖြစ်တန်ရာပါသည်။

*'ဒီလို မိုးလေးတစ်မှိုင်မှိုင် ရွာနေပြီ ဆိုပါလျှင် လတ်တို့ ရွာလေးသည် မိုးရေထဲမှာ တုပ်တုပ်ခွဲလို့ နေပါလိမ့်မည်။ ရွာနှစ်ရွာကြားက ကန်ဘက်ချောင်းထဲတွင်တော့ ချောင်းရေတွေ လျှံနေပါလိမ့်မည်။ ကန်ဘက်ချောင်းစီးဝင်ရာ ပြာမလော့မြစ်ကြီးတွင်မူ လှိုင်းလုံးကြီးများ တလိပ်လိပ်၊ တလိမ့်လိမ့် ထ,ကြွ သောင်းကျန်းလို့ နေရော့မည်ပင်။ လတ်ကမူ အိမ်ခါးပန်းတွင် ကုပ်ကုပ်ကလေး ထိုင်နေလိမ့်မည်ဟု ထင်ရပါသည်'*

လှပ၍ ချစ်စရာကောင်းသော ဝါကျကလေးတွေကို ရေးနေသည့်အချိန်က ဆရာမသည် ထိုရွာကလေးမှာ ရှိမနေခဲ့တော့ပါ။ မြို့ပြ၏ ဆေးရုံကြီးတစ်ခုပေါ်တွင် ဂုဏ်ယူစွာဖြင့် အမှုတော်ထမ်းနေပြီ ဖြစ်ပါသည်။

'လတ်တို့ရွာကလေး'ဟု ရည်ညွှန်းပြောဆိုသော ရွာကလေးကို ဆရာမ ဝင်းဝင်းလတ်က လွမ်းလွမ်းဆွတ်ဆွတ် ပြန်တွေးနေမိခြင်းပဲ ဖြစ်ပါသည်။ ပြန်တွေးမိသည်ဆိုခြင်းမှာ ယခုပစ္စုပ္ပန်၌ မရှိတော့ပြီဖြစ်သော၊ ဝေးကွာခဲ့ပြီဖြစ်သော 'တစ်စုံတစ်ရာ'ကိုသာ ဖြစ်နိုင်ပါသည်။ ယခုပင် လက်နှင့် ထိကိုင်၍ရသော တစ်စုံတစ်ရာကို မည်သူမျှ လွမ်းဆွတ်နေမည်မထင်ပါ။

ထိုရွာကလေးသည် စင်စစ် လပွတ္တာမြို့နယ်ထဲမှ ချောင်းကြိုမြောင်းကြားတွေ ပေါများသော မြစ်ဝကျွန်းပေါ်ဒေသ၏ ရွာကလေးတစ်ရွာ ဖြစ်ပါသည်။ တိုက်နယ်ဆေးရုံမျှမရှိ၊ လှေမပါလျှင် ဘယ်လိုမှ ခရီးမတွင်နိုင်သည့် ရွာကလေးဖြစ်ပြီး ဆရာမက ထိုရွာကလေး၏ ဝေါ်စကားရွာသားတွေကို ဆေးကုပေးဖို့ ခန့်ထားခံရသည့် ဆရာဝန်တစ်ယောက်ဖြစ်ပါသည်။ မြို့သူဆရာဝန်မကလေးသည် မိုးရွာသောနေ့များတွင် အိမ်လွမ်းဝေဒနာဖြင့် စိတ်လက်မကြည် ရှိခဲ့ပါလိမ့်မည်။ တစ်ချိန်သောအခါ၌ ထိုရွာလေးကို ပြန်လည်တမ်းတ၊ တသသဖြစ်ရလိမ့်မည်ဟု ယောင်လို့မျှ တွေးမိခဲ့မည် မဟုတ်ပါချေ။

လတ်သည် ရေမကူးတတ်။ ထိုရွာသို့ရောက်စက မော်တော်နှင့်မဟုတ်လျှင် လူနာလိုက်မကြည့်နိုင်ပါဟု ကြေညာထားခဲ့သည်။ နောင်တော့ ရေလမ်းခရီးကို ရိုးသွားသည်ကတစ်ကြောင်း၊ လူနာရှင်တို့ မော်တော်ငှားခ မကုန်ကျစေချင်သည်က တစ်ကြောင်းတို့ကြောင့် လှေကို စီးဖြစ်ခဲ့ပါသည်။

တစ်ညနေ...။ မှောင်စပျိုးနေပြီဖြစ်သည့် တစ်ညနေတွင် ဆရာဝန်မလေး လတ်ကို လူနာကြည့်ဖို့ လာခေါ်သည်။ အမှောင်စိုးစဖြစ်သဖြင့် လတ်က မလိုက်လို။ သို့သော် ထိုလူနာက လတ်ကြည့်ထားသည့် နာတာရှည် ငှက်ဖျားရောဂါသည်ဖြစ်ပြီး 'မနက်ကတည်းက ဘာမှမစားနိုင်ဘဲ အန်နေတာ၊ ဒီညနေတော့ မြောသလိုကြီး ဖြစ်သွားတာပဲ ဆရာမရယ်'ဟု ပြောသည်ကို မငြင်းဆန်သာ။ လတ်က ဆေးအိတ်ဆွဲပြီး လိုက်လာခဲ့သည်။ လှေစီး၍သွားရခြင်း မဟုတ်။ မော်တော်စီး၍ သွားရခြင်း ဖြစ်သည်။ မိနစ်အစိတ်ခန့်သွားပြီး ဂုံညင်းတန်းရွာစုကလေးသို့ ရောက်သည်။ လူနာမှာ သကြားဓာတ်နည်းပြီး ရှော့(ခ်)ရနေခြင်းဖြစ်သည်။ အချိန်မီ မကုသပါက စိုးရိမ်ဖွယ်အခြေအနေဖြစ်သည်။ စိတ်ချရသည်အထိ စောင့်ကြည့်နေခဲ့သည်။ ပြန်မည်ဆိုတော့ ည ၉ နာရီကျော်ပြီ။

မော်တော်နှင့်ပဲ ပြန်ခြင်းဖြစ်ပါသည်။ လတ်၏ တပည့်ကျော် မြင့်မြင့်ဝင်း၊ လူနာ၏ တူမနှစ်ဦးနှင့် မောင်ဖားသုံးဦးလည်း လတ်ကို ရွာအရောက်ပြန်လိုက်ပို့ဖို့ ပါလာသည်။

*'လရောင် မှုန်တိမှုန်ဝါးတွင် မိုးစက်ကလေးတွေက တဖွဲဖွဲ၊ မော်တော်ဦးက ခွဲသွားသော ချောင်းရေတွေက တမွှားမွှား လှိုင်ကာ ချောင်းရိုးကလေးအကြား မော်တော်ကလေးဖြင့် ညခရီးသွားရသည့် ကြည်နူးဖွယ်ခံစားမှုမှာ သွားဖူးသူမှသာ ခံစားသိရှိနိုင်ကြပေတော့မည်ပင်'*တဲ့။

ဆရာမ ကြုံခဲ့ရသည့် ချောင်းရိုးညချမ်းမျိုးကို ကျွန်တော်တို့ များစွာခံစားဖူးပါသည်။ တကယ် ကြည်နူးစရာကောင်းပြီး တကယ့်ကို လွမ်းစရာမြင်ကွင်းမျိုးဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်၌ နေဖူးသူများဆိုပါက ပို၍ လွမ်းလောက်ပါသည်။

သို့သော် ခံစားကြည်နူးနေတုန်းမှာပဲ မော်တော်သံက တဖွတ်ဖွတ်မြည်ကာ စက်ရပ်သွားပါသတဲ့။ စက်ပျက်သည့် နေရာက ဂုံညင်းတန်းနှင့် လှမ်းခဲ့ပြီ။ လတ်တို့ရွာကလေးသို့ ရောက်ဖို့လည်း ဝေးသေးသည်။ ညစာလည်း မစားရသေးသဖြင့် အူက တကြုတ်ကြုတ် မြည်နေပြီ။ ချောင်းရိုး ရေလယ်ကောင်မှာ မော်တော်က တလည်လည်။ လတ်ခမျာ အဘယ်မျှ စိတ်ဓာတ်ကျနေမည်ကို မှန်းကြည့်လို့ရပါသည်။ အချိန်က ပိုလင့်လာသည်။ မော်တော်သမားလေးတွေ စက်ပြင်တာကလည်း အကြောင်းမထူး။

ချောင်းကမ်းပါးနှစ်ဖက်က လူနေအိမ်ကျဲကျဲဆီသို့ သူတို့လှမ်းခေါ်သည်။ တကြော်ကြော်အော်ပေမဲ့ ကြားဟန်မတူ။ စက်သံမဲ့မော်တော်လေးမှာ တိတ်ဆိတ်စွာ ချောင်းရိုးထဲ တလည်လည်။ တစ်နေရာအရောက်မှာ ကမ်းသို့ကပ်သည်။ အုန်းပင်စုရွာဖြစ်သည်။ အကူအညီတောင်းရာ သူတို့ကို လိုက်ပို့ဖို့ ၁၂ နှစ်အရွယ် ကောင်လေးက လှေပက်ပက် ကလေးတစ်စင်းကို တအိပ့်ပဲ့ လှော်ခတ်လာသည်။ ဒီပြင်လှေတွေ ပိုက်ချသွားကြတယ်ဗျ-ဆိုသဖြင့် လတ်တို့ မငြင်းသာ။



www.burmeseclassic.com

www.burmeseclassic.com

ဒါက လတ်တို့တစ်သိုက် တခြားလှေကို ရွေးချယ်စရာလည်း မရှိခဲ့သည့် အကြောင်းပြချက်ဖြစ်သည်။

‘ဆရာမ မကြောက်နဲ့နော်၊ ဆရာမ ရေမကူးတတ်ပေမဲ့ ကျွန်မတို့အားလုံး ကူးတတ်တယ်။ တစ်ခုခုဆိုရင် ကျွန်မတို့က အသက်ချင်း လဲပစ်လိုက်မှာ’ဟု မစန်းရီဆိုသူက အားပေးသည်။ လှေပေါ်သို့ လတ်တို့ ရောက်သည်နှင့် လှေသမားချာတိတ်က ‘အစ်မတို့၊ လှေဦးမှာ ပက်ခွန့်ရှိတယ်’ဟု ပြောသည်။ လှေထဲမှာ ရေတွေဖွေးနေသည်။ လှေရွေ့တိုင်း လှေထဲသို့ရေတွေ တဟောဟော ဝင်လာသည်။ ‘မကြောက်နဲ့ဆရာမ၊ လှေဆိုတာ ဒီလောက်တော့ ရေယိုတာပေါ့’ဟု ဆိုကြပြန်သည်။

မိုးထဲလေထဲ ညဥ့်မှောင်ထဲမှာ လတ်တို့စီးလာသော လှေကလေးပေါ်၌ ရေတွေကို စက်လည်ပတ်နေသလို တဖွားဖွား ပက်ထုတ်နေရသည်။ မနားစတမ်း ရေပက်ထုတ်နေသော မစန်းရီက ‘လှအေးရေ့ ငါလည်း- အဘလည်း လှော်နိုင်ပါသေးတယ် မြေးရဲ့’ဆိုသဖြင့် ကြောက်နေသည့်လတ်က အဲဒါစကားပုံလားဟု အကြောက်ပြေမေးရာ ‘ပုံပြင်ဆရာမရဲ့’ဟု ဆိုသည်။

မစန်းရီပြောသည့် ပုံပြင်ကလေးကို သူ့အတိုင်း ဖော်ပြလိုက်ပါသည်။

*‘တစ်ခါတုန်းက မြေးအဘိုး နှစ်ယောက် ချောင်းရိုးမှာ လှေကလေးလှော်ပြီး လာကြတယ်တဲ့ ဆရာမရဲ့။ သူတို့စီးလာတဲ့လှေကလည်း ရေယိုနေသတဲ့။ မြေးလုပ်တဲ့လူက အဘက လူကြီးဆိုတော့ ပက်ခွန့်နဲ့ရေပဲပက်ထုတ်၊ ကျုပ်ကတော့ လူငယ်၊ လှေခတ်မယ် ပြောသတဲ့။ အမှန်က လှေခတ်တာ ပိုပင်ပန်းတာကိုးဆရာမရဲ့။ ဒါပေမဲ့ သူတို့လှေကလေးက ရေတအားယိုတဲ့လှေ ဖြစ်နေတော့ သူ့မှာ ခက်နေတာပေါ့။ မတရားယိုတာ၊ ကျွန်မတို့လှေလိုနေမှာပေါ့လေ၊ ဟီးဟီး။ ဒါနဲ့ အဘိုးကြီးက မြေးလည်း ပင်ပန်းလှပြီ၊ အဘ တစ်လှည့်လှော်ဦးမယ် ပြောသတဲ့။ မြေးလုပ်တဲ့သူကလည်း အဘဘာသာ ရေပဲပက် ထုတ်စမ်းပါ၊ ကျုပ် လှော်နိုင်ပါတယ်လို့ ပြန်ပြောတယ်။ ဒီလိုနဲ့ ခရီးနည်းနည်းရောက်လာလို့ အဘိုးကြီးက သူလှော်မယ်ပြန်ပြောရင်း မြေးက ပြန်ငြင်းရင်းနဲ့ လာလိုက်ကြတာ နောက်ဆုံးတော့ အဘိုးကြီးက ဘလည်း လှော်နိုင်ပါသေးတယ် မြေးရယ်၊ ပေးလဟာ-လို့ စိတ်ပေါက်ပေါက်နဲ့ ပြောပြီး ပက်ခွန့်ကြီးကို ရေထဲ ပစ်ချလိုက်ပါလေရော’* တဲ့။

တော်တော် လှသည့် ပုံပြင်ကလေး ဖြစ်ပါသည်။

ကျွန်တော်သည် လွန်ခဲ့သော နှစ်သုံးဆယ်ကျော်က ရှမဝတွင်ဖတ်ခဲ့ရသည့် ပုံပြင်ကလေးကို စိတ်ပျက်နွမ်းနယ်သည့်အခါတိုင်း သတိတရ ကိုးကား ပြောဆိုမိပါသည်။ ဆရာမ ဝင်းဝင်းလတ်က ထိုရွာကလေး၊ ထိုပုံပြင်ကလေးကို ပြန်ပြောင်းပြောပြရင်း လွမ်းတသသ ဖြစ်နေချိန်၌ ဆိုခဲ့သလို သူမသည် မြို့ပြဆေးရုံကြီးတစ်ခု၏ လက်ထောက်ဆရာဝန်တစ်ဦး ဖြစ်နေပါပြီ။

ပစ္စုပ္ပန်၌ ထိကိုင်၍ မရနိုင်တော့ပြီဖြစ်သော သူမ၏ပစ္စုပ္ပန်မှ ဝေးကွာခဲ့ပြီဖြစ်သော ‘လတ်တို့ရွာကလေး’ကို လွမ်းမြနေခြင်းပဲ ဖြစ်လေသည်။

အများ၏ အာရုံစိုက်မှုကို ခံယူရသော၊ ကိုယ့်အတွက်လည်း အတတ်ပညာများစွာရရှိနိုင်သော၊ လူနာများကိုလည်း စိတ်ရှိသလောက် ကူညီပေးနိုင်သော ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်အဖြစ် ဂုဏ်ယူစွာ အမှုထမ်းနေလျက်က တစ်ခါက ရွာကလေးသို့ လွမ်းမက်နေခဲ့ရသည်ဟု ဆရာမက ဆိုပါသည်။

အထူးသဖြင့် အရေးပေါ်ခွဲစိတ်ကုခန်းမှ အထွက် ဘဝတူ လက်ထောက်ဆရာဝန်တစ်ဦးက ‘လူနာရှင်တစ်ယောက်က လတ်နာမည် စုံစမ်းသွားတယ် ဆရာ’ဆိုလိုက်လျှင် ကျေးဇူးတင်ချင်လို့မှ ဟုတ်ပါ့မလား၊ ပြဿနာရှာချင်လို့များလားဟု အမောဆို့ရသည့်အခါများ၌လည်းကောင်း၊ ‘အဲဒီနေ့ အဲဒီအချိန်က အဲဒီမှာ တာဝန်ကျ လက်ထောက်ဆရာဝန် ဘယ်သူလဲ’ဟု လှမ်း၍ စုံစမ်းစစ်ကြောသံ ကြားရသည့်အခါများ၌လည်းကောင်း အမေရိုက်မယ်အရွယ် ခံရသည့် ကလေးတစ်ယောက်လို စိတ်နှလုံး ညှိုးနွမ်းရသည်ဟု ဆိုပါသည်။ ထိုအခါများတွင် ‘ပျော်ရွှင်စွာ စိတ်ညစ်ခဲ့ရသော’ တောဆရာဝန်ဘဝကို ပိုလို့တမ်းတမိရသည်ဟု ဆိုပါသည်။

ဝင်းဝင်းလတ်ကို ဒီနေရာ၌ ကြားဖြတ်၍ ချီးကျူးလိုပါသည်။ *‘အမေရိုက်မယ်အရွယ် ခံရသည့် ကလေးတစ်ယောက်လို’*ဆိုသည့် အသုံးအနှုန်းအတွက် ဖြစ်ပါသည်။ တစ်ဦးကိုအရှုံး၊ တစ်ဦးကိုအနိုင်၊ ယှဉ်ပြိုင်ကြသူများကို မလွဲမသွေ ဆုံးဖြတ်ပေးရသည့် အလုပ်သဘာဝမျိုး၊ အများနှင့်ဆိုင်သည့် ဆုံးဖြတ်ချက်တစ်ခုခု ချမှတ်ရသည့် အလုပ်သဘာဝမျိုး၌ ကျင်လည် အသက်မွေးခဲ့ဖူးသူတို့သည် ‘ရိုက်မည်ရွယ်သည့်လက်’များကို ကောင်းစွာ ကြုံခဲ့ကြရပါသည်။ ကောင်းစွာ ခံစားနားလည်နိုင်ကြပါသည်။ ဆရာမ ဝင်းဝင်းလတ်က နေရာတကျ သုံးပြလိုက်နိုင်သည်ဟု ဆိုရပါမည်။

‘ပျော်ရွှင်စွာ စိတ်ညစ်ခဲ့ရသော’ ဆိုသည်ကလည်း ကျေးလက်ဆရာဝန်ဘဝ၏ ကျစ်လျစ်သော အဖွဲ့အနွဲ့ ဖြစ်ပါသည်။

ရသမြောက်အောင်ရေးနိုင်သည့် စာရေးဆရာတို့၌ ထိုသို့သော ငြိလုံးကလေးတွေ ပုန်းခိုနေရာမှ လှစ်ခနဲ ပေါ်လာတတ်သည်ကို သတိပြုမိနိုင်စရာ ရှိပါသည်။ ဆရာမ ဝင်းဝင်းလတ် အဆုံးသတ်ပုံကလေးကလည်း တိကျသေသပ်လှပါသည်။

တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံကလေးများတွင် တာဝန်ကျသော သူငယ်ချင်း(ဆရာဝန်)တို့သည် မြို့သို့လာရင်း လတ်နှင့် ဆုံသည့်အခါ ဝင့်ဝင့်ကြွားကြွား ရှိလှပေသော မြို့ပြဆေးရုံကြီးက လတ်ကို စကားနာထိုးတတ်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။

*သည်တစ်ခါဆိုလျှင်တော့ဖြင့် လတ်သည် ပြုံးလို့ မနေတော့ဘူးဟု စဉ်းစားမိလျက် ဘလည်း တစ်လှည့် လော့ဦးမယ်ကွယ် ဟု ပြောလိုက်ချင်စမ်းတော့သည်ပင်-တဲ့လေ။*

ဆရာမ ဝင်းဝင်းလတ် ငယ်နုစဉ် ရေးဖွဲ့ခဲ့သော ရှုမဝ ဝတ္ထုတိုကလေး တစ်ပုဒ်ကို ဝတ္ထုမဟုတ်ဟု ကျွန်တော် မဆိုပါ။ မဆိုဝံ့ပါ။ သို့သော် အက်ဆေး တစ်ပုဒ်အဖြစ်လည်း ချစ်မက်နှစ်သက်စွာ တွေးမြင်ခံစားမိသည်ကို ခွင့်လွှတ်နားလည်လိမ့်မည် ထင်ပါသည်။

လူတို့သည် အောင်မြင်သော၊ မြင့်မားသည့် နေရာသို့ ရောက်သွားသောသူများကို အားကျတတ်ပါသည်။ တောက်ပခမ်းနားသည့် ဘဝအနေအထားတစ်ခုခုကို တောင့်တတတ်ပါသည်။ လိုချင်တပ်မက်မှု ရှိတတ်ပါသည်။ ထိုသို့သော နေရာ၊ ထိုသို့သော ဘဝကို ရယူပိုင်ဆိုင်ဖို့ တစ်ဘဝလုံး ကြိုးပမ်းရသူများလည်း ရှိခဲ့သည်ပဲ ဖြစ်ပါသည်။

ရည်ရွယ်ရာသို့ ရောက်သွားသူရှိသကဲ့သို့ မရောက်နိုင်ခဲ့သူများလည်း ရှိပါသည်။ ရောက်သွားသူတို့ကို မရောက်နိုင်ခဲ့သူတို့က ငေးမော အားကျနေတတ်သကဲ့သို့ ရောက်သွားသူက မရောက်ခဲ့သူတို့ကို မျက်လုံးဝင်းဝင်းကြီးတွေနှင့် စီးမိုးကြည့်သည်မျိုးလည်း ရှိကောင်းရှိနိုင်ပါသည်။

ကျွန်တော့်မှာ မေးခွန်းတစ်ခု ရှိပါသည်။

တစ်ဘဝလုံး မျှော်မှန်း၍ ရုန်းကန်ခဲ့ရသည့်နေရာ သို့မဟုတ် အခြေအနေတစ်ခုခုသို့ အခြေအနေပေးမှု တစ်ခုခုကြောင့် ရောက်ရှိသွားသူတိုင်းကကော သူတို့ ရရှိသည့်ဘဝကို ကျေနပ်သာယာပါရဲ့လားဟူသော မေးခွန်းပဲ ဖြစ်ပါသည်။ ကျေနပ်သာယာနေတာ သေချာပါရဲ့လားဟူသော မေးခွန်းပဲ ဖြစ်ပါသည်။

မကြာသေးမီက အမေ့ရွာသို့ အပြန်ခရီး၌ ငယ်သူငယ်ချင်းတစ်ယောက်နှင့် ကျွန်တော် တွေ့ပါသည်။ သူသည် အိုရမည့်အရွယ်သို့ ရောက်နေပါပြီ။ သူ၏ ဦးခေါင်းတစ်ခုလုံးမှာ ဖွေးဖွေးလှုပ်နေပါပြီ။ သူ့သမီးမှာ အဖြူအစိမ်းဝတ် မူလတန်းပြ ဆရာမလေးဖြစ်ပြီး သားမှာ အိမ်ထောင်ပြု၍ တယ်လီဖုန်း အပိုပစ္စည်းဆိုင်လေး ဖွင့်ထားပါသည်။ သူတို့ ဇနီးမောင်နှံသည် ပန်းတနော်နှင့် သုံးမိုင်ခန့်ဝေးသည့် ဒေါဝါးရွာကလေးမှာ ကုန်စုံဆိုင်လေးတစ်ဆိုင် ဖွင့်လှစ်ရောင်းချနေပါသည်။ အပူအပင်ကင်း၍ ရွှန်းလက်ဝင်းပနေသည့် သူ့မျက်နှာကို ကျွန်တော်က အတန်ကြာ ငေးကြည့်နေမိပါသည်။ သူ့ဘဝကိုသူ ကျေနပ်သာယာနေတာ သေချာပါသည်။

မကြာသေးမီက မြစ်ဆုံသို့ ကျွန်တော် ရောက်ပါသည်။ တတိယအကြိမ်မြောက် ရောက်ခဲ့ခြင်းဖြစ်ပါသည်။ မှတ်မှတ်ရရ ပထမတစ်ခေါက်တုန်းက တန်ဖရဲမရောက်မီ ကျိန်ခရမ် ရေအားလျှပ်စစ်တစ်ခုလုံး ရေအဟုန်အောက်သို့ မျောပါသွားပြီးခါစ ဖြစ်ပါသည်။ ထိုစဉ် မြစ်ဆုံသို့ ဘေးအန္တရာယ်ကျရောက်မည့် အရိပ်လက္ခဏာတို့ မမြင်ရသေးဟု ထင်ပါသည်။ ငြိမ်းချောက်မှု၊ စိုးရွံ့ထိတ်လန့်မှုများနှင့် ဝေးလျားနေဆဲ ဖြစ်မည်ထင်ပါသည်။ တတိယတစ်ခေါက်တွင်မူ ကျောက်စိုင်ကျောက်ခဲများကြား ရွှေရောင်လက်လက်ပြေး၍ လှပစွာ စီးသွင်နေခဲ့စမြဲဖြစ်သည့် မလိခမြစ်သည်ပင် မှုန်ရီနေသည်ဟု ထင်မိပါသည်။ ကျွန်တော်သည် မြစ်ဆုံကို ကြည့်ငေးရင်း အုံ့ဆိုင်းညှို့မှိုင်းလာသည့် စိတ်ခံစားမှုကို သတိပြုလိုက်မိပါသည်။

ဆုံးဖြတ်ချက်ချမှတ်ရမည့် အချို့သော ကိစ္စများမှာ ထွေပြားတတ်ပါသည်။ ရှုပ်ထွေးတတ်ပါသည်။ အငိုလွယ်၍ အရိုက်ခက်သည်မျိုးလည်း ရှိနိုင်ပါသည်။ လှသော ပန်းနှစ်ပွင့်အနက် ဘယ်တစ်ပွင့်ပန်မည်ဟု ရွေးချယ်ရမည့် ဆုံးဖြတ်ချက်မျိုး မဟုတ်သည့်အခါ အခက်အခဲရှိပါလိမ့်မည်။ အကျပ်အတည်း ရှိပါလိမ့်မည်။

ကဗျာဆရာကြီး ရောဘတ် ဖရော့(စ်)၏ ကဗျာတစ်ပုဒ်တွင် "*ငါ့မှာ တည်ရမယ့် ကတိတွေနဲ့ပါလား၊ သွားရဦးမည့် ခရီးမိုင်တွေနဲ့ပါလား*"ဟူ၍ ရေးခဲ့ဖူးပါသည်။ တည်ရမည့် ကတိလော၊ တည်ဖို့မလိုသည့် ကတိလော ဆိုသည်ကို စဉ်းစားဖွယ်ရာ ရှိမည်ဖြစ်ပါသည်။ မတည်ရမည့် ကတိဆိုသည် ရှိနိုင်ပါသည်။ သူတော်ကောင်းတို့က စေတနာကောင်းနှင့်ပြုခဲ့သည့် ကတိကဝတ်ကို အသက်ပေး၍ပင်ဖြစ်စေ တည်စေခြင်းသည်သာ ချီးမွမ်းစရာ ဖြစ်နိုင်ပါသည်။

ကျပ်ကျပ်ခဲခဲ ရုန်းကန်ခဲ့သည့် ရှည်လျားသော နှစ်ကာလများအတွင်း လူနတ်ဗြဟ္မာ သတ္တဝါတို့၏ သည်းပွတ်နှလုံးကို သိမ်းကျုံးထွေးပိုက်ခဲ့သူအဖို့ရာ နှလုံးသည်းပွတ်ကို မလိုးမဖြတ်ရမည့် အကောင်းဆုံး ဆုံးဖြတ်ချက်ကို ချမှတ်နိုင်လိမ့်မည်-ဟု ယုံကြည်မျှော်လင့်နေဆဲ ဖြစ်ပါသည်။

ပြောသာပြောရသည်၊ တော်တော့်ကို မလွယ်သည့်ကိစ္စ ဖြစ်ပါသည်။ စာနာမိသည် အမှန်ပဲဖြစ်ပါသည်။

ကျွန်တော်သည် ဒေါဝါးရွာကလေးမှ သူငယ်ချင်း၏ အေးချမ်းကြည်လင်မှုကို သတိရနေမိပါသည်။ ထို့အတူ ချောင်းကြိုချောင်းကြား၊ တသဲသဲရွာစွေနေသော မိုးဖွားတွေထဲက လတ်တို့ရွာကလေးကို လွမ်းနေမိပါသည်။ အများတကာ၏ ငေးမောချင်စရာ ဘဝအနေအထားတစ်ခုသို့ ရောက်ခဲ့လင့်ကစား မွန်းကျပ်နေသည့် အခိုက်အတန့်များ၌ ဘလည်း တစ်လှည့်လော့ဦးမယ်ကွယ် ဟူ၍ ပြောလိုက်လေမည်လားဟုလည်း ခံစားစာနာနေမိပါသည်။ ။

■

**မောင်ရင့်မာ၊ကျောင်းကုန်း၊ ရည်ညွှန်း။ ။**

*ဘလည်းတစ်လှည့် လော့ဦးမယ်*
*(ဝင်းဝင်းလတ်)*
*ရှုမဝမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၈၅။*



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# အရုံအတားများအကြောင်းစကားစမြည်

## စံပယ်ဖြူနု



ရုပ်စုံမဂ္ဂဇင်း
ရသစာတမ်း
အမှတ် ၃၅၄၊ မေ ၂၀၁၃

တစ်ရက်တုန်းက ဝရန်တာက
ခုံမှာ ကျွန်မ ရည်ရွယ်ချက်မဲ့
ထိုင်နေခဲ့သည်။ စာဖတ်ရန်လည်း
မဟုတ်။ သီချင်း
နားထောင်ရန်လည်း မဟုတ်။
လက်ကိုင်ဖုန်းနှင့် အင်တာနက်
အသုံးပြုရန်လည်း မဟုတ်။
ထိုင်ရုံသက်သက်ပါပဲ။
သို့သော် ငေးခြင်းအမှု
ပါတာတော့ ထည့်ပြောရလိမ့်မည်။
တကယ်ပင် ကျွန်မသည်
ဝရန်တာကို ကျော်လွန်၍
မြင်နေရသည့် တိုက်တာများ၊
သစ်ပင်တို့၏ အဖျားအနား၊
ကောင်းကင် တစ်ဝက်တစ်ပျက်၊
ထိုကောင်းကင်မှာ လွင့်မျောသည့်
တိမ်မျှင် တိမ်ငွေ့တန်းတို့ကို
ငေးနေမိသည်။ ပထမတော့
ဆိုခဲ့သလို ရည်ရွယ်ချက်မဲ့
ငေးရာက နောက်တော့
အပိတ်အကာနှင့်
ဘောင်အကွပ်များမပါသည့်
မြင်ကွင်း ရှင်းလှပုံကို နှစ်လို
စိတ်ဝင်လာသည်။ ကျွန်မတို့
ဝရန်တာမှာ သံပန်းမှ
မကာပါဘဲကိုး။
အကယ်၍များ သည်နေရာမှာ
သံပန်းကွက်များ
ပိတ်ကာထားလျှင်တော့
ကျွန်မသည် စတုရန်းပုံ၊
ထောင့်မှန် စတုဂံပုံ
အကွက်အကွက်များကို
စိတ်စနိုးစနောင့်ဖြစ်ဖွယ်
ကြားခံကာ စောစောက
ပြောခဲ့သည့် တိုက်တာ၊
သစ်ပင်၊ ကောင်းကင်၊ တိမ်တို့ကို
မြင်ရလိမ့်မည်။ ဝရန်တာထောင့်သို့
သွားကာ အနောက်အရပ်သို့
မျှော်ကြည့်လျှင်လည်း
ပုဇွန်တောင်ချောင်း
ရေပြင်ကို ခုလို ရှင်းလင်းစွာ
မြင်ရလိမ့်မည် မဟုတ်။
အမြင်တော့ ပြောင်းလှချည့်



www.burmeseclassic.com

www.burmeseclassic.com

မဆိုသာသော်လည်း မူလမြင်ကွင်းကို တစ်စုံတစ်ရာနှင့် ဘောင်ခတ် ကန့်သတ်လျက် မြင်လိုက်ရတာကို ကျွန်မ ဘယ်တုန်းကမှ နှစ်ခြိုက်စရာ မထင်ခဲ့ပါ။ ဥပမာ…အိမ်အတွင်းဘက်က ပြတင်းများလိုပေါ့။

အိမ်အတွင်းဘက်က ပြတင်းတံခါးအားလုံးသည် ခုတော့ သံပန်းများနှင့်ဖြစ်သော်လည်း သည်အိမ်ဆီ ပြောင်းရွှေ့စနစ်တုန်းကတော့ သံပန်း ကာရံဖို့ စိတ်ကူး ကျွန်မမှာ မရှိခဲ့ပါ။ အဆောင်သူဘဝတုန်းက အခန်းထဲက မျှော်ကြည့်လျှင် သံပန်းပိတ်ကာမြင်ရသော မြင်ကွင်းကို မုန်းစိတ်ဝင်၍ "ငါ့အိမ်ကျရင်တော့ ပြတင်းပေါက် ဟင်းလင်းထားမယ်" ပြောခဲ့ဖူးသည်။

တကယ်လည်း စိတ်ကူးနောက် ကောက်ကောက်ပါခဲ့ပါသည်။ ပွင့်ရှင်းလှသော ရှေ့တူရူမြင်ကွင်းက ကောင်းကင်၊ မိုးတိမ်တို့ကို နှစ်လိုခဲ့သည်။ သို့သော် ထိုနှစ်လိုမှုသည် ကြာကြာမခံခဲ့။ ခင်ပွန်းသည် ခရီးသွားသည့် သုံး၊ လေးရက်တာကာလတွင် တံခါးများ ပိတ်ထားခြင်းမှအပ မည်သည့်အကာအရံမှ ထပ်ဆင့်ရှိမနေသော အခန်းထဲ မလုံခြုံမှုကို ကျွန်မ စတင်ခံစားသိလာပါသည်။ ပထမညတွင် တစ်ညလုံး အိပ်ပျော်သည် မရှိ။ ချောက်ချားစိတ်သည် ခန္ဓာအနှံ့ ပိုးပုရွက်များ တရွရွ တက်သည့်သဖွယ် အနေရခက်လှသည်။ ကိုယ်ပိုင်မီတာမရှိသေး၍ ပန်ကာလောက်သာ သုံးခွင့်ရှိရာ ပြတင်းတံခါးကို မဖွင့်ဘဲလည်း မထားနိုင်။ ပူလှသည်။ ဖွင့်ပြန်တော့လည်း စိတ်က မလုံ။ ထိုပြတင်းတံခါးကနေ တစ်စုံတစ်ယောက် ကျူးကျော်လာတော့ မလို၊ အိမ်ရှေ့တံခါးကိုပဲ တစ်ဦးဦးက ခိုးဖွင့်တော့မလို၊ ရိုးရိုးတံခါးတစ်ချပ်သာ ချက်ထိုးပိတ်ထားရသည့် နောက်ဖေးတံခါးကပဲ လူဝင်လာတော့မလိုလို။ တွေးပြန်တော့လည်း မီးခိုးကြွက်လှောက် ဆုံးပဲ မဆုံးနိုင်။ နောက်ဆုံးတော့ အတွေးတို့သည် အကြောက်တရား ဘူတာမှာသာ တန့်ပြီ။ ဘယ့်နှယ်များ ဖြစ်ရတာပါလိမ့်။

**i, p0Ouawmh jcWvEy tvGfzGum vHl yfbrD qGavfvmuyJ jrifbnf BuDyifvmawmh wpfBDSfvpfD tMumu , MuHnfl ywfefUsifU ay;tyfbnf vjefwfc&rUkd jrifvmygonf**

အသေအချာ လည်ပြန်တွေးတော့ ထိုသို့ထိုနှယ် အခန်းတစ်ခန်း (အိမ်တစ်အိမ်)ထဲတွင် တစ်ယောက်တည်း နေဖူးသော အတွေ့အကြုံမျိုး ကျွန်မမှာ မရှိခဲ့ဖူးတာ အမှတ်ရလာသည်။ ဒါကြောင့်များလား..။ သည်လို စဉ်းစားပြန်တော့လည်း မဟုတ်သေး။ နောက်တော့မှ အဖြေက ရေးရေးပေါ်စ ပြုသည်။ သတင်းစာ၊ ဂျာနယ်များကဖြစ်စေ၊ လူမှုကွန်ရက်ကဖြစ်စေ ဖတ်မိနေသော သတင်းဆိုးများ၊ လုံခြုံရာအခန်းထဲ နေလျှင်ပင် ကျူးကျော် ဝင်ရောက်လျက် လုယက်သတ်ဖြတ်ခံရမှု သတင်းများသည် ကျွန်မ၏ စိတ်ရေပြင်ကို နောက်ကျိစေသော အကြောင်းအရင်းတစ်ခု ဖြစ်လိမ့်မည်။

သည်အတွေ့အကြုံနှင့်ပင် ကျွန်မသည် ပြတင်းတံခါးများကို ပြတင်းတံခါးပီပီ အရံအတားမဲ့ ဟင်းလင်းထားရေးမူကို လက်လျှော့ကာ ရန်ကုန်မြို့က အများသူငါ အခန်းတို့လိုပင် သံပန်းများ တပ်လိုက်ရပါတော့သည်။ အိမ်နောက်ဘက် တံခါးချပ်ကိုလည်း သံပန်းတစ်ထပ် ရံလိုက်ရပါသည်။ သက်မဲ့သာဖြစ်သော သံပန်းကွက်တို့က သက်ရှိ ကျွန်မအတွက် စိတ်လုံခြုံမှု အနည်းနှင့်အများ ပေးနိုင်ပုံမှာ တွေးကြည့်လျှင်တော့ နာနာကျင်ကျင် ရယ်မောချင်ဖွယ် ဖြစ်သည်။ သည်အတိုင်းသာဆိုလျှင်တော့ ကျွန်မ၏ အိမ်နှင့် ပတ်သက်သော ဒုတိယ စိတ်ကူးလေး ဖြစ်မြောက်လာပါတော့မလား။ ကျေးလက်တွင် ဝင်းနှင့်ခြံနှင့် နေထိုင်ကြီး ပြင်းလာရသော ကျွန်မမှာ ဝါသနာအတွက် ရန်ကုန်မှာ အခြေချရတော့လည်း ဝင်းနှင့် ခြံနှင့် နေလိုစိတ်က ကပ်ပါးကောင်လို စိုက်စိုက်ပါဆဲ။ သို့သော်ငြားလည်း ကိုယ်က မတတ်သာသူ မဟုတ်လား။ အခြားအခြားသော အိမ်ထောင်ဦးတို့လို တိုက်ခန်းမှာသာ တစ်ခဏနေပျော်ဖို့ ကြိုးစားရသည်။ အိမ်အိပ်မက်ကတော့ မက်မဆုံး နိုးမထလိုသေး။

"တစ်နေ့ကျရင် ငါ ခြံဝင်းလေးနဲ့ နေမယ်၊ ပြီးရင် ငါ့ခြံကို သစ်သားခြံစည်းရိုးနဲ့ ကာမယ်။ အဲဒီ ခြံစည်းရိုးမှာ ပန်းပင်လေးတွေ စိုက်မယ်" ဟု စိတ်လိုလက်ရရှိလျှင် ချစ်ခင်သူတို့ထံ ပြောခဲ့ဖူးသည်။ ဒါသည် ကျွန်မ၏ တစ်ဆင့်တိုးအိမ် အိပ်မက်။ အမှန်တော့ ထိုအိပ်မက်သည် ကျွန်မ၏ ငယ်ဘဝမှာ အခြေခံလေသည်။ ငယ်စဉ်ဘဝတစ်လျှောက်လုံး ကြီးပြင်းနေထိုင်ခဲ့ရသည့် ဝန်းကျင်မှာ အိပ်မက်၏ အခြေခံ အကြောင်းတရား။

ကျွန်မတို့ရွာက အိမ်များတွင် ခြံစည်းရိုးဆိုတာသည် နေရာ ဧရိယာ သတ်မှတ်ထားရုံထက် မပိုပါ။ ခြံစည်းရိုးအများစုမှာ ဝါးကို ကျဲကျဲ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

စိပ်စိပ်ကာသော စည်းရိုးများဖြစ်သည်။ ခြံဝင်းဝ တံခါးကတော့ ဝါးလုံးတစ်လုံးစာ အပေါက်များ ထွင်းဖောက်ထားသည့် သစ်သားတိုင်များ ဟိုဘက် ဒီဘက် စိုက်လျက် ဝါးလုံးရှည် လေး၊ ငါးလုံးကို တစ်ပေအကွာစီဖြင့် ကန့်လန့်အနေအထား ပိတ်အပ်သော တံခါးများဖြစ်သည်။ အချို့ခြံများတွင် ဝါးကပ်တံခါးများ ဖြစ်သည်။ တံခါးနှစ်မျိုးစလုံးကတော့ အလွယ်တကူ ဖွင့်လိုက်ရုံပါပဲ။

ငယ်တုန်းက နေခဲ့သည့်ခြံမှာတော့ စည်းရိုးမှာ ခပ်ကျဲကျဲ ဝါးစည်းရိုးဖြစ်သည်။ စည်းရိုးတစ်လျှောက် သစ်ပင်များ ခပ်ခွာခွာ စိုက်ထားပုံကို ခုထိပင် စိတ်မှာ စွဲနေဆဲ။ ရှည်လျားလှပသော ယူကလစ်ပင်၊ ညောင်ပင်၊ လဲမှို့ပင်။ နောက် ပြောင်းရွှေ့ပြန်သော ခြံမှာမူ အဖေသည် သံဆူးကြိုးကျဲကျဲ ကန့်လန့်ဖြတ်တန်းကာ ထိုကြိုးများပေါ်မှ ဝါးခြမ်းပြားငယ်များ စီသည်။ သစ်ပင်များကိုလည်း စည်းရိုးမှာ စိုက်မြဲစိုက်သည်။ ခြံတံခါးမှာတော့ ဝါးလုံးတံခါး။ မည်သည့် သော့ခလောက်မျှ မရှိ။ အခြားတစ်ပါးခြံများမှာလည်း ထို့အတူ။ဝင်းတံခါးမှာသာ သော့ခလောက် မရှိတာမဟုတ်၊ နေ့လယ်နေ့ခင်းဘက် အနီးအပါး ခဏသွားလျှင် အိမ်တံခါးများကိုသော့ခတ်စရာမလို။ လူမရှိလည်း အိမ်တံခါးများ၊ ပြတင်းများ ဖွင့်ထားနိုင်သည်။ ညဘက်ကျတော့မှသာ ချက်ချအိပ်ကြမည်။ အချို့လည်း တံခါးပင်မပိတ်တာ ရှိသေးသည်။ ခြံစည်းရိုးပင်ကောင်းကောင်း မွန်မွန် ကာရံမထားကြတာလည်း ရှိပါသေးသည်။

တကယ့် တကယ်တော့လည်း ခြံစည်းရိုးကို ဘယ်လိုပင် ကာသည်ဖြစ်စေ၊ တံခါးကို ဘယ်လိုပုံစံ ထားသည်ဖြစ်စေ ပြောခဲ့သလို ဇရိယာ သတ်မှတ်ရုံထက်မပို။ ဥပမာ ဆိုကြပါစို့..။ ခြံရှေ့က ဖြတ်သွားသူတစ်ဦးဦးသည် အိမ်ပေါ်သို့ လှမ်းကာ "ဆရာမကြီး" ဟု အသံပြုမည်။ အမေက အသံလှမ်းမတုံ့လျှင်၊

]b, fawmhS
rvkd.b}
a<u;aMumcBbnh
Mumu
jywifwbjwMuk
olyefumcMyD
]ijbHuk
tkvfvbMuf
um&ifawmif
½bkecDmdyJ
umr, }f
rMumcP
ajymzlaomfvnf
aemufemif
xjbumvnf
wnfyfjDvm;

လူရိပ်လူခြည်လည်း မမြင်လျှင် သူဘာသာ တံခါးဖွင့်ကာ ခြံထဲဝင်မည်။ ခြံထဲ ပွင့်နေသည့် ပန်း သို့မဟုတ် အသင့်ချက်ပြုတ်နိုင်မည့် အနေအထားရှိသော မုန်ညင်းရွက်၊ ချဉ်ပေါင်ရွက်၊ ဆူးပုပ်၊ ရှောက်သီးတို့ကို ခူးဆွတ်မည်။ တံခါးဟင်းလင်းဖွင့်ထားသည့် အိမ် ပေါ်သို့မူ ယောင်၍မျှ ခြေချလိမ့်မည် မဟုတ်။ ထိုသူ ပြန်ထွက်လျှင်လည်း ခြံတံခါးကို မူလအတိုင်း ပြန်ပိတ်ပေးခဲ့ မည်။

အမေ ပြန်ရောက်လာ၍ သိရလျှင်လည်း ဒါသည် အမေ့အတွက် အံ့ဩစရာ မဟုတ်။ ကြားရသူ အဘယ်သူ့အတွက်မျှလည်း အဆန်းတကြယ် မဟုတ်။ အမေသည်လည်း သူနှင့် သိကျွမ်းသူများ၏ ခြံသို့ ထိုသို့ ထိုပုံပင် ခြံတံခါးမရှိသည့်သဖွယ် လွတ်လပ်စွာ ဝင်ထွက်လျက် ဟင်းရွက်၊ ပန်းပွင့် ခူးဆွတ်ပါလိမ့်မည်။

ငယ်စဉ်ကတော့ ခြံတံခါး အလွယ်ဖွင့်ကာ လိုအပ်သမျှ ဆွတ်တာကိုပဲ မြင်သည်။ ကြီးပြင်းလာတော့ တစ်ဦးနှင့်တစ်ဦးအကြားက ယုံကြည်မှု၊ ပတ်ဝန်းကျင်က ပေးအပ်သည့် လုံခြုံစိတ်ချရမှုကို မြင်လာပါသည်။ ခေါင်းအုံးပေါ်ခေါင်းချချိန် အပူအပင်မရှိ ခေါင်းပြားအောင် အိပ်ခွင့်ရသော ပတ်ဝန်းကျင်လောက် မက်မောစရာကောင်းတာ ဘာများ ရှိပါမည်နည်း။

ကျွန်မသည် တိုက်ခန်းအမြင့် ဝရန်တာမှ လမ်းပေါ်သို့ ကျော်ကြည့်ရင်းပင် အဝေးက အိမ်ဝင်းခြံကို တရေးရေးမြင်နေမိပါသည်။ မိဘများ၏ အိမ်ခြံသာ မကသေး ခရမ်းဖျော့ရောင် ပန်းပွင့်သေးသေးလေးများ ပွင့်သည့် စည်းရိုးပင်များသာ ကာရံထားသော အဘွား၏ခြံကိုလည်း မြင်လာပြန်ပါသည်။ ယခုအရပ်မှာတော့ ကျွန်မ စိတ်ကူးယဉ်ထားသော ခြံစည်းရိုးသည် အမှန်တကယ် သရုပ်ပေါ်လာပါ့မလား။

မြို့ပြမှာ ကျင်လည်စကတော့ တိုက်ကြီးတာကြီး လှပခမ်းနားသည်နှင့်အမျှ စည်းရိုးအကာအရံများ လိုက်ပါ မြင့်မားကြပုံကို အံ့အားသင့်ခဲ့ပါသည်။ အုတ်တံတိုင်းများသည် လူတစ်ရပ်ပင်မက။ ခြေဖျားထောက်ကြည့်လျှင်ပင် အတွင်းကို မြင်ရမည်မဟုတ်။ အုတ်တံတိုင်း တစ်ခုတည်းလားဆိုတော့လည်း မဟုတ်။ အပေါ်မှာ သံဆူးကြိုးအခွေအခွေများ ဆင့်လိုက်ပါသေးသည်။ အချို့က တစ်ဆင့်၊ အချို့က နှစ်ဆင့်လောက်။ အချို့အုတ်တံတိုင်းများမှာတော့ မှန်ကွဲစများ စိုက်ထားလိုက်သေးသည်။ အုတ်တံတိုင်းကလည်း မြင့်မားထူထဲလိုက်သမှ အထဲမှာ ဘယ်သို့သော ပန်းပင်များ စိုက်ပျိုးထားမှန်းပင် မသိနိုင်။ ခြံတစ်ခြံ မြင်ရလျှင် ခြံဝင်းအလှအပကို သူတို့ ဘယ်လိုလုပ်ပါလိမ့်၊ မြက်ခင်းကို ဘယ်လို ဖန်တီးထားသလဲ၊



www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီစိုက်သလား၊ စံပယ်စိုက်သလား၊ ရွှက်လှ၊ ပိန်းပန်း ပါရဲ့လား၊ သစ်ခွများ ချိတ်ဆွဲထားသေး သလား စသဖြင့် စပ်စုချင်သော ကျွန်မ မှာ ပိန်းပိတ်ပိတ် စည်းရိုးများကို အံ့အား သင့်ရသည်။ ဘယ့်နှယ်ပါလိမ့်။

လင်းပွင့်ရှင်းလင်းသည့် စည်းရိုးများနှင့် နေသားကျခဲ့သော ကျွန်မအတွက်တော့ မြင့်မားထူထဲလျက် အရံအတား များလှသော စည်းရိုးများမှာ စိမ်းသက်လှသည်။ ပျော်မွေ့ဖွယ် ဝင်းခြံဟုလည်း မထင်မြင်။ ကျွန်မသာဆိုနေလိုမည် မဟုတ်။ သိပ်စိတ်ကျဉ်းကျပ်မှာပဲ။ သူတို့ ဘယ်လိုများ နေကြပါသလဲ။ အံ့သြစရာ··။

အတိတ်ကို လည်ပြန်တွေးလက်စနှင့်ပင် အတွေးပြုံးတစ်ခု ကျွန်မ ပြုံးလိုက်မိသည်။ ခုတော့လည်း တစ်ချိန်က အံ့အားသင့်ဖွယ်များသည် မဆန်းသော အရာများအဖြစ် ရွှေ့လျောခဲ့ပြီ။ ကျွန်မအတွက် မြင့်မားသော၊ မြင်ရုံနှင့် အသည်းထိတ်စဖွယ် ဖြစ်ရသော စည်းရိုးများသည် အံ့သြဖွယ် မဟုတ်တော့။ ခြံတံခါးကို သော့တစ်ထပ်ခတ်၊ အိမ်တံခါးကို သော့အထပ်ထပ် ခတ်ရပုံသည်လည်း ပြောစမှတ်ပြုဖွယ် မဟုတ်တော့။ ပြတင်းတံခါးများ သံပန်းကာရံရပုံမှာလည်း အဆန်းလုပ်ဖွယ် မဟုတ်တော့ပါ။

စည်းရိုးများ သို့တည်းမဟုတ် အရံအတားများသည် မိမိဘာသာ ဖန်တီးယူရသည့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု ဖြစ်ပုံကို သိခဲ့ပြီ။ အမှုအခင်း လျော့ပါးသော လူ့အဖွဲ့အစည်း ဟုတ်၊ မဟုတ်၊ တစ်ကိုယ်ရေစာ သို့မဟုတ် မိသားစု လုံခြုံစိတ်ချမှုအတွက် အာမခံချက် ရှိ၊ မရှိ အကဲဖြတ်နိုင်ပုံနှင့် တစ်နည်းနည်း ပတ်သက်နေကြောင်း သိတတ်ခဲ့ပြီ။ မြို့ပြမှာ ကျွန်မ ဖြတ်သန်းကျင်လည်သည့် ဆယ်စုနှစ်တစ်ခုကျော် ကာလအတွင်း စည်းရိုးတို့ ပိုမိုခိုင်ခံ့ မြင့်မားလာပုံကိုလည်း နားလည်တတ်ခဲ့ပါပြီ။

ကျွန်မတစ်ဦးတည်းပင်လျှင် စိတ်ကူးအတိုင်း ထပ်တူကျအောင် မနေနိုင်ခဲ့။ 'ဘယ်တော့မှ မလုပ်ဘူး' ကြွေးကြော်ခဲ့သည့်ကြားက ပြတင်းတံခါးတို့ကို သံပန်း ကာခဲ့ရပြီ။

'ငါ့ခြံကို အုတ်တံတိုင်း ကာရင်တောင် ရိုးရိုးနိမ့်နိမ့်ပဲ ကာမယ်'။ မကြာခဏ ပြောဖူးသော်လည်း နောက်နောင် ထိုစကားလည်း တည်ပါဦးမလား။ ဆူးကြိုးခွေလိပ်သော၊ မှန်စိုက်သော အုတ်တံတိုင်းများ ခတ်ရသူ၊ တံခါးအထပ်ထပ် ပိတ်ရသူတို့မှာလည်း ကျွန်မလို အိမ်စိတ်ကူးမျိုး မရှိမပြောနိုင်။ နိုင်ငံရပ်ခြားက ဝင်းခြံများလို သစ်သားစည်းရိုးအလှလေးများ ခါးမရှိတရှိ သို့မဟုတ် ခါးသာသာ ကာရံကာ အိမ်နှင့် ပန်းပင်သစ်ပင်အလှကိုသာ ဦးစားပေးထားသည့် ခြံမျိုး ဖန်တီးလိုစိတ် သူတို့မှာ ရှိကောင်းရှိလိမ့်မည်။ ကျွန်မတို့ ရွာကလို၊ မြန်မာနိုင်ငံ အရပ်ရပ်က ကျေးလက် အိမ်ဝင်းခြံများလို ရိုးရိုးစင်းစင်း စည်းရိုးများ ကာရံလျက်၊ ဝင်းခြံတံခါးသော့မခတ်ဘဲ ထားလျက် ပေါ့ပေါ့ပါးပါး နေထိုင်လိုစိတ်လည်း ရှိကောင်းရှိပါလိမ့်မည်။

ဝင်းကြီး၊ ခြံကြီး၊ အိမ်ကြီးများအကြောင်း ပြောပြန်တော့ ပိုင်ဆိုင်မှုများ၍ပဲ မလုံခြုံမှုကို ခံစားရလေသလားမေးစရာ ရှိသည်။ သည်လိုလည်း မဟုတ်ပြန်။ ပိုင်ဆိုင်မှုဆို၍ ရွှေထည်ရွှေစပင် ပြလောက်စရာ များများစားစား မရှိ၊ အိမ်တွင် ငွေသားကြေးစ ခပ်နည်းနည်းသာ ရှိလေသော ကျွန်မမှာလည်း တိုက်ခန်းလေးထဲ နေရင်းက ပူပန်ကြောင့်ကြ ရှိရသည် မဟုတ်လား။ အသက်ဘေးအန္တရာယ်မှ အစပြုကာ မိမိ လုံခြုံမှုအပေါ် ပူပန်စိတ်၊ အမှုအခင်းနှင့် ကျူးကျော်ခံရဖွယ်ရှိမှု အပေါ် စိုးထိတ်စိတ် ဆိုတာသည် ပိုင်ဆိုင်မှုအနည်းအများနှင့် မသက်ဆိုင်လေဘဲ ထိုထိုသော အမှုအခင်းများ ဖြစ်လေ့ရှိရာ ဝန်းကျင်မှာ နေထိုင်ရခြင်းနှင့် ဆက်နွှယ်နေပုံရပါသည်။

ပထမတော့ မိမိအတွက် တွေးတော ပူပန်မည်။ နောက်တော့ သူတစ်မိမ်းဟူသမျှကို သံသယကြီးစွာ ထားလာမည်။ တံခါး ခေါက်သံကြားလျှင် ထိတ်၍ တံခါးဖွင့်ပြန်လျှင်လည်း သံပန်းကို ကြားခံကာ တံခါးခေါက်သူကို မယုံသင်္ကာ ဦးစွာကြည့်မည်။ လမ်းသွားလမ်းလာအချင်းချင်းလည်း သတိနှင့် လှုပ်ရှားပြုမူနေမည်။ သံသယသည် အဆိပ်ရှိသော အမှုန်အမွှားများ လေထုထဲ လွင့်ပျံ့သလိုပင် ကျွန်မတို့ ဝန်းကျင်မှာ ကူးစိမ့်နေလေပြီ။

နေထိုင်ရာ ပတ်ဝန်းကျင် သို့တည်းမဟုတ် လူ့အဖွဲ့အစည်းကို လုံးလုံးယုံကြည်စိတ်ချမှု မရှိသာသော အဖြစ်သနစ်မှာ စင်စစ်တော့ အရေးအရာလုပ်ပြောနေရတာပင် ဝမ်းနည်းဖွယ် ဖြစ်ပါသည်။ ငယ်တုန်းကတော့ ကျွန်မတို့မှာ နေရထိုင်ရ မလုံခြုံဟု ထင်လျှင်၊ တစ်စုံတစ်ယောက်က မိမိအပေါ် အနိုင်အထက်ပြုသည် ထင်လျှင် ဆရာ၊ ဆရာမ သို့မဟုတ် လူကြီးမိဘများထံ ဦးတိုက် ပြောပြနိုင်ခဲ့သည်။ အစ်ကိုကြီး၊ အစ်မကြီးများထံ ချဉ်းကပ်နိုင်ခဲ့သည်။ ဖြေရှင်းပေးရန် အကူအညီတောင်းခံနိုင်ခဲ့သည်။ ခုများတော့ ကျွန်မတို့မှာ အကာအကွယ်ပေး အရိပ်မိုးမည့် လူကြီး သူမ ပျောက်ဆုံးခဲ့သော ကလေးငယ်များနှင့် တူလေသလား မသိတတ်ပြီ။ သတင်းဆိုးတစ်ခုခု ဖတ်ရလေတိုင်း၊ လောကအတွင်းမှ အတင်းအဓမ္မ မောင်းထုတ်ခြင်းခံရ၍ သက်မဲ့ရသူများကို မြင်တွေ့ရလေတိုင်း အကွယ်အကာမဲ့သွားသလို ခံစားရမှုသည် ကျွန်မတွင်သာ ရှိနေသည် မဟုတ်နိုင်။ ခေတ်အခါကာလကို အတူတကွ ဖြတ်သန်းနေရသူတိုင်းမှာ ရှိနိုင်ပါသည်။ ကလေးငယ်ရှိသူ မိဘများက သက်ငယ်မှုခင်းများအတွက် ကြောင့်ကြမည်။ ပိုင်ဆိုင်မှုပြည့်စုံသူများက ဖောက်ထွင်းမှု၊ လူသတ်မှုများအတွက် ကြောင့်ကြမည်။ မိန်းမပျိုများက ကိုယ်ပိုင်ဘဝနှင့် အရှက်တရား လုံခြုံမှုအတွက် ကြောင့်ကြမည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိအိမ်အတွင်းမှာ အေးချမ်းစွာ နေထိုင်ပါလျက်၊ လွတ်လပ်သော နိုင်ငံသားအဖြစ် လမ်းများပေါ် သွားလာလှုပ်ရှားနေပါလျက်၊ ရာဇဝတ်မှု တစ်ခုတလေပင် မကျူးလွန်ခဲ့ပါဘဲ ကိုယ့်ဘဝနှင့်ကိုယ် နေထိုင်ပါလျက်နှင့် စိုးတထိတ်ထိတ် ရှိနေရသည့် ပုံရိပ်များစွာတို့သည် ကျွန်မတို့ ခေတ်ကို ကိုယ်စားပြုနေခဲ့ပြီထင်ပါသည်။

ကျွန်မသည် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုအပြည့်အဝ ရလိုပါသည်ဟုတော့ အလုံးစုံမဖြစ်နိုင်သေးတာကို မတောင့်တပါ။ ဆန္ဒလည်း များများစားစား မရှိပါ။ ဖြစ်များဖြစ်နိုင်မည်ဆိုလျှင်တော့ အိမ်တံခါးဝ ရပ်လာသော သူတစ်မ်းကိုလည်း ထိတ်ခနဲ ကြောင့်ကြခြင်းမရှိ ပြုံးပြနှုတ်ဆက်ချင်ပါသည်။ ဘေးအခန်းက အိမ်နီးချင်းနှင့်လည်း တံခါးမရှိ၊ ဓားမရှိ ဆက်သွယ်ကူးလူးချင်ပါသည်။ ညဘက်ညဘက် ဘတ်စ်ကားဂိတ်မှ အိမ်သို့အပြန် လမ်းတစ်လျှောက် တွေ့ရတတ်သော မျက်နှာစိမ်းများကိုလည်း မျက်ခုံးမတွန့်ချိုးဘဲ ပေါ့ပါးစွာ ဖြတ်ကျော်ချင်ပါသည်။ ဘတ်စ်ကားပေါ်မှာလည်း ဘေးသို့ ကပ်လာသူတိုင်းအပေါ် သံသယနှင့် သတိကြီးကြီးထားလျက် လွယ်ထားသည့်အိတ်၊ ဖုန်းတို့ကို လက်နှင့် မကြာမကြာ စမ်းသပ်ရခြင်းအမှုက ကင်းလိုပါသည်။ မိမိအခန်းတွင်းမှာ၊ အိမ်အတွင်းမှာ စိုးထိတ်ခြင်းကင်းလျက် နေထိုင်လို၊ အိပ်စက်လိုပါသည်။

နောက်ဆုံးတော့လည်း မိုးရေစီးကြောင်းကလေး မြေပြင်ပေါ် တငြိမ့်ငြိမ့်စီးဆင်းလျက် မြောင်းငယ်ထဲ ဦးစိုက်သလိုပင် ဆန္ဒသည် ဖြစ်မြဲလို ခြံစည်းရိုးစိတ်ကူးငယ်မှာ ရပ်ပြန်ပါသည်။ ခြံစည်းရိုး… ပြီးတော့ ပြတင်းတံခါးများပေါ့လေ…။

တစ်နေ့ နေခွင့်ရမည့် ခြံမှာ သစ်သားစည်းရိုးအနိမ့်လေး ကာခွင့်ရလျှင် ဘယ်လောက်များ ကောင်းမည်နည်း။ ခြံအပြင်သို့ ကိုင်းလျက် ဝေဆာပွင့်ဖူးမည့် နှင်းဆီရုံ စိုက်လိုက်ချင်သည်။ ပုဏ္ဏရိက်လည်း စိုက်မည်။ ထားဝယ်မှိုင်းလည်း စိုက်လိုက်ချင်သည်။ ပြတင်းတံခါးလေးမှာတော့ ခန်းဆီးစသာ လွင့်ပါစေလေ။ သံပန်းများ မတပ်လို။ ရှေးတုန်းကလို ပွတ်လုံးတိုင်လေးလောက်တော့ မတတ်သာလည်း တပ်ရပါစေပေါ့။ သည်မျှနှင့်လည်း ကျွန်မ ကျေနပ်ပါမည်။

ကျွန်မသည် ဝရန်တာတွင် ထိုင်မြဲထိုင်နေပါသည်။ နေ့ခင်းကြောင်တောင် မျက်လုံး ဖွင့်ထားလျက်နှင့်ပင် အိပ်မက်တစ်ခု ဆက်မက်နေပါသည်။

ထိုအိပ်မက်တွင် ကလေးတို့သည် ပေါ့ပါးလွတ်လပ်စွာ ရယ်မောလျက်ရှိကြသည်။ မိဘများမှာ ကလေးတို့ကို ငေးမောလျက် ကြည်နူးပီတိ တစိမ့်စိမ့် ရှိနေကြသည်။ မိန်းမပျိုတို့သည် အလုပ်ခွင်သို့၊ ကျောင်း၊ သင်တန်းသို့ အသွားအပြန် လမ်းများထက်မှာ လိပ်ပြာလေးများလို စိတ်နှလုံးလွတ်လပ်စွာ လှုပ်ရှားနေကြသည်။ အသက်အတန်ရပြီဖြစ်သည့် အဘိုးအိုနှင့် အဘွားအိုသည် စည်းရိုးအနိမ့်လေးမှာ ကပ်စိုက်ထားသော ပန်းပင်တန်းကို ငေးမောပြုံးရွှင်နေသည်။

ဟေးခနဲ ဆူညံသံအကြားမှာ ကျွန်မ၏ အိပ်မက်သည် လွင့်ခနဲ ပျောက်လေ၏။ ဝရန်တာက ထ,ရပ်လိုက်သည်။ ကိုယ်ကို ကိုင်း၍ ကြည့်မိသည်။ ကလေးအချို့နှင့် လူငယ်အချို့ စုဖွဲ့ကစားနေကြသည့် ဝိုင်းက အသံပေပဲ။ မြေကြီးနှင့် သံထည် ပွတ်တိုက်သံထပ်၍ ထွက်ပေါ်လာတော့ အရှေ့ဘက်ခြံသို့ အကြည့်ရောက်သည်။ သံပန်းခြံတံခါးကို ဆွဲ၍ သော့ပိတ်နေသော အိမ်ရှင်။

ဆည်းဆာနေခြည်သည် လမ်းမပေါ် ဖျန်းပက်လျက်။ အုတ်တံတိုင်းပေါ် မညီမညာ စိုက်သည့် မှန်စများတွင် နေခြည်၏ ဝါရွှေသွေးအရိပ် လှဲ့လှဲ့ထင်လျက်။ ■

**စံပယ်ဖြူနု**

ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၈၃၉၈၂၂၀



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ကမ္ဘာကျော် စာပေနိုဗယ်ဆုရှင်
စာရေးဆရာကြီး ဗွီအက်နိုင်ပေါလ်ရဲ့
**Miquel Street** ဝတ္ထုတိုတွေထဲက
**'မိခင် စိတ်'** ဝတ္ထုတိုအဖွင့်ကို
ဆရာ မောင်ရဲနိုင်က ဒီလိုဘာသာပြန်



ရေးသားပါတယ်။
*(လော်ရာမှာ ကမ္ဘာ့စံချိန်တစ်ခု
ထိန်းထားသည်ဟု ကျွန်တော်ထင်သည်။
လော်ရာမှာ ကလေးရှစ်ယောက်ရှိသည်။
ထိုအတွက် ဘာမှ အံ့သြစရာမရှိပါ။
ထိုကလေးရှစ်ယောက်မှာ
အဖေ ခုနစ်ယောက်ရှိကြသည်။)*တဲ့။
ကျွန်တော်ပြောပြမယ့်
မလင်းကြည်ကတော့ ကလေးသုံးယောက်နဲ့
တစ်ဗိုက်(နောက်ပိုင်းမသိ)ရှိတယ်။
ကလေးတွေရဲ့အဖေ
ဘယ်နှယောက် ရှိတယ်ဆိုတာ
ဘယ်သူမှ မသိဘူး။ ဒါကြောင့်
မလင်းကြည်ဟာ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်ထဲမှာ အံ့ဩတုန် လှုပ်စရာ ပြဿနာ တစ်ခုပါ ပဲ။ လော်ရာ ရှင်သန်တဲ့ ထရီ နီးဒတ်နဲ့ တိုဘာဂိုကျွန်းနိုင်ငံ ယဉ်ကျေးမှုဟာ ကျွန်တော်တို့ နိုင်ငံ ယဉ်ကျေးမှုနဲ့ ဘယ် လောက် ကွာဝေးတယ်ဆိုတာ မလင်းကြည်ရဲ့ဖြစ်ရပ်ကို ကြည့်ရင် သိနိုင်ပါတယ်။ အဲဒီတုန်းက ကျွန်တော် အထက် တန်းကျောင်းသား အရွယ်ပေါ့။

ကျွန်တော်တို့ အိမ်ရဲ့ တောင်ဘက်က ဝိုင်းကျယ် ကြီးထဲမှာ အရိုးခြံနဲ့ သားရေ ကန်ကြီးရှိတယ်။ လူနေအိမ် မရှိဘူး။ အရိုးခြံက တိုင်လေး တိုင်စိုက်ပြီး ဝါးနဲ့ထရံစုတ်၊ ဖျာစုတ်တွေ ကာရံထား တယ်။ အမိုးမရှိဘူး။ သား ရေကန်ကျ အကာအရံမရှိဘဲ အမိုး မိုးထားပါတယ်။ သား သတ် လိုင်စင်လုပ်ငန်းတွေနဲ့ ပဲ သက်ဆိုင်တဲ့ ဝိုင်းကျယ် ကြီးပေါ့။ နေ့စဉ် နံနက်တိုင်း နွားရိုးတွေနဲ့ သားရေတွေ လာပို့ကြပါတယ်။ ပြီးတော့ နှစ်လတစ်ကြိမ်လောက် ကား နဲ့ သယ်ထုတ်ကြတယ်။ အဲဒီ အထဲမှာ အစောင့် လိုလို၊ စာရင်းကိုင်လိုလို လူတစ် ယောက် အမြဲရှိတယ်။ သူက အမိုးရှိတဲ့ ရေကန်ဘေးမှာ ဝါးကွပ်ပျစ်ကလေးတစ်လုံးနဲ့ နေတယ်။ ယင်အုပ်ကြီးတွေ က အချိန်ပြည့် တဝေါဝေါ မြည်နေပြီး မိုးတွင်းကာလဆို ပုပ်အဲ့အဲ့ အနံ့ဆိုးတွေ လှိုင် လှိုင်ထွက်နေတဲ့အထဲ စိတ် အေးလက်အေးနေနိုင်တဲ့ အဲဒီ လူကို ကျွန်တော် တော်တော် အံ့ဩနေမိတယ်။ ကျွန်တော် သိသလောက်ပြောရရင် အဲဒီ

**uHomfvmLuD ajAmvD cHaHu&vm wpfvrfvkd yGifyGifnhaHyh ]vifaUmif tacmif Oifay:csifvHm; twifa&mMyD ujrifalUm x,r, f rLuey tqef xGfvm&if oefcifY awG, f jrjuHSvfkm;}**

ခြံစောင့် စာရင်းကိုင်တွေဟာ လူမမြဲပါဘူး။ အနည်းဆုံး သုံးလ၊ အများဆုံး ခြောက်လ လောက်ကြာရင် နောက်တစ် ယောက် ပြောင်းသွားတတ်ပါ တယ်။

နောက်တော့ အဲဒီဝိုင်း ကြီးရဲ့ တောင်ဘက်ထောင့် မျက်နှာစာဘက်မှာ ငါးပေ ပတ်လည် နှစ်ခန်းတွဲ တဲနန်း လေးတစ်လုံး ပေါ်ပေါက်လာ တယ်။ သက်ငယ်မိုး ထရံ ကာ အဆင့်ခံ တဲလေးပါ။ ဘယ်လိုပတ်သက်ဆက်နွှယ် ပြီး ပေါ်လာမှန်းမသိတဲ့ အမျိုးသမီးတစ်ယောက် လာ နေပါတယ်။ သူ့မှာ ဆယ်နှစ် အရွယ် သမီးလေးနဲ့ ခြောက် နှစ်အရွယ်လောက် သား လေးအပြင် ကိုယ်ဝန်ဖောင်း ဖောင်းကြီးလည်း ပါလာ တယ်။ ဗိုက်ထဲက ထွက်လာ မယ့် ကလေးနဲ့ အကွာအဝေး ချိန်ကြည့်ရင် ခြားနားမှုနှုန်း လေးနှစ်မှ ခြောက်နှစ်လို့ ကျွန် တော်တို့လမ်းထဲက ရှေ့ဆောင် ကာလသားကြီး ဘိုတက်က ပြောတယ်။

အဲဒီအမျိုးသမီး နာမည် က မလင်းကြည်၊ အသက် သုံးဆယ်ဝန်းကျင်၊ အသား လတ်လတ်၊ အရပ်ခပ်ပြတ် ပြတ်နဲ့ သွက်လက်ဖျတ်လတ် ပုံရှိတယ်။ သူနဲ့ပါလာတဲ့ သတင်းက သူ့မှာ လင် ယောကျ်ား မရှိဘူးတဲ့။ အခု မရှိတော့တာမျိုး မဟုတ်ဘဲ အစကတည်းက မရှိခဲ့တာ ဆိုတော့ အတော် စဉ်းစားရ ခက်တဲ့ပုစ္ဆာပါ။ ညနေပိုင်း အချိန် ဦးလေးသီး(ဦးဖြူ သီး) လက်ဖက်ရည်ဆိုင်မှာ စုဝေးမိရင် မလင်းကြည် အကြောင်းက ရှေ့တန်းကို ရောက်နေပါတယ်။ ဘိုတက် က သူ့အကျင့်အတိုင်း နှုတ် ခမ်းစေ့ပြီး ပါးစပ်ထဲတင် "ဟွန်း ဟွန်း ဟွန်း" လို့ ရယ် တယ်။

"ဟ ကောင်လေးတွေရ၊ လင်ယောကျ်ားရယ်လို့ သတ် သတ်မှတ်မှတ် မရှိပေမဲ့ ကလေးတွေရဲ့ အဖေတော့ ရှိရမှာပေါ့ကွ။ ဗျိုင်းတွေလို လေ ဖင်ပေး မွေးလို့ရတာမှ မဟုတ်တာ။ ကလေးတွေရဲ့ အဖေဟာ တစ်ယောက်တည်း ဖြစ်ချင်ဖြစ်မယ်၊ နှစ်ယောက် သုံးယောက် လေးငါးယောက် ဖြစ်ချင်ဖြစ်မယ်။ သူကိုယ် တိုင်ကလွဲရင် ဘယ်သူ သိနိုင် မလဲကွ၊ ဟွန်းဟွန်း"

ကျွန်တော်တို့ ဒုတိယ အစမ်းစာမေးပွဲ ဖြေဆိုနေကြ ချိန်မှာ အခိုက်အတန့် မျက် ခြည်ပြတ်သွားတယ်။ စာမေး ပွဲဖြေပြီး နောက်တစ်နေ့မနက် မှာ အိမ်ရှေ့လမ်းပေါ် ဖြတ် သွားတဲ့ မလင်းကြည်ကို မြင် လိုက်ရတယ်။ သူ့ဗိုက်ကြီး မရှိတော့ဘဲ ပြားချပ်သွား တာ မျက်လှည့်ပြလိုက်သလို ပဲ။ အမေနဲ့ မြောက်ဘက်အိမ် က ဒေါ်ထွေးတင်တို့ စကား လှမ်းပြောနေသံ ကြားရ တယ်။

"အဲဒီကောင်မ မွေးပြီး သွားပြီနော်"

"အင်း ဘာသံမှတောင် မကြားလိုက်ရဘူး၊ အံ့ဩပါ့"

ပဟေဠိဆန်တဲ့ မလင်း ကြည် အနေအထားက ရပ် ကွက်အမြင် သိပ်မကောင်းလှ ပေမဲ့ နီးစပ်ရာ အိမ်ရှင်မတချို့ နဲ့တော့ နှုတ်ဆက်ပြုံးပြအဆင့် ရှိပါတယ်။ ကျွန်တော့်အမေ နဲ့ ဒေါ်ထွေးတင်က ကွယ်ရာ မှာ အတင်းတုတ်တတ်ကြ သလောက် လက်တွေ့မှာ မလင်းကြည်ကို ဂရုတစိုက် ရှိကြတယ်။ ကောင်းနိုးရာရာ အစားအသောက်ကလေးတွေ ပို့ပေးကြတယ်။ အိမ်ရှင်မတွေ က မိန်းမချင်းမို့ ပြဿနာသိပ် မရှိကြဘူး။ အိမ်ရှင်ထီး ကြီး ကြီးငယ်ငယ်တွေ အဖို့တော့ မလင်းကြည်နဲ့ ပတ်သက်လာ ရင် အမြီးကုပ်နေကြရတာ အသေအချာပေါ့။ မြောက် ဘက် တစ်အိမ်ကျော်က ကိုသော်တာကြီးဟာ ယမကာ လုလင် အဖွဲ့ဝင်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ပါ။ နေအညို လေပြိုချိန် ရီဝေဝေ ဖြစ်လာတုန်း မလင်းကြည် ဖြတ်အလာဆုံလို့ 'ပြန်လာပြီလား' နှုတ်ဆက်လိုက်မိတာ၊ နောက်မှာ သူ့မိန်းမ မသန်းခင် ရောက်နေတာ သတိမထားလိုက်မိဘူး။ ကိုသော်တာကြီး ဖြောတီးခံလိုက်ရတာ တစ်လမ်းလုံး ပွက်ပွက်ညံပေါ့။

'လင်ကောင် အချောင်ဝင်ပေါ်ချင်လို့လား၊ အတင်းရောပြီး ကမြင်းကြောထ, မယ် မကြဲနဲ့၊ အဆန်းထွင်လာရင် သန်းခင်နဲ့ တွေ့မယ်၊ မြဲမြဲမှတ်ထား'

ကျွန်တော်တို့ရပ်ကွက်က ဈေးကြီးနဲ့ သိပ်မဝေးလှပေမဲ့ ခေါင်းရွက်ဈေးသည်တွေကိုပဲ အားထားကြပါတယ်။ မနက်လင်းတာနဲ့ ခေါင်းရွက်ဈေးသည်တွေကလည်း ရပ်ကွက်ထဲမှာ ခြေချင်း လိမ်လို့။ ကုန်စိမ်းကုန်ခြောက် အသားငါး အစုံရတယ်။ အဲဒီတုန်းက အမဲသားဖောက်သည်ခံ ရောင်းတဲ့ မစိန်သန်းဆိုတာ လူကြမ်းလျှာကြမ်း စိန်စိန်သန်းဆိုပြီး နာမည်တော်တော်ကြီးတယ်။ အသားကောင်းမကောင်း ခေါ်ကြည့်မိရင် အနည်းနဲ့အများ မဝယ်ဖြစ်သူမရှိရဘူး။ ပိုက်ဆံအဆင်မပြေတာမညည်းနဲ့၊ အသားစားချင်ရင် စားကိုစားရမယ်။ အဆင်ပြေတော့ ပေးဆိုပြီး တွန်းထိုးရောင်းတတ်တယ်။ ဒါပေမဲ့ သူသတ်မှတ်တဲ့ အဆင်ပြေရက်က နှစ်ရက်ထက် အကျော်မခံဘူး။ အဲဒီရက်မရရင် အိမ်ရှေ့က မပြန်တမ်းကြမ်းတော့တာ။ သူ့ပုံစံကလည်း မြင်းသမားစကားနဲ့ပြောရရင် 'အားကောင်းမောင်းတင် လေးတိုင်စင်' ကြီးပေါ့။ အိမ်ထဲက ကြိုက်တဲ့လူ ထွက်ခဲ့၊ ယောကျ်ားမိန်းမ မရွေး ဖက်လုံးဖို့ ဝန်မလေးဘူး။ အိမ်ရှင်မတွေ အတော်ရှိန်းကြတယ်။

တစ်ရက်တော့ အဲဒီ မစိန်သန်းနဲ့ မလင်းကြည်တို့ ထိပ်တိုက် တွေ့ကြပါလေရော။ ထုံးစံအတိုင်း အသားဖိုး အကြွေးပြသနာပေါ့။ မစိန်သန်းရဲ့ အော်ဟစ်ဆဲဆိုရန်တွေ့သံကို ဦးလေးသီးရဲ့ 'ဘရားသား' လက်ဖက်ရည်ဆိုင်ကတောင် ကြားကြရသတဲ့။ လမ်းထဲက လူတွေ ပွဲကြီးပွဲကောင်း ထွက်ကြည့်ကြတာ မစိန်သန်းကြီး အကြောင်း ကောင်းကောင်း မသိသေးတဲ့ မလင်းကြည် အနေအထားကို ပိုစိတ်ဝင်စားကြလို့ ထင်တာပဲ။ မစိန်သန်း အရပ်ပျက်မတတ် တရစပ် ဆဲဆိုအော်ဟစ်နေသလောက် မလင်းကြည်က အေးအေးဆေးဆေးပဲ တစ်ခွန်းပြန်မအော်ဘူး။

'ကျုပ်က သုံးရက်ဆိုင်းရမလား မေးတော့ တော်ပဲရတယ်ဆိုပြီး တွန်းထိုးပေးခဲ့တာလေ၊ ဒီနေ့မှ နှစ်ရက်ရှိသေးတာ။ ကိုယ့်စကားနဲ့ကိုယ် ရှုံ့ချည်နှပ်ချည် လာမလုပ်နဲ့။ ထမင်းတစ်လုတ် လောက်တော့ ငတ်နေရင် အခုဝင်စားသွား၊ ခူးခပ်ကျွေးလိုက်မယ်'

'ဟဲ့ အလေနတောမ၊ လျှာနှစ်ခွနဲ့ လာသမျှ စပ်ကျနေတဲ့(...)မ။ ခုထွက်ခဲ့စမ်း၊ နင့်လောက်များတော့ ပေါင်ကြားညှပ် ကြွက်သတ်သတ် ပြမဟဲ့၊ ထွက်ခဲ့'

ကျွန်တော်တို့ မြင်ကွင်းမှာ မလင်းကြည်က ဆန်ရွေးမပျက်ဘူး။

'တော့်လို ဘီလူးသရဲမျိုးကို ဣန္ဒြေသိက္ခာမရှိ လမ်းဘေးကခွေးတွေလို ဖက်ကိုက်နေမယ့် မိန်းမမျိုး မှတ်နေလား၊ သတ္တိရှိရင် အိမ်ထဲသာ ဝင်လာခဲ့၊ ဟောဒီမယ် တွေ့လား(ထင်းခုတ်ဓားမကြီး ထောင်ပြလိုက်သေးတယ်)။ သုံးရက်ပြည့်ရင် ကျုပ်ကတိအတိုင်း တော့်အကြွေးကို တစ်ပြားမကျန်ပေးမယ်၊ လိုချင်ရင်လာခဲ့၊ မလိုချင်ရင် မလာနဲ့'

မစိန်သန်းကြီး ဆွေ့ဆွေ့ခုန်ပေါ့။ အယုတ္တ အနတ္တတွေ မတော်သရုပ်တွေနဲ့ ကလော်တုတ်ချက်များ မလင်းကြည်ရဲ့ လက်ရှိအနေအထားအရ တော်ရုံမိန်းမမျိုးဆို ရှက်လို့ လဲသေလောက်တယ်။ မလင်းကြည်ကတော့ ရည်းစားစကား အပြောခံရတဲ့ အပျိုကြီးတစ်ပါးလို အလန်းဇယားနဲ့ တခမ်းတနားတောင် ပြုံးပြလိုက်သေး။

'ကျုပ်ကလေးတွေရဲ့ အဖေတွေထဲမှာ တော့်လင်ပါလို့ နာနေတာလား၊ မပါစေချင်ရင် ကိုယ့်လင်ကိုယ် ကြိုးချည်ထားလေ။ ဒါမှမဟုတ် သူ ဘယ်ပြေးလဲ သိရအောင် လည်ပင်းမှာ ချူဆွဲထားပေါ့။ ဒါများ အရှက်မရှိ ရပ်ကျော်ရွာကျော် လာအော်နေရတယ်လို့။ ရှုပ်ရှုပ်ယှက်ယှက် အလုပ်ပျက်တယ် ဒေါ်စိန်ကျယ်ရေ့'

ပွဲက တော်တော် ထူးခြားတဲ့ပွဲပါ။ ပွဲတိုင်းကျော် မစိန်သန်းကြီး အော်ရင်းဟစ်ရင်း ဒေါသစိတ်တွေ ငယ်ထိပ်တက်ဆောင့်သွားပုံရတယ်။ မျက်လုံးတွေ ကလယ်ကလယ်ဖြစ်ပြီး သူ့ဘာသာ ပြုတ်ကျသွားတာ ဘေးနားက လူတွေ ဖမ်းထိန်းလိုက်နိုင်လို့သာပေါ့။ အဲဒီနေ့ကစပြီး မစိန်သန်းကြီး တော်တော် အချိုးပြောင်းသွားတယ်လို့ အမေနဲ့ ဒေါ်ထွေးတင်တို့ ပြောသံကြားရတယ်။ မလင်းကြည်မှာ အားကိုးစရာ ယောကျ်ားသားမရှိဘဲ ဘာတွေ လုပ်ကိုင်စားသောက်နေပါလိမ့်လို့ ကျွန်တော် တွေးပူမိခဲ့သေးတယ်။ အမေပြောတာတော့ ဒီရပ်ကွက်ထဲ ပြောင်းမလာခင်က သူ့သမီးအကြီးမလေးကို ကျောင်းထားခဲ့ပါသတဲ့။ တတိယတန်း အရောက်မှာ ဒီကိုပြောင်းရွှေ့လာတော့ ကျောင်းဆက်မထားတော့ဘူး။ သူမီးဖွားတဲ့အခါနဲ့ အလုပ်ထွက်လုပ်တဲ့အခါ အိမ်အလုပ်တွေနဲ့ ကလေးထိန်းဖို့ ခက်တယ်။ အငယ်ကောင်လေးကိုတော့ လာမယ့်နှစ်မှာ ကျောင်းထားပေးမတဲ့။

မလင်းကြည် ဗိုက်ကြီးပြားချပ်သွားပြီး သိပ်မကြာဘူး မနက်ရှစ်နာရီလောက်ဆို ကော့နေအောင် ဖြီးလိမ်းပြင်ဆင်ပြီး ကျွန်တော်တို့ အိမ်ရှေ့လမ်းကနေ မြောက်ဘက်ကို အမြဲထွက်သွားတတ်တယ်။ မြောက်ဘက်မှာ ဈေးကြီးရှိတယ်။ ဆိုင်ကြီးကနားကြီးတွေရှိတယ်။ ကားကွင်းရှိတယ်။ ညနေငါးနာရီလောက်ကျမှ အချိန်မှန် အိမ်ပြန်လာတယ်။ ပြန်လာတိုင်း သူ့



www.burmeseclassic.com

www.burmeseclassic.com

လက်နှစ်ဖက်လုံးမှာ ကြွပ်ကြွပ်အိတ်အထုပ်ကြီးငယ်တွေ အမြဲပါလာတတ်ပါတယ်။ သူ့ကလေး ပိစိကွေးလေးကို တစ်နေကုန် အိမ်မှာထားခဲ့နိုင်တာ အံ့သြစရာပဲ။ အမေနဲ့ ဒေါ်ထွေးတင်တို့က မကြာမကြာ သွားကြည့်ပေးကြတယ်။

“အကြီးမလေးက အရွယ်နဲ့ မလိုက်အောင် အကုန် လုပ်တတ်တယ်။ အငယ်ကောင်လေးကလည်း အပိုးကျိုးတယ်။ သူ့အစ်မနားနေပြီး ခိုင်းသမျှ လုပ်ပေးနေတာပဲ။ ဘယ်လိုများ သင်ပေးထားလဲမသိဘူး၊ အင်း သူတို့ဘဝနဲ့သူတို့ ဖြစ်သလို လည်ပတ်နေကြတာပဲလေ”

ကျွန်တော် အံ့သြလို့ မကုန်နိုင်တာတွေကို ဘိုတက်တို့နဲ့ဆုံတော့ အကုန်ပြောပြတာပေါ့။ ဘိုတက်က တဟွန်းဟွန်း ရယ်နေပြီး ဘိုကျောက်က သူ့မျက်လုံးပေမေ့းကို အစွမ်းကုန်ပြူးပြရင်း “ဒီမိန်းမကို နှယ်နှယ်ရရမှတ်နေလားကွ ကောင်လေးရ”လို့ ပြောတယ်။

“ပွဲတိုင်းကျော်မစိန်သန်းကြီးကို ဆန်ရွှေးမပျက် ရှော့ခ်ဝင် ပြုတ်ကျသွားအောင် လုပ်ပြသွားတာကြည့်ကွာ။ မိန်းမတွေ အော်ကြီးဟစ်ကျယ် ရန်ဖြစ်နည်းကို အသာလေး ချွန်းအုပ်ဖြတ်ကျော်သွားတာများ လှမှလှ။ သူက လူတွေအကြောင်း အတော်ညက်ပုံရတယ်”

“အသာနေစမ်းပါ ဘိုကျောက်ရာ၊ ယောကျ်ားတွေအကြောင်း ကောင်းကောင်း မညက်လို့ ကလေးတွေ တန်းစီထွက်နေတာပေါ့။ ငါလေ့လာကြည့်ပြီးပြီ။ သူအလုပ်လုပ်တာ ဈေးကြီးအနောက်ဘက်တန်းက ရွှေကမ္ဘာ စားသောက်ဆိုင်ကွ။ အိမ်အပြန် လက်က ဆွဲဆွဲလာတဲ့ အထုပ်တွေဟာ စားကောင်း သောက်ဖွယ်တွေပေါ့။ အဲဒီဆိုင်ဟာ သူ့အလုပ်လုပ်ရင်း စားကျက်ဖြန့်တဲ့နေရာလို့ ငါယုံကြည်တယ်။ သူ နောက်တစ်ဗိုက် ထွက်မလာမီ ကိုယ့်လူတွေထည့်ပြီး စမ်းသပ်ကြည့်ရင်ကောင်းလိမ့်မယ်ထင်တယ်။ ငါတို့ထင်ထားသလို မှန်နေရင် ရပ်ကွက်ထဲက နှင်ထုတ်ပစ်ဖို့ အကြောင်းပြချက်တွေ ရလာမှာပဲ”

“အေးကွာ၊ ရပ်ကွက်ဂုဏ်သိက္ခာတော့ ကာကွယ်ဖို့လိုတယ်”

ဘိုတက်နဲ့ ဘိုကျောက်တို့ အကြံအစည်ထဲကို ဆိုင်ရှင် ဦးလေးသီး ပါဝင်လာတယ်။ အရေးပေါ်ကိစ္စမျိုးကြုံကြိုက်လာရင် အသုံးပြုဖို့ မတည်ငွေအဖြစ် တစ်ယောက်ငါးသောင်းစီ ချက်ချင်း စုဝင်လိုက်ကြတယ်။

“အဲဒီဘက်မှာ စိတ်ဝင်စားတဲ့ ခြေသွက်လက်သွက် လူငယ်တွေလိုတယ်။ ဘိုတက်နဲ့ ဘိုကျောက်တို့ အဲဒီကိစ္စတာဝန်ယူကြ၊ ဒီမိန်းမ ဘာလဲဆိုတာ သဲသဲကွဲကွဲ အဖြေပေါ်မှ ရှေ့ဆက်လုပ်လို့ရမှာ၊ ကြာနေလို့ မဖြစ်ဘူး”

ဒီလူတွေ နေရင်းထိုင်ရင်း ဇာတ်သွေး ကြွနေတာကြည့်ပြီး ကျွန်တော် ရယ်ချင်လာတယ်။ ကျွန်တော်သိသလောက်တော့ ရပ်ကွက်ထဲမှာ ပြောစမှတ်တွင်လောက်တဲ့ အသစ်အဆန်းလိုမျိုး ထူးထူးကဲကဲ အံ့ဖွယ်သရဲလိုမျိုး သူတို့တစ်တွေ စွမ်းစွမ်းတမံ လုပ်ခဲ့တာ တစ်ခုမှ မရှိခဲ့ဖူးဘူး။ ကျွန်တော် ထ,ပြန်မယ်လုပ်တော့ ဘိုတက်က လှမ်းပြောလိုက်သေးတယ်။

“ကောင်လေး၊ မင်းနေတာ သူနဲ့အနီးဆုံးပဲ၊ နားမျက်စိ ဖွင့်ထားကွ၊ သိလား”တဲ့။

❑

ဘိုတက်တို့ စစ်ဆင်ရေးကို လက်တွေ့အကောင်အထည်ဖော်ကြမယ့် ဂေါ်စွမ်းကောင်း သုံးယောက် ပေါ်လာတယ်။ ကိုတင်လင်းနဲ့ ကိုဂျော်နီတို့နှစ်ယောက်က ခေါင်းနဲ့ပန်းလို ခွာမရတဲ့ ပွေဖော်ပွေဖက်တွေ။ ကျောင်းပြီးကတည်းက အလုပ်အကိုင်မရှိကြဘဲ မိဘတွေချမ်းသာတာ လမ်းရှာဖြုန်းနေသူတွေပေါ့။ နောက်တိုးတစ်ယောက်က အဆန်းထွင်ဖို့ လက်မနှေးချင်တဲ့ မသန်းခင်ယောကျ်ားကိုသော်တာ။

“တော်ရာမှာ အသာနေစမ်းပါ သော်တာရာ၊ မင်းက အိမ်ထောင်သည်။ ပြဿနာဖြစ်လာရင် မင်းမိန်းမ သန်းခင်က လွယ်တာမဟုတ်ဘူး။ အရင်တစ်ခါလည်း ကွိုင်တက်ပြီးပြီ”

“အဲဒါ ငါ ရေချိန်လွန်ပြီး မွတ်နေလို့ပါ။ ငါ ဘယ်လောက် ပိရိသေသပ်တယ်ဆိုတာ ဒီပွဲမှာပြမယ်၊ စောင့်ကြည့်ကြပေတော့။ တင်လင်းတို့၊ ဂျော်နီတို့လောက်များ သော်တာတို့က စာတောင်မဖွဲ့ဘူး”

“အေး ပြောမရလည်း လုပ်ကွာ၊ ကိုယ်ဖြစ်ကိုယ်ခံပဲ”

ဒီလူတွေ ဘယ်လိုနည်းဗျူဟာသုံးပြီး မလင်းကြည်ကို လုံးကြမလဲဆိုတာ စိတ်ဝင်စားစရာပါ။ ရပ်ကွက်ထဲက လူတွေ မြင်ကွင်းမှာတော့ မလင်းကြည်အနားတောင် သီဝံ့ကြမယ် မထင်ဘူး။ တဖြည်းဖြည်း ကျွန်တော်တို့ အတန်းတင်စာမေးပွဲကြီး နီးကပ်လာလို့ ကျောင်းစာတွေနဲ့ နပန်းလုံးရင်း ဦးလေးသီးဆိုင်ဘက် ခြေဦးမလှည့်နိုင်တော့ဘူး။ တစ်လလောက် အဆက်ပြတ်သွားပေမဲ့ စာမေးပွဲကြီးပြီးတဲ့အထိ ကိုယ့်ဆရာတွေဆီက သတင်းထူးထွက်မလာကြပါဘူး။

တစ်နေ့တော့ ကျွန်တော်တို့အိမ်ရှေ့ ဖြတ်သွားတဲ့ မလင်းကြည်သားလေးကို မြောက်ဘက်အိမ်က မွေးထားတဲ့ ဘဲငန်းအထီးကြီးက နှုတ်သီးနဲ့ လိုက်ထိုးလို့ ကြောက်လန့်အော်ဟစ်ပြီး ကျွန်တော်တို့အိမ်ထဲ ပြေးဝင်လာတယ်။ အမေက ကျွန်တော့်ကို လှမ်းခေါ်ပြီး သူတို့အိမ် လိုက်ပို့ခိုင်းတယ်။ ကျွန်တော် လိုက်ပို့ပေးတော့ အလုပ်ကပြန်ရောက်စဖြစ်တဲ့ မလင်းကြည်နဲ့ တွေ့ရပါတယ်။ သူက ကျွန်တော့်ကို ဝမ်းသာအားရနဲ့ ကော်ဖီဖျော်တိုက်တယ်။ သူ့အထုပ်တွေထဲ ပါလာတဲ့ မုန့်တွေထုတ်ပြီး ကျွေးတယ်။ ဘယ်လိုမှ ငြင်းလို့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com

‘ငါ့မောင်က အန်တီသက်သားမဟုတ်လား၊ စာမေးပွဲဖြေနိုင်ရဲ့လား’

‘ဟုတ်ကဲ့၊ ဖြေနိုင်ပါတယ်’

‘စာကြိုးစားနော်၊ အစ်မသားလေးကို စောင့်ရှောက်ပေးတာ သိပ်ကျေးဇူးတင်ပါတယ်။ အန်တီသက်ကလည်း အစ်မတို့ကို စောင့်ရှောက်ပါတယ်။ မင်း အမေကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောပေး သိလား၊ အဟင်းဟင်း၊ ငါ့မောင်က လူချောလေးပဲကွ’

မလင်းကြည်ရဲ့ အပြုံးချိုချိုလေးရဲ့ ဖော်ရွေမှုကြောင့် ဘာမှန်းမသိတဲ့ ပြဿနာကြီးက ခေါင်းထဲ ပြေးဝင်လာလို့ ကျွန်တော် ဝမ်းနည်းသလို ခံစားရပါတယ်။ ချက်ချင်းပဲ ဘိုတက်တို့ အကြံအစည်တွေအကြောင်း ဖွင့်ပြောချင်စိတ်ပေါက်သွားတယ်။ ဒါပေမဲ့ မပြောမိအောင် မျိုသိပ်ပြီး ပြန်ခဲ့ရတယ်။ အဲဒီနေ့ကစပြီး မလင်းကြည်ဟာ ကျွန်တော့်ကို ဘယ်နေရာတွေ့တွေ့ ဖက်လဲတကင်း နှုတ်ဆက်တယ်။ ကျွန်တော်ကလည်း သူ့အလုပ်ကအပြန် လမ်းမှာဆုံမိတဲ့အခါ သူ့အထုပ်တွေ ကူဆွဲပြီး အိမ်အထိ လိုက်ပို့ပါတယ်။ မလင်းကြည်က အားသွားတဲ့ သူ့လက်တစ်ဖက်နဲ့ ကျွန်တော့်ပခုံးကို ဖက်ပြီး စကားတွေ တဖောင်ဖောင်ပြောလာတတ်တယ်။ သူပျော်နေပေမဲ့ ကျွန်တော်မပျော်ပါဘူး။ အထီးကျန် ခြောက်သွေ့လွန်းလှတဲ့ သူတို့မိသားစုလေးအကြောင်း တွေးနေမိပါတယ်။

‘ဟွန်း ဟွန်း ဟွန်း၊ ဟိုကောင်တွေ ဘယ်ခရီးပေါက်နေကြလဲတော့ မသိဘူး၊ ဒီငတိလေးက တော်တော်ပြေးနေပါလားကွ ဟင်။ မင်းနော်၊ ငါတို့အကြံအစည်တွေ ဖော်ကောင်လုပ်လို့ကတော့ ဟောဒီမယ် တွေ့လား’

ဘိုတက်က တစ်ခါမှ အစွမ်းမပြဖူးတဲ့ သူ့လက်သီးကြီး ထောင်ပြတယ်။ ကျွန်တော်တို့ နွေကျောင်းပိတ်ရက်တွေ ကုန်လွန်သွားတဲ့အထိ ဂေါ်စွမ်းကောင်းတွေအကြောင်းမထူးကြသေးဘူး။ ဒါပေမဲ့ မလင်းကြည်နောက်တစ်ဗိုက် ပြန်ထွက်လာတဲ့ သတင်းက ရပ်ကွက်ထဲမှာ သင်းပျံ့လာတယ်။ ဒီသတင်းကို သူတို့ချင်းသာ ပိုသိနိုင်တဲ့ အိမ်ရှင်မအသင်းက အတည်ပြု ထုတ်ပြန်လိုက်တာပါ။ ဘိုတက်တို့အုပ်စု ဦးလေးသီးရဲ့ဆိုင်အနောက်ခန်းမှာ ခေါင်းချင်းရိုက်ကြတယ်။

‘ဒီကောင်မလုပ်ပေါက်က ကိုယ့်ရပ်ကွက်ကိုယ် ပြန်သံသယဝင်မလိုကြီး၊ တို့ကောင်တွေ လက်ချက်များ ဖြစ်နေမလား ဘိုတက်’

‘ဒီကောင်တွေ ဒီလောက်စွမ်းရင် အစောကြီးက အမြီးထောင်ပြေးလာကြပြီပေါ့။ အင်း အကြီးမနဲ့ အလတ်ကောင်လေးက လေးနှစ်ခြား၊ ဒီရောက်မှ ထွက်လာတဲ့ ကလေးက ခြောက်နှစ်ခြား၊ အခု တစ်နှစ်တောင်မခြားသေးဘဲ နောက်တစ်ဗိုက်ဆိုတော့ ဒီကောင်မဗိုက်ဖောင်းချိန်နဲ့ ပြားချိန်ဟာ အစိုးမရဘူးဆိုတဲ့ သဘောပဲ။ ဒီတော့ သူ့ဘာသာ ပိန်ပိန်ဖောင်းဖောင်း အကြောင်းမဟုတ်ဘူး၊ တို့ကောင်တွေ အဖြေထွက်အောင် လိုက်ကြပစေဦးပေါ့ကွာ’

ဘိုတက် အဲဒီလိုပြောပြီး တစ်ပတ်လောက်အကြာမှာ ဂေါ်စွမ်းကောင်းကြီး ကိုတင်လင်း အဖြေထွက်သွားပါတယ်။ လက်ဖှေ့ကြိုးဝိုင်းပေါ်မှာ တစ်ဖက်သတ် အထိုးခံရပြီး ဒိုင်ပွဲရပ်နဲ့ ဆင်းလာခဲ့ရတဲ့ လက်ဖှေ့သမားလို တစ်မျက်နှာလုံး ဖုပိမ့်ညိုမည်းနေလေရဲ့။

‘ဗေထိသံတောင် မကြားလိုက်ရပါလား တင်လင်းရ’

‘တင်လင်းရမနေနဲ့၊ အခု အိမ်ကဆင်းခဲ့ရပြီ။ ခင်ဗျားတို့ ကြိုဟ်မွေတာ ခင်ဗျားတို့ တာဝန်ပဲ’

‘ရှင်းစမ်းပါဦးကွာ၊ ဒါ ဘယ်သူ့လက်ချက်လဲ’

‘ကျုပ်ဘိုးတော်ဗျ၊ ကျုပ်က ရွှေကမ္ဘာကို တစ်နေ့နှစ်ကြိမ် ဘီယာသွားသောက်ရင်း လုံးတာ မလင်းကြည်နဲ့ တော်တော်ရင်းနှီးနေပြီး အထမြောက်ဖို့ လက်တစ်ကမ်း အလိုဗျာ၊ ဘိုးတော်က သူ့ဇွည့်သည်တွေ လိုက်ဇွည့်ခံရင်း ရွှေကမ္ဘာကို ရောက်လာတာ သတိမထားလိုက်မိဘူး။ မလင်းကြည်ကို ကျုပ်စားပွဲမှာ အပိုင်ဆွဲထားပြီး အပြတ်နျူးနေမိတာပေါ့။ ဘိုးတော်က အသာရှိုးချင်တိုင်း ရှိုးနေပြီး အိမ်ပြန်ရောက်တော့မှ မင်းမှာ ပူးစရာမိန်းမ ဒီလောက်တောင် ရှားနေသလား၊ လင်မရှိဘဲ ဗိုက်ဖောင်းနေတဲ့မိန်းမကိုမှ သောက်ရှက်မရှိ၊ မိဘတွေမျက်နှာမှမထောက် ဘာညာဆိုပြီး လိုမ့်ပိမ့်တွယ်တော့တာပဲ။ ဘိုးတော်လက်သီးစွမ်းက ခုထိမကျသေးဘူးဗျ။ ဒါတောင် ဘွားတော်ကြားဝင်လာလို့ သက်သာတယ်မှတ်’

‘မင်းကလည်း ညောင်သီးလောက် မဲနေတာကို လေးညို့သံမှ နားမထောင်တာ။ ဟိုကောင် ဂျော်နီကော ဘယ်လိုအခြေအနေရှိလဲ’

‘ဒီကောင် ဘယ်လိုလှုပ်ရှားနေလဲ မသိဘူး၊ လူချင်း မတွေ့တာ တစ်ပတ်ကျော်ပြီ။ ပထမပိုင်းတော့ မလင်းကြည် ဈေးဝယ်ထွက်တဲ့အခါ ဈေးထဲလိုက်ကြံမယ် ပြောတာပဲ။ ဂျော်နီက အတည်ကြည်ထားတဲ့ ပိစိမလေးရှိတယ်၊ ဒါကြောင့် လှုပ်ရှားရခက်နေတာ ဖြစ်လိမ့်မယ်’

အဲဒီရက်ပိုင်း တစ်ညမှာ မလင်းကြည်အိမ်က သူခိုးအော်သံကြောင့် ကျွန်တော်တို့ တစ်လမ်းလုံး နိုးလာပြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်။ သူခိုးက ခြေရာဖျောက်သွားနိုင်လို့ မမိလိုက်ကြဘူး။ အမှန်တော့ သူခိုးလိုက်သူတွေက ဝတ်ကျေတမ်းကျေလောက် ပါ။ မလင်းကြည်ရဲ့ အကျင့်စာရိတ္တအပေါ် သံသယအမြင်တွေ ဖုံးနေလို့ လုံးလုံးကြီး ယုံကြည်ကြတာ မဟုတ်ဘူး။ ဝါးရင်းတုတ်ကြီး ကိုင်ဆွဲထားတဲ့ မလင်းကြည်က ‘သူ့ခေါင်းကို မိမိ



www.burmeseclassic.com

www.burmeseclassic.com

ရရ တစ်ချက်ရိုက်မိလိုက်တယ်’ လို့ ပြောတယ်။

‘ဒီတဲသာသာအိမ်မျိုး သူခိုးဝင်စရာလား’

‘တို့လမ်းထဲ ဘယ်တုန်းက သူခိုးဝင်ဖူးလို့လဲ။ သူ့ခွင်တွေနဲ့သူ အဆင်မတည့်လို့ သူခိုးဟစ်ပြီး မောင်းထုတ်တာနေမှာ’

နောက်တစ်နေ့ မနက်စောစောထ,ပြီး ကျွန်တော် အိမ်ကအထွက် ပူညံပူညံလုပ်နေတဲ့ မသန်းခင်ကို သူတို့အိမ်ရှေ့မှာ တွေ့တယ်။

‘ဟဲ့ ငအောင်၊ ညက ကိုသော်တာ အိမ်မှာ အိပ်ရဲ့လား၊ ဘယ်သွားတာမြင်မိလဲဟင်’

‘သတိမထားမိဘူး အစ်မ၊ ဘာဖြစ်လို့လဲ’

‘အစ်မက အမေတို့အိမ် တစ်ညအိပ် သွားနေတာ၊ သေနာကောင်က အိမ်မှာ မအိပ်ဘဲ ဘယ်သွားသေနေလဲ မသိဘူး။ အိမ်သော့တွေလည်း မထားခဲ့ဘူး၊ အန်ဖတ်ဆို့ သေနေတောင် သတင်းတော့ ကြားရမှာပါ’

‘လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ တွေ့ရင် ပြောလိုက်မယ်လေ’

ဦးလေးသီးဆိုင်ရောက်တော့ နောက်ဘက်အခန်းထဲ စုပြုံရောက်နေကြတဲ့ ဘိုတက်တို့အုပ်စု အလယ်မှာ ကိုသော်တာကို တွေ့လိုက်ရတယ်။ ဦးလေးသီးက တဟီးဟီး ရယ်ရင်း ကိုသော်တာရဲ့ ဖြစ်စဉ်ကို ပြန်ခင်းပြနေတာ ကြားရတယ်။ ဒီတော့မှ ညက မလင်းကြည်အိမ်ကပ်တဲ့ သူခိုးဟာ ကိုသော်တာမှန်း သိရတော့တယ်။ ကိုသော်

tBudBudf
, k&;wwfvh
uBef&U
nbifrlaMumif
jzpfvmorBuk
ow&;
&ifqkdifygw, f
bmt umt uGf
rSvkyfbl
ukd 0ef
zsufcsbl
ukd bm;orD
ukd f
wef;kkm;
apmifh&ifuyfygw, f
vif&bJ
uav;awG
ar;Gvm
t jyp&Gvw, f
qkdif
Oya'aMumift &
t a&;, MuygG

တာက ကိုတင်လင်းတို့၊ ကိုဂျော်နီတို့လို လူပျိုလူလွတ် မဟုတ်လေတော့ မလင်းကြည်အနီး ချဉ်းကပ်ဖို့ နည်းလမ်းမရှိဘူးဖြစ်နေတယ်။ ရွှေကမ္ဘာမှာ ဘီယာလည်း သွားမသောက်ဝံ့ဘူး။ အရမ်းလျှင်တဲ့ မသန်းခင် အန္တရာယ်က ရှိနေတာကိုး။ ညကတော့ မသန်းခင်မရှိလို့ အိမ်မှာ တစ်ယောက်တည်း သောက်နေရင်း နည်းလမ်းပေါ်လာတယ်။ ရေချိန်တက်လာတဲ့ အခါ သတ္တိတွေလည်း တရှိန်ရှိန်တက်လာတာပေါ့။ လင်ကောင်မပေါ်ဘဲ ကလေးတွေ

တပြွတ်ပြွတ်မွေးနေတဲ့ မိန်းမကို အချိန်ပေး ကြံနေစရာလား၊ ငွေပေးလိုက်ပြီးတာပဲဆိုပြီး စိတ်သွားတိုင်းကိုယ်ပါခဲ့မိတာ။

‘သူ့တဲနန်းထရံနားကပ်ပြီး တိုးတိုးအုပ်ခေါ်လိုက်တော့ ဘယ်သူလဲလို့ ခပ်အုပ်အုပ် ပြန်မေးတယ်။ ငါက နာမည်မပြောချင်တာနဲ့ ကိုယ်ပါ၊ မင်းနဲ့ ခဏတွေ့ချင်လို့ပါ ဘာညာကွိကွပေါ့ကွာ။ သူက ခဏနော်၊ တံခါးနားက စောင့်ဆိုပြီး ခြေဖွနင်းလာတာ။ ငါကွာ ရင်တွေတောင် တော်တော် ခုန်သွားတယ်။ သူက တံခါးဖွင့်ပြီး မျက်နှာကို ဓာတ်မီးနဲ့ထိုးတယ်။ မျက်လုံးပြာသွားလို့ ငုံ့အရှောင်မှာ ခွပ်ခနဲ ဆော်ထည့်လိုက်တာကွာ၊ ရိုက်လည်းရိုက် သူခိုးလည်း အော် တော်တော်ရက်စက်တဲ့ မိန်းမ။ သွေးတွေစမ်းမိတာနဲ့ ငါလည်း တောင်ဘက်လမ်းထဲ စွတ်ပြေးလိုက်မိတာ ကံကောင်းသွားတာ။ အဲဒီလမ်းကြားထဲက တစ်ယောက်မှ မနိုးကြဘူး။ ဘိုသီးဆိုင်ကို မိုင်ရှစ်ဆယ်နှုန်းနဲ့ ပန်းဝင်တာပဲ’

‘ဒဏ်ရာကကော’

‘သုံးချက်ချုပ်စာကွဲတာဟေ့၊ အရက်ရှိန်ပါပြီး သွေးက မတိတ်ဘူး။ ငါလည်း ဒီကောင်ကို ဆိုင်ထဲပိတ်ထားခဲ့ပြီး ဟိုဘက်လမ်းက ဒေါက်တ တင်မြင့်ကို တောင်းတောင်းပန်ပန် နှိုးခေါ်ရတယ်။ အနာချုပ်ပြီးတော့ ရေချိန်ပျောက်သွားလို့ တင်ပေးပါဦး ဂျီတိုက်တယ်။ ငါ့လက်ကျန် အပြောင်ရှင်းပြီး ထိုးအိပ်တော့တာပဲ။ ဒီ

ကောင့်လုပ်ပေါက်က သန်းခင် သာသိရင် လမ်းဘယ်မမြင် နိုင် ဖြစ်သွားမှာ သေချာတယ်’

ဦးလေးသီး စကားဆုံးမှ ကျွန်တော် သတိရတယ်။

‘အစ်မသန်းခင် အစောကြီးရောက်လာပြီး အိမ်ရှေ့မှာ ပွဲကြမ်းနေတာ တွေ့ခဲ့တယ်။ အိမ်သော့တွေ မထားခဲ့လို့တဲ့။ ခင်ဗျားသွားမှဖြစ်မှာ’

‘ဟား သေပြီ။ သော့သော့ သော့တွဲဘယ်ကျနေခဲ့ပါလိမ့်’

ကိုသော်တာ ပျာယာခတ်ပြီး ထ,ခုန်တယ်။ ပြီးတော့ အခန်းထဲကနေ တစ်ဟုန်ထိုး ထွက်သွားလေရဲ့။ ဘိုတက်က ခေါင်းယမ်းလိုက်ပြီး ‘ဒီကောင်လုပ်တာတွေ တစ်ခုမှ မဟုတ်ဘူး။ အခုကိုပဲ သန်းခင်နဲ့ ပြဿနာကောင်းကောင်း တက်တော့မှာ ကြည့်နေ’ လို့ ပြောလိုက်တယ်။ ဘိုတက် ဟောကိန်းက သွေးထွက်အောင် မှန်တယ်။ နောက်တစ်နာရီလောက် အကြာမှာ ကိုသော်တာ ခေါင်းငိုက်စိုက်နဲ့ ပြန်ရောက်လာတယ်။ တစ်မျက်နှာလုံးက တ်ခြစ်ရာတွေ ဗရပွပါလာတဲ့အပြင် ဘယ်ဘက်မျက်လုံးအိမ်ပါ ညိုမည်းဖူးရောင်နေပါတယ်။

‘မြင်ရချက် မသက်သာပါလား တောက်ပြားရာ’

‘သန်းခင်အကြောင်း သိလျက်နဲ့ အဆန်းတွေ ထွင်ချင်တာကိုး’

‘တောက်၊ ငါကိုက ကံဆိုးတာပါ။ အိမ်သော့တွဲ ကျပျောက်တာ သန်းခင်နဲ့ အကျယ်အကျယ်ဖြစ်နေတုန်း အထာမကျတဲ့ ဟိုမသာမက



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့ဖြတ်သွားရင် ကြားသွားတာထင်တယ်။ သူ့သားလေးကို လွှတ်ပြီး အိမ်သော့တွဲ ပေးခိုင်းလိုက်တယ်။ ဘယ်နေရာက ကောက်ရတာလဲ မေးတော့ မသိဘူး၊ အမေက ပေးခိုင်းလိုက်တာတဲ့။ သောက်သော့တွဲက သူ့အိမ်ထဲမှ ကျရတယ်လို့ကွာ၊ လုံးလုံး ပြန်မတွေ့တာကမှ ကောင်းသေးတယ်'

'ဘယ်မသာမက အထာမကျတာလဲ'

'မလင်းကြည့် ပေါ့ကွာ'

ဦးလေးသီးတို့၊ ဘိုတက်တို့ အူနှိပ်ရယ်ကြတော့တာပဲ။

'ညက သူခိုးပူတဲ့ကိစ္စကို သန်းခင်က သေချာစူးစမ်းပြီးပြီ။ သော့တွဲ သဲလွန်စပေါ်လာတော့ ဒီမိန်းမက ဘယ်လောက်လှစ်သလဲသိလား၊ အငိုက်ဖမ်းပြီး ငါ့ခေါင်းကို ဆွဲကြည့်တာ အကွင်းလိုက်ပေါ်တော့တာပဲ။ အဲဒီမှာ ငါ ထပ်ကွဲတော့တာ။ ညက ကြမ်းပိုးမအိမ်ဝင်တာ သူခိုးအစစ် မဟုတ်ဘူး၊ ဟောဒီက အရက်သမား ဖာကျိုးဝင်တာ အရပ်ကတို့ရေဆိုပြီး ကျုံးအော်ဖက်လုံး၊ ကုတ်ဖွဲ့၊ တွေ့ရာနဲ့ ထုရိုက်၊ ဟားတစ်လမ်းလုံး မကြားချင်အဆုံးကွာ'

'အခု ဘယ်လို အဆုံးသတ်ခဲ့တာလဲ'

'အဆုံးမသတ်သေးခင် ရုန်းထွက်လာခဲ့ရတာ။ သန်းခင်က နှစ်ဖက်မိဘတွေခေါ်ပြီး အမြန်ကွာရှင်းမတဲ့။ ပြီးရင် နောက်တစ်လင် မြန်မြန်ယူပစ်မတဲ့။ ဒီမိန်းမက ငါ့အသည်းတွေ အမြန်ကွဲကြေအောင်လုပ်တော့မှာ'

'မင်းဟာက အမြန်တွေချည်းပါလား။ သူ စိတ်မြန်လက်မြန် လျှောက်မလုပ်ခင် တစ်နေရာရာ သွားရှောင်နေလိုက်ကွာ'

'အောင်လံက အစ်မဆီ အလုပ်လုပ်ရင်း သွားနေမယ်'

'မလင်းကြည် စစ်ဆင်ရေးက ကိုယ့်လူတွေချည်း ကွေးကောက်ကုန်ပါလားဟ၊ ဟိုကောင် ဂျော်နီကော အခြေအနေ ကောင်းပါ့မလား၊ ဆေးရုံနဲ့ ရဲစခန်း မလွဲတမ်းလိုက်ရရုံအပြင် ပိုမရှိနိုင်ဘူးထင်တာပဲ၊ ဟားဟား'

ဦးလေးသီး မှတ်ချက်ချသလို ဆေးရုံနဲ့ ရဲစခန်းတစ်ခုခု မဟုတ်ပေမဲ့ သူတို့အလုပ်ရှုပ်သွားရတာတော့ အတူတူပါပဲ။ ကိုဂျော်နီ ဈေးကြီးထဲမှာ ပြဿနာတက်ပြီး ဈေးကြီး ကြီးကြပ်ရေးရုံးမှာ ရောက်နေတဲ့အကြောင်း၊ ငွေငါးသောင်းယူပြီး အမြန်လိုက်လာကြဖို့အကြောင်း ကိုဂျော်နီ ရေးပေးလိုက်တဲ့ စာတိုလေး လူကြုံနဲ့ ရောက်လာတယ်။ ဘိုတက်နဲ့ ဘိုကျောက်တို့ ဦးလေးသီးဆီမှာ ထည့်ဝင်ထားတဲ့ အရေးပေါ်မတည်ငွေထဲက ငွေငါးသောင်း ယူပြီး လိုက်သွားကြတယ်။ သိပ်မကြာလိုက်ဘဲ ကိုအော်ကြီး ထော်လာဂျီအကြုံနဲ့ တဖုန်းဖုန်း တဒိုင်းဒိုင်း ပြန်ရောက်လာကြတယ်။ ကျွန်တော်တို့ရဲ့ နောက်ဆုံး ဂေါ်စွမ်းကောင်းကြီး ကိုဂျော်နီပါ အတူပါလာတယ်။ သူ့တစ်ကိုယ်လုံး စုတ်ပြတ်ပေရေနေလိုက်ပုံများ သဲသဲမဲမဲ ခွပ်နေရာက ဆွဲယူလာတဲ့ ကြက်ဖကြီး တစ်ကောင်အတိုင်းပဲ။

ကိုဂျော်နီရဲ့ ဇာတ်လမ်းကလည်း မှတ်တမ်းတင်လောက်ပါတယ်။ ဈေးကြီးထဲမှာ ဘယ်ကမှန်းမသိတဲ့ လူငယ်တစ်ယောက်နဲ့ လက်သီးပွဲ နွဲကြရင်း နပန်းပွဲအဆင့်အရောက်မှာ ဈေးကြီး ကြီးကြပ်ရုံးကို ရောက်သွားတယ်။ ဈေးဗန်းတွေမှောက်ကျလွင့်စဉ်ကုန်လို့ ဈေးသည်တွေနဲ့ပါ ပြဿနာရှင်းရတယ်။ ကြီးကြပ်ရေးရုံးအဖွဲ့က ဆုံးရှုံးနစ်နာတာတွေ စာရင်းချဈေးညှိပြီး နှစ်ယောက်ပေါင်း ကျပ်တစ်သိန်း ဖြတ်တယ်။ တစ်ဖက်လူ ဘယ်လိုရှင်းကျန်တယ်မသိဘူး၊ ကိုဂျော်နီက ဘိုတက်တို့ကောင်းမှုကြောင့် ငွေငါးသောင်းပေးလျော်ပြီး လွတ်မြောက်လာခဲ့တာပါ။

'မင်းအိမ်ကို အကြောင်းမကြားဘဲ ငါတို့က ဝင်ခံပေးရတာ မနိပ်ဘူးကွ၊ မင်းမိဘတွေက ဘောစိအကြီးစားတွေလေ'

'အိမ်လိုက်လာရင် ငါးပါးမှောက်မှာပေါ့ဗျ။ ဈေးသည်တွေက မလင်းကြည်ကိုပါ သက်သေခံအဖြစ် ဆွဲခေါ်လာကြတာ'

'ဟင်၊ မလင်းကြည်ကပါသေးလား'

'ပါတာပေါ့၊ သူ့နောက်လိုက်လုံးရင်း ဖြစ်တာကို။ သူက ရွှေကမ္ဘာမှာ အဝယ်တော်လည်း ထွက်ရတယ်လေ။ ကျွန်တော်က အဲဒီခွင်ချောင်းပြီး လုံးနေခဲ့တာ။ ဈေးထဲလိုက်ရတာ လူရှုပ်တော့ လူလုံးပျောက်တာပေါ့။ ဒီနေ့ကျမှဗျာ ဘယ်ကနောမှန်းမသိဘူး မလင်းကြည်နောက် အသေကပ်နေတော့ ကျွန်တော်နဲ့ ငြိတော့တာပဲ။ တွယ်လိုက်ကြတာ ဝုန်းဒိုင်းကြဲလို့၊ သူနာကိုယ်နာပါပဲဗျာ'

'မလင်းကြည်က ဘယ်လိုရှင်းသွားလဲကွ'

'သူတို့နှစ်ယောက် ကျွန်မနောက် လိုက်နှောင့်ယှက်ကြရင်းဖြစ်တာ၊ သူတို့နဲ့ ကျွန်မ ဘာမှမပတ်သက်ဘူး ပြောပြီး လစ်တာပေါ့။ သူသာ ပြဿနာထပ်ရှာရင် ကျွန်တော်တို့ အချုပ်ထဲရောက်ကုန်မှာ။ ဘိုတက်တို့ အမြန်ရောက်လာကြလို့သာပေါ့။ ဈေးကြီးကြပ်အဖွဲ့က တအံ့တသြကြီး မေးနေတာ၊ မင်းတို့က ကိုယ်ဝန်ဆောင် အမျိုးသမီးတောင် မရှောင်ကြပါလား၊ ဗုဒ္ဓဘာသာ မြန်မာတွေမှ ဟုတ်ရဲ့လားတဲ့။ ဟက်တက်ကို ကွဲတော့တာပဲ'

ဈေးကြီးထဲမှာ ကိုဂျော်နီဖြစ်ခဲ့တဲ့ ပြဿနာက ဈေးထဲတင် ရပ်မနေဘဲ ရပ်ကွက်ထဲအထိ ခပ်သွက်သွက်ရောက်လာပါတယ်။ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်ကို ပိုးပန်းရင်း လူငယ်နှစ်ယောက် ရန်ပွဲကြီး ဆင်နွှဲကြတဲ့သတင်းဟာ ကြားလို့တောင်မကောင်းပေမဲ့ ပြောလို့ အလွန်ကောင်းနေတာကိုး။ ဈေးကြီးမှာ ဈေးထွက်ကြတဲ့ လူတချို့ ရပ်ကွက်ထဲမှာရှိတယ်။ ခြေချင်းလိမ်နေတဲ့ ခေါင်းရွက်ဈေးသည်တွေကလည်း ဈေးကြီးထဲက အဲဒီသတင်းကိုပါ ထည့်ရွက်လာကြတာဆိုတော့ နောက်နေ့မနက်မှာတင်ပဲ ကိုဂျော်နီရဲ့ အစ်မတွေကတစ်ဆင့် မိဘတွေပါ သိကုန်ပါ

စာမျက်နှာ(၁၈၁)သို့...



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# မျှော်လင့်ခြင်း သုံးနာရီ

ဥသျှချယ်ရီဖြူ

၁။

ချမ်းအေးလှသည့် ဒီဇင်ဘာလ၏ ဒုတိယမြောက် တနင်္ဂနွေနေ့ ညနေသည် ငိုက်မျဉ်းမနေခဲ့ပါ။ လန်ဒန်မြို့ စတန်းဖို့ဒ် ဘရစ်ကစားကွင်းသည် သုံးခွမြို့ ဆုံစည်းရာ လက်ဖက်ရည်ဆိုင်လေးထဲသို့ ရောက်ရှိနေခဲ့သည်။ လက်ဖက်ရည်ဆိုင်ထဲရှိ များပြားလှသော ပရိသတ်များသည် ချယ်လ်ဆီးအသင်းနှင့် ဝက်ဘရှန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည့် ဘောလုံးပွဲအကြောင်းကို လက်ဖက်ရည်နှင့် မြည်းနေခဲ့ကြသည်။ စီးကပ်စ်တစ်လိပ်ဖြင့် ရှိုက်ဖွာနေခဲ့ကြသည်။ "ချိုဆိမ့်တစ်ခွက်"၊ "ညီလေးရေ လိပ်ခုတ် တစ်ပွဲ"၊ "ဒီပွဲလည်း ချယ်လ်ဆီးအသင်းပဲ နိုင်မှာပါ"၊ "ဘောလုံးပွဲကလည်း မစ‌သေးဘူးလားဟ" ဟူသော အသံများက လက်ဖက်ရည်ဆိုင်လေးထဲ၌ ပျံ့လွင့်နေခဲ့ကြသည်။ စီးကရက် မီးခိုးငွေ့များ၊ တီဗွီစကရင်မှ ရောင်ပြန်ဟပ်နေသည့် အလင်းတန်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com

စားပွဲထိုးလေးများ၏ လူးလာဆန်ခတ်လှုပ် ရှားနေမှုများသည် လက်ဖက်ရည်ဆိုင်လေး၏ ဥပမိရုပ်ကို ပုံဖော်ပေးနေခဲ့သည်။ လက်ဖက်ရည်ဆိုင်လေး၏ ဝိညာဉ်ကို ရှင်သန်နေအောင် အသက်သွင်းပေးနေခဲ့သည်။ ညနေခြောက်နာရီကျော်သာ ရှိသေးသည်မို့ အပြင်ဘက် လမ်းထက်တွင် လူမျိုးစုံနှင့် ယာဉ်မျိုးစုံတို့ သွားလာဖြတ်သန်းနေကြသည်။

❑

၂။

လက်ဖက်ရည်ဆိုင်ထဲရှိ လူအများစု၏ မျက်လုံးများသည် တီဗွီစကရင်သို့ ရောက်ရှိနေကြသည်။ သာဖေသူ့ရှေ့မှ ချိုဆိမ့်လက်ဖက်ရည်ခွက်ကို လှမ်းယူလျက် အရသာခံ သောက်လိုက်သည်။ သူ့မိတ်ဆွေနှစ်ယောက်က ဘောလုံးပွဲ မစ၊ သေးသည်မို့ ဖုန်းတစ်လုံးစီနှင့် အလုပ်ရှုပ်နေခဲ့ကြသည်။ တီဗွီစကရင်သို့ ကြည့်မိသည့်အခါ နှစ်ဖက်အသင်းသားများ နွှတ်ဆက်နေကြပြီဖြစ်သည်။ မိုင်ပေါင်းများစွာ ကွာဝေးသည့် စတန်းဖို့ဒ်ဘရစ်ညနေသည် မြန်မာနိုင်ငံသားများဆီ အီလက်ထရောနစ်လှိုင်းနှုန်းများမှတစ်ဆင့် ဖြတ်သန်းရောက်ရှိလာခဲ့သည်။ စတန်းဖို့ဒ်ဘရစ်ကွင်းရှိ ထိုင်ခုံများသည် အိမ်ရှင်အသင်း၏ ပရိသတ်များကြောင့် အပြာရောင်လွှမ်းနေခဲ့သည်။ ခမ်းနားသည့် စတန်းဖို့ဒ်ဘရစ်ကွင်းကြီး၏ မြင်ကွင်းများကို ငေးမောကြည့်ရင်း ပရီးမီးယားလိဂ် ညချမ်းထဲ၌ သာဖေ စီးမျောနေခဲ့သည်။ ဒိုင်လူကြီး၏ ဝီစီမှုတ်သံကြောင့် လက်ဖက်ရည်ဆိုင်ထဲမှ စကားသံများ တိတ်ဆိတ်သွားပြီး ဘောလုံးပွဲထံ အကြည့်ရောက်လာကြသည်။

စပေး ဘောလုံးကို ဝက်ဘရွန်းအသင်းမှ စတင်ကန်ခွင့်ရသည်။ ပွဲစသည်နှင့် ဘောလုံးသည် စက္ကန့်ပိုင်းအတွင်း ချယ်လ်ဆီးဂိုးနားသို့ ရောက်သွားခဲ့သည်။ သို့သော် ဂိုးကိုကျော်လျက် ဂိုးလွန်ဘောဖြစ်သွားခဲ့သည်။ လက်ဖက်ရည်ဆိုင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ဘောလုံးပွဲထဲသို့ အာရုံရောက်နေခဲ့ကြသည်။ သာဖေလည်း လက်ဖက်ရည် မသောက်နိုင်တော့ဘဲ ဘောလုံးပွဲကို ကြည့်နေမိခဲ့သည်။ ကြည့်နေဆဲမှာ ဝက်ဘရွန်းအသင်းက ဘောလုံး ရသွားခဲ့သည်။ ဝက်ဘရွန်းအသင်း၏ ကွင်းလယ်ကစားသမားမှ မ၊တင်ပေးလိုက်သည့်ဘောလုံး ချယ်လ်ဆီးအသင်းဂိုးရှေ့သို့ ကျလာခိုက် ဝက်ဘရွန်း တိုက်စစ်မှူး ရန့်ဒန်က အရအမိ ခေါင်းခုန်တိုက်လိုက် သော်လည်း အားပျော့သွားသဖြင့် ချယ်လ်ဆီး ဂိုးသမား ကော်တွိုက် ဖမ်းမိသွားသည်။ ထိုအခါကျမှ သာဖေလည်း သက်ပြင်းကို ဟင်းခနဲ ချမိတော့သည်။ "ပွဲစတာ ငါးမိနစ်ပဲရှိသေးတယ်။ ဝက်ဘရွန်းက ချယ်လ်ဆီးဂိုးဘက်ကို နှစ်ခါတောင်ခြိမ်းခြောက်ထားပါလား" ဟု တွေးလိုက်မိသည်။ သာဖေ လက်ဖက်ရည်ခွက်ကို ယူလျက် မော့သောက်လိုက်သည်။ ဆိုင်ထဲသို့ ဝေ့ဝဲကြည့်လိုက်သည့် အခါ အားလုံးက ဘောလုံးပွဲ ကို စိတ်ဝင်စားနေကြသည်။ လူတစ်ယောက်စ၊ နှစ်ယောက်စခန့်ကသာ ဖုန်းကြည့်နေကြသည်။

ငှားဖတ်သော အားကစား ဂျာနယ်များမှတစ်ဆင့် ချယ်လ်ဆီးအသင်းအကြောင်းကို သူ သိနေခဲ့သည်။ ယခုနှစ် ရာသီမှာ ချယ်လ်ဆီးဘောလုံးအသင်း ခြေစွမ်းပြနေကြောင်း သူ ဖတ်ခဲ့ရသည်။ ဘောလုံးပွဲ မကြည့်ဖြစ်တာ အတော်ကြာခဲ့ပြီဖြစ်သော်လည်း အားကစားဂျာနယ်များ၏ ကျေးဇူးကြောင့် သူနှင့် လုံးဝ စိမ်းမနေခဲ့ပါ။ သို့သော် ဂျာနယ်ထဲမှ အပေါင်းအနုတ်ဆိုင်ရာ သင်္ကေတများကိုမူ သူနားမလည်နိုင်ခဲ့ပါ။ တကယ်တော့ ဂျာနယ်ဖတ်ခြင်းသည် သူ့အတွက် ခရီးသည်စောင့်ရင်း အပျင်းဖြေခြင်းတစ်မျိုးသာဖြစ်သည်။ လက်ဖက်ရည်ဆိုင်ထဲမှာ ပရီးမီးယားလိဂ် ဘောလုံးပွဲ ကြည့်နေရင်း သူ့ထံ၌ ပျောက်ဆုံးခြောက်ခန်းနေခဲ့သည့် နိုးကြား လန်းဆန်းတက်ကြွမှုများ အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာရသည်။

"ဟာ . . . ကွာ . . . တောက်"

အားမလို အားမရဖြစ်စွာ တောက်ခေါက်သံများကြောင့် သာဖေ၏ အကြည့်က တီဗွီစကရင်ပေါ်သို့ ပြန်ရောက်သွားသည်။ ရီပလေ ပြန်လည်ပြသသည့် ပြကွက်ထဲတွင် အပြာရောင်ဝတ်စုံများ ဝတ်ဆင်ထားကြသည့် ချယ်လ်ဆီးအသင်းသားများ လိုက်ဖျက်နေသည့်ကြားက တောင်ပံမှနေ ပေးပို့လိုက်သည့် ဘောလုံးကို အနက်ရောင် ဝတ်စုံဝတ်ဆင်ထားသည့် ဝက်ဘရွန်းတိုက်စစ်မှူး ရန့်ဒန်က အပြင်းကန်သွားလိုက်သည်ကို မြင်လိုက်ရသဖြင့် သာဖေ ရင်ထိတ်သွားသည်။ သို့သော် ဘောလုံးသည် ဂိုးဘားပေါ်မှ အတော်ကျော်သွားသဖြင့် သက်သာရာရသွားသည်။ ပွဲစပြီးလို့ ဆယ်မိနစ်ကျော်ကြာလာသည်အထိ ဝက်ဘရွန်းကချည်း ဂိုးပေါက်ခြိမ်းခြောက်နေသဖြင့် "ချယ်လ်ဆီးအသင်းက ဂိုးပြတ်နဲ့ကိုနိုင်မှာ" ဟူသော ကိုလှဦးမောင်၏စကားကို "ဟုတ်မှဟုတ်ပါ့မလား" ဟု ပထမဆုံးအကြိမ် သူ သံသယဝင်လာမိသည်။

❑

၃။

အကယ်၍ ထွက်ပေါက်မရှိသော မျှော်လင့်ချက်နည်းသည့်ဘဝမျိုးမှာ နေထိုင်ရလျှင် ဘာလုပ်မည်နည်း။ ထိုမေးခွန်းသည် သာဖေ၏ လက်ရှိဘဝအခြေအနေကို ဖော်ညွှန်းပြနေခဲ့ပြီး သာဖေကောင်းစွာ မဖြေနိုင်သေးသော မေးခွန်း ဖြစ်သည်။ ရွှေဈေး တစ်ကျပ်သား ရှစ်သိန်းကျော် ဖြစ်သွားခဲ့သည့်အတွက် ဘယ်တုန်းကမှ စိတ်မညစ်ခဲ့သော သူ၏ ဇနီးသည်သည် ဆန်တစ်ပြည် နှစ်ထောင်ခန့် ဖြစ်သွားခဲ့သည့်အချိန်မှာတော့ စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဇနီးဖြစ်သူ၏ ညည်းတွားသံများသည် သူ့အတွက် မြင်းတစ်ကောင်ကို ဒုန်းစိုင်းပြေးအောင် အချက်ပေးလိုက်သည့် ကြိမ်တို့သံဖြစ်နေခဲ့သည်။ ဘဝအတွက် လှုပ်ရှားရုန်းကန်နေရသည့်အတွက် တစ်ခါတစ်ခါ သူ ခြေကုန်လက်ပန်းပင် ကျချင်သလိုလို ဖြစ်မိသည်။ တစ်ခုခုဆို ပူပင်သောကရောက်နေရသည့် ဘဝမျိုးမှ ရုန်းထွက်ချင်သည့်ဆန္ဒတွေ တလူလူထိုးထွက်နေသည်။ အနည်းဆုံး တစ်ရက်လောက်ဖြစ်ဖြစ်၊ ဒါမှမဟုတ် တစ်လလောက်ဖြစ်ဖြစ် ငြီးငွေ့စိတ်ပျက်ဖွယ်ရာ ဘဝမျိုးကြီးမှ လွတ်မြောက်ချင်မိသည်။

❑

၄။

သာဖေ ဘောလုံးပွဲကို ဆက်ကြည့်သည်။ ချယ်လ်ဆီးအသင်းက တိုက်စစ်ဆင်နေသည့်အတွက် မျက်တောင် မခတ်နိုင်အောင်ဖြစ်နေမိသည်။ ကြည့်ရင်း ဘောလုံးက ချယ်လ်ဆီးအသင်း၏ အားထားရသည့် တောင်ပံတိုက် စစ်ကစားသမား ဟာဇက်ခြေ ထောက်ထဲသို့ ရောက်သွားခဲ့သည်။ ဟာဇက်က ဝက်ဘရှန်းအသင်း နောက်ခံလူများ လိုက်ဖျက်နေသည့်ကြားမှ ဝက်ဘရှန်းအသင်း၏ ဂိုးဧရိယာထဲသို့ ဆွဲဝင်လာသည်။ သာဖေ စိတ်လှုပ်ရှားသထက် လှုပ်ရှားလာရသည်။ ဟာဇက်က သူ့ကို လူကပ်ထားသဖြင့် ကန်ခွင့်မသာသောကြောင့် တိုက်စစ်မှူး ကော်စတာဆီသို့ ဘောလုံးကို ပေးပို့လိုက်သော်လည်း ဝက်ဘရှန်းနောက်ခံလူက လျှင်မြန်စွာ ဖျက်ထုတ်သွားသဖြင့် စိတ်ပျက်သွားမိသည်။

ပွဲကစားချိန်ကြာလာသည်နှင့်အမျှ ချယ်လ်ဆီးအသင်း၏ ခြေထောက်မှာသာ ဘောလုံးက ရှိနေခဲ့သည်။ သို့သော် ဝက်ဘရှန်းအသင်း၏ စနစ်တကျ ခုခံဖျက်ထုတ်မှုများကို မကျော်နိုင်ဘဲ ဖြစ်နေခဲ့ရသည်မို့ သာဖေ အားမလို အားမရ ဖြစ်နေခဲ့ရသည်။ တစ်ခါကလည်း ဟာဇက် ဖန်တီးပေးပို့လိုက်သည့်ဘောလုံး ကောင်းသော်လည်း အနည်းငယ်များသွားသည့်အတွက် တိုက်စစ်မှူး ကော်စတာ ကန်မသွင်းနိုင်မီ ဝက်ဘရှန်း ဂိုးသမား ဖော်စတာ ဖမ်းမိသွားခဲ့သည်။ ချယ်လ်ဆီးအသင်းက နိုင်ပွဲဆက်ရန်အတွက် အသည်းအသန် ကြိုးစားတိုက်စစ်ဆင်နေခဲ့သလို ဝက်ဘရှန်းအသင်းက ဂိုးမပေးရစေရန်အတွက် စနစ်တကျ ခုခံကစားနေသဖြင့် ပွဲက အကြိတ်အနယ်ဖြစ်နေခဲ့သည်။ ကြည့်နေဆဲမှာ ဝက်ဘရှန်း ကစားသမားက အဝေးမှ အပြင်းကန်သွင်းလိုက်သဖြင့် ရင်ထိတ်သွားရသည်။ သို့သော် ကန်ချက်က ဂိုးပေါက်လွဲသွားခဲ့သည်။ တစ်မိနစ်အတွင်းမှာပင် ချယ်လ်ဆီးအသင်း တိုက်စစ်မှူး ကော်စတာ ခြေချိတ်ခံရသဖြင့် ပြစ်ဒဏ်ဘော ကန်ခွင့်ရသည်။ ပြစ်ဒဏ်ဘောကို ချယ်လ်ဆီး နောက်ခံလူ လူးဝစ် အပြင်း ကန်သွင်းယူသော်လည်း ဝက်ဘရှန်း ဂိုးသမား ဖော်စတာ ဖမ်းမိသွားခဲ့ပြန်သည်။

သာဖေနှင့် တစ်ဆိုင်လုံးရှိ ပရိသတ်များ ဘောလုံးပွဲကို အာရုံရောက်နေကြသည်။ တစ်ခါတစ်ရံ ဂိုးသွင်းရန် ကြိုးစားလိုက်ပြီး ဂိုးပေါက် လွဲချော်သွားသည့်အခါတိုင်း 'ဟာ'ခနဲအသံ၊ 'တောက်'ခေါက်သံများက ဆိုင်အပြင်ဘက်သို့ပင် လွင့်စဉ် ရောက်ရှိသွားတတ်သည်။ ဘောလုံးပွဲကြည့်နေရင်း အာခြောက်လာသဖြင့် လက်ဖက်ရည်ခွက်ကို လှမ်းယူလိုက်ရာ လက်ဖက်ရည် မကျန်တော့သဖြင့် ရေနွေးအိုးထဲမှ ရေနွေးကို ငှဲ့ထည့်ပြီး မော့သောက်လိုက်သည်။ သူ့ကို စောင့်မျှော်နေကြမည့် ဇနီးသည်နှင့် ကလေးနှစ်ယောက်ကို သာဖေ သတိရသွားသည်။ သို့သော် ယခုအချိန်မှ ထ,ပြန်လို့ မဖြစ်တော့။ ဘောလုံးပွဲပြီးအောင် ကြည့်ရပေတော့မည်။

❑

၅။

ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးတွေလို နန်းတော်တမျှ ခမ်းနားလှသည့် အိမ်ကြီးထဲမှာ နေခွင့်မရသည့်အတွက် ဘယ်တုန်းကမှ စိတ်မပျက်ခဲ့ဖူးပါ။ မြန်မာနိုင်ငံမှ အချမ်းသာဆုံး ခရိုနီသူဌေးကြီးများလို သိန်း သောင်းနှင့်ချီ၊ သိန်းနှင့်ချီ မချမ်းသာသည့်အတွက်လည်း ကံကြမ္မာကို အပြစ်မတင်ခဲ့ဖူးပါ။ သို့သော် သားနှင့်သမီး၏ လိုချင်တပ်မက်ပူဆာမှုများကို မဖြည့်ဆည်းပေးနိုင်သည့် အခါမျိုးမှာတော့၊ ဇနီးဖြစ်သူထံ တစ်နေ့တာ အသုံးစရိတ်အတွက် လုံလောက်စွာ မပေးအပ်နိုင်သည့်အခါမျိုးမှာတော့ သူ့ဘဝကို သူစိတ်ပျက်မိသည်။ တစ်နေ့လုံး ခြေသလုံးတောင့်အောင် ဆိုက်ကားနင်းပြီး ရှာထားရသည့် ဝင်ငွေက သူတို့မိသားစု၏ တစ်နေ့တာ အသုံးစရိတ်နှင့် ဆိုက်ကားအံ့နှာခအတွက် ကာမိရုံမျှသာ ဖြစ်နေခဲ့သည်။ ယခင်တုန်းက ဆိုက်ကားများသည် မြို့လေး၏ အဓိကကျသော ဆက်သွယ်ရေးယာဉ်များ ဖြစ်ခဲ့ကြသည်။ ယခုအချိန်မှာတော့ ဆိုင်ကယ်များက အဓိက ပြိုင်ဘက်များအဖြစ် စိန်ခေါ်ကာ ဈေးကွက်လုလာခဲ့ကြသည့်အတွက် ဝင်ငွေများစွာ လျော့ကျသွားခဲ့ရသည်။

ညတိုင်း ခြောက်နာရီခွဲ၊ ခုနစ်နာရီခန့်အထိ သာဖေ ဆိုက်ကားဂိတ်ထိုးထားလေ့ရှိသည်။ သူအိမ်ပြန်ရောက်သည့်အခါမှသာ ဇနီးဖြစ်သူက သူပေးသောငွေဖြင့် ဆန်ဝယ်၊ ဆီဝယ်ကာ ချက်ပြုတ်ရသည်။ သူတို့မိသားစု၏ ညနေစာစားချိန်သည် ညရှစ်နာရီခန့်သို့ အမြဲရောက်လေ့ရှိသည်။ မနေ့တုန်းက သားဖြစ်သူက အပြင်းဖျားနေခဲ့သည့်အတွက် ဆိုက်ကားနင်းရသည်မှာ စိတ်မဖြောင့် ဖြစ်နေခဲ့သည်။ အရင်တုန်းက ဗမာဆေး တစ်ခွက်၊ နှစ်ခွက်လောက် တိုက်လိုက်ရုံနှင့် အဖျားသက်သာသွားတတ်သော်လည်း ယခုမူ အဖျားတာရှည်နေခဲ့သည်။ ဆေးခန်းသွားပြရန်အတွက် သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com

အရေးတကြီး ငွေလိုနေခဲ့သည်။ ညနေစောင်း အိမ်ပြန်ခါနီးအချိန်မှာ နေ့ပြန်တိုးဈေးစားသူထံမှ တောင်းတောင်းပန်ပန်နှင့် ချေးလာခဲ့ရသော ငွေတချို့နှင့် ဆိုက်ကားနင်းခငွေတချို့ သူ့လက်ထဲမှာ ရှိနေခဲ့သည်။ သားဖြစ်သူကို ဆေးခန်းပြပေးရန်အတွက် အိမ်စောစောပြန်မည်ဟု စဉ်းစားထားခဲ့သော်လည်း မိတ်ဆွေနှစ်ယောက်နှင့် ဆုံတွေ့ခဲ့သည့်အခါမှာတော့ ဆုံးဖြတ်ချက်ပြောင်းလဲသွားခဲ့ပြီး လက်ဖက်ရည်ဆိုင်ထဲမှ တီဗွီရှေ့သို့ ရောက်လာခဲ့ရသည်။

❑

၆။

ဘောလုံးက ဝက်ဘရှုန်းအသင်း၏ ခြေထောက်ထဲမှာ ရှိနေခဲ့သည်။ ချယ်လ်ဆီးအသင်း ဂိုးရရန် တိုက်စစ်ဆင် ဖိကစားရာမှ ကောင်တာပေါက်သွားခဲ့သည်။ ကွင်းလယ်မှ ပို့ပေးလိုက်သည့် ဘောလုံးကို ချယ်လ်ဆီးအသင်း နောက်ခံလူ လူဝစ် လိုက်လံဖျက်ထုတ်နေသည့်ကြားမှ ဝက်ဘရှုန်းတိုက်စစ်မှူး ရန်ဒန်၏ ခြေထောက်ထဲသို့ ရောက်ရှိသွားသည်။ ရန်ဒန်က ဘောလုံးကို အရှိန်နှင့် ဆွဲယူသွားခဲ့သည်။ 'ဘုရား ဘုရား'ဟု သာဖေ ယောင်ယမ်းတမိသွားသည်။ ရန်ဒန်က ချယ်လ်ဆီးအသင်း ဂိုးဧရိယာထဲသို့ ဆွဲဝင်လာသည်။ ချယ်လ်ဆီးနောက်ခံလူ အက်ပီကွီတာ လိုက်လံဖျက်ထုတ်သည့်ကြားမှာ ဂိုးသမား၏ ညာဘက်ထောင့်သို့ ကန့်လန့်ဖြတ် မြေလိမ့်ဘော ကန်သွင်းလိုက်ရာ ဂိုးသွားပြီလားဟု ထင်လိုက်မိသည်။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်လုံးမှ 'ဟာ'၊ 'တော်သေးလို့'၊ 'တောက်' ဟူသော အသံစုံများ ထွက်ပေါ်လာခဲ့သလို သာဖေလည်း ဂိုးမသွားတာကို တွေ့လိုက်မှ သက်ပြင်းကို ဟင်းခနဲ ချမိသည်။ တော်သေးသည်။ ချယ်လ်ဆီးဂိုးသမား ကော်တွိုက် လျင်မြန်စွာ လှုံ့အိပ် ပုတ်ထုတ်ကာကွယ်လိုက်သည့်အတွက် ဂိုးညာဘက်မှ ကပ်ထွက်သွားခဲ့သည်။

ဘောလုံးက ဝက်ဘရှုန်းအသင်း ကွင်းဘက်မှာသာ ရောက်နေခဲ့သော်လည်း ချယ်လ်ဆီးအသင်းက ဂိုးမသွင်းယူနိုင်သေးပါ။ သာဖေ စိတ်လှုပ်ရှားသထက် လှုပ်ရှားလာရသည်။ ဝက်ဘရှုန်းအသင်း၏ ဂိုးဧရိယာအပြင်ဘက်မှ ချယ်လ်ဆီးကွင်းလယ်လူ ကန်တေး အပြင်းကန်သွင်းလိုက်သည့် ဘောလုံးသည် ကော်စတာနှင့်ထိကာ လမ်းကြောင်းပြောင်းပြီး ဂိုး၏ ညာဘက်တိုင်နားမှ ကပ်ကာထွက်သွားသဖြင့် သာဖေ 'ဟာ'ခနဲ မချင့်မရဲ ဖြစ်စွာ အော်လိုက်မိသည်။ အချိန်က တဖြည်းဖြည်းကုန်ဆုံးနေသည်။ ပထမပိုင်းပွဲကစားချိန် မိနစ်သုံးဆယ်ကျော်လာခဲ့သည်။ ထိုအချိန်အတွင်းမှာ ချယ်လ်ဆီးအသင်းမှ လူဝစ်၊ ဟာဇက်နှင့် ကော်စတာတို့ ကန်သွင်းခွင့်ရကြသော်လည်း အနည်းငယ်လွဲချော်မှု ရှိနေခဲ့သည့်အတွက် ဂိုးပေါက်နှင့်မတည့်ဘဲ ဖြစ်နေခဲ့သည်။ သာဖေလည်း ဘောလုံးပွဲကိုကြည့်ရင်း ရင်ခုန်သံမြန်သထက်မြန်လာခဲ့သည်။ အထူးသဖြင့် ဖာဘရီဂတ် ဖန်တီးပေးပို့လိုက်သည့် ဘောလုံးမှာ အကောင်းဆုံးအခွင့်အရေး ဖြစ်သော်လည်း ကော်စတာ ခေါင်းခုန်တိုက်တာ စောသွားသဖြင့် အလဟဿ ဖြစ်သွားရသည်ကို မချင့်မရဲ ဖြစ်နေမိသည်။ ထိုဂိုးသာဝင်လျှင်…။ အခုတော့ သာဖေ သက်ပြင်းတွေကိုသာ ဆက်တိုက်ချနေခဲ့ရသည်။

ကြည့်နေစဉ်မှာပဲ ချယ်လ်ဆီးအသင်းမှ ပက်ဒရိုကြမ်းတမ်းစွာ ဖျက်ထုတ်ခံရသဖြင့် ဝက်ဘရှုန်းအသင်း၏ ဂိုးဧရိယာ အပြင်ဘက် အစပ်နားမှ ပြစ်ဒဏ်ဘော ကန်ခွင့်ရသည်။ သာဖေ ရင်တထိတ်ထိတ် ဖြစ်နေမိသည်။ ပထမပိုင်းက ပြီးတော့မည်။ ယခုချိန်ထိ ဂိုးက မရသေး။ ပြစ်ဒဏ်ဘောရတိုင်း ကန်နေကျဖြစ်သည့် ဒေးဗစ်လူဝစ်က ဘောလုံးကို တည်လျက် နောက်သို့ ဆုတ်သွားသည်။ ထို့နောက် ပြေးကန်လိုက်သည့် ဘောလုံးသည် ဝက်ဘရှုန်းဂိုးဘက်သို့ အရှိန်ဖြင့် ပြေးဝင်သွားရာ ဘောလုံးနောက်သို့ မျက်တောင်မခတ်တမ်း လိုက်ကြည့်နေမိသည်။ ဂိုးက ဂိုးတိုင်၏ ညာဘက်မှ ကပ်ထွက်သွားသဖြင့် တစ်ဆိုင်လုံး 'ဟာ'ခနဲ အားမလို အားမရသံတွေ ထွက်ပေါ်သွားသည်။ သာဖေ စိတ်ပျက်လက်ပျက်ဖြင့် ရေနွေးကြမ်းခွက်ကို လှမ်းယူမော့သောက်လိုက်သည်။ နောက်ထပ် ငါးမိနစ်ကျော်ကျော်ခန့် ကြာသောအခါ ပထမပိုင်း ပြီးဆုံးသွားခဲ့သည်။ သာဖေလည်း ရင်ခုန်သံနှင့် သက်ပြင်းများ ရောယှက်နေမှုမှ ခေတ္တ အနားရသွားခဲ့သည်။

❑

၇။

သာဖေ ငယ်ငယ်တုန်းက ဘောလုံးကန်တာ ဝါသနာပါသည်။ ရိုးပြတ်ကွင်းထဲမှာ သူငယ်ချင်းတွေစုပြီး ဘောလုံးကန်ခဲ့ဖူးတာ ပြန်အမှတ်ရမိသည်။ နောက်ပိုင်းမှာတော့ ဘဝပေးအခြေအနေအရ ဘောလုံးနှင့်လည်း ဝေး၊ သူငယ်ချင်းတွေနှင့်လည်း ဝေးခဲ့ရသည်။ ရန်ကုန်မြို့ပေါ်သို့ တက်ကာ သံချည်သံကွေးအလုပ်၊ ပန်းရန်အလုပ်နှင့် ကြုံရာကျပန်း အလုပ်များကို လုပ်ကိုင်ခဲ့ရသည်။ အိမ်ထောင်ကျသွားသည့်အခါမှာတော့ ဘောလုံးဝါသနာကသူ့ကို အပြီးအပိုင် စွန့်ခွာသွားခဲ့သည်။

ညနေဘက် အိမ်ပြန်ခါနီးအချိန်မှာ ကိုလှဦးမောင်နှင့် ကိုမြထွန်းဦးတို့ သူ့ထံ ဆိုက်ကားငှားရန် ရောက်လာခဲ့ကြသည်။ ကိုလှဦးမောင်နှင့် ကိုမြထွန်းဦးတို့က ဘောလုံးပွဲဝါသနာအိုးများ ဖြစ်ကြသည်။ ဘောလုံးပွဲကို ဝါသနာပါရုံသက်သက်မဟုတ်ဘဲ အပတ်တိုင်း ကံစမ်းရင်ခုန်နေကြသူများ ဖြစ်ကြသည်။ ပြီးခဲ့သည့် အပတ်တုန်းက မြိုးမြိုးမြက်မြက်လေး ရလိုက်ကြသည့်အတွက် ယခုအပတ်မှာ ကံစမ်းရန် နှစ်ယောက်သား တက်ကြွနေကြသည်။

ပထမတော့ ကိုလှဦးမောင်နှင့် ကိုမြထွန်းမောင်တို့



www.burmeseclassic.com

www.burmeseclassic.com

သွားချင်သည့် နေရာများသို့ လိုက်ပို့ပေးပြီး အိမ်ပြန်ရန် စိတ်ကူးထားခဲ့သည်။ သားလေးအတွက် သာဖေ စိုးရိမ်သောက ဖြစ်နေခဲ့သည်လေ။ နောက်တော့ ကိုလှဦးမောင်နှင့် ကိုမြထွန်းဦးတို့၏ စကားများကို နားထောင်ရင်း သူ့စိတ်ကူးပြောင်းလဲသွားခဲ့သည်။ အကယ်၍ သူ့လက်ထဲမှာ ရှိနေခဲ့သော ပိုက်ဆံပမာဏသည် ဘိုးဘိုးအောင်တန်ခိုးနှင့် နှစ်ဆတိုးသလို တိုးသွားခဲ့မည်ဆိုပါက သားလေးကို ဆေးခန်းပြရုံသာမကဘဲ အာဟာရဖြစ်အောင် အစားအသောက်ကောင်းကောင်း ဝယ်ကျွေးနိုင်ပေလိမ့်မည်။ သမီးလေးအတွက်လည်း ကျောင်းဝတ်စုံကောင်းကောင်း ချုပ်ပေးနိုင်ပေလိမ့်မည်။ ထိုအတွေး၊ ထိုစိတ်ဆန္ဒများက သာဖေကို အိမ်အပြန်လမ်း ခရီးမှ သွေဖည်စေလျက် လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိလာစေခဲ့သည်။ ဘောလုံးပွဲ လောင်းခြင်းနှင့် ပတ်သက်၍ မကျွမ်းကျင်ပေမဲ့ သူ့ကို နည်းပေးလမ်းပြ လုပ်ပေးနိုင်ကြသည့် ကျွမ်းကျင်သူ မိတ်ဆွေနှစ်ဦးအနားမှာ ရှိနေခဲ့ကြသည်ပဲလေ။

❑

၈။

မကြာခင်မှာ ဘောလုံးပွဲ ဒုတိယပိုင်းပြန်စသည်မို့ သာဖေ အတွေးစ ပြတ်သွားပြီး ဘောလုံးပွဲအပေါ် အာရုံပြန်ရောက်သွားသည်။ ချယ်လ်ဆီးအသင်းက ပိုပြီး ဖိကစားလာပေမဲ့ ဝက်ဘရွန်း အသင်း၏ ခံစစ်ကြောင့် ဂိုးမရနိုင်သေးပေ။ သာဖေ အားမလို အားမရ ဖြစ်နေသည်။ ကိုလှဦးမောင်နှင့် ကိုမြထွန်းဦးတို့ကတော့ ဘောလုံးပွဲကြည့်လိုက်၊ တစ်ချက်တစ်ချက် ဖုန်းကြည့်လိုက် လုပ်နေကြသည်။

ပွဲကစားချိန် ၅၄ မိနစ်ခန့်တွင် ကွင်းလယ်မှ အနေတော် မ,တင်ပေးလိုက်သည့် ဘောလုံးက ဝက်ဘရွန်း ကစားသမားနား ရောက်လာသဖြင့် သာဖေ ရင်တုန်သွားရသည်။ သို့သော် ထိုဘောလုံးကို ချယ်လ်ဆီးဂိုးသမားကော်တွိုက်က ဖမ်းမိသွားသည်။ တဖြည်းဖြည်းနှင့် ပွဲကစားချိန် မိနစ်ခြောက်ဆယ် ကို ရောက်ရှိလာသည်။ ၆၁ မိနစ်တွင် ချယ်လ်ဆီးအသင်းမှ ပြစ်ဒဏ်ဘော ကန်ခွင့်ရသည်။ ထုံးစံအတိုင်း လူဝစ် ကန်သွင်းမည်ဖြစ်သည်။ ပြစ်ဒဏ်ဘော မကန်မီ သာဖေ မျက်စိမှိတ်ကာ ဆုတောင်းမိသည်။ 'ဟာ' ခနဲအသံများ ထွက်ပေါ်လာကြသည့်အချိန်မှ မျက်စိဖွင့်ကြည့်မိသည်။ ဒေးဗစ်လူဝစ်၏ ကန်သွင်းချက်က ကောင်းလှသဖြင့် ဂိုးဝင်ပြီထင်ရသော်လည်း ဂိုးတိုင်၏ ညာဘက်ဘေးမှ ကပ်ထွက်သွားသဖြင့် သာဖေ ရင်ပူသထက် ပူလာမိသည်။ 'ဒီပွဲမှာ ချယ်လ်ဆီးအသင်း ရှုံးလို့ မဖြစ်ဘူး'ဟု စိတ်ထဲမှာ တွေးနေမိသည်။

ပွဲကစားချိန် ၆၉ မိနစ် ရောက်လာသည်။ ချယ်လ်ဆီး ကွင်းလယ်ကစားသမားတစ် အဝေးမှ လှမ်းကန်လိုက်သည့် ဘောလုံးက ဂိုးလွန်ဘော ဖြစ်သွားခဲ့သည်။ ပွဲပြီးခါနီးလေ ချယ်လ်ဆီးအသင်းက ဖိကစားလေ၊ ဝက်ဘရွန်းအသင်းက ပိတ်ဆို့ ခုခံ ကာကွယ် ဖျက်ထုတ်လေဖြစ်သည်။ သာဖေ၏ ရင်ဘတ်တစ်ခုလုံးလည်း ရင်ခုန်သံများဖြင့် တဒိန်းဒိန်း ဆူညံမြည်ဟည်းနေခဲ့သည်။ လက်ဖျားများလည်း အေးစက်နေခဲ့သည်။ ပွဲကစားချိန် မိနစ် ၇၀ ခန့်တွင် ဝက်ဘရွန်းကွင်းလယ်မှ ဖန်တီးပေးလိုက်သည့် ဘောလုံးသည် ဝက်ဘရွန်း ကစားသမားခြေထောက်ထဲသို့ ရောက်ခါနီးနီးဆဲဆဲ ဒေးဗစ်လူဝစ်က ဖျက်ထုတ်သွားသဖြင့် ဂိုးမပေးလိုက်ရပေ။ ပွဲပြီးခါနီးလေ စိတ်လှုပ်ရှားလာရလေ ဖြစ်သည်။ ကြည့်နေတုန်းမှာ ချယ်လ်ဆီးကစားသမား ဝီလျံ ဆွဲယူပြီး ဂိုးဘယ်ဘက်ထောင့်ကို ကန်လိုက်ရာ စိတ်လှုပ်ရှားသွားမိသည်။ သို့သော် ကန်ချက်က များသွားခဲ့သည်။

❑

၉။

'ကိုလှဦးမောင် ချယ်လ်ဆီးအသင်း အခြေအနေ ကောင်းပါ့မလား'

လက်ဖက်ရည်ခွက်ကို စားပွဲခုံပေါ် တင်လိုက်ရင်း သာဖေ တီးခေါက်ကြည့်မိသည်။ ကိုလှဦးမောင်က ဖုန်းကို ကြည့်နေရာမှ သူ့ဘက် လှည့်လာသည်။

'ကောင်းပါတယ်။ ချယ်လ်ဆီးအသင်းက ဖိကစားနေတာပဲလေ'

'ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ တစ်ချက်တစ်ချက် ဝက်ဘရွန်းအသင်းက ထိုးဖောက်လာတာလည်း ကြောက်ဖို့ကောင်းတယ်နော်'

'အို စိတ်မပူစမ်းပါနဲ့။ ချယ်လ်ဆီးအသင်း နိုင်မှာပါ'

'ဒါနဲ့ နေစမ်းပါဦး၊ ကိုလှဦးမောင်တို့က ဖုန်းပဲ ကြည့်နေကြတယ်။ ဘာကြည့်နေကြတာလဲ'

'မောင်းထည့်ထားတဲ့ အသင်းတွေရဲ့ အခြေအနေကို ကြည့်နေကြတာပါ'

ကိုမြထွန်းဦး ရှင်းပြသော်လည်း သူ နားမလည်သည့် စကားလုံး ပါနေသဖြင့် ထိုစကားလုံးကို သာဖေ ပြန်ရွတ်ကြည့်မိသည်။

'မောင်းထည့်တာ'

'ဘောလုံးပွဲ လောင်းနည်းတစ်မျိုးလေကွာ။ ဒါတောင် မသိဘူးလား'

'ကိုသာဖေက တစ်နေကုန် ဆိုက်ကားနင်းနေရတာ။ ကျွန်တော်တို့လို ဘောလုံးပွဲကို အပတ်တိုင်း ရင်ခုန်နေတာမှ မဟုတ်တာပဲ။ ဒီတော့ ဘယ်သိပါ့မလဲ'

ကိုလှဦးမောင်က ကိုမြထွန်းဦးစကားကို ရှင်းလင်းရင်း သူ့ဘက်မှ ဖာထေးပြောပေးသည်။

'ဘောလုံးပွဲအကြောင်း၊ ကစားသမားတွေအကြောင်းတော့ သိသင့်သလောက်သိပါတယ်။ ဒါပေမဲ့ ဘောလုံးပွဲလောင်းတာနဲ့ ပတ်သက်လို့ မကျွမ်းတာ အမှန်ပါပဲ။ အခုတောင် ကိုလှဦးမောင်တို့နဲ့ ဆုံလို့ ပထမဆုံးအကြိမ် လောင်းမိတာပါ'

'အေးပါကွာ၊ ချယ်လ်ဆီးနိုင်မှာပါ စိတ်ပူမနေပါနဲ့'

ကိုလှဦးမောင်နှင့် ကိုမြထွန်းဦးတို့ ဖုန်းတစ်လုံးစီနှင့်



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ရှုပ်နေချိန်မှာ သာဖေ အိမ်ကို သတိရသွားမိသည်။ နာရီကို ကြည့်လိုက်တော့ ကိုးနာရီ ထိုးခါနီးနေပြီလေ။ ဆိုင်အပြင်ဘက်ကို လှမ်းကြည့်မိတော့ အမှောင်ထုက သိပ်သည်းလျက် ရှိနေချေပြီ။ အပြင်ဘက်မှာ ရပ်ထားသည့် သူ့ဆိုက်ကားကို ဝိုးတဝါး လှမ်းမြင်နေရသည်။

ဆိုင်ထဲကို ဝေ့ဝဲကြည့်မိတော့ စကားပြောနေသူ သိပ်မရှိ၊ ဖုန်းကိုယ်စီ ကြည့်နေကြသည်။ "အင်း… ကြည့်ရတာ ဒီဆိုင်ထဲမှာ ဘောလုံးပွဲ ကြည့်နေကြသူတွေ အကုန်လုံး လောင်းထားကြတာလား မသိဘူး" လို့ တွေးမိသည်။ ဒီအချိန်ဆို တစ်နိုင်ငံလုံးက သူတို့လို လူတွေလည်း တီဗွီရှေ့ရောက်ပြီး ဘောလုံးပွဲ ကြည့်နေကြပြီထင်သည်။ မိုင်ထောင်ချီဝေးကွာသောအရပ်မှ ပရီးမီးယားလိဂ်သည် မြန်မာနိုင်ငံသားများ၏ စိတ်နှလုံးကို ဖမ်းစားထားခဲ့သည်။ အရင်တုန်းက ဘောလုံးပွဲကို အချိန်ပေး မကြည့်နိုင်ခဲ့သည့်သူပင် တီဗွီရှေ့သို့ ရောက်ကာ ရင်တဖိုဖိုဖြင့် အားပေးနေခဲ့ရပြီလေ။

❑

၁၀။

တီဗွီစကရင်ထဲမှ ပွဲကစားချိန်မိနစ်များကို သာဖေ မကြာခဏ ကြည့်နေမိသည်။ ပွဲကစားချိန် ၇၄ မိနစ်တွင် ချယ်လ်ဆီးကစားသမား မော့ဆက်အစား ဖာဘရီဂတ် လူစားဝင်လာခဲ့သည်။ ဖာဘရီဂတ်က ဝင်လာပြီး မကြာမီမှာ ကော်စတာအတွက် ဖန်တီးပေးလိုက်သည့် ဘောလုံးက ကွင်းညာဘက်ခြမ်းသို့ မြောက်သော ရောက်ရှိသွားခဲ့သည်။ နိမ့်ကျလာသော ဘောလုံးက ကော်စကာကို အနည်းငယ် ကျော်လွန်လျက် ဝက်ဘရွန်း နောက်ခံကစားသမားနား ရောက်သွားသည်။ ကော်စတာက ဘောလုံးရယူနိုင်ရန် ကြိုးစားသည်။ ဘောလုံးက တစ်ချက်ထောက်ပြီး ဝက်ဘရွန်းနောက်ခံလူ ဖျက်ထုတ်နေသည့်ကြားမှ တွန်းတွန်းတိုက်တိုက် ဘောလုံးရယူရန် ကြိုးစားသည့် ချယ်လ်ဆီးအသင်းတိုက်စစ်မှူး ကော်စတာ၏ ခြေထောက်ထဲသို့ ပါသွားခဲ့သည်။ ကော်စတာက ဘောလုံးကို ဂိုးဧရိယာထဲသို့ အရှိန်ဖြင့် ဆွဲပြေးရာ နောက်မှ ဝက်ဘရွန်း နောက်ခံလူက လိုက်လံ ဖျက်ထုတ်သည်။

ပွဲကစားချိန်က ၇၄ မိနစ်ကျော်ကာ ၇၅ မိနစ်ထဲသို့ ရောက်နေပြီဖြစ်သည်။ ပွဲပြီးရန် ဆယ့်ငါးမိနစ်ကျော်ကျော်သာ လိုတော့သည်မို့ ရင်ဖိုစရာကောင်းလှပါသည်။ ဂိုးဧရိယာထဲသို့ရောက်လာသည့် ကော်စတာ၏ ကန်သွင်းချက်ကို ကာကွယ်ရန် ဝက်ဘရွန်းဂိုးသမားက အနည်းငယ် ရှေ့ထွက်လာသည်။ ကော်စတာက ဂိုးသမား၏ အပေါ်ဘက် ဂိုး၏ ဘယ်ဘက်ထောင့်ထဲသို့ ဘောလုံးကို အရှိန်ဖြင့် ကန်သွင်းလိုက်ပုံမှာ မြန်ဆန်လွန်းလှပါသည်။ ဂိုးနှင့် ပိုက်တို့ ထိတွေ့ လုံးထွေးသွားခဲ့ချိန်မှာတော့ သာဖေ လက်သီးလက်မောင်းတန်းလျက် "ဂိုး" ဟု အကျယ်ကြီး အော်ဟစ်လိုက်မိသည်။ ကော်စတာ၏ ကယ်တင်မှုကြောင့် ရေတိမ်နစ်ရတော့မည့်ဘေးမှ လွတ်ရပေပြီ။

ပွဲပြီးခါနီးနောက်ဆုံး စက္ကန့်အထိ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုကို ရင်တထိတ်ထိတ် စောင့်ကြည့်နေရင်း သာဖေ မောပန်းလာရသည်။ ချယ်လ်ဆီးအသင်း နိုင်နေသော်လည်း အပြည့်အဝမပျော်ရွှင်နိုင်သေးဘဲ စိတ်မအေးနိုင်ဖြစ်နေခဲ့သည်။ စိတ်လှုပ်ရှားနေမှုကြောင့် ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် သောက်နေမိသည်။ လက်ဖက်ရည်ဆိုင်မှ ပရိသတ်များကို ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ၏ လှုပ်ရှားသက်ဝင်နေမှုက ညို့ငင်ဖမ်းစားထားသည်။ အချိန်ကုန်ခဲလှသည်ဟု ထင်မိသည်။ လက်မှ နာရီကိုကြည့်မိတော့ ကိုးနာရီကျော်နေပြီဖြစ်သည်။ ဘောလုံးပွဲကြည့်နေချိန်တစ်လျှောက်လုံး စိတ်လှုပ်ရှားခဲ့ရမှုကြောင့် သာဖေ့စိတ်ထဲ၌ မောပန်းနေခဲ့သည်။ ပွဲပြီးခါနီးလေ စိတ်လှုပ်ရှားစရာကောင်းလာလေလေ ဖြစ်သည်။ ကွင်းလယ်ဒိုင်လူကြီးက ပွဲသိမ်းဝီစီမှုတ်လိုက်သည့်အခါမှာတော့ သာဖေ့တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးသွားခဲ့ပြီး တင်းထားသမျှစိတ်တို့ ပြေလျော့သွားခဲ့ရသည်။ ချယ်လ်ဆီးအသင်း အနိုင်ရသောကြောင့် သာဖေ ပျော်ရွှင်နေမိသည်။ အကြည့်ချင်းဆုံသည့်အခါ ကိုလှဦးမောင်က သူ့ကို ပြုံးပြသည်။ မဖြည့်ပေးနိုင်သည်မှာ ကြာခဲ့ပြီဖြစ်သော သားနှင့်သမီး၏ ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်တော့မည်။ ပျော်ရွှင်စရာ မနက်ဖြန်သည် ကံကောင်းခြင်းများ လက်ဆောင်ပေးရန် သူ့ကိုစောင့်ကြိုနေခဲ့ပြီဟု သာဖေ ကြည်နူးစွာ တွေးလိုက်မိသည်။

❑

၁၁။

ကိုလှဦးမောင်နှင့် ကိုမြထွန်းဦးတို့ကို လိုက်ပို့ပေးပြီးနောက် အိမ်သို့ပြန်လာခဲ့သည်။ မညီမညာ ချိုင့်ခွက်များနှင့် လမ်းပေါ်တွင် သူ့ဆိုက်ကား တစ်စီးသာ ရှိနေခဲ့သည်။ ချယ်လ်ဆီးအသင်း တစ်ဂိုးဂိုးမရှိဖြင့် နိုင်ခဲ့သော်လည်း ကိုလှဦးမောင်နှင့် ကိုမြထွန်းဦးတို့ မပျော်ရွှင်ကြရသည့် အကြောင်းအရင်းကို သိရသည့်အခါ သာဖေ၏ လန်းဆန်းတက်ကြွနေမှုတို့သည် နေရောင်နှင့် ထိတွေ့လိုက်ရသည့် မြူနှင်းငွေ့များလို ပြယ်လွင့်ပျောက်ကွယ်သွားခဲ့ကြသည်။ "ဘောလုံးနိုင်ပေမဲ့ ကြေးရှုံးတယ်" ဟူသော ကိုလှဦးမောင်၏ ရှင်းပြစကားတို့က တက်ကြွနေခဲ့သည့် သူ့စိတ်ဓာတ်ကိုအောက်သို့ ဝုန်းခနဲ ပြုတ်ကျသွားစေခဲ့သည်။ မျှော်လင့်မထားသောစကားက သူ့အတွက် ကမ္ဘာပျက်ခြင်းပင် ဖြစ်သည်။ အဖျားတက်လျက် တဟင်းဟင်းညည်းနေရှာမည့် သားလေးနှင့် နွေပြန်တိုးအကြောင်း တွေးမိလျက် သက်ပြင်းချမိသည်။ ပတ်ဝန်းကျင်တွင် အမှောင်ထုက သိပ်သည်းလျက် ရှိနေခဲ့ပေပြီ။ ဘောလုံးပွဲတစ်ပွဲက သူ့မိသားစု၏ အနာဂတ်ကို ပိုပြီးမှောင်မိုက်အောင် မျှားယူသွားခဲ့ပေသည်။ ■

ဥသြ၊ချယ်ရီမြေ၊



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ(၁၇၃)မှ...

ရော။ သူတို့မိသားစုက ငွေဂုဏ်၊ ရွှေဂုဏ်တွေသာမက ဇာတိပုည ဂုဏ်မာနတွေပါ အလံတင်ထားကြတာ။ မလင်းကြည်လို မိန်းမသားမျိုးကို လူရာသွင်းဖို့တောင် စဉ်းစားထားကြမှာ မဟုတ်ဘူး။ ခုတော့ သူတို့ရဲ့သားတော်မောင် ကိုဂျော်နီက လူရာသွင်းရုံမက မလင်းကြည်ကို ဗိုလ်လုပွဲကြီးတောင် လူပုံအလယ်မှာ ဗုံချီးကျင်းပခဲ့တာကြောင့် တီကို ဆားဖြူးသလို ထွန့်ထွန့်လူးဖြစ်ကုန်တော့တာပေါ့။ အလျှံညီးညီး ဒေါသမီးတောက်လောင်နေတဲ့ ဘိုးတော်ကြီးက 'အိမ်ပြန်လာရင် သေဒဏ်' အမိန့်ချမှတ်ပြီး ကိုဂျော်နီကို ကန်ထုတ်လိုက်ပါတော့တယ်။

ဘယ်သူတွေ ဘာဖြစ်နေနေ မလင်းကြည်ကတော့ သူ့အလုပ်သူလုပ်၊ သူ့ကလေးသူမွေး အေးအေးဆေးဆေးပါပဲ။ ဘိုတက်တို့ရဲ့ မလင်းကြည် စစ်ဆင်ရေးမှာ ဂေါ်စွမ်းကောင်း သုံးယောက်စလုံး မရှုမလှ ကျဆုံးပြီးတဲ့နောက် သူတို့မိဘ ဆွေမျိုးသားချင်းတွေရဲ့ အမြင်ဟာ မလင်းကြည်အပေါ် ပိုပြီး ခါးသီးလာကြသလိုပါပဲ။ ပြဿနာအားလုံးရဲ့ အခြေတည်ရာက မလင်းကြည်ပဲ ဖြစ်နေတာကြောင့် မူလအခြေခံ သံသယအပေါ် သံသယတွေပဲ ထပ်ဖြည့်ကြည့်ကြတဲ့ အမြင်စောင်းမှုတွေလို့ ကျွန်တော်ထင်ပါတယ်။ အဲဒီရက်ပိုင်းအတွင်း အရိုးအရေ ခြံစောင့်အဘိုးကြီး ဆုံးတယ်။ တစ်ဆက်တည်းမှာပဲ အရိုးအရေခြံကိုပါ ဖျက်သိမ်းပြောင်းရွှေ့သွားပါတယ်။ မိုးကာလရောက်ရင် ထ,ကြွတတ်တဲ့ ပုပ်အဲ့အဲ့ အနံ့ဆိုးတွေဒဏ်က ကျွန်တော်တို့ လွတ်မြောက်သွားတာပေါ့။

လင်ယောကျ်ားမရှိဘဲ ကလေးတွေမွေးထုတ်နေတဲ့ မလင်းကြည်ကြောင့် ရပ်ကွက်နာတယ်ထင်ပြီး နှင်ထုတ်ဖို့ရာ အကြောင်းအချက်တွေ ဖန်တီးရှာဖွေနေတဲ့ ဘိုတက်တို့ အုပ်စုဟာ ဂေါ်စွမ်းကောင်း သုံးယောက်ရဲ့ မိဘတွေအပြင် ရပ်ကွက်လူကြီးတွေနဲ့ပါ ပေါင်းစည်းမိသွားတယ်။ သူတို့က မလင်းကြည်ကို ရပ်ကွက်ရုံးဆင့်ခေါ်ပြီး စစ်ကြောရေးလုပ်ကြတယ်။ အမေက အစမွှအနိုင်ကျင့်မှုလို့ ခေါင်းစီးပေးပါတယ်။

'ဒီရပ်ကွက်ထဲကို ကျွန်မရောက်လာတဲ့နေ့ကစပြီး ဥပဒေနဲ့ငြိစွန်းတဲ့ အလုပ်ဘာများလုပ်ခဲ့ပါသလဲ၊ ရပ်ကွက် ဂုဏ်သိက္ခာထိခိုက်အောင်၊ လူအများ အနှောင့်အယှက်ဖြစ်အောင် လုပ်ခဲ့တာရှိရင် တိတိကျကျ ထောက်ပြကြပါ။ တကယ် ဟုတ်မှန်ရင် ဝန်ခံဖို့ အသင့်ရှိပါတယ်'

လူကြီးတွေ တစ်ယောက်မှ မလှုပ်ကြဘူး။

'ကျွန်မက သမ္မာအာဇီဝနဲ့ လုပ်ကိုင်စားသောက်တာပါ။ ရွှေကမ္ဘာစားသောက်ဆိုင်ပိုင်ရှင်က ဒေါ်ခင်ထားရွှေဆီ အချိန်မရွေး စုံစမ်းစစ်ဆေးကြည့်နိုင်ပါတယ်။ ကျွန်မမှာ လင်ယောကျ်ားမရှိဘဲ ကလေးတွေ မွေးနေတဲ့ အပေါ် သံသယ အမြင်တွေရှိကြတာသိပါတယ်။ ဒါက ကျွန်မဘဝ ကံကြမ္မာပါ။ အကြိမ်ကြိမ် ယုံမှားတတ်တဲ့ ကျွန်မရဲ့ ညံ့ဖျင်းမှုကြောင့် ဖြစ်လာသမျှကို သတ္တိရှိရှိ ရင်ဆိုင်ခဲ့ပါတယ်။ ဘာအကာအကွယ်မှ မလုပ်ဘူး၊ ကိုယ်ဝန်ဖျက်မချဘူး။ ကိုယ့်သားသမီးကိုယ် တန်ဖိုးထားစောင့်ရှောက်ပါတယ်။ လင်မရှိဘဲ ကလေးတွေမွေးတာ အပြစ်ရှိတယ်ဆိုရင် ဥပဒေကြောင်းအရ အရေးယူကြပါ။ ကျွန်မဘက်က ရင်ဆိုင်ဖြေရှင်းဖို့ အဆင်သင့်ပါပဲ'

မလင်းကြည်ဟာ ပုံမှန်ဘဝမှာ တည်ငြိမ်အေးဆေးသလောက် ရပ်ကွက်ရုံးထဲမှာတော့ မီးတောက်မီးလျှံတစ်ခုလို လင်းလက်ပြိုးပြက်နေသလိုပါပဲ။ သူ့အပေါ် ဘာစွဲချက်မှ မတင်နိုင်ကြတဲ့ လူကြီးတွေက သူတို့ စုပေါင်းထည့်ဝင်ငွေ ကျပ်သုံးသိန်းတိတိ ယူပြီး ရပ်ကွက်ထဲကနေ ရွှေ့ပြောင်းပေးဖို့ ညှိခဲ့ကြသေးတယ်။ မလင်းကြည်က အေးအေးဆေးဆေးပဲ ငြင်းပယ်သွားပါတယ်။ အဲဒီလိုဖြစ်ခဲ့ကြပြီး ရက်နှစ်ဆယ်လောက် အကြာမှာ မလင်းကြည်တို့ မိသားစုလေး ရုတ်တရက် ပျောက်ကွယ်သွားပါတယ်။ ဘယ်အချိန် ဘယ်နေရာကို ရွှေ့ပြောင်းသွားတယ်ဆိုတာ အနီးဆုံးမှာရှိနေတဲ့ အမေနဲ့ ကျွန်တော်တောင် မသိလိုက်ကြဘူး။ မနက် ရှစ်နာရီလောက်ကျမှ ဟောင်းလောင်းဖြစ်ကျန်ရစ်ခဲ့တဲ့ သူတို့တဲနန်းလေးကို သတိပြုမိကြတာပါ။

ကျွန်တော်တို့ ရပ်ကွက်ထဲ အိပ်မက်တစ်ခုလို ဖြတ်ရုံလေး ဖြတ်သွားတဲ့ မလင်းကြည်ရဲ့ ဘဝအဖြစ်မှန်ကို ဒီနေ့အထိ ဘယ်သူမှ မဖော်ထုတ်နိုင်ခဲ့ဘူး။ ကျွန်တော်တို့ ဆယ်တန်းစာမေးပွဲကြီး ဖြေဆိုပြီး နွေကျောင်းပိတ်ချိန် တစ်ရက်မှာ ဘိုတက်က ကျွန်တော့်ကို စကားအထူးအဆန်းပြောလာတယ်။ ညဦးပိုင်းအချိန်မို့ ယမကာ အရှိန်လေးလည်း ပါနေတာပေါ့။

'မလင်းကြည်နဲ့ ပတ်သက်ပြီး ငါတို့မှားခဲ့တယ်လို့ ထင်တာပဲကွ ကောင်လေးရ။ ကြီးကြီးကျယ်ကျယ်ပြောရရင်ကွာ ငါတို့က ခေါက်ရိုးကျိုးနေတဲ့ အစဉ်အလာ ဓလေ့ထုံးတမ်းတွေနဲ့ အပေါ်ယံရုပ်သဏ္ဍာန်ပိုင်းလောက် ကြည့်ပြီးစဉ်းစားခဲ့ကြတာ။ အတွင်းပိုင်း အနှစ်သားအထိ ကြည့်ပြီး လက်ခံစဉ်းစားတဲ့ အဆင့်ကို ဘာကြောင့် မရောက်ခဲ့ကြတာလဲ။ သူ့ကလေးတွေကို တန်ဖိုးထား စောင့်ရှောက်ပြုစုနေတဲ့ မိခင်တစ်ယောက်ကို ငါတို့က နွေးထွေးတဲ့ နားလည်မှုမပေးဘဲ ဘာကြောင့် နှောင့်ယှက် ဝိုင်းပယ်ခဲ့ကြတာလဲ။ ငါ့ခေါင်းထဲမှာ ဝင်ခဲနေတာ အဲဒီပြဿနာ။ မင်း စဉ်းစားကြည့်စမ်း၊ အဲဒီတုန်းက လူကြီးတွေထဲမှာ နှစ်လုံးသုံးလုံး ဒိုင်ခံပြီး ထောနေတဲ့ ဘောစိနှစ်စိပါတယ်။ အာဏာရှင်တွေနဲ့ပေါင်းရသမျှခွတုတ်ပြီး ဘုရားလူကြီးလုပ်နေတဲ့ ငယုတ်ကြီးလည်း ပါတယ်။ ဟား ဟား၊ သူခိုးသုံးကောင်ကပါ လူလူဝင်ဟစ်ခဲ့ကြတာ ပြဿနာကအဲဒါပဲကွ ကောင်လေးရ၊ မင်းနားလည်ရဲ့လား' တဲ့။ ■

**ဖူးသစ်မော်**



www.burmeseclassic.com

www.burmeseclassic.com



**မုန်တိုင်း (၁)**

မုန်သေတ္တာလေးထဲ ကျောက်စရစ်ခဲလေးတွေ
ပြန့်ကျဲနေသည်။ ရေမှော်ပင်လေးတွေက
တလွှင့်လွှင့် တလှုပ်လှုပ်။ အရောင်လှလှ
ငါးလေးတစ်ကောင် မှန်နံရံ ရေ
အကျဉ်းထောင်ထဲ လူးလာ ကူးခပ်လျက်။
မှန်သေတ္တာ အောက်ခြေမှ ပင့်ထားသော
မီးရောင်ကြောင့် ငါးတစ်ကောင်၏
ဒုက္ခတရားသည် အလှတရားအဖြစ်
လှည့်ဖြားထားလေသည်။
ငါးသတ္တဝါတစ်ကောင်၏
ဒုက္ခတရားကို လူတချို့က
အလှတရားအဖြစ် ခင်းကျင်း
ညည်ခံ၍ လူတချို့က အလှတရားအဖြစ်
စက္ခုအရသာ ခံစားကြသည်။
လူဆိုသည်မှာ ၃၁ ဘုံမှာ
အရက်စက်ဆုံး။
စားပွဲထိုးလေး ရောက်လာသံကြောင့်


# မုန်တိုင်းများ

## မိုးကျော်မြင့်



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၉ မေ ရွှေအမြှုတော ခုံစိုးမဂ္ဂင်း ဘာ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အကြည့်ကို ပြန်မော့လိုက်သည်။ ပုလင်းတချို့၊ ဖန်ခွက်တချို့၊ စားသောက်ဖွယ် တချို့နှင့် ဝတ္တရားကျေ အပြုံးတချို့ကို စားပွဲပေါ် စနစ်ကျစွာ နေရာချလိုက်သည်။ ပုလင်းကို ကျွမ်းကျင်စွာ ဖောက်ပြီး ဖန်ခွက်တွေထဲ လိုက်ဖြည့်သည်။

"ကဲ… ဟော့ကောင်… ငေါင်မနေနဲ့၊ တစ်ခွက်ယူလိုက်"

ကိုကျော်ကြီးက ဖန်ခွက်တစ်ခွက်ကို စားပွဲအလယ်မှာ မြှောက်ကိုင်ထားရင်း ကျွန်တော့်ကို စောင့်နေသည်။ ကျွန်တော်လည်း ဖန်ခွက်တစ်ခွက်ကို ယူပြီး ဖန်ခွက်နှုတ်ခမ်းချင်း ထိခတ်လိုက်၏။ ပါးစပ်မှ ကြွေးကြော်သံတွေ၊ ဆုတောင်းသံတွေ ဘာတစ်ခွန်းမျှ ထွက်မလာ။

"မင်း ငါ့ဆီလာကတည်းက ပြောစရာတွေပါလာတယ်ဆိုတာ ငါသိပြီးသားပါကွ၊ ငါလည်း ဇာတ်လမ်းအကျဉ်းတော့ သိပြီးသားပါ"

သူက ကန်စွန်းရွက်ကြော်တချို့ တူနှင့် ဆွဲညှပ်ရင်း စကားစ,သည်။ ကျွန်တော်က နောက်ထပ်တစ်ငုံ ထပ်သောက်သည်။ "ဟုတ်တယ်"ဟု ပြောလိုက်မိသလား ဆိုသည်ပင် ကိုယ့်ကိုယ်ကို သိပ်မသေချာ။

"မင်း ဟိုအပေါ်မှာ ဘယ်လောက်ကြာသွားတာလဲ"

"နှစ်,နှစ်"ဟု လက်နှစ်ချောင်း ထောင်ပြလိုက်တော့

igowåg wpåumifÅ 'kuÜ@v&m;ukd vI wcsKdU t vSv&m; tjzpf ciful;f{nfhH vI wcsKdU t vSv&m;tjzpf pukR &om cþhr;Muonf

ကိုကျော်ကြီးက ဟက်ခနဲ တစ်ချက်ရယ်၍ တူကို ပန်းကန်ပြားလေးပေါ် တင်လိုက်သည်။ ပြီးတော့ ဆိုဖာနောက်မှီပေါ် ကျကျနန မှီထိုင်၍ ကျွန်တော့်ကို ကြည့်နေသည်။ ကျွန်တော်က ဆိုင်ပေါက်ဝမှ လေးထောင့်ပုံ အနားသတ်ထားသည့် လမ်းမြင်ကွင်းကို ငေးနေလိုက်၏။ ကားတချို့၊ လူတချို့၊ အပြုံးတချို့…။ ပြီးတော့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ဆံပင်ရှည်ရှည်နှင့်လူ။ ဆံပင်ရှည်တွေက အဖြူတွေရော အနက်တွေပါ လုံးထွေးနေကြ၍ ချပ်ခဲကြီးလို ဖြစ်နေသည့်အပြင် ဝတ်စားထားပုံက သူဘယ်လို လူဆိုသည်ကို အလွယ်တကူ သိစေနိုင်၏။

"ကျွန်တော် ပိုပြီး စိတ်မကောင်းဖြစ်ရတာက သူ ကျွန်တော့်ကို လုပ်ရက်လို့ပါဗျာ"

"ဟ ကောင်ရ၊ ကျား ကိုက်ပါတယ်ဆို အပေါက်လေးနဲ့လားလို ဖြစ်နေပြီ။ လုပ်ရက်လို့ပဲ ဒီအဆင့်ရောက်သွားပြီပဲကွာ။ ဒါနဲ့ မင်းကလည်း သူ့ကို ဖုန်းလေးဘာလေးတောင် မဆက်ဘူးဆို"

ကိုကျော်ကြီးက ရှေ့ကို ကိုင်းလာရင်း စားပွဲပေါ် လက်နှစ်ဖက်ယှက်ကာ တင်လိုက်သည်။ ကျွန်တော့်ရယ်သံက ခပ်ဆွေးဆွေး ထွက်လာ၏။ ဖုန်းလေးတောင် မဆက်လို့တဲ့လားလေ။ ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးရန် ကြိုးစားခြင်းလား၊ မိုးကြိုးကို ဆီးကာလိုက်တဲ့ ထန်းရွက် တစ်ရွက်ပဲလား။

"အစက ဆက်ပါတယ်၊ ပုံမှန်ကို ဆက်ဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်း တစ်နှစ်အတွင်းရောက်တော့ မဆက်ဖြစ်တော့ဘူး။ ဒါကလည်း ဗျာ ကွယ်ရာမှာ အပုပ်နံ့ထွက်နေတဲ့ မိန်းမတစ်ယောက်ကို ကျွန်တော်က ဘယ်လို ခင်္ချီတရားကြီးနဲ့ ဖုန်းဆက်ရမှာလဲဗျာ"

ဖန်ခွက်ထဲက လက်ကျန်ကို တစ်ကျိုက်တည်း မော့ချလိုက်သည်။ ကိုကျော်ကြီးက "ရွတ်"ခနဲ အသံပြု၍ နောက်တစ်လုံးထပ်မှာသည်။ ကျွန်တော်က ကိုကျော်ကြီးကို တည့်တည့်ကြည့်ရန် ဝန်လေးနေသောကြောင့် ဆိုင်ဝကို လှမ်းကြည့်နေဖြစ်သည်။ လူတချို့၊ ကားတချို့နှင့် လမ်းလျှောက်နေသော ဆံပင်ရှည် ချပ်ခဲကြီးနှင့်လူ။

ဆိုင်ထဲမှာ လူသိပ်မရှိ။ နေ့လယ်အချိန်မို့ ဖြစ်ပုံရသည်။ ထောင့်တစ်နေရာမှ စားပွဲမှာ စုံတွဲတစ်တွဲ။ ဆိုးဆေးဆံပင်နှင့် ကောင်မလေးက အောဘီစီကိုမှ မက်မက်မောမောတွယ်နေသည်။ ခေတ်အရွေ့လား၊ ယဉ်ကျေးမှု အရွေ့လား။ ပူထူနေသော ခေါင်းထဲ မဆီမဆိုင် မေးခွန်းက အတင်း ဝင်လာပြန်သည်။ ကျွတ်…။ ဘာဖြစ်ဖြစ်၊ ဘယ်သူတွေဖြစ်ဖြစ်။ ခေါင်းကို ခပ်ကြမ်းကြမ်း ခါယမ်းပစ်လိုက်ရသည်။

ကိုကျော်ကြီးက ငါးရှဉ့်ခြောက်စပ်ကို တမြုံ့မြုံ့ဝါးနေသည်။ ဘီယာကို တစ်ငုံမော့လိုက်ရင်း "ကဲ…လုပ်စမ်းပါဦး၊ လုပ်ရက်တဲ့ ဇာတ်လမ်းလေး"ဟု ပြတ်တောက်သွားသော စကားကြိုးစကို ပြန်ဆက်ထုံးပေးသည်။

ကိုကျော်ကြီးက ကျွန်တော်နှင့် ရွယ်တူလည်း မဟုတ်။ ငယ်ပေါင်းလည်း မဟုတ်။ ပထမဆုံး သင်္ဘောပေါ်မှာ ဆုံခဲ့ကြသူတွေ။ ထိုအချိန်က သူလည်း လူသစ်၊ ကျွန်တော်လည်း လူသစ်။ သို့သော် ဖားတွေကြားမှာ နှစ်ယောက်တွဲပြီး ရင်ဆိုင်ခဲ့ကြဖူးသည်။ တစ်ယောက်ကို ထိလျှင် တစ်ယောက်မခံ။ ရန်ကုန်ပြန်ရောက်သောအခါ ကျွန်တော်တို့က အလိုလို မိတ်ရင်း ဆွေရင်းတွေအဖြစ် သွေးစည်းမိသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ ဘာဖြစ်ဖြစ် ကျွန်တော့်ဆီ ရောက်လာတတ်သလို ကျွန်တော့်မှာ ပြဿနာရှိပြီဆိုလျှင်လည်း သူ့ဆီသာ ပြေးလာဖြစ်သည်။ သည်နေ့လည်း သည်လိုပဲဆိုပါတော့။ ယောကျ်ားတိုင်း ကြောက်ရွံ့တတ်ပြီး ယောကျ်ားတိုင်း မကြုံတွေ့တတ်သည့် အဖြစ်ဆိုးက ကျွန်တော့်ဘဝထဲ စောစောစီးစီးပင် ဈေးဦးပေါက် ဝင်လာခဲ့လေပြီပဲ။

'ကျွန်တော်ပို့ထားတဲ့ တစ်ရာ့ငါးဆယ်လည်း သူ့ဆီပါသွားတယ်။ ဒါကပြဿနာမဟုတ်သေးဘူး၊ ရသေးတယ်။ ခုဟာက သူ့နောက်အိမ်ထောင်နဲ့ နေတာက...'

ကျွန်တော် စကားကို ရှေ့ဆက်မရ။ လည်ချောင်းဝမှာ တစ်စုံတစ်ခု ကျပ်ခဲဆို့တစ်သလို ဖြစ်နေသည်။ 'ကျွန်တော်နဲ့ တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်း'ဟုသော စကားက ကျွန်တော့်ရင်ဘတ်ကို ထိရှတိုက်စား၍ ထွက်လာသည်။ ကိုကျော်ကြီးက ဖန်ခွက်ကို ဆောင့်ချလိုက်ရင်း 'သောက်တလွဲဟာမပဲ'ဟု ရေရွတ်သည်။

တကယ်တမ်း သောက်တလွဲဖြစ်ခဲ့သည်မှာ ကျွန်တော်ကိုယ်တိုင်ဖြစ်ကြောင်း ကျွန်တော့်ဘာသာ ဝန်ခံနေမိသည်။ မိသားစုအသိုင်းအဝိုင်း၏ သဘောထားတွေ ခါချ၍ ကိုယ့်ရွေးချယ်မှုနှင့်ကိုယ် သေချာနေခဲ့သည်။ တူနှစ်ကိုယ်တိုင်းပြည်လေးကို တည်ထောင်ခဲ့သည်။ ခုတော့ ကျွန်တော့်ဘာသာ သေချာမှုတွေ၏ သက်တမ်းက တိုတောင်းလှချည့်ရဲ့။ ချစ်သူသက်တမ်း ၅ နှစ်၊ အိမ်ထောင်သက်တမ်း ၂ နှစ်၊ စုစုပေါင်း လက်တွဲချိန် ၇ နှစ်စာ သံယောဇဉ်ကြိုးက ကြွပ်ဆတ်လွန်းလှသည်။

'တော်သေးတာပေါ့ကွာ၊ ကလေးတွေ ဘာတွေ မရလိုက်လို့'ဟု ကိုကျော်ကြီးက ရေရွတ်သည်။ ကျွန်တော်က တိတ်တဆိတ် ထောက်ခံရင်း ဆိုင်ပေါက်ဝကိုသာ ငေးနေမိသည်။ မြင်ကွင်းက သိပ်မပြောင်းလဲ။ နေ့အလင်းရောင်အောက်မှာ လူတချို့၊ ကားတချို့၊ တိုက်ခန်းတချို့ ဆံပင်ရှည်ချပ်ခဲကြီးနှင့် လူတစ်ယောက်။ ဂျင်းဘောင်းဘီရှည်က ခြေချင်းဝတ်အနားတစ်လျှောက် ဖွာလန်ကြဲနေသည်။ အပေါ်မှာ တီရှပ်။ တီရှပ်ပေါ်မှာ ဂျင်းဂျာကင်လိုလို အပေါ်အင်္ကျီ ထူထူဖားဖား တစ်ထည်။ ခြေထောက်မှာ ဖိနပ်မရှိ။

ဆံပင်ရှည် ချပ်ခဲကြီးထဲ အဖြူတွေရော အမည်းတွေပါ ရောနှောရှုပ်ထွေးနေသည်။ သည်ပုံစံအတိုင်း နှစ်ကာလအလျား ဘယ်လောက်အထိ တိုက်စားခံနေရပါလိမ့်။ သူ့အဝတ်အစားတွေ မလဲလှယ်သည်မှာရော။ မျက်နှာ အမူအရာကမူ လှုပ်ရှားမှု သိပ်မရှိ။ ဆိုင်ရှေ့လမ်းထဲ ခေါင်းငိုက်စိုက်ချ၍ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း တစ်ချက်တစ်ချက် ဆိုင်ဘက်လှမ်းကဲကြည့်တတ်သည်။ တစ်ခါတစ်ခါ ကျွန်တော့်မျက်လုံးတွေနှင့် ထိပ်တိုက်တိုးမိတတ်သေး၏။ ထိုအခါတိုင်း အတွေးများနှင့် လေးလံနေသည့် သူ့မျက်လုံးတွေက ကျွန်တော့်ကို လှမ်းတို့ထိနေသလို။

'ဘာငေးနေတာလဲကွ'

ဆိုင်ပေါက်ဝကို ကျောပေးထိုင်နေသည့် ကိုကျော်ကြီးက လည်ပြန်လှည့်ကြည့်သည်။ ပြီးတော့ 'ဩော်'ဟု တစ်ချက်ရေရွတ်ပြီး ဟက်ခနဲ ရယ်ပြန်သည်။ 'ဘာလဲဗျ'ဟု ကျွန်တော်မေးသောအခါ ခေါင်းကို အသာခါပြသည်။ ကျွန်တော့်အတွက် ကိုကျော်ကြီး အမူအရာက မေးခွန်းတွေဖြစ်လာသည်။ သူ သည်လိုရယ်ပုံမျိုး ကျွန်တော်မကြုံဖူး။ ရင်းနှီးလာကြသည့် သည်ကာလအတွင်း သည်လိုရယ်သံမျိုးနောက်မှာ အဓိပ္ပာယ်တွေ လိုက်ပါလာတတ်မှန်း အတွေ့အကြုံတွေက မနည်းတော့။

'ဟ...ဘာလဲဗျ ရယ်ပုံကြီးက၊ အဲဒါ ဘယ်သူမို့တုံး'

ကိုကျော်ကြီးက ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းနေရင်း'တကယ်သိချင်လား'ဟု မေးသည်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ သူက အေးစက်နေပြီဖြစ်သော ကန်စွန်းရွက်ကြော်ကို တူနှင့် ကျွမ်းကျင်စွာ စုစည်းညှပ်ယူပြီး ပါးစပ်ထဲပစ်ထည့်သည်။ ဘီယာတစ်ကျိုက် ထပ်မော့ပြန်သည်။

'သူ့ဇာတ်လမ်းကလည်း လှပ်ရက်တဲ့ ဇာတ်လမ်းလေးကွ'

ကိုကျော်ကြီးက လေအေးကလေးဖြင့် ဆွဲပြောရင်း သမင်လည်ပြန် ဆိုင်ပေါက်ဝဆီ လှမ်းကြည့်ပြန်သည်။ ဆံပင်ရှည်ချပ်ခဲကြီးက လမ်းပေါ်တွင် လမ်းသလားနေဆဲ။ လေးလံနေသည့် မျက်လုံးတွေက ဆိုင်ထဲ ရောက်လာပြန်သည်။

'အခု မင်းမြင်နေရတဲ့ လူဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ကုန်း - ၂ တစ်ယောက်ဆို ယုံပါ့မလား'

'ကုန်း- ၂ ဟုတ်လား'ဟု ကျွန်တော် သံယောင်နင်းလိုက်မိသွားသည်။ Second Mate တစ်ယောက်ကို သည်လိုစိတ်အထားအသိုမျိုးနှင့်၊ သည်လိုအပြင်အဆင်မျိုးနှင့် တွေ့လိုက်ရခြင်းအတွက် သောက်ထားသမျှ ရီဝေဝေဓာတ်တွေပင် ပျက်ပြယ်သွားရ၏။

'သေချာရဲ့လားဗျာ' ဆိုတော့ ကိုကျော်ကြီးက 'ကျွတ်'ခနဲ တစ်ချက်ညည်းသည်။ 'ငါက ဒီရပ်ကွက်ချက်မြုပ်ပါကွ'ဟု ထပ်ဆင့်ဖြည့်ပြောလိုက်သေးသည်။

❑

**မုန်တိုင်း (၂)**

'ငါ သင်္ဘောလိုက်ဖြစ်ခဲ့တာ သူ့ပယောဂလည်း မကင်းဘူးဆိုပါတော့ကွာ'

ကိုကျော်ကြီးက နောက်ကျောဘက်ကို နောက်တစ်ကြိမ် ဖျတ်ခနဲ လှည့်ကြည့်ပြီး ပြောပြသည်။

သူ အထက်တန်း



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားဘဝမှာ သူတို့ရပ်ကွက်ထဲ လူသစ်တချို့ထပ်တိုးလာသည်။ အထပ်မြင့် ကန်ထရိုက်အဆောက်အဦတွေ တွင်ကျယ်လာခြင်းနှင့်အတူ ရပ်ကွက်ထဲမှ လုံးချင်းအိမ်ကလေးတွေ တဖျပ်ဖျပ် ပျောက်ကွယ်သွားသည်။ မူရင်းမိသားစုတချို့က မြို့သစ်တွေဆီ ပြန့်ကျဲလွင့်စဉ်သွားကြ၏။ ထိုအချိန်မှာပင် ကိုပီတာတို့လင်မယား စတင်ရောက်လာကြခြင်းပင်။ လက်ချိုးရေရလောက်အောင် ရှားရှားပါးပါး ကျန်ရစ်ခဲ့သည့် လုံးချင်းတစ်ထပ်တိုက်ကလေးဆီ ပြောင်းလာခဲ့ကြသူများဖြစ်သည်။ တိုက်ရှေ့တွင် ထိုးရပ်ထားတတ်သည့် ကားကလေးက မကြာခဏဆိုသလို တံဆိပ်နှင့် အရောင်ပြောင်းသွားတတ်၏။

ထိုအိမ်ရှေ့မှ ဖြတ်လျှောက်ရတိုင်း မကြာခဏငေးမောဖူးသည်။ ကိုကျော်ကြီး ဖခင်ကလည်း ထိုတိုက်ကို ရည်ညွှန်း၍ စကားတချို့ပြောဖူးသည်။

'အဲဒါ သဘော်ၤသားအိမ်လေကွာ'

'သူ့လစာက ဒေါ်လာနဲ့ရတာကွ'

'ငါတို့မြန်မာငွေနဲ့ဆိုရင်...'

ဖခင်ဖြစ်သူ တွက်ချက်ပြသည့် ကိန်းဂဏန်းတွေကြောင့် ကိုကျော်ကြီး အကြီးအကျယ် အံ့အားသင့်ခဲ့သည်။ သူ့ဖခင် တစ်နှစ်စာဝင်ငွေကို သည်လူက တစ်လတည်းနှင့် ရှာဖွေနိုင်သည်ဆိုတော့...။ ကိုကျော်ကြီးဖခင်သည် သားတစ်ယောက်၏ ဘဝလမ်းကြောင်းကို မသိမသာ နှပ်ကြောင်းပေးခဲ့သည်လား သို့မဟုတ် ကလေးတစ်ယောက်၏ နှလုံးသားကို လောဘဆေးရောင် ဆိုးပေးခဲ့သည်လား။

oVukdi;&if vrf;ay:rS vbm; wpfa, muf tjzpf rjriEdkifwmh yif/, lUurfyif wpfae&mrS oaEt; txyfxyf zkdeonf oabmfyuf wpfjzDSfom waeonf ukefawmf a&m...

'ကိုပီတာကလည်း ရုပ်ရည်အချောကြီး မဟုတ်ပေမဲ့ ဝတ်နိုင်စားနိုင်တော့ စမတ်ကျကျပေါ့ကွာ၊ သူ့မိန်းမကတော့ တော်တော်လှတဲ့ မိန်းမလို့ ပြောရမယ်။ အဲ... အဲဒီတုန်းက ၇ ရက် ၂ လုံးထီတွေ စပြီး သောင်းကျန်းနေတဲ့အချိန်...'

ကိုကျော်ကြီးက ဘီယာတစ်ငုံ ထပ်မော့သည်။ ပြီးတော့ အကင်တစ်ဖတ်ကို တူနှင့်ညှပ်ပြီး ပါးစပ်ထဲ ပစ်ထည့်၏။

ကိုပီတာ သဘော်ၤက နောက်တစ်ခေါက် ပြန်ဆင်းလာသောအခါ သူတို့တိုက်ရှေ့မှ ကားလေးကို မတွေ့ရတော့။ နောက်ထပ်တစ်ခေါက် ပြန်ဆင်းလာသောအခါ အိမ်အထိုင် တယ်လီဖုန်း မရှိတော့။ ထိုအရာတွေအစား ကိန်းဂဏန်းတွေ ရေးသွင်းထားသည့် ဖြတ်ပိုင်းသေးသေးလေးတွေကိုသာ တွေ့ရသည်။

'နောက်တစ်ခေါက် ပြန်လာတော့ အင်း... အဲဒီအခေါက်က ကိုပီတာကြီး သဘော်ၤလိုက်တာ နောက်ဆုံးအခေါက်ပဲ ဆိုပါတော့ကွာ'

ကိုကျော်ကြီးအသံက လေးလံနှေးကွေးသွားသည်။ စားပွဲပေါ်က ပုလင်းတွေနှင့် တန်းစီနေသော ဖန်ခွက်တွေကို စူးစိုက်ငေးကြည့်နေသည်။ ပြီးတော့ စကားတစ်လုံးချင်းကို ခပ်ဖြည်းဖြည်း ဖြတ်ချသည်။

'အဲဒီအခေါက် သူပြန်လာတော့ သူ့မိန်းမကလည်း လေဆိပ်ကို သွားမကြိုဘူးကွ၊ သူလည်း တက္ကစီတစ်စီးနဲ့ သူ့ဘာသာပဲ ပြန်လာတာ။ သူ့တိုက်ကို ရောက်တော့မှ ကိုပီတာ ရင်ကွဲတာပဲကွာ'

'တံခါး သော့ခတ်ထားလို့လား'

ကိုကျော်ကြီးက ခေါင်းကို လေးတွဲ့စွာ ခါယမ်းပြသည်။ မဟုတ်ဘူးတဲ့။

'တံခါးဝကို ထွက်လာတဲ့ အမျိုးသမီးက သူတစ်ခါမှ မမြင်ဖူးတဲ့ အမျိုးသမီး ဖြစ်နေတယ်။ သူတို့ကလည်း ကိုပီတာကို အထူးအဆန်း ကြည့်နေကြတာပေါ့ကွာ။ အဲဒီလူတွေက တံခါးမဖွင့်ဘဲ ကိုပီတာ့ကို စကားတစ်ခွန်းလောက် ပြောလိုက်တာနဲ့...'

ကိုကျော်ကြီးက နောက်ကျောဘက် ဆိုင်ပေါက်ဝကို လှည့်ကြည့်ရင်း 'ခု ငါတို့မြင်နေရတဲ့အတိုင်း ဖြစ်သွားတာပဲ'တဲ့။

'ဟာ... ဟာဗျာ...။ သူ့မိန်းမက...'

ကိုကျော်ကြီးက ကျွန်တော့်ကို အားတုံ့အားနာ စိုက်ကြည့်သည်။ ယဲ့ယဲ့ပြုံးသည်။ ဘယ်နှကြိမ်မြောက်မှန်းမသိစွာ သူ့ခေါင်းကို ခပ်လေးလေး ခါယမ်းပြန်သည်။ ပြီးတော့ ခပ်တိုးတိုးကလေး အသံထွက်လာ၏။

'နှစ်လုံးထီဒိုင်နဲ့ လိုက်ပြေးသွားတာ'တဲ့။

ကျွန်တော့်အကြည့်က ဆိုင်ပေါက်ဝမှာ သံရိုက်လိုက်သလို လှုပ်မရတော့။ လမ်းပေါ်မြင်ကွင်းထဲမှ တခြားအရာတွေကိုလည်း မမြင်နိုင်တော့။ ညစ်ထေးစုတ်ပြတ်နေသော ဆံပင်ရှည်ချပ်ခဲကြီးနှင့် လူကိုပဲ လှမ်းမြင်နေရသည်။ သူကတော့ သူ့အရှိန်အတိုင်း သူ့ပုံစံအတိုင်း ဆိုင်ရှေ့လမ်းပေါ် တရစ်ဝဲဝဲ။ တစ်ချက်တစ်ချက် ဆိုင်ထဲကို ရောက်လာတတ်သည့် မျက်လုံး ငေးငေးကြီးတွေ။ ထိုမျက်လုံး ငေးငေးကြီးတွေက ကျွန်တော့်ကို လှမ်းလှမ်း တို့ထိနေသလို။

ခေတ်သစ်လူသားတစ်ယောက်အတွက် အလိုအပ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည့် ချစ်ခြင်းတရားနှင့် လုံခြုံခြင်းတို့ ခိုးယူခံလိုက်ရသူ။

သူသည် သင်္ဘောအစီးပေါင်းများစွာဖြင့် ကမ္ဘာ့ရေပြင်အနှံ့ ခရီးဆန့်ခဲ့ဖူးသူ ဖြစ်သည်။ သင်္ဘောအစီးပေါင်းများစွာဖြင့် သမုဒ္ဒရာ လှိုင်းလုံးကြီးတွေကိုလည်း ထိုးခွဲဖြတ်ကျော်ဖူးပေလိမ့်မည်။ ထို့အတူ မုန်တိုင်းပေါင်းများစွာကိုလည်း အောင်နိုင်ခဲ့ပေလိမ့်မည်။ သို့သော် ကုန်းမြေပေါ်မှ မိန်းမတစ်ယောက်၏ မုန်တိုင်းထဲ၌ စုံးစုံးမြုပ်ခဲ့ချေပေ၊။ သူ့ကိုငေးရင်း လမ်းပေါ်မှ လူသားတစ်ယောက်အဖြစ် မမြင်နိုင်တော့။ ပင်လယ်ကြမ်းပြင်တစ်နေရာမှ သံချေးအထပ်ထပ်ဖုံးနေသည့် သင်္ဘောပျက်တစ်စီးနှင့်သာ တူနေသည်။

ကျွန်တော်ကရော…။ မုန်တိုင်းထဲမှာပဲလား၊ နစ်မြုပ်သွားခဲ့ပြီလား။

❑

**မုန်တိုင်းဂယက်**

ကျွန်တော်တို့ နိဂုံးချုပ်လိုက်သည့်အခါ ညနေစောင်းလုပြီ။ စားပွဲပေါ် ဖန်ခွက်တွေလည်း တန်းစီနေပြီ။ ခေါင်းထဲမှာလည်း လှိုင်းထန်စပြုနေပြီ။ထ,လိုက်တော့ ကျွန်တော် တစ်ချက်ယိုင်ခနဲ။ ဘီယာမူးသွားတာလား၊ မုန်တိုင်းမိတာလား။

'ဟေ့ကောင်… ဖြစ်ရဲ့လား'

'ရတယ်'

ကျွန်တော် လက်ကာပြ၍ ကိုယ်ကိုသတိထား တည့်မတ်လိုက်သည်။ ခြေလှမ်းတွေကို သတိကြီးကြီးထားပြီး လှမ်းသည်။ ဆိုင်အပြင်မှာ အလင်းလက်ကျန်က အနည်းငယ် တောက်ပနေဆဲ။ ကားတချို့၊ လူတချို့ ပြီးတော့ ဟိုလူ…ကိုပီတာဆိုသောလူ။ ဆံပင်ရှည်ချပ်ခဲကြီးနှင့်လူ။ သင်္ဘောပေါ်မှာ ဆုံတွေ့ကြပါက ကျွန်တော့်ကို အမိန့်တွေပေးနေမည့်သူ။ ခုတော့ မုန်တိုင်းမိပြီး မြုပ်သွားတဲ့ သင်္ဘောပျက်ကြီး။

'မင်း တက္ကစီနဲ့ ပြန်မှ ဖြစ်မယ်'

ကိုကျော်ကြီး၏ အသံက အဝေးက လှမ်းပြောသလို ကြားရသည်။ သူ့လက်တစ်ဖက်က ကျွန်တော့်ပခုံးကို ဖျစ်ညှစ်ကိုင်ထား၏။

ကျွန်တော် ကိုပီတာကြီးကို ကြည့်လိုက်သည်။ သူကလည်း ကျွန်တော့်ကို ပြန်ကြည့်သည်။ သည်တစ်ခါ သူကြည့်ပုံက စက္ကန့်အတော်များများ ကြာသွားသည်။ သည်တစ်ခါ သူ့မျက်လုံးတွေက လေးလံမနေတော့။ ချွန်မြနေသည်။ ပြီးတော့ ဟက်ခနဲ တစ်ချက်ရယ် သံကြားလိုက်ရသည်။ ပြည့်တင်းဆူပွက်နေသော ကျွန်တော့်သွေးကြောတွေ ပေါက်ကွဲထွက်သွား၏။

'သောက်ရူး… မင်း ငါ့ကို ဘာရယ်တာတုံးကွ'

အော်ဟစ်ပြီး သူ့ဆီ ကျွန်တော် ပြေးထွက်သွားသည်။ ကိုကျော်ကြီးလက်က ကျွန်တော့် အင်္ကျီကော်လာကို အမိအရ လှမ်းဆွဲလိုက်သည်။ ကျွန်တော့်ခြေထောက်တွေ ရှေ့တက်ခွင့်မရလိုက်။ သူက နောက်ကို အနည်းအငယ် ဆုတ်သွားပြီး ကျွန်တော့်ကို ပြုံးကြောင်ကြောင် ပြန်ကြည့်နေသည်။ ပါးစပ်ကလည်း အီးအီးအဲ့အဲ့ အသံတချို့ ထွက်လာသည်။ လမ်းသွားလမ်းလာ မျက်လုံးတွေကပါ ကျွန်တော့်ဆီ စုပြုံပြုံကျလာ၏။

'ဟာ ဒီကောင်တော့ ပြဿနာပဲ၊ သူ့ဘာသာသူနေတဲ့ အရူးကို၊ ဟေ့ကောင် လာ၊ အိမ်တန်းပြန်တော့'

ကိုကျော်ကြီးက တက္ကစီ တစ်စီး လှမ်းတားပြီး ကျွန်တော့်ကို ကားထဲ အတင်းထိုးထည့်သည်။ ကားဆရာကို ကျွန်တော့်လိပ်စာပြောပြီး ကားခပါ တစ်ခါတည်း ထုတ်ပေးလိုက်၏။ ကျွန်တော်က လိမ်ညှစ်ထားသော အဝတ်တစ်ထည်လို ကားပေါ် ပါသွားသည်။

အဖြစ်အပျက်ကို တစ်ပိုင်းတစ်စ မြင်လိုက်ဟန်တူသော ကားဆရာက ကျွန်တော့်ကို နားမလည်သလို ကြည့်ရင်း-

'ဘာဖြစ်တာလဲဗျ စောစောက'

ကားရှေ့ လေကာမှန် မြင်ကွင်းတွေက ကျွန်တော့် မျက်လုံးတွေထဲ တရိပ်ရိပ် ပြေးဝင်လာကြ၏။ အတွေးတွေကလည်း တရိပ်ရိပ်။ အတိတ်တွေကလည်း တရိပ်ရိပ်။

'မုန်တိုင်းမိတာပါ'

ကားဆရာက ကျွန်တော့်ကို ဖျတ်ခနဲ ပြန်ကြည့်သည်။ ထို့နောက် ကားအရှိန်ကို အနည်းငယ်ထပ်မြှင့်လိုက်၏။ ကျွန်တော့်အိမ်ကို မြန်နိုင်သမျှ မြန်မြန်ရောက်ရန် အရေးကြီးကြောင်း သူ နားလည်သွားပုံရသည်။ ။ ■

**မိုးကျော်ဇင်**

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း မောင်တင်လှိုင်က
ကိုဇေယျ၏ လက်ဆွဲအိတ်ကို
ယူလိုက်ရင်း
အပြုံးနှင့် နှုတ်ဆက်သည်။
'မင်္ဂလာပါဆရာ'
ကိုဇေယျ ပြန်ပြုံးပြလိုက်ပြီး
ရုံးခန်းအတွင်းသို့ ဦးဆောင်
ဝင်သွားလိုက်သည်။

# ရေချိုတွင်း

ကိုခက်ဇေ

ကိုဇေယျ၏ လက်ဆွဲအိတ်ကို
နေရာထားလိုက်ပြီးနောက်
မောင်တင်လှိုင် အခန်းထောင့်တွင်
ရပ်နေ၏။
ကိုဇေယျ တစ်ခုခုပြောလေမလား
အသင့်စောင့်နေဟန်။
'ရှပြီ မောင်တင်လှိုင်ရေ…
အကူအညီလိုရင်
လှမ်းခေါ်လိုက်မယ်။
ဆယ်နာရီထိုးရင်တော့ ပြန်လာခဲ့။
ကားလည်း အသင့်ပြင်ထားလိုက်။
ရှင်းလင်းဆောင်ကို
ခဏသွားပြီး စစ်ရဦးမယ်'
ခေါင်းငုံ့လျက် ထွက်သွားသော
မောင်တင်လှိုင်ကို တစ်ချက်မျှကြည့်ပြီး
တစ်နေ့တာအတွက်
လုပ်ငန်းများ စတင်လေသည်။
ယမန်နေ့က ခရိုင်ရုံး
အစည်းအဝေး မှတ်တမ်းတွေကို
တစ်ခါပြန်ဖတ်လိုက်ပြီး
တာဝန်ခံအင်ဂျင်နီယာတွေကို
တစ်ဆင့်ပြန်လည်ညွှန်ကြားရန်
ပြင်ဆင်လိုက်သည်။
အသံအနှံ့စက်မှ
ဓုန်နယ်မြေအတွက်
စာရွက်စာတမ်းတချို့က
လက်မှတ်ထိုးရန် စားပွဲပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အပုံလိုက် စောင့်နေကြ၏။ စိတ်မသက်သာသလို ကြည့်လိုက်ပြီး ခေါင်းကို မော့လိုက်သည်။ လက်ရှိ အလုပ်တွေက မျက်နှာကြက်မှာ တဝီဝီ လည်နေသည့် ပန်ကာအလား။ တစ်ပတ်ပြီးတစ်ပတ် အစအဆုံး မထင် လည်နေပုံက ပြီးနိုင်ဖွယ်မမြင်။ နိစ္စဓူဝ စာရွက်ပုံတွေကြားမှာ အချိန်၊ အစည်းအဝေးများ၊ မှတ်တမ်းဟောင်းများ အလုပ်စားပွဲမှာ စုပုံနေသလိုလို။ မူလမြေယာပိုင်ရှင်အချို့၏ မကျေမနပ် ရေရွတ်သံတွေ။ လက်မှတ်ထိုးရမည့် စာရွက်တွေကို တစ်ရွက်ချင်းပြန်ကြည့်သည်။ လက်ထောက်အင်ဂျင်နီယာအသီးသီး လက်မှတ်ထိုးတင်ထားသော်လည်း အချို့က၊ ကလေးကလားနိုင်ကြ၏။ မစိစစ်နိုင်လျှင် ခေါင်းပေါ်ပုံမည့်အရေးပင်။ ဆယ်စောင်ခန့် လက်မှတ်ထိုးတန်ထိုး၊ ပြင်ဆင်ရန် ပြန်ချပေးတန်ချ လုပ်ပြီးချိန်တွင် တံခါးခေါက်သံ လေးချက်က ခပ်ကျဲကျဲပေါ်လာသည်။

‘မောင်တင်လှိုင် ခဏလေး။ ငါးမိနစ်’ ဟု တုံ့ပြန်သံအဆုံး အခန်းတစ်ခုလုံး အသံပြန်တိတ်သွား၏။

တံခါးအပြင်ထွက်လိုက်တော့ စက်နှိုးပြီး တံခါးဖွင့်ထားသောဂျစ်ကားလေးက အသင့်။

‘မောင်တင်လှိုင် ထမင်းချိုင့်ပါရဲ့လား’

‘ပါ၊ပါတယ်ဆရာ။ ဆရာ့ချိုင့်လည်း မှောက်မှာ စိုးလို့ နောက်ခန်းမှာ ကြိုးနဲ့ သိုင်းထားတယ်ဆရာ’

‘ကျေးဇူးပဲ။ ကဲ ရှင်း

]rifwd tJ'gmLumifh rwdwvufbJ ajymvvm vkuD qdwvmr$dvu tjypf&SdIif tjyp&SmyD ajymrSmyJ vGfvGfuLul &Smr&&if cufwvm &Sdvdrfh,f tJ'DawmhS tbm;,tbm; atmfaeeJY tjrif rwnfhwmudk vGfvGf awGU&atmif vkyfwwf&w,f

လင်းဆောင်သာ မောင်းကွာ။ သန်ဘက်ခါ ဒီအီးလာမယ်တဲ့’

မောင်တင်လှိုင်ကတော့ ခပ်မဆိတ်ပင်နေလျက် ကားကို ဂရုတစိုက်မောင်း၏။ လေးဆယ့်ငါးမိနစ်ခန့် အကြာတွင် အသံအနံ့စက်မှုဇုန်ရှင်းလင်းဆောင် လမ်းသို့ ဝင်လာသည်။ မောင်တင်လှိုင်၏ ပခုံးကို ပုတ်လိုက်ရာ ကားလေးက ညင်ညင်သာသာ ရပ်သွား၏။ တံခါးဖွင့်ပြီး ကိုဇေယျ အောက်ကိုဆင်းလိုက်ရင်းမှ-

‘ခဏနေမှ နောက်ကလိုက်ခဲ့ မောင်တင်လှိုင်၊ အခြေအနေကို အရင်ကြည့်လိုက်ဦးမယ်’

သစ်ပင်ခပ်အုပ်အုပ်ကြားမှ အကာကွယ်ယူကာ ရှင်းလင်းဆောင်နှင့် နီးအောင် လျှောက်သွားလိုက်တော့ အတွင်းမှ ပြင်ဆင်ရေးတာဝန်ကျသော ဦးသန်းလင်းနှင့် အဖွဲ့သားများထံက စကားသံအချို့ လွင့်ပျံ့လာ၏။

‘ဆရာသန်း… လူကြီးတွေကလည်း လာပဲ၊ လာနိုင်လွန်းတယ်ဗျာ။ ကိုယ့်အလုပ်ကိုယ် မလုပ်ရဘူး။ ရပ်ကွက်ထဲမှာ မီးပြတ်တော့လည်း ကျွန်တော်တို့အဖွဲ့၊ လိုင်းသစ်ဆွဲလည်း ကျွန်တော်တို့ပဲ။ အခုလို မဆီမဆိုင် သန့်ရှင်းရေးဆိုတော့လည်း ကျွန်တော်တို့။ ဝန်ထမ်းလို မနေရဘူး။ အတိုင်ခံရလည်း ကျွန်တော်တို့ပဲ’ ဟူသော အသံနှင့်အတူ ဦးသန်းလင်း၏ ခပ်ကျိတ်ကျိတ် ဆဲသံပါ ကြားလိုက်ရ၏။

‘မင်းပါးစပ်ပိတ်ထား၊ အခု ဂျာကြီးက အရင်လူတွေလို မဟုတ်ဘူး။ နောက်ကို ရောက်ချင်ရောက်နေမှာ’

‘ဆရာရယ် လာရင် ကားသံ ကြားမှာပေါ့’

‘တော်ပြီ၊ ဘာမှဆက်မပြောနဲ့တော့။ မင်းညာဘက်က ဆိုင်းဘုတ်ကို နည်းနည်းစောင်းထားလိုက်ဦး’

‘တည့်နေတာကို ဆရာသန်းရယ် ဘာလို့များစောင်းခိုင်းနေရတာလဲ’

‘မင်းတို့ အဲဒါကြောင့် မတိုးတက်ဘူးပြောတာ။ လူကြီးဆိုတာမျိုးက အပြစ်မရှိရင် အပြစ်ရှာပြီး ပြောမှာပဲ။ လွယ်လွယ်ကူကူရှာမရရင် ခက်တာရှာလိမ့်မယ်။ အဲဒီတော့မှ အခဘား၊အခဘား အော်မနေနဲ့။ အမြင်မတည့်တာကို လွယ်လွယ်တွေ့အောင် လုပ်တတ်ရတယ် ငှားရဲ့’

‘ဟီးဟီး… စောင်းလိုက်ပြီ ဆရာ၊ ဆရာ့တပည့်ကို သင်ပါ ဆရာရယ်’

အချီအချ စကားပြောသံတွေကြောင့် ဝင်တော့မည့် ခြေလှမ်းကို အသာရုပ်ကာ ကိုဇေယျ ပြုံးနေမိ၏။ ငါးမိနစ်ခန့်ကြာမှ ပြင်ဆင်နေသော ခန်းမအတွင်းသို့ ဝင်လိုက်ရာ ဦးသန်းလင်းတို့အဖွဲ့က ပျာပျာသလဲပင် ကြိုကြ၏။ ထိုင်ခုံအနေအထား၊ အသံချဲ့စက် တပ်ဆင်ထားမှု၊ စသည်တို့ကို လိုက်လံရှင်းပြသည်။

‘ဘာအခက်အခဲ ရှိသေး ကိုသန်းလင်း’

‘ရှင်းလင်းဆောင်နောက်မှာ ရေတွင်းတူးတာတော့ အဆင်မပြေသေးဘူး ဆရာ၊ သဲကြောက ငါးပေလောက်ပဲမိတော့ ရေထွက်အား မကောင်းသေးဘူး။ ထပ်တူးရဦးမယ်။ ထွက်တဲ့ ရေကလည်း ရေဝါဆိုတော့ သုံးရေအတွက်ပဲရမယ် ဆရာ။ သောက်ရေသန့်ကလည်း သယ်ရတာဝေးလို့ အခုဆို သောက်ရေအတွက် ရွာထဲက အုတ်တွင်းလေးမှာ သွားခပ်ရတယ်’

ပွဲအတွက် ရေအခက်အခဲမရှိစေရန် စီစဉ်ခိုင်းလိုက်၏။ နောက်ဆုံးမှ ကိုဇေယျက ရွဲ့နေသော ဆိုင်းဘုတ်ကို ပြန်တည့်ရန် ပြောခဲ့ပြီး ပြန်လာခဲ့၏။ ပြုံးပြုံးကြီးဖြစ်နေမည့်



www.burmeseclassic.com

ဦးသန်းလင်း၏ မျက်နှာကို မြင်ယောင်ရင်း ဒုတိယအကြိမ် အလိုလိုပြုံးနေမိသည်။

ဂျစ်ကားလေးကို မင်္ဂလာဒုံဈေးအနီးက သပြေရိပ်လက်ဖက်ရည်ဆိုင်တွင် ထိုးရန် ပြောလိုက်သည်။ နေ့လယ်စာအတွက် နှစ်ဦးလုံးက ချိုင့်ကိုယ်စီ။ ဆိုင်ကို ဝင်ရုံသာရှိသေး၏၊ ထီလက်မှတ်လာရောင်းသည့် အသက်ခြောက်ဆယ်ကျော်အရွယ် လူကြီးပိုင်းတစ်ယောက်။ မောင်တင်လှိုင်က အိတ်ကပ်ကိုကြည့်လျက် ဝယ်မည်လိုလုပ်ပြီးမှ "နေပါစေတော့ အဘ၊ ထီမထိုးတော့ပါဘူး" ဟု ငြင်းလိုက်သည်။ အခြားသက်ကြီးရွယ်အို သုံးလေးဦးကိုလည်း တွေ့ရသေး၏။ စာအုပ်၊ ထီလက်မှတ်၊ ရွက်ဆုတ်ပြက္ခဒိန် စသည်တို့ကို ပြရင်းစားပွဲဝိုင်းတွေကြားမှာ တလည်လည်။

ထို့နောက် လက်ဖက်ရည်မှာကာ ထမင်းစားရန် ပြင်ကြ၏။ မောင်တင်လှိုင်က ချိုင့်လေးကိုဖွင့်ပြီး မဝ့်မရဲ ဟင်းဦးချသည်။ ကောင်းကောင်းမွန်မွန် ပါပုံမရ။ မုန်ညင်းရွက်နှင့် ကြက်ဥကို ရောကြော်ထားသော ဟင်းတစ်ခွက်သာ။ ကိုဇေယျ ငယ်ဘဝက အိမ်လေးကို သတိရ၏။ ညီအစ်ကိုမောင်နှမတွေက များများ။ အကြော်တစ်ယောက် တစ်ခုစီနှင့်ပြီးခဲ့သော နံနက်စာ။ ကျောင်းကို ထမင်းဘူး မထည့်နိုင်သောကြောင့် နေ့လယ် ရေသောက်ပြီး အိမ်ပြန်ရောက်မှ အမေကြော်သော ကန်စွန်းရွက်နှင့် ငါးပိရည်ကို ခေါင်းမဖော်နိုင်

]ac&©v;
ciffwmh
ygvsuf
em;vsuf
qdkbnfpum;
tvum;
r[ kvfawmh
aemifuk
ta&mv0if
rae&ef
ukb/, s
qjzwfvkduf
onf
tjyefvrf
wpfavmufvkd
pum;rqdkpf

အောင် စားခဲ့ကြသည်။ ကန်စွန်းရွက်မှာ ကြက်ဥလေးများပါလျှင် ထိုနေ့က နတ်သုဒ္ဓါ။ ယခု ချိုင့်ထဲမှာ အမေ့လက်ရာပဲ သနပ်၊ ဗာလချောင်ကြော်၊ ပုစွန်ဆီပြန်။

ပုစွန်ခပ်ကြီးကြီး သုံးကောင်ကို မောင်တင်လှိုင့်ချိုင့်ထဲသို့ ထည့်ပေးလိုက်ရာ ငူးငူးဝါးဝါး အားတုံ့အားနာ ငြင်း၏။ ကိုဇေယျမျက်နှာထားတင်းလိုက်မှ လက်ခံသည်။ ထမင်းစားရင်း မသိမသာ အကဲခတ်တော့ ထည့်ပေးသည့် ပုစွန်ဟင်းကို မထိ။ ဖယ်ကာဖယ်ကာဖြင့် ဟင်းအနှစ်လေးများကို ထမင်းနှင့်နယ်လျက် အားပါးတရစားနေ၏။ ပုစွန်ဟင်းနှင့် ထမင်းအနည်းငယ်ချန်ကာ ချိုင့်ကို လက်စသတ်ပြီး ရေနွေးသုံးခွက် ဆင့်သောက်၏။ ထို့နောက် လက်ဖက်ရည်ကို အရသာခံကာ ဖြည်းဖြည်းချင်း သောက်သည်။

ကိုဇေယျက မည်မည်ရရ မစားနိုင်သေး။ ငယ်စဉ်က ဖခင်ဖြစ်သူ အလုပ်မှပြန်လာလျှင် ထမင်းချိုင့်လေးကိုဖွင့်ကာ ထမင်းကျန်၊ ဟင်းကျန်ကို တစ်ယောက်တစ်ဇွန်း စားကြသော မောင်နှမများ၏ ပုံရိပ်က ထင်လာ၏။ ထိုစဉ်က ပန်းရန်လုပ်သားကြီး ဖခင်ကရော ထမင်းကို ဝအောင်စားပြီးမှ မကုန်နိုင်သည်ကို သယ်လာတာ ဟုတ်နိုင်ပါမည်လား။ လုပ်ကျွေးခွင့်မသာခဲ့သောကံကို ယိုးမယ်မဖွဲ့ချင်တော့။ အလုပ်ရသည့် နောက်နှစ်မှာ ဖခင်ဖြစ်သူက မိသားစုကို စိတ်ချလက်ချအပ်နှံရင်း ဘဝတစ်ပါးကို ကူးပြောင်းသွားခဲ့သည်။

နောက်ပိုင်း မောင်တင်လှိုင့်အပေါ် တတ်နိုင်သမျှ ချီးမြှင့်ထောက်ပံ့မှု ပြုခဲ့သည်။ တစ်ခုခုခိုင်းလျှင်လည်း မောင်တင်လှိုင်က လက်သေ၏။ ပြန်လှည့်ကြည့်စရာမလို။ ဆယ်တန်းအထိသာ ပညာသင်ဖူးသော်လည်း ဉာဏ်ရည် ဉာဏ်သွေး မဆိုးလှ။ ရုံး၏ မျက်စိနှင့် နားသဖွယ်လည်း တိုင်ပင်ဖော်ရ၏။ ကိုဇေယျ မကြားနိုင်သည့် နံရံတွေနောက်က အသံများကိုလည်း ပြန်ကြားရ၏။ ရုံးလုပ်ငန်းရော အိမ်မှာပါ နှစ်လအတွင်း လျင်မြန်စွာ အထိုင်ကျမှုမှာ မောင်တင်လှိုင်၏ စွမ်းဆောင်မှုက အခရာကျပေသည်။ ထမင်းစားချိန်ရောက်လျှင်လည်း မောင်တင်လှိုင်ကို ခေါ်ကာ စားဖြစ်သည်။ ညီအစ်ကိုကဲ့သို့ ပေါင်းသင်းဆက်ဆံနိုင်သော်လည်း အမှတ်မထင် ကိစ္စတစ်ခုပေါ်ပေါက်လာသောအခါ တကယ့် ညီအစ်ကိုမဟုတ်ကြောင်း သတိပြုမိစေ၏။

အသံအနှံ့စက်မှုဇုန် ဖွင့်ပွဲကို ပြည်ထောင်စုဝန်ကြီး အဆင့်ပုဂ္ဂိုလ် တက်လာတော့ ကိုဇေယျတို့ အားလုံး လက်ရှုပ်ရ၏။ ကျွေးမွေးဧည့်ခံရေး၊ နေရာထိုင်ခင်း၊ မီဒီယာနှင့် ဆက်သွယ်ရေး စသည့် အရေးပေါင်းစုံ။ မနက် ခြောက်နာရီကတည်းက ရောက်နေသည့် နေရာမှာ မထိုင်နိုင်သေး။ လစ်ဟာမှုမရှိရလေအောင် အပင်ပန်းခံရ၏။ မနက်စာ မစားရသေးသဖြင့် ဧည့်ခံရေးက ကော်ဖီတစ်ခွက်ကို ကသောကမျောမော့ပြီး ဖယ်စက်သလို လှုပ်ရှားရ၏။ ပွဲကို မနက် ၉ နာရီ ကျင်းပရန် သတ်မှတ်ထားသော်လည်း အရေးကြီးပုဂ္ဂိုလ်က နောက်ကျသဖြင့် ဆယ်နာရီနီးပါးမှ စနိုင်သည်။ အစီအစဉ်အချို့ ကျော်ရသည်။ ပွဲပြီးတော့ ၁၂ နာရီထိုးလုပြီ။ လူကြီးတွေအားလုံးပြန်မှ ငှားထားသော ဆိုဖာကြီးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်နိုင်၏။ ဤအချိန်မှ နေ့လယ်စာကို သတိရမိသည်။ မောင်တင်လှိုင်တော့ စောင့်နေလိမ့်မည်။

www.burmeseclassic.com

ထမင်းချိုင့်ရှိရာ ကားလေးဆီ ရောက်သွားချိန်တွင် မောင်တင်လှိုင်က-

"ဆရာက ဧည့်ခံတဲ့ အစားအသောက်တွေကို စားလာပြီထင်လို့ ဆရာ့ချိုင့်လေး ဖွင့်စားလိုက်တယ်" ဟု ပြောပြောဆိုဆို ပြုးပြုးရယ်ရယ် စားသောက်နေသည့်မြင်ကွင်းနှင့် ဆာလောင်နေမှု ပေါင်းစပ်လိုက်သော အခြေအနေကြောင့် ဒေါသက လှစ်ခနဲ ထွက်သွား၏။ သို့သော် လူကြီးလေးဆိုသည့် အတွေးက သတိပေးနေ၏။ အမေ့လက်ရာကလွဲလျှင် အပြင်စာ စားလေ့မရှိသည့် ကိုဇေယျအတွက် အတော်စိတ် အနှောင့်အယှက်ဖြစ်စေ၏။ "ခွေးလေးခင်တော့ ပါးလျက်၊နားလျက်" ဆိုသည့် စကား အလကား မဟုတ်တော့။ နောင်ကို အရောတဝင်မနေရန် ကိုဇေယျ ဆုံးဖြတ်လိုက်သည်။ အပြန်လမ်းတစ်လျှောက်လုံး စကားမဆိုဖြစ်။ နောက်တစ်နေ့ နေ့လယ်စာ စားချိန်ရောက်တော့ မောင်တင်လှိုင် ချိုင့်ကလေးကိုင်ကာ ဝင်လာ၏။

"မောင်တင်လှိုင်ရေ အမေ တရားစခန်းသွားလို့ကွ။ ဒီရက်ပိုင်းတော့ ထမင်းချိုင့် မပါတော့ဘူး။ ကိုယ့်ဘာသာပဲ စားလိုက်တော့။ ကိုယ်လည်း ရုံးရှေ့က ထမင်းဆိုင်မှာပဲ စားတော့မယ်"

"ဟုတ်ကဲ့" ဟု အသံတိမ်တိမ်လေးနှင့် တုံ့ပြန်ကာ ထွက်သွားတာမြင်ရတော့လည်း စိတ်မကောင်းဖြစ်မိပြန်သည်။ "လူနှင့် မှန်လို" ဆက်ဆံရေးအတွက် စောင်းကြိုးတွေ တင်းသည့်အခါ

urmay:wGf
ukafjru
oykdwpfykdm
&S
ueOnf
tykdawG
a&ESf
jynfvsuf
&S
xkd&teuf
a&cdkif
2.5
&mcdkifEIef;om
&Sdonf

လည်း တင်းရပါလိမ့်မည်။ တစ်နေ့ကုန် မောင်တင်လှိုင် မျက်နှာမကောင်း။ ရက်သတ္တပတ်တွေ ကုန်သွား၏။ ယခင်ကတည်းက စကားနည်းကာ လိုအပ်မှ ပြောတတ်သော ကိုဇေယျအတွက် မောင်တင်လှိုင်နှင့် ဆက်ဆံရေးမှာ အထူးဆင်ခြင်ရန်မလို။ တစ်ရက်တော့ တံခါး လေးချက်ခေါက်သံကြောင့် ကိုဇေယျ ခေါင်းထောင်သွား၏။ သုံးနာရီခွဲသာရှိသေးရာ ပြန်ချိန်လည်း မတန်သေး။

"ဝင်ခဲ့ပါ" ဟု ခပ်တိုးတိုး ပြောလိုက်တော့ တံခါးကို အသာလှပ်ပြီး မောင်တင်လှိုင် ရုံးခန်းအတွင်းသို့ ဝင်လာ၏။ ထိုင်ခုံကို လက်ညှိုးထိုးပြသော်လည်း မောင်တင်လှိုင် ဝင်မထိုင်။

"ဆရာ စကားပြောလို့ အချိန်ရလား မသိဘူး" ဟု မေးလာသဖြင့် ခေါင်းညိတ်ပြလိုက်မှ စကားဆက်သည်။

"ဖွင့်ပွဲနေ့ကကိစ္စ တောင်းပန်ချင်လို့ပါ ဆရာ။ ကျွန်တော် ဆရာ့ထမင်းချိုင့်ကို ခွင့်မတောင်းဘဲ ယူစားလိုက်မိတယ် ဆရာ။ ကျွန်တော် မလုပ်သင့်မှန်းတော့ သိပါတယ်ဆရာ။ အဲဒီနေ့က ဗိုက်ဆာလွန်းသွားလို့ပါ။ အလုပ်လာခါနီးမှ ဖေဖေက ကျွန်တော့်ချိုင့်ကို ယူစားလိုက်တယ်ဆရာ။ ကျွန်တော် ထပ်ပြီး ချက်ဖို့ကလည်း အချိန်မရတာနဲ့ ဒီအတိုင်း ထွက်လာမိတယ်။ ပြီးတော့ အဲဒီနေ့က ရှင်းလင်းဆောင်မှာ ဧည့်ခံဖို့ အတွက် ထမင်းဟင်းတွေ အများကြီး မှာထားတာဆိုတော့ ကျွန်တော့်တစ်ယောက်စာတော့ မခဲယဉ်းလောက်ပါဘူးလို့ တွေးမိတာနဲ့ ထမင်းချိုင့် ထပ်ပြီး မစီစဉ်တော့တာပါ။ ဆရာလည်း စားလာလိမ့်မယ်လို့ ထင်မိလို့ ဆရာ့ချိုင့်ကို စားလိုက်မိတယ်။ နောက်ရက် ကိုသန်းလင်း ပြောတော့မှ ဘာမှမစားဘဲ ဆရာပြန်သွားတယ်ဆိုတာ သိရတာပါ။ ဆရာ ဆူချင်လည်းဆူပါ၊ ဆဲချင်လည်း ဆဲပါ၊ မကျေနပ်လို့ ထိုးချင်လည်းထိုးပါဆရာ။ အခုလို ဘာမှမပြောမဆိုနဲ့ ခပ်ရှောင်ရှောင်နေတော့ ကျွန်တော် နေရထိုင်ရတာ ဘယ်လိုမှ စိတ်မချမ်းသာဘူးဆရာ။ ကျွန်တော့်ကို ကြိုက်သလို အပြစ်ပေးပြီးရင်တော့ ခွင့်လွှတ်ပါ ဆရာ"

ပြောရင်ဆိုရင်းပင် မောင်တင်လှိုင် မျက်ရည်များပင် ဝိုင်းလာ၏။

"ဒါနဲ့ စကားမစပ်ဗျာ။ မောင်တင်လှိုင် အဖေက အလုပ်သွားခါနီး ထမင်းချိုင့်ကို ဘာလို့ စားလိုက်တာလဲ"

"ဖေဖေက အသက်ခြောက်ဆယ်ကတည်းက ငယ်မူပြန်နေတာပါ ဆရာရယ်။ ငါးနှစ် ရှိသွားပြီ။ ကျွန်တော် ပြန်လာတိုင်းလည်း ထမင်းချိုင့်ကို သူဖွင့်ပြီး စားနေကျ"

ကိုဇေယျ တစ်ချ သတိရမိသည်။ ကမ္ဘာပေါ်တွင် ကုန်းမြေက သုံးပုံတစ်ပုံသာရှိ၏။ ကျန်သည့်အပိုင်းတွေက ရေနှင့်ပြည့်လျက် ရှိ၏။ ထိုရေအနက် ရေချိုမှာ ၂.၅ ရာခိုင်နှုန်းသာရှိသည်။ ထိုပမာဏအနက် ရေခဲ၆၈.၇ ရာခိုင်နှုန်း၊ မြေပေါ်ရေ ၁.၂ ရာခိုင်နှုန်း၊ မြေအောက်ရေ ၃၀.၁ ရာခိုင်နှုန်းရှိ၏။ ထိုမြေပေါ်ရေ ၁.၂ ရာခိုင်နှုန်းရှိသည့်အနက် တွင်းရေနှင့် ကန်ရေပမာဏမှာ ၂၀.၉ ရာခိုင်နှုန်းသာ ရှိ၏။

မျက်နှာငယ်လေးဖြစ်နေရှာသော မောင်တင်လှိုင်ကို ကိုဇေယျ တွေတွေကြီးကြည့်နေမိ၏။ မနက်ဖြန်တော့ အမေ တရားစခန်းကပြန်လာပါလိမ့်မည်။ နှုတ်က မဖွင့်ဘဲ ဆုတောင်း၏။ ရေချိုတွင်းလေး အေးပါစေ။ အပူအပင်ကင်းပါစေ။ ကောင်းစွာ ရေချို ထွက်ပါစေသတည်း။ ■

**ကိုစက်ဖေ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ



www.burmeseclassic.com

ကျွန်တော်ကား ထာဝရ "မှုစ်ရို" ဖြစ်ချင်သူသာတည်း။
"ဘဝဆိုသည်မှာ ရုန်းကန်လှုပ်ရှားခြင်း" ဟု အဓိပ္ပာယ်ဖွင့်ဆိုမည်ဆိုပါက
ကျွန်တော်တို့ ရှင်သန်ရပ်တည်ခြင်းနှင့် ထိုအဆိုသည် ထပ်တူကျပေလိမ့်မည်။
သို့သော်လည်း အခြားသော သူတကာတို့ထက် ကျွန်တော်တို့ ဘဝကား
ထိုရုန်းကန်ခြင်းက ပိုမိုမှန်ကန်နေပေလိမ့်မည်။ ကျွန်တော်တို့ ရုန်းကန်ခြင်း၏
အစသည် မိခင်ဆီမှ သန္ဓေတည်စကတည်းကပင် ဆိုက မှားအံ့မထင်။
ကျွန်တော် မှတ်မိနေပါသေးသည်။ ကျွန်တော်တို့မိခင်သည် သူ၏

# တစ်ခါကကြားပေးပါ





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပွားအဖြစ် မွေးဖွားလိုက်သည်နှင့် တစ်ပြိုင်နက် ရှင်သန်ဖို့ ကျွန်တော်တို့ ကြိုးစားရပါတော့သည်။

ပထမဆုံး ထိတွေ့ရသည်မှာ သစ်မြစ်အရှုပ်အထွေးဖြစ်၏။ ထိုသစ်မြစ်ကြားမှ ရုန်းထွက်ဖို့အတွက် ကျွန်တော့်မှာ အင်မတန်ကြိုးစားရပါသည်။ ကျွန်တော် စဉ်းစားမိပါသည်။ အဘယ်အတွက်ကြောင့် သည်လောက်ရှုပ်ထွေးလှသော သစ်ပင်ကြားမှာမှ ကျွန်တော်၏ မိခင်တို့ ရှင်သန်ရပ်တည်ခဲ့ကြပါသနည်း။ အမှန်ဆို လွတ်လွတ်လပ်လပ် တစ်နေရာတွင် နေထိုင်ခဲ့ဖို့ သင့်ပါ၏။ ခုတော့ ရှုပ်ထွေးပွေလီလှသော သည်သစ်ပင်အုပ်ကြားတွင် ရှင်သန်ကြီးပြင်းခဲ့ရသည်မှာ အဘယ်မျှ ခက်ခဲပင်ပန်းခဲ့ကြမည်နည်း။ ထိုမေးခွန်းအတွက် အဖြေကား ကျွန်တော့်အတွက် ခေါင်းတစ်ဝင်စာ နေရာလေးရဖို့ ကြိုးစားရခြင်းက သက်သေပြနေပါသည်။

ကျွန်တော် ဆက်လက်ရှင်သန်ကြီးပြင်းချင်ပါသည်။ ဤမျှလောက်သော ဒုက္ခကို အရှုံးပေးကာ ကွယ်ပျောက်မသွားချင်ပါ။ သစ်မြစ်ကြားမှ တစ်နေရာစာရအောင် ရှာဖွေကာ ကမ္ဘာမြေပေါ်မှ အရာများကို မော့ကြည့်ချင်ပါသည်။ နေရောင်၏နွေးမြမှုကို ခံယူချင်ပါသည်။ ဆောင်းနှင်းမြူ၏ ပွေ့ဖက်ခြင်းကို ခံစားချင်ပါသည်။ ငှက်ကျေးတို့၏ သီဆိုကျူးရင့်သံကို လည်း နားထောင်ချင်ပါသည်။ ထိုသို့သော အလှအပများကို

aUsmUafqmif
aUsmUbm;wJh
rnfbnf
rnfyJif
vdkifav
MUrf;wrf;apUmrl
olwdkUukd f
olwdk
&yfvnfaeEkdkifcif,
aMUmi f;h
vdkifavwbdknf
xkd
aUsmUafqmif;Ukd
wdkUcwf;kdMU
onfESh
ysUpf;&Dpjry;if
r[ kvf;vm;

ခံစားဖို့ဆိုသည်မှာ ကမ္ဘာမြေကြီးပေါ်သို့ ရောက်မှဖြစ်ပါမည်။ ထိုအတွေးများဖြင့် အားယူကြိုးစားရင်း သစ်မြစ်ရှုပ်ထွေးမှုကြားမှ ခေါင်းတစ်ဝင်စာ နေရာ ရလာခဲ့ပါတော့သည်။

ကျွန်တော် အနည်းငယ်အားရှိလာပါသည်။ ဤမျှခက်ခဲရှုပ်ထွေးသော သစ်မြစ်ကြားမှ ခေါင်းတစ်ဝင်စာရလာခြင်းမှာ နည်းနည်းနောနော အောင်မြင်ခြင်းမျိုး မဟုတ်ပါ။ သို့သော်လည်း သည်မျှလောက် အောင်မြင်မှုမှာ ယစ်မူးပျော်ရွှင်မနေဖို့ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ထိန်းရပါသေးသည်။ အကယ်၍သာ သည်မျှလောက်သော အောင်မြင်မှုမှာ သာယာပြီး ကိုယ့်အောင်မြင်မှုကို ကိုယ်ပြန်ကြည့်ကာ ပျော်ရွှင်နေပါက ကမ္ဘာမြေကြီးပေါ်သို့ ရောက်လာစရာမရှိတော့၍ ဖြစ်ပါသည်။ ကျွန်တော် သစ်မြစ်ကြားမှ ရုန်းထွက်ခဲ့ပါပြီ။ အခု ကမ္ဘာမြေပြင်ကို ထိုးခွဲကာ ရုန်းထွက်ရပါဦးမည်။

မိုးရေစွတ်စိုနေသော မြေကမ္ဘာသည် အနည်းငယ်ပျော့နေပါသည်။ ထိုသို့သော မြေကြီးကို ထိုးခွဲဖောက်ထွက်ရသည်မှာ သက်သာလွန်းလှပါသည်။ မိခင်သည် အဘယ့်ကြောင့် မိုးရာသီကိုမှ ရွေးချယ်ကာ မွေးဖွားပေးခဲ့ပါသလဲ ဆိုသော မေးခွန်းကိုလည်း နားလည်သဘောပေါက်လာပါသည်။ ဤသည်မှာ မိခင်တို့၏ သားငယ်တို့အပေါ် ထားသော မေတ္တာတရားဖြစ်မည် ထင်ပါသည်။ အကယ်၍သာ ဆောင်းဥတု၊ နွေဥတုတွင် မွေးဖွားပေးခဲ့ပါမူ မာကျောလှသော မြေကမ္ဘာကို ခက်ခဲပင်ပန်းကြီးစွာ ကျွန်တော်တို့ ထိုးထွက်ရပါမည်။ ပင်ပန်းကြီးစွာဖြင့် ထိုးထွက်လာနိုင်ပါသော်လည်း နေရောင်၏ အပူချိန်က ကျွန်တော်တို့၏ နုငယ်ခြင်းများကို ဖျက်ဆီးပေလိမ့်မည်။ သို့ဖြင့် ငယ်ရွယ်ခြင်းမှာ ပျက်စီးသေဆုံးရပေလိမ့်မည်။ မိခင်တို့၏ အတွေ့ အကြုံ၊ အမြော်အမြင်၊ သဘာဝတရားအပေါ် နားလည်ထားခြင်းဖြင့် ကျွန်တော်တို့ကို သူတို့၏ မေတ္တာတရားများအား ပြသကြခြင်း ဖြစ်ကြပေလိမ့်မည်။ ထိုထိုသော မေတ္တာတရားအောက်မှ ကျွန်တော်တို့ ကြီးပြင်းခွင့်ရခဲ့ကြပေ၏။ ကျွန်တော် ကမ္ဘာမြေကြီးပေါ်ကို ခေါင်းပြူထွက်ကြည့်လိုက်ပါတော့သည်။

မှောင်မှောင်မည်းမည်းကြားမှ ရုန်းထွက်ရင်း ကျွန်တော် လင်းထိန်နေသော အလင်းရောင်များကို စတင်မြင်တွေ့ရပါတော့သည်။ ခေါင်းပြူထွက်ရုံမျှနှင့် ထိုမျှလှပနေပါမူ လွတ်လွတ်လပ်လပ် ရပ်တည်ခွင့်ရပါက မည်မျှကောင်းလိုက်ပါမည်နည်း။ ထိုသို့ တွေ့ရဖို့ ကျွန်တော် အလျှင်စလို ရုန်းကန်ကြီးပြင်းချင်ပါသည်။

အလင်းရောင်ဖြင့် ကြည်နူးနေတုန်းမှာပင် လေပြည်နုက ဖြတ်တိုက်သွားပါသေးသည်။ ကြည်နူးမှုကား ပြောမပြတတ်တော့ပါ။ ကျွန်တော် လေပြည်အလာမှာ ကခုန်လိုက်ချင်ပါ၏။ ခေါင်းပြူထွက်စမျှ ဖြစ်သေး၍သာ ငြိမ်နေလိုက်ရခြင်းဖြစ်ပါသည်။ ဟော… ပြောရင်း မိုးရေစက်တို့က ကျွန်တော့်ခေါင်းပေါ်ကို ဖြိုးဖြိုးဖြောက်ဖြောက်ကျဆင်းလာပါတော့သည်။ အေးမြနွေးထွေးသော မေတ္တာရေစင်များအဖြစ် ကျွန်တော် တင်စားလိုက်ချင်ပါသေးသည်။ ခုတော့ ကျွန်တော် မြန်မြန်ဆန်ဆန် ကြီးရင့်ချင်သောဆန္ဒသာ ပြင်းပြနေပါတော့သည်။ သဘာဝတရားကြီးအောက်တွင် ပျော်ပျော်ကြီး ခံစားလိုက်ပေဦးမည်။

ကျွန်တော် ထိုသို့ တွေးပျော်နေတုန်းမှာပင် အသံတစ်သံ ကြားမိပါသည်။

"ဟော့ကောင် သိပ် အလျှင်စလို ထိုးမထွက်နဲ့၊



www.burmeseclassic.com

www.burmeseclassic.com

မင်း ဒုက္ခတွေ့လိမ့်မယ်’

ကျွန်တော်၏ ဘယ်ဘက်နားဆီမှ တစ်ထွာသာသာ အမြင့်ရှိသော ကျွန်တော့်နောင်တော်ဆီမှ အသံဖြစ်ပါသည်။ သူ့စကားကို ကျွန်တော် နားမလည်နိုင်ပါ။ သူသည် ကျွန်တော့်ကို သဘာဝ၏ အလှအပများအား မခံစားစေလိုသော စိတ်စေတနာကြောင့် ထိုသို့ ပြောလေသလား။ မသိပါ။ လောကကို မြင်တွေ့ခံစားစပင်ရှိသေးသော ကျွန်တော့်ကို အဘယ့်အတွက် မနာလိုခြင်းက စတင်နေပါသနည်း။ ကျွန်တော် တွေးမရပါ။ ကျွန်တော် သူ့စကားကို ဂရုမစိုက်နိုင်ပါ။ သူ့လို မြန်မြန်ကြီးပြင်းကာ သူ မြင်တွေ့ခံစားနေရသော သဘာဝအလှအပများမှာ ယစ်မူးလိုက်ချင်ပါသည်။ ငှက်ကျေးတို့၏ အသံက သာယာချိုမြလှပေစွ။

ကျွန်တော် မျက်နှာလွှဲလိုက်ပါသည်။ သူ နောက်ထပ် စကားတစ်ခွန်း ထပ်ပြောပါသည်။

‘မင်း ငါ့စေတနာကို တစ်နေ့ နားလည်လာလိမ့်မယ်၊ သိလာလိမ့်မယ်။ အဲဒီနေ့မှာ မင်းဘဝပျက်သုဉ်းခြင်း ဆိုက်ရောက်ပြီး နောင်တရတဲ့နေ့ပဲ’

ထိုစကားသည်ပင် ကျွန်တော့်ကို ခြိမ်းခြောက်သော စကားအဖြစ် မှတ်ယူလိုက်ပါသည်။ ကျွန်တော် သူ့စကားများကို ဂရုမစိုက်နိုင်ပါ။ မြန်မြန်ကြီးရင့်ချင်နေသော စိတ်စောနေပါတော့သည်။

❑

မနက်ခင်းလေးကား သာယာလှပပါပေ၏။ ကျွန်တော်ကား ခေါင်းတစ်လုံးစာ လွတ်လွတ်လပ်လပ် ဖြစ်သွားခဲ့ပါပြီ။ မြင်ကွင်းများကိုလည်း သဲသဲကွဲကွဲ မြင်တွေ့ရပါပြီ။ ထိုသို့သောအခါ မနက်ခင်းလေးက ပိုမိုလှပပါသည်။ မိုးကား မရွာသေးပါ။ နေခြည်နုသည်ပင် ဖျန်းပက်ထိုးစိုက်ကျဆင်းနေပါသေးသည်။ နွေးမြသောခံစားမှုကို ရပါသည်။ ငှက်ကျေးတို့၏ သံစုံက ချိုမြလှပါသည်။ လေပြည်နုကလည်း တိုက်ခတ်နေရာ ဝါးရုံပင်အုပ်များ၊ သစ်ပင်အုပ်များက နွဲ့နှောင်းညင်သာ က,ခုန်နေကြပါသည်။ ဤသည်မှာပင် ကျွန်တော်၏ ပျော်ရွှင်ခံစားမှုပီတိ ဖြစ်ပါသည်။

လှပသော မနက်ခင်းလေးတွင် သာယာမှုပီတိကို ခံစားနေတုန်း အသံတစ်သံကြားမိပါသည်။ ထိုအသံကား ခြေသံသာဖြစ်ပါသည်။ ကျွန်တော်နှင့် ထိုခြေသံတို့ နီးကပ်လာပါသည်။ ကျွန်တော့်နောင်တော်များကား ကြောက်ဒူးတုန်နေကြပါသည်။ ကျွန်တော် နားမလည်နိုင်ပါ။ ခြေသံကား နီးသထက်နီးလာပါသည်။ နောက်ဆုံးတော့ ခြေသံပိုင်ရှင်ကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရပါတော့သည်။

ကျောတွင် ပလိုင်းလွယ်လျက်၊ လက်တွင် ဓားမတိုကိုကိုင်လျက်၊ ပါးစပ်တွင် ဆေးတံကိုကိုက်လျက် ခြေဗလာနှင့် လူသားတစ်ဦးသာ ဖြစ်ပါသည်။ သူ၏မျက်လုံးများက ဂနာမငြိမ်ပါ။ ဝါးရုံတောကို ဟိုဟိုသည်သည် လျှောက်ကြည့်ပါသည်။ ကျွန်တော့်နောင်တော်များကို တွေ့သွားပါပြီ။ သူ့မျက်လုံးများ အရောင်လက်သွားပါသည်။ ပါးစပ်ကလည်း ‘ဒီနေ့စကတည်းက ကံကောင်းနေပါလား’ဟုလည်း ပြောလိုက်ပါသေးသည်။

သူ၏ ဘယ်ဘက်လက်က နောင်တော်များ၏ ဆံပင်ကို ကိုင်ကာ ညာလက်က ဓားမတိုဖြင့် နောင်တော်များ၏ ခြေရင်းကို ထိုးခုတ်လိုက်ပါတော့သည်။ ထို့နောက် သူ့ကျောမှ ပလိုင်းထဲသို့ ပစ်ထည့်လိုက်ပါသည်။ ပြီးနောက်တွင်တော့ ကျွန်တော့်ကို မြင်သွားပြန်ပါသည်။ သည်တစ်ခါတွင်တော့ ကြောက်ဒူးတုန်ရသူမှာ ကျွန်တော်သာ ဖြစ်ပါသည်။

‘ဟော့ကောင် သိပ်အလျင်စလို ထိုးမထွက်နဲ့ မင်း ဒုက္ခတွေ့လိမ့်မယ်’။ နောင်တော်များ၏ စကားများ နားထဲ ဝင်လာပါသည်။ ထိုစကားကို မနာလိုခြင်းဟု မှတ်ယူခဲ့ဖူး၏။ ခုတော့ စေတနာစကားပါလားဟု မြင်ယောင်လာပါသည်။ ကြားယောင်လာပါသည်။ ကျွန်တော် ကြီးပြင်းချင်ပါသေးသည်။ နုငယ်ခြင်းမှာ ကျွန်တော် မပျက်စီးချင်သေးပါ။ မျက်ရည်ဖြိုင်ဖြိုင်ကျသည်အထိ ကျွန်တော် ငိုမိပါသည်။

လူကြီးကား ကျွန်တော့်ကို အသေအချာ ကြည့်ပါသည်။ ခေါင်းတစ်ချက်ယမ်းလိုက်ပါသည်။ ‘ငယ်သေးတယ်၊ နောက်တစ်ပတ်ကျမှ ခုတ်တော့မယ်’ဟု ပြောကာ အနားမှ ထွက်ခွာသွားပါတော့သည်။ ကျွန်တော် ကံကောင်းသွားပါသည်။ နောက်တစ်ပတ်ထိ ရှင်သန်ခွင့်ရပါတော့မည်။ ထိုတစ်ပတ်အတွင်းတွင် ကျွန်တော် ဘာလုပ်ရပါမည်နည်း။ ခက်သည်မှာ ကျွန်တော် ထွက်ပြေး၍ မရပါ။ မြေကြီးကို အမြစ်တွယ် အိမ်လုပ်၍ ကြီးပြင်းရမည့်သူအတွက် ထွက်ပြေးခြင်းကား အဘယ်မှာ ဖြစ်နိုင်ပါမည်နည်း။

ထွက်ပြေး၍ မရမည့်အတူ ကျွန်တော် မြေကြီးထဲ ပြန်ဝင်ရပါမည်လား။ ထိုအတွေးလည်း အလုပ်မဖြစ်ပါ။ နုရာမှ ရင့်လာသည်သာ ရှိပါသည်။ နုရာမှ ပိုနုသွားခြင်းကား အဘယ်မှာ ရှိပါမည်နည်း။ မဖြစ်နိုင်ပါ။ သည်လိုဆိုလျှင် မြန်မြန်ကြီးရင့်အောင် လုပ်ရပါမည်လား။ ထိုအတွေးသည်လည်း မဖြစ်နိုင်ပါ။ သဘာဝမှာ ပြုပြင်ခြင်းကင်းမဲ့လှပေသည်။ မည်သို့မျှ မတတ်နိုင်ပါ။ ကျွန်တော် လုပ်ရမည်မှာ သဘာဝတရားအတိုင်း နေထိုင်သွားရန်သာရှိပါသည်။ ထိုသဘာဝတရားတွင် တွေ့ကြုံရသော ဘေးဒုက္ခများကိုလည်း ရင်ဆိုင်ရန်သာ ရှိပါတော့သည်။

❑

ကံကြမ္မာဆိုသည်မှာ အတော်ဆန်းကြယ်လှပါသည်။ ကျွန်တော် ကြောက်ရွံ့နေသော လူသားသည် ကျွန်တော့်ဆီသို့ ရောက်လာသောအခါတွင် ကျွန်တော်သည် မျှစ်စို့ရင့်ရင့်မာမာကြီး ဖြစ်သွားခဲ့ပါပြီ။ ထိုလူကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

သူပြောခဲ့သော နောက်တစ်ပတ်ကို မေ့သွားခဲ့ဟန် တူပါသည်။ သို့တည်းမဟုတ် သည့်ထက်အရေးကြီးသော ကိစ္စများရှိနေ၊ လုပ်နေ၍လည်း ဖြစ်နိုင်ပါသည်။ ကျွန်တော်ကား သူအလာနောက်ကျ၍ ပျက်စီးခြင်းမှ လွတ်မြောက်ခဲ့သော်လည်း သူလာသောအချိန်နှင့် တိုက်ဆိုင်ကြကုန်သော ညီတော်များမှာကား သူ့ဓားနှင့် ခုတ်ကာ ပလိုင်းထဲ ထည့်သွားခြင်းဖြင့် ပျက်စီးခဲ့ရပါသည်။ အခုဆို ကျွန်တော်သည် ကောင်းကင်ကို မော့ကြည့်ရင်း နေရောင်၏ နွေးမြမှုများကို ပြည့်ပြည့်ဝဝ ခံစားနေရပါပြီ။

နံနက်ခင်းသည် သာသာယာယာဖြင့် ရောက်ရှိလာခဲ့လေပြီ။ ကောင်းကင်တွင် တိမ်မြူလွှာများ ပြေးလွှားဆော့ကစားနေကြပါသည်။ နေရောင်ခြည်သည် ထိုတိမ်မြူများကြားမှ ထိုးထွက်လာရာ နွေးမြသောသုခကို ခံစားရပါသည်။ ထိုနေရောင်ခြည်ကို ကျွန်တော် ကျေးဇူးတင်ပါသည်။ သို့မဟုတ်ပါက မနေ့က တစ်နေ့လုံး၊ ညတစ်ညလုံး ရွာသွန်းထားသော မိုးရေအောက်တွင်နေရသော ကျွန်တော်သည် ခိုက်ခိုက်တုန်ချမ်းနေပါလိမ့်မည်။ ခုတော့ နွေးမြသော နေရောင်ခြည်က အချမ်းကို ပြေစေပါသည်။

ငှက်ငယ်တို့သည် ပျော်ရွှင်စွာဖြင့် မနက်တေးကို သီကျူးကြပါသည်။ သီကျူး၍သာမက ဟိုမှသည်မှ ခုန်ပျံခိုနား ကခုန်မြူးထူးကြပါသည်။ ကျွန်တော့်ကိုယ်ပေါ်ကို ငှက်ငယ်လေးများ လာ

**ul&awmbnf i, b0uk vGrf&Sdmygonf wrf;wvmygonf rdbDuifcsdm ajrurm&luk iMuf;nh csif;vmygonf xdrf;jyif wpfcgu tjrJcdkifarmh &ifaumbm aernf[ k awGcsdh ajymcsifhomf;vnf tcsdawmh rarmfum; csif;awmbyg Nidat;csrf;ompuG aevdkawmbnf**

နားကြသည်မှာ ပျော်ရွှင်ဖွယ်ဖြစ်ပါသည်။ သူတို့၏ နုသောခြေသည်းများက ယားကျိကျိဖြစ်ပါသည်။ သည်အရွယ် သည်ကာလသည် လောကတွင် ပျော်ရွှင်ဖွယ်အတိ ဖြစ်ပါသည်။

ကျွန်တော် လောကကို ခေါင်းမော့ရင်ကော့ ကြည့်နေချိန်တွင် ကျွန်တော်၏ မိခင်ဖခင်များ၊ ဘိုးဘွားများ၊ နောင်တော်ကြီးများက မြေကမ္ဘာကို ခေါင်းငုံ့ကြည့်နေကြပါသည်။ သူတို့ အဘယ့်အတွက် မြေကမ္ဘာကို ခေါင်းငုံ့ကြည့်နေကြပါသနည်း။ ကျွန်တော် မသိပါ။ သူတို့သည် အသက်အရွယ်ကြီးရင့်လာသောအခါ သူတို့၏ ထမ်းပိုးထားရသော အရွက်အခက်များက လေးလံလှ၍ ထိုသို့ငုံ့ကြည့်နေကြသည်လား။ ကျွန်တော်ကတော့ မိမိထမ်းရမည့် အရွက်အခက်များ လေးလံလာပါက ခါချကြွေကျစေခြင်းဖြင့် ထိုအရာမှ ရှောင်လွှဲလိုက်ပါမည်။ ခေါင်းတော့ မငုံ့နိုင်ပါ။

ကြီးရင့်ခြင်းသည် နုငယ်ခြင်းကဲ့သို့ ကိုယ်ကို မတ်မတ်ရပ်တည်နိုင်မှုစွမ်းရည် လျော့ပါးခဲ့ပါသလား။ ထိုသို့ လျော့ပါးခဲ့ပါမူ ငယ်စဉ်ကတည်းက မတ်မတ်ရပ်တည်နိုင်ဖို့ လေ့ကျင့်ကြိုးစားခဲ့သင့်ပါသည်။ ကျွန်တော်ကတော့ ခါးမညွတ်ဟု ခုကတည်းက ကြိုးစားရပါမည်။ ခေါင်းမငုံ့ချင်၍ ဖြစ်ပါသည်။

သို့တည်းမဟုတ်ပါက ကြီးရင့်လာကြသောအခါ လောကကြီးကို ရင်ဆိုင်ရဲသောသတ္တိများ ကွယ်ပျောက်ခဲ့ကြပါသလား။ လောကကြီးကို ရင်မဆိုင်ရဲ၍ ရှက်ရွံ့ကာ ခေါင်းငိုက်စိုက်ကျပြီး အရှုံးပေးနေကြခြင်းပေလား။ အဘယ့်အတွက် လောကကြီးကို အရှုံးပေးရပါမည်နည်း။ ဘဝဆိုသည်မှာ အရှုံးပေးသူအတွက် သင်္ချိုင်းဖြစ်ပါသည်။ ကျွန်တော်တို့ မွေးကတည်းက ရုန်းကန်ရင်း ကြီးပြင်းခဲ့ရပါသည်။ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ခဲ့ကြပါသည်။ ခုလို နောက်ဆုံးကျမှ ခေါင်းငုံ့အရှုံးပေးခြင်းကား ရှက်ဖွယ်ပင်တကား။ ကျွန်တော်ကား ဘယ်တော့မှ ခေါင်းငုံ့ အရှုံးပေးမည် မဟုတ်ပါ။ ဟောသလို ဟောသလို ခေါင်းမော့ရင်ကော့ပြီး ကောင်းကင်ပြင်ထိ ထိုးထွက်လိုက်ပါဦးမည်။ မည်သို့မျှ ခေါင်းငုံ့ အရှုံးပေးမည် မဟုတ်ပါ။ ဤသည်မှာ ငယ်ရွယ်သော မျှစ်စို့တစ်ချောင်း သိန္နိဋ္ဌာန်ပင် ဖြစ်ပါသည်။

❑

လောကကို အပေါ်စီးမှ ကြည့်ရှုရခြင်းသည် သာယာဖွယ်ဖြစ်ပါပေသည်။ အခုဆို မိုးရေပုလဲတို့သည် တပ်ဆုတ်အိမ်ပြန်သွားခဲ့ကြပေပြီ။ နှင်းငွေဥပုလဲတို့သည် မြူဆိုင်းခြုံကာ ရစ်ဝဲလျက် မြောက်ပြန်လေ အေးမြမှုနှင့်အတူ ဝင်ရောက်လာခဲ့ကြပေပြီ။ ကျွန်တော်သည် ကျွန်တော့်ပတ်ဝန်းကျင်တွင် နေရောင်ခြည်ကိုလည်းကောင်း၊ နှင်းငွေရည်တို့ကို လည်းကောင်း သူတကာထက် အဆောတလျင် ခံစားရသူသာ ဖြစ်ပါသည်။

အဝေးမှ မျှော်ကြည့်မည်ဆိုပါက ဦးညွှတ်ခေါင်းငုံ့နေကြသော ဝါးရုံတောမှ ထိုးထိုးထောင်ထောင် ထွက်ပေါ်နေသော ကျွန်တော့်ကို မြင်တွေ့ရမည် ဖြစ်ပါသည်။ ကျွန်တော်သည် လေတိုးပါက ကိုယ်ကို လှုပ်ယမ်းရုံမျှ အလိုက်သင့် လှုပ်ရှားပြရုံသာ ပြပါသည်။ သူတကာကဲ့သို့ ဘယ်ညာယိမ်းနွဲ့ကာ မလှုပ်ရှားပါ။ ကျွန်တော်ကား မိမိကိုယ်ကို ရပ်တည်နေနိုင်ကြောင်း၊ လေတိုက်တိုင်း မလှုပ်ရှားတတ်ကြောင်း ပြသနေခြင်း ဖြစ်ပါသည်။

ကျောက်ဆောင်ကျောက်သားတို့မည်သည် မည်မျှပင် လှိုင်းလေကြမ်းတမ်းစေကာမူ သူတို့ကိုယ်သူတို့ ရပ်တည်နေနိုင်ခြင်းကြောင့် လှိုင်းလေတို့သည် ထိုကျောက်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ကို တိုက်ခတ်ထိမိကြသည်နှင့် ပျက်စီးရစမြဲပင် မဟုတ်လား။ ထို့အတူပင် ကျွန်တော့်ကို လာရောက်တိုက်ခတ်သော လေတို့သည်လည်း ပျက်စီးရစမြဲပင် ဖြစ်ပါသည်။

သဘာဝတရား၏ ယန္တရားသည် ပုံမှန်လည်ပတ်လျက် ရှိနေပေ၏။ ထိုအခြင်းအရာကို သတိမပြုမိသူမှာ ကျွန်တော်သာ ဖြစ်ပါသည်။ ကျွန်တော်သည် နှင်းငွေ့လေးနှင့် ပျော်ပါးလို့ကောင်းနေတုန်းမှာပင် ပူလောင်အိုက်စပ်ခြင်းက ဝင်ရောက်လာပါတော့ သည်။ ဥသြငှက်သည် အနီးအနား သစ်ပင်ကြီးပေါ်မှ လွမ်းတေးကို ဖွဲ့နွဲ့ဆိုပြလာပါတော့သည်။ သူ၏ တေးသည် လွမ်းမောဖွယ် အတိပြီး၏။ သစ်ရွက်ဝါဝါတို့သည် တဖြုတ်ဖြုတ်ကြွေဆင်းကြ၏။ ဝါးရုံတောမှ ဝါးရွက်များပင် တဖြုတ်ဖြုတ်ကြွေကျကြ၏။ ကျွန်တော့်ကိုယ်ပေါ်မှ နုငယ်ခြင်းများလည်း ကွာကျလာ၏။ ကျွန်တော်သည် ရင့်ရော်လာကြောင်း အသိဝင်လာခဲ့ရပေတော့သည်။

တစ်တောလုံး သစ်ရွက်မဲ့ကာ နောက်ထွက်လာမည့် ရွက်သစ်များအတွက် တာစူလျက်ရှိနေကြပေ၏။ လေရူးတို့သည် ဝေ့ကာဝိုက်ကာ တိုက်ခတ်လာပေ၏။ လေရူးတို့ကား အတော်ဆိုးဝါးလှပေ၏။ ကျွန်တော့်ကိုယ်ကိုပင် မထိန်းနိုင်အောင် လှုပ်ခါယမ်းလျက်ရှိ၏။ အို… အတော်အံ့သြဖွယ်ကောင်းလှပေ၏။

ကျွန်တော်သည် ကြီးရင့်လာခဲ့ပေပြီ။ ထို့အတူ အတွေးတချို့သည်လည်း ဝင်ရောက်လာပါသည်။ ထိုသို့ ကြီးရင့်လာသောအခါ ကျွန်တော်သည် ငယ်ဘဝကို လွမ်းမိလာပါသည်။ တမ်းတလာပါသည်။ မိမိ ကြီးပြင်းခဲ့ရာ မြေကမ္ဘာကို ငုံ့ကြည့်ချင်လာပါသည်။ ထို့အပြင် တစ်ခါက အမြဲခေါင်းမော့ရင်ကော့ကာ နေမည်ဟု တွေးခဲ့ပြောခဲ့သော်လည်း အခုတော့ မမော်ကြွားချင်တော့ပါ။ ငြိမ်းအေးချမ်းသာစွာ နေလိုတော့သည်။ နောက်ပြီးတော့လည်း နောင်လာမည့် မျိုးဆက်များ ဘယ်ပုံဘယ်နည်း ကြီးပြင်းရမည်နည်းဆိုသော မေးခွန်းမျိုးကိုလည်း ဝင်ရောက်လာပါတော့သည်။

ထိုသို့သော အတွေးမျိုး ဝင်ရောက်လာခြင်းအတွက် ကျွန်တော့်ကိုယ်ကျွန်တော် ရှက်မိပါသည်။ ကျွန်တော်ကား ဘယ်တော့မှ ခေါင်းငုံ့ခံမည့်သူ မဟုတ်ပါ။ ခေါင်းမော့ရင်ကော့လျက် ထာဝရမှုစ်စိုဖြစ်ခြင်းဖြင့် မတ်မတ်ရပ်နေမည့်သူသာ ဖြစ်ပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် နေရောင်ကို စူးစူးဝါးဝါး ထိုးစိုက်ကြည့်လိုက်မည်ဟု မျက်လုံးကို စုံဖွင့်ကာ လှမ်းကြည့်လိုက်ပါသည်။ ကျွန်တော် မြင်လိုက်ရသည်မှာ နေရောင်မဟုတ်ဘဲ မြေကမ္ဘာသာ ဖြစ်နေပါတော့သည်။

အို… ငါ ခေါင်းငုံ့နေပါပေါ့လားဟုတွေးလျက် "မာနဆိုသည်မှာ တစ်ခဏတာပါလား" ဟု ရေရွတ်လိုက်မိပါတော့သည်။ ■

အဍ္ဍနနေ၊သျှောင်ပင်၊

# ဝမ်းနည်းမှတ်တမ်း

## ကဗျာဆရာ စာရေးဆရာ

## ကိုငြိမ်း(မန္တလေး)




မန္တလေးအခြေစိုက် ကဗျာဆရာ စာရေးဆရာ ကိုငြိမ်း(မန္တလေး)သည် ၂၀၁၉ ခုနှစ်၊ မတ် ၂၆ မွန်းလွဲအချိန် အသက် ၇၅ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ကိုငြိမ်း(မန္တလေး)သည် မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်တွင် အဖ ဦးဟန်သာ၊ အမိ ဒေါ်နီတို့က မန္တလေးမြို့တွင် မွေးဖွားခဲ့သည်။ ဆရာမကြီး ဒေါ်သက်ရှည်၏ မူလတန်းကျောင်း၊ မြို့မအလွတ်ပညာသင်ကျောင်း၊ လှသိပ္ပံဗဟိုအမျိုးသားအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် **"ပစ္စည်းမဲ့တော်လှန်ရေး"** ကဗျာဖြင့် စာပေနယ်သို့ ရောက်ရှိခဲ့သည်။ မူလကလောင်နာမည်မှာ မောင်ငြိမ်းအေး(မန္တလေး)ဖြစ်ပြီး ၁၉၈၅ ခုနှစ်တွင် ကိုငြိမ်း(မန္တလေး) ကလောင်အမည်ကို စတင်သုံးစွဲခဲ့သည်။ ကလောင်အမည် ကိုငြိမ်း(မန္တလေး)အပြင် စောဗရန်ငြိမ်း အမည်ဖြင့်လည်း မဂ္ဂဇင်းဝတ္ထုတိုများ ရေးသားခဲ့သည်။ ကွယ်လွန်ချိန်အထိ မြန်မာရသမဂ္ဂဇင်းများတွင် ဝတ္ထုတို/ရှည်များ ရေးသားခဲ့သည်။ ကိုငြိမ်း(မန္တလေး) ကွယ်လွန်သွားခြင်းအတွက် ရွှေအမြုတေမဂ္ဂဇင်းက ဝမ်းနည်းကြောင်း မှတ်တမ်းတင်ပါသည်။

**■ အယ်ဒီတာအဖွဲ့(ရွှေအမြုတေမဂ္ဂဇင်း)**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မြောက်ပြန်ငါး

ညိုမြကျိုး အလွန်

၁။

မြို့သူကြီးရွာ
အနောက်ဘက်။ အချိန်ကား
ည ၁၂ နာရီ။ သူမ
သွေးထွက်လွန်နေသော
မာမွတ်တာလီ ဆိုသူ၏
လက်ဖျံအား အဝတ်စဖြင့်
အတတ်နိုင်ဆုံး
ပတ်စည်းထားလိုက်သည်။
ပြင်းထန်သော
ပြတ်ရှဒဏ်ရာကြောင့်
မာမွတ်တာလီ ဝေဒနာ
အတော်ခံစားနေရသည်။
သူမ ဘာလုပ်ပေးသင့်သည်
ဆိုသည်အား စဉ်းစားချိန်
အနည်းအကျဉ်းသာ ရနိုင်
လောက်အောင် ဒဏ်ရာ
ပြင်းထန်လွန်းပါသည်။
'မာမွတ်လေ အားကြီး
နာလွန်းတယ် ဆရာမလေး၊
မာမွတ်ကို ကယ်ပါနော်'
မောင်တောခရိုင်အတွင်း
ဒေသခံ အများစုအတွက်
ရည်ရွယ်ဖွင့်လှစ်ထားသည့်
ဆေးခန်းအဖြစ်
အမည်ခံထား
သော်လည်း
သူမက
ဆရာဝန်
တစ်ယောက်။
လူနာမှန်လျှင်
ကုကို ကုပေးချင်
သည်။ ဒေသခံ ဟုတ်သည်
မဟုတ်သည် မခွဲခြားပါ။
အခု မာမွတ်တာလီ
ဆိုသူက မွတ်စလင်။
အနောက်ဘက်
ဦးရည်ကျွန်းရွာတွင်
ဆေးခန်းမရှိခြင်းက
တစ်ကြောင်း၊ အခြားဒေသ
များမှ ဆေးခန်းမှန်သမျှ
စစ်ဘေးရှောင် ပိတ်သိမ်း
သွားသည်က တစ်ကြောင်း
ကြောင့် သူမဆီ အရောက်
လာကြခြင်း ဖြစ်လိမ့်မည်။
'အားလားလား၊
ဆရာမလေးရယ် နာဒယ်၊
နာဒယ် ကယ်ပါ
ဆရာမလေး'
'ဟုတ်ပြီ အရမ်းမလှုပ်
ပါနဲ့နော်၊ ဟိုအစ်မ လူနာကို
ချုပ်လို့ ရသလောက်
ချုပ်ပေးထားပါ'
မာမွတ်တာလီနှင့်
ပါလာသည့် ဖန်းသည်
မွတ်စလင် အမျိုးသမီးက
ရှိသမျှ အားနှင့် အတင်း
ချုပ်ပေးထား ရှာပါသည်။
မာမွတ်မျက်လုံးများပေါ်
ကြောက်လန့်ရိပ်များ
ယှက်ပြေးနေသည်။
မျှော်လင့်ချက်မှ ရှိပါ့မလား
ဆိုသည့်အကြည့်မျိုးနှင့်
အမျိုးသမီး ဖြစ်သူက
သူမကိုကြည့်၏။ ကြည့်
လည်းကြည့်ချင်စရာ။
မာမွတ်တာလီက
လက်ဖျံတစ်ခုလုံး သွေးများ
အလူးလူးလိမ့်ဆင်းနေသည်။
အကြမ်းဖက်သမားတစ်စုက
မာမွတ်တာလီတို့ အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

တက်ကာ ငွေကြေးနှင့် မီးဖို ဆောင်မှ အစားအသောက်များကိုပါ အတင်းလုယူရင်း ထိုးနှက်ခဲ့ကြသည်ဟု ဆိုသည်။ မာမွတ်က ပြန်လည်ခုခံရာ ဓားဖြင့်ခုတ်ခဲ့သည် ဆို၏။ ဘေးအိမ်မှ လူများ အပြေးရောက်လာကြသဖြင့် မာမွတ်တာလီတို့ ဇနီးမောင်နှံ အသက်ဘေးမှ လွတ်မြောက်ခဲ့ခြင်း ဖြစ်ပါသည်။ သူမဆီ ရောက်ချိန်တွင် လက်ဖျံမှ သွေးကြောမျှင်တချို့ ပြတ်တောက်နေသည်။ ဆေးရုံတက်မှ စိတ်ချရမည့် အနေအထား။ သို့သော် မောင်တောခရိုင်ဆေးရုံသို့ ရောက်ရန်ပင် လှေတစ်တန် ကားတစ်တန် သွားရလိမ့်မည်။ အသက်မီရန် မသေချာ။ မာမွတ်တို့ဇနီးမောင်နှံကို ရှင်းပြကာ တတ်နိုင်သလောက်ရအောင် ကြိုးစားပေးခဲ့ပါသည်။ ဒေသန္တရဆရာဝန်တို့ လုပ်လေ့လုပ်ထမရှိသော အလုပ်ကို သူမ ဆေးခန်းတွင်ရှိသော ပစ္စည်းတချို့နှင့် ရအောင်လုပ်ရန် ဆုံးဖြတ်ခဲ့သည်။ အကြောမျှင်တချို့အား အရေပြားလှန်ကာ ပြန် ဆက်ပေးခြင်းပင် ဖြစ်ပါသည်။ မေ့ဆေးပေးဖို့ အန္တရာယ်ရှိသဖြင့် ထုံဆေးကို ပတ်ပတ်လည် အားပါးတရ ထိုးကာ ပြန်ဆက်ပေးခဲ့သည်။ သူမ၏ စေတနာပဲ ဖြူစင်၍လား၊ မာမွတ်၏ ဇနီးသည် တောင်းဆိုနေသော ဆုကို အလ္လာရှင်ကပဲ ပေးသနားခဲ့လေသလား မသိ။ အသက်အန္တရာယ်ကင်းလောက်သည့် အနေအထားအထိ သူမ ကုယူနိုင်ခဲ့သည်။ အောင်မြင်မှုအတွက် သူမလည်း ပီတိ

wynfawmf
qDs
bmoma&;
vIyf&Sm;
cHpm;csufqHk;rIqDa&mufcJh
rSm;vnf
tvkyfr&Sdygu
apwem
oufoufjzifhrm
rnfolYudkrQ
ukoay;csifpdwf
jrifhrm;
opömygwJh
wynfawmf
a&muf&m
b0wdkif;
vlom;
tuJwdkK
tvkyfxrf;ukd
xrf;aqmif
&aomol
jzpf&ygrnf

လွန်စွာဖြစ်ရပါသည်။

"ဆရာမလေးကို နော် ကျော်မတို့နော် အများကြီး ကျေးဇူးတင်တယ်နော် ဆရာမလေး…"

"ဟုတ်ပါပြီ၊ ဒီအချိန်မှာ အရမ်းအရေးတကြီး ဆင်ခြင်ဖို့လိုတယ် အစ်မ၊ နောက်တစ်ခါဆို မာမွတ်အသက် မကယ်နိုင်လောက်ဘူး"

"ဟုတ်ကဲ့ပါ ဆရာမလေးရယ်၊ အခုနော် ကျေးဇူး မမေ့ဘူးနော် ကျာမတို့"

ကျေးဇူးမမေ့ပါဘူးဆိုသည့်စကားသည် သူမအတွက် အထူးအဆန်းမဟုတ်တော့ပါ။ အထူးသဖြင့် မြို့သူကြီးရွာ ရောက်ကတည်းက ဒေသခံ ရခိုင်လူမျိုးအများစုနှင့် အစ္စလာမ်ဘာသာဝင်တချို့ကို ဝမ်းရောဂါ၊ ငှက်ဖျားရောဂါနှင့် အူရောင်မှု အများအပြားကုသပေးခဲ့သဖြင့် "ကျေးဇူးမမေ့ပါ"ဟူသည့် တုံ့ပြန်မှုများက ကြားနေကျဖြစ်နေသည်။ ကျေးဇူးမေ့ခြင်း မမေ့ခြင်းက မာလာဆိုသည့် သူမအတွက် အရေးမကြီးပါ။ သူမ ကုသပေးသည့်လူနာ ပျောက်ကင်းသက်သာသွားသည်ဆိုရုံနှင့် သူမ လွန်စွာ ပီတိဖြစ်ရပါသည်။ သူမက ဆရာဝန် (စေတနာ ဆရာဝန်မလေးဟု ရွာတချို့က ခေါ်ကြသည်)။ ဆရာဝန်ဖြစ်သဖြင့် ဆေးကုပေးရန်သာ သူမ၏အလုပ်ဖြစ်ပါသည်။ ငွေကြေး မတတ်နိုင်သူများအတွက် ဆီ၊ ဆန်၊ ငရုတ်များနှင့်လည်း သူမ ကုသပေးခဲ့သလို အခမဲ့လည်း လိုက်လံကုသပေးခဲ့သည်။ သူမ၏ အသွေးအသားဖြစ်တည်မှုသည် လူမှုကယ်ဆယ်ရေးတာဝန်တစ်ရပ်အတွက်သာဟု ခံယူထားမိခဲ့သည့် ဆရာဝန်မတစ်ဦးဟု ဆိုပါလျှင် ရနိုင်မည်ထင်ပါသည်။ ❑

၂။

"ညီမလေး နင် ရန်ကုန်ဆင်းတော့။ ဆ/မလည်းရပြီးသား၊ အိမ်ကလည်း နင့်ကို ဆေးခန်းဖွင့်ပေးမယ် ပြောထားတာကို၊ ဘာလို့ ဒီရွာမှာ ဆက်နေနေတာလဲ"

အစ်ကိုဖြစ်သူ၏ ကရုဏာဒေါသဖြင့် ပေးသည့်အကြံက သူမကို အရာမထင်စေခဲ့ပါ။ အစ်ကိုဖြစ်သူမှာ ဒုရဲအုပ်ရာထူးနှင့် ဗူးသီးတောင် တပ်စခန်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေရာမှ အကြမ်းဖက်သမားများကြောင့် သေဆုံးသွားသော ဝန်ထမ်းများနေရာတွင် အစားထိုးခန့်အပ်ထားမိန့် ကျသဖြင့် မောင်တော နယ်ခြားစောင့်တပ်ရင်းသို့ ပြောင်းရွှေ့တာဝန်ကျနေသူ။ အခြားဆရာဝန်များ ပြောင်းရွှေ့ထွက်ခွာသွားပြီဖြစ်သောကြောင့် ဗမာ၊ ရခိုင်နှင့် ဘင်္ဂါလီ ကျေးရွာအများစုတွင် ဆရာဝန်ဆိုလျှင် သူမတစ်ဦးသာ ရှိတော့သည်။ နေ့နေ့ညည ချောင်းမြောင်းတိုက်ခိုက်မှုများကြားမှာ အသက်ဘေးအတွက် စိုးရိမ်စရာ အခြေအနေတစ်ခုအတွင်း နေရသော်လည်း ကြောက်ရွံ့စိတ် အလျှင်းမရှိသည့် သူမကို အစ်ကိုဖြစ်သူက စိုးရိမ်ပူပန်နေခဲ့သည်။

"ညီမလေး ဒီမှာပဲ ဆက်ရှိနေမယ် ကိုကို"

"နင် တော်တော် ခေါင်းမာပါလားဟာ၊ အမေက နင့်ကို စောင့်ရှောက်ဖို့ ငါ့ကို မှာထားတာ၊ နင်တစ်ခုခုဖြစ်ရင် အမေ့ရှေ ငါပါ ရင်ကျိုးမှာ။ အရင်က နယ်မြေက စိတ်ချရတဲ့ အနေအထားမို့ ဘာမှ မပြောခဲ့ဘူး။ အခုလိုအချိန် ဒီနေရာမှာ ယောကျ်ားသားတွေတောင် နေချင်ကြတာ မဟုတ်ဘူး"

"ကိုကိုကလည်း… ညီမလေး နေချင်တယ်လေ"

"နင်ရူးနေလား မာလာ၊ အချိန်မရွေး နင် တစ်ခုခု ဖြစ်သွားနိုင်တယ်နော်"

သူမ၏ အစ်ကိုက သူမအား စိုးရိမ်ပူပန်လွန်းလို့ ပြောနေမှန်း သူမသိပါသည်။ သို့သော် သူမကိုယ်တိုင်က ဆုံး



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ထားပြီးသား ကိစ္စတစ်ခုကို ပြင်ဖို့ အလှမ်းဝေးလွန်းသည်။ ဒါကို သူမအစ်ကိုလည်း သိပါလိမ့်မည်။

‘ကိုကို ညီမလေးက ကိုကို့ရဲ့ ညီမပါ၊ ကိုကိုက ကော ရန်ကုန်ပြောင်းဖို့ ခွင့်ရထားပြီးမှ ဘာလို့ ဒီမှာ ဆက်နေနေတာလဲ။ ပြီးတော့ မောင်တော နယ်ခြားစောင့် တပ်ရင်းကကော ကိုကိုမပါရင် တာဝန်ချမယ့်သူ မရှိဘူးလား။ ကိုကို ဘာကြောင့် ဒီလမ်းကို ရွေးချယ်ခဲ့တာလဲ’

သူမ အစ်ကိုဆီက ရုတ်တရက် ပြန်ဖြေသံမကြားရ။ မောင်နှမအချင်းချင်းမို့ နားလည်ပါသည်။ သူမတို့ မောင်နှမ၏ ဖခင်မှာ ဗူးသီးတောင်မြို့နယ်ဒါးကိုင်ဆရာကျေးရွာဘက်တွင် တာဝန်ကျခဲ့ဖူးသော စစ်သားတစ်ယောက်ဖြစ်ပါသည်။ သူပုန်များလက်ချက်ဖြင့် အသက်ပေးခဲ့ရသူလည်းဖြစ်၏။ နောက်တစ်ချက်မှာ အစ်ကိုဖြစ်သူ၏ အချစ်ဆုံးသူငယ်ချင်း ဒုရဲအုပ်တစ်ယောက်လည်း အကြမ်းဖက်ခံရသူတွေထဲပါသွားခဲ့သည်။

‘ကိုကို ဖြေလေ’

သူမ၏ အစ်ကိုက နောက်ထပ် စက္ကန့်အနည်းငယ်ကြာသောအခါမှ စကားတစ်ခွန်း တုံ့ပြန်လာပါသည်။

‘ညီမလေး ငါက ရဲဟ၊ ရဲဆိုတာ ရန်သူကို သုတ်သင်ဖမ်းဆီးရမှာ၊ ပြီးတော့... ပြီးတော့’

‘ဟင်း ဟင်း ပြီးတော့ ဘာလဲကိုကို ပြောလေ၊ ကိုကို့ရဲ့ သူငယ်ချင်းအတွက် ကလဲ့စားချေချင်စိတ်နဲ့ ဘင်္ဂါလီ သုတ်သင်ရေးအလုပ် လုပ်မှ ဖြစ်မယ်ဆိုတဲ့အကြောင်း ဆက်ပြောပါဦး’

အရှိက်ကို ထိသွားမည်ဟု သူမယုံကြည်သည်။ စိတ်ထဲကတော့ ကိုကို့ကို တောင်းပန်မိ၏။

‘မာလာ... နင်... နင်... ဆက်မပြောနဲ့ဟာ...’

ဒေါသသံပါလာသည့် အစ်ကိုဖြစ်သူကို ကိုယ်ချင်းစာပေးနိုင်သော်လည်း သူမယုံကြည်ချက်ကို သူမ ဆက်လက် ထိန်းသိမ်းရန်တော့ လိုအပ်ပါသည်။

‘ကိုကို့စကားအတိုင်းပဲ ညီမလေးပြောပါ့မယ်။ ညီမလေးက ဆရာဝန်ပါ၊ ဆရာဝန်ဆိုတာ ဆေးကုဖို့ပဲ၊ လူနာတွေ ဒဏ်ရာတွေ အများကြီးရှိနေတဲ့ ဒီနေရာကနေ ဆရာဝန်မတစ်ယောက်ဖြစ်တဲ့ ညီမလေးကတော့ ခွာဖြစ်မှာ မဟုတ်သေးဘူး ကိုကို’

‘မာလာရယ်... နင်ပြောရခက်ပြီး ခေါင်းမာလိုက်တာနော်’

‘အဲဒါ ကိုကိုရဲ့ညီမလေးပဲလေ၊ ကိုကိုသာ သတိဝီရိယနဲ့ နေပါနော်၊ ကိုကိုက သူများနှလုံးသားထဲ ကျည်ဆန် ထည့်ပေးဖို့ နေနေတာ၊ ညီမလေးက ဝင်နေတဲ့ ကျည်ဆန်တွေ ထုတ်ပေးရတာပါ’

သူမ စကားစကို ဒီအတိုင်း ဖြတ်ချထားရစ်ခဲ့ပါသည်။ အစ်ကိုတစ်ယောက် ခံစားတတ်ပါစေ။ အန္တရာယ်လည်းကင်းပါစေ ဆုတောင်းရုံသာ တတ်နိုင်ပါသည်။

❑

၃။

‘ဖောင်း ဖောင်း ဖောင်း’

စီစီဝေနေသည့် သေနတ်သံများ။ အရှေ့ဒါးကိုင်ဆရာ ရွာဘက်မှ အကြမ်းဖက်သမားသုံးဦးကို တပ်မတော်က အသေဖမ်းဆီးမိခဲ့ရာက စစ်ပွဲများ စိပ်လာသည်။ ဦးရှည်ကျ၊ ကံသာယာတို့တွင်လည်း လက်လုပ်မိုင်းများမိခဲ့သည်။ တုတ်ဓားလက်နက်များဖြင့် တစ်ရွာဝင်တစ်ရွာထွက် အကြမ်းဖက်နေသော ဘင်္ဂါလီ အကြမ်းဖက်သမားများမှာ တပ်မတော်နှင့် ရဲတပ်ဖွဲ့ကို ရှောင်ရင်းတိမ်းရင်း ကျယ်နံးရပ်တည်နေပုံရပါသည်။

သူမတို့ ရွာတောင်ဘက် ချောင်းရိုးတစ်လျှောက် အပစ်အခတ်များ ကြားနေရသည်မှာ ၄၈ နာရီနီးပါးရှိနေပြီ။ ရွာသူရွာသားအချို့ အိမ်ပြင်မထွက်ရဲကြသလို အချို့မှာလည်း မိမိအိမ်တွင် မနေရဲကြတော့သဖြင့် မြို့သို့ ထွက်ပြေးတိမ်းရှောင်သူများလည်း များပြားနေလေပြီ။ ဗမာလူမျိုးနှင့် ရခိုင်လူမျိုးများသာမက မွတ်စလင်မိသားစု အများအပြားလည်း ကြောက်ရွံ့စိုး ထိတ်ခြင်းများဖြင့် ရပ်တည်နေကြရသည်။ သူမ အစ်ကိုကလည်း သူမကို မကြာခဏဆိုသလို ဖုန်းဆက် မေးမြန်းခြင်းတစ်မျိုး၊ ကိုယ်တိုင်လာရောက်ခြင်းတစ်ဖုံ အပူပူ အပန်ပန်နှင့် ဖြစ်နေသည်။ သူမ ကြောက်စိတ် မရှိခြင်းမဟုတ်ပါ။ သူမသည် လူသားတစ်ဦးသာလျှင်ဖြစ်ပြီး ကြောက်ရွံ့စိတ်တော့ ရှိသင့်သလောက်ရှိတာ ဝန်ခံပါသည်။ သို့သော် သူမတွင် ယုံကြည်ချက်တစ်ခုအခိုင်အမာရှိနေသည်။ လူလူချင်း ကိုယ်ချင်းစာတရားအပြည့်ဖြင့် လူကိုလူဟုသာ အမြင်ထားပြီး စေတနာထားပေးခဲ့သည့် သူမကို မည်သူကမှ အန္တရာယ်မပြုနိုင်သလို သူမကို ဘုရားသခင်ကလည်း လိုလိုလားလား စောင့်ရှောက်လိမ့်မည်ဟု တထစ်ချ ယုံကြည်ထားမိ၏။

‘ဆရာမလေး ဆရာမလေး’

သူမဆေးခန်းရှေ့ အော်ခေါ်နေသံ။

‘ဟင် ဒေါ်လေးစိုး၊ အလန့်တကြား ဘာဖြစ်’

‘ကျွန်မသမီး မာမာ ဗိုက်အောင့်နေလို့ မွေးချင်တာ ထင်တယ် ဆရာမလေးရယ်၊ လိုက်ကြည့်ပေးပါလား ဆရာမလေးရယ်’

‘ဟုတ်လား ဒေါ်လေးစိုး၊ ကျွန်မ လိုက်ခဲ့မှာပေါ့၊ ခုရော အိမ်မှာ ဒီအတိုင်း ထားခဲ့တာလား’

‘ဟုတ် တစ်ယောက်တည်းကျန်ခဲ့တာ’

ဒေါ်လေးစိုးက ကောက်ပင်းရွာက။ သမီးဖြစ်သူ မာမာမှာ စစ်သားတစ်ယောက်နှင့် အကြောင်းပါကာ ကိုယ်ဝန်လွယ်ထားစဉ် ယောက်ျားဖြစ်သူ ငှက်ဖျားရောဂါနှင့် ဆုံးသည်။ ထို့ကြောင့် သားအမိနှစ်ယောက်တည်း။ ဆင်းရဲရသည့်ကြားထဲ အခြေအနေအရ အကြမ်းဖက်သမားရန်ကိုပါ ကြောက်ရွံ့နေရချိန်ဖြစ်သဖြင့် ပိုစာနာမိသည်။ သူမ ဆေးအိတ်ကို ဆွဲကာ ဒေါ်လေးစိုးနှင့် အပြေးလိုက်ခဲ့လိုက်သည်။ ကောက်ပင်းရွာကို တောင်ဘက် ချောင်းရိုးအတိုင်း သွားရသည်။ စစ်ကြောင်းချီရာ



www.burmeseclassic.com

www.burmeseclassic.com

တောလမ်းဖြစ်သဖြင့် လက်လုပ်မိုင်းအန္တရာယ်ကို သတိကြီးကြီး ထားရသေးသည်။ သူမအတွက်ကတော့ ရူနာဟု ဆိုရုံနှင့် အန္တရာယ်ဆိုသည့်တားမြစ်ချက် မရှိတော့။

"အီး အမယ်လေး… နာလိုက်တာတော်"

"နာတာကို သိတယ် ညီမ၊ ဒါပေမဲ့ ကလေးက ညီမရဲ့ ညှစ်အားပါသုံးမှ အဆင်ပြေမယ်၊ ကြိုးစားပြီး ညှစ်ပါနော်"

"အင်း အီး အား…"

"အင်း ဟုတ်ပြီ ညှစ် ညှစ် ညီမ၊ အားလေး နည်းနည်း ထပ်စိုက်"

ဒေါ်လေးစိုးက သမီးဖြစ်သူကိုကြည့်ကာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ ပါးစပ်ကလည်း ဘုရားစာကို တတွတ်တွတ် ရွတ်နေပုံရပါသည်။

"ဟုတ်ပြီ နည်းနည်းလေး အားစိုက်၊ ထွက်တော့မယ် ဟုတ်ပြီ"

"အူဝဲ အူဝဲ"

"ဟော မိန်းကလေး ရှင့် မိန်းကလေး မွေးပါပြီ"

ဒေါ်လေးစိုး၏ မျက်နှာမှာ ချက်ချင်းပင် လမင်းကြီးသဖွယ် လင်းပြည့်သွားသည်။ မျက်ရည်ဥတို့ တွဲသီနေသယောင် ထင်ရ၏။ သူမအထင် မွေးဖွားရသော သမီးဖြစ်သူထက်ပင် ဒေါ်လေးစိုးပိုမိုအားစိုက်လိုက်ရပုံမျိုး။ မိခင်မေတ္တာဆိုသည့် အရာပင်ဖြစ်ပါလိမ့်မည်။

"ကျေးဇူးတင်လိုက်တာ ဆရာမလေးရယ်၊ ဆရာမလေးကို ဘုရားသခင်စောင့်ရှောက်မှာပါ"ဟု ဆိုကာ

aea&mi fLu
pJ&Som
t vifwpfcJkifh
oHrsufESmuk
rd\qquf
vSuEonf
avmuonf
vSumifrSm;
vSumif
t vSyfvSyf
vSqHtSm;
vSqHt vSyfuk
qufvSyf&ef
jyZmwf
pifrifwpfck
ozGf
cifusif
ay;xm;\

သူမကို ငွေတစ်သောင်းကို ကမ်းပေး၏။ သူမလည်း မွေးဖွားသည့် ကလေးအတွက် လိုရာသုံးဖို့ ပြန်ပေးခဲ့ပါသည်။ ဒေါ်လေးစိုးက အတင်းထိုးပေးနေသောကြောင့် -

"ဒေါ်လေးပြောသလိုပေါ့၊ ဘုရားစောင့်ရှောက်မှာလေ၊ ဟဲ ဘုရားဆီကပဲ တောင်းလိုက်တော့မယ်"ဟု အရွှန်းဖောက်စကားပြောကာ ငွေကို ငြင်းပယ်ခဲ့ပါသည်။

"ဆရာမလေး ကျွန်မ လိုက်ပို့မယ်လေ"

"အမယ်လေး နေပါ ဒေါ်လေးစိုးရယ်၊ သမီးက သွေးနုသားနုနဲ့ မထားခဲ့ပါနဲ့၊ တော်ကြာ ကျွန်မကိုပါ အမှုပတ်နေပါ့မယ်"

သူမလည်း အချိန်အတော်လင့်နေပြီမို့ ဒေါ်လေးစိုးကို နှုတ်ဆက် ပြန်လာခဲ့ပါသည်။ ညနေခင်းကို အမှောင်က တရိပ်ရိပ် လွှမ်းခြုံလာခဲ့ပြီလေ။

❑

၄။

အမှောင်ထုက တောလမ်းတစ်လျှောက် သူမကို ခြောက်လှန့်နေသည်။ မိန်းမသားတစ်ယောက်အနေနှင့် ကြောက်ရွံ့အားငယ်မိတာ မှန်သော်လည်း သူမလုပ်ရပ်အတွက် သူမ ပီတိတစ်ဝက်မက ဝေနေပါသည်။ အခက်အခဲကြားမှ ရသော အောင်ပွဲကချိုသည်။ သူမ၏ကြောက်လန့်စိတ်ကို နီတာရဲကလေးငယ်လေး၏ မျက်နှာလေးနှင့် ဖြေသိမ့်၏။ သူမကိုယ်တိုင် ရွေးချယ်သောလမ်းမို့ နောင်တတော့မရမိပါ။ သူမတို့ မြို့သူကြီးရွာစပ်မရောက်ခင် ချောင်းရိုးဘေး လျှိုတစ်ခုအနီးမှ ခြေသံတရှပ်ရှပ်ကို ကြားလိုက်ရ၏။ ပထမတော့ သရဲခြောက်တာများလားဟု တွေးမိသေးသည်။ သူမ ခြေလှမ်းကို ပိုသွက်သွက်လျှောက်လိုက်သည်။ ထိုခြေသံများက သူမအနောက်မှ ထက်ကြပ်မကွာ။ သူမ ဇောချွေးများ ပြန်လာသည်။ ခြေသံများက နီးသထက် နီးလာကာ-

"အမယ်လေး"

သူမ ဆုံးအောင်ပင် အော်ချိန်မရလိုက်၊ အားကြီးသော လက်မောင်းတစ်စုံက သူမ၏ပါးစပ်ကို ပိတ်ကာ သူမကို ချုပ်ကိုင်ခြင်း ခံလိုက်ရသည်။ ထို့နောက် သူမကို အားပါးတရ ပွေ့ချီလိုက်သည်။ သူမတစ်ကိုယ်လုံး ပျော့ခွေ ယိုင်နဲ့သွားသလို ခံစားလိုက်ရ၏။

❑

"ရှင်တို့ ရှင်တို့ ကျွန်မကို ဘာ….ဘာလုပ်မလို့လဲ အသက်ချင်း လဲလိုက်မှာနော်"

သူမ အားပါးတရ အော်လိုက်သည်။

အချင်းချင်း ပြောနေကြသော စကားများကို သူမ နားမလည်သော်လည်း ဘင်္ဂါလီစကားများဖြစ်ကြောင်းတော့ သူမ အသေအချာ သိပါသည်။ သူမ အကြမ်းဖက်သမားများ လက်ထဲရောက်နေခြင်းဖြစ်သည်။

"ဒီမယ် ဆယ်ရာမ၊ အခုနော် ငါတို့စခန်းတပ်မှူးနော်၊ ကျည်ဒဏ်ရာနဲ့ ဖြစ်နေဒယ်၊ ကုပေးပါ၊ ပြီးရင် ပြန်လွှတ်မှာ"

မွတ်စလင် ဖြစ်ဟန်တူသော တစ်ယောက်က သူမကို ဆေးကုပေးရန် တောင်းဆိုသည်။ သူမ အခြေအနေကို ခန့်မှန်းမိသလောက် ဆေးကုပေးစေချင်မှန်းသိသာသည်။ ရှန်းရင်းဆန်ခတ်ထက်စာလျှင် ဆေးကုပေးခြင်းက သက်သာစေနိုင်မည်ဟု ခန့်မှန်းမိပါသည်။

"ရှင်တို့ ကတိ ကတိတည်မှာလား"

"အာ… ဒီဆယ်ရာမ ကုမှာသာကု"

တဲအိမ်ဆယ်လုံးခန့်နှင့် ယာယီစခန်းတစ်ခု။ တုတ်၊ ဓား လက်နက်များအပြင် ရိုင်ဖယ်သေနတ် တချို့ကိုလည်း တွေ့ရသည်။ ခေါင်းဆောင်ဆို



www.burmeseclassic.com

www.burmeseclassic.com

သူ၏ ပခုံးစွန်းတွင် ကျည်စိုက်ဝင်နေသော အပေါက်တစ်ခု။ သူမ အသေအချာကြည့်မိတော့ အချိန်အတော်လင့်နေဟန်ရှိပြီး သွေးလည်း အတော်ထွက်ထားပုံရသည်။ သူမလည်း လူနာကို လူနာဟုသာ သဘောပိုက်၍ ကုသပေးရန်သာ ရှိတော့သည်။ စိတ်ထဲကလည်း အစ်ကို့ကို တွေးမိသေးသည်။ အကြမ်းဖက်သမားကို သုတ်သင်ဖို့ တာဝန်ကျနေသူတစ်ယောက်ရဲ့ညီမက အကြမ်းဖက်သမားတစ်ယောက်ကို ဝေဒနာပျောက်ကင်းအောင် ကုသပေးနေခြင်းကို ကိုကိုသာသိလျှင်…။ သူမ အတွေးကို အဝေးသို့ လွှင့်ပစ်ရင်း-

'ရေနွေး ကျိုပေးပါ'

'ရဒယ်'

လူနာ၏လက်မှ ကျည်ဆန်ကို စနစ်တကျ ပြန်ထုတ်ပေးလိုက်ပြီး အရက်ပြန်အနည်းငယ်သုံးကာ Spetidine ဆေးရည် ထည့်ပေးလိုက်သည်။ ပြီးနောက် ပတ်တီးနှစ်ထပ်ခန့်စည်းကာ သူမတွင်ပါလာသော အမောင့်စလင်နှင့် ကိုက်ခဲပျောက်ဆေးများ ပေးရသည်။ သောက်မည့်အချိန် သောက်ပုံသောက်နည်းကအစ ပြောပြပေးလိုက်ပါသည်။ ထို့နောက် စခန်းတွင်း ဖျားနာသူများ၊ အနာတရ ရသူများကို လိုက်လံကုသပေးရပါသေးသည်။ သူမတွင် ပါလာသော ဆေးသေတ္တာမှာလည်း ဗလာကျင်းခဲ့ပြီ။

'ကဲ အားလုံး ကုပေးပြီးပြီ၊ ကျွန်မကို ပြန်လွှတ်ပေးပါ'

သူမ စကားကို အရေးမလုပ်ဟန်များ တွေ့ရသည်။

'ကျွန်မ ဆေးကုပေးပြီးပြီလေ'

အချင်းချင်း ခေါင်းတိုက် ဆွေးနွေးနေကြသည်။ သူမလည်း ထိတ်လန့်မှုက တရိပ်ရိပ်တက်လာတော့သည်။ ထို့နောက် ခေါင်းဆောင်ဆိုသူက သူ့တပည့် မွတ်စလင်တစ်ဦးကို အမိန့်တစ်ခုပေးလိုက်သည်။

'ရှင် ရှင်တို့ ကတိလေ'

'ကဲ ကတိဒေ ဘာဒေ လုပ်မနေနဲ့၊ ခင်များက ခုစခန်းကို သိသွားပြီ'

'ကျွန်မ ကျွန်မ ဘယ်သူမှ မပြောပါဘူးရှင်။ တကယ်ပါ'

ရယ်သံများ…။

'ကဲ ခင်များ နောင်ဘဝမှသာ ဆေးကုစားတော့ ဟားဟား'

သူမရင်ထဲ ဒိုင်းခနဲ။ သူမကို သတ်ကြတော့မည်တဲ့။

'ရှင်တို့ တော်တော်ယုတ်မာကောက်ကျစ်ကြတာပဲ'

'ခင်များတို့ ပြောဒယ်နော်၊ ငါတို့က သူပုန်ဒေနော်၊ အေး သူပုန်က သူပုန်အလုပ်ပဲ လုပ်ဒယ်ဟာ'

သူမ အံကို တင်းတင်းကြိတ်လိုက်သည်။ ပြီးနောက် သူမ၏ ဘဝအစိတ် အပိုင်းတချို့ကို ပြန်လည်မြင်ယောင်ကြည့်မိသည်။ သူမ အသက်ပေးရတော့မည်။ တန်ပြီလား။ သူမ ဘာများ ဆက်လုပ်ဖို့လိုလိမ့်ဦးမည်လဲ။ သူမ မတွေးတတ်။ စိတ်ထဲတွင် ဗုဒ္ဓကို ရှင်းရှင်းလင်းလင်းမြင်ရသည်။

သူမ၏ ခံယူချက်၊ ယုံကြည်ချက်အတွက် အသက်ပေးရတော့မည် ဆိုသည်ကို သူမ ဂုဏ်ယူတတ်အောင် တွေးလိုက်သည်။ ဆရာဝန်ဆိုသည်မှာ လူ့အသက်ကို ကယ်ရန်ဖြစ်တည်လာကြခြင်းဖြစ်ပါသည်။

မိမိကယ်တင်ခွင့်ရခဲ့သော အသက်တချို့အတွက် မိမိကျေနပ်နှစ်သိမ့်ဖို့ လုံလောက်ရပါတော့မည်။ သူမ၏ အစ်ကိုနှင့် မေမေ့ကို မြင်ယောင်မျက်ရည်ကျမိပြန်သည်။ ❑

၅။

သူမကို ဘင်္ဂါလီ သုံးယောက်ခန့်က နောက်ပြန်ကြိုး တုပ်ကာ တောင်စောင်းတစ်ခုဆီ ခေါ်လာကြလေသည်။ မြေကျင်းတစ်ခု တူးထား၏။ မြေကျင်းဘေးနားတွင် သောက်လက်စ အရက်ပုလင်းနှင့် ဆေးပေါ့လိပ်ဖွာရှိုက်ကာ အသင့်စောင့်နေသူတစ်ယောက်။

'ဟင် မာမွတ်တာလီ'

သူမ အကြီးအကျယ်အံ့အားသင့်မိတော့သည်။ အကြမ်းဖက်သမားရန်ကြောင့် စားပြတ်ရာဗရပွနှင့် သူမဆီ အားကိုးတကြီး ပြေးလာခဲ့ဖူးသော မာမွတ်။ သူမ၏ စေတနာကို လိမ်လည်လှည့်ဖြားခံခဲ့ရခြင်းပါလား။ သူမအဖြစ်ကိုလည်း သူမ ပြန်တွေးရင်း ကိုယ့်ကိုယ်ကို လှောင်ပြုံးမိသည်။ သူမ၏ဖခင်ကို သတ်ဖြတ်ခဲ့သော သူပုန်ဆိုသည့်လူသားများ။ အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံကာကွယ်နေသော တပ်မတော်သား၊ ရဲသားများကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများ။ ထိုသူများကို စေတနာဗရပွနှင့် ကြင်ကြင်နာနာ ကုသပေးခဲ့ရသည့် သူမကိုယ်သူမ အမုန်အမှား မဝေခွဲနိုင်တော့။

စိုးရိမ်တကြီးဖြစ်ခဲ့သော ကိုကို့ကိုလည်း စိတ်ထဲမှ တောင်းပန်မိပါသည်။ ထို့နောက် သူမကိုယ်သူမ လိပ်ပြာလုံစေမည့် အကြောင်းတရားတစ်ခုကို ခေါင်းထဲထည့်လိုက်သည်။ စေတသိက်အတွင်း မြတ်ဗုဒ္ဓကို မျှော်မှန်းကာ တိတ်တဆိတ်သစ္စာတစ်ခုပြုခဲ့မိ၏။

'အရှင်ဘုရား၊ တပည့်တော်မသည် ဆရာဝန်တစ်ဦးအနေဖြင့်သာ လူနာကုသပေးခဲ့ခြင်းဖြစ်ပါသည်။ အကြမ်းဖက်သမားမှန်း မသိခဲ့ပါ။ တပည့်တော်မဆီမှာ ဘာသာရေး လူမျိုးရေးခွဲခြားဆက်ဆံခဲ့ခြင်းမျိုးလည်း အလျှင်းမရှိခဲ့ပါ။ စေတနာသက်သက်ဖြင့်သာ မည်သူ့ကိုမဆို ကုသပေးခဲ့ပါသည်။ ဤမှန်သောသစ္စာကြောင့် တပည့်တော်မ ရောက်လေရာဘဝတိုင်း လူသားအကျိုးပြု အလုပ်များကို ထမ်းဆောင်ရသောသူ ဖြစ်ရပါစေသား၊ ရောက်ရာဘဝတိုင်း မုန်းသူမဲ့သောသူ ဖြစ်ရပါစေသား အရှင်ဘုရား….'

အသံတိတ်တောင်းဆုကို လုံလောက်သည်ဟု ထင်ပါသည်။ သူမ အင်အားတစ်ခုခုကို ရိုးတွင်းခြင်ဆီများဆီမှ ဆွဲထုတ်လိုက်သည်။ ထို့နောက် မျက်လုံးအစုံကို မှိတ်ထားလိုက်တော့သည်။ သူမ ရုန်းထွက်မရနိုင်မှန်း အသေအချာ သိခဲ့ပြီ။ ဒါ သူမကို

*စာမျက်နှာ(၂၁၁)သို့…*



www.burmeseclassic.com

www.burmeseclassic.com

# ကောက်ရိုးတစ်မျှင်

**သပိုး**

ဆရာမက
ပေါက်ပေါက်ဖောက်
နေပြန်တာ
မပြီးတော့ဘူး။
နာရီဝက်လောက်တောင်
ရှိပြီလားပဲ။
ဆရာမကတော့
ကုလားထိုင်ပေါ်မှာ
သက်သောင့်သက်သာ
ထိုင်နေနိုင်တာဆိုတော့
နှုတ်ခမ်းတလှုပ်နဲ့
အမျှင်မပြတ်အောင်
ဆူနိုင် ပူနိုင်မှာပေါ့။
ပြီး… အထက်စီးကနေ
ဝိုင်းတို့ကို မှိုချိုးမျှစ်ချိုး
ပြောနေရတာဆိုတော့
သိပ်အရသာရှိမှာပဲ။
အရင်ကတည်းက
ကျောင်းသားတွေ
အပြစ်နည်းနည်း
လုပ်မိတာနဲ့ ခုနစ်စဉ်
အမျှင်တန်းအောင်
မိုးမဆုံး မြေမဆုံး
ကရားရေလွှတ်တတ်သူလို့
ဆရာမက
နာမည်ကျော်သူပဲ။
ဝိုင်းတို့နှစ်ယောက်
ဆရာမရဲ့ စားပွဲရှေ့မှာ
လက်ပိုက်
မတ်တတ်ရပ်နေရတာ
နာရီဝက်ကျော်ပြီ။
ခြေသလုံးတွေလည်း
ညောင်းချည့်
အောင့်တောင့်လှပြီ။
ပြီး… ဦးခေါင်းတွေ
ကိုလည်း မြေပြင်နဲ့
ထိနမ်းမတတ်
ငုံ့ချထား
ရသေးတာဆိုတော့
ဇက်တွေလည်း
ညောင်းလှပြီ။ မျက်လွှာ
လေး အသာချလို့
တစ်ချက်တစ်ချက်မှာ





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဆရာမရဲ့ ဆိုဆုံးမမှုတွေကို နားဝင် မှတ်သားနေပါကြောင်း မဝံ့တဝံ့ ဖျတ်ခနဲ မျက်လွှာလှန်ကြည့်၊ ပြီး ချက်ချင်းပြန်ငုံ့ချ။ ဦးခေါင်းကိုလည်း စည်းချက်ကျကျ တဆတ်ဆတ် ညိတ်ပြရသေးတာ။

ဝိုင်းတို့ ကိုယ့်နေရာမှာ ကိုယ် ပြန်ထိုင်ချင်ပါပြီ။ ဒါပေမဲ့ ဆရာမက ဆုံးမစကား မရပ်သေးဘူး။

ဆရာမအလစ်မှာ ကိုကို့မျက်နှာကို ဖျတ်ခနဲ ခိုးငေးပစ်လိုက်တယ်။ ရဲပပြီး ချွေးတွေပြန်နေတဲ့ ရှက်မျက်နှာကြီး ငုံ့ဝှက်လို့ ကိုကိုတစ်ယောက် မူပျက်၊ အနေခက်နေတာ သိသာလှစွာ။ ကိုကိုဟာ ပင်ကိုကတည်းက အရှက်အကြောက်ကြီးတတ်လွန်းသူပဲ။ ဝိုင်းကို တစ်ချက်ကလေး ခိုးကြည့်လိုက်စမ်းပါ ကိုကို။ ဆရာမ မမြင်အောင် နှုတ်ခမ်းထောင့်လေး ကွေးတွန့်ကာ ပြုံးပြအားပေးချင်လို့ပါ။ ဝိုင်းလေးရဲ့အပြုံးက ကိုကို့ကို ငြိမ်းချမ်းစေ၊ ရင်အေးစေတယ်ဆို။ ကိုကိုကတော့ စာသင်ခန်းကြမ်းခင်းကိုသာ ကသိုဏ်းရှုနေဆဲပဲ။

ဝိုင်းကတော့ ကိုကို့ ထက်စာရင် အကြောမာသူ (အဲဒါ ဆရာမဆီက ဝိုင်းမကြာခဏ ရတတ်လေ့မြဲ မှတ်ချက်စကားပေါ့)ဆိုတော့ ကိုကို့လောက်တော့ အခြေပျက်၊ အနေမခက်လှပါဘူး။ ဝိုင်းတို့နှစ်ယောက်ကို မျောက်ပွဲလို ဝိုင်းကြည့် တွတ်ထိုးနေကြတဲ့ အတန်းထဲက မိန်းကလေးအုပ်စုဆီ ဆရာမ ဆူပူမာန်မဲနေတဲ့ကြားက မျက်စောင်းဝင့်ကြည့်ပြီးပြီ။ နောက်

t ar ajymwmawmh ukl bmom ajcusif avmufe&wh b0rf wpfgwav qkdfu, f toppfupfuf zwfzwf vufvufumuf xkdfvkdu&wm aymf&m aumifvSw, f wh

ဆုံးတန်းက လောင်စိန်ယောကျ်ားလေးအုပ်စုကိုလည်း အံကြိတ်ပြထားပြီးပြီ။ နင်တို့နဲ့ ငါနဲ့ တွေ့ဦးမယ်လို့လည်း အသံတိတ် ကြိမ်းဝါးပစ်လိုက်သေးတာပေါ့။

"နင် မရှက်ဘူးလား မိန်းကလေးဖြစ်ပြီး"

ကိုယ်ကလေး ဆတ်ခနဲခါသွားပြီး သတိပြန်ဝင်လာတယ်။ ရှက်တယ်လို့ လိမ်ညာဖြေရမှာလား။ ဟင့်အင်း·· ရှက်ပါဘူးလို့ ဟုတ်တိုင်းမှန်ရာ ဖြေရင်လည်း ဆရာမ စိတ်ဆိုးဦးတော့မယ်။ မဖြေဘဲ ခေါင်းငုံ့ငြိမ်နေရမယ့်မေးခွန်း ထင်ပါတယ်။

ဆရာမရဲ့မေးခွန်းနောက်ကွယ်က သဘောထားကတော့ ကိုကိုအပါအဝင်၊ အတန်းထဲက ယောကျ်ားလေးအများစုဟာ မိန်းကလေးတွေကို သူတို့က စတင်ပတ်သက်ဖို့ ကြိုးစားလေ့မရှိကြဘူးဆိုပဲ။ မိန်းကလေးတွေဘက်က မကျေနပ် မကြည်ဖြူလို့ လက်မခံ၊ ငြင်းဆန်ချင်ကြရင် အတန်းပိုင်ဆရာမကိုတိုင်ပြောမှာ၊ ရိုက်ခံထိမှာကြောက်တတ်ကြတယ်တဲ့။ မတော်တဆ ကျောင်းအုပ်ကြီးရုံးခန်း ရောက်ရင်လည်း ကြီးလေးတဲ့ အပြစ်ပေး ဆုံးမမှုကို ခံရနိုင်တယ်လေ။ ဒါကြောင့် သူတို့ ဆွဲဆောင်ရာနောက် ကောက်ကောက်ပါလာဖို့ ရှစ်ဆယ်၊ ကိုးဆယ်ရာခိုင်နှုန်းလောက် သေချာတဲ့ ကောင်မလေးတွေကိုသာ ချဉ်းကပ်လေ့ရှိကြတယ်တဲ့။ ဘယ်မှာ ဘယ်လို ကောက်ယူထားတဲ့ စစ်တမ်းလဲတော့ မသိဘူး။

ဆိုလိုတာကတော့ ဝိုင်းကသာ ဣန္ဒြေမဲ့၊ ဆတ်စလူးနတ်ပူးပြီး ကိုကို့ကို ဖြားယောင်းခဲ့တယ်၊ ကိုကို့ခမျာ မရှန်းသာ မလွန့်သာ မာယာပိုက်ကွန်မှာ အမိဖမ်းခံရပါတယ်ပေါ့။

တစ်ဖက်ယောကျ်ားလေးဟာ ကိုကိုမို့သာပဲ။ တခြားတစ်ယောက်သာဆိုရင် ဟဲ့··· နင်လည်း အလိုတူ အလိုပါဆိုတာ ဝင်ပြောဦးလေလို့ ပြောပစ်ချင်မိမယ်။

ဆရာမက အပျိုကြီးဆိုတော့ ယောကျ်ားတွေအကြောင်းရော သေချာသိပါရဲ့လားပဲ။ ဝိုင်းလည်း သိပ်တော့မသိပါဘူး။ အမေပြောတာကတော့ ယောကျ်ားဆိုတာ အဖေကစလို့ အားလုံးတစ်တန်းတစ်စားတည်းပဲတဲ့။ အရလွယ်ရင် အချောင်နှိုက်ကြတာပဲတဲ့။

ဝိုင်းတို့အဖေဆို အမေ့ကိုကလေး သုံးယောက်နဲ့ ပစ်ထားခဲ့တာ အငယ်ဆုံးမောင်လေးတစ်သက်ဆိုတော့ လေးနှစ်ကျော်ပြီပေါ့။

"အမေ၊ အဖေက ဘယ်သွားတာလဲ"

"မယားငယ် ယူသွားတာ ဟေ့"

အဲဒီစဉ်ကတော့ မယားငယ်ဆိုတာ အမေ့ထက်ငယ်ရွယ်မယ်တောင် ထင်မိသေးတာ။ မယားငယ်မက အဘွားအိုပေါက်စလေးလို့ သိရပြန်တော့ ဟွန့်···ဆိုပြီး စိတ်ပျက်သွားမိတယ်။ ဒါပေမဲ့ အဖေက သူ့မိန်းမ အဘွားအိုလေး လက်ထဲကနေ ခဏခဏ ခြေခုန်ပြန်တဲ့ သတင်းတွေလည်း ကြားရဖန်များတော့ ရိုးအီသွား ပြန်ရော။

"နင့်အဖေလို ငွေမရှာတတ်၊ လက်ကြောမတင်းတဲ့ အကောင်ကိုများ ဒီကောင်မတွေ ဘာကြည့်ကြိုက်ကြတယ် မသိဘူး။ ရုပ်ကလေး သနားကမားရှိတာပဲ ပြောစရာရှိတယ်။ အဲ··· ပတ်ချွဲနပ်ချွဲ ပြောတတ်တာလည်း မိန်းမတွေ ကျမှာပေါ့"

အမေလည်း အဲဒီရုပ်ရည်၊ အဲဒီအပြောချိုချိုတွေကြောင့် တစ်ဘဝလုံးထိုးအပ်ပြီး ကလေးသုံးယောက်ရလေမှ ချန်ထားခံရလို့ စိတ်နာနာနဲ့ တသသဖြစ်နေသလားလို့



www.burmeseclassic.com

www.burmeseclassic.com

တော့ မမေးရဲဘူး။ ပေါင်တွင်းကြော ဆွဲလိမ်ခံရနိုင်တယ် မဟုတ်လား။

ဘာပဲပြောပြော အမေ့ကျေးဇူးတရားကိုတော့ ဘဝမှာ မေ့ချန်ဖို့ မသင့်ဘူးလို့ အသိမှာ ရှိပါတယ်။

ဝိုင်းတို့မောင်နှမ၊ လူမမည် ကလေးသုံးယောက်ကို ဝမ်းမဝ၊ ခါးမလှတဲ့တိုင် မငတ်ရုံတော့ မငြိုမငြင် ရှာကြံ ကျွေးမွေးခဲ့တာ မဟုတ်လား။ ပညာတတ်မှ လူရာဝင်မယ်ဆိုစကားကို သေချာနားမလည်ပေမဲ့ ကျောင်းလည်း အခုချိန်ထိ ပို့ပေးဖော်ရနေသေးတာလေ။ တဖျစ်တောက်တောက် မြည်တွန်ဆူပူတာ၊ မကြားဝံ့ မနာသာ ဆဲရေးတိုင်းထွာတတ်တာ၊ မိုးမွန်အောင် ကျိန်ဆဲတတ်ပြန်တာ၊ ထိပ်ခေါက်တာ၊ ပေါင်းတွင်းကြောတွေ ဗိုက်ခေါက်တွေ ပြတ်ထွက်မတတ် ဆွဲလိမ်တတ်တာတော့ ရှိတာပေါ့။ အဲဒါတွေကလည်း အမေ့သိမ့်မို့ ဝိုင်းတို့အဖို့တော့ ရိုးလှပါပြီ။ တစ်ခါတလေ အမေ့အဆူအဆဲ၊ အရိုက်အပုတ် မခံရရင်တောင် စိတ်မှာ တစ်စုံတစ်ရာ လစ်ဟာနေသလို ခံစားရမိသေးတယ်။

ဒါကြောင့်လည်း ဆရာမ ဘယ်လောက်ဆူဆူ၊ ဝိုင်းက ဘယ်လိုမှ မခံစားရတော့တာ။ ဆရာမရဲ့ စကားလုံးတွေက ယဉ်ကျေးဖွယ်ရာ ရှိလွန်းလှတယ်။ အမေ့ ဖေတစ်ရာ မောင်တစ်ကျိပ် ကိုင်တုတ်တာရဲ့ တစ်ဝက်တောင် မဟုတ်၊ အဖျားအနားတောင် မမီ။ ပေတံလေးနဲ့ တဖတ်

]igvWu
wpfcgvpf&H
qefcsufp&m
r&&S
uav;aq;zk
pmt kyf;k
vll yfvefrS .
oifwlk
aumifrSfod
omt udvpk
awGrsm;
[ ef
rajymvkufcsifbl;

ဖတ်ရိုက်လာတော့လည်း အမေ အိမ်မှာ တွေ့ရာပစ္စည်းနဲ့ ကောက်ပေါက်လို့ ထွက်ပြေးရတာလောက် ရင်ခုန်စရာ မကောင်းဘူးလေ။

ဒါပေမဲ့ ကိုကိုနဲ့ ပတ်သက်လို့တော့ ဝိုင်း အကြောထူခြင်း၊ ခေါင်းမာခြင်း မဟုတ်ပါ ဆရာမရယ်။

ကိုကိုက ဝိုင်းတို့ ရပ်ကွက် ပတ်ဝန်းကျင်က ယောကျ်ားတကာထက် ခြားနားသာလွန်လွန်းလှတယ်လေ။ အလုပ်အကိုင်၊ အဆင့်အတန်းကို ဝိုင်း ဆိုလိုတာ မဟုတ်ပါဘူး။ ထည့်လည်း မတွက်ပါဘူး။ ဝိုင်းလို ညှိုးညှိုးမှိန်မှိန်၊ မည်းပိန်ပိန် ကောင်မလေးကို အရေးထား ကြင်နာတတ်တာနဲ့တင် ကိုကို့ကို ချစ်လှပါပြီ။ ကိုကို့လို ကြင်နာဂရုစိုက်မှုမျိုး ဝိုင်း ဘယ်သူ့ထံကမှ မရစဖူး ဆိုရင် ဆရာမ ယုံနိုင်ပါ့မလား။

အမေက ပြောဖူးတယ်။ ပတ်ဝန်းကျင်က ယောကျ်ားဆိုရင် ဘယ်သူ့ကိုမှ မယုံနဲ့တဲ့။ အဲဒါ ကျားတွေတဲ့။ အမေပြောတာလည်း မှန်လောက်တယ် ဆရာမရဲ့။ တချို့ယောကျ်ားတွေဟာ အကြည့်၊ အပြုံးတွေက အစ အတော် အော်ဂလီဆန်ချင်စရာ ကောင်းလှတယ်။ စိမ့်ကြောက်ချင်စရာ စကားမူရာတွေလည်း တွေ့မြင်ရိပ်မိပါရဲ့။ ဝိုင်းရဲ့ ငယ်သူငယ်ချင်း တချို့တောင် ဆန်တစ်ပြည်လောက်နဲ့ မျှားယူခံကြရဖူးတယ်။ တချို့ဆို အဝတ်အစားသစ် ပေါပေါပဲပဲ တစ်စုံလောက်နဲ့၊ တချို့ဆို ဆံညှပ်ကလစ်လှလှလေး တစ်ခုတလေနဲ့တောင် တစ်ဘဝလုံးကို တစ်ညတာနဲ့ လဲလှယ်လိုက်ရတာတွေ ရှိတယ်။

မြို့စွန်ဖျားနားက ဆူးချုံထဲ၊ ရေအိုင်ထဲ လမ်းတံတားခနော်ခနဲ့ထိုးပြီး တဲအိမ်မခိုင့်တခိုင်၊ လေလာရုံနဲ့ လဲပြိုလုလု ယိုင်နဲ့နဲ့မှာနေကြရ၊ အိမ်ရှိလူကုန် နိုင်ရာအလုပ် လုပ်ကြရပေမဲ့ ကျောက်သယ်၊ သဲသယ်၊ ပန်းရန်မှာ အုတ်သယ်၊ မဆလာသယ်တဲ့ အလုပ်ကလည်း ဝမ်းဝ၊ ခါးလှ မဖြစ်ကြဘူးလေ။ ခေါင်းကိုက်ဖျားနာလို့ ဒီနေ့ အလုပ်မဆင်းနိုင်ရင် ဒီနေ့ ချက်စရာဆန်မရှိတော့ဘူး။ အဲ့ဟောင်းလောင်းနဲ့ ရေသောက် ဗိုက်မှောက်နေဖို့ရာလည်း မိအိုဖအိုတွေ၊ ကလေးလူမမည်တွေကို ငဲ့ညှာရမယ်လေ။ ခေါင်းရွက်ဗျပ်ထိုးဈေးသည်လုပ်ဖို့ဆိုတော့လည်း အရင်းအနှီးက လိုသေးတယ်။ အရင်းအနှီး မစိုက်မပို့နဲ့ ဈေးတစ်ဗန်းချရင်းကြည့်တော့လည်း ကိုယ့်လိုဈေးသည်အများစုကြားမှာ တစ်ရင်းပြုတ်လို့ နောက်ထပ် တစ်ရင်း ထပ်မရင်းနိုင်ရင် ဈေးဗန်းသာ အပေါင်ဆိုင် ပို့လိုက်ရတဲ့ အဖြစ်တွေ ဖန်တစ်ရာတေလှပေါ့။

ညနေရီဆို အရက်ဆိုင်တွေမှာ ရပ်ကွက်ယောကျ်ားထုအများစု ခြေချင်းလိမ်ကြတယ်။ မြို့လယ်က သားသားနားနား ယောကျ်ားထုကတော့ ရပ်ကွက်ထိပ်မှာ၊ လမ်းဆုံလမ်းခွတွေမှာ ခြေရှုပ်နေကြပါရော။

အမေပြောတာတော့ ကိုယ့်ဘာသာ ခြေကျင်လျှောက်နေရတဲ့ ဘဝမှာ တစ်ခါတလေ ဆိုင်ကယ်အသစ်စက်စက်၊ ဖိတ်ဖိတ်လက်လက်ကြီးနောက် ထိုင်လိုက်ရတာ ပျော်စရာကောင်းလှတယ်တဲ့။ တစ်ခါတလေကံကောင်းရင် ကားလည်း စီးရသေးတယ်တဲ့။ ဒါပေမဲ့ စက်ဘီးကလေး တချောက်ချောက် နောက်ကယ်ရီယာကလည်း သည်းခံလိုက်ရတတ်တာပဲ။ ဟိုနား၊ ဒီနား ခြေကျင်သွားရမယ်ဆိုတော့လည်း မငြင်းသာဘူးတဲ့။ အဲဒါမှ ဆန်ဖိုး၊ ဆီဖိုး၊ မိအို



www.burmeseclassic.com

www.burmeseclassic.com

ဖအို ဓာတ်စာဖိုးလေး အိမ်အပြန်မှာ ကျစ်ကျစ်ဆုပ်နိုင်ကြမှာလေ။

'နင့်ကို လူမသိ သူမသိ ပျက်စီးနေတဲ့မိန်းမလို့ အရပ်ကပြောနေကြတာ အမှန်ပဲလား ဟင် ကောင်မ'

'ဘယ်...ဟာမတွေက မနာလိုလို့ ပြောလဲ။ နေဦး... ငါနဲ့တွေ့မယ်'

အဘွားမေးတိုင်း အမေက ဖွတ်မငြင်းဘဲ အဘွားကွယ်တာနဲ့ ပတ်ဝန်းကျင်ကို စောင်းမြောင်း ဆဲဆိုတတ်တယ်။

'ငါတို့က တစ်ခါတစ်ရံ ဆန်ချက်စရာ မရှိမှ။ ကလေးဆေးဖိုး၊ စာအုပ်ဖိုး လိုအပ်လွန်းမှ...။ သင်းတို့လို ကောင်းမှန်းသိ သာအိတစိုစိုတွေကများ ဟွန်း၊ မပြောလိုက်ချင်ဘူး'

ဒါဆို ရပ်ကွက်ထဲမှာ အမေ့သမီးမို့ မုန့်ဝယ်ကျွေးရုံ၊ ဆံညှပ် ကလစ်လှလှလေး ဝယ်ပေးရုံနဲ့ ဟိုဟိုဒီဒီ ခေါ်ချင်ကြပြန်တာကျတော့ အမေမသိရှာသလား။ စားသောက်ဆိုင်မှာ ကျွေးမယ်၊ ဖုန်းဝယ်ပေးမယ် ပြောလာရင် အမေက သူကိုယ်တိုင်ပင် လိုက်ပို့ပေးချင်တတ်ပြန်တာ။

'ဒီနေ့ ဆံပင်ညှပ်လာတာလား။ ခံ့တယ်'

...ဆိုတဲ့ ပထမဆုံး စာတိုလေးက စ,လို့-

'ကိုကို့ကို ချစ်လိုက်တာ။ ချင်းဂမ်းက ကိုကိုစားဖို့ပါ'

'ကိုကို အသိမှတ်မပြုလည်း ချစ်မှာပဲ'

စာရွက်ပိုင်းကလေးတွေ ဝှက်သိမ်းရင်း ကိုကိုတစ်ယောက် ရှက်အမ်းမူရာနဲ့ အနေခက်ပေမဲ့ သူ့ သူငယ်ချင်းတွေက ဝိုင်းဝန်းစနောက်မြှောက်ပင့်ပေးကြတာ။

'ယောက်ျားပဲကွာ'

အားပေးစကားယောင်ယောင် မာနကို ပုတ်နှိုးခံလိုက်ရချိန်မှာ အချိန်ကိုက်ရောက်သွားတဲ့-

'ကို ကို့ ပြန် စာလေး တစ်ကြောင်းလောက် ဖတ်ဖူးရင် သေပျော်ပါပြီ'

'တစ် ရာဖိုး လောက် ကလေး ချစ်ပါ ကိုကိုရယ်'

ဆိုမိတော့ ကိုကိုဟာ ဝိုင်းကို အားနာငဲ့ညှာရမှန်း သိလာခဲ့ပြီလေ။ ကိုကို လူအေးလေးရဲ့ အသိအမှတ်ပြုခံခဲ့ရလို့ အပျော်တွေမှ မဆုံးခင်-

'ဒီစာတွေက ညည်းရေးတဲ့ စာတွေလား'

ကိုကို့ ဗလာစာအုပ်ကြားက စာတွေကို ကိုကို့မေမေ တွေ့သွားခဲ့တာပေါ့။

'လက်ထပ်ကြစို့ ကိုကိုရယ်၊ ဆင်းရဲလည်း အတူတူရင်ဆိုင်မယ်။ ခိုးလှည့်နော်'

စာတွေအားလုံးကို သက်သေအဖြစ် ယူလာပြီး ဆရာမကို ကုန်းချောခဲ့တာပေါ့။ ဝိုင်းမှာလည်း ကိုကိုပေးထားတဲ့စာနဲ့ လက်ဆောင်တွေ သိမ်းထားတယ်။

'မင်းတို့ကိစ္စကို အခုချိန်ကစပြီး ရပ်တန်းက ရပ်ကြဖို့ တီချယ် တင်းတင်းကျပ်ကျပ် သတိပေးတယ်။ အမှန်ဆို မင်းတို့ အခုချိန်မှာ ကျောင်းအုပ်ကြီးရဲ့ ရုံးခန်းထဲ ရောက်နေရမှာ။ ရောက်လည်း ရောက်သင့်တယ်။ တီချယ်ကတော့ တီချယ့် သားနဲ့သမီးဟာ တီချယ်ပြောရင် နားလည်လိုက်နာကြမယ် ထင်လို့ မပို့တာပဲ။ အထက်တန်းကျောင်းသား ကျောင်းသူတွေကြားမှာ အခုလိုကိစ္စမျိုး ပေါ်ပေါက်လာတာ တီချယ် သိပ်စိတ်ပူတယ်။ အရမ်းလည်း စိတ်ဆိုးတယ်။နောက်တစ်ကြိမ်ဆိုရင်တော့ တီချယ် ခွင့်မလွှတ်တော့ဘူး'

ကိုကို့ဆီ ဖျတ်ခနဲ ခိုးအကြည့်မှာ ထိတ်ခနဲ စိုးရွံ့စရာ။ ဘုရားရေ၊ ပူပန်နောင်တ မျက်ရည်တွေလား ကိုကိုရယ်။ စကားတစ်စုံတစ်ရာ ကြားနာစရာ မလိုအောင် နားလည်မြင်သာစရာ ကိုကို့မူရာကြောင့် လှိုက်ခနဲ တသက်သက် ဝမ်းနည်းနာကျင်ရတယ်။ ပူဆွေးနွမ်းလျချင်ပြီ။ နှစ်ယောက်သား မျက်ရည်ဖြိုင်ဖြိုင် အပြိုင်စီးကျနေတာကို မြင်လျှင်တော့ ဆရာမက သူ့ဆိုဆုံးမစကား မှားလွန်သွားပြီလားဟု အားနာရွံ့တွန့်သွားလေမလား။

ဘာပဲဖြစ်ဖြစ် ဝိုင်းတို့ ရဲရင့်ကြပါစို့ ကိုကိုရယ်။

ဘာပဲဖြစ်ဖြစ် ဝိုင်း နောက်မဆုတ်ချင်ဘူး တီချယ်။

မဟုတ်မှန်း သိသိကြီးနဲ့ အမေ့တူဝမ်းကွဲလို့ ပြောပြီး အခုတလော အိမ်ကို ချောင်းပေါက်နေတဲ့ အစ်ကိုကြီးက ဘုရားပွဲဈေးလျှောက်ဖို့ ညနေ လာခေါ်လိမ့်မယ် တီချယ်ရဲ့။ ကတိမပေးလိုက်ရသေးပေမဲ့ စိတ်ပြေလက်ပျောက် နင့်အစ်ကိုနဲ့ ဆိုင်ကယ်လိုက်စီးပါလားလို့ အမေက ဖွတ်တွန်းလွှတ်ရင် ဝိုင်း ဘယ်လိုငြင်းနိုင်ပါ့မလဲ ကိုကိုရယ်။

■

**သတိုး**

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ပိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ(၂၀၅)မှ…

ဘုရားပေးထားသော ကံ၏ အဆုံးသတ်ဟုသာ ခံယူပါမည်။ မာမွတ်တာလီက ခါးတွင် အသင့်ဆောင်ထားသော ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်လိုက်သည်။ ထို့နောက် သူမနှင့် အတူပါလာသော ဘင်္ဂါလီတစ်စုကို သူမ နားမလည်သော ဘာသာစကားများဖြင့် ပြောနေသည်။ ခဏအကြာ သူမနှင့်လိုက်လာသော ဘင်္ဂါလီတစ်စု လှည့်ပြန်သွားကြသည်။ မာမွတ်တာလီက သူမကို အသေအချာကြည့်ကာ ခြောက်လုံးပြူး မောင်းကို ‘ချောက်’ခနဲ တင်လိုက်သည်။

သူမ မဲ့ပြုံးနှင့်သာ ကြည့်နေလိုက်သည်။ နာတယ် နာတယ်ဟု တစာစာ အော်ကာ သူမကို အားကိုးတကြီး တောင်းဆိုခဲ့ဖူးသူ တစ်ယောက်က သူမကို ရက်ရက်စက်စက် သတ်ဖို့ ကြံနေလေပြီ။ သူမ သံသရာတစ်ပတ် လည်သည်ဟုသာ ခံယူလိုက်တော့သည်။ သေမင်းကို အကောင်းဆုံး ရင်ဆိုင်လိုက်သည်။

‘ဖောင်း’

‘ဟင် မာမွတ်တာလီ’

ထင်မှတ်မထားသော လှုပ်ရှားမှုတစ်ခုကို မာမွတ်တာလီ ပြုလုပ်လိုက်သည်။ သူမကို ပစ်သည်မဟုတ်ဘဲ သူ့လက်မောင်းကိုသူ သေနတ်ဖြင့် တစ်ချက်ပြန်ပစ်လိုက်ခြင်းဖြစ်ပါသည်။

‘ရှင် ဘာ ဘာလုပ်လိုက်တာလဲ’

‘ဒါ ကျွန်တော် လုပ်ပေးနိုင်တာ အကုန်ပါပဲ ဆရာမလေး၊ ဆရာမလေးနော် ကျနော့်အသက်ကိုနော် ကယ်ခဲ့တယ်၊ ကျနော် ကျေးဇူးမမေ့ဘူးနော်၊ အခု ဆရာမလေး ကျွန်တော့်ဆီက သေနတ်လုပြီး ပြန်ပစ်ထွက်ပြေးသွားသလို ဟန်ဆောင်ရမယ်၊ ဆရာမလေး မာမွတ်ကို ခွင့်လွှတ်ပေးပါ’

သူမ ရင်နင့်ရပြန်သည်။

‘မာမွတ်ရယ်…. ကျွန်မ တကယ်ကျေးဇူးတင်ပါတယ်နော်’

‘ဆရာမလေးရယ် မာမွတ်ကလေ အကြမ်းဖက်သမားအဖွဲ့ထဲကပါ၊ ဆရာမလေးကို မာမွတ်လိမ်ခဲ့ဒယ်၊ မာမွတ်နော် မိန်းမကိုလည်း လိမ်ခဲ့ဒယ်။ မာမွတ်ကိုလေ ကတိပေးပါနော်၊ မာမွတ်မိန်းမကိုတော့ မပြောပြပါနဲ့နော်၊ သူ မသိလို့ပါ’

‘စိတ်ချပါ မာမွတ်ရယ်’

‘ရှော့ သေနတ်ယူသွားပါ ဆရာမလေး၊ မာမွတ်တာဝန်ကျေပါတယ်နော် အားကျွတ်ကျွတ်…’

‘ကျေပါတယ် မာမွတ်ရယ်…ကျေပါတယ်’

သူမကို မာမွတ်တာလီက ရဲကင်းတစ်ခုရှိရာသို့ ညွှန်ပေးခဲ့ပါသည်။ သွေးအလိမ်းလိမ်းဖြင့် မာမွတ်ကို သူမ သနားကြည့်ဖြင့်သာ ကြည့်ပေးနိုင်ခဲ့ပါသည်။ လူနာတစ်ဦးကို မျက်နှာချင်းဆိုင်ရာမှ ကုသခွင့်မရဘဲ ကျောခိုင်းရသည်မှာ သူမဘဝတွင်ဒါ ပထမဆုံးအကြိမ်ဖြစ်ပါသည်။

‘ဆရာမလေး မာမွတ်ကလေ လူဆိုးတစ်ယောက်ဆိုတော့ မာမွတ်ကို တော်တော်မုန်းသွားမှာပေါ့နော်’

မာမွတ်၏ နှုတ်ထွက်စကား။ သူမ မာမွတ်ပခုံးကို အသာအယာ ကိုင်ကာ-

‘ကျွန်မ မာမွတ်ကို မမုန်းပါဘူး ရှင်၊ ခု မာမွတ်က ဆရာဝန်မတစ်ယောက်ကို ကယ်လိုက်တာလေ’

ဟူသော စကားဖြင့် နှုတ်သိမ့်ပေးခဲ့ပါသည်။ ဒါသည်လည်း မာမွတ်တာလီအတွက် သူမ လတ်တလော လုပ်ပေးနိုင်တာ အကုန်ပင် ဖြစ်ပါသည်။ သူမ တောင်ကမူအတိုင်း ဆင်းလာခဲ့ပြီး မာမွတ်တာလီ ညွှန်ပြသော လမ်းအတိုင်း အပြေးနှင်ခဲ့ပါတော့သည်။

❑

သူမ အတော်အတန် ခရီးပေါက်လာသောအခါ ရဲကင်းတစ်ခုကို ရောက်ခဲ့ပါသည်။ အိပ်မက်ဆိုးကြီးမှ လွတ်မြောက်လာရသူ တစ်ယောက်အတွက် ချလိုက်သော သက်ပြင်းကအစ အရသာရှိလွန်းလှပါသည်။ သူမကို အကျိုးအကြောင်း မေးကာ ကိုကိုနှင့် ဆက်သွယ်ပေးကြသည်။ နေ့လယ်တစ်နာရီခန့်တွင် ကိုကို ရောက်လာခဲ့ပါသည်။ သူမ ကိုကို့ကို တအားဖက်ကာ ငိုယိုပစ်လိုက်သည်။ ဘင်္ဂါလီတစ်ယောက်ကို တွန်းထိုး သေနတ်လုပြေးခဲ့ခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။ မာမွတ်တာလီ အကြောင်းတော့ သူမ ထည့်မပြောပြခဲ့ပါ။ ဒါလည်း လူသားချင်း စာနာတရား သက်သက်ကြောင့်သာဖြစ်ပါသည်။

‘တော်သေးတာပေါ့ ညီမလေးရယ်’

‘ဒီမှာ ကိုကို ညီမလေးအတွက်တော့ ကုလား၊ ဗမာ၊ ရခိုင်ဆိုတာ လုံးဝ မရှိဘူး။ လူကောင်းနဲ့ လူဆိုးဆိုတဲ့ လူနှစ်မျိုးပဲရှိတယ်ကိုကို။ ကုလားက လူဆိုးမဟုတ်ဘူး၊ မကောင်းတာလုပ်သူသာ လူဆိုးပါ ကိုကိုရယ်’

သူမနှုတ်မှထွက်လာသော စကားလုံးကို နားထောင်ရင်း သူမမျက်နှာကိုပါ ကိုကိုက အသေအချာ ငေးကြည့်နေခဲ့သည်။ ထိုစကားပြောနေစဉ် အတော်လေး တည်ကြည် ငြိမ်သက်သွားသည်ဟု သူမကိုယ်သူမ ထင်မြင်မိပါသည်။ ကိုကိုက သက်ပြင်းပါးပါးလေးတစ်ခုကို ချလိုက်ကာ-

‘အေးပါ ညီမလေးရယ်’ဟု တိုးတိုး ရေရွတ်ရင်း သူမခေါင်းကလေး အသာပုတ်လိုက်သည်။ နေရောင်ကစူးရှသော အလင်းတစ်ခုဖြင့် သူမမျက်နှာကို မိတ်ဆက်လိုက်သည်။ လောကသည် လူကောင်းများ လူကောင်းအလုပ်လုပ်၍ လူဆိုးများ လူဆိုးအလုပ်ကို ဆက်လုပ်ရန် ပြဇာတ်စင်မြင့်တစ်ခုသဖွယ် ခင်းကျင်းပေးထား၏။ မနက်ဖြန်ဆိုတာကို မသိသော လူသားတစ်ယောက်အနေနှင့် သူမ အရာရာကို စိုးရိမ်မိသလို ဆရာဝန်မတစ်ယောက်အနေနှင့် ပြီးခဲ့သော မနေ့ကဖြစ်ရပ်တိုင်းအတွက်တော့ ဂုဏ်ယူမိပါသည်။ ■

**မောင်ညလေး**


*(နိုင်ငံရေး ဘာသာရေး ပုတ်ခတ်တိုက်ခိုက်ခြင်းမျိုး အလျှင်းမရှိဘဲ ခံစားချက်နှင့် ခံယူချက်သက်သက်ကိုသာ ရေးဖွဲ့ပါသည်။)*



www.burmeseclassic.com

၁။

ဝသန်၏ ရှေ့ပြေး မိုးသားက စတင်ကြွဆင်းလို့ လာချေပြီ။ လနှင့်ချီ၍ အစိုဓာတ် ကင်းကွာခဲ့လေသော ထိမ်ခေါင်မိုးသွပ်ချပ်များက အပေါ်ရှိ ဖုန်မှုန့်များကို စတင် နှိမ်နင်းခွင့်ရရှိတော့မှာမို့ ကြည်နူးသွားသည့်နှယ် မျက်နှာတော် လန်းဆန်းလာလေ၏။ မိုးတစ်ပေါက်ကျလိုက်၊ ဖုန် မှုန့်ကလေးတွေ လန့်ဖျပ်ထ၊ ခုန်လိုက်နှင့် ဝသန်နှင့် ဂိမှာန်တို့ အားအားလုပ်ပွဲသည်ကား သွပ်ချပ်များပေါ်၌ ဝရုန်းသုန်းကား။




# အူယေချင်းတို့ရဲ့ နှာခေါင်း/ကိုကြည်

အစပိုင်းတွင် မိုးပေါက်အင်အား နည်းသေး၍ ဖုန်မှုန့်များက အလေးမထားသေးသည့် အသွင်။ ကျခါစ တစ်ပေါက်၊ နှစ်ပေါက်လောက်ကို အဆုံးစီရင်၍ ဖုံးဖိဖျောက်ဖျက်ပစ်လိုက်ကြသည်။

သို့သော် စစ်ကူ မိုးသားအင်အား အလုံးအရင်းနှင့် ဝင်ရောက်လာသောအခါတွင်မူ ဖုန်မှုန့်တို့၏သွေး မြေခ၊ ရလေတော့သည်။ ဤသို့ဖြင့် ဝသန်သည် ဂိမှာန်ကို စစ်အောင်နိုင်လိုက်ကြောင်း ထစ်ချုန်းသံဖြင့် ဟစ်ကြွေးကြေညာကောင်းခတ်ပစ်လိုက်၏။

မိုးညိုလျှင် အလွမ်းပိုတတ်သည်ဆိုသည့် ခံစားမှုဓာတ်သည် ဦးတင်ရွှေထံသို့ စတင် ချဉ်းကပ်လာလေပြီ။ အကြောင်းပြချက်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ရာ မပြနိုင်သော် ငြား ဘယ်ဆီ ဘယ်ဝယ် ဘယ်စခန်းဆီသို့ လွမ်းမှန်းမသိ လွမ်းနေ၏။ မြင်မြင်သမျှ လွမ်းစရာတွေချည်း။ လေအဟုန်၌ ကြွေဆင်းသွားသော မိုးရေစိုစွတ်ခါစ ရွက်ခြောက်ကို ကြည့်ရင်းလည်း လွမ်းသည်။ သွပ်ဖျားမှ လိမ့်ဆင်းသွားသော ဖုန်သွေးရောင် မစင်သေးသည့် နီကြင်ကြင် မိုးစက်တွေကို ကြည့်ရင်းလည်း လွမ်းသည်။ လွမ်းသောကြောင့် လွမ်းမိသည်။ လွမ်းမိသောကြောင့် ပို၍ ပို၍ လွမ်းပါသည်။ ဤကား ဦးတင်ရွှေ၏ လွမ်းရခြင်းအကြောင်းရင်းပင် ဖြစ်လေတော့သည်။

*'ခေါင်းလောင်းသံတည့်ညံ့ပေးတဲ့ … ရွာကျောင်းကို ပြေးမြင်မိရင် သတိရနေတယ် သူငယ်ချင်းရေ တို့များငယ်ငယ်တုန်းက ရွာအဝင်လမ်းဆီကနေ လက်ချင်းယှက်ကာ ပြေးကာလွှားကာ ကျောင်းတက်လာကြတာတွေ မေ့နိုင်ပါ့မလား မင်းတို့ငါတို့ ငယ်ငယ်တုန်းကလေ…'*

ငြိမ့်ငြိမ့်ညောင်းညောင်းဖြင့် ပျံ့လွင့်လာသော တေးသီချင်းသံက မိုးသံကြားမှနေ၍ ဦးတင်ရွှေ့ရင်ထဲသို့ စတင် ထိုးဖောက်ဝင်လာသည်။ ထိုအခါ ဦးတင်ရွှေ၏ အလွမ်းမြားဦးက နားနှစ်ဖက်သို့ ဝင်စိုက်၏။

'သား အသံနည်းနည်း ထပ်ချဲ့စမ်းကွာ'

မောင်ကျော်က ဖခင်၏ ဆန္ဒကို အကောင်အထည်ဖော်လိုက်သည်။

**&Gau smi fUkd ajy;jrifEdkif owd&aew, f ol, fcsif;a& wdkYrsm; i, f, fwkefu &Gmt0if vrf qDae vufcsif, Gufum ajy;umvm;um ausmi fwuf vmMuwmawG arEdkifygvm; ri fwdkYi g i, f, fwkefu av...**

သီချင်းစာသားနှင့် သံစဉ်တီးလုံးတို့ ခေါ်ဆောင်ရာနောက် ဦးတင်ရွှေ၏ စိတ်အစုံလိုက်ပါသွားပြီး အတိတ်ကာလတစ်ခုအတွင်း၌ ဝေ့လည်ဝေ့လည် ကူးလူးပြေးလွှားနေလေ၏။

'သား မင်းရုံးပိတ်ရက်ရောက်ရင် အဖေ့ကို ရွာလိုက်ပို့စမ်းကွာ'

'ဘယ်ရွာကို ပြောတာလဲ အဖေ'

'ဩော် … အဖေရဲ့ ဇာတိ ချက်မြှုပ်ရွာလေ။ မော်လမြိုင်ရဲ့ ဒီဘက်ကမ်းက ရွာမက၊ မြို့မကျ မုတ္တမကို ပေါ့'

'ဘာလဲ သီချင်းနားထောင်ပြီး ရွာကိုလွမ်းနေလို့လား'

'အေးကွာ မရောက်တာလည်း အနှစ်နှစ်ဆယ်လောက်ရှိပြီဆိုတော့ ငယ်ပေါင်းတွေကို လွမ်းသလိုလို ရှိလာလို့'

'ဟုတ်ကဲ့အဖေ၊ ဒီတစ်ပတ်ရုံးပိတ်ရက်ကျရင် သွားကြတာပေါ့'

သီချင်းဆုံးသွားသော်လည်း နားထောင်၍ အားသာမပြေသေးသဖြင့် သားဖြစ်သူအား နောက်တစ်ခေါက် ထပ်ဖွင့်ပေးရန် ဦးတင်ရွှေ တောင်းဆိုလိုက်သေး၏။

❑

၂။

ဦးတင်ရွှေသည် သံလွင်မြစ်ကူးတံတားကြီးကို တီဗွီဖန်သားပြင်နှင့် သတင်းစာ၊ ဂျာနယ်များ၌ ရုပ်ဖန်ရုပ်ခါ တွေ့ဖူးသော်လည်း အပြင်၌ မျက်ဝါးထင်ထင် မမြင်ဖူးခဲ့။ ယခု တွေ့သောအခါ၌မူ တအံ့တဩ ငေးမောကြည့်ရှုနေရသည်။ ထည်ဝါခံ့ညားပေစွ။

မော်လမြိုင်ဘက်ကမ်းသို့ ကူးစရာမလို၍ ကားသည် တံတားပေါ်သို့ တက်စရာမလိုဘဲ တံတားဘေးညာဘက်သို့ဝင်၍ တံတားအောက်မှ လျှိုထွက်ကာ ဖြတ်သန်းလာခဲ့၏။

တံတားနှင့် အနည်းငယ်အလှမ်းကွာလာသည်နှင့် အမျှ ကတ္တရာလမ်းမှာလည်း ချိုင့်ခွက် အကြီးအသေးစုံလင်စွာဖြင့် ပေါက်ပြဲရာဗလပွ။ အဝေးပြေးကားများဖြတ်သန်းစရာ မလိုတော့၍ ပြင်ဆင်ခြင်း မပြုတော့လေသလား။

ဘူတာရုံနှင့် သဘော်ဆိပ်တို့သည် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်နှင့် ယှဉ်လျှင် ယှဉ်နိုင်ဖွယ်ရာ မရှိ။ အဆောက်အဦအဟောင်းများစွာဖြင့် အကျည်းတန်လျက်။

ဤဘူတာရုံနှင့် သဘော်ဆိပ်သည် ဦးတင်ရွှေငယ်စဉ်က ခြေရာများ ထပ်ခဲ့ရာ နေရာများပင်။ ညနေခင်းစည်ကားချိန်ဆိုလျှင် အပျင်းပြေ လမ်းလျှောက် ထွက်ခဲ့ဖူး၏။ ညရထားထွက်ရန် အသင့်ပြင်ထားသည့် ရထားတွဲဆိုင်းများပေါ်ရှိ ခရီးသည်များကို သဘောတကျ လိုက်လံကြည့်ရှုခဲ့ဖူး၏။ သဘော်ဆိပ်၌ မကြာမကြာ ဆိုက်ကပ်လာသော သဘော်များ၏ မြောက်မြားစွာသော အတက်အဆင်းလူများကို ငေးမောကြည့်ရှုခဲ့ဖူး၏။ သဘော်မစောင့်လို၍ အလျှင်လိုသည့် ခရီးသည်များအား တင်ဆောင် ထွက်ခွာသွားသည့် ပဲ့ချိတ်နောက်ပိုင်းမှ တဖွားဖွား ဖွာထွက်လျက်ရှိသည့် ရေများကို နှစ်သက်စွာ ကြည့်ခဲ့ဖူး၏။

ယခုမူ သံလွင်တံတားကြီး၏ အစွမ်းကြောင့် ထိုအရာတို့ကား ပျက်သုဉ်းခဲ့လေပြီ။ ဘူတာ၏ အပြင်ဘက်ရှိ မုတ္တမမြို့မှ ကြိုဆိုပါ၏ ဆိုင်းဘုတ်သည်လျှင်ပင် တောက်ပ,ခြင်း မရှိဘဲ မှေးမှိန်လျက်ရှိ၏။ ယခင်က အပြိုင်အဆိုင် စည်ကားရောင်းချခဲ့ကြသည့် ကားလမ်းဘေးရှိ စျေးဆိုင်တန်းများသည်လည်း ယခုမူ လူနေခန်းများအဖြစ် ဖြင့်သာ ခြောက်ကပ်ကပ်နိုင် လွန်းလှ



www.burmeseclassic.com

www.burmeseclassic.com

၏။ ကားများ မြစ်ကူးရာဇက်ဆိပ်သည်လည်း အဘယ်သို့ ရှိလိမ့်မည်နည်းဟု ဦးတင်ရွှေ မမှန်းဆတတ်တော့ပေ။

ကားလေးသည် လူးကာလွန့်ကာဖြင့် မြသိန်းတန်စေတီရှေ့ကဖြတ်ချိန် ဦးတင်ရွှေသည် ကားပေါ်မှနေ၍ လက်အုပ်ချီကာ ကန်တော့လိုက်သည်။

‘သား ကားကို ဒီမှာပဲ ရပ်ထားလိုက်တော့’

‘ဗျာ… ရောက်ပြီလား အဖေ’

‘ရောက်တော့ မရောက်သေးဘူးကွ၊ ဒါပေမဲ့ လမ်းလျှောက်မှ ရတော့မှာ’

ခဏလျှောက်လိုက်ရာ တောင်ကုန်းပေါ်သို့ တက်ရန်ဖောက်ထားသည့် လမ်းကြားတစ်ခုသို့ ရောက်လေသည်။

‘ဒီကနေ တက်ရမှာလေ။ အမယ်…ကားတက်ဖို့တောင် လမ်းချဲ့ထားပြီးပြီပဲ။ ဒါပေမဲ့ ကားတက်ဖို့တော့ ခက်လိမ့်မယ်။ ဒီလောက်မတ်စောက်ပြီး တစ်ပတ်လိမ်ထားသေးတာ။ ဟိုအရင်တုန်းကတော့ ဒီနေရာကို ကားမပြောနဲ့ လူတောင် မနည်းတက်ရတာလေ။ ကျောက်တုံးကျောက်ခဲတွေနဲ့ လမ်းခုထားရတာပေါ့။ ဒါပေမဲ့ အဖေတို့ကတော့ ရိုးနေပြီ။ ရေထမ်းပြီးတော့ တက်နေကျပေါ့’

ဦးတင်ရွှေက သူ၏ငယ်ဘဝ သန်မာဖျတ်လတ်ခဲ့ပုံကို သတိတရ ပြန်ပြော၍ သဘောကျစွာ ရယ်မောနေသေး၏။

တောင်ကုန်းထိပ် တစ်ဆစ်ချိုးသို့ ရောက်သောအခါ အနောက်ဘက်သို့ ပြန်လှည့်ငေးမောကြည့်လေ၏။

အောက်ဘက်၌ မတ်စောက်သောလမ်း။ ရှေ့တူရူ မနီးမဝေး၌ မြစ်ပြင်ကျယ်။ မြစ်တစ်ဖက်ကမ်း၌ မှုန်ဝါးဝါး သစ်ပင်တန်း။

‘မင်း… မင်း… တင်ရွှေ မဟုတ်လား’

‘အေး ဟုတ်တယ်၊ ဒါနဲ့ မင်းက ဟာ… ဖိုးကူး။ မင်း… ဖိုးကူး မဟုတ်လား’

‘ဟားဟား ဟုတ်ပါ့ကွာ။ ကြည့်စမ်း ငါ့သူငယ်ချင်း မင်း ပေါ်လာသေးတယ်နော်။ မင်းတောင် ဆံပင်တွေ ဖြူနေပါရော့လား’

‘မင်းရော ဘာထူးလို့လဲ။ သွားတွေတောင်ကျိုးလို့’

အားပါးတရ ရယ်မောကြလေသည်။

‘လာသူငယ်ချင်း အိမ်ထဲလာ’

‘သြော်… မင်းက အခုချိန်ထိ ဒီကုန်းထိပ်မှာပဲ နေနေတုန်းလား။ နေဦးကွ၊ ဆရာတော်ဆီ အရင်သွားဦးမယ်လေ’

‘နောက်မှ သွားလေကွာ။ ဟိုမှာ ကောင်လေးမောရော့မယ်။ အထုပ်အပိုးတွေနဲ့။ ဒါနဲ့ သူက ဘယ်သူတုံး’

‘ငါ့သားလေကွာ’

‘သြော်… ဟုတ်လား။ လာကြကွာ၊ ငါ့အိမ်အရင်ဝင်ပြီးမှ လည်ချင်တာ လျှောက်လည်ပေါ့’

ဦးဖိုးကူး၏ အိမ်ပေါ်ရောက်သည်နှင့် ရှေးဟောင်းနှောင်းဖြစ်အကြောင်းများ ပြောဆိုရယ်မောမဆုံးကြတော့။

‘မင်းတို့သားအဖ ခဏနေဦး။ ငါ ဟိုကောင်တွေကို သွားပြောလိုက်ဦးမယ်။ အသောင်း နင် သူတို့ကိုဧည့်ခံထားနှင့်’

သူ၏ဇနီးကို မှာကြားပြီးသည်နှင့် ဦးဖိုးကူး ထွက်သွားလေတော့သည် မကြာလိုက်ပေ။

သူနှင့်အတူ လေးငါးယောက်ခန့် ထပ်ပါလာသည်။

တအံ့တသြ အော်ကြဟစ်ကြ၊ နာမည်တွေ အားပါးတရခေါ်ကြနှင့် ရယ်မောမဆုံး တရုန်းရုန်း။

တချို့ နာမည်များ မေးမြန်းရာ ကွယ်လွန်သွားကြကြောင်း သိရ၍ စကားမဆက်နိုင် တိတ်ဆိတ်သွားပြန်သည်။

‘မိဘုတ်တို့၊ လှမြင့်တို့၊ အောင်ဆန်းတို့ရော’

‘သူတို့က ရှမ်းပြည် (ထိုင်း)တက်သွားတာ ကြာပြီလေ။ သုံးလေးနှစ်ကြာရင်တော့ အလည်ပြန်လာတတ်ကြတယ်ကွ’

‘သြော်’

‘ကဲ ဒါတွေထားပါတော့ကွာ၊ ဒါနဲ့ မင့်မယ် ဒလင်လက်စွမ်းရော အရင်လိုကောင်းသေးရဲ့လား’

‘အသက်ကြီးပေမဲ့ မပျက်စီးသေးပါဘူးကွာ ဟားဟား’

‘ဒါဆို ဒီည ဝိုင်းလိုက်ကြစို့ကွာ’

အပြုံးကိုယ်စီဖြင့် နှုတ်ဆိတ်သွားသော လေးဆယ်ကျော် ငါးဆယ်ဝန်းကျင်ခန့်ရှိ ငယ်ပေါင်းများထံ၌ အတွေးကိုယ်စီတော့ ရှိနေကြမည်သာ။

နှစ်နာရီခန့် စကားဖောင်ဖွဲ့ကြပြီးသောအချိန်၌ ညမှတွေ့ရန် အသီးသီးချိန်းဆို၍ ပြန်သွားကြလေသည်။

‘ကဲ… တင်ရွှေ မင်းတို့သားအဖ ငါ့ဆီမှာပဲတည်း၊ ပျော်သလောက်သာနေကွာ’

‘အေးပါ ဖိုးကူးရာ ဒါပေမဲ့ ရက်ကြာကြာတော့ မရဘူးကွ။ ငါ့သား ရုံးပိတ်ရက်လေး လိုက်ပို့နိုင်းရတာ၊ ဒီအရပ်ဒီဒေသနဲ့ မင်းတို့ကို သတိရလွန်းလို့’

‘အေးပေါ့လေ၊ မင်းတို့ငါတို့တင်မကဘူး ဟောဒီလောကကြီးက လူသားတိုင်းလိုလိုဟာ ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေကြရမှာကိုး။ ဒါနဲ့ မင်းဇနီးရော ဘာလို့မပါလာတာလဲ’

‘သူဆုံးသွားတာ ငါးနှစ်လောက်ရှိပြီကွ။ ငါနဲ့ ငါ့သားက အဖေတစ်ခု သားတစ်ခုဘဝပေါ့။ အခု ငါ့သားက အဖေအသက်ကြီးပြီ အလုပ်မလုပ်နဲ့တော့၊ သူပဲ ရှာကျွေးမယ်ဆိုပြီး အလုပ်ထွက်ခိုင်းလိုက်တာ သုံးနှစ်တောင်ရှိပြီပေါ့’

‘မင်းသားက လူလိမ္မာပဲ။ ငါ့သားနဲ့ ငါ့သမီးကတော့ ရှမ်းပြည် တက်သွားတာ တစ်နှစ်ရှိပြီ။ အငယ်မက ဟိုမှာပဲ အိမ်ထောင်ကျသွားပေမဲ့ တစ်လခြား၊ နှစ်လခြားတော့ ပြန်ထောက်ပံ့ပါသေးတယ်။ အကြီးကောင်ကတော့ သူရသူသုံးပဲပေါ့။ အငယ်မ ပို့တာနဲ့ ငါတို့ဘာသာ ဆိတ်မွေး၊ ဝက်မွေးနဲ့ ဒီလိုပဲ အဆင်ပြေသလိုနေရတာပေါ့။ ဒါနဲ့ မင်း ကားပါလာတယ်ဆို မောင်းတက်လာခဲ့လေ’

‘အေး အစကတော့ လမ်းဖောက်ထားတာ မသိ



www.burmeseclassic.com

www.burmeseclassic.com

လို့၊ သွားပြန်မောင်းတက်ရဦးမယ်'

'ကဲ… နားဦး သူငယ်ချင်း။ ညကျမှ ငါတို့တွေ ပျော်ပျော်ပါးပါး ငယ်မူပြန်ကြတာပေါ့'

မိုးစက်တို့သည် ရုတ်တရက် ပိုးပိုးပေါက်ပေါက် ကြွေကျလာခဲ့၏။

ညနေစောင်း မှောင်ရိပ်သန်းချိန်၌ အားလုံး ချိန်းဆိုထားကြသည့် နေရာသို့ ဦးတင်ရွှေတို့ သားအဖနှင့် ဦးဖိုးကူးတို့ ထွက်လာခဲ့ကြသည်။

တောင်ကုန်းကလေးသည် မြေသားထက် ကျောက်သားပိုများသည်ဟု ဆိုရပေမည်။ တဖြည်းဖြည်း တက်လာခဲ့ကြရင်း ကျောက်ဖျာကြီးတစ်ချပ်နား အရောက်၌ ဦးတင်ရွှေ ပြုံးမိသွားသည်ကို ဦးဖိုးကူး မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

'ဟကောင်ရ မင်းက ဘာတွေ သဘောကျနေရတာလဲ'

'သြော်… ပြန်သတိရသွားလို့ပါ။ ငယ်ငယ်က စစ်တိုက်တမ်း ကစားတုန်းကလေ ကျိုက်ဖျဉ်ကူဘုရားပေါ်ကနေ တောင်စောင်းအတိုင်း ပြေးဆင်းလာရင်း ဒီကျောက်ဖျာနားမှာ ချော်လဲပြီး ဒူးပြဲသွားတာလေး သတိရမိသွားလို့ အဟဲ…'

'အေးဟ၊ အဲဒီတုန်းက ငါတို့တွေ တော်တော်ကမြင်းခဲ့ကြတာ။ တစ်ခါတလေတော့ အဲဒီလို ဖြူစင်တဲ့ငယ်ဘဝလေး ပြန်လိုချင်မိတယ်ကွာ'

ဦးဖိုးကူး စကားကြောင့်

]uLuDacG b, fvkd&; uav;b0 t &G fkd acsmbum ajcmuGum ajrjyifuGum yifbum ynmoifay;wJh q&mrsm;&U *kPfusZl;awG vlvm;ajrmufvkh t cgrSav…}

ဦးတင်ရွှေ အပြုံးရပ်၍ ပြန်တည်သွားသည်။

'လာကြဟေ့'

'မင်းတို့တောင် ရောက်နေကြပါရောလား။ ငါတို့ပဲ ကျန်တယ်ထင်ပေါ့'

'အော်လန်လည်း ကျန်သေးတယ်။ မယ်ဒလင် သွားငှားပြီးတာနဲ့ လာခဲ့မယ်လို့ ငါတို့ထွက်လာတုန်းက ပြောသွားတယ်။ အင်း… မယ်ဒလင်ကလည်း လွယ်လွယ်ငှားမရဘူး ထင်ပါရဲ့။ အခုခေတ်က ငါတို့ငယ်ငယ်တုန်းကလို မဟုတ်တော့ဘူး။ မယ်ဒလင်တွေ ရှားသွားပြီကွ'

ဦးဖိုးကူးက ဖိုထားသည့် မီးပုံထဲသို့ ထင်းချောင်းတစ်ချောင်း ထပ်ထည့်လိုက်သည်။ သူတို့အားလုံး မီးပုံပတ်လည်၌ အလျဉ်းသင့်သလို ထိုင်နေကြသည်။

'ဟော… ဟိုမှာ အော်လန်လာပြီ'

'ဟူး… မယ်ဒလင်ရှာရတာ တယ်မလွယ်ဘူးကွ။ ငါတို့ကလည်း တီးမတတ်ကြတော့ ဘယ်သူမှ မဆောင်ထားကြဘူး။ ဒီကောင် တင်ရွှေပဲ တီးတတ်တာ။ အခုရှာမရတဲ့အဆုံး ဆရာကြီး ဦးခင်မောင်ဆီမှာရှိမှန်း သတိရလို့ အဲဒီမှာ သွားငှားလာတာ'

'ဟာ… ဆရာကြီး ဦးခင်မောင်က ရှိသေးတာလား။ မနက်ဖြန် သွားကန်တော့ဦးမှပဲ'

'မင်းသွားရင်တော့ ကြိမ်လုံးနှစ်လုံး ပူးသွားနော်'

'အာ…'

တိုင်ပင်မထားဘဲ အားလုံးက ဝါးလုံးကွဲရယ်မောကြလေသည်။

'အဟားဟား တင်ရွှေ၊ တင်ရွှေ… အဲဒီတုန်းက မင်းအရိုက်ခံရတာကိုကြည့်ပြီး ငါတို့မှာ ရယ်ရမလို၊ ငိုရမလိုကို ဖြစ်လို့'

'အေးလေ… ဒီကောင် မို့ကွာ၊ မပြောမဆိုနဲ့ မိဘုတ်စာအုပ်ထဲ ရည်းစားစာသွားညှပ်ထားတာ ဟိုက မသိဘဲ အိမ်စာစစ်ဖို့ ဆရာကြီးဆီ စာအုပ်သွားထပ်လိုက်တော့ ဆရာကြီးက မိရောပေါ့။ အဲဒီတုန်းက ဟိုကောင်စိန်ညွှန့်ကို အတန်းထဲမှာ အသံကျယ်ကျယ်နဲ့ ဖတ်ပြခိုင်းတာ ဘာတဲ့ ဘုတ်ကို မတွေ့ရရင် မနေနိုင်ဘူးတဲ့။ စားလည်းဘုတ်၊ သောက်လည်းဘုတ်၊ အိပ်ရင်လည်း ဘုတ်ပဲဖြစ်နေတယ်တဲ့။ မင်းစာလည်း ဆုံးရော နားထဲမှာ တဘုတ်ဘုတ်နဲ့ စက်လှေခုတ်သံကို ညံသွားတာပဲ ဟားဟား'

'ခွေးကောင် မင်းရော ဘာထူးလို့လဲ။ ကျောင်းပြေးပြီး ခဏခဏ ရေသွားကူးလို့ ဆရာကြီးကြိမ်လုံးစာ ခဏခဏမိခဲ့တာလေ။ မင်းနာမည်ရင်း ကျော်သန်းတောင် ပျောက်ပြီး ရေကူးများလို့ ဖိုးကူးဖြစ်သွားတာလေ ဟားဟား'

တစ်ယောက်နှင့်တစ်ယောက် ငယ်ကျိုးငယ်နာများ အပြိုင်ဖော်ရင်း ဦးတင်ရွှေတို့ သူငယ်ချင်းတစ်စုမှာ ရယ်မော၍ မဆုံးနိုင်။

'ကဲကဲ… သီချင်းဆိုကြရအောင်၊ ရော့… တင်ရွှေ မယ်ဒလင်'

'မင်းကတော့ ဒီဝါသနာမှာ သူများထက်သာတယ်။ မင်းအသံပြကြီးနဲ့ အော်အော်ဆိုလွန်းလို့ မင်းနာမည် အော်လန်ဖြစ်နေတာလည်း ကြည့်ဦး ဟားဟား'

'အဟီး… အေးကွ ငါကလည်း အဆိုသာ ဝါသနာကြီးတာ တီးဖို့ကျတော့ ဘယ်လိုသင်သင် သင်လို့ကို မတတ်ဘူး'

'ဒါကတော့ မင်းက တင်ရွှေလို တဘုတ်ဘုတ်နဲ့ စက်လှေ မခုတ်တတ်လို့ပဲဖြစ်မယ် ဟားဟား'

အားလုံး ဝက်ဝက်ကွဲ ရယ်ကြပြန်လေသည်။ ဦးတင်ရွှေက သီချင်းတစ်ပုဒ် စ,တီးသောအခါ အားလုံး ဝိုင်း၍ ဆိုကြသည်။ တစ်ပုဒ်ပြီးတစ်ပုဒ်နှင့် အားရပါးရ



www.burmeseclassic.com

www.burmeseclassic.com

မနားတမ်း တီးခတ်သီဆိုနေကြသော လေးဆယ်ကျော်လူကြီးများကို မောင်ကျော်ပြုံး၍ ကြည့်နေသည်။

‘ကဲ ညလည်း နက်လှပြီ။ နောက်ဆုံးတစ်ပုဒ် ဆိုပြီး သိမ်းရအောင်။ ဘာသီချင်းဆိုကြမလဲ’

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြိုင်တူ အဆိုပြုကြသည်။

‘အသီးတစ်ရာ အညှာတစ်ခု’

ဦးတင်ရွှေ၏ မယ်ဒလင်တီးသံ ညက်ညက်ညောညောမှာ အားလုံးက လေယူလေသိမ်းမိမိ သီဆိုကြသည်။

‘*ကကြီးခခွေး ဘယ်လိုရေး ကလေးဘဝအရွယ်မို့ ချော့ကာခြောက်ကာ မြှောက်ကာပင့်ကာ ပညာသင်ပေးတဲ့ ဆရာများရဲ့ ဂုဏ်ကျေးဇူးတွေ လူလားမြောက်တဲ့အခါမှာလေ…*’

သီဆိုသံများက မြိုင်ဆိုင်လှသည်။ တစ်ပိုဒ်နှင့် တစ်ပိုဒ် အချိတ်အဆက် ထိမိသည်။

‘*တစ်ဝမ်းတစ်ခါး အတွက်မို့ တစ်လမ်းစီသွားခဲ့ရပေ ဟော့သူငယ်ချင်းရေ၊ ဟော့သူငယ်ချင်းရေ…*’

သီချင်းကား ဆုံးသွားပြီဖြစ်ပေမဲ့ အားလုံးက စကားသံများ တိတ်ဆိတ်စွာ ငြိမ်သက်လျက်။

တိတ်ဆိတ်ခြင်းကို ပထမဆုံး ပြန်လည်ဖြိုခွင်းလိုက်သူက ဦးတင်ရွှေ။အသံက အလွမ်းငွေ့ထုံမွမ်းစွာဖြင့်။

‘ငယ်ဘဝဆိုတာ ငါတို့ငယ်ငယ်က ချိုးခဲ့ဖူးတဲ့ မြစ်ရေလိုပဲ။ စီးဆင်းသွားပြီးတဲ့ အဲဒီမြစ်ရေကို နောက်တစ်ခါ ပြန်ချိုးခွင့်ဆိုတာ ဘယ်တော့မှ မရနိုင်တော့ဘူးလေ’

အပြန်လမ်းထက် ခြေလှမ်းတို့သည် လာတုန်းကလိုတက်ကြွမနေကြတော့။ လေးဆယ်ကျော် သူငယ်ချင်းတစ်စုသည် နီးရာလူ၏ လက်များ၊ ပခုံးများကို ဖျစ်ညှစ်ဆုပ်ကိုင်သိုင်းဖက်ထားကြသည်။ ည၏ တိတ်ဆိတ်ခြင်းနှင့် အမှောင်တို့သည် ဝမ်းနည်းစိတ်များကို ပို၍ တူးဆွနေသယောင်။

ဤသို့နှင့် ဦးတင်ရွှေတို့ သားအဖ၏ ဇာတိမြေ အလည်ရက်များ ကုန်လွန်ခဲ့လေ၏။

ကားလေးသည် တောင်ကုန်းကို စတင်ကျောခိုင်း၍ ထွက်ခွာလာချေပြီ။ ဦးတင်ရွှေအဖို့ကား ပျော်ရာမြေကို ကျောခိုင်း၍ တော်ရာမြေသို့ ဦးတည်နေလေပြီ။ မြသိန်းတန်စေတီရှေ့အရောက်၌ ဦးတင်ရွှေသည် ကားပေါ်မှနေ၍ စေတီထံသို့ လက်အုပ်ချီ ကန်တော့လိုက်သည်။ စေတီဝင်းအတွင်း ဖြတ်ပြေးနေသော ငယ်ဘဝပုံရိပ်များကို ဦးတင်ရွှေ လှမ်းမြင်နေရသည်။

မိုးများအုံ့မှိုင်းကာ မိုးပေါက်ဖွဲဖွဲတို့သည် လမ်းမပေါ်သို့ ကျရောက်လာလေသည်။ မြစ်တစ်ဖက်ကမ်းသို့ ဆင်းနားနေသယောင်ထင်ရသော သက်တံတစ်စင်းကို ဦးတင်ရွှေ လှမ်းကြည့်မိသည်။

ငယ်ဘဝဟူသည် သက်တံနှင့်လည်းတူသည်ဟု ဦးတင်ရွှေ တွေးမိသည်။ အဘယ်မျှ လှသည်ထင်ထင် အဝေးက ငေးကြည့်နေရုံထက်ပို၍ မတတ်နိုင်တော့ပြီတကား။ ■

**နတ်စောင်း၊ကျိုက်ထို၊**

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com

## ရွှေအသစ်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၅၄၊ မေ၊ ၂၀၁၃

ဒီလမှာတော့ အတော်အသင့် အဆင်ပြေတဲ့ စာမူအရေအတွက် တိုးတက်လာပါတယ်။ အကြောင်းအရာရွေးချယ်မှုနဲ့ တင်ပြပုံ ဆန်းသစ်မှုတွေ သိပ်ကြီးမတိုးတက်လှသေးပေမဲ့ ကွဲပြားခြားနားမှုတွေ ရှိလာပြီမို့ ဝမ်းသာရပါတယ်။ ရွှေအသစ်စာမျက်နှာမှာ ဒီ့ထက် ဒီ့ထက် သစ်နိုင်ကြပါစေ။

၁။ *ဘဝရဲ့ခရီးသည်များ*

၂။ *သုံးလွန်းတင်မှကြိုး*

ကိုဇော်(နွေဥသြ)

အရေးအသား ပြေပြစ်ပေမဲ့ စာညွှန့်ဆန်းဆန်း တိုလွန်းတဲ့စာမူတွေ ဖြစ်ပါတယ်။ စာများများဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။

၃။ *အရောင်ပြောင်းလဲခြင်းမနက်ဖန်*

လင်းသစ်

ကွန်ပျူတာစာစီရာမှာ စာပုဒ်တစ်ခုနဲ့တစ်ခုကြား နေရာလွတ်မခြားထားတဲ့အတွက် အလွန်ကို ဖတ်ရခက်ပါတယ်။ အရေးအသားနဲ့အကြောင်းအရာကလည်း သာမန်မျှသာ ဖြစ်ပါတယ်။ ကြိုးစားပါဦး။

၄။ *လောင်မီးပိုး*

ဇော်ခင်စိန်

ပြောချင်တာရှိပေမဲ့ အရေးအသားနဲ့တင်ပြပုံ အတန်သင့်အားနည်းနေပါတယ်။

၅။ *လွတ်မြောက်ချိန်*

၆။ *ရေဆာတဲ့မြစ်*

စန်း

အရေးအသား ပြေပြစ်ပေမဲ့ စာပုဒ်တစ်ခုနဲ့တစ်ခုကြားမှာ နေရာလွတ် လုံးဝမခြားထားဘဲ စာစီထားတဲ့အတွက် ဖတ်ရတာ လုံးဝ အဆင်မပြေပါဘူး။ မြန်မာစာရေးထုံးနဲ့လည်း မညီပါဘူး။ စာမူနှစ်ပုဒ်စလုံးမှာ အကြောင်းအရာရော တင်ပြပုံပါ ရိုးစင်းနေပါတယ်။

၇။ *ရွှေသိုင်းဝင့်ချီ မိုးရင့်သီလည်း*

အေးမင်းထွန်းစံ

ပြောချင်တာရှိပေမဲ့ အရေးအသားအားနည်းချက်ကြောင့် မပီပြင်ခဲ့တဲ့ စာမူဖြစ်ပါတယ်။ ရိုးစင်းပါတယ်။

၈။ *အမေချစ်တဲ့ဘောလုံး*

ယုလေး(ဥပဒေ)

အရေးအသားသင့်ပါတယ်။ တိရစ္ဆာန်တွေရဲ့ မေတ္တာတရားကို ရေးထားတာဖြစ်ပေမဲ့ တင်ပြပုံရော ဇာတ်နောက်ခံပါ ရိုးစင်းလှပါတယ်။ ကြိုးစားပါဦး။

၉။ *ကိုယ့်စည်းနှင့်ကိုယ်*

အောင်ကျော်စိုး(ကေအေအေ)

ဖေ့စ်ဘွတ်ခ်နောက်ခံ ဆောင်းပါးဆန်ဆန် စာမူတစ်ပုဒ်ဖြစ်ပါတယ်။ လူတော်တော်များများ ကြုံတွေ့နေကျအကြောင်းအရာသာဖြစ်ပြီး ထူးခြားမှုမရှိပါဘူး။

၁၀။ *အကျိုးလို၍ ညောင်ရေလောင်းခဲ့ခြင်း မဟုတ်ပါ*

စံကားဝါ(ရွှေမိုး)

အရေးအသား ပြေပြစ်ပါတယ်။ အကြောင်းအရာနဲ့ တင်ပြပုံက ရိုးစင်းလွန်းနေပါတယ်။ ကြိုးစားပါဦး။

၁၁။ *အမှောင်*

နောင်ရိုးနွယ်(မုံရွာ)

အရေးအသား သင့်ပါတယ်။ ဇာတ်ဆန်တဲ့ အခင်းအကျင်းနဲ့ ရေးထားတဲ့ စာမူတစ်ပုဒ်ဖြစ်ပြီး လှည့်ကွက်လိုလို ထည့်ထားပေမဲ့ ရိုးစင်းနေပါတယ်။ ကြိုးစားပါဦး။

၁၂။ *မှန်တာပြောတဲ့ ကိုသစ္စာ*

ဆန်းငယ်သွေး(ပုတီးကုန်း)

အရေးအသားပြေပြစ်ပါတယ်။ အကြောင်းအရာပိုင်းက ရိုးစင်းနေပြီး တင်ပြပုံမှာ အနုပညာအားနည်းပါတယ်။

၁၃။ *သူသည်သာလျှင် ခါးပိုက်နှိုက်စစ်စစ်ဖြစ်ပါကြောင်း*

မောင်ပိုင်(လေးမျက်နှာ)



www.burmeseclassic.com

www.burmeseclassic.com

ပြောချင်တာရှိပေမဲ့ တင်ပြပုံအားနည်းချက်ကြောင့် မပီပြင်ခဲ့ပါဘူး။ အရေးအသားပြေပြစ်ကောင်းမွန်သူမို့ ဆက်လက်ကြိုးစားစေချင်ပါတယ်။

၁၄။ *သစ်ပုံ*

လှမင်းအုံ(မြူး)

အရေးအသား ပြေပြစ်ပါတယ်။ သီချင်းတွေ ထည့်ရေးထားပြီး တင်ပြပုံရိုးစင်းလွန်းတဲ့အတွက် ဆွဲဆောင်မှုအားနည်းသွားရပါတယ်။ ကြိုးစားပါဦး။

၁၅။ *ကြိုး*

ရိုး

တိရစ္ဆာန်နောက်ခံ မေတ္တာဘွဲ့သာဖြစ်ပြီး ထူးခြားမှုမရှိပါဘူး။

၁၆။ *ရင်းဖျားဘယ်သို့ ခွဲပါ့မယ်*

နွေနှောင်း(မေယုမြေ)

မိခင်မေတ္တာဘွဲ့ဖြစ်ပြီး ထူးခြားမှုမရှိပါဘူး။ အရေးအသားပြေပြစ်သပ်ရပ်ပါတယ်။ ကြိုးစားပါဦး။

၁၇။ *ယောက္ခမခေါင်းပေါ် ဓားမိုးထားမယ်*

နေခြည်(ကြီးနီ)

စာမူနာမည်အပါအဝင် တင်ပြပုံဟာ ရိုးစင်းထင်ရှားလွန်းနေပါတယ်။ ဆွဲဆောင်မှုအားနည်းပါတယ်။ ကြိုးစားပါဦး။

❑

ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တဲ့ စာမူတွေကတော့-

ကိုးငယ်မင်း ရဲ့ *အသွေးအသား ဆာလောင်ကြသူများ*၊ ချစ်ဦးသူ(လက်ပုကန်) ရဲ့ *အဝိဇ္ဇာ*၊ မိလှသွေး ရဲ့ *မျောက်တစ်ကောင်လျှော့ဈေးနှင့်ရောင်းမည်*၊ နေမျိုးလင်း ရဲ့ *MESSAGE-မက်ဆေ့ချ်*၊ အက္ခရာကို ရဲ့ *ကြယ်ကြွေညရဲ့ ဟိုဘက်ခြမ်းမှာ*၊ လင်းရောင်စင်(ဗိုးကုန်း) ရဲ့ *ရွှေတံခါးလေးဖွင့်ပေးပါ*၊ ထက်လွင် ရဲ့ *ဖွတ်တရွတ်မှောင်ရိပ်ခိုသွားတဲ့ ညနေများ*၊ သက်နှင်းသန့် ရဲ့ *အမုန်းတော်ခံ* တို့ ဖြစ်ပါတယ်။

**မသီတာ၊စမ်းချောင်း၊**

❑

*ဆရာမ မသီတာ(စမ်းချောင်း) တင်ပေးလိုက်တဲ့ ဝတ္ထုတိုများထဲက ဆရာမ သက်နှင်းသန့် ရေးဖွဲ့ထားတဲ့ 'အမုန်းတော်ခံ' ဝတ္ထုကို ဖတ်ဖြစ်ပါတယ်။ ခေတ်ပေါ်အခြေအနေဖြစ်တဲ့ ကျူးကျော်မှာ မြောင်းကိုခွဆောက်ထားတဲ့ အိမ်တစ်လုံးမှာ ဖွင့်လှစ်ထားတဲ့ ဆေးခန်းဟာလည်း ကျူးဖြစ်နေတာကြောင့် ဖယ်ရှားပေးရပုံ၊ ရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ပုံ စသည်တို့နဲ့ ရေးဖွဲ့ထားတဲ့ဝတ္ထု ဖြစ်ပါတယ်။ ဆရာမ လက်ရေးက သေးတဲ့အတွက် ခြောက်မျက်နှာဆိုပေမဲ့ တော်တော်လေးရှည်တဲ့ ဝတ္ထု ဖြစ်နေပါတယ်။ ဝတ္ထုတိုအတွက် မလိုအပ်တာတွေကို ဖယ်ရှားပြီး ပိုပြီးကျစ်ကျစ်လျစ်လျစ် ရေးစေချင်ပါတယ်။*

*ဆရာ အက္ခရာကို ရေးဖွဲ့တဲ့ 'ကြယ်ကြွေညရဲ့ ဟိုဘက်ခြမ်းမှာ' ဝတ္ထုက ကွန်ပျူတာစာစီထားပြီး ၉ မျက်နှာ ရှိပါတယ်။ ကျွန်တော်တို့ ခွင့်ပြုထားတာက ကွန်ပျူတာ စာစီမယ်ဆိုရင် ၄ မျက်နှာအထိပဲ ခွင့်ပြုပါတယ်။*

*ဆရာ နေမျိုးလင်းရဲ့ 'Message မက်ဆေ့ချ်' ဝတ္ထုမှာ ရေးထားတဲ့ ကဗျာက လူမှုကွန်ရက်စာမျက်နှာမှာ ဖတ်ဖူးထားတဲ့ ကဗျာလို့ ထင်ပါတယ်။ အဲဒါအပြင် ဆရာကြီး ရွှေဒေါင်းရဲ့ 'ဆတ်ဦးနှောက်' ကို မှီငြမ်းထားတယ်လို့ ဝန်ခံထားပါတယ်။ ဆရာ နေမျိုးလင်းကလည်း ကွန်ပျူတာစာစီ ၇ မျက်နှာ ရှိပါတယ်။ ကျွန်တော်တို့က ပင်ကိုရေးကိုသာ ဖော်ပြချင်တာဖြစ်လို့ မသုံးဖြစ်ပါဘူး။*

*ဆရာမ မိလှသွေး ရေးသားထားတဲ့ 'မျောက်တစ်ကောင် လျှော့ဈေးနှင့် ရောင်းမည်' ဝတ္ထုမှာလည်း ကွန်ပျူတာစာစီပြီး ၉ မျက်နှာ ရှိပါတယ်။ ဝတ္ထုကောင်းနေရင် ကျွန်တော် ကြိတ်မှိတ်ပြီး စဉ်းစားလို့ရနိုင်ပေမဲ့ အားမကောင်းတဲ့အခါမှာတော့ စဉ်းစားလို့ မဖြစ်ပါ။*

*ဆရာ ကိုးငယ်မင်းရဲ့ 'အသွေးအသား ဆာလောင်ကြသူများ' က ဝတ္ထုနာမည်နဲ့လိုက်အောင် အသွေးအသားရောင်းစားတဲ့ မိန်းကလေးတစ်ယောက်အကြောင်း ရေးဖွဲ့ထားပြီး ကွန်ပျူတာစာစီ ၈ မျက်နှာ ရှိပါတယ်။*

*အားလုံးသိအောင် ထပ်ပြောရမယ်ဆိုရင် သာမန်လက်ရေးရှိသူများ ကိုယ်တိုင်ရေးသားပေးပို့မယ်ဆိုရင် A4 ၆ မျက်နှာအထိ ရေးလို့ရပါတယ်။ ကွန်ပျူတာစာစီချင်သူများအတွက်ကတော့ ၁၃ ပွိုင့်နဲ့ A4 ၄ မျက်နှာအထိပဲ ခွင့်ပြုထားပါတယ်။ မငြင်းပယ်နိုင်လောက်အောင် ကောင်းလွန်းတဲ့ဝတ္ထုများဆိုရင်တော့ ခြွင်းချက်အနေနဲ့ ခွင့်ပြုပါတယ်။ အခု ကျွန်တော် မသုံးဖြစ်တဲ့ဝတ္ထုတွေက ဆွဲဆောင်မှုအနေနဲ့ သာမန်သာရှိပြီး စာမျက်နှာများကျော်နေတာကြောင့် ချန်ထားခဲ့တာ ဖြစ်ပါတယ်။*

*ဒီလ ရွှေအသစ်များအဖြစ် ရွေးချယ်ဖော်ပြပေးလိုက်တဲ့ ဝတ္ထုတွေကတော့ ဆရာ လင်းရောင်စင်(ဗိုးကုန်း)ရဲ့ 'ရွှေတံခါးလေး ဖွင့်ပေးပါ'၊ ဆရာ ထက်လွင်ရဲ့ 'ဖွတ်တရွတ်မှောင်ခိုသွားတဲ့ ညနေများ'၊ ဆရာ ချစ်ဦးသူ(လက်ပုကန်)ရဲ့ 'အဝိဇ္ဇာ' တို့ ဖြစ်ပါတယ်။* ■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com

# ထက်မြက်

# ဖွတ်တရွတ် မှောင်ရိပ်မိသွားတဲ့ ညနေများ

အမှတ် ၁၅၃၊ မေ ၂၀၁၃

ကျွန်တော် ကြေခွဲရတဲ့
ညနေခင်းတွေဟာ ကျွန်တော့်ကို
မစောင့်ဘဲ ဖွတ်တရွတ်
မှောင်ရိပ်မိသွားတယ်။
တိမ်မျှင်တွေယှက်သန်းနေတဲ့
အလှပဆုံး အဓိကအတန့်
ယန်းချီကားချပ်တွေကလည်း
သင်္ခါရသဘောတရားကို
လှစ်ဟပြသွားတယ်။ လေတစ်ချက်
အဝှေ့မှာ တိုးဝေ့ပြီး မြင်ကွင်းထဲကနေ
ရွေ့လျားသွားကြတယ်။ တခြားသူရဲ့
ရင်ခွင်ဆီလားလို့ မငုံမရဲလှမ်း
မေးလိုက်တယ်။ သူကတော့
ငုံ့ကြွက်လှည့်ကြည့်ဖို့တောင် သတိမရပါဘူး။
ထွက်ခါနီး ရထားနောက်ကို





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

အပြေးလိုက်နေရတဲ့ ခရီး သည် အပျိုမလေးလို သိမ် သိမ်မွေ့မွေ့လေး၊ ဣန္ဒြေစွေ့ စွေ့လေးနဲ့ ပြေးသွားတယ်။ ဆံနွယ်တွေက လေထဲမှာ တဖွားဖွား။

ငှက်ကလေးတွေက လည်း အိမ်ပြန်ဖို့ တေးသီ ကျူးရင်း ကျွန်တော့်ကို အော်ဟစ် သတိပေးသွားကြ ပြီ။ ကျွန်တော်ဟာ မလှုပ် မယှက် မရွေ့မလျားနဲ့ ထွက် ပြေးသွားတဲ့ ညနေခင်း မလေးများကို တမ်းတမက် မောစွာ ငေးကြည့်နေတုန်း၊ ရှုမဆုံးတဲ့ ညနေခင်း အလှ တွေကို တဝကြီး ကြည့်နေမိ တယ်။ မနေ့ကလည်း ဒီလိုပဲ ကြည့်ဖြစ်ခဲ့ပါလျက် ဒီနေ့က ပိုလှနေသလိုပဲ။ မနက်ဖြန် လည်း ဒီထက် ပိုလှဦးမယ် ထင်မိတယ်။ ဒါပေမဲ့ မနက် ဖြန်ကို မပိုင်ဆိုင်တော့ ပိုင် ဆိုင်နေတဲ့ ညနေခင်းလေး ကိုပဲ လက်လွှတ်ဆုံးရှုံးမခံ လို့။ တွယ်ကပ်ပြီး ပွေ့ဖက် ချင်ဆဲ။

ညနေလေးကလည်း ခပ်စိမ်းစိမ်းပါပဲ။ အချိန်နဲ့ တွဲတာတဲ့။ တွယ်တာမြတ်နိုး မိသူ အသည်းကွဲတာကို သူ ကတော့ ဂရုမစိုက်။ သူ့ဘာ သာသူ လုပ်စရာရှိလုပ်ပြီး သွားစရာရှိသွားတယ်။ စိမ်း ကားပါပေ့လို့ အပြစ်လည်း မတင်ရက်။ ကိုယ်က ချစ်မိ သူသက်သက်လေ။ အိပ်မက် တွေ ရှင်သန်ခွင့်ပေးတာကိုပဲ ညနေလေးကို ကျေးဇူးတင်မိ တယ်။

ညနေနဲ့ပတ်သက်ရင် အားလုံးဟာ သတိရတမ်းတ စရာ၊ လွမ်းဆွတ်တောင့်တ

**yifyef**
**qif&J/Syrh**
**t azeY ar[m**
**uRefawmfvdkuf**
**aumif**
**xm;ay;cJhw, f**
**t vkf**
**rEdkifvdkum;u**
**aumif**
**xm;ay;wmyg**
**t azeY ar**
**vuf&Jhum;u**
**]ifhom;**
**pmEdkif&Jhom;**
**Om;at mifbavmuf**
**t azwkd**
**t arwkd**
**aumif fxm;ay;**
**r, Jfwkh**

စရာ။ ကျွန်တော် လူ့လောက ထဲကို ဝင်လာတုန်းက ညနေ ငါးနာရီလောက်တဲ့။ အဲဒီ နေ့က နေသာတယ်ဆိုတာ လည်း အဖေက ထူးထူးခြား ခြား မှတ်ထားပါသေးတယ်။ တိမ်တောင်စုံတွေ လှသလို သူ့ရဲ့ညနေခင်းဟာလည်း အရမ်းလှခဲ့တယ်တဲ့။ သူ ဖန်တီးလိုတဲ့ မိသားစုအသိုက် အဝန်းလေး စည်ကားသိုက် မြိုက်ဖို့ ကျွန်တော်က ဒုတိယ မြောက် ဝင်လာသူလေ။

တဲကုပ်လေးထဲက အူဝဲ ဆိုတဲ့ခေါ်သံလေးဟာ ထန်း ပင်ပေါ်က အဖေ့အတွက် အားအင်သစ်တွေ မွေးဖွားပေး ခဲ့တယ်။ မမောမပန်းနဲ့ တပြုံး ပြုံးနဲ့ အလုပ်လုပ်ပြီး အဲဒီည နေက အဖေရယ်၊ အမေရယ်၊ အစ်ကိုရယ်၊ ကျွန်တော်ရယ် ရှိတဲ့ တဲကုပ်လေးဟာ ပျော် စရာဗိမာန်ဖြစ်ခဲ့တယ်။ အဖေ ဟာ ထန်းပြီးမှ ထမင်းချက် ပြီး မှောင်ရီပိုးတဝါး ရေနံဆီ မီးခွက်လေးနဲ့ ထမင်းစားတဲ့ အချိန် ကျွန်တော်ဟာ အော်ငို လို့ ထမင်းပန်းကန်ပစ်ချပြီး ကျွန်တော်ရှိရာ ပုခက်လေးဆီ ပြေးလာကြသတဲ့။ အဖေ ရော အမေပါ စိုးရိမ်ပူပန်ကြီး စွာနဲ့ ကျွန်တော့်ကို ထွေးပွေ့ ပြီး "တအို့အို့ တအေ့အေ့"နဲ့ ထမင်းစားကြတယ်တဲ့။

အဲဒီလိုနဲ့ နှစ်ကာလ တွေရွေ့လျား။ ကျွန်တော် တီတီတာတာ စကားလေး တွေ ပြောတတ်တော့ မပီ ကလာ ပီကလာနဲ့ ကျွန်တော် စ,ခေါ်တာက ထန်းပင်ကို မော့ကြည့်ပြီး "အဖေ"တဲ့။ အမေကတော့ အဲဒီအကြောင်း တွေ ပြုံးပြုံးကြီး ပြောပြတတ် သူပါ။ "အမေ"လို့ စ,မခေါ်တဲ့ အတွက် စိတ်မဆိုးဘူးလား မေးကြည့်မိတော့ "မဆိုးပါ ဘူး သားရယ်"တဲ့။ "မင်း အဖေက အိမ်ဦးနတ်၊ ဒီ အိမ်ထောင်စုရဲ့ ကျေးဇူးရှင် လေ"တဲ့။

အဲဒီလိုနဲ့ အဖေခေါ်သံ တွေ ပီသလာခဲ့တယ်၊ အမေ ခေါ်သံတွေ ပီသလာတယ်။ "ထမင်း၊ ရေ၊ အီးအီး၊ ရှူး ရှူး" စသည်ဖြင့် ပီသလာခဲ့ တယ်။ ဟိုလျှောက်လျှောက် ဒီလျှောက်လျှောက် ယောက် ယက်ခတ်အောင် ပြေးလွှား နိုင်တဲ့အချိန် ကျွန်တော်ဟာ အဖေထန်းလှီးရာနောက်ကို တကောက်ကောက် လိုက် တယ်။ ရင်းထောင်စီးဖို့လိုက် တာပါ။ အဖေဟာ ထန်းတစ် ပင်ပြီးတစ်ပင် ရင်းထောင် ကပ်ရသူမို့ အပင်ရေများစွာ (ငါးဆယ်ခန့်) အကွာအဝေး မျိုးစုံ မ,မပြီး ရွှေ့ရပါတယ်။ အဲဒီလို မ,ရွှေ့ရတဲ့အချိန် ကျွန်တော်က အောက်ဆုံးထစ် ကို တက်ပြီး မတ်တတ်ရပ် ရင်းထောင် စီးပါတယ်။ အဖေကတော့ လှေကားထစ် နှစ်ဆယ်ကျော်ပါတဲ့(အတောင် နှစ်ဆယ်ကျော် သုံးဆယ်နီး ပါး ဝါးလှေကားရှည်) ရင်း ထောင်မ,ရတာ မောမမော မသိပါ။ ပျော်ပျော်ကြီးစီးခဲ့ ပါတယ်။ အဲဒီအရသာကို အခုထိ နှစ်သက် သဘောကျ နေတုန်းပါပဲ။

ကျောင်းတက်သံ ချောင်းခေါက်သံကို ကြားမှ စာသင်ကျောင်းပြေးသွား ရတာကိုလည်း အမှတ်တရ ရှိနေဆဲပါ။ တော(ထန်းတဲ)နဲ့ ကျောင်းက သိပ်မဝေးတာမို့ ကျောင်းတက်မှပဲ ကျောင်း သွားရပါတယ်။ ထန်းသမား မိသားစုမို့ အလုပ် မနိုင်တာ ကြောင့်ပါ။ ကျွန်တော်ဟာ လည်း ရင်းထောင်စီးတဲ့ ကလေးအရွယ်ကနေ အိုး (ထန်းမြူအိုး၊ ထန်းမြေအိုး) ကောက်တဲ့အရွယ် ရောက် နေပါပြီ။ အပျော်တွေ ဆိတ် သုဉ်းခဲ့ပါပြီ။ ကလေးပီပီ ဆော့ချင်၊ ပြေးချင်၊ လွှား ချင်တာတွေက ကျောင်းမှာ ပဲ လုပ်ရတာမို့ မနက်တိုင်း ကျောင်းတက်သံချောင်း ခေါက်သံကို မျှော်နေမိပါ တယ်။

မနက်မလင်းခင် အိပ်ရာ ကထ,ပြီး မြေအိုး ကြိုးတပ် ပေးရပါတယ်။ ပြီးရင် အဖေ

www.burmeseclassic.com

ထန်းလှီးရာနောက် လိုက်လိုက်ပြီး အိုးသယ်(မြေအိုး အလွတ်များ ထန်းပင်အောက် လိုက်ချရခြင်း) ရပါတယ်။ ထန်းရည်ချိုအိုး ကောက်ရပါတယ်။ မလင်းခင်က စတဲ့ ဒီအလုပ်ဟာ ပုံမှန်ဆို ဆယ်နာရီထိုးပြီးမှ ပြီးပါတယ်။ ထမင်းကျန်ဆိုတာလည်း အိုးတစ်ခေါက် ထမင်းတစ်လုတ်စားရပါတယ်။ အဖေကတော့ ထန်းပြီးမှ စားပါတယ်။ ကျောင်းဖွင့်ရက်ဆို ရှစ်နာရီထိုးတာနဲ့ ကျောင်းသွားရတာမို့ ကျောင်းဖွင့်ရက်နဲ့ ကျောင်းတက်သံချောင်းခေါက်သံကို အလွန်မက်မောပါတယ်။

ကျွန်တော်တို့(အစ်ကိုနှင့် ကျွန်တော်) ကျောင်းသွားတာနဲ့ အဖေနဲ့အမေဟာ ဒုက္ခများပါတယ်။ ထန်းလျက်ကျိုနေသူ အမေခမျာ အိုးထ, ကောက်ရပြီ။ ထန်းလျက်အိုးချစ်တာတူးတာတွေ ဝေကျတာတွေ ဖြစ်ပါပြီ။ အဖေခမျာလည်း အိုးကို ကိုယ်တိုင်ထမ်းပို့တန် ပို့ရ၊ ကိုယ်တိုင်သယ်တန် သယ်ရ ကသီလင်တ အလွန်များပါတော့တယ်။ အလုပ်လည်း မတွင်တော့ပါဘူး။ သာမန်ဆို လူသုံးယောက် လုပ်ရတဲ့အလုပ်ကို နှစ်ယောက်တည်း လုပ်ရတဲ့အခါ အတော်ဒုက္ခများပါတယ်။ အားလုံးဟာ စနစ်တကျ လည်ပတ်နေတဲ့ စက်ယန္တရားတွေလို တစ်နေရာ လစ်ဟင်းတာနဲ့ အခြားနေရာတွေပါ ထိခိုက်ပြီ။

> olwd
> yi fyi fyefyef
> vkyfae&wm
> ynmrwwfvkdwfh
> obmr,orfawGud
> ynmwwfat mif
> oi fay;r, fqdwfh
> olwd
> oEgefmeful
> b, fbzuf zuf
> rysufjyfol
> wpfEpf
> xefvsufapsawG
> usomfawmh
> t azeYar
> ywfD
> yi fyefygawmh
> w, f

အဲဒီလိုနဲ့ နေ့လယ် ထမင်းစားကျောင်း ဆင်းတဲ့အချိန် တောပြန်လာတော့ အမေက ထန်းလျက်မကျသေး (ထန်းလျက်ကျို၍မပြီးသေး)။ အဖေကလည်း ထန်းလုပ်သွားရသည်မို့ မချက်အားသဖြင့် ထမင်းအိုးတစ်လုံးပဲ ချက်ထားတာမို့ ငရုတ်သီးထောင်းရ၊ မန်ကျည်းရွက်တက်ခူးပြီး ချက်ရနဲ့ လုပ်ရပါတယ်။ ဟင်းကျက်၊ အတို့လုပ်ပြီးချိန်မှ အမေ ထန်းလျက်ကျပါတယ်။ ပြီး လက်ဆေး ထမင်းစား။ ဘာဟင်းမှ မပါပေမဲ့ မိသားစုထမင်းဝိုင်းမို့ ထမင်းမြိန်ပါတယ်။ ကျွန်တော်ကတော့ မစားနိုင်ပါ၊ နည်းနည်းပါးပါးပဲ စားတယ်။ အသားဟင်းနဲ့မှ ထမင်းစားဝင်သူ ကျွန်တော့်အတွက် တစ်လမှာ ရက်နှစ်ဆယ်ကျော်က ထမင်းစားမကောင်းခဲ့ပါဘူး။ ဒါပေမဲ့ ကြည်နူးဝမ်းသာစရာတော့ အလွန်ကောင်းခဲ့ပါတယ်။

ညီမလေးရဲ့ တီတီတာတာ စကားသံတွေက ဆုံးပါးသွားခဲ့တဲ့ ညီငယ်လေးရဲ့ နေရာကို ကွက်လပ်ဖြည့်နိုင်ခဲ့ပါပြီ။ မှတ်မိသေးပါတယ်။ ကျွန်တော်မွေးပြီး လေးနှစ်ကျော်လောက်မှာ ညီငယ်လေးတစ်ယောက် မွေးပါတယ်။ ညီငယ်လေးက ဝဝ, ကစ်ကစ် ချစ်စရာလေးပါ။ ဒါပေမဲ့ ညီငယ်လေးဟာ လူ့ပြည်မှာ အကြာကြီး နေခွင့်မရခဲ့ပါဘူး။ ၄၀ ရက်သားမှာပဲ ညီငယ်လေး သူ့လာရာအရပ်ဆီ ပြန်သွားပါတယ်။ အစ်ကိုငယ်ရေ နောက်တစ်ခေါက် ပြန်လာမယ်လို့ ပြောသွားတယ်တဲ့။ အမေက ပြောတယ်။ အဲဒီတုန်းက ကျွန်တော်က တဲနားနီးချင်း အစ်မနဲ့ ကျောင်းပျော်လိုက်နေပြီမို့ ညီငယ်လေး ကျွန်တော့်ကို ကိုယ်တိုင်ပြောမသွားနိုင်ပါလေ။ အဲဒီနေ့က ကျောင်းက ပြန်လာတော့ လမ်းမှာ အဖေနဲ့ ဘထွေးလေးဟာ ဆန်ကောတစ်ချပ်ထဲမှာ ပုဆိုးထုပ်လေး ထည့်ပြီး မ,သွားတာ တွေ့ခဲ့ပါတယ်။ ညီငယ်လေးလို့ မသိခဲ့ပါဘူး။ တောရောက်မှ ညီငယ်လေး ပျောက်သွားလို့ လိုက်ရှာရင်း ကျွန်တော် ငိုခဲ့ရပါတယ်။ အခု ညီမလေးက ညီငယ်လေးနောက်တစ်ခေါက် ပြန်လာတာလို့ အမေကတော့ သူ့အိပ်မက်တွေ အခြေတည်ပြီး ပြောနေတုန်းပါပဲ။ ဟုတ်မှာပါ။ အမေဟာ ဘယ်တော့မှ မမှားဘူးလေ။

ထန်းသမားဘဝဟာ ပင်ပန်းဆင်းရဲလှပေမဲ့ အဖေနဲ့ အမေဟာ ကျွန်တော်တို့ကို ကျောင်းထားပေးခဲ့ပါတယ်။ အလုပ်မနိုင်တဲ့ကြားက ကျောင်းထားပေးတာပါ။ အဖေနဲ့အမေ လက်သုံးစကားက "ငါ့သား စာကြိုးစား၊ သားအောင်သလောက် အဖေတို့ အမေတို့ ကျောင်းထားပေးမယ်"တဲ့။ ကျရင် မထားတော့ဘူးဆိုတဲ့ သဘောပါပဲ။ ကျောင်းရဲ့ လွတ်လပ်ပျော်ရွှင်ခွင့်ကို သိတဲ့ ကျွန်တော်တို့ဟာ စာကြိုးစားကြပါတယ်။ အစ်ကိုက သူ့အတန်းမှာ အဆင့်ကောင်းကောင်းရသလို ကျွန်တော်လည်း အဆင့်တစ်နဲ့ တစ်ဆယ်ကြား လှည့်ပတ် ပြေးလွှားနေပါတယ်။ အဲဒီလိုနဲ့ အစ်ကို မြို့ကျောင်းရောက်။ နောက်ဆယ်တန်းအောင် တက္ကသိုလ်ရောက်။

ကျွန်တော်လည်း မြို့ကျောင်းရောက်၊ ကိုးတန်းဆယ်တန်း ဘော်ဒါနေပြီး ကျောင်းတက်ရပါတယ်။ အနေဆင်းရဲ အစားဆင်းရဲနဲ့ ခက်ခက်ခဲခဲပါပဲ။ ကျောင်းမုန့်ဖိုးဆိုတာကလည်း တစ်လမှ နှစ်ထောင်လောက်သာရပါတယ်။ အဲဒီနှစ်ထောင်က ဘာမှမများဘူးထင်ရပေမဲ့ အဲဒီငွေနှစ်ထောင်ဟာ အဖေနဲ့ အမေရဲ့ ချွေးစက်တွေပါပဲ။ ကျွန်တော် ဘော်ဒါတက်နေချိန် အစ်ကိုကလည်း တက္ကသိုလ်တက်နေတာမို့ သူလည်း ထောက်ပံ့ရပါတယ်။ ကျားကြီးတော့ ခြေရာကြီးဆိုသလို သူ့ကို များများထောက်ပံ့ရပါတယ်။ ကျွန်တော်ကတော့ ကျားအသေးစားလေးမို့ သိပ်မကုန်ပါ။ သို့ပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

အဖေနဲ့ အမေဟာ ချဉ်ချက်၊ ငရုတ်သီးထောင်းကလွဲ တခြား မစားနိုင်တော့ပါ။ ညီမလေး လည်း အဲဒီလိုပါပဲ။

သားနှစ်ယောက်ရှိတာကို တစ်ယောက်ပဲ ကျောင်းထားဖို့ တစ်ယောက်ကို နိုင်ငံခြား(မလေးရှား)လွှတ်ဖို့ ဘေးကဆွေမျိုးတွေ ဘယ်လောက်ပဲ တိုက်တွန်းတိုက်တွန်း အဖေနဲ့အမေက ငြင်းပါတယ်။ သူတို့ ပင်ပင်ပန်းပန်း လုပ်နေရတာ ပညာမတတ်လို့တဲ့။ သူ့သားသမီးတွေကို ပညာတတ်အောင် သင်ပေးမယ်ဆိုတဲ့ သူတို့သန္နိဋ္ဌာန်က ဘယ်သူ ဖျက်ဖျက် မပျက်ခဲ့ပါဘူး။ တစ်နှစ် ထန်းလျက်ဈေးတွေ ကျသွားတော့ အဖေနဲ့အမေ ပိုပြီး ပင်ပန်းပါတော့တယ်။ သားနှစ်ယောက်ပေးဖို့ ငွေပမာဏက တိုးလာတော့ အဖေနဲ့အမေမှာ အလုပ်ကို အရင်ကထက် ပိုလုပ်ရပါတယ်။

ကျွန်တော် ဆယ်တန်းအောင်တော့ အမေ လက်ခမောင်းခတ်လိုက်တာ ကမ္ဘာကြီးတောင် တုန်ခါသွားတယ် ထင်မိပါတယ်။ ရွာရဲ့ တစ်ယောက်တည်းရှိတဲ့ နှစ်သစ် (ဖရက်ရှာ)ကျောင်းသား နှစ်ချင်းပေါက်အောင်တာလေ။ နှစ်ကျ(ရက်ပီတာ)နှစ်ယောက်လည်း အောင်ခဲ့ပေမဲ့ သူတို့က သုံးလေးနှစ် ကျသူတွေ။ ဆွေမျိုးတွေ ဘာပြောပြော လက်မခံဘဲ နိုင်ငံခြားလွှတ်ဖို့ ငြင်းဆန်ကာ ကျောင်းထားခဲ့တဲ့ အဖေနဲ့အမေဟာ အဲဒီအချိန်မှာတော့ ဆွေမျိုးတွေဆီ သွား ရင်ကော့ လက်မထောင်ကာ ကြွားဝါနိုင်ခဲ့ပြီ။

**taz[m xefawmav;rsm; xef wufe&wkef tarvnf xefvsuf ufqJ bmrS rajymifvJbJ/ Om;wpf, muf tdrfxmif uswfw, f Om;wpf, muf 0efxrf;zpfaeNyD taze,f ar xef wufe&qJ**

တက္ကသိုလ်တက်ရတော့မယ့် ကျွန်တော်၊ တက္ကသိုလ်တက်နေဆဲ အစ်ကို၊ သုံးတန်းရောက်နေပြီဖြစ်တဲ့ ညီမလေး အားလုံးအတွက် တွေးကာ အဖေနဲ့အမေ ပင်ပန်းကြပြန်ပါပြီ။ အမှတ်စာရင်းထွက်လာတဲ့အခါ အဖေနဲ့အမေ ပိုရင်မောရပါတယ်။ ကျွန်တော် တက်ချင်တဲ့ တက္ကသိုလ်အမှတ် မီပါတယ်။ ခက်တာက အစ်ကိုလည်း အဲဒီကျောင်း တက်နေတယ်။ နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း တက္ကသိုလ်ထားဖို့က ထန်းသမားမိသားစုအတွက် မလွယ်ကူပါ။ ခက်ခဲလှပါတယ်။ အဖေနဲ့အမေက ကျွန်တော့်ကို နှစ်သိမ့်ပါတယ်။ တစ်နှစ်လောက် နားဖို့ပါပဲ။ အစ်ကိုရဲ့ အခြေအနေကိုကြည့်ရမယ်၊ ပြီး ဒီကြားမှာ ကျွန်တော်က တခြားဝင်ငွေရတဲ့ အလုပ်လုပ်ပြီး ပိုက်ဆံစုရမယ်။

ဆယ်တန်းအောင်ပြီးစ လူငယ် ကျွန်တော်ရဲ့ တက္ကသိုလ်တက်လိုတဲ့ အိပ်မက်က ရက်လေးတောင် မခြားချင်။ အဖေနဲ့အမေက တစ်နှစ်နားခိုင်းတယ်။ အဲဒီမှာပဲ လူမိုက် ကျွန်တော် အဖေနဲ့အမေ မျက်ရည်စီးကျစေဖို့ တိုက်ပွဲဆင်ခဲ့ပါတယ်။ "အောင်သမျှထားမယ်၊ တက်ချင်တဲ့ကျောင်း ထားမယ်ဆို"တဲ့ သူတို့စကားက သူတို့ရင်ကို ပြင်းပြင်းထန်ထန် ထိုးဆွပါတော့တယ်။ အဖေနဲ့အမေကလည်း လုံးဝ မတတ်နိုင်တဲ့ အခြေအနေမို့ ဘာမှမပြော။ ကျွန်တော်ကလည်း ဆန္ဒပြပြီး စကားမပြောတော့။ လေး၊ ငါးရက် ကြာသွားတယ်။ ကျွန်တော်လည်း ညတိုင်း ဝမ်းနည်းပြီး တိတ်တိတ်လေး ငို။ အဖေနဲ့အမေလည်း ကျွန်တော်စိတ်မချမ်းသာတာ မြင်နေရတော့ ညတိုင်း ငိုကြ။ အဲဒီတုန်းက အိမ်ဟာ မျက်ရည်ညတွေပါပဲ။

"သားရယ် နည်းပညာ တက္ကသိုလ်မတက်ဘဲ ဒေးကျောင်းတက်ပါလား"တဲ့။ အမေက တိုးတိုးတိတ်တိတ် ပြောရှာတယ်။ ကျွန်တော်လည်း အဖေနဲ့အမေကို ငဲ့ညှာကာ(ရွဲ့တဲ့စိတ်လည်း ပါမယ်) ဒေးကျောင်းကို ငြင်းဆန်ပြီး အဝေးသင် လျှောက်လိုက်ပါတယ်။ နောက်ပြီး တောင်သူလုပ်၊ ထွန်ယက်၊ စိုက်ပျိုး၊ မြက်ရိတ်၊ နွားစာစဉ်းကျွေး။ စိတ်မပါ လက်မပါ ညနေတွေ တသီတတန်း။ အဖေနဲ့ အမေလည်း ဝမ်းနည်းနေကြ၊ ဟန်ဆောင်ပြုံးရနဲ့ အတော်ကို ပင်ပန်းလှပါတယ်။ တက္ကသိုလ် မတက်ရတဲ့ ဘဝမှာ တဖြည်းဖြည်း အသားကျလာပါတယ်။ အရင်လို မိသားစုဘဝ ပြန်လည် ရခဲ့ပေမဲ့ စကားစပ်မိတိုင်း စိတ်မကောင်းဖြစ်နေကြဆဲ။

အဲဒီနောက် မြောက်ဘက်ရွာက သူငယ်ချင်းတစ်ယောက်နဲ့ ပန်းရန်လုပ်လိုက်ခဲ့တယ်။ တစ်နေ့ ထောင်ငါးရာ ရပါတယ်။ ပထမဆုံး ငါးရက်လုပ်အားခ ခုနစ်ထောင့်ငါးရာ အမေ့လက်ထဲ အပ်ရတာ ကြည်နူးစရာ ကောင်းလိုက်တာ။ အမေ့မျက်နှာမှာလည်း ပီတိတွေ ဝေဖြာလို့။ အဲဒီတုန်းက ကြည်နူးမိတဲ့ စိတ်လေးကြောင့်ပဲ လုပ်အားခရတိုင်း အမေ့ကို ပေးမိတယ်။ လအတန်ကြာ အစ်ကိုရဲ့ စာမေးပွဲအောင်စာရင်း ထွက်လာတော့ ထိခိုက်နာကျင်စရာ။ သူ(အစ်ကို) ဘီတက်စ်(B.TED) မပါခဲ့ဘူး။ ဆူမှာ၊ ရိုက်မှာ ကြောက်တဲ့ အစ်ကိုဟာ အိမ်ပြေးဖြစ်သွားတယ်။ နည်းပညာကျောင်းကိုမှ တက်ချင်တဲ့ ကျွန်တော်ကလည်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လို့။ တကယ် ဆွဲထိုးပစ်ချင်တာ။ သူ့အတွက် ကိုယ်က နောက်ဆုတ်ပေးပါလျက် သူက ရှေ့ရောက်အောင် မလျှောက်တော့ ဘယ်လောက်ရင်နာစရာကောင်းလိုက်လဲ။

အဖေနဲ့ အမေ့အတွက် အားကိုးအားထားပြုစရာ ညာ



www.burmeseclassic.com

www.burmeseclassic.com

ဘက်လက်မောင်း ပြုတ်သွားသလို ကျွန်တော့်အတွက်လည်း မျက်လုံးတစ်စုံ ဆုံးရှုံးသွားခဲ့ပါတယ်။ သူမြင်သမျှကြားရတဲ့ဘဝ၊ မေးမြန်းရတဲ့ဘဝ ဆုံးရှုံးခဲ့ရပါပြီ။ အဖေရော အမေပါ ကျွန်တော်ကိုယ်တိုင်ရော ညီမလေးပါမကျန်မိသားစုထမင်းဝိုင်းမှာ မျက်ရည်ပေါက်တွေနဲ့ ငိုခဲ့ရပြန်ပါတယ်။ ရွာထဲမှာလည်း လက်ညှိုးထိုးခံ၊ အပြောခံမို့ ခေါင်းငုံ့တိမ်းရှောင်ခဲ့ရတာလည်း အကြိမ်ကြိမ်။ မလိုသူတွေရဲ့ လက်ခမောင်းခတ်သံကြားမှာ ညတွေဟာ တိတ်ဆိတ်ပြီး နေ့တွေက ညှိုးနွမ်း။ မေတ္တာရှင်မိဘနှစ်ပါး ဒုတိယအကြိမ် မျက်ရည်ပေါက်ကြီးငယ်ကျတာ မြင်ရပြန်တော့ ကြေကွဲဆို့နင့်။

ထန်းတက်ပြီး ကျောင်းထားပေးခဲ့တဲ့ မိဘနှစ်ပါးအတွက် တုံ့လှည့်ဆုလာဘ်ဟာ မျက်ရည်တွေလား၊ ငိုကြွေးရခြင်းလား၊ ဝမ်းနည်းရခြင်းလား။ ချဉ်ချက်၊ ငရုတ်သီးထောင်းစား အငတ်ခံပြီး ပညာသင်စေခဲ့တဲ့ သားတွေက အဖေနဲ့ အမေ့ကို အခါခါမျက်ရည်ကျစေပြီ။ ပညာတတ်တွေလား၊ လူမိုက်တွေလား စဉ်းစားမိတယ်။ "ငါဟာလူမိုက်။ ငါတို့ဟာ လူမိုက်။ အဖေနဲ့အမေကို ပူပန်သောကရောက်စေကာ ငိုကြွေးစေခဲ့သူမို့ ငါတို့ဟာ လူမိုက်"။ အတန်းပညာတွေဘယ်လောက်တတ်တတ် မိဘနှစ်ပါးတောင် စိတ်ချမ်းသာအောင် မထားနိုင်ခဲ့ဘူး။ ငါတို့လောက် မိုက်တဲ့သူရှိသေးလားလို့ ဝင်တော့မည့်ဆဲဆဲ နေမင်းကြီးကို ကြည့်ကာ မေးခဲ့ဖူးပါတယ်။ အဲဒီတုန်းက ညနေတွေဟာလည်း ဒီနေ့လိုပါပဲ။ အဖြေပေးမသွားတဲ့ ညနေကိုတော့ စိတ်ပျက်လက်ပျက် ငေးကြည့်မိပါတယ်။

ကျွန်တော်လည်း တက္ကသိုလ်တက်၊ တစ်နှစ်ပြီးတစ်နှစ် အချိန်တွေရွေ့လျား။ ဒုတိယနှစ်ရောက်တော့ အစိုးရဌာနတစ်ခုမှာ အလုပ်ရတယ်။ အလုပ်ရဖို့ ပိုက်ဆံတွေ အထပ်လိုက်ပေးခဲ့ရတာလည်း နှမြောမိတယ်။ အဖေက ပြောတယ် "ငါ့သားတွေကို ပညာတတ်အောင် ကျောင်းထားပေးတယ်၊ အစိုးရအလုပ်မရပါဘူးကွာလို့ အပြောမခံနိုင်ဘူး"တဲ့။ သူ တစ်နှစ်လောက် စုမှရတဲ့ ပိုက်ဆံတွေပေးလိုက်ပြီး အစိုးရအလုပ်ဝင်လုပ်ခိုင်းပါတယ်။ အမေနဲ့အတူ လူကြီးသုံးယောက်အိမ်သွားပြီးတော့ ကျွန်တော်ဟာလည်း အင်တာဗျူးမဖြေဘဲ အလုပ်ရပါတယ်။ "ဝန်ထမ်းဘဝမပျော်ရင် ငါ့သားကြိုက်တဲ့အချိန်ထွက်ခဲ့"တဲ့။ အလုပ်မသွားချင်လို့ အကြောက်အကန်ငြင်းစဉ်က အဖေ့စကား။ နှစ်တွေ ကြာသွားပြီ။

ကျွန်တော်ဟာ မြို့လေးမှာ နေသားကျပြီး အိပ်မပြန်တော့ ဖုန်းဆက်ပြီး လှမ်းလှမ်းခေါ်တယ်။ "သားရယ် ပြန်လာခဲ့ဦး"တဲ့။ "သားကြိုက်တဲ့ငါး ဝယ်ချက်ထားတယ်"တဲ့။ တစ်လတစ်ခေါက် ပြန်ကနေ နှစ်ပတ်တစ်ခေါက်၊ ပြီးတော့ တစ်ပတ်တစ်ခေါက်။ အမြဲတမ်း ဟင်းကောင်းဝယ်ချက်ကျွေးပါတယ်။ အစ်ကိုတစ်ခေါက်အလည်ပြန်လာတယ်။ အမေ့ခများ ဝမ်းသာလုံးဆို့မတတ်။ သုံးနှစ်ကျော်မှ သားကို မြင်ရတာလေ။ သားနောက်က ချွေးမမြင်မှ အပြုံးတချို့ လျော့ကျသွားတယ်။ အဲဒီလိုနဲ့ ညနေတွေဟာ လောကဓံ အဖုံဖုံကို ရင်ဆိုင်ရင်း မှောင်ရိပ်ခိုသွားကြတယ်။

အဖေဟာ ထန်းတောလေးမှာ ထန်းတက်နေရတုန်း။ အမေလည်း ထန်းလျက်ကျိုရဆဲ။ ဘာမှ မပြောင်းလဲဘူး။ သားတစ်ယောက် အိမ်ထောင်ကျသွားတယ်။ သားတစ်ယောက် ဝန်ထမ်းဖြစ်နေပြီ။ အဖေနဲ့အမေ ထန်းတက်နေရဆဲ။ နှစ်နှစ်ဆယ်ကျော် ညနေတွေဟာ ဘာမှမဖြစ်ခဲ့သလိုပဲ။ ထန်းရွက်တွေကို လေတိုးသံတရှဲရှဲ တဖြူးဖြူး ကြားရဆဲ။ ရင်းထောင်ဟာလည်း ဟိုမှဒီ ဒီမှဟို ကူးခပ်နေဆဲ။ အိုးကောက်သမားဟာ အသက်ငါးဆယ်ကျော်နီးပါး အမေ။ ထန်းသမားဟာ အသက်ငါးဆယ်နီးပါး အဖေ။ နံနက်ခင်းတွေ အရင်နှစ်တွေလိုပဲ လင်းပေမဲ့ သားသမီးမရှိတော့တဲ့ အိမ်မှာ အဖေနဲ့အမေဟာ တိတ်ဆိတ်လို့။ ဆယ်တန်းတက်နေတဲ့ ညီမလေးဆီ ဖုန်းဆက်။ နေကောင်းလား မေး၊ စာလိုက်နိုင်ရဲ့လား မေး၊ ဘာပေးလိုက်ရဦးမလဲ မေး။ အမေရဲ့လက်တွေ တုန်ခါနေပြီ။ အဖေ့မျက်ဝန်းတွေဝေဝါးနေပြီ။ အဖေ့ခါးနာက အရင်နှစ်တွေထက် ပိုဆိုးလာတယ်။

ကျွန်တော်က တစ်လမှ တစ်ခေါက်ပဲ အိမ်ပြန်တော့တယ်။ လကုန်မှ အဖေကြိုက်တတ်တဲ့ ပြောင်းဖူးမစ်ထုပ်ဝယ်မယ်၊ အိုဗာတင်းဘူးဝယ်မယ်။ ညီမလေးဖို့ မုန့်တွေဝယ်ပြီး အိမ်ပြန်ဦးမယ်။ အမေကတော့ ပိုက်ဆံ အပိုကုန်မှာစိုး၍ သူ့ဖို့ ဘာမှ မဝယ်ခိုင်းဘူး။ သုံးလို့ ပိုတဲ့ တစ်ထောင်တန်ထပ် ပါးပါးလေးကိုပဲ အရင်တုန်းကလို အမေ့လက်ထဲ ထည့်ရဦးမယ်။ ညီမလေးနေတဲ့ ဘော်ဒါဝင်ပြီး မုန့်ထုပ်တွေဝင်ပေး၊ ဘာလိုလဲ မေးရမယ်။ ပိုက်ဆံလိုသေးလား မေးပြီး ထုတ်ပေးရဦးမယ်။ ညီမလေးက အိမ်ဘာမှာဦးမလဲ မေးရဦးမယ်။ အမေ့ဆီ ဖုန်းဆက်ပြီး မနက်ဖြန် ပြန်လာမယ့်အကြောင်း ပြောထားဦးမှ။ ညနေပြန်မှာဆို ရှုခင်းအလှတွေ တဝကြီး မြင်ရပေဦးမယ်။

ညနေဟာ ကျွန်တော့်ဆီကနေ ဖွတ်တရွတ် မှောင်ရိပ်ခိုသွားပြီ။ အဆောင်ပြန်ဖို့ ဆိုင်ကယ်စီးရင်း ဒီလပေးရမယ့် အကြွေးတွေ၊ အဆောင်လခ၊ ထမင်းဖိုးတွေ တွက်ကြည့်မိတယ်။ အမေ့ပေးဖို့ တစ်ထောင်တန်ထပ်လေးတွေ အတော်ပဲ ပါးလျနေမှာပါလား။ "အမေ့မျက်နှာ ပီတိတွေနဲ့ ပြုံးနေမှာပါ"လို့ စိတ်ဖြေတွေးရင်း မြို့ထဲဝင်လာခဲ့ပါတယ်။ ရှုပ်ထွေးမွန်းကျပ်လွန်းလှပါလား။ ဒီလိုနဲ့ ညနေတွေ ဘယ်လောက်များများ ဖွတ်တရွတ် မှောင်ရိပ်ခိုသွားမယ်မသိ...။

"အဖေနဲ့အမေ ထန်းမတက်ပါနဲ့တော့"လို့ ဘယ်တော့များမှ ပြောနိုင်မယ်မသိ။ ■

**ထက်လွင်**



www.burmeseclassic.com

www.burmeseclassic.com

# လင်းကာဝဝ် ဆိုးကျင်း ဂျွဗ်တိုးလေး ဖိုင့်ပေးပါ

အမှတ် ၃၅၅၊ မေ ၂၀၁၃

ထောက်ခံ့ မီးခလုတ် ပိတ်သံနှင့်အတူ သူ့အခန်းလေးတစ်ခုလုံး မှောင်ကျသွားသည်။ 'ဟိုကောင်လေး မီးတွေပြန်မဖွင့်နဲ့နော်၊ အိပ်တော့' ဆိုသည့် မေမေ့အသံကို သူ ဘာမှ ပြန်မပြောဘဲ ငြိမ်နားထောင်နေလိုက်မိ၏။ ရင်ညွန့်လောက်ထိရောက်အောင် မေမေ ခြုံပေးခဲ့သည့် စောင်ကို သူ့ခေါင်းလုံသည်အထိ ဆွဲခြုံလိုက်မိသည်။ မေမေ ခုနပြောသည့် ဒေဝေါဆိုသည့်အကောင်ကို သူ ပုံဖော်ကြည့်သည်။ သူတို့ကြည့်နေကျ ဇာတ်ကားထဲက ဂေါ်ဇီလာလိုအကောင်ကြီးများလား၊ ဒါမှမဟုတ် ဒိုင်နိုဆောကြီးလိုလား။ မေမေပြောတာ ဂေါ်ဇီလာလည်းမဟုတ်၊ ဒိုင်နိုဆောလည်းမှ မဟုတ်တာ။ ဒေဝေါတဲ့။ ဒါဆို ဒေဝေါက ဂေါ်ဇီလာထက်တော့ ပိုကြောက်ဖို့ ကောင်းလောက်မည်။ မျက်လုံးပြူးပြူးကြီးလား၊ အစွယ်တွေရောပါလား။ ဗိုက်ဆာပြီး အူတွေပါ စားတာဆိုလျှင် ဒေဝေါကောင်မှာ အစွယ်တွေပါမှာ သေချာသည်။ ဒေဝေါက ဂေါ်ဇီလာလိုလည်း မကြီးလောက်ပေ။ သူက လူတွေလိုက်ကိုက်တာဆိုတော့ အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဝင်နိုင်လောက်မည်ပေါ့။ ဒါဆို ဒေဝေါက လူလောက်တော့ ရှိမည်။ သူ ချွေးစေးတွေ ပြန်လာပြီး မျက်လုံးကို အတင်းမှိတ်ထားလိုက်သည်။ နာရီက တချက်ချက်အသံကိုသာ သူ နားစိုက်ထောင်နေမိသည်။ အချိန်အတော်ကြာသည်အထိ သူ အိပ်၍မရပေ။ အိပ်ရာ ဝင်ခါနီးတုန်းက သူ့ခြေထောက်ကို ရေဆေးပေးရင်း မေမေပြောခဲ့သည့် ဒေဝေါကောင်အကြောင်း သူ သေချာပြန်တွေးကြည့်မိသည်။ ဒေဝေါကောင်က ခြေထောက်ကို ရေမဆေးဘဲ ညအိပ်သည့်လူတွေကို လာကိုက်စားတတ်တာတဲ့။ ဒါဆို ဒေဝေါကောင်က ညစ်ပတ်သည့် လူတွေကိုမှ ကိုက်တာလား။ သူ ဒေဝေါကို စိတ်ဝင်စားလာမိသည်။ ဒေဝေါသည် လူတွေကို ကိုက်စားနိုင်သည်ဆိုလျှင် ရန်သူတွေကိုလည်း ကြောက်မည် မဟုတ်ပေ။ ဒါဆို ဒေဝေါကိုရအောင်ဖမ်းရမည်။ သူနှင့် ဒေဝေါပေါင်းပြီး စပိုက်ဒါမန်းလို လူဆိုးတွေလက်ကနေ သနားစရာကောင်းသည့် လူတွေကို ကယ်ရမည်။ ဒေဝေါက လူတွေစားသည့်အကောင်ဆိုတော့ ကယ်ပေးပါ့မလား။ သူ ခေါင်းမြီးခြုံထားသည့်စောင်ကို ဆွဲခွာပစ်လိုက်သည်။ သူတို့နှစ်ယောက် ပူးပေါင်းဖို့တော့ ဒေဝေါကောင်ကို သူ ချော့ရမှာပေါ့။ သူ့အရုပ်တွေကို ဒေဝေါက လိုချင်လည်း သူပေးလိုက်မည်။ အဓိကက ဒေဝေါကိုဖမ်းမိပြီး သူနှင့်ပေါင်းကာ လူဆိုးတွေ ဖမ်းနိုင်းရမည်။

oLu
a'aOguldrf&rnf
om;a&yif
twGldufuld
, lyD
tyl&mab;
wifvldubnf
a'aOguld
tlhjESh
wlj&rnf
pmlLunfm;yGu
ol
tLuldufqkd
tld lDSkKyf
uld
, lvldulyD
tyl&mab;
xyfwifvldujyef
onf
zrfrdS
a'aOguld
rkdKyfay;lyD
olbufygtmif
vlj&rnf

သူ အသာလေး ခုတင်ပေါ်က လျှောဆင်းလိုက်သည်။ အခန်းသည် မည်းမှောင်နေပေမဲ့ သေချာစိုက်ကြည့်လျှင်တော့ ပိုးတဝါးနှင့် ဘယ်နေရာ ဘာရှိသည်ကို ခန့်မှန်းနိုင်သည်။ ကိုယ့်အခန်းမို့ ဘယ်နေရာ ဘာရှိသည်ကို သူ ကောင်းကောင်းခန့်မှန်းနိုင်၍ လက်ကလေးနှင့် စမ်းစမ်းပြီး မီးခလုတ်ရှိရာဆီ တိုးသွားလိုက်သည်။ ပြီးမှ ဖျတ်ခနဲ သူသတိရမိသွားသည်။ သူမှ မီးခလုတ်ကို မမီတာ။ နောက်ဘက်ဆီ ပြန်စမ်းသွားလိုက်ပြီး စာကြည့်စားပွဲကို သွားလိုက်သည်။ သူ ထိုင်နေကျ ခုံပုကလေးကိုမ,ပြီး မီးခလုတ်ဆီ ပြန်လှည့်ရ၏။ မီးခလုတ်နားရောက်သည့်အခါ ခုံကို အသံမမြည်အောင် တိတ်တိတ်ကလေး ချရပြန်သည်။ ခုံပေါ်တက်လိုက်ပြီး မီးခလုတ်ဖွင့်ရာမှာလည်း အရင်လို ဝှပ်ခနဲ မလုပ်မိ။ ညင်ညင်သာသာလေး နှိပ်ရပြန်သည်။ ဘာသံမှ မကြားလိုက်ရဘဲ တစ်ခန်းလုံး မီးရောင်အပြည့်လွှမ်းသွားသောအခါ သူ ပျော်သွားမိသည်။ ခုံပေါ်က အသာလေးဆင်းပြီး သူ ဘာအရင်စ,လုပ်ရမလဲ ကြံရပြန်သည်။ အရင်ဆုံး ဒေဝေါကောင် သူ့ဆီလာအောင် လုပ်ရမည်။ ဒေဝေါက ညဘက် ခြေထောက်မဆေးဘဲ အိပ်သည့် လူတွေကိုသာ ရွေးကိုက်သည်တဲ့။ ဒါဆို သူက ခြေထောက်ဆေးပြီးပြီ။ ဒေဝေါကောင်က သူ့ဆီ လာတော့မည် မဟုတ်ပေ။ ဒေဝေါ လာအောင် သူ့ခြေထောက်တွေကို ညစ်ပတ်အောင်လုပ်မှ ရမည်။ အိမ်အပြင်ကိုထွက်ပြီး ဖုန်ပေအောင်လည်း သူလုပ်၍ မရတော့ပေ။ အိမ်မကြီးတံခါးက သော့ခတ်ထားပြီးပြီ။ သူ ကြမ်းပြင်ပေါ် ထိုင်ချလိုက်ပြီး လက်ဝါးနှင့် ကြမ်းပြင်ကို ပွတ်လိုက်သည်။ ပြီးမှ သူ့ခြေထောက်တွေကို ပြန်သုတ်ရသည်။ ဖုန်က သိပ်မပေပေ။ သူ ညစ်ပတ်အောင်လုပ်ချင်သည်။ ဘယ်လိုလုပ်ရမလဲ သူလျှောက်တွေးကြည့်မိသည်။ သူ ဒိုင်းခနဲ မီးဖိုချောင်ကို ပြေးမြင်လိုက်မိသည်။ တံခါးကို သာသာလေးတွန်းဖွင့်ပြီး အပြင် အရိပ်အကဲကို ချောင်းကြည့်ရပြန်သည်။ တိတ်ဆိတ်ပြီး ဘယ်သူ့ကိုမှ မတွေ့ရတော့မှ သူ အခန်းအပြင်ကို အသာလေး ခြေဖော့ထွက်လိုက်သည်။ တံခါးကို အသာလေး အခန်းထဲက မီးရောင်မမြင်အောင် ပြန်စေ့လိုက်ပြီး မီးဖိုခန်းဆီ ထွက်ခဲ့လိုက်၏။

မီးဖိုခန်းထဲသို့ ရောက်သောအခါ မီးက ပိတ်ထားပြန်သည်။ မီးဖိုခန်းကိုတော့ သူ နယ်မြေမကျွမ်းတာကြောင့် ဖုန်သုတ်ခုံရှိရာကို လေးဖက်ထောက်ပြီး သွားရသည်။ ရှေ့ကို လက်နဲ့အရင် စမ်းပြီးမှ ဖြည်းဖြည်းချင်း ရွှေ့သွားရသည်။ မီးဖိုးခန်းထဲက မီးခလုတ်ကိုတော့ သူ ဘယ်နည်းနှင့်မှ ဖွင့်၍ရမည် မဟုတ်။ ခုံလည်း သယ်နိုင်မည်မဟုတ်တာကို သူ တွက်မိသည်။ ဖုန်သုတ်ခုံကို စမ်းမိသောအခါ သူ အားရပါးရ လက်ခုပ်ကလေး ဖွဖွတီးမိသည်။ အိမ်အနောက်ဘက်သို့ ထွက်ပေါက်ရှိ၍ ဖုန်သုတ်ခုံသည် ဖုန်တွေနှင့် ညစ်ပတ်နေသည်က အသေအချာ။ သူ အားရပါးရ ဖုန်သုတ်ခုံပေါ် မတ်တတ်ရပ်ပြီး ခြေထောက်နှစ်ဖက်ကို ညစ်ပတ်အောင် လုပ်လိုက်သည်။ ခြေထောက်မှာ သဲတရှရှဖြစ်သွားသောအခါ အပြင်ပြန်ထွက်ရန် ပြင်လိုက်သည်။ ဒေဝေါက ထမင်းကြိုက်လားမသိ။ သူ ထမင်းစားပွဲဆီ လေးဖက်သွားလိုက်ပြီး ထိုင်ခုံပေါ် တက်လိုက်သည်။ အုပ်ဆောင်းကို ဖွင့်လိုက်သောအခါ ဟင်းပန်းကန်ထဲက



www.burmeseclassic.com

www.burmeseclassic.com

ဇွန်းနှင့် ငြိပြီး ဇွန်းက ကြမ်းပေါ် အသံကျယ်လောင်စွာ ပြုတ်ကျသွားသည်။ သူ အုပ်ဆောင်းကို ပြန်ချပြီး ငြိမ်နေလိုက်မိ၏။ မေမေသာ နိုးသွားလျှင်တော့ သူအရိုက်ခံရမှာ ကျိန်းသေပင်။ ဒေဝေါကိုလည်း ဖမ်းနိုင်မည်မဟုတ်တော့။ ခြေထောက်ပြန်ဆေးလိုက်လျှင်တော့ ဒေဝေါနှင့်သူ တွေ့ရမှာ မဟုတ်တော့ပေ။ အတန်ကြာသည်အထိ ဘာသံမှ မကြားရတော့သောအခါမှ မေမေ မလာဘူးဆိုတာ ကျိန်းသေသွားလေပြီ။ သူ ထမင်းကို လက်နှင့်ဆုပ်ပြီး အခန်းဆီ ပြန်ခဲ့လိုက်သည်။

ခုတင်အောက်ဘက်မှာ စက္ကူကိုခင်းပြီး ထမင်းတွေတင်လိုက်သည်။ ဒေဝေါက ထမင်းစားရလျှင်တော့ သူ့ကိုကိုက်မှာ မဟုတ်တော့ဟု သူ တွေးမိသည်။ သူ့ကျောင်းကျောပိုးအိတ်ထဲက ကွန်ပါဘူးကို ထုတ်ပြီး ပစ္စည်းတွေယူလိုက်သည်။ အခန်းဝမှာ တစ်ခုချင်းစီ ခွဲချလိုက်သည်။ ကျောပိုးအိတ်ထဲက ဖန်ဒိုးလုံးတွေပါချပြီး ခင်းလိုက်သည်။ ဒေဝေါ ဝင်လာလျှင် ဒါတွေနင်းပြီး ချော်လဲရမည်။ အဲ့ဒီအချိန်ကျမှ သူက ဒေဝေါကိုဖမ်းရမည်။ သားရေပင်အတွဲလိုက်ကိုယူပြီး အိပ်ရာဘေး တင်လိုက်သည်။ ဒေဝေါကို အဲ့ဒါနှင့် တုပ်ရမည်။ စာကြည့်စားပွဲက သူအကြိုက်ဆုံး အိုအီးရှီ မုန့်ထုပ်ကို ယူလိုက်ပြီး အိပ်ရာဘေး ထပ်တင်လိုက်ပြန်သည်။ ဖမ်းမိမှ ဒေဝေါကို မုန့်ထုပ်ပေးပြီး သူ့ဘက်ပါအောင် လုပ်ရမည်။ ဒေဝေါက သူ့လိုပဲ အိုအီးရှီ ကြိုက်မှာပါလို့ သူတွေးလိုက်မိသည်။ ပြီးတော့ အရုပ်တွေထည့်ထားသည့် ခြင်းတောင်းကို သူ ခုတင်ခြေရင်း ရွှေ့လိုက်ပြန်၏။ အရုပ်လိုချင်လည်း အရုပ်ပေးရမည်။ ဒါမှ ဒေဝေါက သူ့ကို သူငယ်ချင်းတော်လောက်မည်လေ။

သူ အကုန်လုံးလုပ်ပြီးသောအခါ ပြတင်းပေါက်ကို သေချာကြည့်ရသည်။ ချက်မပိတ်ထားလျှင် ဒေဝေါက အခန်းပေါက်က မလာဘဲ ပြတင်းပေါက်က ဝင်လာနိုင်သည်။ အိမ်ပေါက် သံပန်းတံခါးက ကျဉ်းပေမဲ့ ဒေဝေါက တန်ခိုးနှင့် ဝင်လာနိုင်မှာ အသေအချာပါပဲ။ အကုန်သေချာပြီဆိုမှ သူ မီးမှိတ်ပြီး ခုတင်ပေါ် ပြန်တက်လိုက်သည်။ သူ့ကို ဒေဝေါ ဝင်လာလာချင်း မမြင်အောင် စောင်ကို ခေါင်းမြီးခြုံပြီး ကွေးထားလိုက်သည်။ ဒေဝေါဝင်လာမှာကို နားစွင့်ရင်း သူ ဒေဝေါကို ပုံဖော်ကြည့်နေမိသည်။ ဒေဝေါအကြောင်း တွေးရင်းတွေးရင်း သူ မျက်လုံးတွေမှေးစင်းလာပြီး အိပ်ပျော်သွားမိသည်။

ဒုန်းခနဲ အသံကြားသည်နှင့် သူ စောင်ကို ဆွဲခွာပစ်လိုက်သည်။ ဒေဝေါမိပြီ လို့လည်း သူ့ပါးစပ်က ကျယ်ကျယ်လောင်လောင် အော်လိုက်မိသည်။ ခြင်ထောင်ကိုမ,ပြီး ခုတင်အောက်ကို ဝုန်းခနဲ ခုန်ဆင်းပစ်လိုက်မိ၏။ ခြေထောက်မှာ ထမင်းလုံးတွေက ပေကျံကုန်သည်။ ဒေဝေါ မပြေးနဲ့။ ဖြူဖြူ ဖြူဖြူနှင့် ဒေဝေါကြီးက ပက်လက်လန်၍ တအားအားနှင့် အခန်းဝမှာ အော်နေ၏။ သားရေပင်တွဲကလည်း သူ့လက်ထဲမှာ ပါဖြစ်အောင် ပါလာသေး၏။ 'သေနာကောင်လေး လာခဲ့စမ်း' ဆိုသည့် အသံထွက်လာချိန် သူက ဒေဝေါအနား ရောက်သွားပြီ။ ဒေဝေါလို့တောင် သူအသံ မထွက်လိုက်နိုင်။ ပက်လက်လန်လဲနေသည့် ဖြူဖြူကြီးက သူ့ခေါင်းကို ဒေါက်ခနဲမြည်အောင် ခေါက်ချလိုက်သည်။ 'ဒေဝေါလည်း မဟုတ်ဘူး မေမေကြီး'လို့ သူ့အသံ ထွက်သွားချိန် မေမေက လဲနေရာက လှမ်းရိုက်သည်။ 'ဒေဝေါကို နင်က သိစရာလားဟဲ့၊ သိစရာလားဟဲ့'ဆိုပြီး ပါးစပ်က ပြောလည်းပြော၊ ရိုက်လည်းရိုက်သည်။ သူ ပြေးမည်လုပ်မှ ခြေထောက်ကို ဖမ်းဆွဲခံလိုက်ရသည်။ သူ့တင်ပါးတွေ ခြေသလုံးတွေကို မေမေ့လက်က တရစပ်ကျလာသည်။ ခါးနာပြီးလဲနေသည့် မေမေ့လက်က သူ လွတ်အောင်ရုန်းပြီး အခန်းအပြင် ထွက်ပြေးလိုက်သည်။ သူ့ခေါင်းတွေ၊ တင်ပါးတွေ ပူထူကုန်သည်။ အိပ်ချင်မူးတူးစိတ်တွေ ပျောက်ပြီး ဒေဝေါကောင်ကို သူ သိလည်း မသိချင်တော့လောက်အောင် ဖြစ်သွားမိသည်။ နာကျင်မှုကြောင့် မျက်ရည်ပါကျလာမိသည်။ လောလောဆယ် ဒေဝေါကြောင့် သူ မနက်စောစော ခေါင်းတွေခေါက်၊ တင်ပါးတွေ အရိုက်ခံလိုက်ရသည်။ ဒေဝေါသည် မကောင်းဆိုးဝါးသာ ဖြစ်သည်ကို သူ နားလည်လိုက်ပါပြီ။ သူ အိမ်ရှေ့ စံပယ်ရုံနားမှာ ထိုင်ပြီး နာကျင်မှုကြောင့် ငိုချမိလိုက်သည်။

'အဲ့ကောင်လေးကို မပြေးစေနဲ့ လိုက်ရိုက်စမ်းပါ' ဆိုသည့် ဖေဖေ့ကိုပြောနေသော မေမေ့စကားသံကို ကြားရသောအခါ သူ အဘွားတို့အိမ်ဘက်ကို ဦးတည် ပြေးလိုက်မိသည်။ ရင်ထဲမှာလည်း နာကျင်လာသည်။ သူရိုက်ခံရသည်က ဒီတစ်ခါဆို သုံးခါရှိပြီ။ မေမေပြောသည့် မြေဘီလူးကြီးကို တွေ့ဖူးချင်၍ မြေကြီးမှာ အိပ်မိတုန်းက တစ်ခါ၊ အဝတ်မဝတ်သည့် ကလေးတွေကို ကိုက်သည်ဆိုသည့် သဘက်ကြီးကို တွေ့ဖူးချင်၍ အဝတ်တွေချွတ်အိပ်တုန်းက တစ်ခါ၊ ခုတစ်ခါ ဒေဝေါကို ဖမ်းတော့ တစ်ခါ။ သူ ဘာမှ မသိချင်တော့ပေ။ မေမေ့ကိုရော ဖေဖေ့ကိုရော မေးမရသည့်၊ ဖမ်း၍လည်း မမိသည့် ထိုအကောင်တွေကို သူ သိလည်း မသိချင်တော့ပေ။ သိအောင် လုပ်တိုင်းလည်း အရိုက်ခံရသည်ကို သူ မနှစ်သက်ချင်တော့။

သူ သနားဖို့ကောင်းသည့်လူတွေကိုလည်း ဘယ်တော့မှ မကယ်တော့ဘူးဟု ပြေးနေရင်း ရေရွတ်နေမိသည်။ သူနှင့် ပေါင်းကယ်မည့် အကောင်တွေကိုလည်း ဘယ်တော့မှ သူတွေ့ချင်တော့မည် မဟုတ်ပေ။ ■

**လင်းရောင်စင်၊ဖီးကုန်း၊**



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်တို့သည် မိန်းမတို့ထက် မှောင်၏။
မိန်းမတို့သည် ယောကျ်ားတို့ထက် မှောင်၏။
ယောကျ်ားတို့သည်ကား…။

❑

'ဂီး…'

'ကရော်…ကရော်… ကရော်'

နံနက်ခင်းသည် ဆိတ်ဆိတ်တုန်နေ၏။ ရွဲနစ်နေသည့် နှင်းရည်များကို ခါထုတ်ဖို့ နေရောင်မလာသေး။ အပျင်းရှေးထူနေသည့် သစ်ပင်ငယ်တို့သည် ငိုက်မျဉ်းငုံ့ညွတ်လျက်။ အိပ်ပုပ်ကြီးသည့် မြက်လျှားရှည်ပင်တို့ မထ၊နိုင်ကြ။ (အမွေးထူထူနှင့်) ရှာစည်းဘေး မြေဆွေးမြေပလွှင်ပေါ်တွင် ကွေးကွေးတစ်မျိုး၊ ရှိုးရှိုးတစ်ဖုံ စင်းစင်း လဲလျောင်းနေကြသည်။ ရွာစော်နံနေသည့် နံနက်ခင်းသည် လှုပ်ရှားမှုမြုရှန် လေးတွဲ့တွဲ့နှင့်။ ထိုတွေ ထိုင်းထိုင်း နံနက်ခင်းကို တိရစ္ဆာန်နှစ်ကောင်၏



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

မနှစ်လိုဖွယ် အသံနှစ်မျိုးက ရိုက်ပုတ်နှိုးလှန့်လိုက်သည်။

"ဂိး"

"ကရော်...ကရော်"

လက်ပုကန်ရွာကလေး ရုတ်တရက် လန့်နိုးသွားပြီ။

❑

"ဦးသူတော်၊ တော့် ခွေးကို တော်ကိုယ်တိုင် သတ်မလား၊ ကျုပ်သတ်ရမလား။ ဒါပဲပြော"

ဦးသူတော် လက်ထဲက ပုတီးကို ယောင်ပြီး လွှတ်ချပစ်လိုက်သည်။ ဘုရားရှိခိုးဖို့ ပြင်ဆင်နေတုန်း "ဖြန်း" ဆိုအသံအာအာဖြင့် ရပ်ကွက်ထဲက မိတုတ်ရောက်လာသည်။ အများအခေါ် အာကျယ်မိတုတ်။ ရပ်ကွက်ထဲမှာ "စွာ" ခနဲပော့ဆိုလျှင် တစ်ဖက်ယှဉ်သူကိုသာရှာ။ ဒီဘက်မှာ မိတုတ်ရှိပြီးသား။ စွာသည်။ ထက်သည်။ ရိုးရိုးစကားပြောလျှင်တောင် တော်တော့ကြေးစည်၊ အုန်းမောင်း မတိုး။

အသံက စွာပြီးမာနေသည်။ ယခုလို ရှူးရှူးဒိုင်းဒိုင်း ဒေါသထွက်လာလျှင်တော့ တစ်ရပ်ကွက်လုံး ဟုန်းနေအောင် အာတော့သည်။ ရွာက မိတုတ်ကိုရှောင်သည်။ ကြောက်လို့ရယ်တော့ ဟုတ်ဟန်မတူ။ မတုပလို၍ ဖြစ်လိမ့်မည်။ ပြီး အိမ်ဦးခေါင်တိုင် လဲပြိုနေသည့် ကလေးတစ်ပုပ်တစ်လှေနှင့် မုဆိုးမဖို့ ငဲ့ညှာကြသည်လည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ မုဆိုးမ ဆိုပေမင့် မိတုတ် အားငယ်ရမှန်းမသိ။ ယောကျ်ားရှိစဉ်ကတည်းက ဒီအစ ဒီအဆင်ပင်။ အများတကာတွေ သနားကြပါစေဆိုပြီး

rdwfvkwf
a, mufu
at;aq;onf
EJnbnf
t &yfvum
vSnfvnf
ajzazmfae&onf
ESpf&m
ESdwf
vdkonf
uifyef&wyf
vufuf
ra0&bJ
]ESdbD
[ k
wp&mvJku
Ewf
aMuaeMuonf

လည်း မိတုတ် မျက်နှာညိုး မပြ။ ယောကျ်ားမရှိတော့ပေမင့် သားသမီး ၃ ယောက်ကို သူ တစ်ယောက်တည်း မြမြ ချွန်ချွန် လုပ်ကိုင်ကျွေးမွေးလာသည်မှာ အငယ်ဆုံး ကလေးပင် ကျောင်းစ,တက်နေပြီ။ မိတုတ်က သူများတကာတွေလို ကိုယ်ထူးကိုယ် ချွန်ရုံပင်မဟုတ်။ ရှိသမျှ ခြေသလုံး နှုတ်သီးတွေပါ ချွန်နေလို့များ သူ့အသွင် သူ့စရိုက်တွေကို လိပ်ပြာသေးပြီး ယောကျ်ားက ပစ်ပြေးသွားတော့သည်လား မသိ။

မိတုတ်ယောကျ်ားက အေးဆေးသည်၊ နူးညံ့သည်။ အရပ်တကာ လှည့်လည်ဖြေဖျော်နေရသည့် နှဲဆရာ။ နှဲမှုတ်လိမ္မာသည်။ ကင်ပွန်းမတပ် လက်ဖက်မဝေရဘဲ "နှဲဘိုနီ" ဟု တစ်ရွာလုံးက နှုတ်ကြေနေကြသည်။ ရွာက ဦးဖေမောင်ညွန့် ဦးစီးသည့် ခါးပြတ်ဆိုင်းလေးနှင့် ရွာနီးချုပ်စပ် အလှူပိန်လေးစ၊ ဘာလေးစ မနားတမ်းလောက် လိုက်တီးရသည်။ အများဆုံးပွဲကတော့ ရိုးရာနတ်ကနားပွဲများပင်။ ရွာနီးချုပ်စပ်တင် မဟုတ်ဘဲ တစ်ခါတလေ အနောက်ပုံတောင်ခြေမှ ကျွဲကျ၊ အိုင်းမ၊ ရှားတော၊ မိုးကောင်းစသည့် ရွာလေးတွေအထိ သွားရောက်ဖြေဖျော်ရတတ်သေးသည်။ ဘိုနီက လက်ပုကန် ဇာတိတော့ မဟုတ်။ ဦးဖေမောင်ညွန့်နှင့် ဘယ်ဒေသမှာ ဆိုင်းတီးရင်း တွေ့ခဲ့ကြသည်မသိ။ အစကတော့ ဦးဖေမောင်ညွန့် ဆိုင်းပွဲရှိမှသာ ရွာကိုရောက်လာလေ့ရှိသည်။ နောက်တော့ ဆိုင်းပွဲမရှိပေမင့် ရွာက ပြန်သည်မရှိတော့။ သဘောစင်သော ဦးဖေမောင်ညွန့် အိမ်မှာပင် သောင်တင်နေပြီး ဦးဖေမောင်ညွန့်နှင့် အိမ်ချင်းကပ်လျက် မိတုတ်ညိုနုနု နားရွက်လေးထံ အချိန်မှန်မှန် နှဲတော်သံဆက်သရင်း လက်ပုကန်ရွာလေးမှာပင် လူပျိုဘဝကို ကျောက်ဆူးချလိုက်တော့သည်။

မညားခင်က နားဝင်ပီယံ ဘိုနီ့နှဲသံတော်သံတို့သည် ကလေး ၃ ယောက်ရချိန်တွင် မိတုတ် အာသံအောက် ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်။ လင်ကွင်းပဲ့ကို တုတ်နှင့်ခေါက်သည့်အခါ လင်ကွင်းသံသာ ကြားရသည်၊ တုတ်သံ မကြားရ။ ထို့အတူပင် ထိမိတာချင်း အတူတူ ဘိုနီတည်းဟူသော တုတ်သံမကြားရဘဲ မိတုတ်ဟူသည့် လင်ကွင်းသံတွေသာ တစ်ရွာလုံးလွှံနေသည်။ ကလေး ၃ ယောက်မြောက်၌ မခံနိုင်တော့သည့်အဆုံးတွင် ဘိုနီတစ်ယောက် မိတုတ်နဖူးမုဆိုးမတံဆိပ်ကပ်ပြီး ပြန်မလာနိုင်သောခရီးသို့ စောစောစီးစီး အပြီးနှင်သွားတော့သည်။

အနောက်ပုံတောင်ခြေက ရွာကလေးဆီ ဆိုင်းပွဲသွားရင်း ထိုရွာလေးအနီးက (ရေအနက် နာမည်ကြီးလှသည့်) ဆည်ကြီးတစ်ခုထဲ ရေနစ်ပြီး ဆုံးပါးသွားခဲ့သည်။ ခရီးမထွက်ခင်ညက မိတုတ်နှင့် ခွန်းကြီးခွန်းငယ် အသွယ်သွယ်ဖြင့် အကြီးအကျယ် ရန်ပွဲဖြစ်ခဲ့ကြသေးသည်ဟု ရပ်ကွက်ထဲက တိုးသဲ့သဲ့ ပြောသံကြားဖူးသည်။ ဘိုနီဆုံးပြီဆိုသည့် သတင်းကြားတော့လည်း မျက်ရည်အိုင်ပြီး အံတွေသာ တင်းတင်းကြိတ်ထားသည်။ အသံလုံးဝ မထွက်။ ဘာပဲဖြစ်ဖြစ် ကလေး ၃ ယောက် သက်တမ်းတစ်လျှောက် နှဲဘိုနီနှင့် မိတုတ်တို့၏ အချစ်တိုက်ပွဲတွင် ဘိုနီတည်းဟူသည့် တုတ်ချောင်းသာ ဖြောင်းဖြောင်း မြည်အောင် ကျိုးကြေသွားခဲ့သည်။ မိတုတ်ဟူသည့် လင်ကွင်းကား ပဲ့ဖို့မဆိုထားနှင့် နည်းနည်းလေးတောင် ပိန်ရှုံ့သွားခဲ့ခြင်းမရှိ။

www.burmeseclassic.com

ကိုယ်ထူး ကိုယ်ချွန်စိတ်နှင့် နှစ်ဆတိုး ပြီးတောင် တစ်မျိုးမာ,လာပြန်လေသည်။ ဘိုနီ တစ်ယောက် ရေနစ်သည်မှာ သွေး ရိုးသားရိုးလား ဘာလား ဆိုသည်ကတော့ ဘိုနီ ကိုယ်တိုင်ပဲ သိပါလိမ့်မည်။

ခုလည်း ဦးသူတော် တစ်ယောက် သည်လိုအာစိန် လျှာစိန် တစ်ရွာလုံးရှောင်နေသည့် မိတုတ်နှင့်မှ တည့်တည့် လာတိုးနေတော့သည်။ ဦးသူတော် မိတုတ်ကို တစ်ချက်မော့ကြည့်ပြီး ပင့်သက်ခပ်ဖွဖွ လွှတ်ချလိုက်သည်။ အလိုလို အသားမဖြူသည့် မိတုတ်၊ ခု ဒေါသထွက်နေတော့ မျက်နှာကြီးတစ်ခုလုံး ညိုပုပ်အစ်မည်းလျှက်။ မျက်လုံးပြူး မျက်ဆန်ပြူးနှင့်။

'ဟယ်…ဘာဖြစ်လာတာလဲ မိတုတ်ရယ်၊ သေသေချာချာ ပြောစမ်းပါဦး'

ဦးသူတော် အနီးရှိ နောက်မှီထိုင်ခုံပေါ် ကျကျနန ထိုင်ချလိုက်သည်။ ပြီး လက်ထဲက ဟန်းဆက်(ဖုန်း)ကို အနီးရှိ စားပွဲခုံပုလေးပေါ် တင်လိုက်သည်။ ထို့နောက် မျက်မှန်ချွတ်ပြီး ပခုံးပေါ်တင်ထားသည့် ပုဆိုးစအနွမ်းလေးဖြင့် မှန်ကို ပွတ်တိုက်နေသည်။

'ဘာဖြစ်ရမလဲ။ တော့်ခွေးမျိုးကောင်းကြီးလေ ကျုပ်အိမ်က ကြက်တစ်ကောင်ကို ခုနကပဲ ဆွဲသွားတယ်။ အစကတော့ တစ်ကောင်စ၊ နှစ်ကောင်စမို့ မပြောတော့ဘူးလို့ နေနေတာ။ ခုတော့ ဘယ့်နှယ်တော် အိမ်ကရှိတဲ့ ကြက်တစ်အုပ် သင်း(ဒင်း)ကြောင့် ကုန်တော့မယ်။ ကျုပ် သည်း

awmh
acG
r[umifhuav
u[yf dfu
Muuf
wpfumiful
ckuyJ
qGw, f
t puawmh
wpfumif
Epfumifrl
rajymawmbl
vd
aeaewm
ckwmh
b, EdS fwmf
t dfu&Svh
Muufwpft kf
oif('i f)aMumifh
ukfwmh, f

မခံနိုင်တော့ဘူး ဦးသူတော်။ အဲဒီကိစ္စ တော် ဘယ်လိုရှင်းမတုံး'

ဦးသူတော် မျက်ခုံးမွေး အတွင်းနှစ်ဖက် အပေါ် ထောင်တက်သွားသည်။

'ဟုတ်ရဲ့လား မိတုတ်ရယ်၊ ဒေးဗစ်ကြီးက လိမ္မာပါတယ်ဟ'

'ဘာ'

ဦးသူတော် ဆတ်ခနဲ တွန့်သွားသည်။ မိတုတ်နဖူးပြင်ကြီးတစ်ခုလုံး ကမ္ဘာ့မြေပုံ ကောက်ကြောင်းများ ထ,လာသည်။

'နေစမ်းပါဦး ဦးသူတော်၊ ကျုပ်က မဟုတ်မဟတ်တွေများ လုပ်ကြံပြီး လာပြောနေတယ်လို့ တော်က ဆိုချင်တာလား'

မိတုတ်ဒေါသလျှင်းတို့ ဦးသူတော်ကျောက်ဆောင်ကို အသားကုန် ဝင်ဆောင့်ကုန်ပြီ။

'အာ… အဲဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး မိတုတ်ရာ၊ ဦးပြောတာက မိတုတ်များ အမြင်မှားပြီး အခြားခွေးကို ဒေးဗစ်လို့ ထင်နေတာများလား၊ အဲဒီသဘောပါကွယ်'

'အို… မဟုတ်ဘူး၊ ကျုပ်မျက်လုံးတွေက အကန်းမဟုတ်ဘူးရယ်။ တော့်ဟာတော် ဒေးဗစ်တာတွေ၊ ဒေးမဗစ်တာတွေတော့ မသိဘူး။ ကျုပ်သိတာကတော့ တော့်ခွေးမှ တော့်ခွေးအစစ်။ မနက်အိပ်ရာက ထထ,ချင်း ကျုပ်ကိုယ်တိုင် ဟောဒီမျက်လုံးကြီးနဲ့ မြင်ခဲ့တာပါတော်။ ဒီလိုမှန်းသိ လာမပြောဘဲ နေရာတင် ကိစ္စတုံးပစ်လိုက်တယ်။ ခုတော့ သွေဖည်ရှောင်ဖယ်နဲ့၊ ဟွန်း'

ဦးသူတော် သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဟူး…ဟုတ်ပါပြီ၊ ဦးရှောင်တာမဟုတ်ပါဘူး။ တိုးတိုးသက်သာလုပ်ပါ မိတုတ်ရယ် မနက်စောစောစီးစီး'

'အို…မနက်ဖြစ်ဖြစ်၊ ည ဖြစ်ဖြစ် မတိုးနိုင်ပေါင်တော်။ ဘယ့်နှယ် ဖုန်းဘေလ်ဖိုးလေးရရဆိုပြီး ကြက်လေးတစ်အုပ် မွေးမိပါတယ်၊ သူ့ခွေးစာ စုပေးနေရသလိုပဲ၊ ဟွန်း'

မိတုတ်၏ တင်းနေအောင်စေ့ထားသည့် နှုတ်ခမ်းအစွမ်းနှစ်ဖက် ပါးရိုးအောက်ခြေထိ ကွေးဆင်းသွားသည်။

'……'

ရုတ်တရက် စားပွဲပေါ်မှ ဖုန်း Ringtone သံ ထွက်လာသည်။ ဦးသူတော် မိတုတ်ဆီ လက်ဝါးထောင်ပြလိုက်ပြီး ဖုန်းကောက်ကိုင်လိုက်သည်။

'အလော့် ကျွန်တော် ဦးသူတော်ပါ၊ သြော် မောင်ရဲရင့်ထွဋ်ခေါင်လား။ အေး၊ မောင်ရဲရင့်ထွဋ်ခေါင်ပြော။ ဘာရယ်။ အေးလေကွယ်။ ဒီနေ့ အလှူခံထွက်ရမယ်လေကွယ်။ ပြင်ဆင်ပြီးတာနဲ့ ဦးလာခဲ့မယ်။ မင်းက အဲဒီမှာ လူစုထားနှင့်ပေါ့။ ဒီလိုမှ မလုပ်ရင် ရွာဦးစေတီတော်ကြီးက တဖြည်းဖြည်း ပျက်စီးတော့မယ်လေ'

မိတုတ် နှာခေါင်းရှုံ့ပြီး ခါးကြားထိုးထားသည့်ဖုန်းကို ထုတ်ကြည့်နေလိုက်သည်။

'စိတ်ချပါ မောင်ရဲရင့်ထွဋ်ခေါင်ရာ။ ရွာမှာ ဒီလိုသာသနာတော်အရေးကိစ္စတွေကို ဦးမှ ရှေ့မဆောင်ရင် ဘယ်သူကများ ရှေ့ဆောင်မှာတဲ့လဲ။ အစဉ်အဆက် ဦးပဲ ရှေ့ဆောင် လုပ်ကိုင်လာခဲ့တာကို။ ရွာတောင်ပိုင်းကရဲကျော်စွာသုံးဘီးပေါ် မိုက်ကယ်မိုးစက်ရဲ့ Sound Box တွေ တင်ထားလိုက်တော့၊ ကြားလား။ ပြင်ဆင်ပြီးတာနဲ့ ဦးလာခဲ့မယ်'

'တိန်…တိန်'

မိတုတ်လက်ထဲမှ ဖုန်းက Viber Ringtone သံ ထွက်လာသည်။ ဦးသူတော် မိတုတ်ဆီ တစ်ချက် လှမ်း



www.burmeseclassic.com

www.burmeseclassic.com

ကြည့်သည်။ မိတုတ် ဖုန်းကို ခါးကြားဆီ ပြန်ထိုးထည့်လိုက်သည်။

'သြော် မေ့လို့ မောင်ရဲ ရင့်ထွင့်ခေါင်ရေ မနောရဲ့ သီချင်းခွေလေးတွေလည်း မမေ့အောင် ထည့်ခဲ့ဦးလို့ စက်ဆရာ မိုက်ကယ်မိုးစက်ကို ပြောလိုက်ဦး။ အေး၊ အေး။ ဒါပါပဲကွယ်'

ဦးသူတော် ဖုန်းချလိုက်ပြီး မိတုတ်ဆီ မျက်စပင့်ကြည့်ရင်း-

'ကဲ မိတုတ်၊ ဦး တောင်းပန်ပါတယ်၊ နောက်လုံးဝမဖြစ်စေရပါဘူးကွယ်။ ဦး တာဝန်ယူပါတယ် နော်'

'နောက်မဖြစ်စေရဘူး ဆိုပေမဲ့ အခုဖြစ်ပြီးသွားပြီ ဦးသူတော်ရဲ့။ အဲဒါ ဘယ်လိုလုပ်မှာတုံး။ တော့်ပါးစပ်ကတော့ တောင်းပန်ပါတယ် ဘာညာနဲ့ ထွက်ရတာလွယ်တယ်။ ကျုပ်ကြက်က တော့် ခွေးပါးစပ်ထဲ လက်တွေ့ပါသွားပြီ'

'ဟုတ်ပါပြီ ငါ့တူမကြီးရယ်။ ဦး နားလည်ပါတယ်။ အခုကိစ္စကိုလည်း ဦး လုပ်ပေးပါမယ်။ ပြီးတော့ ငါ့တူမကြီးကို ဦး ဗဟုသုတအဖြစ် တစ်ခုပြောပြဦးမယ်။ ခွေးဆိုတာ တိရစ္ဆာန်၊ အပါယ်ဘုံသားတွေကွဲ့။ သူတို့မှာ ကောင်းသည်ဆိုးသည်ကို ဝေဖန်ချင့်ချိန်နိုင်တဲ့ဉာဏ် မရှိကြရှာဘူး။ တစ်ဖက်ကို ငဲ့ကွက်ရကောင်းမှန်းလည်း သူတို့မသိဘူး၊ မှားသည် မှန်သည် သူတို့မသိဘူး၊ ကောင်းသည်ဆိုးသည် သူတို့ မသိဘူး၊ လုပ်သင့်တာ မလုပ်သင့်တာ သူတို့မသိဘူး။ ကုသိုလ်၊ အကုသိုလ် သူတို့

pwl/Efyg
armi&&if h
xEfcgj&m
&Grf6
'Dvkd
omoemavwmf
t a&;
upböwGkd
0jDS
a&Gsaqmi&if
b, 6Lrsm;
a&G&aqmif6
wlyJ
t p0f quf
0DyJ
a&G&aqmif
vkfUkdf/mcbh
wmUkd

မသိကြဘူး။ သူတို့သိတာက သူတို့လုပ်ချင်တာ လုပ်ရဖို့ပဲ။ သူတို့ဟာ တကယ်တော့ သနားစရာ တကယ့်အဝိဇ္ဇာ စစ်စစ် သတ္တဝါတွေကွဲ့။ ဒါကြောင့်လည်း အပါယ်ဘုံမှာ ကျင်လည်နေရတာပေါ့။ ညည်းတို့ ငါတို့က လူတွေလေ ငါ့တူမကြီးရဲ့။ ဒါကို အမြဲဆင်ခြင်နေရမယ်'

ဘာမှပြန်မပြောပေမဲ့ ညိုနေသော မိတုတ်မျက်နှာ အရောင်မပြောင်းသေး။တစ်ဆက်တည်း ဦးသူတော်က-

'ကဲ မိတုတ်၊ ငါ့တူမကြီး ဘယ်လိုမှတော့ သဘောမထားနဲ့ကွယ်။ ရော့၊ ဒီမှာ ဦးအိတ်ကပ်ထဲမှာရှိတာလေး'

ဦးသူတော် အိတ်ကပ်ထဲမှ တစ်ထောင်တန်သုံးရွက် မိတုတ်ကို ထုတ်ပေးလိုက်သည်။ မိတုတ် မျက်လုံးတစ်စုံ လက်ခနဲ။ ပြီးမျက်နှာပေါ် ပျားရည်မြစ်တစ်စင်း ဖြတ်စီးသွားသည်။ ချက်ချင်း လက်နှစ်ဖက်ဖြင့် ကတုန်ကယင် လှမ်းယူလိုက်သည်။ ဦးသူတော်ကိုလည်း အားနာဟန်နှင့်တူသော အကြည့်တစ်ချက် ကြည့်လိုက်သည်။

'ကဲပါ ဦးသူတော်က ဒီလောက်ပြောနေမှတော့ ကျုပ် ကျေနပ်လိုက်ပါပြီ။ ကျုပ် ကြက်လေးတွေက မျိုးကောင်းလေးတွေရယ်၊ ကျုပ် တကယ်နှမြောတယ်တော့'

မိတုတ် လက်ထဲ ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် ပိုက်ဆံကို ကြည့်ရင်း ပြောနေသည်။

'အေးပါ မိတုတ်ရယ်၊ ကျေးဇူးပါကွယ်။ ဒါနဲ့များ အဆင်းရဲခံပြီး လူကိုယ်တိုင် လာနေရသေး။ ဖုန်းဆက်လိုက်ရင် ရသားနဲ့'

'ကျုပ်က ဖုန်းဘေလ်ကုန်နေတာတော့'

'ဟုတ်ပါပြီကွယ်။ ခုလို အေးအေးလူလူနဲ့ ကျေနပ်နိုင်တာ သာဓုခေါ်ပါတယ်။ ဒါမှ သူတော်ကောင်းလို့ ခေါ်သကွဲ့။ သာဓု သာဓု သာဓု'

မြောက်ကြွကြွနှင့် ထ,ပြန်သွားသော မိတုတ်ကျောပြင်ကိုကြည့်ပြီး ဦးသူတော် တစိမ့်စိမ့် ပြုံးနေမိသည်။

'အင်း… အဝိဇ္ဇာတွေ အဝိဇ္ဇာတွေ'

ဦးသူတော် နှုတ်က တဖွဖွရေရွတ်ရင်း ဖုန်းကို ခါးကြားထိုးပြီး သူ့ခွေးကြီး ဒေးဗစ်ရှိရာ အိမ်နောက်ဖေးဆီသို့ ထ,လာခဲ့လိုက်သည်။

❑

အိမ်အနောက်ဘက် စည်းရိုးဘေးတွင် ဒေးဗစ်သည် စင်းစင်းကြီးဝပ်လျက်။ ဘေးနားတွင်ရှိသော သူကိုက်ချီလာသည့် ကြက်ကိုမြင်ပြီး ဦးသူတော် မျက်လုံးတစ်စုံ ပြူးကျယ်ဝိုင်းစက်သွားသည်။ ထို့နောက်-

'အောင်မယ်လေး သွားပါပြီကွာ၊ ငါ့မှာတော့ ပိုက်ဆံသုံးထောင်ကြီးများတောင် အလျော်ပေးလိုက်ရတယ်။ သင်းက ကိုက်လာတော့ ကြက်မွေးကင်းစလေး။ ကိုက်မယ့်ကိုက်လည်း သုံးထောင်တန်အောင် ကြီးတဲ့ကြက်ကို ကိုက်ခဲ့ပါလား သောက်ကန်းမှ ခွေးမျိုးယုတ်ရဲ့။ ရော့…ဟာ'

'ဂိမ်'

ထိုစဉ် ဦးသူတော် ခါးကြားမှဖုန်းက အဆိုတော်(ဒေါ်)မာမာအေး၏ '*တေးဘုမ္မာ*'သီချင်း Ringtone သံ ထွက်လာသည်။

'*အဝိဇ္ဇာအကြောင်းကြောင့် သင်္ခါရ… ဝိညာဏ် နာမ်တရား…ရုပ်တရား နှစ်ဖြာ…ခြောက်ခု အာရုံကာမဂုဏ်ဆန္ဒ… ပဋိစ္စသမုပ္ပန် ရှုပ်ပြန်အတွင်း အပတကျော… ရှက်စရာတွေးတော့ သမုဒယပါ…မဂ္ဂါဆေးနှင့် ကုရမှာ… လက္ခဏာရေးဖြင့် ရှုကြပါ…*'

ဦးသူတော် ခါးကြားက ဖုန်းကို ထုတ်ပြီး စက်ပါ တစ်ခါတည်း ပိတ်ပစ်လိုက်တော့သည်။ ။ ■

**ချစ်ဦးသူ၊လက်ပုကန်၊**



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၉ ခုနှစ် မတ် ၁ ရက်မှ
## ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်အထိ

(၁) မိုးစက်မောင် *တိမ်ညိုကြားမှာ သာတဲ့လ* ၊မန္တလေး၊ (၂) သိုက်စိုးထွန်း(နတ်ရွာ) *တစ်ဝမ်းတစ်ခါး* ၊စစ်ကိုင်း၊(၃) ပွင့်ပန်းဝေလှိုင် *ပုစ္ဆာဆန်းတစ်ပုဒ်၏အဖြေ* ၊ဧရာဝတီတိုင်း၊ (၄) လင်းထိုက်အောင် *ဆေးရောင်စုံ* ၊ချမ်း/စည်၊ (၅) မိုးသက်မောင်(ဖန်ခါးမြေ) *လမ်းပြသူ* ၊ရန်ကုန်၊ (၆) လင်းသပြေမောင် *ပိတုယည* ၊ပုဏ္ဏားကျွန်းမြို့၊ (၇) မောင်မြင့်ဝင်း *စွန့်ပစ်ခံရသော လက်ပတ်ကွင်းလေး* ၊ရန်ကုန်၊ (၈) ဟိန်းနွေရှိုင်း *အကြည်ရောင်ကောက်ကြောင်း* ၊မြိတ်မြို့၊ (၉) မောင်ပုလေး(မန်းသား) *ခွဲတန်း* ၊မန္တလေး၊ (၁၀) မောင်ပုလေး(မန်းသား) *အဖေ့အိမ်* ၊မန္တလေး၊ (၁၁) မောင်ပုလေး(မန်းသား) *အလစ်သုတ်သူများ* ၊မန္တလေး၊ (၁၂) မောင်ပုလေး(မန်းသား) *မီး* ၊မန္တလေး၊ (၁၃) မောင်ပုလေး(မန်းသား) *အရွယ်သုံးပါး* ၊မန္တလေး၊ (၁၄) မောင်ပုလေး(မန်းသား) *ဝမ်းတစ်ထွာ* ၊မန္တလေး၊ (၁၅) မောင်ပုလေး(မန်းသား) *ထွက်ပေါက်* ၊မန္တလေး၊ (၁၆) မောင်ပုလေး(မန်းသား) *နေရာတစ်နေရာ* ၊မန္တလေး၊ (၁၇) မောင်ပုလေး(မန်းသား) *မငြိမ်းချမ်းသေးသော မအေးငြိမ်း* ၊မန္တလေး(၁၈) ပိုပိုအောင်(ဝန်းသို) *တစ်မူးပိုရှုချင်သူ* ၊ဝန်းသို၊ (၁၉) လမင်းလွန်းအံ့ *မြင့်မိုရ်တောင်ကို ပေါက်သောဆီးဇော* ၊မကွေး၊ (၂၀) ဆုးကြယ်စင် *မျက်နှာဖုံးဝတ် ထားသောအရိပ်* ၊စစ်ကိုင်း၊ (၂၁) ဟိန်း *ကိုးနာရီထောင့်များ* ၊မကွေး၊ (၂၂) မာအိမ်နှင်း *သံသယနွံ* ၊မန္တလေး၊ (၂၃) မောင်ဗလ *ဗေဒင်ဆရာ* ၊စစ်ကိုင်းမြို့၊ (၂၄) မြဒေါင်းနွယ် *အပါး အမ်(မ)ဂျဝါ* ၊ရန်ကုန်၊ (၂၅) နေဘုန်းညီ *တစ်ငုံသာလျှင် ငုံစေချင်သည်* ၊ရှမ်းပြည်နယ်၊ (၂၆) ဆောင်းချစ် *မြေဆိပ်* ၊တောင်ကြီး၊ (၂၇) နောင်ရိုးနွယ်(မုံရွာ) *ရောင်နီပျိုးစဆည်းဆာ* ၊မိတ္ထီလာမြို့၊ (၂၈) နေခြည်(ကြီးနီ) *လူရိုး* ၊မကွေး၊ (၂၉) လင်းရည်လွင် *အိမ်အပြန်* ၊ရန်ကုန်၊ (၃၀) မိုးဟန်ဥက္ကံ *အစွန်းတစ်ဖက်တွင် ရပ်မိသူ* ၊ရန်ကုန်၊ (၃၁) ဒိန်း *အိမ်ပြန်လမ်း* ၊ပဲခူး၊ (၃၂) ဖွဲ့(ပညာရေး) *အနတ်ကိန်းတစ်ခု၏နောက်ကွယ်* ၊နေပြည်တော်၊ (၃၃) ထွန်းလင်းဇော် *စွမ်းအားရှင်* ၊ရေနံချောင်း၊ (၃၄) သက်ဝေမှူး *အရည်ပျော်ည* ၊ပုသိမ်၊ (၃၅) သျှင်ညီမင်း *အဖြူရောင်မုသား* ၊ပဲခူး၊ (၃၆) ငြိမ်းသခင် *ပင်လယ်ပြင်ရောက် ဆင်ပျောက်ကို...ရှာ* ၊ရန်ကုန်၊ (၃၆) စံထိုက်သူ *နှလုံးသား၏ဂီတသံ* ၊ရန်ကုန်၊ ■

*စိမ်းလဲ့စံ ပြုစုသည်။*

## ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘေးမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။
၂။ ဘေးမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။
၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။
၄။ လက်ရေးစာမူဆိုလျှင် A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။
၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။
၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။
၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။
၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။
၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီးဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။
၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀၁ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

**အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၈၃)မှ…*

"ကိုးလ်ကော်ဖီပဲနော်…ဟော့လူ"

ကယောင်ကတမ်း ခေါင်းညိတ်သည်။ ကိုးလ်ကော်ဖီကို ကြည်ဆွေမသိ။ တစ်ခါမှလည်း မသောက်ဖူးချေ။ ရှိမှန်းပင် မသိ။ ကြည်ဆွေသိတာ ဘလက်ကော်ဖီခါးခါး၊ လက်ဖက်ရည် ချိုပေါ့ကျ၊ ဒါတွေပါပဲ။

"ကိုကြည်ဆွေနဲ့ ဈေးဝယ်ရတာ အားတော့ နာပါတယ်။ မဂ္ဂဇင်းတိုက်တွေ လှည့်ရင်း လမ်းက ကြုံနေတော့ တစ်ခါတည်း ကိစ္စပြီးသွားအောင်လို့လေ၊ မြ သူငယ်ချင်းတွေက မဂ္ဂဇင်းတိုက်တွေ လိုက်ရတာ စိတ်မရှည်ကြဘူးရှင့်။ မြတို့က စာအကြောင်း၊ ကဗျာအကြောင်းတွေ အားရပါးရ ပြောတုန်း သူတို့က ဘေးမှာထိုင်ပြီး ပျင်းလို့၊ သိပ်အားနာစရာ ကောင်းတာ။ ကိုကြည်ဆွေနဲ့ အဖော်ရနေတာ မြ ကံကောင်းတာပဲ"

"ရပါတယ်၊ ကျွန်တော်ကတော့ အားနာစရာ မရှိပါဘူး မြရာ၊ ဗဟုသုတရတာပေါ့ မြရဲ့။ နှုတ်ခမ်းဆိုးဆေးတစ်ဘူးကို ခြောက်ဆယ်လောက် ပေးရမှန်းလည်း ခုမှသိတယ်"

"ဈေးတွေက တက်တက်လာတယ်လေ၊ မြ ငယ်ငယ်လေးကတည်းက ရယ်ဗလွန်ပဲ သုံးလာတော့ တခြားဟာတွေ သုံးမရတော့ဘူး"

"တတ်လည်း တတ်နိုင်လို့ပေါ့ မြရယ်"

မြနှင်းဆီက ကလေးလို ခပ်စူစူ မူနွဲ့ဟန်ဖြင့်-

"မိဘပိုက်ဆံကိုသာ ခုလို မကုန်ကုန်အောင် ကြိုးစားပမ်းစား ဖြုန်းတာပါ။ ကဗျာရေးခ နှစ်ဆယ်အစိတ်ကျတော့ မြက တန်ဖိုးထားပါတယ်နော်။ အမှတ်တရ စာအုပ်တွေဝယ်ပြီး စုတာချည်းပဲ၊ ကိုကြည်ဆွေ သိတယ် မဟုတ်လား"

"တစ်မျိုးလေးပေါ့ မြရာ၊ တစ်ခု ကျန်သေးတယ်၊ ဗဟုသုတပေးပါဦး၊ ဟိုဥစ္စာလေ မြ ဝယ်တာ၊ ကိုတက်စ်ဆိုလား…"

"အိုး… အဲဒါ မမေးရဘူး"

မျက်နှာရဲရဲနှင့် မြနှင်းဆီက ရယ်လေသည်။

"ဘာဖြစ်လို့လဲ၊ နှစ်ဆယ်တောင် ပေးရတယ်နော်"

"တိတ်တိတ် ကျိတ်ဝယ်တာ၊ ဒီလူ ကြားဖြစ်အောင် ကြားတယ်၊ မရှိမသေ ကန်တော့နော်"

"ဘာဖြစ်လို့လဲ မြရဲ့"

"မမေးနဲ့ဆို၊ ကိုင်းပြန်စို့၊ ဘတ်စ်ကားတွေ မကျပ်ခင်"

တကယ်ထွက်လာကြတော့ ဘတ်စ်ကားတွေ ကျပ်လှပြီ။ ရုံးဆင်းချိန် ကပ်နေပြီမို့ ပိုလို့ ကျပ်လာဖွယ်ရာသာရှိသည်။

"လေးဘီးပဲ ခေါ်ပါတော့ ကိုကြည်ဆွေရယ်"

တကယ်တော့ ဘတ်စ်ကား တိုးစီးခြင်းမှာ မြနှင်းဆီ၏ အပျော်ကစားနည်းတစ်ခုဖြစ်၏။ တစ်နည်းအားဖြင့် ကြည်ဆွေ အပေါ် လိုက်လျောခြင်းဟု ယူသော် ရသည်။ ကြည်ဆွေနှင့် ဆိုလျှင် မလွဲသာ၍ တက္ကစီ ငှားဖို့ကိုပင် တိုးလျှိုးသော လေသံဖြင့် အဖော်ညှိရှာပေသည်။

ဒါကို ကြည်ဆွေကလည်း ရင်ထဲမှာ ခိုက်နေအောင် ခံစားနားလည်လိုက်ပြီး တက္ကစီခကို ရက်ရက်ရောရော ဒကာခံရန် အိတ်ကပ်ကိုနှိုက်ဖို့ ပြင်သည်။

ဗိုလ်ချုပ်ဈေးရှေ့တွင် ဂိတ်ထိုးသော ပရိုက်ဗေ့ထ်တက္ကစီစုရပ်သို့ လျှောက်လာကြဆဲ လိပ်ခုံးကားကလေးတစ်စီး အနားမှာ ကပ်ပြီး ရပ်လိုက်သည်။ လူကို ပွတ်တိုက်မတတ်မို့ ကြည်ဆွေ ဒေါသဖြင့် လှည့်ကြည့်နိုက်-

"ဟယ်… ကိုကို"

မြနှင်းဆီ၏ ဝင်းဝင်းလက်သွားသော အပြုံးမျက်နှာ။ ခန့်ပျံ့မတတ် မြူးကြွသွားသော အမူအရာ။

]apmfum;y\Qifapmfum;aewJhrefr?vifuvkdcsifrvnf
EkdifvdkhrefrJ}[ kemy\Qifemp&mukdbm aw;Gerdbnf
tocGPfwefwk&nfwlr[ kvufaomrefr
vif,m;&, f\Msqq;G&EGvkdyifazmfr&aomrefr
uAsmt aMumifeuefwpf\kdrodaomrefr

ဘောက်စ်ဝက်ဂွန်ထဲမှာ ကားမောင်းလာသူတစ်ယောက်တည်းသာ။ သူက မျက်မှန်နက်ကို ချွတ်ပြီး ကြည်ဆွေ့ကို ဣန္ဒြေကြီးမားစွာ ပြုံးနှုတ်ဆက်သည်။ ပြီးတော့ အနားပြေးကပ်သွားသူ မြနှင်းဆီ၏ ပခုံးကို ပိုင်ပိုင်နိုင်နိုင် ဆီးပွေ့ရင်း-

ကောင်းနိုးရာရာ စာအုပ်တွေကို ကြည်ဆွေ ရွေးချယ်ပေးသမျှ သိမ်းကျုံးဝယ်တတ်သည့် မြနှင်းဆီ။

စာအုပ်အဟောင်းဆိုင်တကာ မိမိနှင့် အတူလိုက်ပါလှည့်ပတ်ရင်း ကြည်နူးတတ်သည့် မြနှင်းဆီကို ပြန်သတိရသွားပြီး စိတ်ထဲမှာ ကျေနပ်သလို ရှိပြန်လေသည်။

"ကဲ…သောက်လေ ဟော့လူ"

ရေခဲငွေ့ပြန်နေသော ကော်ဖီဖန်ခွက်ကြီးကို ကိုင်းမှ ကိုင်မြှောက်ပြရင်း မြက ဆိုသည်။ ကြည်ဆွေသည် ကော်ဖီအေးကို တစ်ငုံစုပ်သောက်ရင်း-

"နေ့လယ်ကပဲ ပြန်ရောက်တာ၊ ရောက်ရောက်ချင်း မြလေးကို နှုတ်ဆက်မယ်လို့ အဆောင်ကို လိုက်လာတာလေ။ မြလေး သူငယ်ချင်းတွေက ဗိုလ်ချုပ်ဈေး သွားတယ်ပြောလိုက်လို့ တွေ့လိုတွေ့ငြား ဆက်လိုက်လာတာ၊ အတော်ပဲ ကြည့်စမ်း"

"ကိုကို သန်ဘက်ခါမှ ပြန်လာမယ်ဆိုလို့"

"ဟုတ်တယ်၊ ဘန်ကောက်မှာ တစ်ရက် နားဦးမလို့၊



www.burmeseclassic.com

www.burmeseclassic.com

နောက်တော့ လေယာဉ်ကလည်း အဆင်ပြေသွားတာနဲ့ တိုက်ရိုက်ပြန်ချလာတာ’

ကြည်ဆွေသည် ကောင်းစွာ နားမရှင်းလှသော်လည်း ခေါင်းမတ် ခါးဆန့်၍ မရပ်နိုင်တော့လောက်အောင် သိမ်ငယ်လာ၏။ မြက အလိုက်တော့ သိတတ်သားပင်။ ကြည်ဆွေ့ဘက်လှည့်ကာ-

‘ဟော့ လူ…မိတ်ဆက်ပေးရဦးမယ် သိလား၊ ဒါ…ကိုဇော်လွင်ဖေတဲ့၊ မြရဲ့…ဟဲ…ဟဲ…မြရဲ့ ကိုကိုလို့ မှတ်ထားလေ၊ ကိုကို…ဒါ မြနဲ့ ကလပ်စ်မိတ် ကိုကြည်ဆွေ’

သွယ်ဝိုက်သော မြ၏ စကားတွေက ရှင်းတော့ ရှင်းလှပါသည်။ ဘာရယ်လို့ မိမိဘာသာ မသိတတ်နိုင်သော ခံစားချက်တွေ ရင်ထဲမှာ တစ်စစီတစ်စစီ ပဲ့ကြွေဆင်းနေ၏။ စပ်ဖျဉ်းဖျဉ်း…ပူလောင်လောင်။

ကြည်ဆွေ၏ နှင်းဆီအိပ်မက် ပျောက်ဆုံးခဲ့သောနေ့။

❑

တကယ်လည်း မပိုင်ဆိုင်ရဖူးပါလျက် ဆုံးရှုံးပြီဟု ခံစားနေရလေသည်။

မြနှင်းဆီကို ဆုံးရှုံးရသည်မှာ ဘဝတစ်ခုလုံး ဆုံးရပြီမှတ်ကာ လွင့်ချင်ရာလွင့်၊ မျောချင်ရာမျော နေပစ်လိုက်ချင်၏။ တက္ကသိုလ်မြေကို ကျောခိုင်းစွန့်ခွာခဲ့ပြီး သဃ်န်းကျွန်း အစွန်အဖျားက ကဗျာသမားသုံးယောက် စုပေါင်းနေသော ဘုံရိပ်သာ ဧည့်ခန်းကျဉ်းကလေးသို့ ရောက်လာခဲ့သည်။

အခင်ဆုံးသူငယ်ချင်း ဝင်းလှိုင်က မဂ္ဂဇင်းတိုက်တွေစုံစမ်းမေးမြန်းရင်း လိုက်လံရှာဖွေသည်ကိုလည်း ရှောင်တိမ်းကာ ခြေရာဖျောက်ပစ်လိုက်သည်။

ဝတ္ထုတိုလေးတွေမှာ အသည်းကွဲဘဝသရုပ်ဖော် ဖြစ်မှန်းမသိ ဖြစ်လာပြီး စာရေးခလေးဖြင့် ငတ်တစ်လှည့် ပြတ်တစ်လှည့်။ သူငယ်ချင်း ကဗျာဆရာတွေနှင့် အတူ ကြုံကြိုက်လျှင် ရပ်ကွက်မီးကင်းစောင့်သည့် အလုပ်ကို လုပ်သည်။ တစ်ညငါးကျပ်ဖြင့် လူစားဝင်စောင့်ပေးရသည်မှာ ထိုက်ထိုက်တန်တန် ရသော ဝင်ငွေ၊ သူတို့က ညည အိပ်၍လည်း ပျော်နိုင်သည့် လူမျိုးတွေမှ မဟုတ်ဘဲ။

မီးကင်းစောင့်ရင်း နာရီသံချောင်း မှန်မှန်ခေါက်ရင်း ကဗျာရေးသူက ရေးကြ၊ ဝတ္ထုအကြောင်းအရာတွေးသူက တွေးကြ၊ ဆွေးနွေးကြ၊ နိုင်ငံတကာ ပြဿနာကို ကိုယ်တိုင်ကိုင်တွယ်ဖြေရှင်းတော့မည့်ပုံ ငြင်းကြ၊ ခုံကြ။

ကြည်ဆွေသည် စိတ်ထဲမှာ မွန်းကျပ်လာလျှင် အဆိုတော်မောင်မောင်ကြီး၏ ‘*တန်ပ့ါမဖုရား*’ သီချင်းကို ကင်းတဲမှာ သံကုန်ဟစ်လေ၏။

‘*အမြဲ မကြားချင်သပ လွဲမှားသခင်က သြော်…အသည်းစား ဘုရင်မကြီးရဲ့…ပုံပြားမေတ္တာ*’

ဟု ရင်ကွဲမတတ်အော်ရင်း တစ်မိုးလင်းလေ့ ရှိသည်။

မိုးလင်းတော့ လမ်းထိပ်လက်ဖက်ရည်ဆိုင် ဝင်ပြီး-

‘ကိုင်း…ဦးလေး လုပ်ဗျာ၊ အိပ်ချင်ပြေ ချိုပေါ့ကျတစ်ခွက်’

ဆိုင်ရှင်ဦးလေးက ချိုပေါ့ကျ လာချပေးဆဲ ဦးလေး၏ သမီး မြီးကောင်ပေါက်မလေးက မျက်နှာပြုံးစစ ချိုမြမြဖြင့် အနားကပ်လာကာ-

‘ညက သီချင်းဆိုတာ အစ်ကို မဟုတ်လားဟင်’

ကြည်ဆွေ ကြောင်သွားပြီးမှ လူကြီးရှက်တော့ ရယ်ဟဟဖြင့်-

‘ဘာဖြစ်လို့လဲဟ၊ ခဲနဲ့ ပေါက်မလို့လား’

‘မဟုတ်ပါဘူး အစ်ကိုကလည်း၊ နားထောင်ကောင်းလို့ပါ၊ ညတိုင်း ဆိုပါလား၊ မိသက် လက်ဖက်ရည်တိုက်ပါ့မယ်’

‘မြတ်စွာဘုရား’

အံ့အားလည်းသင့်၊ ရယ်လည်း ရယ်ချင်သည်။ ပြီးတော့ ချက်ချင်း ယောကျ်ားစိတ် ဖွံ့ဖြိုးလာကာ ကောင်မလေးကို သိမ်းကျုံး ကြည့်ပစ်လိုက်၏။

မချိုမချဉ် ဆတ်တောက်တောက်နှင့် ချစ်စရာလေးပင်။ သို့သော် ပြည့်ဖြိုးစ အရွယ်မို့ထင့် ကလန်ကလား ကဖွားကလျားနှင့် ကလျာဖူးစသစ်ဆိုတာ ဒါမျိုးထင်ရဲ့လေ။

သို့ဖြင့် ညညအသည်းကွဲရင်း၊ *တန်ပ့ါမဖုရား* ကို သံကုန်ဟစ်ရင်း၊ မိုးလင်းမှာ ချိုပေါ့ကျ အလကားသောက်ရင်း ရာသီတစ်ပတ်လည်ခန့် ကြာတော့ ကြည်ဆွေ မိန်းမရလေသည်။

မိသက် မိဘတွေက ဆယ်တန်း မအောင်သေးသည့် သမီးကို နှမြောလည်း နှမြော၊ စိတ်လည်း နာနာနှင့် လှည့်၍ပင် မကြည့်ကြတော့။

ကဗျာလောက၊ စာလောကမှ ကြားကြားသမျှ အပေါင်းအသင်းတွေ၏ အကူအပံ့ဖြင့် ကြည်ဆွေက တစ်အိုးတစ်အိမ် မဖြစ်ဖြစ်အောင် ထူထောင်ခဲ့ရသည်။

ထူထောင်ရသည်ဆိုသော်လည်း အခိုင်အမာ မရှိ။ မနိုင့်တနိုင် ထူပြီး မမတ်တမတ် ထောင်ခဲ့ရသည့် အိမ်ထောင်ရေးမို့ အစစအရာရာသည် ဖရိုဖရဲ၊ အလဲလဲ အပြိုပြို။ သို့သော်…မိသက်ကလေးက ငယ်ပေမဲ့ ဖွဲကောင်းလေသည်။ ကြည်ဆွေ့ကို နှစ်နှစ်ကာကာ ချစ်ရှာပြီး ကြုံသမျှ ဗရုတ်သုတ်ခကို ပေပေတေတေ ကြိတ်မှိတ်ခံသည်။

တစ်နေ့တော့ သူကလေးကပင် စတင်ပြီး-

‘နှင်းဆီကုန်း ရပ်ကွက်မှာလေ အဒေါ်ဝမ်းကွဲတစ်ယောက် ရှိတယ်။ အဒေါ်က သူ့အိမ်ကလေးဘေးမှာ အဖီကလေးဆွဲပြီး နေချင်လာနေတဲ့။ မိသက်တို့ ပြောင်းနေကြရအောင် အစ်ကိုရယ်။ ဒီအိမ်က အစ်ကို့သူငယ်ချင်း သုံးယောက်ကိုလည်း အားနာစရာ ကောင်းနေပြီ မဟုတ်လား။ လင်ကိုယ်မယား တစ်စုံနဲ့ဆိုတော့ သူတို့လည်း မလွတ်လပ်၊ မိသက်တို့လည်း မလွတ်လပ်။ ပြီးတော့ အဖေတို့ အမေတို့နဲ့လည်း တစ်ရပ်ကွက်တည်း နေနေရတာ မျက်နှာပူတယ် အစ်ကိုရဲ့၊ မိသက်တို့က ပြည့်ပြည့်စုံစုံဆိုရင်တော့ အကြောင်းမဟုတ်ပါဘူး’



www.burmeseclassic.com

www.burmeseclassic.com

ဝါသနာယုံကြည်ချက်မှလွဲပြီး လူမှုရေးကို သိပ်မတွေးမိသော ကြည်ဆွေသည် ခုမှ ဇနီးသည်ကလေး၏ ခံစားချက်ကို အနည်းငယ် ရိပ်စားမိတော့၏။ သို့သော် သူငယ်ချင်းတွေကို သံယောဇဉ် တင်းဆဲမို့။

'အစ်ကို့ စာရေးတဲ့အလုပ်က စိတ်တူသဘောတူ ရေးဖော်ရေးဖက်တွေနဲ့ အမြဲ ထိတွေ့နေရမှ ဖြစ်တာ မိသက်ရဲ့၊ ဟိုရောက်ပြီး တစ်ယောက်တည်း ငေါင်နေလို့ မဖြစ်ဘူး'

'အိုး…ဘာငေါင်နေရမှာလဲ အစ်ကိုကလည်း၊ နှင်းဆီကုန်းနဲ့ ဒီ ဘယ်လောက်ဝေးတာမှတ်လို့၊ လာချင်တဲ့ အချိန်လာ၊ ပြန်ချင်တဲ့အချိန် ပြန်နိုင်တာပဲဟာ။ ပြီးတော့ အဒေါ်အိမ်က ဘူတာရုံနားမှာ။ မိသက် ဈေးလေးဘာလေး ရောင်းမလားလို့။ ရထားဆိုက်ရင်လေ အစားအသောက်ကလေး ဘာလေး ပြေးလွှားရောင်းတာမျိုးပေါ့'

ကြည်ဆွေသည် ရုတ်တရက် အင်းမလှုပ် အဲမလှုပ် ဖြစ်သော်လည်း နောက်ဆုံးတော့ မိသက်ခေါ်ရာနောက်သို့ လိုက်ပြောင်းဖြစ်လေ၏။ မိသက် အစီအစဉ်ကြောင့် လင်မယားနှစ်ယောက် ထမင်းနပ်မှန်လာတာတော့ ဝန်ခံရမည်။

ထမင်းနပ်မှန်ပြန်တော့ ပါးစပ်တစ်ပေါက်တိုးဖို့ ပြင်လေပြီ။

'ကလေးရှိလာရင်တော့ ပုံမှန်ငွေကလေးရှိရင် ကောင်းတယ် အစ်ကို၊ မိသက် ဈေးရောင်းတာက ရောင်းတာပဲ၊ အစ်ကို အလုပ်တစ်ခုခု လုပ်ပါလားဟင်'

မိသက်အသံက မရဲတရဲ။

သို့သော် ကြည်ဆွေသည် အညာကို ခိုက်မိသွားသည်မို့ ထောင်းခနဲ စိတ်ထွက်ကာ-

'ခုကော ငါက အလုပ်လုပ်နေတာ မဟုတ်လို့လားကွ'

စာရေးခြင်းကိစ္စကို အလုပ်ဟု မယုံမှတ်ရစကောင်းလားဟူသော အတ္တမာန။

'မဟုတ်ဘူးလေ အစ်ကိုရယ်၊ ပုံမှန်ဝင်ငွေရမယ့် အလုပ်ကို ပြောတာပါ၊ အစိုးရအလုပ်တစ်ခုခုပေါ့။ အဒေါ်က ပြောတယ်၊ ညည်းယောကျ်ား မီးရထားဘက်မှာ လျှောက်ကြည့်ဖို့ကောင်းတယ်တဲ့။ မီးရထားရုံးချုပ်ကြီးက ဘယ်သူဆိုလား သူနဲ့ ရင်းနှီးတယ်တဲ့။ အစ်ကို့ ပညာအရည်အချင်းနဲ့ဆိုရင် ရုံပိုင်စာမေးပွဲတွေ ဘာတွေတောင် ဝင်ဖြေနိုင်တာပဲတဲ့။ ပြီးတော့ အနည်းဆုံး လက်မှတ်စစ်ပဲ ဖြစ်ဦးတော့ မဆိုးဘူးပေါ့…တဲ့'

'မင်း နားမလည်တဲ့ကိစ္စတွေ ဝင်မပြောနဲ့ မိသက်။ အဓိကက ငွေလိုတာပဲ မဟုတ်လား၊ အေးလေ…ငွေဆိုတာလည်း ကုန်စည်ဖလှယ်ရေးအတွက် ပြဋ္ဌာန်းခံကိုးကွ၊ ရှာမယ်… ရှာမယ်၊ စိတ်ချ၊ ကုန်းရုန်း ရှာပေးမယ်'

တကယ်တော့ သူပြောချင်တာကို မိန်းမ သဘောပေါက်ချင်မှ ပေါက်မည်။ 'ကုန်စည်ဖလှယ်ရေးပြဋ္ဌာန်းခံ' ဆိုသော စကားလုံးကို မိသက် မျက်လုံးအဝိုင်းသားနှင့် နားထောင်နေတာ သူရိပ်မိသည်။

'အေးလေ…အိုင်ကျူချင်းမှ မညီတာကိုး။ ဒီလိုမိန်းမနဲ့ စကားမများဖြစ်တာဘဲ ကောင်းပါတယ်၊ ကိုယ်က တစ်ဆင့်လည်းနိမ့်ပြီး မပြောချင်ပါဘူး'

မိသက်ကို စိတ်ပျက်စွာ အောချပြီး စိတ်လိုက်မာန်ပါ အိမ်မှထွက်ခဲ့လေသည်။ သဃ်န်းကျွန်း အိမ်ဟောင်းမှ သူငယ်ချင်းတွေနှင့် ပြန်ရောနေပြီး ဝတ္ထုတိုတွေ ဇွဲအောင်လိုက်ပေးသည်။

ကုန်းရုန်းရှာပေးမယ်ဆိုသော ကတိအတိုင်း ကုန်းရုန်း စာရေးပြီး စာမူခ ငွေကြေးကလေးတွေ လေးငါးရာလောက် စုမိတော့မှ အိမ်ပြန်ဖို့ သတိရလေသည်။ ငွေကြေးအနည်းငယ် ကိုင်ပြီး မယားထံ ပြန်လာတော့ မိသက်တို့ အဒေါ်က အိမ်ကြီးပေါ်မှ မျက်ထောင့်နီကြီးနှင့် ဆီး၍ကြည့်လေ၏။

မသိကျိုးကျွန်ဖြင့် ကိုယ့်ဂေဟာ အဖီကလေးထဲ ငုံ့ဝင်လိုက်သော် ကလေးငိုသံ အဲအဲက အထိတ်တလန့် ဆီးကြိုလေ၏။

'ဟင်… မိသက် မွေးပြီးပြီလား၊ သားလေးတဲ့… ဟောဗျာ'

မိသက်သည် မျက်ရည်ပေါက် တစ်ပေါက်မကျဘဲ တည်ငြိမ်စွာ သတင်းပို့၏။

ကြည်ဆွေကတော့ ကတုန်ကယင်။

❑

မိသက်သည် နတ်ရေကန်ထဲ ပစ်ချလိုက်သလို ကြီးရင့်နေချေပြီ။ ငွေရေးကြေးရေးသာမက ဘာဆိုဘာတစ်ခုမှ ဖြူသည်မည်းသည် သဘောထား မပြတော့။ ကြည်ဆွေ ပြန်လာလျှင် မယားဝတ်မပျက် ပြုစုလုပ်ကျွေးကာ ကလေးတစ်ဖက်နှင့် သူ့စားဝတ်နေရေး သူ မည်းမည်းမည္ ဖန်တီးနေသည်။

ရထားတွဲဘေး အပြေးလျှောက်ကာ ခေါက်တုံ့ခေါက်ပြန် အော်ဟစ်ရောင်းချရသော ခေါင်းရွက်ဈေးသည်ဘဝမှ ဘူတာရုံထဲမှာ ဆိုင်ကလေး ခင်းနိုင်သော အခြေအနေသို့ ရောက်လာ၏။ ဆိုင်ထိုင်ရင်းကလည်း လက်က အအားမနေ။ ယိုစုံလုပ်ငန်းရှင်ထံမှ ဆားငန်စေ့တွေ၊ အချဉ်ပေါင်းတွေကို ဆိုင်မှာယူပြီးထုပ်သည်။ လက်ခက တစ်ရာကို နှစ်ကျပ်ခွဲဆိုလား၊ သုံးကျပ်ဆိုလား။

သည်တော့လည်း မယားကလေးအပေါ် ကရုဏာသက်လာကာ အကြင်နာစကား ဆိုဖြစ်သည်။

'အဟုတ် သနားတယ် မိသက်ရယ်။ ကိုယ်လေ….လုံးချင်းဝတ္ထု ကြိုးစားရေးနေတယ်၊ အောင်မြင်ရင် မိသက် ဒီလို မပင်ပန်းတော့ပါဘူး။ ကိုယ်ကြိုးစားတုန်းမှာ မိသက်က ကိုယ့်အတွက် ပါရမီဖြည့်တယ်လို့ပဲ မှတ်ပါနော်'

မိသက်က စကားဖြင့် ခွန်းတုံ့မပြန်ချေ။ မျက်လုံးညို့ညို့ဖြင့် တစ်ချက်စွေကြည့်ကာ ဆားငန်စေ့ကို ထုပ်မြဲထုပ်သည်။

ဘူတာရုံ ပလက်ဖောင်းပေါ် ယိုင်ထိုး ယိုင်ထိုးနှင့် လျှောက်ဆော့နေသည့် သားကလေးက မြေကြီးပေါ်မှ တစ်စုံတစ်ခုကို ကုန်းကောက်ပြီး ပါးစပ်ထဲထည့်လိုက်တော့ ကြည်



www.burmeseclassic.com

www.burmeseclassic.com

ဆွေ စိုးရိမ်တကြီးဖြင့်-

‘ဟာ… မိသက်၊ ဟိုမှာ ‘ဝသုန်ဆွေ’ ဘာတွေ ကောက်ဝါးနေသလဲ မသိဘူး။ လုပ်ပါဦးဟ မင့်သားကို’

မိသက်က ထုပ်လက်စ ဆီးထုပ်ကိုချကာ ပလတ်စတစ်အိတ်ပိတ်သည့် ဖယောင်းတိုင်ကို မှုတ်ငြိမ်းလိုက်ပြီး ကလေးကို ထ,ဆွဲရင်း-

‘မင့်သားချည်း မဟုတ်ဘူးလေ၊ ဝသုန်ဆွေဟာ အစ်ကိုနဲ့ရတဲ့သား။ အစ်ကို့သားဆိုတာလည်း သတိရပါဦး’

ပြောမည့် ပြောတော့ အရှိက်ကို တည့်တည့်ထိုးသလို။ မိသက် ရင်ထဲမှာ အဖုအထစ် အခုအခံတွေ ရှိနေပါပေါ့လား။ မယားက မကြည်တော့ စိတ်အချဉ်ပေါက်ပြီး အိမ်ဘက်ကို တစ်လကိုးသီတင်း ခြေဦးမလှည့်ဘဲ နေပစ်လိုက်မိသည်။

တစ်ညမှာ ကဗျာစာအုပ် ပုံနှိပ်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် သူငယ်ချင်း အကောက်ခွန်မှူး ကဗျာဆရာ ဒကာခံသော ယမကာဝိုင်းတွင် အတော်များများ အသောက်လွန်ခဲ့လေသည်။ လူမှန်း သူမှန်း မသိအောင် မူးပြီး ဘယ်လိုက ဘယ်လို အိမ်ပြန်ဖြစ်ခဲ့သည် မသိ။ ဒဂုံဘားလှေကားမှ အထိအခိုက်မရှိ ဘယ်နည်းဘယ်ပုံ ဆင်းခဲ့သည်ကို ပြန်စဉ်းစား၍ မရ။ မိုးလင်းမှ မိသက်ရဲ့ အငွေ့အသက် အထိအတွေ့တွေကို အံ့အားတသင့်ခံစားရသည်။ သည်တော့မှ တိုက်ပုံအင်္ကျီအိတ်ထဲက ငွေအစိတ်ကို သတိရပြီး မယားသည်လက်အပ်ကာ-

‘ဝတ္ထုတို စာမူခ တစ်ရာ ထုတ်ထားတာကွာ၊ အဲသလောက်ပဲ ကျန်တော့တယ်’

စကားမဆုံးခင် လွယ်အိတ်ကိုဆွဲပြီး ပခုံးချိတ်မိတော့ မိသက်က အစိတ်တန် ငွေစက္ကူကို လုံးခြေပစ်ပေါက်ကာ-

‘မိသက်တို့ အသုံးလိုပေမဲ့ ဒီငွေမျိုး မကိုင်ချင်ဘူး အစ်ကို။ လင်က မယားကို လုပ်ကျွေးတဲ့ သဘောမှ မဟုတ်ဘဲ။ ကိုယ့်အိမ်ကိုယ့်ရာ ပြန်လာတဲ့သဘောမှ မဟုတ်ဘဲ။ အစ်ကိုဟာ အိမ်မှတ်မှတ် သားမှတ်မှတ် မယားမှတ်မှတ် မရှိတာ အံ့ဩပါရဲ့။ မကောင်းတဲ့မိန်းမအိမ်လာပြီး မကောင်းတဲ့ မိန်းမကို ပိုက်ဆံပေးသလို ပေးတာမျိုး လာမလုပ်နဲ့။ မိသက်တို့ သားအမိ ငတ်လို့ သေချင်သေပေစေ၊ သိလား’

‘မိုက်ရိုင်းလိုက်တာကွာ’

ဟု တစ်ခွန်းပဲ ပြန်အော်မိလေသည်။ ‘စော်ကားပြီးရင်း စော်ကားနေတဲ့ မိန်းမ၊ လင်ကို နားမလည်နိုင်တဲ့ မိန်းမ’ဟု နာပြီးရင်း နာစရာကိုသာ တွေးနေမိသည်။

အသိဉာဏ် တန်းတူရည်တူ မဟုတ်သော မိန်းမ၊ လင်မယားရယ်လို့ ဆွေးနွေးတိုင်ပင်ဖော် မရသော မိန်းမ၊ ကဗျာအကြောင်း နကန်းတစ်လုံး မသိသော မိန်းမ၊ ညရေးညတာကလွဲပြီး ဘယ်မှာမှ အဖော်မဖြစ်နိုင်သော မိန်းမ။

ရှန့်ရင်းကြမ်းတမ်းစွာ စိတ်ထဲက ကျိတ်ဆဲပြီး ခြေဦးတည့်ရာ လှည့်ပြန်လေသည်။ ခုတစ်ခါတော့ အဖော်ကောင်းသည်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းအထိ ရောက်သွားပြီး နှစ်တစ်ပတ်လည်မျှ ကြာခဲ့သည်။

မီးမွေးသည့် ထင်းရှူးသားတစ်ပွေ့၊ လိမ္မော်တစ်ခြင်း၊ ပဲပုပ်စေ့လှော် လေးငါးပြည်ခန့်နှင့် သားမယားရှိရာ ပြန်လာတော့ မိသက် ရင်ခွင်ထဲမှာ နို့စို့ကလေးငယ်က ယက်ကန်ယက်ကန်။

‘ဘယ်လိုလဲဟ မိန်းမရ’

သိလည်း သိပါလျက် ဇဝေဇဝါတစ်ဝက်ဖြင့် မေးမိတော့-

‘အစ်ကို့သားမှ အစ်ကို့သားအစစ်၊ ယုံချင်မှယုံ’

‘စကားကောင်း ပြောစမ်းပါ မိသက်ရာ၊ နေပါဦး ကလေးက လှီလှချည့်လား’

‘ဒါပေမဲ့ ဒေါင်ဒေါင်မြည်ပါ၊ အဆီစားလို့ အသားမဖြစ်တာကတော့ သူ့ကုသိုလ်ပဲ၊ ဆိုးကလည်း ဆိုးမှဆိုး၊ အလုပ်ကို ကောင်းကောင်း မတွင်ဘူး၊ သူ့မွေးမှ မအေလည်း သားပိုက်ကောင် ဖြစ်နေတော့တယ်၊ တစ်ပိုက်တည်း ပိုက်ထားရတာပဲ၊ ချတာနဲ့ တအီအီပဲ’

သားငယ်ကို မိသက်က ‘ဆိုးပေ’ဟု ခေါ်သည်။ အကြီးကောင် ‘ဝသုန်ဆွေ’က သူ့ဘိုးအေဘွားအေတွေဆီ ရောက်နေပြီတဲ့။ မိသက် သူ့မိဘတွေနှင့် ပြေလည်လျက် ရှိပြီတဲ့။

သားငယ်ကို ‘ဆိုးပေ’မှည့်တာတော့ မခံနိုင်လွန်းသည်မို့ ချက်ချင်း နာမည်ပြင်ရသည်။

‘ပံသုဆွေ’

‘နာမည်ဆိုတာ အဓိပ္ပာယ်ရှိရတယ်၊ ကိုယ့်သားတွေ အောက်ခြေမလွတ်ရအောင် မြေကြီးနံ့သင်းတဲ့ နာမည်တွေပဲ ပေးရမယ်’

‘အမယ်လေး၊ အောက်ခြေလွတ်မှာများတော့ မပူစမ်းပါနဲ့ အစ်ကိုရယ်။ မြေကြီးနဲ့ ထိလွန်းလို့ မြေမျိုသွားမှာသာပူ’

မိသက်က အချိုးမပြင်ချေ။ အေးလေ… မိဘတွေနဲ့ အဆင်ပြေပြီး အားကိုးရှိလာမှ။ မိသက်အဒေါ်ကလည်း မကြားတကြား ပြောပြန်သည်။

‘မွေးသမျှကလေးကို ပေါက်ကရရှစ်ဆယ် နာမည်တွေ ရှာရှာဖွေဖွေ မှည့်ဖို့တော့ ဖအေ့တာဝန် အကျေသားပဲ’

ကဲ… သည်လို ပတ်ဝန်းကျင်မှာ ကြည်ဆွေ ကျောနွေးအောင် မနားချင်သည်မှာ အဆန်းလား။ ကိုယ့်အိမ်ကိုယ့်ရာဆိုပေမဲ့ ကြည်ဆွေအတွက်တော့ ဘူမိနက်သန်နေရာမှန် မဟုတ်ချေ။ ကြည်ဆွေသည် ထိန်းမရနိုင်တော့ဘဲ နေချင်သလို နေမိပြန်၏။ မိသက်က အချိုးမပြင်သလို ကြည်ဆွေကိုယ်၌ကလည်း ကလနား မသတ်နိုင်။

❑

သည်လိုနှင့် အိမ်ထောင်ရေးသည် စည်းလုံးခြင်းလည်း မရှိ၊ ပြိုကွဲခြင်းလည်းမဟုတ်ဘဲ အနှစ်နှစ်ဆယ်နီးပါး တိုင်ခဲ့သည်။

မိသက်ကလည်း သူ့နည်းသူ့ဟန်နှင့်သူ ရင့်ကျက်လှပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကလေးနှစ်ယောက်မွေးပြီးနောက် စခန်းပြတ်အောင် လုပ်ထားသည်တဲ့။ ဒါဟာ လင်ကို အားမကိုးသည့်သဘော၊ အိမ်ထောင်ရေးအပေါ် ယုံကြည်သက်ဝင်မှုမရှိသည့်သဘောပေပဲဟု ကြည်ဆွေက တွေးမိတိုင်း အသည်းနာသည်။

ယောက္ခမတွေဆီ ရောက်နေသည့် သားကြီး ဝသုန်ဆွေမှာ ဆယ်တန်းဖြေဖို့ ပြင်လေပြီ။ အငယ်ကောင် ပံသုဆွေကတော့ သူ့အမေကို ဈေးကူရောင်းရင်း လေးငါးခြောက်တန်းမှာ တဖုတ်ဖုတ်ကျဆဲ။

ကြည်ဆွေကတော့ကောတဲ့။

ကြည်ဆွေ့မှာလည်း ရုန်းဆဲ၊ ကန်ဆဲ၊ အားထုတ်ဆဲ။ ဘဝသရုပ်ဖော်ဝတ္ထုတွေကို ယုံယုံကြည်ကြည်ကြိုးစားရေးဆဲ။ သို့သော် 'အသက်မွေးဝမ်းကျောင်း' ဖြစ်နိုင်ဖို့ အလှမ်းကွာဆဲပါပဲ။

သားမယားထံ မှန်မှန်ပြန်မရောက်သော်လည်း စာပေလှုပ်ရှားမှု မှန်သမျှတော့ မပျက်မကွက် ချီတက်လေသည်။ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲ၊ စာရေးဆရာကြီးများကန်တော့ပွဲ၊ မွေးနေ့ပွဲကအစ ဈာပနကိစ္စပါမကျန် သိသိ၊ မသိသိ မရောက် အရောက် သွားလိုက်ရမှ နေသာထိုင်သာရှိသည်။

ခုလို သက်ကြီးဝါကြီး စာပေပညာရှင်ကြီးများက တပည့်သားမြေးတွေနှင့် ကြည်ကြည်နူးနူး ဆုံစည်းလို၍ ရိုးရာမပျက် အလှူပေးသော ထမနဲပွဲမှာလည်း ကြည်ဆွေက စတုဒိသာလေးမျက်နှာမှ စာသမားများနှင့်အတူ ပါဝင် ဒါနဖြည့်ဆည်းနေခြင်း ဖြစ်လေသည်။

သည်ပွဲမှာ မမျှော်လင့်ဘဲ ဝင်းလှိုင်တို့လင်မယားနှင့် ပြန်ဆုံရသည်။ ဝင်းလှိုင်က တစ်ခုသောဌာနမှာ ငွေစာရင်းအရာရှိ ဖြစ်နေလေပြီ။ စိတ်လိုလျှင် ဆောင်းပါးကလေး တစ်ပုဒ်စ နှစ်ပုဒ်စ ရေးပြီး စာပေအဝန်းအဝိုင်းနှင့် ထိတွေ့နေသည်။ ဝင်းလှိုင်မိန်းမ နုနုခင်က မြနှင်းဆီ၏ အခန်းဖော်မို့ နုနုခင်ကို တွေ့တွေ့ချင်း မြနှင်းဆီကို လွမ်းရပြန်လေ၏။

'မြနှင်းဆီ လာမယ်တဲ့၊ သူ သီချင်းဆိုပေးမယ်တဲ့၊ ကိုကြည်ဆွေ သိလား၊ တီဗွီမှာ တစ်ခါ လွှင့်သွားပြီးပြီလေ။ ခု မြက သီချင်းဆိုဖို့ လုံးပန်းနေတယ်။ ကဗျာတောင် သိပ်မရေးနိုင်တော့ဘူး'

နုနုခင်ထံမှ သတင်းအစုံအလင် ရသည်။

'မြနှင်းဆီ လာမယ်၊ မြ··· လာမယ်တဲ့'

ရင်ထဲမှာ ဘောင်ဘင်ခတ်နေ၏။

ဟော··· သူ လာပြီဆိုတော့ ကြည်ဆွေက အလျင်ဆုံး မြင်သည်။

'သူ··· လှတုန်းပဲနော်'

ရင်သပ်ရှုမောအံ့သြခြင်းများစွာဖြင့် တုန်ခိုက်နေလေသည်။ မြနှင်းဆီက ဟိုတုန်းကလိုပင် တောက်ရှန်းသော မျက်လုံးများ၊ ချိုလွင်လွင်အပြုံးများနှင့်။

စကားလေသံကလည်း ရင်းနှီးစွာ၊ နွေးထွေးစွာပင်။ ပြီးတော့-

'ကိုကြည်ဆွေ့ကို မြ ပြောစရာတွေရှိတယ်။ ခဏစောင့်နော်' တဲ့။

သိပ်စောင့်တာပေါ့ မြရယ်။

သီချင်းဆိုသည်ကို တယ်ပြီး စိတ်မဝင်စားလှတော့။ မြနှင့် စကားတွေအကြာကြီး ပြောချင်သည်။ သီချင်းတွေကို ဘယ် နှပုဒ်တောင် ဆိုနေမှာလဲ မြရယ်။ သန်းသန်းမေ၏ ကျော်ကြားခဲ့သော တေးတစ်ပုဒ်ဖြစ်သည့် *ထမနဲပါတီ* ကို မြက ဆိုနေသည်။

ဆည်းဆာချိန်သည် ဘယ်တုန်းက မှိန်ပျောက်သွားလေသည် မသိ။ လျှပ်စစ်မီးတွေ ထိန်ထိန်လင်းနေ၏။

လက်ခုပ်သံတွေ လျှံထွက်လာသည်။ မြနှင်းဆီ၏ အစီအစဉ် ပြီးဆုံးသွားပြီ။ သူ လာတော့မည်။

ကြည်ဆွေသည် ကိုယ်ကို မတ်မတ်ပြင်၍ ထိုင်လိုက်ကာ ဆံပင်ကို လက်နှစ်ဖက်ဖြင့် သပ်မိလျက်သား ဖြစ်နေလေ၏။ တိုက်ပုံအင်္ကျီကို အနည်းငယ် ဆွဲဆန့်ပြီးမှ ဝင်းလှိုင်တို့ လင်မယားကို မလုံမလဲ ကြည့်သည်။

'ဟော··· မြရယ်၊ လာနေပြီ'

နုနုခင်က ပရိသတ်ကြားမှ တိုးဝှေ့နှုတ်ဆက်ရင်း လျှောလွန့်လာသော ကနုကမာ မင်းသမီးကို ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေသည်မို့ ကြည်ဆွေ စိတ်လှုပ်ရှားနေသည်ကို ဂရုမထားမိ။ ဝင်းလှိုင်က မြနှင်းဆီအတွက် ထမနဲတစ်ပန်းကန်သွားယူနေသည်။

ကြည်ဆွေက မြကို ပြောစရာစကားတွေ အပူတပြင်း စဉ်းစားနေ၏။

'သီချင်းတွေ သိပ်ဆိုမနေပါနဲ့ မြရယ်၊ ကဗျာသာ များများရေးစမ်းပါ။ မြရဲ့ နေရာမှန်ဟာ ကဗျာရေးဖို့ပါ' ဟုတော့ ပြောဖြစ်အောင် ပြောရမည်။

❑

'မြ··· ထိုင်၊ ကိုဝင်းလှိုင် ထမနဲ သွားယူနေတယ်'

နုနုခင်က ကုလားထိုင်လွတ်ကို ပြင်ရွှေ့ပေးရင်း ဆီးကြိုလေသည်။

'မြ··· ကဗျာတွေ အရေးကျဲသွားတယ်'

ကြည်ဆွေက အဆက်အစပ်မဲ့စွာ အဆီအငေါ်မတည့်စွာ စကားစဆဲ။

'မြ··· သိပ်ကြာကြာမနေနိုင်တော့ဘူး။ အိမ်မှာလေ သတိမေ့ခဲ့တာတစ်ခုရှိလို့ နုရဲ့၊ ကိုကို သံရုံးဧည့်ခံပွဲသွားတာ ညဦးနက်မယ်မှန်း သိလျက်နဲ့ အနွေးထည် ထည့်မပေးလိုက်မိဘူး။ အဲဒါ လိုက်ပို့ခိုင်းရဦးမယ်။ နုတို့နဲ့ အေးအေးဆေးဆေး စကားပြောရအောင် ထပ်ချိန်းဦးမယ်ကွယ်၊ နုတို့ ဖုန်းနံပါတ် ပေးထားပါလား။ ရော့··· ဒီစာအုပ်ကလေးထဲမှာ ရေးလိုက်။ ဟင်···ထမနဲလား ကိုဝင်းလှိုင်၊ နည်းနည်းစားမယ်လေ၊ နုရော စားပါဦး။ ဒီလို ကိုကြည်ဆွေရဲ့၊ သက်သက်နဲ့လေ··· သက်သက်နဲ့ မြ ရင်းနှီးနေတယ်'



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

ကြည်ဆွေသည် လျှပ်ပန်းပြိုးပြက်ဝင်းလက်သည်ကို ငေးမောရင်း ရုတ်တရက် မိုးကြိုးပစ်ချလိုက်သည်ကို တုန်လှုပ်စွာ ခံစားရ၏။

"ဒီလိုပါ… ကိုကြည်ဆွေဇနီးမှန်း အစက လုံးဝ မသိဘူး။ ခင်စရာကောင်းလို့ကို မြက ခင်နေမိတာ။ အိမ်မှာလေ… ဟို… ညဘက် အဝတ်တွေ မီးပူလာတိုက်ပေးရင်းနဲ့…"

"ဗျာ…"

"ရှင်မသိဘူး မဟုတ်လား၊ ကိုကြည်ဆွေ့ဇနီးမှန်း အစကတည်းက သိရင် ဒီအလုပ်တွေကို မြ လုံးဝ မလုပ်စေဘူး။ ခုတော့ တစ်နေ့ကမှ သက်သက်အကြောင်း မြတို့အိမ်က ထမင်းချက်တဲ့ မိန်းကလေးက ပြောလို့ တစ်စတစ်စ စုံစမ်းရင်း သိရတာ။ သက်သက်က ကံဆိုးတယ်တဲ့။ သူ့ယောကျ်ားက ပစ်ထားသလိုလိုနဲ့ တစ်ခါတစ်ခါတော့လည်း လာတာတွေ့တယ်တဲ့။ ဒါပေမဲ့ သူ့ဘဝသူကျောင်းပြီး ကြုံရာအလုပ်ကို မနားတမ်း လုပ်နိုင်တယ်တဲ့။ ကလေးနှစ်ယောက် ရှိတာရော အစုံပြောတာပဲ။ သူ့ယောကျ်ားက စာရေးဆရာဆိုလို့ စိတ်ဝင်စားပြီး သက်သက်ကို အတင်းနာမည်မေးယူရတာ။ ကိုကြည်ဆွေရယ်… ဟိုတုန်းကလို ထင်ရာစိုင်းနေတုန်းပဲလားရှင်ရယ်"

မြနှင်းဆီ၏ စကားလုံးများက ကြည်ဆွေ့ကိုယ်ပေါ်က အဝတ်အစားတွေကို တစ်လွှာချင်း ဆွဲချွတ်ခွာချသလို အရှက်ရစေသည်။

"ရှင်က မယားနဲ့ သားနဲ့ ရှိတဲ့အိမ်ဟာ ရှင့်အတွက် ဘုမိနက်သန် နေရာမှန်မဟုတ်ဘူးလို့ ပြောတယ်ဆို။ နေရာမှန်ဆိုတာ ဘာလဲ ကိုကြည်ဆွေရယ်၊ သားနဲ့ မယားနဲ့၊ အိုးနဲ့ အိမ်နဲ့ ဖြစ်ပြီးမှ သားပစ်၊ မယားပစ်၊ အိုးပစ်၊ အိမ်ပစ် ဝါသနာနောက် တန်းတန်းစွဲလိုက်နေတာ နေရာမှန်တဲ့လား။

ခင်ကြီးတစ္ဆေကို ကမ္ဘာ့ဝါရွှတ်မပြေပါရစေနဲ့ ကိုကြည်ဆွေရယ်။ သားနဲ့မယားရှေ့က ရပ်ပြီး လောကကို ရင်ဆိုင်ရမှာပါ။ ရှင့်သားနှစ်ယောက်နဲ့ သက်သက်ရှေ့မှာ မားမားမတ်မတ် ရပ်ဖို့သာ ရှင့်အတွက် နေရာမှန်ပါ။ စိတ်မဆိုးနဲ့နော်၊ ငယ်စိတ်အတိုင်း ခင်လို့ ပြောပြတာပါ။ သက်သက် သိပ်ပင်ပန်းရှာပြီ။ ဒါကို သတိရပါ ကိုကြည်ဆွေရယ်။ မြတို့အိမ်က ကျွန်းရွှေမြိုင်လမ်းမှာလေ၊ နှင်းဆီကုန်းနဲ့ ကပ်လျက်ပဲ။ သက်သက်နဲ့တော့ တွေ့နေပါတယ်"

မြနှင်းဆီက စကားလက်စ မသတ်ခင် ထိုင်ရာမှ ထ,လေသည်။ ခပ်လှမ်းလှမ်းစားပွဲမှ သူ့သားနှစ်ယောက်က သူတို့အမေ အရိပ်အခြည်ကိုကြည့်ကာ ပရိသတ်ထဲမှ တိုးထွက်သွားနှင့်သည်။

"မြ… ပြန်ဦးမယ်၊ ရှင်သာ အိုးအိမ်မြဲမယ်ဆိုရင် မြတို့နဲ့ ဝေးတာမှ မဟုတ်ဘဲ၊ မြ လုပ်ပေးနိုင်တာရှိရင် ဘာမဆိုပြော။ သိပ်ခင်ခဲ့ကြတဲ့ ငယ်ပေါင်းတွေပါ ကိုကြည်ဆွေရယ်၊ ပွင့်လင်းစမ်းပါ။ မြပြောချင်တာ တစ်ခုကလေ၊ ကိုယ့်ဝန်ကိုယ်ထမ်းနိုင်ပါမှ လောကဝန်ကို မျှယူနိုင်မှာ ကိုကြည်ဆွေရဲ့။ တစ်ကွက်ကျော်ပြီး ဆန္ဒစောရင် အချိန်အပဟောသိကံ၊ အသိဉာဏ်အပဟောသိကံ ဖြစ်မှာပဲ"

မိမိကိုယ်ကို အကွယ်အဝှက်မဲ့စွာ မျက်လုံးထဲမှာ ပြန်မြင်နေမိပြီး ကြည်ဆွေက မြေမျိုခံလိုက်ချင်လေသည်။ မြနှင်းဆီ နှုတ်ဆက်နေသည်ကို နားက ကြားပါလျက် ပါးစပ်က ဆွံ့အ,နေသည်။ ဝင်းလှိုင်တို့ လင်မယား မြနှင်းဆီကို လိုက်ပို့ကြသော်လည်း ကြည်ဆွေက မလှုပ်မယှက်နေမြဲ။

ဝင်းလှိုင်တို့လင်မယား ပြန်ရောက်မလာခင် ကိုယ်ယောင်ဖျောက်ပြီး လျှိုထွက်ပြေးဖို့ အကြံရသည်။ ရုတ်ခြည်း စားပွဲမှ ထ,လာခဲ့ပြီး မြက်ခင်းစပ်မှာ မတ်တတ်ဝိုင်းနေကြသော လူတွေထဲ ရောမွှေနေလိုက်လေသည်။ မျက်မှန်းတန်းမိသော လူတွေကို ဘယ်သူ့မှ နှုတ်မဆက်ဘဲ မမြင်ဟန်ပြုကာ တရွေ့ရွေ့ တိုးသွားနေ၏။

ထွက်မှ… ထွက်မှ။

ဖြစ်နိုင်လျှင် နှင်းဆီကုန်းရပ်ကွက်မှပင် ချက်ချင်း ထွက်ပြေးလိုက်ချင်သည်။ မယားနှင့် သားကိုတော့ အပါခေါ်ရမည်။ မြနှင်းဆီ၏ စကားတွေ ကြမ်းရှသော်လည်း သက်သက်၏ နွမ်းလျမျက်နှာလေးကို သတိတရရှိစေတာတော့ အမှန်ပင်။ သားပစ်၊ မယားပစ်နေသူလို့ အရပ်က စကားတင်းဆိုစရာ ဖြစ်နေပါပေါ့လား။

သက်သက်ဆီ အရင်ဆုံးပြန်ပြီး-

"ပြောင်းကြပါစို့ မိန်းမရယ်၊ သာကေတ အစွန်အဖျားလောက်တော့ အိမ်ငှားနိုင်ပါသေးတယ်။ အစ်ကိုခေါ်ရင် မြောက်ဝင်ရိုးစွန်းတောင် လိုက်ဝံ့တယ် မဟုတ်လား။ လခစားအလုပ် မလုပ်ချင်လို့ပါ မိသက်ရဲ့၊ ပုံနှိပ်တိုက်မှာ စာပြင်ဆရာဝင်လုပ်ရင် ကိုယ့်ကို လိုချင်နေတဲ့သူတွေ အပုံပါ။ ကိုယ်က သိမ်ငယ်တယ်ထင်လို့၊ စာရေးဆရာတစ်ယောက်အနေနဲ့ "တုံး"သွားမှာလည်း စိုးလို့။ တင်ထုတ် စာအုပ်တစ်အုပ်ကလည်း ဖောင်ကိုင်အယ်ဒီတာလုပ်ပေးဖို့ ကမ်းလှမ်းနေတာ ကြာပြီ။ ခေါက်ရာပေးပါ့မယ်တဲ့။ ဘာဖြစ်ဖြစ် တစ်ခုမဟုတ် တစ်ခုတော့ လုပ်ရတော့မှာပဲ"

မယားအလှကို ချော့မော့စရာစကားတွေ စဉ်းစားလာသည်။ တော်တော်တော့ ချော့ရလိမ့်မည်။ ယုံကြည်ဖွယ် မရှိလောက်အောင် သူ ဆိုးခဲ့သည် မဟုတ်လား။

"နှင်းဆီအိပ်မက်ရှည်"ထဲမှာ တွေဝေခဲ့တာကလည်း အတော်ဆိုးခဲ့ပါသည်။ အဆိုးဆုံးကတော့ ပစ္စုပ္ပန်ပျောက်ဆုံးခဲ့သည့်အဖြစ်။ လက်တွေ့ဘဝကို လွှတ်ချထားမိသည့် အဖြစ်။ စိတ်ကူးဆွတ်ပျံ့ခြင်းနယ်ပယ်ထဲက ရုန်းမထွက်နိုင်ခဲ့သော ဘဝသရုပ်ဖော်ဝတ္ထုရေးသူ ကြည်ဆွေ့အကြောင်းကို လူသူလေးပါး မရိပ်စားမိခင် သည်အချိုးတွေတော့ အချိန်မီပြင်ရလိမ့်မည်။

■ **စမ်းစမ်းနွဲ့၊သာယာဝတီ၊**

**၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ၊ လုံမလေး မဂ္ဂဇင်း။**



www.burmeseclassic.com

www.burmeseclassic.com


စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။

BURMESE CLASSIC .com


- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ်(၁၃၃)၊ လမ်း(၄၀)၊ ကုန်သည်နှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉[illegible]၂၂၀


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com